www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

# မိုးဝေ



BURMESE CLASSIC .com

## တင်မောင်ဆွေနှင့် ကြာမှုရှင်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချို

# ဆိုး၆၀

# တင်မောင်ဆွေနှင့် ကြာမှုရင်

၂၀၀၄ ခုနှစ် စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၂၆၇/၂၀၀၄ (၃) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၇၉/၂၀၀၄ (၇) |
| မျက်နှာဖုံး | က.ဒ.ဝ |
| စာအုပ်ချုပ် | ကိုမြင့် |
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ကမာရွတ်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| | ပထမအကြိမ်(အေးအေးစာပေ/၁၉၆၄) |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | စက်တင်ဘာလ၊ ၂၀၀၄ |
| တန်ဖိုး | ၉၀၀ ကျပ် |


၁၅၇

BURMESE CLASSIC .com

"ကိုခင်မောင်အုန်းမှာ တစ်ခုလိုနေတာက အကြောင်းအချက်တွေကို ဂရုမစိုက်ဘဲ သူလိုချင်တာကိုပဲ အကြောင်းအချက်တွေကို အတင်းဖြစ်စေတတ်တဲ့ အကျင့်ပဲ။ သူဟာ စိတ်ကူးတစ်ခုခု ရပြီဆိုရင် စိတ်ကူးကို အကြောင်းအချက်တွေနဲ့ ညီညွတ်စေရမယ့်အစား အကြောင်းအချက်တွေကို သူ့စိတ်ကူးနဲ့ အတင်းညီညွတ်စေတတ်တယ်။ အဲဒါဟာ အင်မတန်မှားတဲ့ အကျင့်တစ်ခုဆိုတာ ခင်ဗျားလည်း အသိပဲ ကိုသောင်းဖေ"

(တင်မောင်ဆွေ)



www.burmeseclassic.com

www.burmeseclassic.com

"သူ့နာမည်က ကိုဘာမြိုင်တဲ့ရှင့်။ ဒါပေမဲ့ လူအများကတော့ သူ့ကို ကိုမြိုင်ကြီးလို့ ခေါ်ကြတယ်။ သူဟာ ကျွန်မရဲ့ ပထမဆုံးယောက်ျားပါပဲ။ သူ့ကိုယူတုန်းက ကျွန်မအသက် ၁၇ နှစ်ပဲရှိသေးတယ်။ ရှုံးရှုံးမိုက်မိုက်အရွယ်ပေါ့ရှင်။ သူက လောကကြီးမှာ တော်တော်အရေလည်ပုံရတယ်"

(ရီရီညွန့်)



"မင်းပဲ စဉ်းစားကြည့်ကွာ။ သတင်းစာတွေကလည်း ရေးကြတော့မယ်။ နာမည်ကျော် အလွတ်စုံထောက်တင်မောင်ဆွေ လူသတ်မှုတွင် ပါဝင်နေသလော။ ၎င်း၏ လက်ပုံစံများကို လူသတ်သေနတ်ပေါ်တွင် တွေ့ရခြင်းဆိုတဲ့ ခေါင်းစဉ်တွေနဲ့"……

"ခင်ဗျားက သတင်းစာတွေကို ဒီအကြောင်း သတင်းပေးတော့မလို့လား"

"ဟ… သတင်းဆိုတာ မှောင်ချထားလို့ ရတာမျိုး မဟုတ်ဘူးကွ"

(ရဲအရာရှိ ဦးသောင်းဖေ)




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ။ ပထမဦးဆုံး ကျွန်တော်က လူသတ်မှုဖြစ်ပွားတာ မှန်ကန်ကြောင်း အထောက်အထားသက်သေကို တင်ပြပါ့မယ်။ တာမွေ လမ်း (.......)၊ အမှတ် (.......)နေ ဦးသန်းရှိန်ရဲ့ ကားမောင်းသူနဲ့ ဘဏ္ဍာစိုးအဖြစ် အလုပ်လုပ်သူ ကိုဘမြိုင်ခေါ် ကိုမြိုင်ကြီးဟာ ဒီလ ၅ ရက်နေ့ညနေမှာ စမစ်အင်ဝက်ဆင် သေနတ်နံပါတ် S. 65088 နဲ့ အသေပစ်သတ်ခံခဲ့ရပါတယ်။ ယခု ကျွန်တော်က အမှုကို စုံစမ်းစစ်ဆေးရတဲ့ ရဲမှူးကြီးကိုသောင်းဖေကို သက်သေအဖြစ်နဲ့ ခေါ်ပါ့မယ်"

(ဝန်ထောက် ဦးဘဂျမ်း)





www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း - ၃

နံနက် ကိုးနာရီတိတိအချိန် ဖြစ်သည်။

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ လေးထပ်တိုက် အဆောက်ိုကြီးတစ်ခု၏ အောက်ဆုံးအထပ်တွင်ရှိသော ပျော်ပွဲစားရုံကြီး တွင်းသို့ အမျိုးသားတစ်ယောက်သည် ခြေလှမ်းမှန်မှန်လှမ်း၍ င်လာသည်။ အမျိုးသားသည် အသက် ၃၀ ကျော်ခန့်ရှိကာ တက် ရွှန် ရုပ်ဖြူလက်ရှည်နှင့် မီးသွေးရောင် တက်ထရွန်ဘောင်းဘီ ည်ကို သပ်ယပ်စွာ ဝတ်ဆင်ထားပြီး ပခုံးကျယ်လျက် အရပ်မြင့် သူတစ်ယောက် ဖြစ်လေ၏။

'လာဗျို့ ကိုဆွေ၊ ကျွန်တော် ဒီမှာ'

ဝင်လာသော အမျိုးသားအား ပျော်ပွဲစားရုံ အတွင်းကျကျ ခွဲတစ်လုံးတွင် ထိုင်နေသော အခြားအမျိုးသားတစ်ယောက်က ်တစ်ဖက်မြှောက်ပြပြီး လှမ်းခေါ်လိုက်သည်။ ထိုအမျိုးသား ဘော့ အင်မတန်မှ သန့်မာထွားကြိုင်းလှသော အင်္ဂလိပ်မြန်မာ ြားတစ်ယောက် ဖြစ်လေသည်။ ဝင်လာသော အမျိုးသားက



www.burmeseclassic.com

www.burmeseclassic.com



ငှင်းအား လက်တစ်ဖက်ပြန်မြှောက်ပြပြီး စားပွဲဆီသို့ လျှောက်လ
သည်။

'ကျွန်တော်တော့ မှာပြီးပြီ၊ ကိုဆွေကြိုက်တာမှာလေ'

ရန်ကုန်မြို့တွင် အတော်ဆုံးနှင့်နာမည်အကျော်ကြား
အလွတ်စုံထောက်ဖြစ်သူ တင်မောင်ဆွေသည် သူ့လက်ထောက်
ညာလက်ရုံးဖြစ်သူ ဂျင်မီစမတ်ဘေးတွင် ဝင်ထိုင်လိုက်သည်။ ထို
စားပွဲထိုးကုလားတစ်ယောက်က သူတို့စားပွဲဆီသို့ ဂျင်မီမှာယူထ
သော ကော်ဖီကြမ်းနှင့်ကြက်ဥပြုတ်နှစ်လုံး လာပို့လေ၏။

'ဟော… ဆရာကောရောက်နေပြီလား၊ ဘာမှာ
ဆရာ'

'ငါ့ဖို့တော့ သံပုရာဖျော်ရည်အေးအေးတစ်ခွက်ပဲ ပေး

တင်မောင်ဆွေသည် ထိုနေ့နံနက် သူ့တိုက်ခန်းအောက်
ရှိ အလုပ်တိုက်ခန်းသို့ ဆင်းခဲ့ရာ သူ့စက္ကရီတေရီအတွင်းရေး
လည်းဖြစ်၊ အသက်ဘူးကလေးလည်းဖြစ်သူ မစီက ဂျင်မီ
ရောက်နေပြီဖြစ်ပြီး အောက်ဆုံးထပ်ရှိဖျော်ပွဲစားရုံကြီးသို့ ဆင်း
ကြောင်း ဆီးပြောသဖြင့် ဆင်းလိုက်လာခြင်းဖြစ်၏။

'ကိုဆွေထည့်ခိုင်းထားတဲ့ ကြော်ငြာ ဒီကနေ့သတင်း
ထဲ ပါလာတာ တွေ့ပြီးပြီလား'

'ဟင့်အင်း မတွေ့ရသေးဘူး ဂျင်မီ၊ အဲဒီအကြောင်း
မင်းကို မေးမလို့ပဲ'

ဂျင်မီက ထိုင်ရာမှထကာ အခြားစားပွဲတွင်ရှိသော
သတင်းစာကိုယူလျက် စာမျက်နှာတစ်ရွက်သို့ လှန်ပြီး တင်မောင်
အားပေးလိုက်သည်။





'လုပ်သားပြည်သူ့ထဲမှာလည်း ကျွန်တော် ထည့်ပေးထားပါ
တယ်'

တင်မောင်ဆွေက ဂျင်မီစမတ် ထောက်ပြသော ကော်လံ
ဝက်ရှိ ကြော်ငြာကို ဖတ်ကြည့်လိုက်သည်။

## ဆုငွေ ကျပ်တစ်ရာပေးမည်

*ယခုလဆန်း ၃-ရက်နေ့ ညနေ ၅နာရီခန့်တွင် ကမ္ဘာအေးစေတီလမ်းနှင့် ကံဘဲ့လမ်းထောင့်၌ ကားတိုက်မှုတစ်ခုဖြစ်ပွားခဲ့ပါသည်။ ထိုစဉ်က ကားဘီးပေါက်သဖြင့် လမ်းဘေးတွင် ကားရပ်ထားကာ ကားဘီးလဲနေသော ကိုယ်ပိုင်ကားတစ်စင်းပေါ်ပါ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်က အဆိုပါကားတိုက်မှုကို တွေ့ရှိရပြီး၊ တိုက်ပြီးမောင်းထွက်ပြေးသွားသော ကား၏နံပါတ်ကို မှတ်ယူထားလိုက်သည်ဟု နားလည်ရပါသည်။*

*သို့ဖြစ်ပါ၍ အဆိုပါ အမျိုးသားသည်လည်းကောင်း၊ အမျိုးသမီးသည်လည်းကောင်း မိမိမှတ်ယူထားလိုက်သော ကားနံပါတ်ကို အောက်ပါလိပ်စာတွင် လာရောက်ဖော်ပြမည်ဆိုပါက ဆုငွေကျပ်တစ်ရာတိတိကို ထုတ်ပေးမည်ဖြစ်ပါကြောင်း။*

အောက်တွင်ကား တင်မောင်ဆွေ၏ အလုပ်တိုက်လိပ်စာ
ည့်အစုံကို ဖော်ပြထားလေသည်။

ထိုကြော်ငြာကို ဖတ်ပြီးနောက် တင်မောင်ဆွေက ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



စွာပင် ခေါင်းညိတ်လိုက်သည်။

'အင်း… ဒီကြော်ငြာက အကျိုးသက်ရောက် လာပါလိမ့်မယ်လို့ မျှော်လင့်ရတာပဲ၊ ကားတိုက်ခံရတဲ့ ကျောင်းသားခမျာ ဒဏ်ရာ တော်တော် ရသွားရှာတာကွ၊ ပြီးတော့ ကားတိုက်ပြီး မောင်းပြေးတဲ့ကောင်ဆို ငါက တော်တော်ချဉ်တာ'

'တိုက်ပြေးတဲ့ငတိကလည်း လွတ်ပြီဆိုပြီး မောင်းပြေးတာဖြစ်မှာပေါ့ ကိုဆွေ၊ ကျွန်တော်တို့ဆီမှာ ဒီလို တာဝန်မဲ့အမှုတွေက တော်တော်အများသားဗျ၊ ကိုဆွေ့ကြော်ငြာထဲမှာ ပါတဲ့အတိုင်း ကားဘီးလဲနေတဲ့ကားမှ စုံတွဲနှစ်ယောက်က ကားနံပါတ်ကို မှတ်ထားချင်မှမှတ်ထားနိုင်မှာ'

'မှတ်ထားလိုက်ကြတယ်လို့ ကိုယ်တော့ နားလည်ခဲ့ရတာပဲ ဂျင်မီ၊ အဲဒီတုန်းက ဘေးမှာ ရပ်နေကြတဲ့ ဘတ်စ်ကားစောင့်စီးနေကြတဲ့ လူနှစ်ယောက်လည်း ရှိနေကြတယ်၊ သူတို့ကလည်း ကျောင်းသားကလေး မောင်မြင့်ရှိန်မောင်းလာတဲ့ အော်စတင် ကားကလေးကို လမ်းကွေ့မှာအနက်ရောင် ဆီဒင်ကားကြီးတစ်စင်းက အတင်းကျော်တက်ပြီး ကားနောက်မြီးပိုင်းနဲ့ ခတ်သွားလို့အော်စတင်ကားကလေးက လမ်းဘေးဓာတ်မီးတိုင်ကို ဝင်တိုက်ပြီး မှောက်သွားတာကိုတွေ့လိုက်ကြရတာပဲ၊ ဒါပေမဲ့ သူတို့လာတိုက်သွားတဲ့ ကားရဲ့နံပါတ်ကိုတော့ မမှတ်မိလိုက်ကြဘူး၊ အနက်ရောင်ဆီဒင်ကားလို့သာပြောနိုင်ကြတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ ကားလမ်းဘေးမှာကားတစ်စင်းက ရပ်ပြီး ဘီးလဲနေတယ်၊ ကားထဲမှာပါလာတဲ့ မိန်းမတစ်ယောက်က ကားဘေးမှာ ရပ်နေပြီး ကားတိုက်တာကို ကျကျနနတွေ့ခဲ့ရပြီး တိုက်ပြေးတဲ့ ကားနံပါတ်ကို ကျကျနနမှတ်ထားလိုက်





တာကို အဲဒီလူနှစ်ယောက်က တွေ့လိုက်ရတယ်တဲ့ကွ'

'မျက်မြင်သက်သေတွေရှိနေတော့ ကားနံပါတ်ကိုသာရရင် ဒီအမှုကို ကျကျနနအရေးယူနိုင်တော့မှာပေါ့'

'ဒါပေါ့ ဂျင်မီ၊ ခါးကျိုးသွားတဲ့ မောင်မြင့်ရှိန်ကလေးအတွက် လျော်ကြေးငွေ မျက်မျက်ကလေး တောင်းယူနိုင်သေးတာပေါ့၊ ကောင်ကလေးက ဘီအက်စီအင်ဂျင်နီယာရင်းတောင် ရောက်နေတာဆိုတော့ ကျောင်းဆက်မတက်နိုင်ရင် သူ့အတွက် သိပ်နစ်နာတာပဲကွ'

ထိုစဉ် စားပွဲထိုးက သူတို့စားပွဲအနီးသို့ရောက်လာ၏။

'ဆရာတင်မောင်ဆွေ့ကို အပေါ်ထပ်က မမမေစီ ဖုန်းဆက်တယ်၊ ဆရာတို့ ဒီကနေ့ ထည့်ထားတဲ့ ကြော်ငြာက ပြန်စာရပြီတဲ့'

တင်မောင်ဆွေနှင့် ဂျင်မီတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။ ပြီးမှ တင်မောင်ဆွေက စားပွဲထိုးအား ပြန်၍ ညွှန်ကြားလိုက်သည်။

'အေး… မမမေစီကို ပြောပေးစမ်းကွာ၊ အဲဒီပြန်ကြားစာ ကျော်လိုင်ကလေးနဲ့ ဒီကို အပို့ခိုင်းလိုက်စမ်းပါလို့'

စားပွဲထိုးပြန်ထွက်သွားလျှင် တင်မောင်ဆွေက ဂျင်မီအား ... သော အမူအရာဖြင့် ကြည့်လိုက်သည်။

'ကြော်ငြာအကျိုးက တယ်သက်ရောက်ပါကလား ဂျင်မီ၊ ... ဒီလောက်မြန်မြန်ပြန်ဖြေလိမ့်မယ်လို့တောင် မထင်မိဘူး'

'ကြော်ငြာတန်ခိုးထက် ဆုငွေတန်ခိုးဆိုတာက ပိုမှန်ပါလိမ့်မယ် ကိုဆွေရာ'

ခေတ္တကြာလျှင် တင်မောင်ဆွေ၏ တပည့်ကလေး ကျော်လိုင်



www.burmeseclassic.com

www.burmeseclassic.com



သည် လက်ထဲတွင် အညိုရောင်စာအိတ်ရှည်ကြီး တစ်လုံးကိုကိုင်ပြီး ဆိုင်ထဲသို့ ဝင်ရောက်လာသည်။

'ခုနလေးတင် ကုလားကလေးတစ်ယောက် လာပို့သွားတာ ကိုဆွေ၊ မမစီက အရေးကြီးတယ်လို့ ပြောတာပဲ'

'အေး… ကျေးဇူးပဲကွ ချစ်လှိုင်၊ ထိုင်ဦးလေကွာ တစ်ခုခု သောက်ဦး'

'ကျွန်တော် ခုနလေးတင် ကော်ဖီနဲ့စမူဆာ အဝအပြဲ စား သောက်ပြီးပါပြီ ကိုဆွေရဲ့၊ ကိုဆွေ ဘာမှာစရာရှိသေးလဲ'

ချစ်လှိုင်ကလေး ပြန်ထွက်သွားလျှင် တင်မောင်ဆွေသည် စာအိတ်ကို ရုတ်တရက်မဖောက်သေးဘဲ သေချာစွာ စစ်ဆေးကြည့်ရှုလိုက်သေးသည်။ စာအိတ်မှာ သာမန်အညိုရောင်စာအိတ်ရှည် တစ်အိတ်ဖြစ်ကာ ကြော်ငြာတွင်ပါသည့်အတိုင်း လိပ်စာတပ်ထား၏။ လိပ်စာကိုမြန်မာ လက်နှိပ်စက်ဖြင့် ရိုက်ထားလေသည်။ စာအိတ်ထဲတွင် လေးလံမာကျောသော အရာဝတ္ထုတစ်ခုပါလာသည်ကိုလည်း စမ်းသပ်ရှာဖွေတွေ့ရ၏။

တင်မောင်ဆွေသည် အိတ်ထဲမှ မောင်းချဓားပါးကလေးကို ထုတ်ကာ စာအိတ်ကိုဖောက်ပြီး လှုပ်ခါချလိုက်ရာ အထဲမှ သော့တံတစ်ချောင်းက စားပွဲပေါ်သို့ ဒေါက်ခနဲ ကျလာသည်။ ဂျင်မီက သော့တံကို ကောက်ယူကြည့်ရှုလိုက်ကာ…

'ဘယ်ကသော့ပါ ထည့်ပေးလိုက်တာလဲ' ဟုရေရွတ်လိုက် သည်။

'ဟောဒီစာမှာ အကျိုးအကြောင်း ပါမှာပေါ့ကွာ'

တင်မောင်ဆွေက စာအိတ်ရှည်ထဲမှ သေသပ်စွာခေါက်





ထားသော ပန်းရောင်စာရွက်ခေါက်တစ်ခုကို ဖြေကြည့်ရာက ပြန်ဖြေလိုက်သည်။

'နွေစွဲကတော့ ဒီကနေ့ နွေစွဲပဲကွ၊ ကြော်ငြာတွေ့ရချင်းချင်းပဲ ကောက်ရေးလိုက်တာနဲ့တူတယ်။ လက်ရေးနဲ့တော့ မဟုတ်ဘူး လက်နှိပ်စက်နဲ့ ရိုက်ထားတယ်၊ ငါဖတ်ပြမယ် နားထောင် ဂျင်မီ'

တင်မောင်ဆွေက ပြောပြရာက စာကိုတစ်လုံးချင်း ဂျင်မီအား ဖတ်ပြလိုက်သည်။

လူကြီးမင်း…

*ယနေ့ထုတ်သတင်းစာတွင် ကားတိုက်မှုနှင့် ပတ်သက်၍ အကူအညီတောင်းခံထားသော လူကြီးမင်း၏ကြော်ငြာတွင် ရည်ညွှန်းထားသူသည် သူ့သဘောအရ အလိုအလျောက် ဘယ်တော့မှ ထွက်လာလိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်မှာမူ တရားမျှတမှုကို လိုလားသူဖြစ်သည့်အတွက် ယခုလူကြီးမင်းထံ ဤစာကိုရေးလျက် အကြောင်းကြားရခြင်းဖြစ်ပါသည်။*

*လူကြီးမင်း ကြော်ငြာတွင် ဖော်ပြပါရှိသော ကားတိုက်မှုဖြစ်ပွားခဲ့သည့် ညနေက အချင်းဖြစ်ပွားရာ ကမ္ဘာအေးစေတီနှင့် အုတ်ဖိုလမ်းထောင့်ဆားတွင် မရီရီညွန့်နှင့် ကျွန်ုပ်အမည်မသိသော သောကျိုးတစ်ယောက်သည် မရီရီညွန့်၏ကိုယ်ပိုင် သပြေရောင် အာရုစ်ကားကလေး ဘီးပေါက်သွားသဖြင့် ဘီးလဲပြီးကာစကလေး ဖြစ်ပါသည်။ ထိုစဉ်တွင် လူကြီးမင်း၏ ကြော်ငြာတွင်ပါရှိသော အချင်းတိုက်မှုဖြစ်ပွားခဲ့ရာ၊ သူ့ကားဆားတွင် ရပ်နေသော မရီရီညွန့်က အချင်းဖြစ်ပွားပုံကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပေ၏။*



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကကားကို ကျော်တက်လျက် တိုက်မိသွားသော ကားရှင်သည် ဘယ်ကိုမှ ရပ်နားခြင်းမရှိဘဲ၊ ရှုတ်အတင်း မောင်းထွက်ပြေးသည်ကို တွေ့ရသည့်အခါတွင် မရီရီညွန့်သည် သတိဖျပ် လပ်လျင်မြန်စွာဖြင့် အဆိုပါ ကား၏နံပါတ်ကို ကူးယူရေးမှတ်ထားနိုင်သည်မှာ အမှန်ပင် ဖြစ်ပါသည်။

နောက်တွင် မရီရီညွန့်က သူ၏အဖော်ယောက်ျားကို သူပြုလုပ်ခဲ့ပုံကို ပြောပြခဲ့ပါသည်။ ဤတွင် အဖော်ယောက်ျားဖြစ်သူသည် အင်မတန်မှ စိုးရိမ်ကြောက်ရွံ့ခြင်း ဖြစ်လာခဲ့သည်။ အကြောင်းမူ ထိုအချိန်က သူသည် မရီရီညွန့်နှင့်အတူရှိနေပါသည်ဟု လူသိမခံဝံ့သော အကြောင်းက သူ့တွင်ရှိနေသောကြောင့်ဖြစ်ပါသည်။ မည်သူမည်ဝါဖြစ်ပြီး၊ အဘယ်ကြောင့် သူက မရီရီညွန့်နှင့် ထိုအချိန်က အတူရှိနေခဲ့ရသည်ကို အသိမခံဝံ့ခြင်း (ထိုလူ၏ အကြောင်းကိုတော့ ကျွန်ုပ်လည်း စုံစမ်း၍ မရနိုင်ခဲ့ပါ။)

သို့ရာတွင် ကျွန်ုပ်သည် မရီရီညွန့်၏ ရင်းနှီးသောသူငယ်ချင်းဖြစ်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူသည် သူသိထားရသော အချက်ကို ဖော်ထုတ်မပြောနိုင်သည့်အတွက် တော်တော် စိတ်မချမ်းမသာဖြစ်နေရကြောင်းကိုလည်း ကျွန်ုပ်နားလည်ထားရပါသည်။ သို့ရာတွင် ကျွန်ုပ်ဖော်ပြခဲ့သော အခြေအနေအရ မရီရီညွန့်မှာ သူသိထားရသော အချက်ကို ဘယ်လိုမှမဖော်ပြနိုင်ဘဲ ရှိနေပါ၏။

ဤအခြေအနေကို သိထားသော ကျွန်ုပ်ကလည်း မနေနိုင်တော့ဘဲ၊ ယခု ဝင်ရောက်စွက်ဖက်ရခြင်း ဖြစ်ပါသည်။ မရီရီညွန့်သည် ယခု မွေ့စေတီလမ်းတွင် အသစ်ဆောက်လုပ်ပြီးကာစ လေးထပ်တိုက် အဆောက်အဦကြီးတွင် တိုက်ခန်းတစ်ခန်းငှားလျက်





နေ့ထိုင်လျက်ရှိပါသည်။ သူမ၏ တိုက်ခန်းနံပါတ်သည် ၂၇ဖြစ်ပါသည်။ ကျွန်ုပ်တွင် ထိုတိုက်ခန်းတံခါး၏ သော့တူရှိနေရာ ယခု ဤစာနှင့်အတူ ထည့်ပေးလိုက်ပါသည်။

လူကြီးမင်းသည် အဆိုပါ တိုက်ခန်းသို့ ယနေ့ နေ့ခင်း ၂-နာရီနှင့် ၅-နာရီကြားတွင် သွားရောက်ပါက ကျွန်ုပ်ပေးလိုက်သော သော့ကို အသုံးပြုပါ၊ တိုက်ခန်းထဲသို့ အနှောင့်အယှက်မရှိ ဝင်နိုင်လိမ့်မည် ဖြစ်ပါသည်။ ထိုအချိန်တွင် တိုက်ခန်းထဲ၌ ဘယ်သူမှ ရှိနေလိမ့်မည် မဟုတ်ပါ။ ဧည့်ခန်း၏ အရှေ့မြောက်ထောင့်တွင် စာရေးစားပွဲငယ်တစ်ခုကို လူကြီးမင်းတွေ့ရပါလိမ့်မည်။ မိတ်ဆွေကြီးသည် အဆိုပါစာရေးစားပွဲ၏ လက်ယာဘက် အပေါ်ဆုံးအံဆွဲကို ဖွင့်ကြည့်ပါက သားရေအနက်ဖြင့် ဖုံးထားသော မှတ်စုစာအုပ်ကလေးတစ်ခုကို တွေ့ရပါမည်။ ထိုမှတ်စုစာအုပ်ကလေး၏ နောက်ဆုံးပိတ်စာမျက်နှာကို လှန်ကြည့်ပါက မော်တော်ကားနံပါတ်တစ်ခု ရေးမှတ်ထားသည်ကို တွေ့ရပါမည်။ ထိုကားနံပါတ်သည် လူကြီးမင်း အလိုရှိသော ကားချင်းတိုက်ပြီး ထွက်ပြေးသွားသော ကား၏နံပါတ်ပင် ဖြစ်ပါသည်။

ထိုနံပါတ် အစစ်အမှန်ဖြစ်ကြောင်း လူကြီးမင်း စိတ်တိုင်းကျ စစ်ဆေးကြည့်ရှုပြီးသည့် အခါတွင်မူ ယခုကျွန်ုပ်ထည့်ပေးလိုက်သော တိုက်ခန်းသော့တူ ပြန်လည်ရရှိရေးနှင့် လူကြီးမင်းတို့ ကတိပေးထားသော ဆုငွေကျပ်တစ်ရာ ထုတ်ယူရေးကို ကျွန်ုပ် စီစဉ်ပါဦးမည်။

အမှန်တရားကို လိုလားသော
မိတ်ဆွေတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက စာကိုဆုံးအောင်ဖတ်ပြီးသည့်နောက်တွင် စဉ်းစဉ်းစားစား အမူအရာဖြင့် နှုတ်ဆိတ်နေသည်။

ဂျင်မီကမူ မျက်မှောင်ကြုတ်ကာ ရေရွတ်လိုက်သည်။

'တော်တော်ဆန်းပါလား ကိုဆွေ၊ စာမှာ လက်မှတ်လည်း မပါဘူးနော်'

တင်မောင်ဆွေက ခေါင်းခါပြလိုက်ကာ သူ့လက်ထဲက စာရွက်များကို သေချာစွာ စစ်ဆေးကြည့်ရှုနေလိုက်ပြန်သည်။

'တိုက်(ပ)ရိုက်ထားတာကလည်း သိပ်ကျွမ်းကျင်ပုံမရဘူး၊ လက်နှိပ်စက်ရိုက်နေကျလူ ရိုက်တာမဟုတ်မှန်း သိပ်သိသာတာပဲ'

'စာကို ကိုဆွေ ဘယ်လိုသဘောရလဲဟင်'

'ကိုယ်လည်း တော်တော် စဉ်းစားရကျပ်တယ် ဂျင်မီ၊ ကြည့်ရတာတော့ ရိုးရိုးတန်းတန်း ဟုတ်ပုံမရဘူး၊ ထောင်ချောက်ဆင်တာ ဖြစ်ချင်ဖြစ်နိုင်တယ်'

တင်မောင်ဆွေက မေးစေ့ကို လက်တစ်ဖက်နှင့်ပွတ်ကာ စဉ်းစဉ်းစားစား အမူအရာဖြင့်ပြောလိုက်သည်။

'မေစီကို ပြကြည့်ပါဦးလား ကိုဆွေ၊ သူက မိန်းမတစ်ယောက်အနေနဲ့ ဘယ်လိုမြင်သလဲ မသိဘူး'

တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်ကာ စာရွက်များနှင့် သော့တံကို မူလစာအိတ်ထဲတွင် ပြန်ထည့်လိုက်ပြီး စာအိတ်ကို သူ့ရုပ်အင်္ကျီအိတ်ကပ်ထဲသို့ ကျကျနန ထည့်လိုက်ပြန်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ ဂျင်မီ၊ ဒီစာကို တို့ လစ်လျူရှုလို့ မရတာတော့အမှန်ပဲ၊ သူရေးတာ အမှန်ဖြစ်ချင်ဖြစ်နေနိုင်တယ်'

'ကျွန်တော်တော့ သူ့စာထဲမှာ ပါတဲ့အတိုင်း ဒီညနေခင်းမှာ





ဒီအမျိုးသမီးရဲ့ တိုက်ခန်းကို မသွားစေချင်ဘူး၊ ပိုင်ရှင်မရှိတုန်း အိမ်ထဲဝင်တာဟာ ဖောက်ထွင်းကျူးကျော်မှု ဖြစ်နိုင်တယ်ဆိုတာ ကိုဆွေ အသိပဲမဟုတ်လား၊ ဒါမှမဟုတ် ကိုဆွေ့ကို သူခိုးမှတ်လို့ ဆိုပြီး သေနတ်နဲ့တောင် အသေပစ်နိုင်တယ်၊ တကယ် ရိုးရိုးတန်းတန်းဆိုရင် အခု စာရေးလိုက်တဲ့သူဟာ မှတ်စုစာအုပ်ထဲက ကားနံပါတ်ကို သူကိုယ်တိုင်ကူးယူပြီး ပို့လိုက်ရုံသာ ရှိတာမဟုတ်လား၊ အခု ကိုဆွေ့ကို တမင်သက်သက်ထောင်ချောက်ဆင် ဖမ်းတာပဲလို့ ကျွန်တော်တော့ ထင်မိတာပဲ ကိုဆွေ'

စိုးရိမ်မကင်းပြောနေသည့် ဂျင်မီအား တင်မောင်ဆွေက ခင်မင်စွာ ပြုံး၍ကြည့်လိုက်ကာ ပခုံးတစ်ဖက်ကို အသာလှမ်းထိုးလိုက်သည်။

'ဒါလောက်လည်း အစိုးရိမ်ကြီးမနေစမ်းပါနဲ့ကွာ၊ ထောင်ချောက်ဆင်ဖမ်းတာဖြစ်ဦး ဒီထောင်ချောက်ကို လွတ်အောင်ရှာနိုင်ဖို့နည်းကို ငါရှာကြည့်ရဦးမှာပေါ့၊ ကဲ... ဂျင်မီ သွားကြစို့ကွာ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၂

တင်မောင်ဆွေ၏ စက္ကူရီတေရီအတွင်းရေးမှူးလည်းဖြစ်၊ အချစ်တော်အသက်ဘူးလေးလည်းဖြစ်သော မေစီသည် စာတိုက်မှ ရောက်လာသော စာအိတ်များကို တင်မောင်ဆွေ၏ စားပွဲပေါ်တွင် အသင့်ဖောက်ပြီးသား သုံးပုံခွဲ၍ တင်ထားလိုက်သည်။ သူမက အကြောင်းပြန်ကြားရန်လိုသည်၊ ဖတ်ကြည့်ပါဦးဟု မင်နီဖြင့် မှတ်ချက်ရေးထားသော စာအိတ်ပုံမှာ အလယ်တည့်တည့်တွင် ရှိနေ၏။

အခန်းထဲသို့ တင်မောင်ဆွေက မှန်တံခါးကို တွန်းဖွင့်၍ ဝင်လာသည့်အခါတွင် မေစီက ပြုံးပြုံးကလေး မော့ကြည့်လိုက်သည်။

'အစီ ပို့ခိုင်းလိုက်တဲ့စာကို ဖတ်ပြီးပြီလားကိုဆွေ...'

တင်မောင်ဆွေက ပြုံးကာ မေစီ၏ပခုံးကလေးကို ချစ်စနိုးဖက်လိုက်သည်။

'ဖတ်ပြီးပါပြီ အစီ...'





'စာက ဘာတဲ့လဲ၊ ကိုဆွေလိုချင်တာပဲ မဟုတ်လား'

'စာက တစ်မျိုးပဲ အစီရဲ့၊ ဒါကြောင့်လည်း အစီလည်း ဖတ်ကြည့်ပြီး ထင်မြင်ချက်ကလေးဘာလေး ပေးစမ်းပါဦးကွယ်...'

မေစီသည် တင်မောင်ဆွေလက်ထဲမှ စာရွက်ခေါက်ကို လှမ်းယူကာ ဖြန့်လိုက်ပြီး' သေချာစွာဖတ်ရှုကြည့်နေလိုက်သည်။ ဖတ်ရင်းကလည်း သူမ၏ နဖူးရေကလေးများ တွန့်တက်လာကြသည်။ စာကိုပြီးဆုံးအောင်ဖတ်ပြီးလျှင် သူမသည် မကျေနပ်သော အမူအရာကလေးဖြင့် တင်မောင်ဆွေအား မော့ကြည့်လိုက်သည်၊

'စာကလည်း တစ်မျိုးကြီးပဲ ကိုဆွေရယ်၊ အစီတော့ သိပ်မသက်ာလှဘူး၊ ရိုးရိုးတန်းတန်း ဟုတ်မယ်မထင်ဘူး...'

'ဂျင်မီကလည်း ဒီလိုပဲထင်တာပဲ၊ သူက ကိုဆွေ့အတွက် ထောင်ချောက်ဆင်တာ ဖြစ်နိုင်တယ်တဲ့...'

'ဘယ်လိုထောင်ချောက်ဆင်တာ ဖြစ်နိုင်မှာတဲ့လဲ ကိုဆွေ'

'သူ့စာအတိုင်း ကိုဆွေက တိုက်ခန်းထဲကိုဝင်ပြီး မှတ်စုစာအုပ်ရှာတုန်းမှာ ကိုဆွေ့ကို ဖောက်ထွင်းမှုနဲ့ ဝိုင်းဖမ်းနိုင်ကြတယ်လေ...'

မေစီက ခေါင်းကလေး ညိတ်ပြလိုက်သည်။

'ဖြစ်နိုင်တာပဲပေါ့ ကိုဆွေ၊ ဒါပေမဲ့ ဒီလိုထောင်ချောက်မျိုးကတော့ ကိုဆွေ့အတွက် ရိုးနေပြီပဲဟာ၊ အစီ တစ်ခုတော့ သွားမိတယ်...'

'ဆိုစမ်းပါဦး အစီ...'

'သူက ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးတာတဲ့လဲ...'

'ဒီမိန်းမကို ကားကိစ္စ သက်သေခံဖို့ သူနဲ့ပါလာတဲ့အဖော်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားက မလိုလားဘဲ တားထားတယ်မဟုတ်လား၊ ဒါပေမဲ့ ကိုဆွေက ဆုငွေတစ်ရာထုတ်ထားတော့ သူက ဒီငွေကို လိုချင်လာတယ်၊ ဒါပေမဲ့ သူကိုယ်တိုင်က ကားနံပါတ်ကို လာပေးလိုက်ရင်လည်း သူ့ယောက်ျားက သူ့ကို စိတ်ဆိုးလိမ့်မယ်၊ ဒီတော့ ကိုဆွေကို ဒီလိုဝေ့လည်ကြောင်ပတ် စာရေးပြီးကားနံပါတ်ကို ကိုဆွေ့ဘာသာလာယူနိုင်းတာ ဖြစ်မှာပေါ့၊ နောက်တော့မှ သူက ကိုဆွေ့ဆီက ဆုငွေကို တိတ်တိတ်လာထုတ်ယူမှာပေါ့…'

တင်မောင်ဆွေသည် ကျေနပ်စွာ ပြုံးလိုက်ကာ မေစီ၏ မေးကလေးကို ချစ်စနိုးဆွဲဖျစ်လိုက်သည်။

'ဟုတ်တယ် အစီရေ၊ အစီပြောတာလည်း အများကြီးဖြစ်နိုင်တာပဲ။ ဒီရီရီညွန့်ဆိုတာက သူ့အဖော်ယောက်ျားက သူ့ကို အပြစ်မတင်နိုင်တဲ့ နည်းနဲ့ဆုငွေတစ်ရာ ထုတ်ယူနိုင်အောင် မိန်းမဉာဏ် ဆင်လိုက်တာ အများကြီးဖြစ်နိုင်တယ်…'

'ဒါထက် ကိုဆွေ ကားနံပါတ်ရပြီး ကားကို ကိုဆွေက ရှာတွေ့ပြီဆိုပါတော့ အဲဒီကားဟာ တိုက်ပြီးမောင်းထွက်ပြေးသွားတဲ့ ကားရယ်လို့ ကိုဆွေက ပရု ပ် လုပ်နိုင်ပါ့မလား…'

'လုပ်နိုင်လိမ့်မယ် ထင်ပါရဲ့။ မောင်မြင့်ရှိန်က သူ့ကား တစ်နာရီမိုင် ၃၀နှုန်းလောက်နဲ့သာ ခပ်မှန်မှန်မောင်းပြီး ကံဘဲ့လမ်း ထဲကို ချိုးအဝင် ဒီကားက နောက်ကနေ အရှိန်ပြင်းပြင်းကြီးနဲ့ အတင်းမောင်းလာကျော်တက်ပြီး ရှေ့ကနေ ဖြတ်လိုက်တာမှာ သူ့ ကားနောက်ဘန်ပါက မြင့်ရှိန်ကလေးရဲ့ ကားရှေ့ပိုင်းကို ခပ်ရိုက်သွားခဲ့တယ်လေ၊ ဒါနဲ့ မြင့်ရှိန်ကလေးခမျာ သူ့ကားကို မထိန်းနိုင်တော့ဘဲ ဓာတ်မီးတိုင်ကို ဝင်တိုက်ရာမှ ကားမှောက်ပြီး ခမျာလည်း





ဒါးတျိုးသွားခဲ့တော့တာပဲ…'

'ဒီလိုဆို တိုက်ပြေးသွားတဲ့ ကားရဲ့အပြစ်ဆိုတာ သေချာနေတာပေါ့။ ကားရဲ့နောက်ဘန်ပါမှာလည်း တိုက်သွားတဲ့ ဒဏ်ချက်တွေ ကျန်ရစ်နေမှာပေါ့နော်…'

'ကားနံပါတ်ရထားဖို့ကသာ အရေးကြီးပါတယ် အစီ၊ ကားတိုက်သွားတာကို မြင်လိုက်ရတဲ့ မျက်မြင်သက်သေတွေကလည်း ရှိနေတာပဲ၊ ကားကို သူကဘယ်လိုပဲ ပြန်ပြင်ထားဦးတော့ ပြန်ပြင်ထားတယ်ဆိုတာ သိနိုင်တဲ့နည်းတွေကလည်း ရှိနေတာပဲ'

'ဒီလိုဆို ကိုဆွေက ဒီစာထဲမှာပါတဲ့အတိုင်း လိုက်လုပ်မလို့ပေါ့ ဟုတ်လား'

မေစီက မေးလိုက်သည်ကို တင်မောင်ဆွေက ရုတ်တရက် ပြန်မဖြေသေးဘဲ ခေတ္တမျှ စဉ်းစားနေလိုက်သည်။ သူ့စိတ်ထဲတွင်လည်း ဤကိစ္စကို မဆုံးဖြတ်နိုင်သေးဘဲ ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ မောင်မြင့်ရှိန်၏ ကားကလေးကို တရားမဲ့ဝင်တိုက်ပြီး မောင်းပြေးသည့်ကားမောင်းသူအား တရားဥပဒေအရ အရေးယူနိုင်ဖို့အတွက် ၄င်းကားနံပါတ် ရဖို့မှာကား အရေးကြီးနေပေသည်။

'ကိုဆွေ ဒီရီရီညွန့်ဆိုတာကို သွားတွေ့မယ်လို့ စိတ်ကူးထားတယ် အစီ'

'သွားတွေ့မယ်ဆိုတာက ဘယ်လိုလဲ ကိုဆွေ'

'စာထဲမှာပါတာကတော့ ဒီရီရီညွန့်ရဲ့ တိုက်ခန်းထဲမှာ ဒီကနေ့ ၂နာရီနဲ့ ၅နာရီကြားမှာ ဘယ်သူမှမရှိဘူးလို့ ဆိုတယ်၊ သူ့သဘောကတော့ အဲဒီအချိန်မှာ သူပေးလိုက်တဲ့သော့နဲ့ ကိုဆွေ တိုက်ခန်းထဲကို တိတ်တိတ်ခိုးဝင်ရဖို့ပဲ။ ဒါပေမဲ့ ကိုဆွေက ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး၊ အခုချက်ချင်းပဲ တိုက်ခန်းလိုက်သွားပြီး ဒီရိုရီညွှန့်ဆိုတ ကို တွေ့တွေ့ဆိုင်ဆိုင် သွားတွေ့လိုက်မယ်လေ'

'ဒီလိုဆိုရင် ကိုဆွေတစ်ယောက်တည်း သွားလို့ဖြစ် မလား၊ မျက်မြင်သက်သေ တစ်ယောက်ယောက်ကိုတော့ ခေါ်သွ ဦးမှပေါ့'

မေစီက စိုးရိမ်မကင်းပြောလိုက်ရာ တင်မောင်ဆွေက ပြ လျက် ခေါင်းခါပြလိုက်သည်။

'သက်သေတွေ ဘာတွေ မလိုသေးပါဘူး အစီရယ် သက်သေတွေ ဘာတွေမပါဘဲ ကိုဆွေနဲ့သူ နှစ်ယောက်ချင်း တွေ့ဆိုင်ဆိုင်တွေ့ပြီး ဆွေးနွေးတာက ပိုထိရောက်မယ်လို့ ထင်တ လေ'

'ဆွေးနွေးတဲ့အခါကျတော့ ဒီစာအကြောင်း ကိုဆွေ ထုတ်ပြောဦးမလို့လား'

'မပြောပါဘူး ပြောဖို့မလိုဘူး ထင်ပါရဲ့။ ဒါနဲ့အစီ၊ ဒီ ကို မိတ္တူတစ်စုံ ကူးပေးစမ်းပါလားကွယ်၊ မိတ္တူကို ကိုဆွေယူသွ မယ်၊ မူရင်းကိုတော့ အစီက ဖိုင်တွဲထားလိုက် ဟုတ်လား'

မေစီက ခေါင်းကလေး ညိတ်ပြလိုက်သည်။ သို့ရာတွ သူမတွင် စိုးရိမ်ကြောင့်ကြစရာလေးက ရှိနေသေးပေသည်။

'ကိုဆွေ ဟိုကျတော့ တိုက်ခန်းမှာ ဒီရိုရီညွှန့်ဆိုတာ ရှိမနေရင် စာထဲမှာပါလာတဲ့ သော့ကို အသုံးပြုပြီး ဖွင့်မဝင်ပါ နော်၊ အစီ့စိတ်ထဲမှာတော့ ဒီစာဟာ ကိုဆွေ့ကို ထောင်ချောက် ဖမ်းတာလို့ ထင်နေမိတယ်'

'အင်း... ကိုဆွေလည်း စိတ်ထဲမှာတော့ သိပ်သက်သာ





ဖူတယ်မဟုတ်ပါဘူး၊ ဟိုကျတော့ အသတ်ခံထားရတဲ့ အလောင်း ကြီးတစ်လောင်းကိုများ တွေ့နေရမလား မဆိုနိုင်ဘူး'

တင်မောင်ဆွေက စပ်ဖြဲဖြဲပြောလိုက်ရာ မေစီမှာ ကြက်သီး ထသွားသည့်အလား ကိုယ်ကလေးတွန့်သွားရှာသည်။

'မပြောစမ်းပါနဲ့ ကိုဆွေရယ်၊ ကိုဆွေက ဒါမျိုးတွေ တွေ့ ထိတ်လန့်ရတဲ့အထဲ ဖွဟဲ့... လွဲစေ၊ ဖယ်ပါစေ'

တင်မောင်ဆွေက မေစီပြောပုံကလေးကို သဘောကျသွား ပြီး အသံထွက်အောင် ရယ်လိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၃

ဓမ္မစေတီလမ်းတွင် အသစ်ဆောက်လုပ်ပြီးကာစ တိုက်
ပေါင်း ၃၀ကျော်ရှိသည့် ခန့်ညားသော လေးထပ်တိုက်အဆော
အဦကြီးတစ်ခုရှိနေလေသည်။ အဆောက်အဦကြီး၏ အဝင်ဝခ
ဆောင်ထဲမှ နံရံတစ်ဘက်တွင် အဆောက်အဦထဲရှိ တိုက်ခန်း
၏ အနေအထားနှင့် နံပါတ်စဉ်ကို ပျဉ်ချပ်အုတ်ပြားတစ်ခုပေါ
မြေပုံဆွဲထားပေရာ ရီရီညွန့်၏ တိုက်ခန်းသည် ဒုတိယထပ် မြေ
ဘက်အစွန်ဆုံးတွင်ရှိကြောင်းကို တင်မောင်ဆွေက တွေ့ရလေသည်

ခန်းမဆောင်၏ အလယ်မှဖောက်တက်သော လှေကား
မှ တင်မောင်ဆွေကတက်ခဲ့ရာ ဒုတိယထပ်တွင် အဆောက်အဦ
၏ရှေ့ဘက်တလျှောက် ဖောက်လုပ်ထားသော စင်္ကြံရှည်ကြီးတ
ကိုတွေ့ရလေသည်။ စင်္ကြံတလျှောက်တွင်ကား နံပါတ်အစီအ
တပ်ထားသော တိုက်ခန်းများရှိရာ ရီရီညွန့်၏ တိုက်ခန်း
တင်မောင်ဆွေက စင်္ကြံကြီး၏ အစွန်ဆုံးတွင် ရှာတွေ့ရလေ၏

တိုက်ခန်းတံခါးက မြဲမြဲစွာ ပိတ်ထားလျက်ရှိနေသည်
တင်မောင်ဆွေက တံခါးဘေးတွင် တပ်ဆင်ထားသောလူခေါ် ခေါ်





ောင်းဘုကလေးကို နှိပ်လိုက်သည်။ ပြီးလျှင် ခေတ္တမျှ စောင့်နေ
ိုက်သေးသော်လည်းအထဲမှ ဘာသံမှမကြားရ၊ တံခါးကလည်းပွင့်
မလာ၊ တင်မောင်ဆွေက တံခါးရွက်ပေါ်တွင် လက်ခေါက်နှင့်
ခေါက်ခေါက်မြည်အောင် ခေါက်လိုက်ပြန်သည်။ သို့တစေလည်း
ခြေအနေက ဘယ်လိုမှ ထူးခြား၍မလာ၊ တံခါးသည်ပိတ်မြဲပိတ်
သည်။

တင်မောင်ဆွေက ချီတုံချတုံ ဖြစ်နေသောစိတ်ကို တစ်ခါ
ည်း ဆုံးဖြတ်ချက်ချလိုက်ကာ စာနှင့်အတူပါလာသော သော့တံ
ို အိတ်ထဲမှထုတ်ယူလျက် သော့ပေါက်ထဲသို့ အသာထိုးထည့်ပြီး
ည့်ကြည့်လိုက်သည်။ ကလစ်ခနဲ မြည်သွားသံနှင့်အတူ တံခါး
သော့သည် အလွယ်တကူပွင့်သွားတော့သည်။

တင်မောင်ဆွေသည် တံခါးကို အသာတွန်းဖွင့်လိုက်သည်။
ိုသော် အထဲသို့မဝင်သေးဘဲ တံခါးဝမှရပ်ကာ အထဲသို့ချောင်း
ကြည့်လိုက်သည်။

ခပ်ကျဉ်းကျဉ်း ဧည့်ခန်းတစ်ခန်းကိုဖြတ်လျက် တင်မောင်
ဆွေသည် တံခါးပွင့်နေသော အိပ်ခန်းတစ်ခန်းကို တွေ့ရသည်။
တင်ထက်ဝယ် မည်သူမျှမရှိသော်လည်း မွေ့ရာခင်းတွေ စောင်
တွေက ရှုပ်ပွနေ၏။ မိန်းမအဝတ်အစားများကလည်း ကုတင်ခြေရင်း
 တန်းတစ်တန်းပေါ်တွင် မသပ်မရပ်နှင့် တွဲလောင်းချိတ်လျက်သား
နေကြသည်။ အိပ်ခန်း၏တစ်ဘက် ရေချိုးခန်းနှင့်တူသော တံခါး
ိတ်ထားသည့် အခန်းဆီမှ တစ်စုံတစ်ယောက်က ရေတဖြိုးဖြိုး
သောင်းချိုးနေသံက ထွက်ပေါ်လာလျက်ရှိနေ၏။

တင်မောင်ဆွေသည် တံခါးကို အသာပြန်ဆွဲပိတ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်မိနစ်ခန့် ရပ်စောင့်နေလိုက်သည်။ ပြီးမှ တံခါးဘေးမှလူခေါ် ခေါင်းလောင်းဘုကလေးကို နှိပ်လိုက်ပြန်သည်။

သည်တစ်ခါတွင်တော့ အတွင်းမှ တဖျပ်ဖျပ်လျှောက်လာသော ခြေသံကို ကြားရပြီး တံခါးနောက်တွင် ပျောက်ကွယ်သွားကြကာ မိန်းမသံတစ်သံက 'ဘယ်သူလဲ' ဟု မေးလိုက်သည်။

'ကျွန်တော့်နာမည် တင်မောင်ဆွေပါ၊ မရီရီညွန့်နဲ့ တွေ့စရာ ကိစ္စတစ်ခုရှိလို့ပါ'

တင်မောင်ဆွေက ခပ်ကျယ်ကျယ်ပြန်ဖြေလိုက်သည်တွင် အတွင်းမှ ခေတ္တမျှ တိတ်ဆိတ်သွားပြီးမှ တံခါးရွက်သည် ခြောက်လက်မမျှ ပွင့်ဟသွားသည့် တံခါးကြားတွင် တင်မောင်ဆွေက ဖြူဝင်းသောမျက်နှာကလေးနှင့် ရဲတင်းသော မျက်လုံးအစုံကို ရင်ဆိုင်လိုက်ရ၏။

'ရီရီညွန့်ဆိုတာ ကျွန်မပါပဲ၊ ဒါပေမဲ့ ရှင့်ကို အခုလက်ခံပြီး စကားပြောလို့ မဖြစ်သေးဘူး။ ကျွန်မ အခုပဲရေချိုးပြီးတာ ဒီတော့ ခဏကြာမှ ပြန်လှည့်လာချင်လာ၊ ဒါမှမဟုတ် စောင့်ချင်ရင်လည်း စောင့်နေပေါ့'

'ကျွန်တော် စောင့်နေပါ့မယ် မရီရီညွန့်၊ ကျွန်တော့်ကိစ္စက အရေးကြီးလို့ပါ'

'ရှင့်ကို ကျွန်မ မသိပါဘူး၊ ရှင်က ဘယ်သူလဲ'

'ကျွန်တော်က အလွှတ်စုံထောက်တစ်ယောက်ပါ'

'အလွှတ်စုံထောက် ဟုတ်လား'

ရီရီညွန့်သည် တင်မောင်ဆွေအား ခြေအဆုံးခေါင်းအဆုံး ကြည့်လိုက်ပြီးနောက် သူမ၏ မျက်လုံးများသည် ရုတ်တရက် ပြူး





ကျယ်သွားကြသည်။

'အို… ဒီလိုဆို ရှင်ဟာ နာမည်ကျော် အလွှတ်စုံထောက် တင်မောင်ဆွေဆိုတာပဲပေါ့ ဟုတ်လား၊ ကျွန်မ ရှင့်အကြောင်း ကြားထားပါတယ်လေ'

တင်မောင်ဆွေက ခပ်သဲ့သဲ့ပြုံးကာ မသိမသာ ဦးညွှတ်ပြလိုက်၏။

'ကိုတင်မောင်ဆွေ၊ ရီရီက အခုမှ ရေချိုးပြီးကာစရှင့်။ အဝတ်စားတောင် မလဲရသေးဘူး၊ ဒီတော့ ဧည့်ခန်းထဲမှာ ခဏ ထိုင်စောင့်နေပါနော်၊ ရီရီက ခုနကမှ အိပ်ရာကနိုးတာ တံခါးတွေတောင် မဖွင့်ရသေးပါဘူး၊ တင်မောင်ဆွေကပဲ တံခါးဖွင့်ပြီး စောင့်နေလိုက်ပါနော် ရီရီ မကြာစေရပါဘူး'

ရီရီညွန့်သည် ရုတ်တရက် ပြောင်းလဲသွားသော ခင်မင်ရင်းနှီးသည့် အမူအရာဖြင့် ပြောရာက တံခါးကို လုံးဝဖွင့်ပေးလိုက်၏။ သူမသည် ထမီရင်လျားနှင့်သာဖြစ်ကာ ပခုံးတွင်ရေစက်ကလေးများ တင်နေသေးသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။

'ခဏလေးပါနော် ကိုတင်မောင်ဆွေ၊ ပြတင်းပေါက်တွေ ဖွင့်ပြီး စောင့်နေလိုက်ပါ…'

ရီရီညွန့်သည် ပြောပြောဆိုဆို ဖွင့်ကားသောတင်ပါးဆုံကြီးများ တအိအိဖြင့် တင်မောင်ဆွေအား ကျောခိုင်းကာ အိပ်ခန်းထဲ လျှောက်ဝင်သွားပြီး တံခါးကိုဆွဲပိတ်လိုက်သည်။

တင်မောင်ဆွေသည် ပိတ်ထားသော ပြတင်းပေါက် နှစ်ချပ်ကို ဖွင့်လိုက်ရာ၊ နံနက်ခင်းနေရောင်ခြည်က ဝင်းထိန်စွာ ထိုးဝင်လာသည်။ တင်မောင်ဆွေသည် ဧည့်ခန်းကို လှည့်ပတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှုအကဲခတ်ရာက မျက်လုံးများ မသိမသာပင့်လိုက်လေသည်။

ဧည့်ခန်းသည် ခပ်ကျဉ်းကျဉ်းမျှသာ ဖြစ်သော်လည်း အိမ်ေ
ဆောင်ဝရိဘောဂ ပစ္စည်းတွေ ပြည့်ကြပ်ပြွတ်သိပ်နေ၏။ အဖိုးတန်
အတောင်းစား ပစ္စည်းများနှင့် အပေါစားပစ္စည်းများကလည်း ရော
ပြွမ်းလျက် ရှိနေသည်။ အပေါစား ဖရောင်းပုဆိုးခင်းထားသော
ကြမ်းပြင်ပေါ်တွင် ထူထဲ၍ တန်ဖိုးကြီးသော လှပသည့်ကော်ဇော
ငယ်ကလေးတစ်ခုကို ခင်းထားသည်။

အခန်းအလယ်မှ စားပွဲဝိုင်းကလေးပေါ်တွင် ပလပ်စတစ်
ဆေးလိပ်ပြာခွက်လေးက ရှိနေကာ အထဲတွင်သောက်ပြီး ထိုးချေ
ငြိမ်းသတ်ထားသည့် စီးကရက်တိုများက ဒင်းကြမ်းပြည့်နေသည်ကို
တွေ့ရ
ထောက်၍လည်း ရီရီညွန့်သည် ညက ယောကျာ်းဧည့်သည် တစ်
ယောက်အား အချိန် အတော်ကြာ ဧည့်ခံခဲ့ကြောင်း ထင်ရှား၏။
စားပွဲဝိုင်းကလေးအောက်တွင် ရေဖန်ချိုင့်တစ်လုံးနှင့် ဂျင်အရက်
ပုလင်းခွံကလည်း လဲလျောင်းနေသည်။

အခန်း၏ ထောင့်တစ်ဖက်တွင်ကား သပြေသီးမှည့်ရောင်
တောက်အောင် ပေါလစ်ရှိုက်ထားသော အဖုံးတပ် စားပွဲတစ်လုံး
က ရှိနေသည်။ တင်မောင်ဆွေသည် ပိတ်နေသော အိပ်ခန်းတံခါးဆီ
သို့ လှမ်းကြည့်လိုက်ပြီး သွက်လက်စွာ ထိုစားပွဲရှိရာသို့လျှောက်သွား
ကာ အဖုံးကိုဆွဲမ ဖွင့်ကြည့်လိုက်သည်။ သို့သော် သော့ခတ်ထား
သဖြင့် ဖွင့်မရဘဲရှိ၏။

တင်မောင်ဆွေသည် အခန်းအလယ်သို့ ပြန်လာကာ
ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး စီးကရက်တစ်လိပ်ကို
မီးညှိလျက် စောင့်နေလိုက်လေ၏။





ငါးမိနစ်ကျော်ကျော်ကြာမှ အိပ်ခန်းတံခါးသည် ပွင့်လာကာ
ရီရီညွန့်က ထွက်လာသည်။ သူမသည် ဆံပင်ကို ခပ်လျော့လျော့
ထုံးထားကာ မျက်နှာတွင် သနပ်ခါးရေကျဲကို ခပ်ပါးပါး လူးထား
ပြီး နှုတ်ခမ်းကိုလည်း ဆိုးထားရာ ဝင်းဝင်းဝါဝါနှင့် စိုလန်းပြီးတစ်မျိုး
ချစ်စရာကောင်းနေသည်။ ကိုယ်တွင်ကား အဖြူရောင်တက်ထရွန်
လက်စကအင်္ကျီနှင့် အဝါနှင့်အပြာကွက်ကို ဖော်ထားသော လင်မနစ်
လုံချည်ပျော့ကလေးကို ခပ်တင်းတင်း ဝတ်ဆင်ထားကာ သူမ၏
လုံးကျစ်ဖုထစ်သော ကိုယ်ကာယအလှမှာ ပို၍သာ ထင်ရှားလာသည်
ဟုထင်မှတ်ရသည်။

ရီရီညွန့်သည် တင်မောင်ဆွေရှေ့တွင် ခါးကလေးနွဲ့၍ရပ်
လိုက်သည်။

'ကိုတင်မောင်ဆွေ၊ ကျွန်မက အခုမှ အိပ်ရာကထတာ
ဆိုတော့ ဘာမှမစားရ မသောက်ရသေးဘူး။ ဒီတော့ ကော်ဖီတစ်အိုး
တော့ သောက်ပါရစေဦးနော်... မကြာစေရပါဘူး'

'သောက်ပါ၊ ကျွန်တော် စောင့်နေပါ့မယ်'

'ကိုတင်မောင်ဆွေလည်း ကျွန်မနဲ့အတူသောက်ပါဦးနော်၊
တဲ... လာပါရှင်၊ ကျွန်မနဲ့အတူ ကော်ဖီသောက်လှည့်ပါ'

ရီရီညွန့်က တင်မောင်ဆွေအဖြေကို မစောင့်ဘဲ၊ မီးဖိုခန်း
ထဲသို့ ဝင်သွားတော့ရာ တင်မောင်ဆွေက ထိုင်ရာမှထလျက် နောက်
မှလိုက်သွားရသည်။ မီးဖိုခန်းမှာ ဧည့်ခန်းနှင့် ဆက်လျက်သားဖြစ်
နေရာ တင်မောင်ဆွေက မီးဖိုခန်းတံခါးဝတွင် မှီရပ်လျက် တိုက်ခန်း
ကို လှည့်ပတ်ကြည့်[illegible]လိုက်သည်။

'တိုက်[illegible]က တော်တော်ကောင်းတာပဲနော်၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မရီရီညွန့်တစ်ယောက်တည်းပဲ နေသလား'

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ ကျွန်မတစ်ယောက်တည်း အခုလို လွတ်လွတ်လပ်လပ်ပဲနေချင်တယ်၊ ဒီတိုက်ခန်းရလိုက်တာ ကျွန်မအတွက် ကုသိုလ်ကံကောင်းတယ်ဆိုရမှာပဲ၊ တိုက်ခန်းက ငယ်ပေမယ့် ကျွန်မတစ်ယောက်အတွက် ကောင်းကောင်းလုံလောက်ပါတယ်၊ ပြီးတော့ ကျွန်မကားအတွက် သီးသန့်ကားရုံပါရထားတော့ ပိုဟန်ကျတာပေါ့'

'ကျွန်တော် အိမ်ရှေ့ခန်းထဲမှာ လက်နှိပ်စက်တစ်လုံးတွေ့ပါတယ်၊ မရီရီညွန့်က ဘာအလုပ်လုပ်သလဲ'

ရီရီညွန့်က ကော်ဖီသောက်ရာက မော့ကြည့်လိုက်ကာ ရွှင်ပျစွာ ရယ်မောလိုက်သည်။

'ကျွန်မက ဘာအလုပ်မှမလုပ်ပါဘူး၊ လက်နှိပ်စက်ကတော့ ကျွန်မ ဝတ္ထုကလေးဘာကလေး အပျင်းပြေရေးမယ်လို့ စိတ်ကူးတုန်းက ဝယ်ထားတာပါ၊ ဒါပေမဲ့ ဟုတ်တိပတ်တိ မရေးဖြစ်ခဲ့ပါဘူးရှင်'

တင်မောင်ဆွေသည် လက်နှိပ်စက်ရှိရာသို့ လျှောက်သွားကာ အဖုံးကိုဖွင့်ကြည့်လိုက်သည်။

'ကျွန်တော် မှတ်စရာကလေးတစ်ခု သတိရလာလို့ဗျာ၊ ဒီလက်နှိပ်စက်ကို ခဏသုံးပါရစေလား'

'သုံးပါရှင်... သုံးပါ၊ စားပွဲအံဆွဲထဲမှာ စာရေးစက္ကူရှိပါတယ်'

ရီရီညွန့်က လွယ်ကူစွာပင် ခွင့်ပြုလိုက်သည်။ လက်နှိပ်စက်သည် အဖုံးပိတ်ထားသော စားပွဲပေါ်တွင် မဟုတ်ဘဲ စားပွဲ





ပြားပြားတစ်ခုပေါ်တွင် တင်ထားသည်ဖြစ်ရာ တင်မောင်ဆွေက ထိုစားပွဲ အံဆွဲကို အသာဆွဲဖွင့်ကြည့်လိုက်သည်။ အထဲတွင် ခရမ်းနုရောင် စာရေး စက္ကူတစ်ထပ်က ညီညာစွာရှိနေသည်။ မနက်က ဗျူ့ထံသို့ ရောက်လာသော စာတွင် အသုံးပြုခဲ့သော စာရေးစက္ကူမျိုးပင် ဖြစ် နေသည်။

တင်မောင်ဆွေက ထိုစက္ကူတစ်ရွက်ကို လက်နှိပ်စက်ထဲသို့ ထည့်လိုက်ပြီး စိတ်ကူးနှင့် စာတစ်ကြောင်းကို ရိုက်ကြည့်လိုက်သည်။ ပြီးနောက် စာရွက်ကို ပြန်ဖြုတ်ယူလျက် ခေါက်သိမ်းထားလိုက်ကာ လက်နှိပ်စက်အဖုံးကို ပြန်ပိတ်လိုက်သည်။

ထိုစဉ်မှာပင် ရီရီညွန့်က ငွေလင်ပန်းကလေးတစ်ချပ်ကို ကိုင်လျက် အိမ်ရှေ့ခန်းထဲသို့ ထွက်လာသည်။

'ဧည့်ခန်းထဲမှာပဲ သောက်ကြပါစို့နော်...၊ သောက်ရင်း စကားပြောကြတာပေါ့'

ငွေလင်ပန်းပေါ်တွင် ပါလာသော ကော်ဖီအိုးထဲမှ လက်ဖက်ရည်ပန်းကန်လုံးထဲသို့ မွှေးကြိုင်သော ကော်ဖီများ ငှဲ့ထည့်ရင်း ရီရီညွန့်က ပြောလိုက်သည်။ အခြား ပန်းကန်ပြားတစ်ခုတွင် ထောပတ်သုတ် ပေါင်မုန့်များပါသည်။

'ကဲ... ကိုတင်မောင်[illegible] သုံးဆောင်ပါဦးရှင်၊ ပေါင်မုန့် သည်းစားပါ'

'ကျွန်တော် [illegible]သောက်ပါ့မယ်၊ မရီရီညွန့်သာ စားပါ'

တင်မောင်ဆွေသည် ကော်ဖီတစ်ခွက်ယူသောက်ပြီး၊ ရီရီညွန့်က ပေါင်မုန့်ထောပတ်သုတ်တစ်ချပ် စားနေကြစဉ် သူတို့နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



သည် အကြည့်ချင်းဆုံသွားမိကြကာ အသီးသီးပြုံးလိုက် ကြသည်။

'ကိုတင်မောင်ဆွေလို နာမည်ကျော် အလွတ်စုံထောက်ကြီး တစ်ယောက်က ကျွန်မဆီကို လိုက်လာတာဟာ ကျွန်မအတွက် ဂုဏ်ယူစရာပါပဲ၊ ဒါပေမဲ့ နည်းနည်းတော့လည်း ကြောက်မိသေးတယ်ရှင်'

'ဘာဖြစ်လို့ ကြောက်ရတာလဲဗျာ'

'မပြောတတ်ဘူးလေ၊ စုံထောက်တစ်ယောက် ကိုယ့်ဆီ လိုက်လာတယ်ဆိုတော့ နည်းနည်းတော့လန့်မိတာပေါ့၊ ကဲ... ကိုတင်မောင်ဆွေ၊ ကျွန်မကို ပြောစမ်းပါ၊ ကျွန်မဆီကို ဘာကိစ္စနဲ့ လိုက်လာတာလဲဟင်'

'ကော်ဖီကို ပြီးအောင်သောက်ပါလေ၊ ပြီးတော့ ပြောကြတာပေါ့'

ရီရီညွန့်သည် ကော်ဖီကို ခပ်မြန်မြန်သောက်ချလိုက်ပြီး ပန်းကန်လုံးကို ငွေလင်ပန်းပေါ်တွင် ပြန်တင်လိုက်သည်။ တင်မောင်ဆွေသည် သူမအား အကဲခတ်နေခဲ့သည်ဖြစ်ရာ ဤအမျိုးသမီးကား အသက် ၂၄နှစ်ခန့်မျှ ရှိဦးမည်ဖြစ်သည့်တိုင် လောကကြီးအကြောင်းကိုတော့ အတော်အရည်လည်နေသူတစ်ဦး ဖြစ်သည်ဟု မှတ်ချက်ချလိုက်မိ၏။

'စီးကရက်သောက်ပါဦး မရီရီညွန့်'

'ကျေးဇူးပါပဲ'

ရီရီညွန့်သည် တင်မောင်ဆွေ ထုတ်တည်လိုက်သော စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်သည်။ ပြီးလျှင် တင်မောင်ဆွေက သူ့စီးကရက်ကို မီးညှိပြီးသည်အထိ





စောင့်နေလိုက်ပြီးမှ...

'ကဲ... ကိုတင်မောင်ဆွေ၊ ရှင့်ကိစ္စဆိုစမ်းပါဦး၊ ကျွန်မ သိချင်လှပြီ'ဟု ဆိုလိုက်၏။

'ဒီလဆန်း ၃ရက်နေ့ မနေ့တစ်နေ့က ဆိုပါတော့၊ အဲဒီညနေဘက် ၅နာရီအချိန်မှာ မရီရီညွန့်ဘယ်မှာရှိနေသလဲဆိုတာ ကျွန်တော် လာမေးတာပါပဲ'

တင်မောင်ဆွေကလိုရင်းကို တုံးတိတိမေးချလိုက်ပြီး ရီရီညွန့်၏ မျက်နှာကလေးကို ရူးရူးရှရှ အကဲခတ်ကြည့်လိုက်သည်။ ရီရီညွန့်က မျက်နှာအမူအရာ ဘယ်လိုမှပြောင်းလဲမသွားဘဲ မျက်ခုံးတစ်ဖက်ကို မသိမသာပင့်လျက် ပြန်ကြည့်လိုက်သည်။

'၃ရက်နေ့ ညနေဟုတ်လား'

'ဟုတ်တယ်၊ အဲဒီတုန်းက ခင်ဗျားဘယ်မှာ ရှိနေခဲ့ပါသလဲ'

'နေစမ်းပါဦးရှင့်၊ ရှင်က ဘာဖြစ်လို့ သိချင်ရတာလဲ'

'ကျွန်တော်မေးတာကို ပထမဖြေပါလေ'

ရီရီညွန့်က နဖူးရေကလေးတွန့်[illegible]ထွေးသွားသော နှုတ်ခမ်းများကိုလည်း မသိမသာ စုလိုက်[illegible]

'ကျွန်မက ဘယ်ပြောတတ်မှာလဲရှင့်'

'မရီရီညွန့် ဒိုင်ယာရီ (နေ့စဉ်မှတ်တမ်း)မထားဘူးလား'

'ကျွန်မမှာ ဒိုင်ယာရီထားတဲ့ အကျင့်မရှိပါဘူး'

'အဲဒီနေ့က ခင်ဗျားဟာ ညနေဘက်မှာ ကမ္ဘာအေးစေတီလမ်းနဲ့ကံဘဲ့လမ်းထောင့်မှာ ရှိနေခဲ့သလား'

ရီရီညွန့်သည် ပြန်လည်အမှတ်ရရန် ကြိုးစားနေသည့် အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာကလေးဖြင့် နဖူးလေးကို တွန့်လိုက်ပြန်ပြီးမှ…

'၃ရက်နေ့ ဟုတ်လား၊ အင်း… နေစမ်းပါဦး၊ ကမ္ဘာအေးစေတီလမ်းနဲ့ ကံဘဲ့လမ်းထောင့်မှာဆိုတော့ ဟင့်အင်း… ကျွန်မအဲဒီနေရာကို ရောက်သွားခဲ့တယ် မထင်ပါဘူး'ဟု ရေရွတ် ငြင်းဆိုလိုက်သည်။

'ခင်ဗျားဟာ အဲဒီနေ့ညနေဘက်က အဲဒီ လမ်းထောင့်မှာ မောရစ်ကားတစ်စင်းနဲ့ အဖော်ယောကျ်ားတစ်ယောက်နဲ့အတူ ရှိနေခဲ့တယ်လို့ ကျွန်တော် သတင်းရထားပါတယ်။ မရီရီညွန့် အဲဒီတုန်းက ခင်ဗျားတို့ကားဟာ ဘီးပေါက်နေတဲ့အတွက် လမ်းဘေးမှာ ရပ်ထားရပြီး ခင်ဗျား အဖော်ယောကျ်ားက ကားဘီးလဲနေတာကို ခင်ဗျားက ဘေးကနေရပ်ကြည့်နေခဲ့တယ်၊ ခင်ဗျားတို့ ကားဘီးလဲပြီးကာစလေးမှာပင် အဲဒီလမ်းထောင့်အကွေ့ထဲမှာ ကားတစ်စီးက ဖွတ်အတင်းကျော်တက်မောင်းရာမှ ကားချင်းတိုက်မိပြီး ကျော်အတက်ခံရတဲ့ကားက မှောက်သွားခဲ့တယ်။ ကျော်တက်တဲ့ကားကတော့ အတင်းမောင်းထွက်ပြေးသွားခဲ့တယ်။ ဒါကိုခင်ဗျားက တွေ့လိုက်ရပြီးတိုက်ပြီး မောင်းထွက်ပြေးသွားတဲ့ ကားကိုမှတ်မိလိုက်တယ်'

ရီရီညွန့်က ခေါင်းကလေးကို တွင်တွင်ခါယမ်းလိုက်သဖြင့် တင်မောင်ဆွေက စကားကို ရပ်ထားလိုက်ရသည်။

'ရှင် မှားနေပြီထင်တယ် ကိုတင်မောင်ဆွေ၊ ရှင်ပြောတဲ့ ညနေဘက်က ကျွန်မ ဘယ်မှာရှိတယ်ဆိုတာကို အခုလောလောဆယ် ကျွန်မ ပြန်မမှတ်မိခဲ့ပေမယ့် ရှင်ပြောတဲ့နေရာမှာ ရှိမနေခဲ့တာကတော့ အမှန်ပါပဲ၊ ပြီးတော့ ရှင်ပြောသလို ကားချင်းတိုက်မိတာကိုလည်း ကျွန်မ မတွေ့ခဲ့ရပါဘူး၊ တွေ့ခဲ့ရတယ်ဆိုရင်လည်း ဘယ်





မမှတ်မိဘဲ ရှိလိမ့်မလဲရှင်'

'အင်း… ခင်ဗျားပြောတာလည်း မှန်ပါတယ်၊ ခင်ဗျားကသာ တွေ့ခဲ့ရရင် မမှတ်မိဘဲ ရှိမှာမဟုတ်ပါဘူး'

'နေစမ်းပါဦး… ရှင်က ဒီကားတိုက်မှုမှာ ဘာကြောင့် စိတ်ဝင်စားနေရတာလဲ'

ရီရီညွန့်က စပ်စုလိုသော အမူအရာလေးဖြင့် မေးလိုက်သည်။

'ကားချင်းကျော်တက်ပြီး အတိုက်ခံရတဲ့ ကားထဲမှာပါတဲ့ သူတွေကို ကျွန်တော်က အခု ကိုယ်စားပြုပြီး တိုက်ပြေးသွားတဲ့ တရားခံကို လိုက်ရှာနေပါတယ် မရီရီညွန့်၊ အတိုက်ခံရတဲ့ ကားကို မောင်းခဲ့တဲ့ မောင်မြင့်ရှိန်ဆိုတဲ့ ကျောင်းသားကလေးဟာ ဒဏ်ရာအကြီးအကျယ်ရသွားခဲ့ပါတယ်၊ ဒီဒဏ်ရာကြောင့် သူဟာ ပညာဆက်သင်နိုင်တော့မှာတောင် မဟုတ်ဘူး၊ ဒီတော့ သူ့[illegible]က်သိပ်ကိုနစ်နာတာပေါ့၊ ဒါကြောင့် ထွက်ပြေးသွားတဲ့ [illegible]ကိုအရှာ၊ တရားဥပဒေအရ အရေးယူပြီး၊ ထိုက်သင့်[illegible]ကြေးတောင်းခံဖို့ သူ့ဖခင်က ကျွန်တော့်ကို တာဝန်ပေးထားပါတယ်'

'အို… ဟုတ်လား၊ ကျောင်းသားကလေးအတွက် ကျွန်မစိတ်မကောင်းပါဘူး၊ သူ့ခမျာ ပညာဆက်မသင်နိုင်တော့ဘူးဆိုရင်တကယ် ဝမ်းနည်းစရာပဲပေါ့၊ ကျွန်မ မကူညီနိုင်တာကိုလည်း ဝမ်းနည်းမိပါတယ်ရှင်'

တင်မောင်ဆွေက ရီရီညွန့်၏မျက်နှာလေးကို စိုက်ကြည့်နေရာက ပခုံးများတွန့်ပြလိုက်သည်။ သူမသည် အမှန်အတိုင်းပြောနေသလော၊ သို့မဟုတ် ဟန်ဆောင်နေခြင်းပင် လောဆိုသည်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက မဆုံးဖြတ်နိုင်ဘဲ ရှိနေမိသည်။

'ကိုတင်မောင်ဆွေ ဘာပဲဖြစ်ဖြစ် ရှင် ကျွန်မဆီရောက်လာ တာကိုတော့ဝမ်းသာမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှင့်အကြောင်း တွေကို ကျွန်မ ဖတ်ထားရပြီး၊ ရှင့်ကို ကျွန်မက အားကြီးသဘော ကျနေမိတာရှင့်'

ရီရီညွန့်သည် ထိုင်နေရာမှ ကိုယ်အထက်ပိုင်းကို ရုတ် တရက် ရှေ့သို့ကိုင်းပြီး လက်ကလေးနှစ်ဖက်ကို ပူးယှက်လိုက်ကာ တင် မောင်ဆွေ့မျက်နှာကို ရဲတင်းသောမျက်လုံးကြီးများဖြင့် စူးစိုက်ကြည့် ပြီးပြောလိုက်ခြင်း ဖြစ်သည်။

'မရီရီညွန့်က ကျွန်တော့် ပရိတ်သတ်တစ်ယောက်ပဲကိုး'

တင်မောင်ဆွေက ခပ်ပြုံးပြုံး ပြန်ပြောလိုက်ရာ ရီရီညွန့် က ခေါင်းကလေးကို ဆတ်ဆတ် ညိတ်ပြလိုက်သည်။

'ဟုတ်တာပေါ့ရှင်၊ ရှင်ဟာမြန်မာပြည်မှာ အတော်ဆုံး အလွတ် စုံထောက်တစ်ယောက်ပဲ၊ ရှင်လိုက်တဲ့အမှုမှန်သမျှ အောင် မြင်တယ်၊ ပြီးတော့ ရှင်ဟာ မတရားမှုမှန်သမျှကို စက်ဆုပ်ပြီးအ ပဲ မတရားအနိုင်ကျင့်ခံနေရတဲ့ လူဘက်က ရပ်တည်တယ်ဆိုတာ တွေကို ကျွန်မ ဖတ်ထားရတာကိုး'

'ကျေးဇူးတင်ပါတယ် မရီရီညွန့်၊ ကျွန်တော်ဟာ ကျရောက်လာတဲ့ တာဝန်ကို အမြဲတမ်းအကျေပြွန်ဆုံး ထမ်းရွက် ကြိုးစားပါတယ်။ အခု ကျွန်တော့် တာဝန်ကတော့ ကားအတင်း ကျော်တက်ဝင်တိုက် မောင်းပြေးသွားတဲ့ တရားခံကို အမိဖမ်းဖေ ပါပဲ။ အဲဒီနေ့ညနေက မရီရီညွန့်ဘယ်မှာရှိနေတယ်ဆိုတာကို ပြ မဖြေနိုင်ဘူးလားဗျာ'





'ကျွန်မ ပြန်စဉ်းစားကြည့်ရင်တော့ ပေါ်လာမှာပါလေ။ ဒါပေမဲ့ အခုလောလောဆယ်တော့ စဉ်းစားလို့ကို မရနိုင်သေးပါဘူး။ ကျွန်မ ကြည်ညိုအားကျလှတဲ့ စုံထောက်ကျော်ကြီး ကိုတင်မောင်ဆွေ ကို ကျွန်မ လူကိုယ်တိုင်တွေ့ စကားပြောနေရတာကိုပဲ ကျွန်မ အတွက် သိပ်ကို စိတ်လှုပ်ရှားစရာ ကောင်းနေတော့တာကလား'

'သုံးရက်နေ့ညနေက မရီရီညွန့် ဘယ်မှာရှိနေတယ်ဆိုတာ ကို ဘယ်တော့လောက် ကျွန်တော့်ကို ပြောပြနိုင်မလဲခင်ဗျာ'

တင်မောင်ဆွေက သူ့မျက်နှာကို တစိမ့်စိမ့်စိုက်ကြည့်ပြီး လျှောက်ပင့်စကားတွေပြောနေသည့် မရီရီညွန့်အား ခပ်ပြုံးပြုံးပြန် ကြည့်ကာ သူ့လိုရင်းကိုသာ မေးလိုက်ပြန်သည်။

'ကျွန်မ စဉ်းစားကြည့်ပါ့မယ်လေ၊ ခေါင်းအေးအေးနဲ့ တစ် ရက်လောက် ပြန်စဉ်းစားကြည့်ရင် ပေါ်လာမှာပါ။ ဒါပေမဲ့ ကျွန်မက ဉာဏ်တော်တော်နည်းတဲ့ မိန်းမရှင့်၊ မနေ့တစ်နေ့ကဆိုတာမပြော နေ့က ဘယ်အချိန်မှာ ဘယ်မှာရှိခဲ့တယ်ဆိုတာကိုတောင် ကျွန်မ ကျွန်မ ပြန်သိတာမဟုတ်ဘူး။ ခေါင်းထဲမှာ ရှုပ်နေတာပဲ'

'မရီရီညွန့်က အလုပ်မလုပ်ဘူးဆိုတော့ အငြိမ်းစား ထိုင် နေတာပေါ့ ဟုတ်လား'

'ဆိုပါတော့ရှင်၊ ကျွန်မနဲ့ကွဲနေတဲ့ယောကျ်ားဆီက ထောက် ပံ့ကြေး လစဉ်ရနေတယ်ရှင့်'

'သြ… မရီရီညွန့်က အိမ်ထောင်နဲ့ကွဲနေတာကိုး'

တင်မောင်ဆွေက မျက်ခုံးတစ်ဖက် မသိမသာပင့်ပြီး ပြော လိုက်ရာ မရီရီညွန့်သည် ခေါင်းညိတ်ပြရာက တင်မောင်ဆွေအား တစ်ခု စူးစမ်းလိုသော အမူအရာဖြင့် စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

'ကိုတင်မောင်ဆွေ၊ ကျွန်မ ရှင့်ကို နည်းနည်းတော့ သတိ… မကောင်းဖြစ်လာမိပြီ'

'အလိုဗျာ၊ ကျွန်တော်က ဘာများ ပြောမိလို့ပါလိမ့်'

'ရှင် ကျွန်မဆီကိုလာတာ ရိုးမှရိုးရဲ့လားလို့ပါ'

တင်မောင်ဆွေက သူမအား နားမလည်သည့်အမူအရာ… ကြည့်နေသည်ကို တွေ့ရလျှင် ရီရီညွန့်က သူမ ဆိုလိုချက်… ရှင်းပြရန် ကြိုးစားလိုက်သည်။

'ဒီလိုလေ ရှင်က ကားတိုက်မှုမှာကျွန်မကို သက်သေ… အဖြစ်လာရှာတယ်ဆိုတာ တကယ်မှ ဟုတ်ရဲ့လား၊ ကျွန်မအကြော… ကို အနီးကပ်လာစုံစမ်းနိုင်ဖို့ သက်သက် လမ်းစထွင်လာတာ… လား၊ ရှင်တို့ အလွတ်စုံထောက်ဆိုတာက တော်တော်ဉာဏ်အ… သား'

တင်မောင်ဆွေက ပြုံးလိုက်ကာ ခေါင်းကို အသာရမ်း… လိုက်သည်။

'မဟုတ်ရပါဘူး မရီရီညွန့်ရယ်၊ ကျွန်တော် ခင်ဗျားဆီ… လာခဲ့တာဟာ ခုနက ကျွန်တော် ပြောခဲ့တဲ့အတိုင်း ကားတိုက်မှု… ခင်ဗျားဟာ အရေးပါတဲ့ မျက်မြင်သက်သေတစ်ယောက် ဖြစ်… တယ်လို့ နားလည်ရလို့ပါ။ တခြား ဘာရည်ရွယ်ချက်မှ မရှိဘူး… တာလည်း ယုံကြည်စေချင်ပါတယ်'

'ဒီလိုဆိုလည်း ကျွန်မဟာ ဘယ်ကားတိုက်မှုကိုမှ မမြင်ခဲ့… ဘူးဆိုတာ သေချာပါတယ်။ ရှင်ပြောတဲ့ သုံးရက်နေ့ညနေခင်း… လည်း ကျွန်မဟာ ဘယ်နေရာမှာပဲ ရောက်ရှိနေခဲ့နေခဲ့၊ ကမ္ဘာအေး… စေတီလမ်းနဲ့ ကန်ဘဲ့လမ်းထောင့်မှာ ရှိမနေခဲ့တာလည်း သေချ…





…ပါပဲ'

ရီရီညွန့်ပြောဆိုလိုက်ပုံသည် အင်မတန်မှ တိတိကျကျရှိ…ပေ၏။

'မရီရီညွန့်မှာ ကိုယ်ပိုင်ကားတော့ရှိတယ်ပေါ့'

'ရှိပါတယ်'

'မောရစ်ကားကလေးပဲ မဟုတ်လား'

'ဟုတ်တယ်လေ'

'ကျွန်တော် သိချင်တာက အဲဒီညနေက မရီရီညွန့်ဘယ်မှာ …နေခဲ့တယ်ဆိုတာပါပဲ'

တင်မောင်ဆွေက သူသိချင်သည်ကိုသာ ထပ်၍မေးလိုက် …ရာ ရီရီညွန့်က သက်ပြင်းကလေးတစ်ချက် ချလိုက်လေသည်။

'နေစမ်းပါဦး စုံထောက်ကြီးရယ်၊ ရှင့်ကို ကျွန်မဆီကို …ဖို့ ဘယ်သူက ညွှန်လိုက်တာလဲ…'

'ဒါကိုတော့ ကျွန်တော်ပြော…ဘူး မရီရီညွန့်၊ …ပေမဲ့ ကားတိုက်မှုမှာ ကျွန်တော်လိုချင်တဲ့ သက်သေဟာ ခင်ဗျား …ဖြစ်ရမယ်လို့ ယုံကြည်လောက်တဲ့ အထောက်အထားကတော့ ရှိ…ခဲ့တယ်လေ'

'အဲဒီအထောက်အထားတွေကို ရှင် ဘယ်ကရခဲ့တာလဲ'

တင်မောင်ဆွေက ဘာမှပြန်မပြောဘဲ ခေါင်းကိုအသာရမ်း …ပြလိုက်သည်။ ရီရီညွန့်သည် မျက်တောင်များ စင်းချလိုက်ကာ …မျက်တောင်ကော့ကြီးများကြားမှ တင်မောင်ဆွေ့မျက်နှာကို ခေတ္တမျှ …နားစိုက်ကြည့်နေလိုက်သည်။ ပြီးမှ ရုတ်တရက် . .

'ကိုတင်မောင်ဆွေ ရှင်ဟာ ကံကြမ္မာဆိုတာကို ယုံသလား

www.burmeseclassic.com



ဟင်' ဟု မေးလိုက်သည်။

'ယုံသင့်ရင်လည်း ယုံရတာပေါ့ခင်ဗျာ'

'ရှင် အခုလို ကျွန်မဆီကို ရောက်လာတာဟာ ကံကြမ္မာ ဖန်တီးပေးလိုက်တာလို့ ကျွန်မတော့ ထင်မိတာပဲ။ ဘာဖြစ်လို့လည်း ဆိုတော့ ကျွန်မမှာလည်း ရှင့်လို လူမျိုးတစ်ယောက်ရဲ့ အကူအညီ လိုတဲ့ ကိစ္စတစ်ခုပေါ်နေတယ်'

'ဆောရီးပဲ မရီရီညွန့်၊ အခုလောလောဆယ်ဆယ်မှာတော့ ကျွန်တော် နောက်ထပ် တာဝန်အသစ်မယူနိုင်သေးဘူး၊ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေက ပုံနေတယ်'

တင်မောင်ဆွေက ကပျာကရာပင် ကြိုတင်ကာကွယ်ပြော ဆိုလိုက်ရာ ရီရီညွန့်က မကျေနပ်သောအမူအရာဖြင့် နှုတ်ခမ်းက လေးစူပစ်လိုက်သည်။

'ဒါပေမဲ့ ရှင်က မနေ့တစ်နေ့ကမှဖြစ်တဲ့ ကားတိုက်မှုကို တော့ လက်ခံတာဝန်ယူခဲ့သေးတာပဲရှင်'

'ဒါကတော့ အဲဒီကိစ္စဟာ အရေးတကြီးဆောင်ရွက်ရမယ့် ကိစ္စမျိုးဖြစ်နေတော့ ကျွန်တော် မငြင်းသာခဲ့ဘူးလေ'

'ဒီလိုဆို ကျွန်မကိစ္စကိုလည်း ပြောပြပါရစေဦးလေ၊ ရှင် စိတ်ဝင်စားမယ်လို့ ကျွန်မထင်ပါတယ်'

ရီရီညွန့်သည် သူမ၏ ကိစ္စကို မရ ရသည့်နည်းဖြင့် တင်မောင်ဆွေလက်ထဲသို့ ထိုးအပ်ရန် ဆုံးဖြတ်ထားဟန်တူသည်။

'ကျွန်တော် ဘယ်လိုမှ တာဝန်ယူနိုင်မှာမဟုတ်ဘူးလို့ အစောကြီးကတည်းက ပြောထားတယ်နော်'

'ဘာပဲဖြစ်ဖြစ်လေ ကျွန်မ ပြောပြပါရစေ။ ကျွန်မမှာ





အိမ်ထောင်နှစ်ဆက်ရှိခဲ့တယ်ရှင့်။ ပထမအိမ်ထောင်ကတော့ သိပ် စိတ်ပျက်စရာ ကောင်းပါတယ်ရှင်။ ဒါနဲ့ ဒုတိယအိမ်ထောင်ကျ တော့ ကျွန်မဟာ ပိုပြီးသတိထားခဲ့ပါတယ်'

'ဒုတိယ အိမ်ထောင်ကျတော့ အဆင်ပြေခဲ့သလား'

ရီရီညွန့်သည် နှာခေါင်းကလေးကို မသိမသာရှုံ့ကာ ဖြည်း ဖြည်းစွာ ခေါင်းရမ်းပြလိုက်သည်။

'အဲဒါလည်း အဆင်မပြေခဲ့ပါဘူးရှင်။ ကျွန်မရဲ့ဒုတိယ ခင်ပွန်းက တော်တော် ချမ်းသာတယ်ရှင့်။ အဲဒါကြောင့်လည်း ကျွန်မက သူ့ကို ယူခဲ့တာဆိုပါတော့။ ဒါပေမဲ့ ကြာကြာမပေါင်း လိုက်ရပါဘူးရှင် ကွဲကြပြန်တာပဲ။ အခု သူက ကျွန်မကိုစရိတ် ပေးလိုက်ထားတယ်လေ'

'စရိတ်က ဘယ်လောက်ရသလဲ'

'တစ်လကို ငွေရှစ်ရာရှင့်'

တင်မောင်ဆွေက အံ့သြမှုကို ပြသည့်အနေဖြင့် လေချွန် လိုက်မိသည်။

'တစ်လရှစ်ရာဆိုတာ ဘယ်နည်းလို့လဲ မရီရီညွန့်'

'အို… ရှင်က သူ့ဝင်ငွေကို မသိသေးလို့ များတယ် ထင်တာပါ'

ရီရီညွန့်အနေဖြင့် သူမရရှိနေသော စရိတ်ငွေကို မကျေမနပ် ဖြစ်နေကြောင်းမှာ ထင်ရှားလှပေသည်။

'ခင်ဗျားက သူနဲ့ဘယ်လောက်ကြာအောင် ပေါင်းခဲ့ရ သလဲ'

'ငါးနှစ်ရှင့်၊ အဲဒီငါးနှစ်အတွင်းမှာပဲ သူက သိပ်ကြီးပွား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တာပဲ'

'ခင်ဗျားနဲ့ပေါင်းနေတုန်းမှာ စီးပွားဖြစ်ခဲ့တာဆိုရင်တော့ ခင်ဗျားလည်း သက်ဆိုင်ခွင့်ရှိတာပေါ့လေ'

'ရှိတာပေါ့ရှင်၊ ဒါတောင် သူက ကျွန်မကို တစ်လရှစ်ရာ ထောက်နေရတာကို မကျေမနပ်ဖြစ်ပြီး လျှော့ချပစ်ချင်နေတယ်။ တရားရုံးတော်မှာ တရားဝင် လျှော့ချပစ်လို့ရအောင် အကြောင်းရှာနေတယ်လေ'

ရီရီညွန့်က ခံပြင်းသောအသံကလေးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ သူမ၏ ပြဿနာကား ဒါပဲဖြစ်ရမည်ဟု တင်မောင်ဆွေက နားလည်လိုက်မိလေ၏။ ရီရီညွန့်သည် တင်မောင်ဆွေကို အားကိုးသောအမူအရာကလေးဖြင့် ကြည့်ကာ စကားဆက်ပြန်သည်။

'အဲဒါ ဒီကိစ္စကို ကိုတင်မောင်ဆွေက သူ့ဆီသွားပြီး ဆွေးနွေးပေးပါလားဟင်၊ ကိုတင်မောင်ဆွေလို လူမျိုးတစ်ယောက်...

တင်မောင်ဆွေက သွက်လက်စွာပင် ခေါင်းခါပြလိုက်သည်။

'ဆောရီးပဲ မရီရီညွန့်၊ ဒါမျိုးကိစ္စတွေမှာ ကျွန်တော် စိတ်မဝင်စားပါဘူး။ ဒါမျိုးက ရှေ့နေတွေနဲ့မှ ကိုက်တာပါ။ ခင်ဗျား အနေနဲ့ ရှေ့နေကောင်းကောင်းငှားဖို့လိုတယ်'

'ရှေ့နေတွေ ဘာတွေဆိုတာက စာရင်းရှုပ်ပါတယ်။ လွန် ခဲ့တဲ့ ခြောက်လလောက်က သူက ရှေ့နေငှားပြီး တရားရုံးတော်မှာ သူပေးနေရတဲ့စရိတ် များလွန်းတဲ့အတွက် လျှော့ချဖို့ လျှောက်ခဲ့သေး တယ်။ တရားရုံးတော်က လျှော့စရာအကြောင်းမရှိဘူး။ ခုပေးတာ တောင် နည်းသေးတယ်လို့ဆိုပြီး သူ့လျှောက်ထားချက်ကို ပယ်ချ





တယ်။ ဒီလိုလေ သူနဲ့ ကျွန်မပေါင်းနေတုန်းက ကျွန်မက သူ့ လုပ်မှာ ဝင်ကူလုပ်ခဲ့ရတယ်။ ဒီတော့ ကျွန်မကြောင့် သူရခဲ့တဲ့ ဟာ မနည်းလှဘူး'

'ဒီလိုဆိုလည်း ခင်ဗျားအတွက် ဘာပူစရာရှိလို့လဲဗျာ'

'မဟုတ်သေးဘူးလေ၊ ကိုညွန့်စိန်မောင်က တော်တော် င်းမာတဲ့လူရှင့်။ တရားဥပဒေအရ လျှော့လို့မရရင် တခြားရတဲ့ နဲ့လုပ်မှာ၊ ဒီတော့ ရှင်က ကျွန်မကိုယ်စား သူ့ကိုသွားရင်ဆိုင် ပေါ်လို့ ကျွန်မက တောင်းပန်ချင်တယ်။ ရှင့်ဆိုရင်တော့ သူ စားမှာပဲ'

ရီရီညွန့်က ဒီဘူတာသို့ပင် ပြန်ဆိုက်လာပြန်သည်။ င်မောင်ဆွေကလည်း ထပ်၍ငြင်းပယ်လိုက်ပြန်သည်။

'ဆောရီးပဲ၊ လင်ကွာ မယားကွာ ကိစ္စတွေကို ကျွန်တော် ယ်တော့မှမကိုင်ဘူး'

'အို... ကိုတင်မောင်ဆွေကလည်း နားထောင်ပါဦးလေ။ ျွန်မပြောစရာ မကုန်သေးဘူးရှင့်'

ရီရီညွန့်က တောင်းပန်သံကလေးဖြင့် ပြောလိုက်ခြင်းဖြစ် ည်။ တင်မောင်ဆွေက အားနာလာသဖြင့် နှုတ်ဆိတ်နေလိုက် ည်။

'ဒီလိုရှင့်၊ ကျွန်မက နောက်ထပ်အိမ်ထောင်ပြုတော့မလို့။ ျွန်မကို သဲလွန်းတယ်လို့ပြောရင်ပြောလေ၊ ဒါပေမဲ့ ဒီတစ်ခါတော့ တယ်တည်တန့်တဲ့ အိမ်ထောင်ကို ရတော့မယ်လို့ ကျွန်မ ယုံကြည် းပါတယ်။ ကျွန်မအခုရည်မှန်းထားတဲ့ လူက အရင်လူတွေထက် ပြီးရင့်ကျက်တယ်၊ အသိဉာဏ်ပိုရှိတယ်။ ကျွန်မအပေါ်နားလည်



www.burmeseclassic.com

www.burmeseclassic.com



မှုလည်း အပြည့်အဝရှိတယ်။ ဒီတော့ ကျွန်မက သူ့ကိုအရင်လူနေ ယောက်ထက်ပိုပြီး လေးစားခင်မင်မိတယ်လေ’

‘ဒီလိုဆို ခင်ဗျားအခုရနေတဲ့ စရိုက်ကိစ္စက သူ့ဘာသာသူ ပြေ ရှင်းပြီးသား ဖြစ်သွားတော့မှာပဲ။ ခင်ဗျားနောက်ထပ် အိမ်ထောင် ပြုလိုက်တာနဲ့ တစ်ပြိုင်နက် ခင်ဗျားယောကျ်ားဟောင်းက ခင်ဗျားကို စရိုက်ဆက်ထောက်ဖို့မလိုတော့ဘူးလေ’

ရီရီညွန့်သည် ရုတ်တရက် မျက်နှာကလေး တင်းမာ၍လာသည်။ သူမ၏မျက်လုံးများသည် ဒေါသရောင်ဖြင့် တလက်လက် တောက်ပြောင်လာကြ၏။

‘အဲဒါကို ကျွန်မသိပါတယ်လေ။ ဒါကြောင့် ကျွန်မက ဒီလိုစိတ်ကူးထားတယ်။ တကယ်တော့ ကိုညွန့်စိန်မောင်ဟာ ကျွန်မ ကြောင့် စီးပွားတက်လာခဲ့တာဆိုတော့ သူ့ဆီက ကျွန်မဟာ အခု ထက်မက ပိုရထိုက်ပါတယ်။ ဒါကြောင့် ကျွန်မက သူနဲ့စေ့စပ်ရေး တစ်ခုလုပ်ချင်တယ်။ သူက ကျွန်မကို ငွေနှစ်သောင်းငါးထောင် တစ်လုံးတည်းပေးရင် သူ့ဆီက စရိုက်ဆက်မယူတော့ဘူးလို့’

တင်မောင်ဆွေသည် ရီရီညွန့်အားကြည့်ကာ ခပ်သဲ့သဲ့ပြုံး လိုက်မိ၏။ ရီရီညွန့်ကား တကယ်တော့ တော်တော်လာသည့် မိန်းမ တစ်ယောက်ပင်။ သူမသည် နောက်ယောကျ်ားတစ်ယောက်ကိုလည်း ထပ်၍လိုချင်သည်။ သို့ရာတွင် ယခုကွာရှင်းထားသောယောကျ်ား ထံမှလည်း ရနိုင်သလောက်ငွေကို နှိုက်ထုတ်ယူသွားချင်သေး၏။

ရီရီညွန့်သည် တင်မောင်ဆွေ ဘာတွေးနေသည်ကို ရိပ်မိ သွားဟန်ရှိသည်။ မျက်နှာကလေးတွင် သွေးရောင် မသိမသာလျှမ်း တက်လာရာက စကားဆက်ပြန်၏။





‘ကိုတင်မောင်ဆွေကတော့ ကျွန်မကို သိပ်လောဘကြီးတဲ့ မိန်းမလို့များ ထင်မလားမသိဘူး။ ဒါပေမဲ့ ကျွန်မဘက်ကလည်း ခေါ်းစားကြည့်ပါလေ။ ကျွန်မဟာ နောက်ယောကျ်ားတစ်ယောက် ထပ်ယူတာနဲ့ ကိုယ်ရသင့်ရထိုက်တာကို စွန့်လွှတ်ခဲ့ရမှာတဲ့လား’

‘ခင်ဗျားယူမယ့်ယောကျ်ားကို ခင်ဗျား တကယ်ချစ်ရင် ကိုယ်ကျိုးစွန့်ချင် စွန့်ခဲ့ရမှာပေါ့။ ဒါနဲ့ ခင်ဗျားနောက်ထပ်ယူမယ့် ယောကျ်ားက ပစ္စည်းဥစ္စာ မချောင်လည်ဘူးလား’

‘အို… ချောင်လည်ပါတယ်ရှင်။ ဒါပေမဲ့ သူကိုယ်တိုင်က ကျွန်မ ရသင့်ရထိုက်တာကို ရစေချင်တာရှင့်။ ဒီလိုလေ သူ့နာမည် က ဦးစောဝင်းတဲ့ရှင့်။ သူက ရှမ်းစပ်တစ်ယောက်ပဲ၊ သတ္တုတွင်းတွေ ပိုင်တော့ လူချမ်းသာတစ်ယောက်ပဲ။ သူနဲ့ကျွန်မ စပြီးခင်မင်ကြ တော့ ကျွန်မက သူ့ကိုပြောထားတယ်။ ကျွန်မဟာ နောက်ထပ်အိမ် ထောင်ပြုဖို့ စိတ်မကူးတော့ဘူးလို့။ ဒါပေမဲ့ သူက မကျေနပ်ခဲ့ဘူး။ ကျွန်မဘာဖြစ်လို့ နောက်ထပ်အိမ်ထောင် မပြုချင်တာလဲလို့ဆိုတာကို မေးခဲ့တော့ ကျွန်မအိမ်ထောင်ပြုလိုက်လို့ရှိရင် ကိုညွန့်စိန်မောင်ဆီ က ကျွန်မရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ လက်လွှတ်လိုက်ရမှာ ကို မလိုလားလို့ဆိုတာ သူက နားလည်သွားတယ်’

ရီရီညွန့်သည် စကားကိုခေတ္တရပ်ထားလိုက်ကာ သူမ၏ စကားများသည် တင်မောင်ဆွေအတွက် အဘယ်ကဲ့သို့ထိရောက် သည်ကို အကဲခတ်သလိုကြည့်လိုက်သည်။ တင်မောင်ဆွေက မည်သို့ မျှမပြောဘဲ သူမကိုခပ်တည်တည်ကြည့်နေသည်ကို တွေ့ရလျှင် ရီရီညွန့်သည် ပင့်သက်တစ်ချက်ကိုရှိုက်လျက် စကားဆက်လိုက်ပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ သူက ကျွန်မရဲ့ရှေ့ရေးအတွက် လုံးဝတာဝန်ယူခဲ့ရှာပါတယ်။ ကျွန်မက သူ့ကိုဘယ်လိုမှမတိုက်တွန်းရဘဲနဲ့ သူဟာ ဘဏ်တိုက်မှာ ကျွန်မနာမည်နဲ့ ငွေတစ်သောင်းအပ်ခဲ့တယ်။ ပြီးတော့လည်း သူ့အသက်ကို ငွေသုံးသောင်းနဲ့အာမခံလုပ်ပြီး ကျွန်မအတွက်ထားပေးတယ်။ ပြီးတော့ ကျွန်မ သူ့ကိုလက်ထပ်ပြီးရင် ကျွန်မအတွက် သပ်သပ်အသုံးစရိတ် တစ်လငါးရာပေးဖို့ကို သူက ကတိထားပြီးသားပါ။ ဦးစောဝင်းဟာ ကျွန်မကိုအဲဒီအထိ လိုက်လျောတဲ့ လူတစ်ယောက်ပါ ကိုတင်မောင်ဆွေရယ်'

'ဒီလိုဆိုလဲ ခင်ဗျားအတွက် ဘာများလိုသေးလို့လဲ မရီရီညွန့်'

'အို… ကျွန်မက သူ့လေးစားမှုကို ပြန်လိုချင်သေးတယ်ရှင်'

ရီရီညွန့်က ဒေါသသံ့ကလေး ဝင်းဝင်းတောက်လျက် တင်မောင်ဆွေအား ပြန်ဖြေလိုက်သည်။ ပြီးမှ အသံကိုပြန်ထိန်းလျက် စကားဆက်ပြန်သည်။

'သူက ကျွန်မအတွက် အဲဒီလို အစီအစဉ်တွေအားလုံးလုပ်ပြီးကာမှ ကိုညွန့်စိန်မောင်က သူ ကျွန်မကိုပေးနေရတဲ့ စရိတ်ငွေကို လျှော့ချဖို့ ကြိုးစားနေတာကို သူသိသွားရင် သူ့စိတ်ထဲမှာ ဘယ်လိုထင်မလဲ။ ကျွန်မဟာ ကိုညွန့်စိန်မောင်ဆီက စရိတ်ငွေဆက်ရဖို့ မသေချာတော့တာနဲ့၊ သူ့ကို အမိဖမ်းလိုက်တာလို့ ထင်မသွားနိုင်ဘူးလား။ ကျွန်မက အဲသလိုတော့ နည်းနည်းကလေးမှ အထင်မခံနိုင်ဘူးရှင်'

တင်မောင်ဆွေက ဦးခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်မိ





သည်။ ရီရီညွန့်၏ လိုလားချက်ကို သူက ယခုမှကောင်းစွာသဘောပေါက်မိခြင်းဖြစ်သည်။

'ဒီလိုဆိုလဲ ခင်ဗျားက ဒီဦးစောဝင်းကို ခပ်မြန်မြန်ယူလိုက်ပါလားဗျာ'

'ကျွန်မတို့နှစ်ယောက် အခုချက်ချင်း လက်ထပ်ယူဖို့ဆိုတာကလည်း မဖြစ်နိုင်သေးဘူးလေ။ ဦးစောဝင်းမှာလည်း သူ့အိမ်ထောင်က ရှိနေသေးတယ်။ အဲဒီအိမ်ထောင်နဲ့ ပြတ်ပြတ်စဲစဲ ကွာရှင်းပြီးမှ ကျွန်မကို သူက လက်ထပ်ယူနိုင်မှာရှင့်'

ရီရီညွန့်သည် တင်မောင်ဆွေအား တောင်းပန်ခယသော အမူအရာကလေးနှင့် ကြည့်လိုက်ပြန်ပြီး နောက်မှ စကားဆက်ပြန်သည်။

'ကဲ… ကိုတင်မောင်ဆွေ၊ ကျွန်မရင်ဆိုင်နေရတဲ့ ပြဿနာကို ကျွန်မကတော့ ရှင့်ကို ပွင့်ပွင့်လင်းလင်းပြောပြီးပြီ။ ဒီတော့ ရှင် ကျွန်မကို မကူညီနိုင်ဘူးလားရှင်။ ကိုညွန့်စိန်မောင်ကို ရှင်သွားတွေ့ပြီး ကျွန်မကို စရိတ်ထောက်နေရတာကို ကိုးလိုးကန့်လန့်မလုပ်ဖို့ပြောပေးစမ်းပါ။ သူက အခု ဆိပ်ကမ်းသာလမ်းထဲက ရန်ကုန်စီးပွားရေးအသင်းတိုက်မှာ အခန်းငှားပြီးနေနေတယ်ရှင့်။ အဲ… တစ်ခုတော့ရှိတယ်။ ကျွန်မလက်ထပ်မယ့်လူဟာ ဘယ်သူဆိုတာကိုတော့ အရိပ်အမြွက်ကလေးတောင်မှ မပြောလိုက်ပါနဲ့'

'ဦးစောဝင်းကို ကိုညွန့်မောင်စိန်က သိလို့လား'

'သိတယ်ရှင့်၊ ဦးစောဝင်းကလည်း အဲဒီရန်ကုန်စီးပွားရေးအသင်းသားတစ်ယောက်ပဲ။ အဲဒီအသင်းတိုက်ကို ခဏခဏလာတတ်တာပေါ့။ သူနေတာတော့ ပဲခူးမှာပါ။ သူ့သတ္တုတွင်းတွေက



www.burmeseclassic.com

www.burmeseclassic.com

တော့ ရှမ်းပြည်နယ်မှာရှင့်။ သူတို့နှစ်ယောက်ကတော့ အသင်းတိုက်မှာ ဖဲကစားဖော်ကစားဖက်တွေပဲ။ ကိုညွန့်စိန်မောင်က ကျွန်မနဲ့ ပတ်သက်လာရင် အားကြီးသဝန်ကြောင်တတ်တာရှင့်။ ကျွန်မနဲ့သူ ကွဲခဲ့ရတာမှာ အဲဒါလည်းတစ်ကြောင်း အပါအဝင်ပဲလေ။ ကျွန်မရဲ့ ပထမယောကျ်ားအကြောင်းကို သူခဏခဏမေးတတ်တယ်လေ'

'ဒါနဲ့ မရီရီညွန့်ရဲ့ ပထမယောကျ်ားကကော အခုထက်ထိ ရှိတုန်းပဲလား'

ရီရီညွန့်သည် မျက်နှာကလေး မသိမသာပျက်သွားပြီး နောက်မှ မဖြေချင့်ဖြေချင်အမူအရာဖြင့် ပြန်ဖြေလိုက်သည်။

'ဟုတ်ကဲ့၊ ရှိနေပါသေးတယ်'

'ခင်ဗျား သူနဲ့ရော အခုတစ်လော တွေ့ရသေးသလား'

ရီရီညွန့်၏ ဝင်းဝါသော ပါးမို့ကလေးနှစ်ဖက်တွင် နှင်းဆီသွေးရောင်များက မသိမသာ ဖျန်းတက်လာကြသည်။

'ရှင်က ဒါကို ဘာဖြစ်လို့မေးရတာလဲ'

တင်မောင်ဆွေက ပခုံးနှစ်ဖက်ကို တွန့်လိုက်ကာ ရုတ်တရက် ရယ်မောလိုက်သည်။ ရီရီညွန့်၏ မျက်နှာကလေးသည် ပို၍ နီမြန်းလာ၏။

'ဟော… ကြည့်စမ်း၊ ရှင်က ရယ်နေပြန်ပြီ'

'ခင်ဗျားကို ကျွန်တော် ချီးကျူးမိလို့ပါဗျာ'

'ဘယ်လိုကြောင့်ရှင့်'

'ခင်ဗျား ချဉ်းကပ်ပုံ ချဉ်းကပ်နည်းက တော်တော်ကလေး ကောင်းလို့ပါ။ ခင်ဗျားဟာ ကျွန်တော့်ကြော်ငြာကို သတင်းစာထဲမှာတွေ့ခဲ့ရတယ်။ ဒီတော့ ခင်ဗျားက ကျွန်တော့်ကို ခင်ဗျား



အတွက ဆောင်ရွက်ပေးစေချင်တယ်။ ဒါပေမဲ့ ကျွန်တော်ဟာ လင်ကွာ မယားကွာကိစ္စတွေမှာ စိတ်မဝင်စားခဲ့ဘူးဆိုတာကိုလည်း ခင်ဗျားက သိထားတယ်။ ဒီတော့ ခင်ဗျားဟာ ကျွန်တော့်ကို အတင်းအကြပ်ကိုင်ပြီး ခင်ဗျားကိစ္စမှာဆောင်ရွက်ပေးရအောင် ကျွန်တော့်ဆီကို စာတစ်စောင်ရေးပို့လိုက်တယ်။ ဒါပေမဲ့ ကျွန်တော်က ခင်ဗျားစာထဲမှာပါတဲ့အချိန် မလာဘဲ အစောကြီးလာတော့'

'အို… ရှင် ဘာတွေပြောနေတာလဲ။ ရှင်ပြောနေတဲ့ ကြော်ငြာဆိုတာ ကျွန်မက ဘာမှန်းတောင်မသိရပါဘူး။ ကျွန်မက သဘော ရိုးနဲ့ ကျွန်မရင်ဆိုင်နေရတဲ့ ပြဿနာကိုဖွင့်ပြောပြီး ရှင့်ဆီမှာ အကူ အညီတောင်းနေတာပါ။ ကိုညွန့်စိန်မောင်ကို ရှင်သွားတွေ့ရင် သူက ရှင့်အကြောင်းကို သိထားနေတော့ တော်တော်လန့်သွားမှာပဲ။ ကျွန်မ ကို စရိတ်ထောက်နေရတဲ့ ကိစ္စကို သူကိုးလိုးကန့်လန့်လုပ်ရဲ တော့ မှာမဟုတ်ဘူး'

ရီရီညွန့်က မျက်လုံးကလေးများ အရောင်တောက်ကာ ပြွင်းသော အမူအရာကလေးနှင့် ပြောနေစဉ် တင်မောင်ဆွေက ခုံးများကိုတွန့်လျက် ထိုင်ရာမှ ရုတ်တရက် ထလိုက်သည်။

'ဆောရီးပဲ မရီရီညွန့်၊ ကျွန်တော်က ခင်ဗျားစကားကို ယုံကြည်လက်မခံနိုင်ဘူး။ ပြီးတော့ ကျွန်တော့်အချိန်လည်း ဆက်မဖြုန်းနိုင်တော့ဘူးဗျာ။ တကယ်လို့ ကျွန်တော်ဟာ ခင်ဗျားစာထဲမှာပါတဲ့ အတိုင်း ၂နာရီနဲ့ ၅နာရီကြားမှာ ခင်ဗျားတိုက်ခန်းထဲကို တိတ်တိတ် ဝင်မိရင်တော့ ခင်ဗျားက ကျွန်တော့်ကို အတင်းအကြပ်ကိုင်ပြီး ခင်ဗျားကိစ္စမှာ ဝင်ဆောင်ရွက်ခိုင်းနိုင်မှာ အမှန်ပါပဲ။ ကဲ… ကျွန်တော့်ကိုခွင့်ပြုပါဦး မရီရီညွန့်'



www.burmeseclassic.com

www.burmeseclassic.com



ရီရီညွန့်သည် လက်ကလေးနှစ်ဖက်ဆုပ်လျက် နီမြန်းသော မျက်နှာကလေးဖြင့် သူ့အားကြည့်နေစဉ်မှာပင် တင်မောင်ဆွေက တိုက်ခန်းထဲမှ ထွက်လာခဲ့လေ၏။

❖ ❖ ❖

## အခန်း - ၄

'ကဲ… ဆိုစမ်း ကိုဆွေ၊ ဘယ်လိုများတွေ့ခဲ့ရသလဲဆိုတာ'

မေစီက တင်မောင်ဆွေအား စူးစူးစမ်းစမ်းကြည့်ရာက မေးလိုက်ခြင်းဖြစ်သည်။ မေစီ တင်မောင်ဆွေနှင့် ဂျင်မီစမတ်တို့သည် တင်မောင်ဆွေ၏ သီးသန့်ရုံးခန်းထဲတွင် ထိုင်နေကြခြင်းဖြစ်၏။

'တော်တော်လှတဲ့ အမျိုးသမီးတစ်ယောက်ပဲ အစီ။ မီးတော့ မူယာမာယာကလည်း တော်တော်များတယ်'

'ခင်ဗျားကတော့ အမျိုးသမီးနဲ့ပတ်သက်ရင် ကံကိုကောင်းပါတယ် ကိုဆွေ၊ တွေ့လိုက်ရရင် ချောတာလှတာချည်းပဲ'

ဂျင်မီက အားကျသောအမူအရာဖြင့် စပ်ဖြဲဖြဲပြောလိုက်ခြင်းဖြစ်သည်။ ဤတွင် မေစီ၏မျက်စောင်းထိုးခြင်းကို ခံလိုက်ရှာ၏။

'ဒီက သိချင်တာက အမျိုးသမီးချောကြောင်း၊ လှကြောင်း မဟုတ်ဘူး။ ဘာတွေ တွေ့လို့ ဘာတွေသိခဲ့ရတယ်ဆိုတာ'

'အမျိုးသမီးချောချောလှလှနဲ့ တွေ့ခဲ့ရတယ်ဆိုမှ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရမှာလဲ မေစီ။ မေစီ့လူအကြောင်းလည်း သိသားနဲ့’

ဂျင်မီက ထပ်စပြန်ရာ တင်မောင်ဆွေ၏ လက်သီးချက်ကို ဝခုံးတွင် ဒုတ်ခနဲနေအောင် ခံလိုက်ရသည်။

‘မေစီက ငါ့ကို ယုံပြီးသားပါကွ။ ကဲ… ကဲ… ကိုဆွေ ပြောပြပါ့မယ်အစီ။ ရှင်းရှင်းပြောရရင်တော့ ကိုဆွေ့ကို အမျိုးသမီးက သက်သက်ထောင်ချောက်ဆင် ဖမ်းခဲ့တာပဲ’

‘ကဲ… ကိုမပြောလား မေစီ’

‘ဂျင်မီ၊ မင်း အသာနေစမ်း’

‘ကိုဆွေက စာထဲမှာပါလာတဲ့သော့နဲ့ ဖွင့်ဝင်တာလား’

‘ပထမတော့ တံခါးခေါက်ကြည့်သေးတယ်။ အထဲက ပြန်မထူးတော့ သော့နဲ့ဖွင့်ကြည့်တာပေါ့။ အထဲကိုတော့မဝင်ပါဘူး။ ရေချိုးခန်းထဲက ရေချိုးနေသံကြားရတော့ တံခါးကိုပြန်ပိတ်ပြီး စောင့်နေလိုက်တယ်။ တံခါးလည်းပိတ်လိုက်ရင် သူ့ဘာသာသူသော့ခတ်ပြီးသားဖြစ်သွားတာလေ။ တိုက်ခန်းက ခပ်ကျဉ်းကျဉ်းရယ်ပဲ။ အိမ်ထောင်ပရိဘောဂကတော့ အဖိုးတန် အကောင်းစားတွေနဲ့ အပေါ်စားတွေရောထွေးနေတယ်။ ကော်ဇော်တစ်ချပ်က တော်တော့်ကိုကောင်းတယ်။ အခန်းနဲ့တောင် မတန်ဘူး’

‘အမျိုးသမီးအကြောင်း ပြောပါဦး ကိုဆွေရဲ့။ သူက ဘယ်လိုအစားထဲကလဲ’

မေစီက စကားဝင်ဖြတ်မေးလိုက်ခြင်းဖြစ်သည်။

‘ရီရီညွန့်ဟာ အသက်အစိတ်ကျော်တော့ ရှိပြီထင်တယ်။ ဒါပေမဲ့ တော်တော်ကိုနုတယ်။ ရဲတင်းတယ်။ ပွင့်လင်းတယ်ထင်ရပေမယ့် တကယ်တော့ တော်တော့်ကိုမူရာမာယာများတဲ့ မိန်းမပဲ။





ကိုဆွေရောက်လာတာကို သူ တော်တော် အံ့သြသွားမှာပဲ။ ဒါပေမဲ့ အံ့သြပုံမပြဘူး။ ကိုဆွေ့ကို သိဟောင်းကျွမ်းဟောင်းတစ်ယောက်လို ခင်မင်မင် ရင်းရင်းနှီးနှီးဆက်ဆံတယ်’

‘ထောင်ချောက်ဆင်တယ်ဆိုတာက ဘယ်လိုလဲ ကိုဆွေ’

မေစီမေးမြန်းချက်ကို တင်မောင်ဆွေက ပြုံးလိုက်ပြီးမှ ပြန်ဖြေ၏။

‘သူက ကိုဆွေ့အကြောင်းတွေကို ဖတ်ဖူးနေတယ်လေ။ အဲဒါတော့ သူ့ကိစ္စတစ်ခုမှာ ကိုဆွေ့ကိုခိုင်းချင်နေတယ်။ ရိုးရိုးငှားရင် ကိုဆွေလက်ခံမှာမဟုတ်ဘူးဆိုတာကိုလည်း သူက သိထားနေတယ်။ ဒါပေမဲ့ ကိုဆွေ့ကြော်ငြာကိုတွေ့တော့ သူက ဒီကြော်ငြာကို အကြောင်းပြုပြီး၊ ကိုဆွေ့ကို သူ့တိုက်ခန်းထဲ ခိုးဝင်အောင် ထောင်ချောက်ဆင်တာပေါ့။ ကိုဆွေက သူ့တိုက်ခန်းထဲကို ခိုးဝင်တုန်း လက်ပူးလက်ကြပ်ဖမ်းမိရင် ကိုဆွေ့ကို သူက အကြပ်ကိုင်ပြီး ခိုင်းချင်တာကို ခိုင်းနိုင်တာပေါ့’

‘သူက ခင်ဗျားကို ဘာခိုင်းချင်တာတဲ့တုန်း’

ဂျင်မီက စိတ်ဝင်စားစွာ ဝင်မေးလိုက်ခြင်းဖြစ်သည်။

‘သူက နှစ်လင်ကွာ မိန်းမတစ်ယောက်ပဲ ဂျင်မီ။ သူကွာခဲ့တဲ့ သူ့ဒုတိယလင်က သူ့ကို တစ်လရှစ်ရာ စရိတ်ထောက်နေရတယ်။ ဒါပေမဲ့ အဲဒီလူက သူထောက်နေရတဲ့ စရိတ်ကို လျှော့ချချင်တယ်။ ဒါကို သူက အဲဒီလူကို ငါကသွားတွေ့ပြီး စရိတ်မလျှော့အောင် ခြိမ်းခြောက်ခိုင်းချင်တာပဲ။ တော်တော့်ကိုလာတဲ့ မိန်းမပဲကွာ’

‘ဟိုစာကို သူပို့လိုက်တယ်ဆိုတာကကော သေချာရဲ့လား ကိုဆွေ’



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ပြန်မဖြေသေးဘဲ၊ ရီရီညွန့်၏ တိုက်ခန်း
တွင် သူလက်နှိပ်စက်ရိုက်လာခဲ့သော စက္ကူခေါက်ကို ထုတ်ယူပြီး
ဖြန့်ပြလိုက်သည်။

'သူ့တိုက်ခန်းထဲမှာ တိုက်ပ်ရိုက်တာ တစ်ခုတွေ့ရလို့ ကိုယ်
က အကြောင်းရှာပြီး စာတစ်စောင်ရိုက်ခဲ့တယ်။ စက္ကူကလည်း
သူ့စားပွဲထဲကရတာပဲ။ မင်းမြင်တဲ့အတိုင်း စက္ကူက မနက်က ငါ့ဆီ
ရောက်တဲ့စက္ကူနဲ့တစ်မျိုးတစ်စားထဲပဲ။ တိုက်ပ်ရိုက်တာကလည်း
အတူတူပဲဖြစ်ရမယ်။ အစီရေ၊ မနက်က စာယူပေးစမ်းပါကွယ်...'

မေစီသည် ဖိုင်တွဲထဲမှစာကို ထုတ်ယူပြီး တင်မောင်ဆွေ
အား ပြလိုက်သည်။ တင်မောင်ဆွေသည် စာနှစ်စောင်ကို စားပွဲပေါ်
တွင် ယှဉ်တွဲ၍ဖြန့်ချလိုက်သည်။

'တွေ့လား ဂျင်မီ၊ တိုက်ပ်စာလုံးတွေက အတူတူချည်း
ပထမစာက တစ်ချောင်းငင်တွေ၊ ဒုတိယစာက တစ်ချောင်းငင်တွေ
မှာ အရင်းနားက အဆက်ကလေးတွေပြတ်နေတာက တစ်ထေ
တည်းပဲ။ ပြီးတော့ စာနှစ်စောင်စလုံးမှာ ကကြီးတွေက ခပ်မှိန်မှိန်
ဖြစ်နေတယ်...'

ဂျင်မီက တင်မောင်ဆွေထောက်ပြသော စာလုံးများကို
ကြည့်ကာ စာနှစ်စောင်စလုံးကို လက်နှိပ်စက်တစ်လုံးတည်းမှ
ရိုက်နှိပ်ထားခြင်းဖြစ်ကြောင်း သဘောတူလိုက်ရတော့သည်။

'အေးဗျာ ဒီလိုဆိုရင် ဒီစာဟာ သက်သက်ဆင်လုံးပဲ
ကျွန်တော်က တိုက်မောင်းပြေးတဲ့ ကားနံပါတ်ကိုရတော့မယ်
တော်တော်မျှော်လင့်ချက်ထားနေမိတာ...'

'အချိန်စောင့်ပါဦးလေ ဆုငွေတစ်ရာတောင် ထုတ်ထား





တကယ့် ကာယကံရှင်က ဆက်သွယ်လာလိမ့်မပေါ့...'

'ကဲ... ကိုဆွေ၊ ဒီအတောအတွင်း စာတိုက်က
ကြက်လာ တဲ့စာတွေကိုတော့ ဖတ်ကြည့်ပြီး ပြန်သင့်တာပြန်လိုက်
ဦး။ စာတွေရောက်နေတာ တချို့ သုံးရက်တောင်ရှိပြီ'

ရုံးအလုပ်လုပ်ရမည်ကို အင်မတန်ပျင်းသော ဂျင်မီသည်
င်မောင်ဆွေက သူ့အား စာတွေဖတ်ခိုင်းမည်ကို ကာကွယ်သော
ဖြင့် သုတ်ခနဲ သူ့အခန်းဘက်ဆီ လစ်ပြေးသွားတော့သည်။
င်မောင်ဆွေကသာ သူ့စားပွဲပေါ်တွင် မေစီပုံထားသည့် စာများကို
စောင်ပြီးတစ်စောင်ယူဖတ်ကာ ပြန်သင့်သည့်စာများကို ဘယ်လို
ကြားရမည်ဟု ညွှန်ပြသည်ကို မေစီက လိုက်လံရေးမှတ်နေလေ
ည်။

နေ့ခင်းတစ်နာရီခွဲလောက်တွင်ကား စာများအားလုံးရှင်း
တော့ရာ တင်မောင်ဆွေက အညောင်းဆန့်လိုက်ပြီး အောက်ထပ်
တ်တယ်ကြီးမှာ မေစီနှင့်သူ့အတွက် နေ့လည်စာကို မှာယူစား
က်လိုက်ကြလေသည်။

စားသောက်၍ပြီးကာစကလေးမှာပင် သူတို့အခန်းထဲသို့
ပိုင်က ဝင်ရောက်လာကာ တင်မောင်ဆွေအား စာအိတ်တစ်အိတ်
င်ပေးလိုက်သည်။

'ခုနကပဲ လူတစ်ယောက်လာပေးသွားတယ်။ အရေးကြီး
တဲ့ ကိုဆွေ'

တင်မောင်ဆွေသည် စာအိတ်ကို လက်တွင်ကိုင်ကြည့်ရာ
မျက်ခုံးပင့်လိုက်မိသည်။

'မနက်က စာအိတ်မျိုးပဲ အစီ။ အထဲမှာလည်း စာမှာ



www.burmeseclassic.com

www.burmeseclassic.com



အချောင်းတစ်ချောင်းနဲ့ နောက်ထပ်သော့တစ်ချောင်းများလား မ[illegible]
နိုင်ဘူး'

တင်မောင်ဆွေက စာအိတ်ကို စားကလေးဖြင့် ဖောက်ပြီး ခါချလိုက်ရာ သူပြောသည့်အတိုင်းပင် သော့ကလေးတစ်ချောင်းက စာအိတ်ထဲက ခေါက်ခနဲထွက်ကျလာသည်။ စာအိတ်ထဲမှစာရွက် ခေါက်ကလေးကလည်း မနက်က စာအတိုင်း ပန်းနုရောင်စာရွက် ဖြစ်နေသည်။

'အင်း… လာပြန်ပြီ နောက်တစ်စောင်'

တင်မောင်ဆွေက မျက်မှောင်ကြုတ်ရှေ့ဖတ်လိုက်ရာက [illegible] ကိုဖွင့်ဖတ်လိုက်ရာ မေစီကလည်း ပခုံးပေါ်မှကျော်လျက် ဖတ်ကြည့်လိုက်သည်။

*ဦးတင်မောင်ဆွေခင်ဗျား…*

*ရီရီညွန့်၏ တိုက်ခန်းထဲမှာ ကျွန်ုပ်ပြောခဲ့သော စားပွဲသည် သော့ခတ်ထားသည့်အတွက် လူကြီးမင်း၏ကြိုးစားချက် အချည်း[illegible] ဖြစ်ခဲ့ရသည်ကို ဝမ်းနည်းပါသည်။ ယခု ဤစာနှင့်အတူ စားပွဲ[illegible] ဖွင့်နိုင်သည့်သော့ကို ပူးတွဲထည့်ပေးလိုက်ပါသည်။*

*မိတ်ဆွေကြီးလိုချင်သော ကားနံပါတ်သည် စားပွဲ[illegible] ညာဘက်ထောင့်စွန်း အံပေါက်ကလေးထဲရှိ သားရေနက်ဖုံးမှတ်[illegible] စာအုပ်၏နောက်ပိတ်ဆုံး စာမျက်နှာတွင် ရေးမှတ်ထားပါသည်*

*သစ္စာရှိစွာဖြ[illegible]*

***မိတ်ဆွေတစ်ယော[illegible]***

တင်မောင်ဆွေသည် စာရွက်ကို စားပွဲပေါ်တွင် ဖြန့်[illegible] လိုက်ကာ စောစောက သူတို့စစ်ဆေးကြည့်ရှုခဲ့သည့် စာနှစ်[illegible]





[illegible]င် ယှဉ်ပြီးမှန်ဘီလူးနှင့် စစ်ဆေးယှဉ်ကြည့်ရပြန်သည်။ ဤတွင် ဤစာသည်လည်း ရီရီညွန့်၏ တိုက်ခန်းထဲရှိလက်နှိပ်စက်ဖြင့်ပင် [illegible]ထားသည့်စာမှန်း အသေအချာ သိရပြန်တော့သည်။

တင်မောင်ဆွေသည် စီးကရက်တစ်လိပ်မီးညှိပြီး စဉ်းစဉ်း [illegible]စားအမူအရာဖြင့် လိပ်ခွေတက်သွားသော မီးခိုးများကို ကြည့် [illegible]လိုက်သည်။ မေစီကလည်း သူမချစ်သူအား စူးစမ်းသောအကြည့် [illegible]လေးဖြင့်ကြည့်လိုက်၏။

'ကဲ… ကိုဆွေ ဒီစာက ရောက်လာပြန်ပြီ၊ ကိုဆွေက [illegible]လုပ်မလို့လဲ'

'ကိုဆွေလည်း ဘယ်လိုဆုံးဖြတ်ရမယ် မသိတော့ဘူး အစီ။ [illegible]ယောက်ယောက်ကတော့ ကိုဆွေ့ကို အရူးလုပ်နေပြီ ထင်တယ်'

'ဒီစာကို ရီရီညွန့်က ပို့လိုက်တာကော ဟုတ်ရဲ့လားကိုဆွေ [illegible]။ ပထမစာဟာ ထောင်ချောက်ဆင်မှန်း ကိုဆွေ သိသွားတာ [illegible] သူရိပ်မိပြီးမှ အခုလို ဒုတိယစာနဲ့ဆက်မျှားပါဦးမလား။ ပြီး [illegible]လည်း သူ့တိုက်ခန်းထဲမှာ ကိုဆွေက သူ့တိုက်ပ်ရိုက်တာကို [illegible]ပြီး ရိုက်တောင်ကြည့်သွားတယ်ဆိုတာကိုလည်း သူသိတယ်။ [illegible]တောင် သူက ဒီတိုက်ပ်ရိုက်တာနဲ့ပဲ နောက်ထပ်စာတစ်စောင် [illegible]ပြီး ကိုဆွေ့ဆီပို့ပြန်တာဟာ သူ့အဖို့ တုံးလွန်းရာမကျဘူးလား'

'အင်း… အစီပြောတာလည်း စဉ်းစားစရာပါပဲ။ ဒါပေမဲ့ [illegible]ခုတော့ရှိတယ်။ တိုက်ပ်ရိုက်တာကို လက်ရေးလိုပဲ နှိုင်းယှဉ် [illegible]ဆေးကြည့်လို့ ရနိုင်တဲ့နည်းရှိတယ်ဆိုတာကို သာမန်လူတွေက [illegible]ကြတယ်လေ'

'ထားလိုက်ပါတော့လေ။ ဒါပေမဲ့ ဒီပန်းရောင်စာ[illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ပဲ ထပ်အသုံးပြုခဲ့တာကကော ဒီပန်းရောင်စက္ကူကို ကိုဆွေမြင်
ခဲ့တယ်ဆိုတာကိုတော့ သူသိထားတာပဲ'

'အေးကွာ… ကိုဆွေတော့ မစဉ်းစားတတ်အောင်ဖြ
ပြီ'

ထိုစဉ်မှာပင် အခန်းတံခါးဝမှချစ်လှိုင်ကလေးက ခေါင်း
၍ကြည့်လိုက်သည်။

'အစ်ကိုဆွေ၊ အပြင်ဘက်မှာ အမျိုးသမီးညှော့သည်
ယောက်ရောက်နေတယ်။ ရီရီညွှန့်တဲ့ အစ်ကိုဆွေနဲ့သိတယ်လို့
တယ်'

တင်မောင်ဆွေနှင့်မေစီတို့သည် တစ်ယောက်မျက်နှာ
ယောက်လှမ်းကြည့်လိုက်လေသည်။ ပြီးမှ တင်မောင်ဆွေက
ပေါ်မှ စာအိတ်နှင့်စာကို ကပျာကရာ စားပွဲအံဆွဲထဲသို့ ထည့်လို
သည်။

'အေး… သူ့ကို ငါတွေ့မယ် ချစ်လှိုင်'

'အမျိုးသမီးမှာ ယောကျ်ားဖော်တစ်ယောက်လည်း ပါ
တယ်ကိုဆွေ'

'ဘယ်သူတဲ့လဲ'

'ကိုကောင်းစိန်လို့ ပြောတာပဲ'

'ကောင်းပြီ၊ နောက် သုံးမိနစ်လောက်ကြာရင် လွှတ်လို
ကွာ ဟုတ်လား'

ချစ်လှိုင်ကလေးက ခေါင်းညိတ်ကာ ပြန်ထွက်သွား
တင်မောင်ဆွေက မေစီအားလှည့်ပြီး အရေးတကြီးမှာကြား
သည်ကို မှာလိုက်သည်။





'ဒီမှာအစ်၊ ကိုဆွေပြောတာကို သေသေချာချာ နားထောင်
သူတို့နှစ်ယောက်ကို ကိုဆွေက စကားလက်ခံပြောပြီးရင်
တို့ လက်မှတ်ထိုးဖို့ အစ်ကို ကိုဆွေက စတိတ်မင်ပေးပြီး တိုက်ပ်နဲ့
ခိုင်းမယ်။ အဲဒီအခါကျရင် အစ်က အချိန်ဆွဲပြီး သူတို့နှစ်
ကို နှာရိုက်လောက်ကြာအောင် စောင့်ခိုင်းထားစမ်း
တ်လား'

'ကိုဆွေက ဘာလုပ်မလို့လဲ'

'သူတို့ကို အစ်က ဒီမှာ အချိန်ဆွဲစောင့်ခိုင်းထားတုန်း
ဆွေက အကြောင်းပြအပြင်ထွက်ပြီး ရီရီညွှန့်တိုက်ခန်းကို ဝင်ရှာ
ည့်မလို့ပဲ'

မေစီက တစ်စုံတစ်ရာပြန်ပြောတော့မည်ဟု ပါးစပ်ဟလိုက်
ချစ်လှိုင်ကလေးက တံခါးကိုဆွဲဖွင့်လိုက်ကာ…

'ဒေါ်ရီရီညွှန့်နဲ့ဦးကောင်းစိန်တို့ပါခင်ဗျား'ဟု ပြောလိုက်
သည်။

ရီရီညွှန့်သည် ခါးကိုနွဲ့ တင်ကိုယမ်းလျက် အခန်းထဲသို့
က်ဝင်လာသည်။ သူမ၏ ဝတ်ဆင်ထားသောအဝတ်အစားများ
ည် သူမ၏တောင့်တင်းလှသော ကိုယ်ကာယအလှကို ပကတိရုပ်
ပေါ်အောင် ဖော်ပြထားသလို ချပ်ချပ်ရပ်ရပ် ရှိနေသည်။ သူမ၏
နှာကမူ ပြုံးရွှင်နေကာ ပွင့်လင်းမှုကို ဖော်ပြနေသယောင်ရှိ၏။

'ကိုတင်မောင့်ဆွေ ရှင် မနေ့က ကျွန်မကို စွပ်စွဲသွား
တွေကို ကျွန်မတော့ လုံးဝနားမလည်နိုင်တော့ပါဘူး။ သုံးရက်
နေက ကျွန်မ ဘယ်မှာရှိခဲ့မှန်းမသိဘူးဆိုတာ ကျွန်မသက်သေ
နေတယ်လို့ ရှင် ထင်ခဲ့တယ်။ ပြီးတော့ ရှင်က ကြော်ငြာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလည်းပြောသွားတယ်။ ဒါနဲ့ ရှင်ပြန်သွားတော့ ကျွန်
က သတင်းစာတွေဝယ်ပြီး ကြော်ငြာတွေအားလုံးလှျောက်ဖတ်ကြည့်
သော့ ကြေးမုံနဲ့ လုပ်သားပြည်သူမှာ ရှင့်ကြော်ငြာတွေကို သွားတွေ
ခဲ့ရတယ်။ ဒါနဲ့ ကျွန်မက ရှင်ထင်တာတွေ ဘယ်လောက်မှာ
ကြောင်း အထောက်အထားပြရအောင် လိုက်လာခဲ့တာပဲ။ ကဲ...
ကိုဆွေ ဟောဒါကတော့ ကျွန်မရဲ့မိတ်ဆွေ ကိုကောင်းစိန်တဲ့ရှင်

ကိုကောင်းစိန်ဆိုသူကား အသက်သုံးဆယ်ခန့်ရှိမည်
ခန့်မှန်းရသော နဖူးကျယ်ကျယ်နှင့်သေသပ်စွာ ဝတ်ဆင်ထားသေ
တရုတ်ကပြားတစ်ယောက် ဖြစ်လေသည်။ သူသည် တင်မော
ဆွေအား လက်တစ်ဖက်ကို ကမ်းပေးလိုက်သည်။

'ကျွန်းမာပါရဲ့နော်။ ကျွန်တော် ဘာကြောင့်လိုက်လာ
တယ်ဆိုတာကို ခင်ဗျားက သိချင်မှာပဲထင်ပါရဲ့။ အမှန်တော့
ကျွန်တော်ကိုယ်တိုင်ကလည်း ကောင်းကောင်းမသိပါဘူး။ ရီရီညွှ
က အတင်းဆွဲခေါ်လာလို့သာ လိုက်ခဲ့ရတာပါ။ သက်သေလုပ်ဖို့
လား ဘာဆိုလားပါပဲဗျာ'

ကိုကောင်းစိန်စကားပြောပုံသည် ရည်ရည်မွန်မွန်ရှိလှပေ
သည်။ သူသည် ပညာတတ်တစ်ယောက် ဖြစ်ရမည်ဟု တင်မော
ဆွေက ဆုံးဖြတ်လိုက်မိ၏။ သူက မေစီအား၎င်းတို့နှင့် မိတ်ဆက်ပေး
လိုက်၏။

'သူကတော့ ကျွန်တော့် စက္ကရီတေရီ မမေစီပါပဲ'

၎င်းတို့နှစ်ယောက်သည် မေစီအား ယဉ်ကျေးစွာ ပြုံး
လိုက်ကြသည်။ မေစီက မသိမသာပြန်ဦးညွှတ်ပြလိုက်ကာ တင်
မောင်ဆွေ့ဘေးမှ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး ခဲတံနှင့်





မှတ်စုစာအုပ်ကို အသင့်ကိုင်ထားလိုက်၏။ တင်မောင်ဆွေက
ညှို့သည် နှစ်ယောက်ကို မိမိစားပွဲရှေ့ရှိ ကုလားထိုင်လွတ်နှစ်လုံး
တွင် နေရာပေးလိုက်သည်။

'ကိုတင်မောင်ဆွေ ကျွန်မ သုံးရက်နေ့ညနေက ဘယ်မှာ
ရှိနေခဲ့တယ်ဆိုတာ မမှတ်မိဘူးလို့ပြောခဲ့တာဟာ တကယ်တော့
ရှင့်ကို ကျွန်မဖိန်းနေခဲ့တာပါပဲ။ အဲဒီတုန်းက ကျွန်မ ဟောဒီက
ကိုကောင်းစိန်နဲ့အတူတူရှိနေခဲ့ပါတယ်။ ဒါပေမဲ့ ဒါကို ကိုကောင်းစိန်
က အသိမခံချင်ဘူးလို့ထင်ပြီး ကျွန်မက ရှင့်ကို မနက်ကပြောမပြ
ခဲ့တာပါ။ ရှင်ပြန်သွားတော့မှ ကျွန်မက သူနဲ့ဆက်သွယ်ပြီး သူ့ဆီ
က ခွင့်တောင်းရတယ်။ ကျွန်မဟာ အခု ကိုကောင်းစိန်နဲ့အတူတူ
တွဲပြီး အလုပ်တစ်ခု လုပ်နေတယ်လေ။ 'အချိန်ပြည့်တော့မဟုတ်
ပါဘူး။ ၂နာရီက ၅နာရီအထိပဲလုပ်ရတာပါ။ သုံးရက်နေ့ကတော့
ကျွန်မတို့ အနားယူပြီး အတူတူ ရုပ်ရှင်သွားကြည့်ခဲ့ကြပါတယ်။
သုံးနာရီခွဲပွဲပါပဲ'

'ဘယ်ရုပ်ရှင်ကိုကြည့်တာလဲ မရီရီညွန့်...'

ရီရီညွန့်က စကားအဆုံးသတ်လိုက်လျှင် တင်မောင်ဆွေ
ကချက်ချင်းပြန်၍ မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

'သွင်ရုံမှာပြနေတဲ့ 'ချိန်းမိလေသောည'ပေါ့၊ ရှင့်မိတ်ဆွေ
ကြီး ဆရာမိုးဝေရေးသားထားတဲ့ ဝတ္ထုကိုပြန်ရိုက်ထားတဲ့ကားဟာ
လ တော်တော်ကောင်းပါတယ်။ အဆုံးသတ်လှည့်ထားတာကလေး
က သိပ်မိတာပဲ မဟုတ်ဘူးလား ကိုကောင်းစိန်'

ရီရီညွန့်က ပြုံးပြုံးရယ်ရယ်ပြောရာက သူ့အဖော်ကိုလှည့်၍
ထောက်ခံချက်တောင်းလိုက်ရာ ကိုကောင်းစိန်က အလွယ်တကူပင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြလိုက်၏။

'ရုပ်ရှင်ကြည့်ပြီးကြတော့ ခင်ဗျားတို့ ကမ္ဘာအေးစေတီ ထံဘဲ့လမ်းထောင့်ကို ရောက်ကြသေးသလား'

ရီရီညွန့်သည် မေးလိုက်သူ တင်မောင်ဆွေအား မဖြစ်နိုင် တာမေးတတ်ရန်ကောဟူသော အမူအရာဖြင့် ကြည့်လိုက်ပြီးမှ ဖြေလိုက်သည်။

'အို… ကိုတင်မောင်ဆွေကလည်းရှင်၊ ရုပ်ရှင်က ခြော နာရီလောက်မှပြီးတာရှင့်။ ပြီးတော့ သွင်ရုံနဲ့ကမ္ဘာအေးစေတီလ ဆိုတာကလည်း အဝေးကြီးပါ။ ကျွန်မတို့ ဘယ်နှယ့်လုပ်ရောက် မှာတဲ့လဲ'

'ရုပ်ရှင်ပြီးကျတော့ ကျွန်တော်တို့ လစ်ဘာတီဟော်တ ကိုသွားပြီး ထမင်းစားကြပါတယ်'

ကိုကောင်းစိန်သည် တည်ငြိမ်သောအမူအရာဖြင့် ဝင်ဖြ ပြောလိုက်၏။ တင်မောင်ဆွေသည် ၄င်းအား ကျကျနနအကဲခ ကြည့်နေလိုက်သည်။ ၄င်းသည် အပြင်ပန်းအားဖြင့်တော့ လူရည် တစ်ယောက်ဖြစ်ကြောင်း အလွယ်တကူ သိနိုင်သည်။ သို့တစေလ လူရည်မွန်တစ်ယောက်သည်၊ အလှရုပါရုံရှင် မိန်းမတစ်ဦးအတွ မုသားမပြောဟု ဘယ်သူက ဆိုရဲမည်နည်း။

တင်မောင်ဆွေက ကိုကောင်းစိန်အား အကဲခတ်နေသည် ရီရီညွန့်က ရိပ်မိသွားဟန်တူသည်။

'ကိုကောင်းစိန်က ကက်မစ္စ (ဓာတုဗေဒပညာရှ တစ်ယောက်လေ။ သူက ပြီးတော့ အင်ဗင့်ရှင်း(အသစ်တီထွင်ဖန် ခြင်း)မှာလည်း ဝါသနာပါတယ်။ အခု သူက ဓာတ်ပုံရိုက်





သင်ကော် ပြားအသစ်တစ်မျိုးကို စမ်းသပ်တီထွင်ကြည့်နေတာရှင့်။ ဒီ ဖလင့် ကော်ပြားသာ အောင်မြင်ခဲ့ရင်တော့'

'အဲ… ဒီအကြောင်းကို အခုပြောပြဖို့ လိုမယ်မဟုတ်ပါ ူး ရီရီညွန့်'

ကိုကောင်းစိန်ဆိုသူက သူစမ်းသပ်တီထွင်နေမှု ပေါက် ကြားသွားမည်ကို မလိုလားသည့် အမူအရာဖြင့် ကပျာကရာ ရီရီ ညွန့်၏ စကားကို ဝင်ဖြတ်လိုက်ခြင်းဖြစ်သည်။

'ကျွန်မက ကိုကောင်းစိန် ဘာတွေလုပ်နေတယ်ဆိုတာ ကိုတင်မောင်ဆွေ နားလည်သွားအောင် ပြောပြမလို့ပါ။ ထားလိုက် ါတော့လေ။ ကျွန်မက ကိုကောင်းစိန်ရဲ့ ပညာစွမ်းကို ယုံကြည် ယ်ရှင့်။ အဲဒါကြောင့် ကျွန်မက သူ့အလုပ်မှာ အစုစပ်ဝင်သဘော ၊ ငွေရေးကြေးရေး အထောက်အပံ့ပေးနေပါတယ်။ ပြီးတော့ သူ့ရဲ့ ိုအပ်တဲ့ မှတ်စုရေးတာတို့ စာပေးစာယူလုပ်တာတွေကို နေ့တိုင်း နေ့လည် နှစ်နာရီက ငါးနာရီအထိ သွားကူလုပ်ပေးနေတယ်လေ'

'ဟုတ်ကဲ့ ကျွန်တော်က ကိုကောင်းစိန်ရဲ့အလုပ်ကို မစပ် ချင်ပါဘူး။ ကျွန်တော် စိတ်ဝင်စားတာက သုံးရက်နေ့ညနေက ခင်ဗျားတို့နှစ်ယောက် ဘယ်မှာရှိနေခဲ့ကြတယ်ဆိုတာပါပဲ။ ခင်ဗျား ပြောတဆိုတယ် သုံးနာရီခွဲပွဲရုပ်ရှင်ကြည့်ပြီးကျတော့ လစ်ဘာတီ ဟော် ယ်မှာဝင်ပြီး ညစာစားကြတယ်တဲ့။ အဲဒီမှာ ခင်ဗျားတို့ ဘယ် လောက်ကြာအောင် နေကြသလဲ'

'တစ်နာရီလောက်တော့ကြာမယ်။ ကျွန်တော်တို့ စကား မြည်ပြောရင်း အေးအေးဆေးဆေး စကားပြောကြတာကလား'

'ပြီးတော့ကော'



www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ကိုကောင်းစိန်က ကျွန်မကို တိုက်ခန်းလိုက်ပို့ တယ်လေ။ ကျွန်မတို့လည်း ဂျင်နဲ့သံပုရာရည်သောက်ရင်း စကား ဆက်ပြောနေကြတယ်'

'ဘယ်လောက်အထိ ကြာအောင်လဲ'

တင်မောင်ဆွေ၏မေးခွန်းကို နှစ်ယောက်စလုံးက ပြန်မဖြေ ကြဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေလိုက်သည်။ တင်မောင်ဆွေက ၎င်းတို့အားကြည့်ကာ မျက်ခုံးများကို မသိမသာတွန့် လိုက်သည်။ ထိုအခါမှ နှစ်ယောက်စလုံးကပင် တစ်ပြိုင်နက်တည်း ပြန်ဖြေလိုက်ကြ၏။

'၁၁နာရီခွဲအထိပါ'ဟု ရီရီညွန့်က အတိအကျ ပြောလိုက် သည်။ '၁၂နာရီခွဲအထိပဲ'ဟု ကိုကောင်းစိန်ကလည်း နိုင်မာစွာပင် ဆိုလိုက်သည်။

ပြီးမှ ရီရီညွန့်က ကပျာကရာ သူမ၏စကားကို ပြန်ပြင် ဆိုလိုက်သည်။

'ဟုတ်တာပေါ့ ည၁၂နာရီခွဲပါ။ ကျွန်မက အရင်အပတ်နဲ့ မှားသွားလို့ပါ။ ကိုကောင်းစိန်က တစ်ပတ်တစ်ခါ အလုပ်ကနား တယ်လေ။ ကျန်တဲ့အချိန်တွေမှာတော့ သူက ဘယ်ကိုမှမသွားမလာ သူ့အလုပ်ကိုသာ အာရုံစိုက်လုပ်တာပဲ'

'ကောင်းပြီလေ။ အခုလို တကူးတကလာပြီး ကူညီကြ တာကို ကျွန်တော်က ကျေးဇူးတင်ပါတယ်။ ပြီးတော့လည်း ကူညီ မယ့် ကူညီရင်အဆုံးအထိ ကူညီကြဖို့ကိုလည်း ကျွန်တော်က မေတ္တာ ရပ်ခံပါရစေ။ အခု ခင်ဗျားတို့ပြောပြတာတွေကို ကျွန်တော့်စက္ကရီ တေရီ ကစတိတ်မင့်သဘောနဲ့ တိုက်ပ်ရိုက် ပေးပါလိမ့်မယ်။ ရိုက်ပြီး





ရင် ခင်ဗျားတို့နှစ်ယောက်စလုံးက ဖတ်ကြည့်ကြပါ၊ ပြင်စရာရှိရင် ပြင်ကြပါ။ ခင်ဗျားတို့ သဘောကျမှ ကျွန်တော့်စက္ကရီတေရီက စတိတ်မင့်စက် အသစ်ပြန်ရိုက်ပေးပြီး ခင်ဗျားတို့က လက်မှတ်ထိုးပေး ကြပါ၊ ဘယ့်နှယ်လဲ'

'လိုအပ်လို့လားရှင့်'

'ကျွန်တော့်အတွက် လိုအပ်လို့ပါ မရီရီညွန့်၊ ဒါပေမဲ့ ကျွန်တော်က မေတ္တာရပ်ခံတာပါ။ အတင်းအကြပ်လုပ်ခိုင်းတာတော့ မဟုတ်ပါဘူးနော်…'

'ကိစ္စမရှိပါဘူးလေ။ ကျွန်တော်တို့ လက်မှတ်ထိုးပေးပါ့ မယ်။ ဘယ်လောက်ကြာမလဲခင်ဗျ'

ကိုကောင်းစိန်က သဘောတူညီလိုက်ခြင်းဖြစ်သည်။

'နာရီဝက် လေးဆယ့်ငါးမိနစ်လောက်ပဲ ကြာမှာပါ။ ကျွန်မ စတိတ်မင်ကို ပထမမူကြမ်းရေးဦးမှာ စောင့်နိုင်ကြတယ် မဟုတ် လား'

မေစီက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ နှစ်ယောက်စလုံးက ပြန်မဖြေနိုင်ခင် တင်မောင်ဆွေကပင် ဝင်ပြောလိုက်ပြန်သည်။

'သည်းခံပြီးစောင့်ကြပါခင်ဗျာ။ ဧည့်ခန်းထဲမှာ ဖတ်စရာ စာအုပ်တွေလည်း အစုံရှိပါတယ်။ အစီကလည်း ခပ်မြန်မြန်လုပ်ပေး လိုက်ပါနော်။ ကျွန်တော့်ကိုတော့ ခွင့်လွှတ်ကြပါခင်ဗျာ။ ကျွန်တော် မေ့ထားတာလေးတစ်ခုရှိနေလို့ အပြင်သွားရဦးမယ် ခင်ဗျ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၅

တင်မောင်ဆွေသည် ၁၅မိနစ်အတွင်း ဓမ္မစေတီလမ်းရှိ ဘောင်ဒရီရိပ်သာသို့ သူ့ကားကို အရောက်မောင်းကာ အဆောက်အဦးရှေ့တွင် ကားကို အသာထိုးရပ်လိုက်သည်။

ထို့နောက် ရီရီညွန့်၏တိုက်ခန်းဆီသို့ တက်လာခဲ့၏။ ပထမတော့ သူသည် လိုလိုမယ်မယ် တံခါးခေါင်းလောင်းကို သုံးကြိမ်တိတိတီးလိုက်သေးသည်။ အခန်းထဲက ဘယ်လိုမှပြန်မထူးသည့်အခါတွင်မှ မနက်က စာနှင့်အတူပါလာသော တိုက်ခန်းတံခါးသော့ကို သူ့အိတ်ထဲမှ ထုတ်ယူကာ တံခါးသော့ပေါက်ထဲသို့ ထိုးထည့်လှည့်ဖွင့်လိုက်၏။

တင်မောင်ဆွေက တိုက်ခန်းထဲသို့ လှမ်းဝင်လိုက်ကာ တံခါးကိုပြန်ပိတ်ထားလိုက်သည်။ တိုက်ခန်းကလေးမှာ ယခုတော့ သပ်သပ်ရပ်ရပ် ပြန်ဖြစ်နေပေပြီ။ စားပွဲပေါ်တွင် ဆေးလိပ်ပြာခွက်မှာ သန့်ရှင်းနေပြီဖြစ်ကာ စားပွဲအောက်မှ ပုလင်းခွံနှင့်ဖန်ခွက်များလည်း မရှိကြတော့။





တင်မောင်ဆွေသည် အဖုံးပိတ်ထားသော စားပွဲဆီသို့သွက်က်စွာ ချဉ်းကပ်လိုက်ကာ နေ့လယ်ကစာနှင့်အတူရောက်လာခဲ့ာ သော့တံတစ်ခုကိုထုတ်၍ စားပွဲအဖုံးသော့ပေါက်ထဲသို့ အသာသည့်ပြီးလှည့်လိုက်ရာ ကလစ်ဟုမြည်ပြီး သော့ပွင့်သွားသည်။

စားပွဲထဲတွင် အံဖုံးအပေါက်ကလေးတွေရှိနေကာ အပေါက်င်းတွင် အရာဝတ္ထုမျိုးစုံဖြင့် ရှုပ်ထွေးနေသည်။ ညာဘက်အစွန်အဖုံးအပေါက်ထဲတွင်ကား ချက်လက်မှတ်ပေါင်းစာအုပ်တစ် ခြောက်လုံးပြူးသေနတ်တစ်လက်နှင့် သားရေနက်ဖုံးစာအုပ်လေးတစ်အုပ် ရှိနေ၏။

တင်မောင်ဆွေက သားရေဖုံးမှတ်စုစာအုပ်ကလေးကိုက်ယူလိုက်ကာ စာထဲတွင်ပါသည့်အတိုင်း နောက်ဆုံးပိတ်တ်နှာကိုလှန်ကြည့်လိုက်၏။ ဤတွင် ကပျာကရာရေးမှတ်ထားဟူသော ကားနံပါတ်တစ်ခုကို သူက တွေ့ရသည်။ အခြားစာနှာတွင်ကား နာမည်များ နေ့စွဲများနှင့် ငွေစာရင်းဖြစ်ဟန်တူာ ဂဏန်းများကို သေသပ်စွာ ရေးထားလေသည်။

သို့ရာတွင် တင်မောင်ဆွေက ထိုစာမျက်နှာများတွင် ဘယ် စိတ်မဝင်စားနိုင်၊ သူလိုချင်သော ကားလိုင်စင်နံပါတ်ကိုသာမှတ်စုစာအုပ်ထဲတွင် ကူးယူထားလိုက်သည်။ ပြီးလျှင် ရီရီညွန့် မှတ်စုစာအုပ်ကို သူ့နေရာတွင် ပြန်ထားလိုက်ရာ ရုတ်တရက်ထဲက အလိုလိုနေရင်း လှုံ့ဆော်လာသဖြင့် ခြောက်လုံးပြူးသေကို ကောက်ယူကြည့်လိုက်မိလေသည်။

သို့ရာတွင် အကျင့်ကပါနေသည်ဖြစ်ရာ လက်ချည်းသက်ဖြင့်တော့ ကောက်ယူကြည့်ရှုခြင်းမဟုတ်။ သူ့လက်အိတ်ဖြင့်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



များ ထင်မကျန်ရစ်ရအောင် လက်ကိုင်ပုဝါဖြင့် အုပ်လျက်သာကိုင်တွယ်ခြင်းဖြစ်လေသည်။

သေနတ်မှာ စမစ်အင်ဝက်ဆင်အမျိုးအစား ပွိုင့်၃၈ကာလီဘာရှိသည့် ခြောက်လုံးပြူးသေနတ်ဖြစ်လေသည်။ သေနတ်ဒင်၏အနောင်းတွင်တော့ (S. 65088)ဟူသည့် နံပါတ်ကို ထွင်းထားလေသည်။

တင်မောင်ဆွေသည် သေနတ်နံပါတ်ကိုလည်း ကူးယူမှတ်ထားလိုက်ကာ သေနတ်ကို သူ့နေရာတွင် ပြန်ထားလိုက်၏။ ထို့နောက် စားပွဲအဖုံးကို ပြန်ပိတ်ကာ သော့ပြန်ခတ်လိုက်ပြီးလျှင် သူ ကိုင်တွယ်မိသော နေရာများတွင် လက်ကိုင်ပုဝါနှင့် လျှောက်၍ ပွတ်တိုက်ပြီး ထင်ကျန်နေမည့် သူ့လက်ဗွေပုံစံများကို ဖျက်ပစ်လိုက်ပြန်သည်။

တင်မောင်ဆွေသည် တိုက်ခန်းထဲမှ ခြေလှမ်းကြဲကြီးများနှင့် ထွက်ခဲ့ကာ သူ့ကားကို အမြန်စက်နှိုးမောင်းထွက်ခဲ့သည်။ မြို့ထဲသို့အရောက်တွင် လူထုသုံးတယ်လီဖုန်းရုံကလေးတစ်ခုအတွင်းသို့ဝင်ကာ သူ့အလုပ်တိုက်သို့ လှမ်းဆက်လိုက်သည်။ ပြန်ထူးသူကား ချစ်လှိုင်ကလေးဖြစ်နေသည်။

'ချစ်လှိုင်ရေ မင်းမမစီကို ခေါ်ပေးစမ်းကွာ'

ခေတ္တကြာလျှင် မေစီ၏ အသံကလေးက တယ်လီဖုန်းနားခွက်ထဲမှ ထွက်ပေါ်လာသည်။

'ကိုဆွေ ဘယ့်နှယ်လဲ အဆင်ပြေရဲ့လား'

'ပြေပါတယ်။ သူတို့ရှိသေးလား'

'ရှိသေးတယ် ကိုဆွေ၊ အစီတမင်တကာ အချိန်ဆွဲထား





တယ်'

'အခု မလိုတော့ဘူး အစီ၊ သူတို့ကို ပြန်လွှတ်လိုက်တော့လေကွာလား'

'အိုကေ... ကိုဆွေ'

'နေဦးအစီ၊ ဂျင်မီကိုခေါ်ပေးဦး၊ သူ့ကို ခိုင်းစရာတစ်ခုရှိတယ်'

'ခဏနော် ကိုဆွေ'

ခေတ္တကြာလျှင် ဂျင်မီက 'ဟလို... ကိုဆွေ'ဟု တစ်ဖက်မှထူးလိုက်၏။

'ဂျင်မီရေ ငါတော့ ဟိုစာထဲကပါတဲ့ ကားလိုင်စင်နံပါတ်ကို ရခဲ့ပြီဟေ့၊ အဲဒါ မော်တော်ပီကယ်ဌာနသွားပြီး ကားပိုင်ရှင်ဘယ်သူဆိုတာ စုံစမ်းပေးစမ်းကွာ'

'အိုကေ... ကိုဆွေ၊ ကားနံပါတ်က ဘယ်လောက်လဲ'

တင်မောင်ဆွေက သူမှတ်ယူလာခဲ့သော ကားနံပါတ်ကို ပြောပြလိုက်သည်။

'င ၁၉၃'

'ကောင်းပြီကိုဆွေ၊ ကျွန်တော်အခုပဲသွားပြီး စုံစမ်းလိုက်မယ်'

တင်မောင်ဆွေသည် အလုပ်တိုက်သို့ ပြန်ရောက်ပြီး တစ်နာရီခန့်အကြာတွင် ဂျင်မီစမတ်လည်း မော်တော်ပီကယ်မှပြန်ရောက်လာသည်။

'ဘယ်လိုလဲဟေ့ ဂျင်မီ'

'ကားပိုင်ရှင်က ဦးသန်းရှိန်တဲ့ကိုဆွေ၊ တာမွေလမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်' ဂျင်မီက အိမ်နံပါတ်ကိုပါပြောပြလိုက်သည်။ 'ကား[illegible] တော့ ကွန်ဆူလ်အမျိုးအစားပဲ၊ အရောင်တော့ မသိရဘူး'

တင်မောင်ဆွေသည် ဂျင်မီပြောပြသော အိမ်လိပ်စာ[illegible] မှတ်သားလိုက်ကာ ချက်ချင်းပင် သူကားနှင့် တာမွေလမ်းသို့ ထွက်[illegible] သည်။ တာမွေလမ်းကား ခြံကြီးအိမ်ကြီးများပေါ်သော လမ်းတ[illegible] လမ်းဖြစ်လေသည်။ ဂျင်မီပြောပြသော အိမ်လိပ်စာအရဆိုလျှ[illegible] ဦးသန်းရှိန်၏အိမ်မှာ ခြံကျယ်ကြီးတစ်ခုအတွင်းရှိ အုတ်ကြွတ်မိုး[illegible] ထပ်တိုက်ကြီးတစ်လုံးဖြစ်နေသည်။ တိုက်ရှေ့တွင် ညီညာစိမ်းလ[illegible] သော မြက်ခင်းပြင်ကြီးက ရှိနေကာ တိုက်ပေါ်တီကိုအောက်တွ[illegible] တော့ မော်တော်ကားတစ်စင်း ရပ်ထားလျက်ရှိ၏။ ကားမှာ ကွ[illegible] ဆူလ် အမျိုးအစားဖြစ်ကာ အနက်ရောင်ဖြစ်ပြီး ဂျင်မီပြော[illegible] လိုက်သည့် ကားနံပါတ်နှင့် တိုက်ဆိုင်နေသည်။

တင်မောင်ဆွေသည် သူ့ကားကို နောက်တွင်ကပ်ရပ်လိုက်[illegible] ကာ ကားပေါ်မှဆင်းပြီး ကွန်ဆူလ်ကားကို သေချာစွာ စစ်ဆေးကြ[illegible] ရှုမိလေသည်။ ကားသည် တော်တော်လပ်သေးသော်လည်း ထ[illegible] နောက်ပိုင်းဝဲဘက် ဘန်ပါမှာ အသစ်လဲထားကြောင်း ထင်ရှားလှ[illegible] ဝဲဘက်နောက်ပိုင်း တိုင်ယာမှာလည်း အသစ်စက်စက်လဲထား[illegible]

တင်မောင်ဆွေက ပိန်ချိုင့်နေသော ရှံ့ကာမတ်ဂတ်[illegible] သေချာစွာ စစ်ဆေးကြည့်ရှုနေစဉ် အိမ်ရှေ့တံခါးသည် ရုတ်တရ[illegible] ပွင့်လာကာ အရပ်ထောင်ထောင်မောင်းမောင်း မေးရိုးကားကား[illegible] လူတစ်ယောက်က ပေါ်လာပြီး တင်မောင်ဆွေကို မျက်မှောင်ကြု[illegible] ၍ ကြည့်လိုက်သည်။

'ဟေ့လူ ခင်ဗျား ဘာလုပ်နေတာလဲ...'

'ခင်ဗျားဟာ ဦးသန်းရှိန်လား'

'မဟုတ်ပါဘူး'

'ဦးသန်းရှိန်ကော ရှိသလား'

'နေစမ်းပါဦးလေ၊ ခင်ဗျားက ကျုပ်တို့ကားနားမှာ ဘာလုပ်[illegible]ဘာလဲ'

'ခင်ဗျားတို့ကားကို ကျုပ်က စစ်ဆေးကြည့်ရှုနေတာပဲ၊ [illegible]ဗျားက ဦးသန်းရှိန်နဲ့ ဆွေမျိုးတော်သလား'

'မတော်ပါဘူး၊ ကျုပ်က ဒီမှာ အလုပ်လုပ်တာပါ'

'ဘယ်လို အလုပ်မျိုးလဲ'

'ဒရိုင်ဘာနဲ့ ဘဏ္ဍာစိုးပဲ'

တင်မောင်ဆွေက နှုတ်ခမ်းကို မသိမသာတွန့်လိုက်ကာ [illegible]အား အင်္ကျီအိတ်ထဲမှ ဂုဏ်ထူးကဒ် ပြားကလေးတစ်ပြားကို [illegible]လူပြီး ဦးသန်းရှိန်၏ဒရိုင်ဘာနှင့် ဘဏ္ဍာစိုးဆိုသူကို လှမ်းပေး[illegible]သည်။

'ဒီလိုဆိုလည်း မင်းအလုပ်ရှင်ကို ဟောဒီကဒ်ပြား သွားပေး[illegible]မ်းပါ။ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ဒီကဒ်ရှင်က [illegible]တွေ့ချင်တယ်လို့ပြောလိုက်'

ဦးသန်းရှိန်၏ ဒရိုင်ဘာနှင့် ဘဏ္ဍာစိုးသည် တင်မောင်ဆွေ[illegible]သော ကဒ်ပြားကို ဖတ်ကြည့်လိုက်ပြီး တင်မောင်ဆွေအား [illegible]တ်စူးစိုက်၍ ကြည့် လိုက်သည်။ ပြီးမှ 'ခဏစောင့်နေဦး' ဟု [illegible]ဆတ်ဆတ်ပြောပြီး အိမ်ထဲသို့ ပြန်လှည့်ဝင်သွား၏။ ခေတ္တ[illegible]ာင် ပြန်ထွက်လာကာ တင်မောင်ဆွေအား ခေါင်းညိတ်ပြလိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



'ဝင်ခဲ့လေ… ခင်ဗျားကို သူကတွေ့မယ်တဲ့'

တင်မောင်ဆွေသည် ဒရိုင်ဘာနောက်မှ အိမ်ထဲသို့လိုက်ဝ ခဲ့သည်။ အိမ်ကြီးကားတော်တော်ပင် ကြီးကျယ်ခမ်းနားလှသည် ဒရိုင်ဘာကတံခါးဝတစ်ခုရှေ့တွင် ရပ်ကာ အထဲသို့မေးငေါ့ပြလို သည်။

'သူအထဲမှာရှိတယ်'

တင်မောင်ဆွေက အခန်းထဲသို့ လှမ်းဝင်လိုက်သော်လည် ဒရိုင်ဘာကတော့ တံခါးဝတွင်ရပ်၍ ကျန်ရစ်သည်။ အခန်းသ ပြောင်လက်သော ရာထိုးကြမ်းပြင်နှင့်တော်တော်ကျယ်ဝန်းကာ န တစ်ဖက်မှစာအုပ်ဘီရိုကြီးများဖြင့် စာကြည့်ခန်းဖြစ်ပုံရသည် ပြတင်းပေါက်တစ်ခုနားတွင်ကား အသက်၅၀ခန့်လူတစ်ယောက် သားရေဖုံးဆိုဖာကြီးတစ်ခုပေါ်တွင် ထိုင်လျက်ရှိသည်။ ၎င်းဘေး စားပွဲပုကလေးပေါ်တွင်တော့ အသင့်ရောစပ်ထားသော ဝီ ဖန်ခွက်တစ်ခွက်က ရှိနေ၏။

ထိုလူသည် တင်မောင်ဆွေအားတွေ့ရလျှင် ထိုင်ရာမှ လိုက်သည်။

'အလွတ်စုံထောက် ကိုတင်မောင်ဆွေဆိုတာ ထင်ပါရဲ့'

'ဟုတ်ပါတယ်'

'ကျုပ်ကတော့ သန်းရှိန်ပါပဲ။ တွေ့ရတာ ဝမ်းသာပါတယ် ကိုတင်မောင်ဆွေအကြောင်း ကျုပ်က တော်တော်ကြားဖူးတယ် ထိုင်ပါ… ထိုင်ပါ… တစ်ခုခုသောက်ပါဦးလား။ ကျုပ်က ဝီစကီဆော်ဒါသောက်နေပါတယ်'

ဦးသန်းရှိန်က တင်မောင်ဆွေအား ဖော်ရွေစွာ နှုတ်ဆ







သူ့ရှေ့ရှိ ကုလားထိုင်လွတ်တစ်လုံးဆီသို့ လက်ရမ်းပြလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဦးသန်းရှိန်။ ဦးရဲ့အိမ်က တော်တော် းနားတာပဲ'

'ဟုတ်တယ် ခမ်းနားပေမယ့် ကျုပ်က ဒီမှာတစ်ယောက် ည်းနေတာ။ အများအားဖြင့် ဒီအခန်းထဲမှာပဲ အနေများတယ်လေ။ … မောင်မြိုင်ကြီးရေ ဧည့်သည်ဖို့ ဝီစကီဆော်ဒါတစ်ခွက်စပ် းလိုက်ပါကွယ်'

ဦးသန်းရှိန်၏ ဒရိုင်ဘာသည် ဘီရိုတစ်ခုအတွင်းမှ ဝီစကီ င်းထုတ်ယူကာ ဖန်ခွက်တစ်ခွက်တွင် ဆော်ဒါနှင့်ရေခဲရောစပ် းလျက် တင်မောင်ဆွေအားလာပေးသည်။

'ဆေးပြင်းလိပ်သောက်ပါဦးလား'

ဦးသန်းရှိန်က သူ့ဘေးရှိ ယွန်းသေတ္တာကလေးတစ်လုံး ထိုးပေးလိုက်ပြန်သည်။

'နေပါစေ ဦးသန်းရှိန် ကျွန်တော့်စီးကရက်ပဲ သောက်ပါ စေ'

တင်မောင်ဆွေက စီးကရက်ကို မီးညှိနေစဉ် မောင်မြိုင်ကြီး သူက ၎င်းတို့ဘေးတွင်ပင် ရပ်စောင့်နေသည်ကို သတိထားလိုက် သည်။

'ကဲ… ကျွန်တော့်လာရင်းကိစ္စကို တိုတိုတုတ်တုတ်ပဲ ပြောပါရစေ ဦးသန်းရှိန်'

'ပြောပါ… ပြောပါ'

တင်မောင်ဆွေက မောင်မြိုင်ကြီးအား အဓိပ္ပာယ်ပါပါလှမ်း ကြည့်လိုက်သည်။ သို့ရာတွင် ဦးသန်းရှိန်က ဘေးတွင်ရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒရိုင်ဘာအား အခန်းထဲမှ ထွက်သွားရန် ဘယ်လိုမှပြောဆို
ဆိုနေ လို့ကြောင့် တင်မောင်ဆွေက လိုရင်းစကားကိုစလိုက်

'သုံးရက်နေ့ ညနေငါးနာရီလောက်တုန်းက ဦးသန်း
ရဲ့ကားဟာ ကမ္ဘာအေးလမ်းနဲ့ ကံဘဲ့လမ်းကွေ့မှာ တခြားကား
စင်းကို မှောက်သွားအောင် ဝင်တိုက်ခဲ့ပါတယ်။ အဲဒီတုန်းက ကား
ဘယ်သူကမောင်းခဲ့ပါသလဲ။ ဦးသန်းရှိန်ကိုယ်တိုင်လား သို့မဟုတ်
ဦးသန်းရှိန်ရဲ့ဒရိုင်ဘာလား'

ဦးသန်းရှိန်က ၄င်း၏ ခပ်ပါးပါးမျက်ခုံးများကိုပင့်
လိုက်၏။

'အလို... မောင်ရင့်ဟာက သေချာလို့ချည်လား'

'ဦးလေးကားက ဝင်တိုက်ခဲ့တယ်ဆိုတာက သိပ်
သေချာပါတယ်လေ'

'မြတ်စွာဘုရား၊ ကျုပ်အနေနဲ့ကတော့ ဘာမှမသိရပါ
လား'

'ဒီလိုဆိုရင် အဲဒီတုန်းက ဦးကားကို ဦးမောင်းခဲ့တာ
မဟုတ်ဘူးပေါ့'

ဦးသန်းရှိန်က ခေတ္တမျှတွေဆိုင်းနေပြီးနောက်မှ ပြန်ဖြေလိုက်
သည်။

'မှန်ပါတယ်။ ကျုပ်မောင်းခဲ့တာ မဟုတ်ပါဘူး'

တင်မောင်ဆွေက မောင်မြိုင်ကြီးဆိုသည့် ဒရိုင်ဘာအား
လှမ်းကြည့်လိုက်သည်။ ဤတွင် ၄င်း၏မျက်လုံးများက ဦးသန်း
ရှိန်ကို စူးစူးစိုက်စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ဦးသန်းရှိန်က စကားလုံးများကိုဂရုတစိုက် ချင့်ချိန်ရွေးချယ်





ကာ စကားဆက်လိုက်သည်။

'တကယ်တော့ ကိုတင်မောင်ဆွေ အခုလို လာပြောတာ
ကာ ကျုပ်တွေးပြီးစိုးရိမ်နေမိတဲ့အတိုင်း လာဖြစ်နေတော့တာပါပဲ
ဒါနဲ့နေပါဦး၊ မှောက်သွားတဲ့ကားက လူတွေ တော်တော်
ဒဏ်ရာရသွားကြသလား'

'တစ်ယောက်က အကြီးအကျယ်ကို ဒဏ်ရာရသွားပါ
တယ်။ ဒါနဲ့ ဦးသန်းရှိန် တွေးစိုးရိမ်နေခဲ့တယ်ဆိုတာက ဘယ်လိုလဲ'

'အဲဒီ သုံးရက်နေ့ညနေပိုင်းက ကျုပ်ကားဟာ အခိုးခံခဲ့
ရတယ်ကွယ်။ အဲဒီညဘက်ကျမှ ရဲအဖွဲ့က ကျုပ်ကားကို မြို့ထဲက
စ်နေရာမှာရပ်ထားတာ တွေ့ခဲ့ရတယ်။ ဓာတ်ဆီကလည်း တိုင်ကီ
ထဲမှာ နည်းနည်းပဲကျန်တော့တယ်။ မိုင်မီတာကိုကြည့်ပြီးတော့ ကျုပ်
ကားဟာ အခိုးခံရပြီးမှ မိုင်၃၀ကျော်မောင်းထားပြီးခဲ့တာကို တွေ့ရ
တယ်'

'အင်း... တော်တော်လျှင်တာပဲ'

'ဘာလဲ ရဲဘက်ကလျှင်တာကို ပြောတာလား'

တင်မောင်ဆွေက မည်သို့မျှပြန်မဖြေဘဲ ဦးသန်းရှိန်အား
အဓိပ္ပာယ်ပါပါစိုက်ကြည့်လျက် ပြုံးပြလိုက်ရာ ဦးသန်းရှိန်မှာ
မျက်မှောင်ကြုတ်သွားသည်။ ထိုအခါကျမှ တင်မောင်ဆွေက စကား
ပြောလိုက်သည်။

'ကျွန်တော်က ကားမှောက်သွားခဲ့ရတဲ့ မောင်မြင့်ရှိန်ကို
ကိုယ်စားပြုပြီး လာခဲ့တာပဲ ဦးသန်းရှိန်။ မှောက်သွားတဲ့ကားကို
သူကမောင်းလာတာပဲ။ သူနဲ့အတူ သူ့အမေလည်းပါတယ်။ သူ့အမေ
က ခါးရိုးကျိုးသွားပြီး အခုထက်ထိဆေးရုံမှာ အတွင်းလူနာအဖြစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူနေရတာသ်'

'ဟွတ်··· ကျွတ်··· တော်တော်ဆိုးတာပဲနော်။ အင်
ချွတ်ထလည်း ကျုပ်ရှေ့နေနဲ့တိုင်ပင်ဦးမှပဲ။ ကျုပ်နားလည်
ထောတ်ဆိုရင် ကျုပ်ကားကို ကျုပ်ခွင့်ပြုချက်အရ သူများက မောင်
ရင်းနဲ့ကားတိုက်မှုဖြစ်ရင် ကျုပ်ကို တရားဥပဒေအရ လျော်ကြေ
ငွေတောင်းခွင့်ရှိပါတယ်။ ဒါပေမဲ့ ကျုပ်ကားကို သူများက ခိုးသွား
ကားတိုက်မှုဖြစ်ရင်···'

ဦးသန်းရှိန်က စကားကိုမဆက်သော်လည်း သူဘာ
မတတ်နိုင်ဟူသော အမူအရာဖြင့် လက်နှစ်ဖက်ကို ဖြန့်ပြလိုက်သည်

'ဒီမှာ ဦးသန်းရှိန် ကျွန်တော် ရှင်းရှင်းပဲပြောပါရစေ
ကားတိုက်မှုဖြင့် မောင်းထွက်ပြေးပြီးမှ အဲဒီတုန်းက ကားအခိုးခံ
ပါတယ်ဆိုတဲ့ ဆင်ခြေဟာ သိပ်ကို ရိုးနေပါပြီဗျာ'

မောင်မြိုင်ကြီးက မျက်မှောင်ကြုတ်ကာ ရှေ့သို့တစ်လှမ်
တိုးလာသည်။ သို့ရာတွင် ဦးသန်းရှိန်က လက်ကာပြလိုက်သည်

'ဒီမှာ ကိုတင်မောင်ဆွေ၊ ခင်ဗျားက ကျုပ်ညာတယ်လို့
စွပ်စွဲချင်တာလား။ ခင်ဗျားသက်သေအထောက်အထားလည်း မရှိဘဲ
ကျုပ်ကိုအရမ်းမစွပ်စွဲပါနဲ့နော်။ အသရေဖျက်မှုနဲ့အကြေးဝင် သွားလိမ့်
မယ်'

'ကောင်းပြီ ခင်ဗျားကို ကျွန်တော်နည်းနည်းမေးပါရစေ
ခင်ဗျားကားက သုံးရက်နေ့ဘယ်အချိန်တုန်းက အခိုးခံခဲ့ရတာလဲ'

'ညနေ သုံးနာရီလောက်မှာပဲ'

'အခိုးခံရတယ်လို့ ဘယ်တော့တိုင်ချက်ပေးသလဲ'

'ညနေ၇နာရီမှာပါ။ အဲဒီတော့မှ ကျုပ်ကားပျောက်နေ





ကြောင်းသိရတာကိုး။ ကျုပ်က ကားကိုကျုပ်တို့ကလပ်အသင်းတိုက်
ရှေ့မှာ ရပ်ထားခဲ့တာဗျ။ ကျုပ် ၇နာရီလောက်မှ ကလပ်က
ထွက်လာတော့ ကားမရှိတော့တာ တွေ့ရတာပဲ'

'ဒါနဲ့ခင်ဗျားက ချက်ချင်းဘဲ ရဲတိုင်တော့တာပေါ့'

'ဟုတ်တယ်လေ။ ကျုပ်ကလပ်ကို ပြန်တက်ပြီး တယ်လီ
ဖုန်းနဲ့ချက်ချင်းပဲ ပန်းဘဲတန်းဌာနကို တိုင်လိုက်ပါတယ်'

'ဦးကားနဲ့အတိုက်ခံလိုက်ရတဲ့ကားက မောင်မြင့်ရှိန်ကလေး
ဘာ ကျောင်းသားတစ်ယောက်ပဲ။ သူရသွားတဲ့ဒဏ်ရာကြောင့် သူ
ဘာ ပညာတောင်ဆက်သင်နိုင်တော့မှာ မဟုတ်ဘူး'

ဦးသန်းရှိန်က တင်မောင်ဆွေအားမျက်မှောင်ကြုတ်၍
ကြည့်လိုက်သည်။

'အဲဒါ ကျုပ်နဲ့ဘာဆိုင်သလဲကွယ်။ ကျုပ်ကားဟာ အဲဒီ
တုန်းကအခိုးခံထားရပါတယ်လို့ ကျုပ်ပြောပြီးပြီမဟုတ်လား'

တင်မောင်ဆွေသည် ဦးသန်းရှိန်အား နှုတ်ခမ်းများတွန့်
လျက် ပြန်ကြည့်လိုက်သည်။

'ခင်ဗျားခုနက ပြောသလိုပဲ ဦးသန်းရှိန်။ ခင်ဗျားညာတယ်
လို့တော့ ကျွန်တော်က အရမ်းမစွပ်စွဲပါဘူး။ ဒါပေမဲ့ ခင်ဗျားစကား
မှန်တယ်မမှန်ဘူးဆိုတာကိုတော့ ကျွန်တော်ကလိုက်ပြီး ချက်ကင်လုပ်
ကြည့်ရဦးမှာပဲ'

'မောင်ရင်က ကျုပ်ကို သံသယဖြစ်စရာမလိုပါဘူး။ ပြီး
တော့ ကျုပ်ဟာလည်း တာဝန်သိတတ်တဲ့ လူကြီးလူကောင်းတစ်
ယောက်ပါ။ နောက်ပြီး ကျုပ်ကားကိုလည်း အာမခံအပြည့်လုပ်ထား
တာပဲ။ တကယ်လို့ ကျုပ်မှာ ဒီကားတိုက်မှုကိစ္စနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှော်ကြေးပေးရမယ့် တာဝန်ရှိတယ်ဆိုရင် ကျုပ်အာမခံက ကြည့်လုပ်ပါလိမ့်မယ်'

'ခင်ဗျားမှာ လျှော်ကြေးပေးဖို့ တာဝန်ရှိတယ် မရှိတယ်ဆိုတာကို နောက်တော့ ကြည့်ဆုံးဖြတ်ရမှာပေါ့လေ။ ဒါနဲ့ ဦးသန်းရှိန် အဲဒီနေ့က ခင်ဗျားရှိနေခဲ့တယ်ဆိုတဲ့ ကလပ်အသင်းတိုက်က ဘယ်ဟာလဲ'

'ပန်းဆိုးတန်းက စီးပွားရေးကလပ်လေ'

'ကဲ… ကျွန်တော့်ကို ခွင့်ပြုပါဦး။ ဝီစကီတိုက်တာလည်း ကျေးဇူးတင်ပါတယ်'

တင်မောင်ဆွေသည် မိမိတစ်ကျိုက်မှမသောက်ဘဲ လက်ထဲတွင်သာ ကိုင်ထားခဲ့သည့် ဝီစကီဖန်ခွက်ကို စားပွဲပေါ်တွင်ပြန်ချလိုက်ကာ ထိုင်ရာမှထပြီး တံခါးဝဆီသို့ခြေလှမ်းလိုက်သည်။ ဦးသန်းရှိန်ကလည်း ထိုင်ရာမှထလျက် တစ်စုံတစ်ခုပြောမည်လုပ်ပြီးမှ မပြောတော့ဘဲ ပြန်၍ ထိုင်ချလိုက်သည်။

မောင်မြိုင်ကြီးက တင်မောင်ဆွေအား အိမ်တံခါးမကြီးအထိ လိုက်ပို့ပေးပြီး တံခါးကို ဂျိုင်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်လေ၏။

❖ ❖ ❖

# အခန်း - ၆

တင်မောင်ဆွေက သူ့အလုပ်တိုက်သို့ချက်ချင်းပြန်ခဲ့ရာ အောက်ထပ်တွင် ဂျင်မီစမတ်နှင့် အဆင်သင့်တွေ့ရသဖြင့် အကျိုးအကြောင်းကို ပြောပြလိုက်ရာ ဂျင်မီမှာ တော်တော် စိတ်အားထက်သန်ဖြစ်၍လာသည်။

'ဟာ… ကိုဆွေ ဟန်ကျတာပေါ့။ သူဘာပဲပြောပြော တိုက်သွားတဲ့ကားကတော့ သူ့ကားပဲဆိုတာတော့ ငြင်းလို့မရပါဘူး'

'အေး… ဒါပေမဲ့ အဲဒီအချိန်က သူ့ကားကို လူခိုးသွားပါတယ်ဆိုတဲ့ ဆင်ခြေနဲ့သူက တာဝန်မယူရအောင် ကြိုးစားနေတယ်။ ငါတော့ တယ်မထင်ပါဘူး။ ဒီတော့ တို့က သူ့စကားကို ကျကျနန ချက်ကင်လုပ်ဖို့ အရေးကြီးသကွ။ သုံးရက်နေ့မွန်းလွဲပိုင်းကစပြီး ဒီဦးသန်းရှိန်ဟာ ဘယ်မှာရှိလို့ ဘယ်ကိုသွားပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာကို အသေးစိတ်ပြန်ပြီး ချက်ကင်လုပ်ကြည့်ရမယ်။ သူဟာ သူပြောတဲ့အတိုင်း အဲဒီနေ့က စီးပွားရေးကလပ်ကိုတော့ ရောက်ခဲ့မှာပါပဲ။ သူအဲဒီကလပ်မှာ ဘယ်လောက်ကြာအောင်ရှိနေခဲ့ပြီး အရက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်သောက်ခဲ့တယ်ဆိုတာကို ငါအတိအကျသိချင်တယ်။ ပြီးတော့ ကလပ်မှာ သူ ညနေပိုင်းတချိန်လုံး တဆက်တည်းရှိမရှိ ဆိုတာကိုကော ငါသိချင်တယ်။ ပြီးတော့ ကားအခိုးခံရတယ်ဆိုတာနဲ့ ပတ်သက်လို့ သူပြောသမျှတွေကို ချက်ကင်လုပ်ကြည့်ရမယ်။ ဒီတာဝန်ကို မင်းကယူပြီး မင်းခိုင်းချင်တဲ့လူကို ခေါ်ခိုင်းကွာ'

'အိုကေ... ကိုဆွေ၊ ကိုဆွေသိချင်တာတွေကို ၂၄နာရီအတွင်းသိရအောင် ကျွန်တော် စုံစမ်းပေးပါ့မယ်'

'ဦးသန်းရှိန်ရဲ့ ဘက်ခရောင်းကိုလည်း ငါသိချင်သေးတယ် ဂျင်မီ။ သူက တိုက်ကြီးတစ်တိုက်လုံးမှာ မောင်မြိုင်ကြီးဆိုတဲ့ ဒရိုင်ဘာတပည့်တစ်ယောက်ကိုသာ အဖော်ပြုပြီးနေနေတာကွ'

'ကိုဆွေ သိချင်သမျှ အကုန်လုံးသိရစေမယ်လေ။ ဒါနဲ့ ကိုဆွေ၊ ရီရီညွန့်ဆိုတဲ့ ကိုဆွေ့အမျိုးသမီးက ဆုငွေတစ်ရာထုတ်ယူဖို့ သူ့ သူငယ်ချင်းမလေးတစ်ယောက်ကို လွှတ်လိုက်တယ်။ ခုနလေးတင် က ရောက်လာတယ်။ သူကိုယ်တိုင်လာထုတ်ယူဖို့ ခက်နေတာနဲ့ တစ်ဖက်လှည့်နဲ့ သူ့သူငယ်ချင်းမလေးတစ်ယောက်ကို လွှတ်လိုက် တာဖြစ်မှာပဲ'

'ဟုတ်လား၊ အဲဒီအမျိုးသမီးက ဘယ်သူတဲ့လဲ'

'မာရီတင့်လို့ဆိုတာပဲ။ တော်တော် နိုပ်တယ်ကိုဆွေရ။ အခု ကိုဆွေ့ရုံးခန်းထဲမှာ စောင့်နေလေရဲ့။ ဝေါမကလည်း မူရာမာယာအများသား၊ ရီရီညွန့်ကို သူ သိတောင်မသိပါဘူးလုပ်နေတယ်။ သူက ကိုဆွေထုတ်ထားတဲ့ ဆုငွေတစ်ရာကို လာထုတ်တာပါလို့သာ ပြော တယ်'

'အေး... ငါအခု သွားတွေ့လိုက်ပါ့မယ်။ မင်းလည်း





ငါပေးတဲ့တာဝန်ကို အခုပဲ စလုပ်တော့ကွာ။ ချစ်လှိုင်ကလေးကိုပါ ခေါ်သွား။ ပြီးတော့ တခြားလူတွေကိုလည်း ခေါ်သုံးပေါ့။ လူဖြန့်စုံစမ်းလိုက်ရင် မကြာခင် တို့သိချင်တာတွေ သိရမှာပါကွာ'

ဂျင်မီနှင့်ခွဲခွာခဲ့ပြီးနောက် တင်မောင်ဆွေသည် မာရီတင့်ဆိုသော အမျိုးသမီးနှင့်တွေ့ဆုံရန် သူ့အလုပ်တိုက်သို့ တက်ခဲ့၏။ ခမစီက သူ့အားတံခါးဝနားမှဆီး၍ ကြိုဆိုသည်။

'ရီရီညွန့်လွှတ်လိုက်တဲ့ သူငယ်ချင်းမဆိုတာ ရောက်နေတယ်ဆိုအစီ'

'ကိုဆွေ ပရိုက်ဗိတ် အော့ဖစ်ထဲမှာ ရှိပါတယ်။ ဒါပေမဲ့ ကိုဆွေ၊ သူပြောတာကတော့ တစ်မျိုးကြီးပဲ'

မစီက စိတ်ရှုပ်နေသည့်အမူအရာကလေးဖြင့် ပြန်ဖြေလိုက်၏။

'ဘယ်လိုတစ်မျိုးကြီးလဲ အစီရယ်'

'ရီရီညွန့်ဆိုတာကို သူကြားတောင် မကြားဘူးပါတဲ့။ သတင်းစာထဲမှာ ကြော်ငြာတွေ့လို့ သူလာခဲ့တာပါတဲ့။ အဲဒါ သူသိတာကို ပြောပြပြီး ဆုငွေထုတ်ယူဖို့တဲ့'

တင်မောင်ဆွေက မျက်မှောင်ကြုတ်လိုက်ပြီးမှ ပခုံးများကို တွန့်လိုက်သည်။

'ကောင်းပြီလေ၊ သူ့ကို ကိုဆွေ တွေ့ပါ့မယ်'

တင်မောင်ဆွေက ပြောပြောဆိုဆို မစီနှင့်အတူ သူ့သီးသန့်ရုံးခန်းထဲသို့ လှမ်းဝင်လိုက်သည်။ သူ၏စားပွဲရှေ့တွင် ထိုင်စောင့်နေသော အမျိုးသမီးကမော့ကြည့်လိုက်၏။

သူမကား အသက်အစိတ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ဖြိုးတောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်ရှိကာ မျက်နှာကိုလည်း ထူထပ်စွာ မိတ်ကပ်လိမ်းခြယ်ထားသည်။ အဝတ်အစားတွေကလည်း တော် တော်ခေတ်ဆန်လှသည်။ တင်မောင်ဆွေက သူမအား အကဲခတ် ကြည့်ကာ အလယ်အလတ်တန်းစားထဲက ဖြစ်ရမည်ဟု ဆုံးဖြတ် လိုက်၏။ ရိုးရိုးညွန့်နှင့်တော့ တခြားစီဖြစ်နေသည်။

'တင်မောင်ဆွေဆိုတာ ရှင်ပဲလား'

တင်မောင်ဆွေက သူ့စားပွဲနောက်တွင် ဝင်ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက်ပင် စတင်၍ မေးခွန်းထုတ်လိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျားဆုငွေတစ်ရာ လာထုတ်တယ်ဆို ဟုတ်လား'

'ဟုတ်တယ်လေ'

'ခင်ဗျားကို ကျွန်တော် နည်းနည်းတော့ မေးပါရစေဗျာ။ ကားနံပါတ်ကို ရေးထားတဲ့အကြောင်း ခင်ဗျားက ဘယ်လိုနည်းနဲ့ ဒါလောက်အသေးစိတ် သိခဲ့ရတာလဲ'

'အို... သိတာပေါ့ရှင်၊ ကျွန်မကိုယ်တိုင်ရေးခဲ့တာပဲ ဥစ္စာ'

တင်မောင်ဆွေက မျက်ခုံးများကို မသိမသာ ပင့်တင်လိုက်မိသည်။

'ဟုတ်လား အင်း... ခင်ဗျားကိုယ်တိုင် ရေးမှတ်ပြီးတော့ ခင်ဗျားစာအုပ်ကို စားပွဲထဲမှာထည့်ပြီး သော့ခတ်သိမ်းထားလိုက်တယ်ပေါ့'

'ဘယ်ကလာ စားပွဲထဲမှာ သိမ်းရမှာလဲရှင်။ ကျွန်မ လက်ပွေ့အိတ်ထဲမှာ ထည့်ထားလိုက်တာပေါ့။ ကဲ... ကဲ ဆုငွေတစ်ရာကို ဘယ်တော့ထုတ်ရမှာလဲ။ ရှင့်အနေနဲ့ ကားလိုင်စင်





နံပါတ်တစ်ခုလာပေးတဲ့ မိန်းကလေးတိုင်းကို ချက်ချင်းဆုငွေထုတ်ပေးနိုင်းမှာမဟုတ်ဘူးဆိုတာကိုတော့ ကျွန်မက နားလည်ပါတယ်။ ကျွန်မ အခုပေးမယ့် နံပါတ်ဟာ အစစ်အမှန် ဟုတ်၊ မဟုတ်ဆိုတာကိုတော့ ရှင်က လျှောက်စစ်ဆေးကြည့်ဦးမှာ မဟုတ်လား'

'ခင်ဗျားအခုပေးမယ့် နံပါတ် ဟုတ်လား'

တင်မောင်ဆွေက မျက်မှောင်ကြုတ်လျက် မေးလိုက်ရာက မေစီအားလှမ်းကြည့်လိုက်သည်။ မေစီကလည်း ကျွန်မပြောသားဟူသောအမူအရာဖြင့် သူ့အား ပြန်ကြည့်လိုက်၏။

'ဟုတ်တယ်လေ။ ရှင်ပဲ ကားနံပါတ်လိုချင်တယ်ဆိုပြီး ကြော်ငြာထားတာ မဟုတ်လား။ ကဲ... ပြောနေကြာပါတယ်လေ နော့... ရော့'

အမျိုးသမီးသည် ပြောပြောဆိုဆို သူမ၏ပလတ်စတစ်လက်ပွေ့အိတ်ကြီးကို ဖွင့်လိုက်ကာ အထဲတွင်ရှာဖွေပြီးနောက် စက္ကူဖြတ်ကလေးတစ်ရွက်ကို ထုတ်ယူပြီး တင်မောင်ဆွေအားလှမ်းပေးလိုက်သည်။

တင်မောင်ဆွေသည် စက္ကူပေါ်တွင် ရေးထားသောနံပါတ်ကိုတွေ့ရလျှင် မျက်မှောင်ကြုတ်ပြီး အမျိုးသမီးအား ပြန်မော့ကြည့်လိုက်၏။

'ဝမ်းသာပါတယ် မာရီတင့်၊ ဒီနံပါတ် မဟုတ်ပါဘူး'

'အလို... ဒီနံပါတ် မဟုတ်ပါဘူးလို့ ရှင်ဘယ်လိုပြောနိုင်သလဲ'

မာရီတင့်ကလည်း မျက်မှောင်ကြုတ်လိုက်ပြီး ခပ်ခဲခဲကြီး ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လိုချင်တဲ့ ကားနံပါတ်ကို ရထားပြီးလို့ပါဝဲ မာရီတင့်။ အဲဒီနံပါတ်ကိုရပြီး ကားကိုပါကျွန်တော် သွားစစ်ကြည့်ပြီးပါပြီ။ ကားပိုင်ရှင်နဲ့တောင် စကားပြောခဲ့ရသေးတယ်။ ဒီတော့ ခင်ဗျားအခုပေးတဲ့ ကားနံပါတ်ဟာ ကျွန်တော်လိုချင်တဲ့ ကားနံပါတ် မဟုတ်နိုင်ပါဘူး'

'အို… ဟုတ်ပါတယ်ရှင့်။ ကျွန်မ အခုပေးတဲ့ ကားနံပါတ်ကသာ ရှင်တို့ကြော်ငြာတဲ့ ကားနံပါတ်ပါ။ ဘာလဲ ရှင်တို့က ဆုငွေ ထုတ်မပေးချင်လို့လား'

မာရီတင့်က သေချာစိတ်ချသော အမူအရာဖြင့် ပြန်ပြော လိုက်သည်။

'နေပါဦးလေ၊ ခင်ဗျားက ဒီကားနံပါတ်ကို ဘယ်လိုရလာ တာလဲ'

'ကျွန်မက အဲဒီနေ့က ကျွန်မ မိတ်ဆွေယောကျ်ားတစ် ယောက်နဲ့ အဲဒီနားက တရုတ်ဟော်တယ်မှာ စားသောက်ပြီး သူ့ကား နဲ့ပြန်လာကြတာရှင့်။ အဲဒါ ကံဘဲ့လမ်းထောင့်နားကျတော့ ကား ဘီးကပေါက်သွားပါရော။ ဒါနဲ့ ကျွန်မအဖော်ကို အဲလေ… သူက ကားပေါ်ကဆင်းပြီး တိုင်ယာလဲတယ်။ ကျွန်မကလည်း သူ့ဘေးက ရပ်ကြည့်နေတယ်။ အဲဒီလိုနေရင်း ရန်ကုန်ဘက်က မောင်းလာတဲ့ ဆီဒင်ကားနက်ကြီးတစ်စင်းက ကံဘဲ့လမ်းထဲကို အရှိန်နဲ့ချိုးဝင်လိုက် တယ်။ ပြီးတော့ သူ့အရင်လမ်းထဲကို ချိုးဝင်နေတဲ့ အော်စတင်ကား ကလေးကို အတင်းကျော်တက်တာမှာ သူ့ကားနောက်မြီးက အော် စတင်ကားကလေးရဲ့ ဦးပိုင်းကို အရှိန်နဲ့ခတ်မိသွားတယ်ရှင့်။ အော် စတင်ကားကလေးကလည်း မထိန်းနိုင်တော့ဘဲ လမ်းဘေးထိုး





…တ်မီးတိုင်နဲ့ ရိုက်မိပြီး မှောက်သွားတော့တာပဲ။ အဲဒီ ဆီဒင်ကား …ကြီးက အရှိန်သတ်ပြီး ရပ်မလိုလုပ်နေပြီးမှ မရပ်တော့ဘဲ မောင်း …ခါတည်း မောင်းပြေးသွားတော့တာပဲ။ ကျွန်မကလည်း ဒီကား …လှချေလားဆိုပြီး ကြည့်နေမိတော့ ကားကြီးလည်း တရှိန်ထိုး …င်းပြေးရော ကျွန်မက ကားနံပါတ်ကို မှတ်ထားလိုက်တာပဲ'

'နို့… ဒီကားနံပါတ်ကို ဘာဖြစ်လို့ ပုလိပ်ဘက်ကို ခင်ဗျား …တုန်းက မအပ်ခဲ့တာလဲ'

'ကျွန်မနဲ့ပါလာတဲ့ အဖော်ယောကျ်ားကြောင့်ပေါ့။ သူက …တိုက်တာကိုလည်းတွေ့ရော မဖြစ်ဘူးလစ်မှပဲ တော်ကြာ သက် …ပါနေဦးမယ်ဆိုပြီး ကားမောင်းထွက်ခဲ့တော့တာကိုး၊ သူက မိန်းမ …ရှင့်။ အဲဒီနေ့ညနေက သူက ကျွန်မနဲ့ချိန်းတွေ့ပြီး အတူတူ …ကြတာကို သူ့မိန်းမ မသိစေချင်ဘူးလေ'

တင်မောင်ဆွေမှာ အစဉ်းစားရ တော်တော်ခက်သွားတော့ …။ ဒီမိန်းမပြောသည်ကို လုံးဝလက်မခံဘဲနေ၍ကားဖြစ်မည် …တ်။ ဘာပဲဖြစ်ဖြစ် သူမဆီကရသော ကားနံပါတ်ကို ချက်ကင် …ကြည့်ဖို့ တာဝန်ကတော့ ရှိနေသေးပေသည်။

တင်မောင်ဆွေသည်ဖုန်းကို ကောက်ကိုင်လိုက်ကာ မော် …ဘဉ်ထိန်းရဲဌာနရုံးသို့ ဆက်လိုက်ပြီး ထိုရုံးမှ သူ့မိတ်ဆွေ …ကြပ်ကြီးတစ်ယောက်၏အမည်ကို တောင်းလိုက်သည်။ ထိုလူ …န်းကို ပြန်ထူးလျှင် တင်မောင်ဆွေက ကားနံပါတ်ကိုပြောပြ …ကားပိုင်ရှင်နှင့်လိပ်စာကို ရှာဖွေပေးပါရန် မေတ္တာရပ်ခံလိုက် …။ တစ်ဖက်မှလည်း သူစုံစမ်းပြီး ဖုန်းပြန်ဆက်ပါမည်ဟု …ကြောင်းကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေသည် ဖုန်းကိုပြန်ချလိုက်ကာ မာရီတင့်အ ကြည့်လိုက်သည်။

'အေးဗျာ အခုဟာက အခြေအနေတွေရှုပ်ထွေးလာ ကျွန်တော်ကတော့ ကျွန်တော်တို့လိုချင်တဲ့ကားကို တွေ့ထားပြီး ယုံကြည်နေမိတာဗျ'

'ရှင့်ကို ကျွန်မ ရှင်းရှင်းပဲမေးမယ်။ ရှင့်ဆီမှာ ဘာ နံပါတ်ပဲ ရထားရထား အခုကျွန်မပေးတဲ့ ကားနံပါတ်ဟာသာ ရှင် ချင်တဲ့ ကားနံပါတ်အစစ်ပဲ။ ဒီတော့ ဒီကားနံပါတ်ကို ရှင်လို သလား မလိုချင်ဘူးလား'

'ခင်ဗျားက ဘာဆိုလိုတာလဲ'

'တိုက်ပြီးမောင်းပြေးသွားတဲ့ ကားနက်ကြီးက လူ လည်း ရှင့်ကြော်ငြာကိုတွေ့ပြီးနေမှာပဲ။ ဒီတော့ သူဟာ တော် ကို ကြောက်နေမှာမဟုတ်လား။ ကျွန်မက သူ့ဆီသွားပြီး ရှင့် နံပါတ်ကို ကျွန်မမှတ်ထားတယ်။ အဲဒါ တစ်ဖက်ကို ကျွန်မ မပေးစေချင်ရင် ရှင်ကျွန်မကို ငွေဘယ်လောက်ဘယ်လောက် မယ်လို့ တောင်းရင် ရှင့်ဆုငွေတစ်ရာထက်တော့ ပိုမှာပဲရှင့်'

မာရီတင့်ကား တော်တော်ကိုအရေလည်အပါးဝနေ အမျိုးသမီးတစ်ယောက်ပေတည်း။ သူမအား ဘယ်သူကမှ သူ နှပ်စားလုပ်၍ ရမည်မဟုတ်ဟူသော အမူအရာမျိုးနှင့် စကားအ တွင် တင်မောင်ဆွေအား ကြည့်လိုက်သည်။

'ဒီလိုဆိုလဲ အဲသလို ဘာဖြစ်လို့မလုပ်သလဲ'

'မတရားခြိမ်းခြောက် ငွေညှစ်ရာကျတာပေါ့။ ကျွန် ဒီလိုလုပ်မယ့်အစား ရှင့်ဆီက တရားဝင်ကြော်ငြာထားတဲ့ ဆု





လိုချင်တယ်'

'ဒီလိုလုပ်ပါလား မာရီတင့်၊ အခု မာရီတင့်ပေးတဲ့ ကားနံ ကို ကျွန်တော် အပြည့်အစုံ စုံစမ်းစစ်ဆေးကြည့်ပါ့မယ်။ ယ်လို့ ဒီနံပါတ်နဲ့ကားဟာ သုံးရက်နေ့ညက အော်စတင်ကား တိုက်မိပြီးမောင်းပြေးတဲ့ ကားဖြစ်တာသေချာရင် ကျွန်တော်တို့ ကြော်ငြာထားတဲ့အတိုင်း ဆုငွေတစ်ရာကို ချက်ချင်းထုတ်ပေးပါ့ ကျေနပ်ရဲ့လား'

မာရီတင့်သည် တင်မောင်ဆွေအား တစ်ချက်စူးစိုက်ကြည့် ပြီးမှ ခေါင်းညိတ်သည်။

'ကောင်းပြီလေ၊ ရှင်တို့အနေနဲ့ စုံစမ်းစစ်ဆေးမှုတွေ လုပ်ရ ယ်ဆိုတာကို ကျွန်မ နားလည်ပါတယ်'

'ခင်ဗျားရဲ့နေရပ်လိပ်စာကို ပေးထားခဲ့ပါ မာရီတင့်။ စုံစမ်း ဆေးမှုပြီးတာနဲ့တစ်ပြိုင်နက် ကျွန်တော် ခင်ဗျားနဲ့ဆက်သွယ် မယ်'

မာရီတင့်က ချက်ချင်းပင် ခေါင်းခါပြလိုက်သည်။

'ရှင်က ကျွန်မကို ဆက်သွယ်ဖို့မလိုပါဘူး။ ကျွန်မက တို့ နောက်တစ်ခါထပ်ပြီး ဆက်သွယ်ပါ့မယ်။ ပြီးတော့ ဒီကိစ္စ ကျွန်မကို သက်သေတွေ ဘာတွေခေါ်မနေနဲ့နော်။ ရှင်တို့ကို မှတ်ထားတဲ့ကားနံပါတ်သာပေးတာ၊ ရုံးတွေဘာတွေလိုက်ပြီး သေခံရဖို့တော့ မဖြစ်နိုင်ဘူးနော်'

'သက်သေခံရဖို့ လိုမယ်မထင်ပါဘူး။ ကဲ… ခင်ဗျားက တော့်ကို ဘယ်တော့လာဆက်သွယ်မှာလဲ…'

'မနက်ဖြန်မွန်းမတည့်မီမှာပေါ့။ အဲဒီအခါကျတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ဘားနံပါတ် ဟုတ်မဟုတ် ရှင်တို့သိလောက်ပါပြီ။ ကဲ...
**ဆွေ့ကို ပြောမယ်**'

**မာရီတင့်**သည် ခေါင်းတစ်ချက်ညိတ်၍ နှုတ်ဆက်လိုက်...
**ထိုင်ရာမှ**ထလျက် အခန်းထဲမှ အကြော့သားထွက်သွားလေတော့
**သည်**။

တင်မောင်ဆွေသည် စိတ်ထဲတွင် ဝေခွဲ၍မရသော အ...
အရာဖြင့် တံခါးဝဆီသို့ ငေးကျန်ရစ်သည်။ ပြီးမှ ခေါင်းတစ်ချ...
ကုတ်လိုက်ကာ မေစီထံသို့ လှမ်းကြည့်ပြီး ပခုံးများကိုတွန့်ပြလိုက်...
မိလေသည်။

'အင်း... ဒီကိစ္စက တော်တော်ရှုပ်လာပြီ အစီ။ ဒီမာ...
တင့်ဟာ ရီရီညွှန့်နဲ့ ဘယ်လိုမှ ပတ်သက်ဟန်မတူဘူး'

'ဦးသန်းရှိန်ဆိုတဲ့ လူကများကိုဆွေ့ကို ခေါင်းရှုပ်ရ...အော...
ဒီမိန်းမကို တစ်ဖက်လှည့်နဲ့ လွှတ်လိုက်တာများလား ကိုဆွေ'

မေစီက စဉ်းစဉ်းစားစားအမူအရာကလေးဖြင့် ပြောလိုက်...
ရာ တင်မောင်ဆွေက ခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်တာပဲ ဒါပေမဲ့ သူလာပေးသွားတဲ့နံပါတ် ကား...
ပိုင်ရှင်ဟာ ဘယ်သူဖြစ်တယ်ဆိုတာကိုကော ကိုဆွေ့မှာ လိုက်စုံစမ်း...
ဖို့ တာဝန်ရှိနေတယ်။ ဦးသန်းရှိန်ကိုတော့ ဂျင်မီနဲ့ ချစ်လှိုင်ကလေး...
က သေသေချာချာ လိုက်စုံစမ်းနေပြီလေ'

ခေတ္တကြာလျှင် တယ်လီဖုန်း ခေါင်းလောင်းကမြည်လာ...
သည်။ မော်တော်ယာဉ်ထိန်းရဲဌာနရုံးမှ သူ့မိတ်ဆွေ ရဲတပ်ကြပ်ကြီး...
က ဆက်လိုက်ခြင်းဖြစ်သည်။

'ကိုဆွေ သိချင်တဲ့ ကားနံပါတ်ကားပိုင်ရှင်ဟာ ကိုကား...





...။ တောင်ဥက္ကလာ ရေပ်ကွက်ထဲမှာနေတယ်။ သူ့လိပ်စာ
...ပြည့်အစုံကတော့'

တင်မောင်ဆွေသည် ရဲကြပ်ကြီးပြောပြသော ကားပိုင်ရှင်
...ဘာဝီ၏ လိပ်စာအပြည့်အစုံကို သူ့မှတ်စုစာအုပ်ကလေးတွင်
...ယူရေးမှတ်ထားလိုက်လေသည်။

'ကျေးဇူးပဲ ကိုလှစိန် မကြာခင် ခင်ဗျားကို ကျွန်တော်
...ပြီး ပြုစုပါဦးမယ်ဗျာ'

'ဟဲ... ဟဲ... မလိုပါဘူးဗျာ စကော့ချ ဝီစကီဗျနော်
...... ဟဲ နောက်အကူအညီလိုရင်လည်း ပြောပါဗျာ'

တင်မောင်ဆွေသည် ဖုန်းကို ပြန်ချလိုက်ပြီးလျှင် ချိတ်တွင်
...ိတ်ထားရှိသော သူ့ဂျာကင် အင်္ကျီကို ကောက်စွပ်လိုက်သည်။

'ကဲ... အစီရေ၊ မာရီတင့်ပြောတဲ့ ကားရဲ့ပိုင်ရှင်ကို သိရ
...။ ကိုဆွေတို့ အဲဒီလူဆီကို လိုက်သွားရအောင် အစီပါ လိုက်ခဲ့
...ဦး'

မေစီကလည်း သွက်လက်စွာပင် သူမ၏ လက်ပွေ့အိတ်
...သို့ ခဲတံတစ်ချောင်းနှင့် မှတ်စုစာအုပ်ထည့်ကာ ထိုင်ရာမှထလိုက်
...သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၇

တင်မောင်ဆွေက သူ့ဘောက်စ်ဝက်ဂွန်းကားကလေးကို တောင်ဥက္ကလာသို့ မောင်းလာစဉ်မေစီသည် တိတ်ဆိတ်နေရာမှ ရုတ်တရက် မေးခွန်းတစ်ခု ထုတ်လိုက်သည်။

'ကိုဆွေ၊ မာရီတင့်ဟာ ကိုဆွေ့ကို သက်သက်လာ လှည့်စားတာလို့ ကိုဆွေထင်သလား'

ထိုမေးခွန်းကို တင်မောင်ဆွေက ရုတ်တရက် ပြန်မဖြေ နဖူးရေတွန့်လျက် ခေတ္တကြာမှ…

'အေးကွယ်။ မာရီတင့်ဟာ ဘော်တော့်ကို အရေလည် အပါးဝတဲ့ မိန်းမတစ်ယောက်ပဲကွဲ့။ ဒါပေမဲ့ သူဟာ ကိုဆွေ့ကို တမင်သက်သက် လာလှည့်စားတာမဟုတ်ဘူးလို့ ကိုဆွေထင်တယ်။ ဒါပေမဲ့ ကိုဆွေကိုယ်တိုင် ဦးသန်းရှိန်ရဲ့ကားကို စစ်ကြည့်ခဲ့တာပဲ။ ကားနောက်ပိုင်းဟာ တိုက်ထားတာ အမှန်ပဲ။ ဘန်ဘာနဲ့နောက် ဘယ်ဘက်ဘီးကို အသစ်လဲထားရတယ်။ နောက်ဖက်ဘယ်ဘက် မတ်ဂတ်တစ်ခုဟာလည်း ချိုင့်ဝင်နေတယ်'





'သူ့ကားအခိုးခံရတယ်ဆိုတာကလည်း အမှန်အတိုင်း ဖြစ်ချင်ဖြစ်နေမှာပေါ့ ကိုဆွေ'

'ဖြစ်နိုင်ဖို့ ခဲယဉ်းပါတယ် အစီရယ်။ ကားတိုက်မှုမှာ တာဝန်မယူရအောင် သက်သက်ကလိမ်စေ့ ငြမ်းဆင်တာပါ။ ဟုတ် မဟုတ်ဆိုတာကိုလည်း ကိုဆွေတို့မကြာခင် သိရတော့မှာပါ'

မကြာခင် သူတို့ကားကလေးသည် တောင်ဥက္ကလာ ရပ်ကွက်ထဲသို့ ရောက်လာတော့သည်။ မော်တော်ယာဉ်ထိန်းဌာနမှ မိတ်ဆွေရဲတပ်ကြပ်ကြီး ပြောလိုက်သော လိပ်စာနှင့်အိမ်ကိုလည်း တင်မောင်ဆွေက အလွယ်တကူပင် ရှာတွေ့ရသည်။ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံးဖြစ်ကာ အိမ်ခန်းလေးတွဲခွဲထားလေ၏။ ကိုကာဝီဆိုသူသည် ထိုအိမ်ကြီး၏အပေါ်ထပ် လက်ယာဘက်အစွန်ဆုံးအခန်းတွင် နေထိုင်သည်ဟု ရဲကြပ်ကြီးက ပြောလိုက်သည်။

တင်မောင်ဆွေကလည်း ကားကို ထိုအိမ်ကြီးနှင့်မျက်စောင်းထိုးတွင် ရပ်လိုက်ကာ ကားပေါ်မှ မဆင်းသေးဘဲ အိမ်ကြီး၏ အနေအထားကိုအကဲခတ်ကြည့်နေလိုက်သည်။ ဤတွင် အိမ်ကြီး၏ မြောက်ဖက်ဘေး၌ သွပ်မိုးထားသော ကျူထရံကာ တဲရုံကြီးတစ်ရုံ ရှိကာ ထိုတဲရုံကြီးထဲတွင် ဘတ်ကားတစ်စင်း၊ ဂျစ်ကားတစ်စင်းနှင့် ဆလွန်းကားတစ်စင်း ရပ်ထားသည်ကို သတိပြုမိလိုက်လေသည်။

'ကဲ… ကိုဆွေ၊ အစီတို့ အခုဘာလုပ်ကြမလဲ'

'ဟောဟိုကားရုံဟာ ဒီအိမ်က လူတွေအတွက် ကားရုံနဲ့ တူတယ်။ အထဲမှာလည်း ဆလွန်းကားတစ်စင်းရှိနေတယ်။ အဲဒီကားကို ကိုယ်တို့အရင်ဝင်ကြည့်ရအောင်'

တင်မောင်ဆွေနှင့်မေစီတို့သည် ကားရုံထဲသို့ တည့်တည့်

www.burmeseclassic.com

www.burmeseclassic.com



မတ်မတ်ဝင်ကာ အလယ်တွင်ရပ်ထားသော ဆလွန်းကားဆီသို့ လျှောက်လာကြသည်။ ကားမှာအနက်ရောင်ဖြစ်သည်။ တင်မောင်ဆွေက ကားနံပါတ်ကို လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

'အင်း… မာရီတင့်ပေးထားတဲ့ ကားနံပါတ်ပဲ အစ်'

ထိုစဉ် ကားရုံအတွင်းသို့ လူရွယ်တစ်ယောက်ဝင်လာကာ တင်မောင်ဆွေတို့အား သင်္ကာမကင်းကြည့်ပြီး…

'ခင်ဗျားတို့ ဘာလိုချင်လို့လဲ'ဟု မေးလိုက်သည်။ ၎င်းသည် ကားရုံအစောင့်ဖြစ်ဟန်တူသည်။

တင်မောင်ဆွေက ကားနောက်ပိုင်းကို စစ်ဆေးကြည့်ရှုရာမှမော့ကြည့်လိုက်သည်။ လူရွယ်က ၎င်းတို့အနီးသို့ လျှောက်လာသည်။

'ဩော် ကိုကာဝီက ဒီကားကို ရောင်းမယ်ဆိုတာနဲ့ ကျုပ်တို့လာစစ်ကြည့်တာပါ။ ဒီကားဟာ မကြာသေးခင်ကမှ တိုက်ထားတယ်လို့ ကြားရတယ်။ အဲဒါ ဟုတ်ရဲ့လား'

'ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သိပ်ကြီးကြီးကျယ်ကျယ်တိုက်တာ မဟုတ်ပါဘူးဗျာ။ နောက်ပိုင်းရွှံ့ကာ နည်းနည်းပြတ်ထွက်သွားရုံလောက်ပါ။ ဒါပေမဲ့ ကိုကာဝီက ရွှံ့ကာအသစ်တစ်ခုတပ်ထားပါတယ်။ ကိုကာဝီက သူ့ကားကို သိပ်ဂရုစိုက်တာဗျ။ ရောင်းမယ်လို့လည်း မကြားမိပါကလား'

'သူပြောလို့ ကျုပ်တို့ လာကြည့်တာပဲ။ နေပါဦး ကားတိုက်တာက ဘယ်တုန်းကလဲ'

'မနေ့တစ်နေ့ကပါ။ ကိုကာဝီက ချက်ချင်းသူ့ကားကို ပြန်ပြင်တာ ခုနလေးတင်ကမှ ဝပ်(က်)ရှော့(ပ်)က ပြန်ယူလာတာဗျ။





ဆရာတို့မြင်တဲ့အတိုင်း အခု ကားဘော်ဒီက အကောင်းပကတိပါပဲ'

'ဟုတ်လား ခင်ဗျားက ကိုကာဝီနဲ့ဘာတော်လဲ'

'ဘာမှမတော်ပါဘူး။ ကျွန်တော်က ဒီကားရုံမှာ စောင့်အိပ်ရတယ်။ ကားတွေကိုလည်း နည်းနည်းပါးပါးကြည့်ပေးရတာပေါ့'

'ဒါဖြင့်ကိုကာဝီ အခုအိမ်မှာရှိတယ်ပေါ့'

'သူ့ကားရှိနေတာ သူလည်း ရှိရမှာပေါ့ဆရာ။ သူအပြင်ထွက်ရင် သူ့ကားကို အမြဲယူသွားတတ်တာပဲ'

ကားရုံစောင့်လူရွယ်သည် တင်မောင်ဆွေတို့၏အသွင်အပြင်ကို ယုံကြည်စိတ်ချသွားဟန်ဖြင့် မေးသမျှကို လွယ်ကူစွာ ပြန်ဖြေနေသည်။

'ဒါနဲ့ကိုကာဝီက အိမ်ထောင်နဲ့လား'

'မဟုတ်ပါဘူးဆရာ လူပျိုကြီးပါ။ အိမ်ခန်းငှားပြီး သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေတယ်။ သူ့ကား ပြန်ရောင်းမယ်ဆိုတာ ကျွန်တော်က တော်တော်အံ့ဩနေတယ်။ သူ ဝယ်ထားတာမှ တစ်နှစ်ကျော်ရှိသေးတယ်'

'ကျုပ်တို့လည်း ရောင်းမယ်ကြားလို့လာခဲ့တာပဲ။ ကဲ အစ်ရေ ကိုယ်တို့ ကိုကာဝီကိုတက်တွေ့ကြရအောင်လား'

တင်မောင်ဆွေနှင့်မေစီတို့သည် ကားရုံထဲမှ ခပ်တည်တည်ပင် ပြန်ထွက်ခဲ့ကြရာ အိမ်ကြီးဆီသို့ လျှောက်ခဲ့ကြသည်။ အပေါ်သို့တက်ရန် လှေကားမှာ အိမ်ကြီး၏အလယ်တည့်တည့်တွင် ရှိနေသည်။ တင်မောင်ဆွေတို့က ထိုလှေကားကြီးအတိုင်း တက်ခဲ့ကြရာ အိမ်ရှေ့ဝရန်တာသို့ ရောက်သွားကြသည်။ ဝရန်တာသို့အရောက်တွင် အပေါက်နှစ်ပေါက်ရှိရာ တင်မောင်ဆွေက ကိုကာဝီ၏ အိမ်ခန်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာ အပေါက်ထဲသို့ လှည့်ဝင်လိုက်သည်။

ကိုကာဝီ၏ အိပ်ခန်းတံခါးမှာ ပိတ်ထားလျက်ရှိသော်လည်း တင်မောင်ဆွေက ခေါက်လိုက်သည်နှင့် တစ်ပြိုင်နက်ပင် ချက်ချင်း ပွင့်လာသည်။

တံခါးဖွင့်ပေးသူကား အသက်၄၀ကျော်အရွယ်ရှိ အသားမဲမဲ လူတစ်ယောက်ဖြစ်ကာ ပိုးရုပ်အင်္ကျီနှင့်ဘန်ကောက်လုံချည်ကို ဝတ်ဆင်ထားသည်။ ပါးစပ်တွင်တော့ ဆေးတံကို စတိုင်ပါပါခဲထားသည်။ ၎င်းကိုကြည့်ရသည်မှာ ကုလားသွေးစပ်ပုံရ၏။

'ကိုကာဝီဆိုတာ ခင်ဗျားလား' ဟု တင်မောင်ဆွေက မေးလိုက်ရာ ၎င်းက ခေါင်းညိတ်ပြပြီးပြန်၍ မေးခွန်းထုတ်လိုက်သည်။

'ဘာကိစ္စရှိကြလို့လဲဗျ'

'ကျွန်တော့်နာမည်က တင်မောင်ဆွေတဲ့။ စုံထောက်တစ်ယောက်ပါပဲ။ ခင်ဗျားကားနဲ့ ပတ်သက်ပြီး စကားပြောချင်တယ်'

ကိုကာဝီသည် သိသိသာသာကြီး မျက်နှာပျက်သွားသည်ကို တင်မောင်ဆွေက သတိထားလိုက်မိသည်။

'ကျုပ်ကားနဲ့ ပတ်သက်လို့ ဟုတ်လား'

'ဟုတ်တယ် ခင်ဗျားသုံးရက်နေ့ညက ခင်ဗျားကားနဲ့ ကားတစ်စင်းဝင်တိုက်ခဲ့တဲ့ ကိစ္စဟာလေ'

ကိုကာဝီခဲထားသော ဆေးတံသည် ပါးစပ်မှပြုတ်ကျလုနီးပါးဖြစ်သွားတော့သည်။ ၎င်းသည် ဆေးတံကို ကပျာကရာလက်တစ်ဖက်ဖြင့် ကိုင်ထားလိုက်ရာ ချောင်းတစ်ချက် ဟန့်လိုက်သည်။

'ခင်··· ခင်ဗျား ဘာတွေပြောနေတာလဲ···'





'ကျုပ် ဘာတွေပြောနေတယ်ဆိုတာ ခင်ဗျားသိပါတယ်လေ။ ခင်ဗျားဟာ အဲဒီနေ့က ကမ္ဘာအေးစေတီနဲ့ ကံဘဲ့လမ်းထောင့်မှာ တခြားကားတစ်စင်းကို ခင်ဗျားကားနဲ့ အတင်းကျော်တက်ပြီး တားမြီးနဲ့ ခတ်ပစ်လိုက်တာ ဟိုကားမှောက်ကျန်ရစ်ခဲ့တယ်။ ဒါကို ခင်ဗျားက ဘာမှအကူအညီမပေးဘဲ အတင်းမောင်းပြေးခဲ့တယ်'

ကိုကာဝီသည် ဘာမှမပြောတော့ဘဲ နှုတ်ခမ်းများသာ တဆတ်ဆတ်တုန်ယင်လာတော့ကာ ဒူးများ မခိုင်တော့သည့်အလား၊ နီးရာကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ တင်မောင်ဆွေက ၎င်းရှေ့တွင်ရပ်ကာ မျက်နှာထားတင်းတင်းဖြင့် ငုံ့ကြည့်လိုက်သည်။

'ခင်ဗျား ဘာပြောချင်သေးသလဲ ကိုကာဝီ'

ကိုကာဝီသည် တံတွေးကို ဂရုစိုက်နေအောင် မျိုချလိုက်ကာ လက်နှစ်ဖက်ကို ချိန်နဲ့စွာ မြှောက်လိုက်သည်။

'ကျုပ်··· ကျုပ် မငြင်းတော့ပါဘူး။ ဖြစ်ပြီးကတည်းက ကျုပ်ကိုယ်ကျုပ် အပြစ်တင်နေမိခဲ့ပါတယ်ဗျာ'

မေစီသည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ကာ ကပျာကရာ လက်ပွေ့အိတ်ကို ဖွင့်လျက် မှတ်စုစာအုပ်တစ်အုပ်နှင့် ခဲတံကိုထုတ်ယူလိုက်သည်။

'ဒီလိုဆို ခင်ဗျား သုံးရက်နေ့ညက ကံဘဲ့လမ်းကွေ့မှာ အော်စတင် ကားတစ်စင်းကို ဝင်တိုက်ပြီး အတင်းမောင်းထွက်ပြေးခဲ့တယ်ဆိုတာကို ဝန်ခံတယ်ပေါ့'

'ဝန်··· ဝန်ခံပါတယ်ဗျာ။ ဖြစ်ခဲ့ရတာက မတော်တဆပါ။ ကျုပ်ထွက်ပြေးခဲ့တာလည်း ကြောက်လို့ပဲဗျ။ ဒါနဲ့ ကျုပ်တိုက်သွားခဲ့တဲ့ကားက လူတွေများ ဒဏ်ရာတော်တော်ရသွားကြသလား'



www.burmeseclassic.com

www.burmeseclassic.com



ကိုကာဝီသည် ဆက်လက်ပြင်းဆိုနေပါက အကြောင်းမထူးတော့ဟု နားလည်ထားသည့်အလား သူ့ပြစ်မှုကို အလွယ်တကူပင် ဝန်ခံလိုက်သည်။

'ကားထဲမှာပါလာတဲ့ သားအမိနှစ်ယောက်စလုံး ဒဏ်ရာရသွားခဲ့ကြတယ်လေ။ အမေလုပ်တဲ့သူကတော့ ပွန်းပဲ့ထိတ်လန့်သွားရုံပါပဲ။ ဒါပေမဲ့ ကားမောင်းလာတဲ့ မောင်မြင့်ရှိန်ဆိုတာကတော့ ကားပိမိပြီး ခါးရိုးကျိုးသွားခဲ့ရရှာတာ အခုဆေးရုံမှာတက်ကုနေရတယ်။ သေမသွားတာ ကံကောင်းပဲ'

ကိုကာဝီသည် မျက်နှာဆီးစေ့ကလေးလောက် ငယ်သွားကာ ညည်းတွားသံပြုလိုက်သည်။

'အေးဗျာ··· ကျွန်တော်ကလည်း ဖြစ်ပြီးကတည်းက စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျုပ်မောင်းလာခဲ့တာဟာ မှောက်သွားတဲ့ကားထဲက လူတွေ ဒဏ်ရာအကြီးအကျယ်ရလိမ့်မယ် မထင်လို့ပါဗျာ။ အခုတော့ ကျုပ်အပြစ်ကျုပ်ခံရတော့မယ်ပေါ့။ အဲဒီနေ့က ယူနီဗာစီတီ အဲဗင်နယူးမှာ ပါတီတစ်ခုတက်ပြီး ကျုပ်ပြန်လာတာဗျ။ အရက်ကိုလည်း တော်တော် သောက်မိခဲ့တယ်လေ။ ကျုပ်က နဂိုကတည်းက ကားမောင်းရင် မြန်မြန်မောင်းတတ်တယ်။ အဲဒီနေ့က ကံဘဲ့လမ်းထဲကို ချိုးဝင်လိုက်တော့ ရှေ့မှ အော်စတင်ကားတစ်စင်းရှိနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ လွတ်မယ်ထင်လို့ ကျော်တက်လိုက်မိတာ အရက်က နည်းနည်းထွေနေတော့ ချိန်သားနည်းနည်း မှားပြီး၊ အော်စတင်ကားဦးပိုင်းကို ကျွန်တော့် ကားအမြီးပိုင်းနဲ့ဝင်ရိုက်မိတော့တာပဲ။ အော်စတင်ကားလည်း လမ်းဘေးကို လည်ထွက်သွားပြီး ဓာတ်မီးတိုင်နဲ့ ဝင်တိုက်မိတော့တာပေါ့'





ကိုကာဝီသည် စကားကို ခေတ္တရပ်ထားလိုက်ကာ တင်မောင်ဆွေအား နားလည်ရန် တောင်းပန်သော အမူအရာဖြင့် ကြည့်လိုက်သည်။ ပြီးမှ စကားဆက်ပြန်သည်။

'ပထမတော့ ကျွန်တော်က ကားရပ်ပြီးဆင်းကြည့်ဦးမလို့ပါပဲ။ ဒါပေမဲ့ နောက်ကြည့်မှန်ထဲ ကြည့်လိုက်တော့ မှောက်သွားတဲ့ ကားဆီကို လူတွေပြေးလာနေတာ တွေ့ရတယ်။ ပြီးတော့ ကျွန်တော့်ရှေ့မှာလည်း လမ်းရှင်းနေတာကို တွေ့ရတယ်။ ကျွန်တော်ဆင်းကြည့်ရင် လူတွေက ဝိုင်းရိုက်နေကြဦးမလားဆိုတာကိုလည်း တွေးကြောက်လိုက်မိတယ်။ ဒါနဲ့ ဘာမှမစဉ်းစားနေတော့ဘဲ ကားကို အတင်းမောင်းပြေးလာမိတော့တာပါပဲ'

'အဲဒါဟာ အခုလ သုံးရက်နေ့ညနေငါးနာရီက ကမ္ဘာအေးစေတီလမ်းနဲ့ ကံဘဲ့လမ်းအချိုးလမ်းမှာ ဖြစ်ခဲ့တယ်ဆိုတာကို ခင်ဗျားဝန်ခံတယ်ပေါ့' တင်မောင်ဆွေက သေချာစေရန် ထပ်မေးလိုက်ရာ ကိုကာဝီက ဖြေးလေးစွာ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ဝန်ခံပါတယ်'

တင်မောင်ဆွေက သူတို့ပြောသမျှ စကားတွေကို လက်ရေးတိုဖြင့်လိုက်၍ ရေးမှတ်နေသော မေစီအား လှမ်းကြည့်ရာ မေစီက အားလုံးရကြောင်း အမူအရာပြပြီး ခေါင်းကလေးလိုက်ညိတ်ပြလိုက်သည်။

ကိုကာဝီက တင်မောင်ဆွေအား တောင်းပန်ခယသော အသံဖြင့် စကားဆက်လိုက်သည်။

'ဒီမှာ ကို ကိုတင်မောင်ဆွေ၊ ကျွန်တော် တစ်ခုပြောပါရစေခင်ဗျာ။ ကျွန်တော့်ကြောင့် ကားမှောက်ပြီး ခါးရိုးကျိုးသွားရတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်လေးကို ကျွန်တော်က နစ်နာကြေးအဖြစ်နဲ့ ငွေတစ်သောင်း ပေးပါ့မယ်။ ကျွန်တော်အခုပဲ ချက်လက်မှတ်ရေးပေးလိုက်ပါ့မယ်။ ကျွန်တော်ကို အမှုမလုပ်ကြဖို့ ကျေးဇူးပြု ကျေကျေအေးအေး ပြောပေးပါဗျာ'

'ခင်ဗျား ကျွန်တော့်ကို ခုနက ပြောတာတွေ လက်ရေးနဲ့ ရေးပြီး လက်မှတ်ရေးထိုးပေးပါဗျာ၊ ပြီးတော့ ဒဏ်ရာရသွားတဲ့ မောင်မြင့်ရှိန်နာမည်နဲ့ ရှယ်ယာချက်လက်မှတ် တစ်သောင်းတန်တစ်ခု ရေးပြီးပေးလိုက်ပါ'

'ဟုတ်ကဲ့ ရေးပေးပါ့မယ်ဗျာ'

'ခင်ဗျားရေးနေတုန်း ကျွန်တော် တယ်လီဖုန်းပြောချင်တယ်။ ခင်ဗျားဆီမှာ တယ်လီဖုန်းများ ရှိသလားဗျာ'

'ရှိပါတယ်၊ ဟောဟိုက စားပွဲပေါ်မှာ'

ကိုကာဝိညွှန်ပြသော အခန်းတစ်ဖက်ထောင့်ရှိ စားပွဲပေါ်မှ တယ်လီဖုန်းရှိရာသို့ တင်မောင်ဆွေက လျှောက်သွားပြီး မိမိ၏ အလုပ်တိုက်သို့ ဆက်ကြည့်လိုက်သည်။ အဆင်သင့်ပင် ပြန်ထူးသူက ဂျင်မီစမတ်ဖြစ်နေသည်။

'ဂျင်မီလားဟေ့၊ အတော်ပဲကွာ၊ ဦးသန်းရှိန်ကိစ္စက အလကားပဲဟေ့။ သူ့အတွက် မင်းဘာမှ ဆက်တာဝန်ယူဖို့ မလိုတော့ဘူး'

'ဘယ်ကလာ အလကားရမှာလဲ ကိုဆွေ'ဟု ဂျင်မီက ချက်ချင်းပင် ပြန်ပြောလိုက်သည်။ 'စီးပွားကလပ် တံခါးစောင့်ဆီက ကျွန်တော် လက်မှတ်ထိုးထားတဲ့ စတိတ်မင် တစ်စောင်တောင် ရထားပြီးပြီ။ သူက ဦးသန်းရှိန်ဟာ ည ၇နာရီလောက်မှာမှ တက္ကစီတစ်စင်းနဲ့ ကလပ်ကိုရောက်လာတယ်လို့ ဆိုတယ်။ ပြီးတော့ အမူ





အရာတွေကလည်း ပျက်နေတယ်။ သူက တံခါးစောင့်ကို ဘယ်လို ပြောတယ်မှတ်သလဲ။ သူ့ကားအခိုးခံရတာကို ဂါတ်တိုင်မလို့တဲ့။ သူဟာ ကလပ်မှာ ၁၂နာရီကတည်းက ရောက်နေတယ်လို့ ဘယ်သူမေးမေးပြောပါဆိုပြီး ငွေတစ်ရာတောင် လာဘ်ထိုးခဲ့သတဲ့ဗျ။ ကျွန်တော်က တံခါးစောင့်ကို ချော့ချီတစ်လှည့် ချောက်ချီတစ်ခါ အတင်းအစ်ယူရတာ'

ဂျင်မီထံမှ သတင်းကြောင့် တင်မောင်ဆွေမှာ ဘာပြောရမည်မသိဘဲ တိတ်ဆိတ်နေတော့သည်။

'ကိုဆွေ··· ကျွန်တော်ပြောတာ ကြားရဲ့လားဗျ'

'အေး··· ကြားပါတယ်'

'ဦးသန်းရှိန်ရဲ့ ဘက်ခရောင်းကိုလည်း ကျွန်တော် စုံစမ်းလို့ တော်တော်သိရပြီဗျ။ ဒီလူက စီးပွားရေးသမားတစ်ယောက်ပဲ။ သူ့မှာ ဦးသိန်းတန်နဲ့ ဦးစောဝင်းဆိုတဲ့ ပါတနာတွေရှိတယ်။ ဦးစောဝင်းဆိုတဲ့ ပါတနာတွေရှိတယ်။ ဦးစောဝင်းက ပဲခူးမှာနေတယ်။ သူ့ငွေပင်ငွေရင်းနဲ့ အလုပ်လုပ်ကြတာပေါ့လေ။ ဦးသန်းရှိန်ဟာ လွန်ခဲ့တဲ့ခြောက်လလောက်က သူ့ဇနီးနဲ့ ကွဲပြီးကတည်းက တာမွေလမ်း ခြံကြီးထဲက သူ့အိမ်မှာ တစ်ယောက်တည်းနေနေခဲ့တယ်။ သူနဲ့အတူ ဒရိုင်ဘာတစ်ယောက်ပဲရှိတယ်။ စီးပွားရေးကလပ်ကို သူက မကြာခဏလာလေ့ရှိသတဲ့ဗျ။ သူ သုံးရက်နေ့ည ၇နာရီက ကလပ်ကိုရောက်လာပြီး တံခါးစောင့်ကို ငွေတစ်ရာလာဘ်ထိုးတုန်းက အရက်သောက်ထားပြီး တော်တော်ကလေး ရီတီတီဖြစ်နေခဲ့သတဲ့။ ဒီတော့ ကိုဆွေပဲ စဉ်းစားကြည့်တော့လေ။ ကားတိုက်မောင်းပြေးခဲ့တဲ့ လူဟာ သူပဲ ဖြစ်ရမှာပေါ့ ကိုဆွေရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သူ မဖြစ်နိုင်ဘူးဂျင်မီ'

'ဘာကြောင့်မဖြစ်နိုင်ရမှာလဲ ကိုဆွေရ'

'မောင်မြင့်ရှိန်ရဲ့ ကားကိုတိုက်ပြီး မောင်းပြေးတဲ့လူကို ငါအခုတွေ့နေရပြီ၊ ငါအခု သူ့အိမ်က စကားပြောနေတာပဲ။ သူက အဲဒီနေ့က ကားတိုက်မောင်းပြေးတဲ့လူဟာ သူပါပဲဆိုတာကို ဖြောင့်ချက် ရေးပေးပြီး မောင်မြင့်ရှိန်အတွက် လျော်ကြေးငွေ တစ်သောင်းကိုပါ ပေးဖို့ကိုတောင် သဘောတူပြီးပြီ ဂျင်မီရဲ့'

❖ ❖ ❖

## အခန်း - ၈

တောင်ဥက္ကလာပမှ ကားမောင်းထွက်လာစဉ် တင်မောင်ဆွေက မေစီအား ညွှန်ကြားချက် ထုတ်လိုက်သည်။

'အစ်ကို ကိုဆွေက တာမွေဗလီမှာ ချပေးခဲ့မယ်၊ သုံးဘီး...းငှားပြီး တိုက်ကို ပြန်ပေတော့။ ဂျင်မီ့ကို အခုဖြစ်လာတဲ့ အခြေ...နေကို ရှင်းပြလိုက်ပေါ့။ ကိုဆွေကတော့ ပထမ ဦးသန်းရှိန်နဲ့ ...းတွေ့ဦးမယ်။ ပြီးတော့ ရီရီညွှန့်ဆီ လိုက်သွားဦးမယ်။ ဒီကိစ္စ...ာ တော်တော့်ကို ရှုပ်လာပြီ'

'ရှုပ်တာကတော့ အစ်လည်း ခေါင်းကို ချာချာလည်နေပြီ ...ယ်သူက အမှန်ပြောနေတာလည်းဆိုတာ ဝေခွဲလို့ကို မရဘူး'

'လူတစ်ယောက်ဟာ ပြစ်မှုတစ်ခု ကျူးလွန်တယ်လို့ ...ခြာက်တိုက် ဝန်မခံတတ်ဘူး။ ပြီးတော့ လျော်ကြေးငွေတစ် ...ာင်းကိုလည်း ကိုယ့်မှာ တာဝန်မရှိဘဲနဲ့ ရက်ရက်ရောရောမပေး ...တ်ပါဘူး။ ဒီတော့ ကိုကာဝီက အမှန်ပြောခဲ့တာပဲလို့ ယူဆရ ...ဲ အစ်၊ အခု ကိုဆွေ လုပ်ရမှာက ဒီကိစ္စထဲမှာ ရီရီညွှန့်နဲ့ ဦး...



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းဘာ ဘယ်လိုဝင်ရှုပ်နေတယ်ဆိုတာကို သိရဖို့ပဲ'

'အစီတော့ ကိုဆွေပြန်မလာမချင်း စောင့်နေမှာပဲ။ သ ထားပါကိုဆွေ။ အစီတော့ ကိုဆွေ့ကို တနည်းနည်းနဲ့ ထောင်ချော ဆင်တာပဲလို့ထင်နေမိတာပဲ'

'ထောင်ချောက်ဆိုလည်း ဘယ်လိုထောင်ချောက်မျိုးဆို သိထားဖို့က လိုသေးတာပဲအစီ၊ စိတ်ချပါကွယ်၊ ကိုဆွေ သတိထ မှာပါ'

မေစီကိုချထားပေးခဲ့ပြီးနောက် တင်မောင်ဆွေက ချက်ချ ပင် ကားကို ဦးသန်းရှိန်အိမ်သို့ မောင်းထွက်ခဲ့သည်။ အိမ်ရှေ့ တီကိုအောက်တွင် ကွန်ဆူလ်ကားနက်ကြီးက ရှိမနေတော့ချေ။ အ ရှေ့တံခါးတွေကိုလည်း အားလုံးပိတ်ထားလျက် ရှိနေသည်။ တ မောင်ဆွေက အိမ်တံခါးမကြီး၏ လူခေါ်ခေါင်းလောင်းကို အကြ ကြိမ်နှိပ်သော်လည်း ဘယ်သူကမှလာ၍ ဖွင့်မပေးချေ။ အိမ် တွင် ဘယ်သူမှရှိမနေသည်မှာ သေချာသည့်အခါတွင် တင်မောင် က သူ့ကားပေါ်ပြန်တက်ကာ ဓမ္မစေတီလမ်းသို့ ဆက်မောင်းခဲ့သည်

ဓမ္မစေတီလမ်းသို့ရောက်လျှင် တင်မောင်ဆွေက သူ့က ကို ဘောင်ဒရီရိပ်သာအဆောက်အဦကြီးမရောက်ခင် ခပ်လှမ်းလှ တွင် သူ့ကားကို ရပ်ထားလိုက်ပြီး ခြေလျှင်ဆက်လျှောက်ခဲ့သည် သို့ရာတွင် အဆောက်အဦကြီးပေါ်သို့ မတက်သေးဘဲ အဆော အဦကြီး၏ ဘေးလမ်းကြားကလေးမှဝင်၍ နောက်ဘက်ရှိကား များ ရှိရာသို့ရောက်ခဲ့သည်။ ကားရုံကြီးမှာ တိုက်ခန်းနံပါတ်အလို အခန်းငယ်ကလေးများ ခွဲထားပြီး နံပါတ်တွေထိုးထားရာ ရီရီညွှ ၏ ကားထားရာ အခန်းကို အလွယ်တကူပင် ရှာတွေ့ရသည်





တံခါးပိတ်ထားသော်လည်း သော့ခတ်၍မထားချေ။

တင်မောင်ဆွေက အခန်းတံခါးတစ်ချပ်ကို အသာဆွဲမကာ အထဲသို့ချောင်းကြည့်လိုက်သည်။ အထဲတွင် မှောင်မည်းနေသော် လည်း ကားမရှိတော့သည်ကိုတော့ သိနိုင်သည်။ တင်မောင်ဆွေက တံခါးကိုအသာပြန်စိလိုက်ကာ တိုက်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။ တိုက်ရှေ့တည့်တည့် လမ်းတစ်ဖက်တွင် အများသုံးရန် တယ်လီဖုန်း ရုံကလေးတစ်ခုက ရှိနေရာ တင်မောင်ဆွေက အထဲသို့ဝင်လိုက်ပြီး ဒိုက်ခွက်တစ်မတ်ထည့်လျက် သူ့အလုပ်တိုက်သို့ ဆက်လိုက်သည်။ မေစီက ပြန်ထူးလျှင်…

'အစီ ကိုဆွေလေ၊ ရီရီညွှန့် သူ့တိုက်ခန်းမှာ ရှိဟန်မတူ ဘူး။ အဲဒါ ကိုဆွေ တံခါးသော့ဖွင့်ပြီး တိုက်ခန်းထဲဝင်ကြည့်မလို့'

'သတိထားပါ ကိုဆွေ၊ ဒါနဲ့ ကိုဆွေ ဘယ်လောက်ကြာ ဦးမှာလဲ'

မေစီက စိုးရိမ်သံကလေးဖြင့် သတိပေးလိုက်ရာက ပြန်မေး လိုက်သည်။

'မကြာပါဘူး အစီရယ်'

'ကိုဆွေ' မေစီအသံကလေးသည် တိုးသွား၏။ 'ဒီမှာ ဦး သန်းရှိန်ဆိုတာ ရောက်နေတယ်'

'ဟုတ်လား ဘာကိစ္စတဲ့လဲ'

'ကိုဆွေနဲ့ စကားပြောချင်လို့တဲ့ အိမ်မှာတုန်းက ကိုဆွေနဲ့ လွတ်လွတ်လပ်လပ် စကားပြောခွင့်မရလို့ အခုလို လိုက်လာတာ တဲ့ ဆိုတာပဲ'

'အေး… ဟုတ်လိမ့်မယ် အစီ၊ မနက်တုန်းက သူ့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေတုန်းက သူ့ဒရိုင်ဘာနဲ့ ဘဏ္ဍာစိုးဆိုတဲ့လူက သူ့ဘေး မှာတစ်ချိန်လုံး ရှိနေခဲ့တာပဲ'

'သူက ဘာဖြစ်လို့ အပြင်မထွက်ခိုင်းတာလဲ'

'အဲဒါကိုပဲ ကိုဆွေက အံ့သြမိတာပေါ့။ သူတို့နှစ်ယောက် ဆက်ဆံပုံကတစ်မျိုးပါပဲ၊ ဦးသန်းရှိန်ရောက်လာတာ ကြာပြီလား'

'အစီပြန်လာတော့ သူ့ဒရိုင်ဘာက သူ့ကားနဲ့အတူ တိုက် ရှေ့က ရပ်စောင့်နေတယ်လေ။ အစီက ကားနံပါတ်ကြည့်ပြီး သူ့ကား မှန်းသိလိုက်တာပေါ့။ အပေါ်ကျတော့ ဦးသန်းရှိန်စောင့်နေတာ တွေ့ ရတာပဲ။ အခုလည်း သူအပြင်ခန်းထဲမှာ ထိုင်စောင့်နေတယ်။ ကိုဆွေ ပြန်မလာမချင်းစောင့်နေမယ်တဲ့၊ သူ့ဒရိုင်ဘာကိုတောင် ခုနက ဆင်းပြီး ပြန်လွှတ်လိုက်ပြီ'

'ကောင်းပြီလေ အခုပဲကိုဆွေ ပြန်လာခဲ့ပါ့မယ်'

တင်မောင်ဆွေက ဖုန်းကိုပြန်ချလိုက်ကာ ခပ်သွက်သွက်ပင် ဘောင်ဒရီရိပ်သာ အဆောက်အဦထဲသို့ ဝင်ရောက်ပြီး ရီရီညွန့်၏ အခန်းသို့တက်ခဲ့သည်။ တိုက်တံခါးကို တင်မောင်ဆွေက တခေါက် ခေါက်ခေါက်ကြည့်လိုက်ရာ အတွင်းမှ ဘယ်လိုမှ ပြန်မထူးချေ။

တင်မောင်ဆွေလည်း သူရထားသော တိုက်ခန်းတံခါး သော့ကို အိတ်ထဲမှထုတ်ယူလျက် သော့ပေါက်ထဲသို့ အသာထိုးသွင်း ပြီး လှည့်ဖွင့်လိုက်သည်။ တိုက်ခန်းထဲသို့ တံခါးကိုတွန်းဖွင့်ဝင် ရောက်မိလျှင် တင်မောင်ဆွေက တံခါးကို ပြန်ပိတ်လိုက်ကာ ဧည့် ခန်းကို လျင်မြန်စွာ ကြည့်လိုက်သည်။

ဧည့်ခန်းထဲတွင် မီးကလင်းနေသည်။ အခန်းထောင့်ရှိ စားပွဲ မှာအဖုံးပွင့်နေကာ လက်ယာဘက်ထောင့်စွန်းအံဖုံးကလေးထဲတွင်





သားရေဖုံးစာအုပ်ကလေးသည်လည်းကောင်း၊ ခြောက်လုံးပြူးသေ နတ်သည်လည်းကောင်း ရှိမနေတော့ချေ။

တင်မောင်ဆွေက မျက်မှောင်ကြုတ်လိုက်မိကာ အိပ်ခန်းဆီ သို့ခြေလှမ်းလိုက်သည်။ သို့ရာတွင် သူသည် ချက်ချင်းပင်တုန့်ရပ် သွားသည်။ သူရပ်နေသော နေရာမှနေ၍ ပွင့်နေသောအိပ်ခန်းတံခါး နှင့် ဒိုးယိုပေါက်ဖြစ်နေသော ရေချိုးခန်းတံခါးကို လှမ်း၍ မြင်ရနိုင် ၏၊ ရှိဝါခေါ်ရေပန်းအောက်တွင် ရပ်နေသော အမျိုးသမီး တစ်ယောက်၏ ကိုယ်လုံးပုံသဏ္ဍာန်ကို ကာရံထားသော ပလတ်စတစ်ကန့်လန့်ကာအား ဖောက်ထွင်း၍ ခပ်ရေးရေး တွေ့ လိုက်ရသည်။ နံရံတွင်ကပ်ထားသော စင်ကလေးပေါ်တွင်ကား ပွဲထဲတွင်မရှိသည့် ခြောက်လုံးပြူးသေနတ်က ရှိနေသည်။

အမျိုးသမီးသည် ရေချိုးပြီးကာစနှင့်တူသည်။ ကိုယ်လုံး တွင် မွေးပွကိုယ်သုတ်ပုဝါကြီးကို ရင်ရှား ရစ်ပတ်ထားသည်။ တင်မောင်ဆွေက ကြည့်နေစဉ်မှာပင် အမျိုးသမီးသည် ခြောက်လုံး ပြူးသေနတ်ဆီသို့ လက်တစ်ဖက်လှမ်းလိုက်သည်။

တင်မောင်ဆွေသည် ချက်ချင်းပင် တိုက်ခန်းတံခါးဝဆီသို့ ပြန်လျှောက်ခဲ့ကာ အသံပြုလိုက်သည်။

'အိမ်ရှင်တို့ မရှိကြဘူးလားဗျို့'

'ဘယ်သူလဲဟင်'

ရေချိုးခန်းထဲမှ ရီရီညွန့်၏ အသံကလေးက လန့်သွား သည့်အလား ခပ်ဆတ်ဆတ်ပြန်မေးလိုက်သည်။

'တင်မောင်ဆွေပါ'

'ဩော်… ကိုတင်မောင်ဆွေလား၊ လန့်သွားတာပဲရှင်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အခုပဲ ရေချိုးပြီးတာ၊ နေစမ်းပါဦး၊ ရှင်ဘယ့်နှယ့်အထဲကို ရောက်လာတာလဲ'

'ကျွန်တော် တံခါးခေါက်ကြည့်တော့ တံခါးက သူ့ဘာသာ ပွင့်သွားတယ်လေ'

'ဟုတ်လား... ကျွန်မ တံခါးသေသေချာချာ ပိတ်မထားမိဘူးထင်ပါရဲ့၊ ကဲ... ကိုတင်မောင်ဆွေရေ ထိုင်စောင့်နေလိုက်ဦး'

'ကျွန်တော် ခင်ဗျားနဲ့အခုချက်ချင်းတွေ့ချင်တယ်'

'အို... ဘယ့်နှယ်ဖြစ်မလဲရှင့်၊ ကျွန်မ... ကျွန်မ အဝတ်တောင်မှ မဝတ်ရသေးတာ'

'သိပ်အရေးကြီးတယ် ရီရီညွန့်၊ ကျွန်တော် အချိန်မဖြုန်းနိုင်ဘူး'

'ရှင်ကလည်း တကယ်လောတာပဲနော်၊ ကဲပါရှင် အိပ်ခန်းတံခါးကို အသာပိတ်ပေးစမ်းပါ၊ ကျွန်မ အမြန်ဆုံး အဝတ်လဲပြီး ထွက်လာပါ့မယ်'

တင်မောင်ဆွေက ပွင့်နေသော အိပ်ခန်းတံခါးကို ဆွဲပိတ်ပေးလိုက်ကာ တံခါးဝနားတွင် ရပ်စောင့်နေလိုက်သည်။ ပြီးမှ အဖုံးပွင့်နေသော စားပွဲဆီသို့ပြန်လျှောက်ခဲ့ကာ အခြားအဖုံးအကန့်များတွင် လျှောက်ရှာကြည့်သော်လည်း သားရေဖုံးမှတ်စုစာအုပ်ကလေးကို မတွေ့ရတော့ချေ။

နှစ်မိနစ်ခန့်ကြာလျှင် အိမ်ခန်းတံခါးက ပွင့်လာသည်။ ရီရီညွန့်သည် အနက်တွင်အဖြူရောင်အကွက်ဖော် ဒရက်စင်ဂေါင်းပိုးအင်္ကျီရှည်ကြီးကို ဝတ်ဆင်လျက် မခို့တရို့အမူအရာဖြင့် ထွက်လာသည်။ သူမ၏ မျက်နှာတွင် နှုတ်ခမ်းဆိုးဆေးဆိုးထားသည်မှ





ဘယ်လိုမှ လိမ်းခြယ်ထားခြင်း မရှိပေ။

သူမသည် တင်မောင်ဆွေအား ညို့မှာတ်ပါသော အပြုံးကလေးဖြင့်ကြည့်လိုက်သည်။

'ကဲ... စုံထောက်ကြီး၊ ဆိုစမ်းပါဦးရှင့်၊ ဘာများအရေးကြီးဖြစ်လာရတာလဲ'

'ခုနက သေနတ် ဘယ်ရောက်သွားသလဲ'

'ဘာသေနတ်လဲ ကိုဆွေရဲ့'

'ခုနက ရေချိုးခန်းထဲက စင်ကလေးပေါ်မှာ တင်ထားတဲ့သေနတ်ဟာလေ'

'ဪ... ရှင်က ကျွန်မရေချိုးနေတာကို တွေ့ခဲ့ရတယ်ပေါ့'

ရီရီညွန့်က တင်မောင်ဆွေအား မခို့တရို့ မျက်စောင်းထိုးပြီး ပြောလိုက်သည်။

'ကျွန်တော် စင်ပေါ်က သေနတ်ကိုသာတွေ့ခဲ့ရတာပါ၊ အဲ... အဲဒီသေနတ် အခုဘယ်မှာလဲ'

'ကျွန်မ အိပ်ခန်းထဲမှာ ထားခဲ့တယ်'

'သွားယူချေဗျာ'

ရီရီညွန့်သည် တစ်စုံတစ်ခုပြောတော့မည်ပြုပြီးတော့မှ ဘာမှမပြောတော့ဘဲ အိပ်ခန်းထဲသို့ ပြန်ဝင်သွားသည်။ သူမ ပြန်ထွက်လာလျှင် လက်ထဲ၌ လက်ပွေ့အိတ်ကို ဆတ်ခနဲဆွဲယူလိုက်ကာ ဖွင့်ကြည့်ပြီး အထဲမှ ခြောက်လုံးပြူးသေနတ်ကို ထုတ်ယူလိုက်သည်။

'ကိုတင်မောင်ဆွေ၊ ဒီသေနတ်ကို ကျွန်မဆီက ယူမသွားပါ၊



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရှင်'

'ခင်ဗျားက သေနတ် ဘာလို့လိုရတာလဲ'

'အို… အကာအကွယ်အတွက်ပေါ့ရှင်'

တင်မောင်ဆွေသည် သေနတ်ကိုချိုးလိုက်ကာ ဆုံလည် အတွင်းမှ ကျည်ဆံများကို ထုတ်ယူလျက် သူ့ဂျာကင်အင်္ကျီအိတ် ထဲသို့ ထည့်လိုက်ပြီးမှ သေနတ်ကိုလက်ပွေ့အိတ်ထဲသို့ ပြန်ထည့်ပေး လိုက်သည်။

'အို… ကိုတင်မောင်ဆွေကလဲ ကျည်ဆံတွေ ဘာလို့ထုတ် ယူထားလိုက်ရပြန်တာတုန်း'

'ခင်ဗျားနဲ့ကျွန်တော် အေးအေးဆေးဆေး စကားပြော အောင်လို့ပေါ့'

'အခု ပြောနေရတာပဲ မဟုတ်လား၊ ဘာလဲရှင်က ကျွန်မ ကို မယုံသင်္ကာဖြစ်နေတာလား'

တင်မောင်ဆွေက ရီရီညွန့်၏ ခပ်လျောင်လျောင် မေးခွန်း ကို ပြန်၍မဖြေ၊ သူကသာ မေးခွန်းတစ်ခု ထုတ်လိုက်သည်။

'ခင်ဗျား ဒီသေနတ် ဘယ်ကရလာတာလဲ'

'ကျွန်မကို သူများကပေးသွားတာပါ'

'သူများဆိုတာက ဘယ်သူလဲ'

'ဦးစောဝင်း၊ အို… မဟုတ်ဘူး၊ ကျွန်မကိုမေးမနေပါနဲ့ ရှင်၊ ကျွန်မပြောပြလို့ မဖြစ်ဘူး'

'ဒီသေနတ် ခင်ဗျားရထားတာ ဘယ်လောက်ကြာပြီလဲ'

'နှစ်ပတ်သုံးပတ်လောက်ပဲ ရှိပါသေးတယ်'

'ဦးစောဝင်းက ခင်ဗျားကို သေနတ်ဘာဖြစ်လို့ ပေးရတာ





လဲ၊ ခင်ဗျားမှာ အကာအကွယ်လိုတယ်လို့ ယူဆစရာအကြောင်း သူ့မှာ ဘာရှိလို့လဲ'

ရီရီညွန့်သည် တစ်စုံတစ်ခုသောလျှို့ဝှက်လိုသော အမူအရာ ကလေးဖြင့် ဦးခေါင်းကို ယမ်းခါပြလိုက်သည်။

'အို… ကျွန်မ မပြောပါရစေနဲ့ရှင်'

တင်မောင်ဆွေက ရီရီညွန့်အား မျက်မှောင်ကြီးကြုတ်၍ ကြည့်လိုက်သည်။

'ခင်ဗျားကို ကျွန်တော်တစ်ခု တည့်တည့်ပြောပါရစေ ရီရီညွန့်၊ ကျုပ်အပေါ်မှာ လူလည်လုပ်ပြီး ဓားစာခံခုတုံးလုပ်တာ မျိုးကို ကျုပ်က ငြိမ်ခံနေတတ်တာ မဟုတ်ဘူးနော်'

'ရှင့်ကို ဘယ်သူကများ လူလည်လုပ်နေလို့လဲရှင်'

ရီရီညွန့်က နှုတ်ခမ်းစူကာ ပြန်မေးလိုက်ခြင်းဖြစ်သည်။

'ခင်ဗျားနဲ့ ဦးစောဝင်းဟာ မကြာခင် လက်ထပ်တော့မယ် ဆိုတယ်။ အဲဒါ အမှန်ပဲလားဗျ'

'အမှန်ပဲပေါ့ရှင်၊ ကျွန်မကရှင့်ကို လိမ်ပြောနေရမှာလား'

'ဒီလိုဆိုရင် အခု အဲဒီဦးစောဝင်းဆိုတာက ဘယ်မှာလဲ'

ရီရီညွန့်က ရုတ်တရက် ပြန်မဖြေ၊ နှုတ်ခမ်းကိုက်ကာ တင်မောင်ဆွေအား ခပ်မှေးမှေးကလေး ကြည့်နေလိုက်သည်။ ပြီးမှ…

'ကျွန်မလည်း အတိအကျတော့မသိဘူး၊ အလုပ်ကိစ္စနဲ့ ရုတ်တရက် နယ်ထွက်သွားရသတဲ့'

'ခင်ဗျား သူ့ကို တကယ်ချစ်သလား'

'အို… ကိုတင်မောင်ဆွေကလဲ ရှင်က ကျွန်မကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တာကိစ္စမှာဘာကြောင့် ဒါလောက် စိတ်ဝင်စားနေရတာလဲ'

'ခင်ဗျားအကြောင်းကို ကျုပ် သေသေချာချာ သိချင်လို့ပေါ့'

'ဦးစောဝင်းဟာ လူကြီးလူကောင်းတစ်ယောက်ပါ။ ကျွန်မ သူ့ကိုချစ်တာထက် လေးစားတယ်။ ဂရုစိုက်မိတယ်။ သူကစီးပွားရေးသမားတစ်ယောက်ရှင့်၊ တစ်ပြည်လုံးမှာလိုက်ပြီး အရောင်းအဝယ်လုပ်နေတဲ့လူ၊ ဒီတော့ သူဟာ မကြာခဏ ဒီလိုပဲ ခရီးထွက်နေရတယ်'

တင်မောင်ဆွေက ရီရီညွန့်အား စိုက်ကြည့်လိုက်ကာ တမင်ကလာပင် ရှုံ့ချသော အမူအရာဖြင့် နှုတ်ခမ်းများမဲ့ပစ်လိုက်သည်။

'အင်း... သူက အဲသလို ခရီးထွက်နေတုန်း ခင်ဗျားကတော့ ကိုကောင်းစိန်နဲ့သိပ်ပျော်နေကြတယ်ပေါ့'

ရီရီညွန့်သည် မျက်နှာကလေး ကွက်ခနဲ ပျက်သွားပြီးမှ ခေါင်းကလေးကို ခပ်သွက်သွက်ခါရမ်းလိုက်သည်။

'အထင်မလွဲပါနဲ့ ကိုတင်မောင်ဆွေ၊ ကိုကောင်းစိန်ဟာ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက် သက်သက်တစ်ယောက်ပါ။ နေစမ်းပါဦး၊ ရှင်က ကျွန်မကိစ္စမှာ ဘာကြောင့်များ ဒါလောက်စိတ်ဝင်စားနေရတာလဲ'

'ကျုပ်သိချင်တာတွေ ရှိနေလို့ပေါ့ဗျာ။ ခင်ဗျားတို့ကိစ္စဟာ ကျုပ်နဲ့ တနည်းနည်းနဲ့ပတ်သက်နေတယ်ဆိုတာကို ကျုပ်နားလည်ထားရတယ်။ ဒီတော့ ဘယ်လိုပတ်သက်နေတယ်ဆိုတာကို ကျုပ်သိရဖို့အရေးကြီးတယ်။ ဒီလိုပတ်သက်လာရအောင်လည်း ခင်ဗျားက တစ်ဖက်လှည့်နဲ့ကြိုးစားနေတယ်လို့ ကျုပ်ထင်တယ်'





'အို... ရှင် ဘာတွေပြောနေတာလဲ ကိုတင်မောင်ဆွေ၊ ရှင့်ကို ကျွန်မ ဘာမှမဟုတ်မတရား အသုံးပြုဖို့ရည်ရွယ်မထားပါဘူး၊ ကျွန်မယောကျ်ားဟောင်း ကိုညွန့်စိန်မောင်နဲ့ သွားတွေ့ပြီး သူ ကျွန်မကိုပေးနေတဲ့စရိတ်နဲ့ ပတ်သက်လို့ စေ့စပ်ခိုင်းဖို့ ရည်ရွယ်ထားမိတာတော့ မှန်တယ်လေ၊ ဒါပေမဲ့ ဒီအကြောင်းကိုလည်း ရှင့်ကို ကျွန်မက ပွင့်ပွင့်လင်းလင်း ဖွင့်ပြောခဲ့တာပဲ မဟုတ်လား'

ရီရီညွန့်က အင်မတန်အပြစ်ကင်းစင်ရိုးသားသော အမူအရာကလေးဖြင့် ပြောနေခြင်းဖြစ်သည်။ သို့ရာတွင် တင်မောင်ဆွေကတော့ သူမအား ကောင်းစွာ မယုံကြည်မိသေး။

'ကောင်းပြီလေ ဒီလိုဆို အခု ကျုပ်သိချင်တာတွေကို ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါဦး'

'ကိုတင်မောင်ဆွေက ဘာသိချင်တာတုန်း'

'ကိုကောင်းစိန်အကြောင်း သိချင်တယ်။ သူ့အလုပ်အကိုင်ကိုပြောတာမဟုတ်ဘူး၊ ခင်ဗျားနဲ့ဆက်ဆံနေပုံကို ပြောတာ'

'အို... ကျွန်မရဲ့မိတ်ဆွေသက်သက်ပါလို့ ပြောပြီးပါပကောရှင်၊ တကယ်တော့ သူက ကျွန်မထက် မြိုင်ရဲ့မိတ်ဆွေဆိုရင် ပိုမှန်တယ်'

ရီရီညွန့်က သွက်သွက်လက်လက်ပြန်ဖြေလိုက်သည်။ မြိုင်ဆိုသော နာမည်သစ်ကိုလည်း ထည့်သွင်းပြောဆိုလာသည်။

'မြိုင်ဆိုတာက ဘယ်သူလဲဗျ'

'ကျွန်မရဲ့ သူငယ်ချင်းမတစ်ယောက်ပါ'

တင်မောင်ဆွေသည် သူ့ဆီသို့လာ၍ ကိုကာဝီ၏က[illegible]ပါတ်ကိုပေးသွားသော မာရီတင့်အား ချက်ချင်းပြေး၍ သတိရလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

'သူ့ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါလား'

'ပုံပန်းသဏ္ဌာန် ဟုတ်လား၊ အင်း… အသက်ကတော့ ကျွန်မနဲ့ ရွယ်တူပဲ၊ အသားခပ်ညိုညို ကိုယ်လုံးကိုယ်ပေါက်က ကျစ် ကျစ်လျစ်လျစ်ကလေးပဲ အဝတ်အစားကိုလည်း ဖက်ရှင်ကျကျ ဝတ် တတ်တယ်။ ရုပ်ကလည်း တော်တော့်ကိုချောတယ်။ ကျွန်မ ဒါလောက်ပဲပြောတတ်တယ်ရှင့်'

တင်မောင်ဆွေက ပခုံးများကို အသာတွန့်လိုက်သည်။ မာရီတင့်၏ ပုံသဏ္ဌာန်နှင့်တော့ တခြားစီဖြစ်နေသည်။

'ခင်ဗျား ကိုကောင်းစိန်နဲ့ သိထားရတာ ကြာပြီလား'

'သိပ်မကြာသေးပါဘူး၊ သူက အတွေးသမား၊ စိတ်ကူး သမား၊ သူ့အလုပ်ကလွဲလို့ တခြားဘာမှ စိတ်ဝင်စားတာလည်း မဟုတ်ပါဘူး၊ ဒါကြောင့် တစ်ခါတစ်ခါ သူ့အလုပ်ကအနားယူပြီး စိတ်အပြောင်းအလဲကလေး ဘာကလေးရအောင် သူ့ကို ကျွန်မတို့က အတင်းတိုက်တွန်းရတယ်ရှင့်'

'စိတ်အပြောင်းအလဲကလေးဆိုတာက ဘယ်လိုလဲ သူ့ကို ခင်ဗျားတိုက်ခန်းထဲမှာ ညသန်းခေါင်သလွဲအထိ ခေါ်ထားတာမျိုး ကို ဆိုလိုတာလား'

တင်မောင်ဆွေက တမင်တကာပင် ခပ်ထေ့ထေ့ပြောလိုက် သော်လည်း ရီရီညွန့်က မျက်နှာတစ်ချက်မပျက်ဘဲ သူ့အား ရဲတင်း သော မျက်လုံးကြီးများဖြင့် ပြန်ကြည့်လိုက်သည်။

'ဆိုပါတော့လေ၊ ဒါပေမဲ့ ကျွန်မတို့က သူ့ကိုမိတ်ဆွေ တစ်ယောက်လို သဘောထားပြီး ဆက်ဆံတာပါ ကိုတင်မောင်ဆွေ၊





ကိုညကလည်း သူနဲ့ကျွန်မဟာ ဂျင်သောက်ပြီး ရိုးရိုးတန်းတန်း စကားပြောခဲ့ကြတာပါရှင့်'

'ဒီလိုဆိုရင် ကိုကောင်းစိန်ဟာ ခင်ဗျားပြောသလိုဖြင့် ခင်ဗျားမိတ်ဆွေ မြိုင်နဲ့ပိုရင်းနှီးတယ်ပေါ့'

'ဟုတ်တယ်၊ မြိုင်ကို သူက သဘောကျနေတယ် ဆိုပါ တော့၊ မြိုင်ကလည်း သူ့ကို သဘောကျပါတယ်။ ဒါပေမဲ့ သူက အခုလို စိတ်ကူးသမား အတွေးသမားကြီးဖြစ်နေတာကိုတော့ မြိုင် သိပ်မကျေနပ်ဘူးလေ။ လခမှန်မှန်ရတဲ့ အလုပ်တစ်ခုကို ဝင်လုပ်စေ ချင်တယ်'

'ကဲ… ရီရီညွန့်၊ ဒါတွေကို ဘေးချိတ်ထားပြီး ခုနက သေနတ်ကို ခင်ဗျားကို ဘယ်သူကပေးထားတာလဲဆိုတာ အမှန် အတိုင်းပြောစမ်းပါဗျာ'

တင်မောင်ဆွေက ရုတ်တရက် စကားလမ်းကြောင်းပြောင်း ပြီး မေးလိုက်သည်။ ရီရီညွန့်က သူမ၏မျက်လုံးများကို ပြူးကျယ် ပြီးကြည့်လိုက်သည်။

'ရှင်ကလဲ ဘာဖြစ်လို့ ဒီသေနတ်ကို ဒီလောက်စိတ်ဝင်စား နေရတာလဲ'

'မိန်းမတစ်ယောက်ဟာ ရေချိုးတာတောင် သေနတ်တစ် လက်ဘေးမှာထားချိုးတယ်ဆိုတာဟာ ကျွန်တော့်အတွက်တော့ စိတ် ဝင်စားစရာပဲပေါ့ ရီရီညွန့်'

ရီရီညွန့်သည် မျက်လွှာကလေးချသွားပြီး အောက်နှုတ်ခမ်း ကိုသွားများဖြင့် ကိုက်ကာ ခေတ္တတွေနေလိုက်သည်။ ပြီးမှ…

'လူ… လူတစ်ယောက်က ကျွန်မကိုတွေ့တဲ့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်မယ်လို့ ကြိမ်းခြောက်ထားတယ် ကိုတင်မောင်ဆွေရဲ့'ဟု အသံခပ်နိမ့်နိမ့်ဖြင့် ပြောလိုက်၏။

'အဲဒီလူက ဘယ်သူလဲ'

'ရှင် သူ့ကို သိမှာမဟုတ်ပါဘူး'

'ဘယ်သူဆိုတာကိုသာ ပြောပြပါလေ'

တင်မောင်ဆွေက ရီရီညွန့် ဝေ့လည်ကြောင်ပတ်လုပ်နေခြင်းကို စိတ်မရှည်နိုင်ဘဲ ခပ်ဆတ်ဆတ်မေးလိုက်သည်။ ထိုအခါမှ…

'သူ့နာမည်က ကိုဘမြိုင်တဲ့ရှင့်၊ ဒါပေမဲ့ လူအများကတော့ သူ့ကို ကိုမြိုင်ကြီးလို့ခေါ်ကြတယ်။ သူဟာ ကျွန်မရဲ့ပထမဆုံး ယောကျ်ားပါပဲ၊ သူ့ကိုယူတုန်းက ကျွန်မအသက် ၁၈နှစ်ပဲရှိသေးတယ်။ ရှူးရှူးမိုက်မိုက် အရွယ်ပေါ့ရှင်။ သူက လောကကြီးမှာ တော်တော် အရေလည်ပုံရတယ်။ ကျွန်မလည်း သူ့ကိုအထင်ကြီးပြီး ယူလိုက်မိတာပဲ'

'ခင်ဗျား သူနဲ့ ဘယ်လောက်ကြာအောင် ပေါင်းခဲ့သလဲ'

ကိုမြိုင်ကြီးဟူသော နာမည်ကြောင့် တင်မောင်ဆွေသည် စိတ်ဝင်စားမှု ထက်သန်လာပြီဖြစ်၏။ ကွင်းဆက်ကလေးတစ်ခု ရလာသောကြောင့်ဖြစ်သည်။

'နှစ်နှစ်ကျော် သုံးနှစ်လောက်တင်ပါပဲရှင်'

'ပြီးတော့ကော'

'ပြီးတော့… ပြီးတော့ ကျွန်မ သူ့ဆီက ထွက်ပြေးလာခဲ့တယ်'

'ထွက်ပြေးလာခဲ့တယ်ဆိုတာက ဘယ်လိုလဲ၊ တစ်ခါတည်း ပြီးပြီးပြတ်ပြတ် ကွာရှင်းပြတ်စဲတာ မဟုတ်ဘူးလား'

တင်မောင်ဆွေက ထပ်၍ စေ့စေ့စပ်စပ် မေးနေလိုက်ပြန်သည်။

'အရင်ထွက်ပြေးပြီး နောက်ကျမှ သူနဲ့မပေါင်းနိုင်တော့ဘူးဆိုပြီး အတိအလင်း ကွာရှင်းပြတ်စဲလိုက်တာပါ'

'ထွက်ပြေးတာက ဘယ်သူနဲ့ထွက်ပြေးတာလဲ'

ရီရီညွန့်သည် နှုတ်ခမ်းကလေးကိုက်ထားလိုက်ရာက သူမ၏ အရည်လဲ့သော မျက်လုံးကြီးများဖြင့် တင်မောင်ဆွေအား တစ်ချက်စူးစိုက်ကြည့်လိုက်သည်။ ပြီးမှ…

'ရှင်ဟာ တော်တော်ကိုစပ်စုတာပဲနော်'ဟု ရေရွတ်လိုက်သည်။

'စပ်စုရဖို့ဆိုတာက ကျုပ်အလုပ်ပဲလေ။ ခင်ဗျားဟာ ဒီကိုမြိုင်ကြီးဆိုတဲ့ လူဆီက တစ်ယောက်တည်း ထွက်ပြေးခဲ့တာ မဟုတ်ဘူး မဟုတ်လား'

'ဟုတ်တယ် ယောကျ်ားတစ်ယောက်နဲ့ လိုက်ပြေးခဲ့တာပဲ'

'အဲဒီတော့ ဘာဖြစ်သလဲ'

'ကိုမြိုင်ကြီးက ကျွန်မတို့နှစ်ယောက်စလုံးကို မတွေ့တွေ့အောင် လိုက်ရှာပြီး သတ်ပစ်မယ်လို့ ကြုံးခဲ့တယ်လေ။ ဒါပေမဲ့ သူက ကျွန်မကို ရှာမတွေ့ခဲ့ပါဘူး။ ကျွန်မက နာမည်ပြောင်းပြီး ခိုတိမ်းနေခဲ့တာကိုး'

'ခင်ဗျားနဲ့ထွက်ပြေးသွားတဲ့ လူကကော'

'သူနဲ့ကျွန်မ ရန်ကုန်ရောက်လာပြီး မကြာခင် သူဆုံးသွားခဲ့ရပါတယ်။ သူ့မှာ အဆုတ်ရောဂါရှိနေတာကလား။ သူ့ကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ယ်ချစ်ခဲ့ပါတယ်ရှင့်'

ရီရီညွန့်၏ မျက်လုံးများသည် စိုစွတ်တောက်ပြောင်လာသည်ဟုထင်မှတ်ရသည်။

'နောက်တော့ကော'

'နောက်တော့ ကျွန်မ ကိုညွန့်စိန်မောင်နဲ့တွေ့ပြီး လက်ထပ်ခဲ့ကြတာပါ'

'ဒီအတောအတွင်းမှာ ခင်ဗျားရဲ့ပထမယောကျ်ား ကိုမြိုင်ကြီးဆိုတာက ဘာတွေလုပ်ခဲ့သလဲ'

'သူက ကျွန်မကို ခွဲကြီးကြီးနဲ့ ခြေရာခံစုံစမ်းခဲ့တယ်လေ။ အခုတော့ ကျွန်မ ရန်ကုန်မှာရှိနေခဲ့တယ်ဆိုတာကို သူသိထားတယ်။ ဒါပေမဲ့ ကျွန်မရဲ့လိပ်စာကိုတော့ သူအတိအကျ မသိရသေးပါဘူး'

'သူအခု ရန်ကုန်မှာရှိနေတယ်ဆိုတာကို ခင်ဗျားက ဘယ်လိုလုပ်သိရတာလဲ'

တင်မောင်ဆွေက အကဲစမ်း၍ မေးကြည့်လိုက်ကာ သူမ၏ မျက်နှာကလေးကိုလည်း စေ့စေ့စပ်စပ်အကဲခတ်ကြည့်နေလိုက်သည်။

'ကျွန်မ… ကျွန်မရဲ့မိတ်ဆွေတစ်ယောက်ဆီကပါ။ ကိုမြိုင်ကြီးဟာ အခု ဦးသန်းရှိန်ဆိုတဲ့ လူတစ်ယောက်ဆီမှာ အလုပ်လုပ်နေတယ်ရှင့်။ သူက အဲဒီလူနဲ့ပဲ အတူတူနေနေတယ်။ တာမွေလမ်းထဲမှာလေ။ ကျွန်မက ဘယ်မှာနေပြီး ဘာလုပ်နေတယ်ဆိုတာကို သူကတော့ မသိသေးပါဘူး။ ဒါပေမဲ့ ဆိုးတာက သူ့အလုပ်ရှင် ဦးသန်းရှိန်နဲ့ ကျွန်မလက်ထပ်မယ့် ဦးစောဝင်းဆိုတာက တော်တော်ရင်းနှီးကြတဲ့ လူတွေရှင့်၊ အတူတူတွဲလုပ်ကြတဲ့ စီးပွားရေးသမားကြီးတွေပဲဆိုပါတော့'





ရီရီညွန့်သည်မျက်တောင်ကော့ကြီးတွေကို တဖျပ်ဖျပ်ခတ်ထိုက်ကာ တင်မောင်ဆွေအားကြည့်လိုက်ပြီးမှ စကားဆက်ပြန်သည်။

'ဒီတော့ ကျွန်မတွေ့နေရတဲ့ အခက်အခဲကြီးကို ကိုတင်မောင်ဆွေပဲ စဉ်းစားကြည့်တော့လေ။ ကျွန်မ ဦးစောဝင်းကို လက်ထပ်လိုက်ဦးတော့ ပြဿနာက သိပ်ပြေလည်ဦး မှာမဟုတ်ဘူးရှင့်။ သူဟာ သူ့မိတ်ဆွေရဲ့ ဒရိုင်ဘာမိန်းမဟောင်းကို လက်ထပ်မိပါကလားဆိုတာ သူသိသွားရရင် သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်နေလိမ့်မယ်ဆိုတာကို ရှင်ပဲ စဉ်းစားကြည့်ပါတော့လေ။ သူ့မိတ်ဆွေတွေက သူ့ကို ဘယ်လောက်ဝိုင်းလှောင်ကြလိုက်မလဲလို့။ ပြီးတော့ ကိုမြိုင်ကြီးဆိုတာကလည်း အခုထက်ထိ ကျွန်မကို ကြေချမ်းသေးတာ မဟုတ်ဘူး။ အို… ကျွန်မတော့ တွေးကြည့်တိုင်း စိတ်ညစ်မိပါတယ်ရှင်'

ရီရီညွန့်သည် စကားအဆုံးသတ်လိုက်ပြီးနောက် ခေါင်းကလေးငုံ့လိုက်သည်။ သူမ၏ ပခုံးကလေးများသည်လည်း မတ်မနေနိုင်ဘဲ ခပ်လျှောလျှောဖြစ်သွားကြသည်။ တင်မောင်ဆွေကတော့ သူမအား ကြည့်ကာ ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

'အင်း… ကျွန်တော် သဘောပေါက်လာပါပြီ။ ကဲ… ရီရီညွန့် အဝတ်သွားလဲချေဗျာ၊ ကျွန်တော်တို့ အပြင်ထွက်ကြရအောင်'

'ရှင် ဘာသဘောပေါက်တာလဲ'

'ခင်ဗျားက ကျွန်တော့်ကို ဘယ်လိုအသုံးပြုဖို့ ကြိုးစားခဲ့တယ်ဆိုတာလေ'

'အို… ကျွန်မ'



www.burmeseclassic.com

www.burmeseclassic.com



'ထားလိုက်ပါတော့ ဒါနဲ့ ခင်ဗျားတိုက်ခန်းထဲ
အိမ်ထောင်ပရိုဘောဂတွေက ဘယ်ကရတာလဲ ရောထွေးနေလို့
ကြည့်တာပါ။ တချို့က အပေါ်စား၊ တချို့ကတော့ တက
အကောင်းစားတွေဖြစ်နေတယ်'

တင်မောင်ဆွေက အခန်းထဲရှိ အိမ်ထောင်ပရိုဘောဂများ
ဆီသို့ လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်သည်။

'အများဆုံးကတော့ တိုက်ခန်းနဲ့ အတူပါတဲ့ဟာတွေပါ'

'ဒီအဖိုးတန် ကော်ဇောနဲ့ ပိုအဖုံးနဲ့စားပွဲကကော'

'အင်း… ရှင်ကတော့ တော်တော်မြင်တတ်တာပဲ။ အဲ
နှစ်ခုက ကျွန်မကို ဦးစောဝင်းက ပေးထားတာရှင့်။ သူက ကျွန်မတို့
လက်ထပ်ပြီးရင် ပဲခူးမှာတစ်လှည့်၊ ဒီမှာတစ်လှည့်နေကြဖို့ စီစဉ်
ထားတယ်။ ဒါပေမဲ့ သူက အိမ်ထောင်ပရိုဘောဂရွေးတာမှာ
သိပ်ဇီဇာကျယ်တယ်။ ဒါကြောင့် ကျွန်မတို့လက်ထပ်ပြီးရင် ဒီတိုက်
ခန်းထဲက အိမ်ထောင်ပရိုဘောဂတွေကို အကုန်လဲပစ်ဖို့ စီစဉ်ထား
တယ်။ ဒီတော့ အခုကတည်းက သူက ကျွန်မဆီကို တစ်ခု
နှစ်ခုစပို့ထားတယ်။ ဥပမာဆိုရင် ဟောဒီကော်ဇောဟာ တနင်္ဂနွေ
နေ့က ကျွန်မဆီကိုရောက်လာတယ်။ အဲဒါများ သူ့အိမ်ကို လာကြည့်
ပေးနေတဲ့ သူ့အစ်မဝမ်းကွဲက ကျွန်မဆီကို မနေ့က သံကြိုးရိုက်ပြီး
ကျွန်မဆီကို ကော်ဇောတစ်ချပ် ပို့လိုက်သလားလို့ မေးသေးတယ်
လေ။ ဒီမိန်းမက ကျွန်မကို မနာလိုဖြစ်နေတာရှင့်။ ဦးစောဝင်း
သူ့မိန်းမနဲ့ ကွဲကတည်းက အဲဒီမိန်းမက ဦးစောဝင်းအိမ်ကို
နေ့ဘက်မှာလာပြီး ချက်ပြုတ်ရှင်းလင်း သုတ်သင်ပေးနေတာ။
ဒါပေမဲ့ ကျွန်မနဲ့ ဦးစောဝင်းလက်ထပ်ပြီးရင်တော့ ဒီမိန်းမကြီး





ွက် နေရာမရှိတော့ဘူးလေ'

ရီရီညွန့်က တော်တော်ခံပြင်းသော လေသံကလေးဖြင့်
ပြောလိုက်ခြင်းဖြစ်သည်။ တင်မောင်ဆွေက ထပ်၍ မေးခွန်းထုတ်
လိုက်ပြန်သည်။

'နေစမ်းပါဦး ကောဇောပေးတာကို ခင်ဗျားဆီတကူးတက
ကြိုးရိုက်မေးနေရသေးသလား။ ဘာဖြစ်လို့ ဦးစောဝင်းကို မမေး
တာလဲ'

'ဦးစောဝင်းက တနင်္လာနေ့ ဖနံရိုက ခရီးထွက်သွားခဲ့
ကိုးရှင့်။ သူက အရောင်းအဝယ်ကိစ္စတစ်ခုနဲ့ ခရီးထွက်သွားရ
ယ်လို့ ရှင့်ကို ကျွန်မပြောထားတယ် မဟုတ်လား'

'ကဲ… ရီရီညွန့်' နောက်ကျတော့ စကားဆက်ပြောကြ
သေးတာပေါ့။ အခုတော့ ကျွန်တော်တို့ အပြင်ခဏသွားကြရအောင်
တ်သွားလဲချေဗျာ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၉

ရီရီညွန့်နှင့်တင်မောင်ဆွေတို့သည် သူမ၏တိုက်ခန်းထဲ
ထွက်လာကြပြီး လှေကားပေါ်မှ အတူယှဉ်တွဲ၍ ထွက်လာကြသည်
ရီရီညွန့်မှာကြက်သွေးရောင် စိန်ကတ္တီပါကုတ်အင်္ကျီနှင့်ကြည်ပြ
ရောင်ပိုးထဘီတို့ကို ဝတ်ဆင်ကာ ဦးခေါင်းတွင်ကြည်ပြာရောင် ဖဲ
ပုဝါကလေးကို ခေါင်းဆိုင်း၍ ချည်ထားသည်။

'နေပါဦးကိုတင်မောင်ဆွေရယ်၊ အခု ကျွန်မတို့ ဘယ်သွာ
ကြမှာလဲ'

ရီရီညွန့်သည် အဆောက်အဦထဲမှ လမ်းပေါ်သို့ထွက်လာ
ပြီး တင်မောင်ဆွေအားမေးလိုက်ရာက ရုတ်တရက် ခြေလှမ်းမျာ
တန့်သွားရသည်။ သူမသည် လမ်းတစ်ဖက်သို့ လှမ်းကြည့်ပြီး မျ
မှောင်ကလေးကြုတ်လိုက်သည်ကို တင်မောင်ဆွေက သတိပြု
လိုက်သည်။

'ဘာဖြစ်လို့လဲ ရီရီညွန့်'

'ဟိုဟာ ကျွန်မကားပဲ'





'ဘယ်မှာလဲ'

'ဟိုမှာ လမ်းဘေးမှာ ရပ်ထားတာလေ တိုက်ဘေးလမ်း
ကြားထိပ်မှာ ရပ်ထားတဲ့ မောရစ္စကားကလေးဟာပေါ့'

'သေချာရဲ့လား'

'သေချာသလောက်ပါပဲ ဘယ်နှယ့်အပြင်ရောက်နေရတာ
လဲ ကျွန်မ ကားရုံထဲမှာ ထားခဲ့တဲ့ဟာပဲ'

'သွားကြည့်ပါဦးလေ'

သူတို့နှစ်ယောက်သည် လမ်းကို ဖြတ်ကျော်လိုက်ကြပြီး
ကားရုံများရှိရာသို့ ဝင်သည့်လမ်းကြားထိပ်ကို မျက်နှာပြုလျက် ရပ်
ထားသော မောရစ္စကားကလေးဆီသို့ လျှောက်လာခဲ့ကြသည်။

ရီရီညွန့်သည် ကားကလေးအတွင်းသို့ ငုံ့ကြည့်လိုက်ပြီး…

'အို… ကျွန်မကားအစစ်ပေါ့။ ကားသော့တွေကလည်း
တန်းလန်းကြီးနဲ့'ဟု အာမေဋိတ်သံကလေးဖြင့် ရေရွတ်လိုက်သည်။

'ခင်ဗျားက ကားသော့ကို အမြဲတမ်းဒီလိုပဲ တန်းလန်းထား
ခဲ့တဲ့ အကျင့်ရှိသလားဗျာ'

'ကားကိုရုံထဲသွင်းပြီးရင်တော့ ဒီအတိုင်းပဲထားခဲ့တတ်တာ
ပေါ့လေ။ ကားရုံတံခါးကို အပြင်က သော့ခတ်ထားလိုက်ရင် ပြီးတာပဲ
ရှင့်'

'ခင်ဗျားက ဒီကနေ့တစ်နေ့လုံး ကားကို တစ်ခါမှမသုံး
ခဲ့ဘူးလား'

'ဟင့်အင်း'

'နို့… ကျုပ်ဆီလိုက်လာတုန်းက ဘာနဲ့လာခဲ့သလဲ'

'ကိုကောင်းစိန်ကားနဲ့ လာခဲ့တာပါရှင့်'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက ပခုံးများကို တွန့်ပစ်လိုက်သည်။

'ကောင်းပြီလေ၊ အခု ခင်ဗျား ဘာလုပ်ချင်သလဲ၊ ဆေ ယူပြီး ကားကို ဒီအတိုင်းပဲ ထားခဲ့မလား။ ဒါမှမဟုတ်'

'ကျွန်မ ကားရုံထဲမှာ ပြန်ထားလိုက်ချင်တယ်'

ရီရီညွန့်သည် ပြောပြောဆိုဆို ကားတံခါးကိုဆွဲဖွင့်ပြ စတီယာရင်အောက်တွင် ဝင်ထိုင်လိုက်သည်။ ပြီးလျှင် သော့ ဖွင့်လျက် ဆဲလ်ပ်စတတ်တာကိုနင်းပြီး စက်နှိုးလိုက်သည်။

ဆဲလ်ပ်စတတ်တာသံသည် တဂျီဂျီမြည်လာကာ အင်ဂျ စက်က နိုးလာသော်လည်း စက်လည်ပုံမမှန် မြန်သွားလိုက် နှေးသွ လိုက်နှင့် တုံ့ဆိုင်းတုံ့ဆိုင်းဖြစ်နေကာ ဖုံးခနဲဖုံးခနဲ အိပ်ဇောပိုက် ဘက်ပိုင်းယားပေါက်ကွဲသံနှစ်ချက်က ဆက်တွက်လာသည်။

'ဆီ ဒိုင်မျှများနေပြီ ထင်တယ်၊ ချုတ်ကို သိပ်မဆွဲနဲ့ဆေ

'မဆွဲပါဘူးရှင့်'

'ကဲ… ကျုပ်ကားရုံဆီလျှောက်သွားနှင့်ပြီး ကားရုံတံခါ ဖွင့်ပေးထားမယ်။ မောင်းလိုက်လာပေတော့ အင်ဂျင်စက်သံက သိ မမှန်ပါကလား'

'ဟုတ်တယ် ကိုတင်မောင်ဆွေ၊ ဒါတောင် ကိုကောင်း က အင်ဂျင်စက်မှာ ဝိုင်ယာရင်အသစ်ပြန်တပ်ပေးထားတာ ဘာ မကြာသေးဘူး'

'အင်း… ဝိုင်ယာတွေဆက်တာ မှားနေလို့ဖြစ်မှာပေ ကဲ… ကားရုံထိတော့ မောင်းယူလာလို့ရမှာပါပဲ၊ ကျုပ်ရှေ့ လျှောက်သွားပြီး တံခါးဖွင့်ထားလိုက်မယ်'

တင်မောင်ဆွေသည် လမ်းကြားကလေးအတိုင်း ကား





ဆီသို့ လျှောက်ခဲ့သည်။ သူ့ကျောဘက်မှ ရီရီညွန့်သည် သူမ၏ ကားကို စက်သံတဖုတ်ဖုတ် တချက်ချက် တထိုင်းထိုင်းမြည်စေ ကာ ဖြည်းညင်းစွာ မောင်း၍ လိုက်လာသည်။ သူမ၏ ကားရှေ့ မီးမှမီးရောင်တန်းသည် မကြာခင် ကားရုံတံခါးကို ထိုးပြလိုက် သည်။ တင်မောင်ဆွေသည် ကားရုံ၏လက်ယာဘက် တံခါးရွက် ကိုအရင်ဆွဲဖွင့်လိုက်ပြီး၊ လက်ဝဲဘက်တံခါးရွက်ကို ဖွင့်ရန် အတွင်း ချက်ကို စမ်းသပ်ရှာဖွေလိုက်သည်။ သို့ရာတွင် သူသည် ရုတ် တရက် တုံ့ဆိုင်းသွားတော့သည်။

ထိုးဝင်လာသော ကားမီးရောင်တန်းသည် ကားရုံအတွင်း မြေကြီးပေါ်တွင် လဲကျနေသော လူတစ်ယောက်၏ သဏ္ဌာန်ကို ဖော်ပြလိုက်သောကြောင့် ဖြစ်လေသည်။

ရီရီညွန့်၏ ကားစက်သံသည် တဖုတ်ဖုတ်မြည်နေရာက ရော့ကျသွားကာ လုံးလုံးကြီးရပ်သွားတော့သည်။ ရီရီညွန့်သည် ကားတံခါးဖွင့်လျက် ဆင်းလာပြီး တင်မောင်ဆွေဘေးသို့ လျှောက် လာကာ ကားရုံအတွင်းသို့ လှမ်းကြည့်လိုက်သည်။

'ဘာဖြစ်တာလဲ ကိုဆွေ၊ အထဲက ဘယ်သူလဲဟင်'

'ဒီလူဟာ ကားရုံထဲမှာ ဝင်အိပ်နေတာလား၊ ဒါမှမဟုတ် အထိရာရလဲနေတာလား၊ သေနေတာလားပဲ'

တင်မောင်ဆွေသည် ပြန်ဖြေရာက ကားရုံ၏ တံခါးရွက် ချက်ကိုဖြုတ်လျက် ဆွဲဖွင့်လိုက်ရာ ကားရုံထဲသို့ လှမ်းဝင်လိုက်သည်။ ရီရီညွန့်က ကားရှေ့မှခေါင်းမီးများကို ထွန်းထားခဲ့သည်ဖြစ်ရာ မီး ရောင်တန်းအောက်တွင် ကားရုံထဲမှ လူ၏ဦးခေါင်းအနီးတွင်အိုင် ထွန်းနေသော သွေးကွက်နီနီကြီးကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ နားသယ်တစ်ဖက်တွင်တော့ မည်းနက်သော ကျည်ဆံပေါက်ကလေးကို တင်မောင်ဆွေက တွေ့လိုက်ရသည်။

'အင်း... ဒီလူတော့ သေနေတာပဲ ရီရီညွန့်'

ရီရီညွန့်သည် ရှေ့သို့ခြေတစ်လှမ်းတိုးမည်လုပ်ပြီးမှ နောက်သို့ပြန်ဆုတ်လိုက်သည်။ ပင့်သက်တစ်ချက် ရှိုက်လိုက်သံကိုလည်း တင်မောင်ဆွေက ကြားလိုက်ရသည်။

'ဘာ... ဘာလုပ်တာလဲဟင်၊ ရှင် ဘာလုပ်တာလဲ၊ ရှင် ကျွန်မကို အမှုဆင်တာပေါ့လေ'

မေးလိုက်သံကလေးမှာ တုန်ယင်လျက် မှုမမှန်ဘဲ ရှိနေသည်။

'ဒီမေးခွန်းကို ကျွန်တော်ကသာ ပြန်မေးရမှာပါ ရီရီညွန့်'

'ရှင် ကျွန်မဆီကိုလာပြီး သေနတ်အကြောင်း မေးနေကတည်းက ရှင် ကျွန်မအပေါ် တစ်ခုခုကြံနေပြီဆိုတာ ကျွန်မရိပ်မိခဲ့ဖို့ကောင်းတယ်'

'ဒီမှာ ရီရီညွန့် သေတဲ့လူဟာ ဘယ်သူလဲဆိုတာကိုလည်း သေသေချာချာ ကြည့်ပါဦးလေ'

ရီရီညွန့်က ထိုအခါမှ အလောင်းကိုသေချာစွာ ငုံ့ကြည့်လိုက်သည်။ ပြီးမှ 'အို... မြတ်စွာဘုရား'ဟု ရေရွတ်လိုက်ကာ တင်မောင်ဆွေ၏ လက်မောင်းတစ်ဖက်ကို ဖက်တွယ်ထားလိုက်လေသည်။

နသယ်တွင် သေနတ်ဒဏ်ရာတစ်ချက်ဖြင့် ရီရီညွန့်၏ ကားရုံထဲတွင် အသက်ပျောက်နေသူကား ရီရီညွန့်၏ ပထမလင်ကိုမြင့်ကြီးပင်ဖြစ်နေသောကြောင့်တည်း။

❖ ❖ ❖

## အခန်း - ၁၀

တင်မောင်ဆွေသည် အင်မတန်တုန်လှုပ်နေသော အမူအရာရှိနေသူ ရီရီညွန့်အား သူ့လက်မောင်းမှ ညင်သာစွာ ဆွဲခွာလိုက်သည်။

'ရီရီညွန့် ဒီအကြောင်းကို ခင်ဗျားကိုယ်တိုင် ရဲဘက်ကိုတိုင်ရလိမ့်မယ်'

ရီရီညွန့်က ဘာမှပြန်မဖြေ၊ ကြောက်ရွံ့၍ သက်မကင်းဖြစ်နေသော မျက်လုံးများဖြင့်သာ တင်မောင်ဆွေအား ကြည့်နေလိုက်သည်။

'ရဲဘက်ကို တိုင်တဲ့အခါကျတော့လည်း ကျုပ်ကို ခင်ဗျားပြောတာထက် ယုတ္တိရှိရှိပြောဖို့ သတိထားပါ'ဟု တင်မောင်ဆွေက ဆက်ပြောလိုက်သည့်အခါတွင်မှ...

'ရှင် ဘာဆိုလိုတာလဲ'ဟု သူမက ပြန်မေးလိုက်သည်။

'ရဲဘက်က ဘယ်လိုအမြင်နဲ့ မြင်မယ်ဆိုတာကို ကျုပ်ပြောပြမယ် ရီရီညွန့်၊ အခုသေနေတဲ့လူဟာ ခင်ဗျားရဲ့ယောက်ျားဟောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ။ ဒါတင်မကဘူး။ လောကကြီးမှာ ခင်ဗျားအလိုချင်ဆုံးဖြစ်နေတဲ့အရာတွေကို ရဖို့ကိစ္စမှာ သူက ကြားထဲ ကန့်လန့်ခံနေတယ်။ ခင်ဗျားဟာ ဦးစောဝင်းနဲ့ လက်ထပ်ဖို့ အခွင့်အရေးရထားတယ်။ ဒါပေမဲ့ ကိုမြိုင်ကြီးရှိနေသရွေ့ ခင်ဗျားဟာ ဦးစောဝင်းကို ယူဖို့ခက်နေတယ်။ ဒီတော့ ကိုမြိုင်ကြီး သေမှပဲ ခင်ဗျားပြဿနာက ပြေလည်သွားမယ် မဟုတ်လား'

'အို… ရှင်… ရှင်က ကျွန်မ… ကျွန်မ သူ့ကို သတ်ပစ်လိုက်တယ်လို့ ယိုးစွပ်နေတာလား'

'ကျုပ်က ယိုးစွပ်တာ မဟုတ်ဘူး၊ ရဲဘက်က ဒီလိုယိုးစွပ်စရာအကြောင်းရှိတယ်ဆိုတာ ကျုပ်က ရှင်းပြနေတာဗျ'

'ကျွန်မ… ကျွန်မတော့ ဒုက္ခပါပဲရှင်၊ ကျွန်မ… ကျွန်မဘာလုပ်ရမလဲဟင်'

ရီရီညွန့်က တင်မောင်ဆွေ၏လက်မောင်းကို တင်းကြပ်စွာဆုပ်ကိုင်လိုက်ပြန်ရာက ငိုသံပါကလေးဖြင့် မေးလိုက်ခြင်းဖြစ်သည်။

'ကားကို ဒီမှာပဲထားခဲ့။ ပြီးတော့ ရဲဘက်ကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြားပေါ့။ ကားခေါက်မီးကို ပိတ်ထားခဲ့။ ဒါကလွဲလို့ တခြားဘာကိုမှမထိနဲ့၊ မကိုင်နဲ့။ သူ့အတိုင်းပဲရှိနေပါစေ။ ကဲ… ရဲဘက်ကို တယ်လီဖုန်းဆက်ကြရအောင်'

တင်မောင်ဆွေက ရီရီညွန့်၏ လက်မောင်းကလေးတစ်ဖက်ကို ဆုပ်ကိုင်ကာ ကားရုံထဲမှ ဆွဲခေါ်ထုတ်ခဲ့သည်။ လမ်းကြားကလေးထဲမှ ထွက်လာခဲ့ကြပြီးလျှင် တင်မောင်ဆွေသည် လမ်းတစ်ဖက်ရှိအများသုံး တယ်လီဖုန်းရုံကလေးဆီသို့ မေးငေါ့ပြလိုက်သည်။

'ကဲ… အဲဒီ တယ်လီဖုန်းနဲ့ပဲ ရဲဘက်ကို ဖုန်းဆက်ပေ





တော့။ ခင်ဗျားမှာ ပိုက်ဆံတစ်မတ် အလွယ်ရှိရဲ့လား'

'ဟင့်အင်း…'

'ရော့'

တင်မောင်ဆွေက သူ့အိတ်ကပ်ထဲတွင် အဆင်သင့်ရှိနေသော ပိုက်ဆံအကြွေတစ်မတ်ကို ထုတ်ပေးလိုက်သည်။

'စုံထောက်ဌာနချုပ်ကိုခေါ်'

'ကိုတင်မောင်ဆွေ ရှင် ကျွန်မကို စောင့်နေပါဦး'

'ဆောရီးပဲ မရီရီညွန့်၊ ကျွန်တော် သွားစရာရှိသေးတယ်'

'အို… ဒါပေမဲ့ ကျွန်မက အလောင်းကြီးကိုတွေ့ရတော့ ရှင်လည်း ကျွန်မနဲ့အတူရှိနေခဲ့တာကိုတော့ ရဲဘက်ကို ကျွန်မ ပြောပြရလိမ့်မယ်'

'ပြောပါလေ၊ ကဲ… သွားပြီးဖုန်းဆက်ချေတော့'

ရီရီညွန့်သည် လေးလံသောခြေလှမ်းများဖြင့် တယ်လီဖုန်းရုံကလေးဆီသို့လျှောက်သွားကာ ခြေလှမ်းများ တုန့်ဆိုင်းသွားပြီး တင်မောင်ဆွေအား လှည့်ကြည့်လိုက်သည်။ တင်မောင်ဆွေက သူမအား သွားလေဟု လက်ပြလိုက်မှ တယ်လီဖုန်းရုံထဲသို့ တံခါးဖွင့်၍ဝင်လိုက်သည်။

သူမက ပိုက်ဆံတစ်မတ်ကို ပုံးထဲသို့ထည့်လိုက်ပြီး တယ်လီဖုန်းကို ကောက်ယူလိုက်သည်အထိ တင်မောင်ဆွေက စောင့်ကြည့်ပြီးမှ သူသည် ကားရပ်ထားရာသို့ ခပ်သုတ်သုတ်လျှောက်ခဲ့ကာ ကားကို မောင်းထွက်ခဲ့သည်။ မြေနီကုန်းသို့ရောက်လျှင် အများသုံးတယ်လီဖုန်းရုံကလေးသို့ဝင်ကာ သူ့တိုက်သို့ ဖုန်းဆက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာလို'ဟု မေစီက တစ်ဖက်မှ ပြန်ထူးလိုက်သည်။

'ကိုဆွေလေ အစီ၊ ဦးသန်းရှိန် စောင့်နေတုန်းပဲလား'

'ဟင့်အင်း… ကိုဆွေ တယ်လီဖုန်းဆက်ဖို့ဆိုပြီး အောက်ဆင်းသွားတာ အခုထက်ထိ ပြန်မလာသေးဘူး'

'သူ ထွက်သွားတာ ဘယ်လောက်ကြာပြီလဲ'

'ငါးမိနစ်လောက်တော့ရှိပြီ ကိုဆွေ'

'အစီတိုက်ကို ပြန်ရောက်တော့ သူ့ကားနဲ့ဒရိုင်ဘာက တိုက်ရှေ့မှာစောင့်နေတာကို အစီကိုယ်တိုင် တွေ့ရတယ်နော်'

'ဟုတ်တယ် ကိုဆွေ'

'အဲဒီတုန်းက ဘယ်အချိန်လဲ'

'အစီပြန်ရောက်တော့ ငါးနာရီထိုးပြီးကာစ ရှိသေးတယ်။ လွန်ခဲ့တဲ့ တစ်နာရီကျော်လောက်က ဆိုပါတော့'

'ဦးသန်းရှိန်ရဲ့ကားဆိုတာ သေချာတယ်နော်'

'သေချာပါတယ် ကိုဆွေရဲ့၊ အစီက ကားနံပါတ်ကို တွေ့လိုက်ရတာပဲ'

'ကားပေါ်မှာ ဒရိုင်ဘာရှိနေတာလည်း သေချာတယ်နော်'

'သေချာပါတယ်'

ဤအတိုင်းဆိုပါက လွန်ခဲ့သည့် တစ်နာရီကျော်ခန့်ကဆိုလျှင် ကိုမြိုင်ကြီးသည် အသက်ရှင်လျက်ပင် ရှိနေသေးပေသည်။

'ဦးသန်းရှိန်ကလည်း တိုက်မှာပဲ လွန်ခဲ့တဲ့ ငါးမိနစ်ထိရှိနေခဲ့တယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ အဲ… အစီက ကိုဆွေ့ကိုစောင့်နေရမယ်လို့ သူ့ကိုပြောပြတော့ သူက အောက်ကိုဆင်းပြီး ကားနဲ့ ဒရိုင်ဘာ





ကို ပြန်လွှတ်လိုက်တာက လွဲလို့ပေါ့လေ'

'သူဆင်းသွားတာ ဘယ်လောက်ကြာသလဲ'

'နှစ်မိနစ်၊ သုံးမိနစ်လောက်ပါပဲ၊ ဘာဖြစ်လို့လဲ ကိုဆွေ'

'ဖုန်းကနေပြောလို့ မဖြစ်ဘူးအစီရဲ့၊ ဒီမှာ ဦးသန်းရှိန်ပြန်ရောက်လာရင် ကိုဆွေ ဒီည ပြန်လာမှာ မဟုတ်တော့ဘူးလို့ ပြောပြီး ပြန်လွှတ်လိုက်ပေတော့'

'ကောင်းပြီ ကိုဆွေ၊ ဒါပေမဲ့ ကိုဆွေက သူ့ကိုတွေ့ချင်နေတာလို့ အစီကထင်နေမိတာ'

'အခုတော့ မတွေ့ချင်တော့ပါဘူး၊ ပြီးတော့ အစီကတော့ ကိုဆွေကို တိုက်ကပဲစောင့်နေနော်'

'ကောင်းပြီ ကိုဆွေ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၁

ညအချိန်ဖြစ်သော်လည်း တင်မောင်ဆွေ၏အလုပ်တိုက်ခန်းမှာ မီးတွေထိန်လင်းလျက် ရှိနေသေးပေသည်။

မေစီသည် သူမ၏ စားပွဲတွင် စိတ်ပူစွာထိုင်စောင့်နေရာမှ တံခါးကိုတွန်းဖွင့်ပြီး ခပ်သုတ်သုတ်ဝင်ရောက်လာသော တင်မောင်ဆွေကို တွေ့လိုက်ရလျှင် စိတ်သက်သာရာရသွားပြီး ထိုင်ရာမှ ကပျာကယာ ထလိုက်လေ၏။

'ကိုဆွေ ဘာများအရေးကြီးလာတာလဲဟင်၊ ဘာဖြစ်လာလို့လဲ'

'နေဦးအစီ၊ ဦးသန်းရှိန်ကို ပြန်လွှတ်လိုက်ပြီလား'

မေစီမေးသည်ကို မဖြေသေးဘဲ တင်မောင်ဆွေက ပြန်၍မေးခွန်းထုတ်လိုက်သည်။

'သူ ဖုန်းဆက်စရာရှိတယ်ဆိုပြီး ဆင်းသွားတာ တစ်ခါတည်းပေါ်မလာတော့ဘူး ကိုဆွေရယ်'

တင်မောင်ဆွေက မေစီ၏စားပွဲတွင် တင်ပါးလွှဲဝင်ထိုင်





လိုက်ပြီးမှ မေစီကိုကြည့်ကာ ပြောစရာရှိသည်တို့ကို တစ်လုံးချင်း ပြောပြလိုက်သည်။

'ဦးသန်းရှိန်ရဲ့ ဒရိုင်ဘာကိုမြိုင်ကြီးတဲ့ အစီ၊ သူဟာ ရီရီညွန့်ရဲ့ပထမလင် ဖြစ်ခဲ့ဖူးတယ်လေ။ ဦးသန်းရှိန်က ကိုဆွေ့ကို စောင့်ဦး မယ်ဆိုပြီး သူ့ကားနဲ့ဒရိုင်ဘာကို ပြန်လွှတ်လိုက်တော့ ကိုမြိုင်ကြီး ဟာ ရီရီညွန့်ဆီကို ချက်ချင်းလိုက်သွားခဲ့ဟန်တူတယ်။ အဲဒီအချိန်မှာ ကိုဆွေက ဦးသန်းရှိန်ရဲ့ အိမ်အောက်မှာရောက်နေတယ်လေ။ အခုတော့ ကိုမြိုင်ကြီးရဲ့အလောင်းဟာ ရီရီညွန့်ရဲ့ ကားရုံထဲမှာ ရောက်နေလေရဲ့။ သူ့နသယ်မှာတော့ သေနတ်ဒဏ်ရာတစ်ချက်နဲ့ လက္ခဏာကိုကြည့်ရတာ ကိုမြိုင်ကြီးဟာ ကားရုံထဲမှာပဲ သေနတ်နဲ့တစ်ခါတည်း အသေပစ်သတ်ခံရတာပဲ အစီ'

မေစီသည် အံ့ဩခြင်းနှင့်အတူ ကြောင့်ကြခြင်းရောပြွမ်းနေသောမျက်နှာကလေးဖြင့် သူ့ချစ်သူအား ကြည့်လိုက်သည်။

'အဲဒါ ကိုဆွေက ဘာလုပ်မလို့လဲဟင်၊ ရီရီညွန့်ကိစ္စမှာ အင်ပတ်သက်နေဦးမလို့လား'

တင်မောင်ဆွေက နှာခေါင်းကိုရှုံ့ကာ ချက်ချင်းပင် ခေါင်းခါပြလိုက်၏။

'မပတ်သက်ချင်ပါဘူး အစီ။ မပတ်သက်အောင်လို့လည်း ကိုဆွေတို့က ပြင်ဆင်အမှုလုပ်ထားရလိမ့်မယ်'

'အင်း… တော်ပါသေးရဲ့ကိုဆွေရယ်'

မေစီသည် တော်တော်ကလေး စိတ်သက်သာရာရသွားဟန်တူပေ၏။ တင်မောင်ဆွေက စကားဆက်ပြန်သည်။ ရီရီညွန့်၏ ပထမလင်ဟောင်း အသတ်ခံရသောကိစ္စတွင် မိမိအကျိုးမင်ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်လာခြင်းမရှိရအောင် ဘယ်လိုဘယ်ပုံလုပ်မည်ဆိုသည်ကို သူက မေစီအားရှင်းပြလိုက်သည်။

'ကိုဆွေဟာ ရဲတွေနဲ့တော့ ရင်ဆိုင်ရဦးမှာပဲ အစီရဲ့ အဲသလိုရင်ဆိုင်ရတဲ့အခါမှာ ပွင့်ပွင့်လင်းလင်း ရင်ဆိုင်တာဟာ အကောင်းဆုံးပဲ၊ ရီရီညွန့်ဟာ ကိုဆွေ့အမှုသည်လည်း မဟုတ်ခဲ့ဘူး ဒီတော့ သူ့ကို ကိုဆွေက ရဲတွေကိုအမှန်အတိုင်း ဖွင့်ပြောဖို့အကြံ ပေးခဲ့တယ်။ ကိုယ်ဆွေကိုယ်တိုင်လည်း ရဲတွေကို အမှန်အတိုင်း ဖွင့်ပြောမှာပဲ'

'ကိုဆွေ့ဆီကို ရောက်လာတဲ့စာတွေအကြောင်းကိုလား'

'ဟုတ်တယ် အစီ၊ အားလုံးကိုအမှန်အတိုင်း ဖွင့်ပြောရမှာ ပဲ။ ဟိုစာနှစ်စောင်ကို အသင့်ထုတ်ထား အစီ၊ စာတွေနဲ့ အတူပါလာ တဲ့သော့နှစ်ချောင်းကိုပါ ရဲတွေလက်ထဲ ကိုဆွေ အပ်လိုက်ရမယ်'

'ရဲတွေက ကိုဆွေ့ဆီ ဘယ်တော့ရောက်လာကြမှာလဲ'

'သူတို့က ပထမရီရီညွန့်ကို စစ်ကြလိမ့်ဦးမယ်။ ပြီးတော့ အခုလောလောဆယ်မှာ ကိုဆွေ ရဲတွေကို ရင်မဆိုင်ချင်သေးဘူး သူတို့ရောက်လာတဲ့နောက် ကိုဆွေဟာ သူတို့နဲ့ ဘယ်လောက်အချိ ကုန်ဦးမလဲဆိုတာ မပြောနိုင်ဘူး။ ကိုဆွေကဒီမတိုင်မီမှာ လုပ်စရာ ရှိတာလုပ်ချင်သေးတယ်။ အစီနဲ့ကိုဆွေ ညစာသွားစားကြရအောင် ပြီးတော့ ဂျင်မီ့ကိုလည်း တာဝန်တစ်ခုပေးရဦးမယ်။ ဒီကောင်ရှိသေး တယ်မဟုတ်လား'

'ခုနက ပြန်လာပြီး ပြန်ထွက်သွားတယ်၊ ဝင်းဘားမှာ မယ်လို့ပြောတာပဲ'

တင်မောင်ဆွေသည် တယ်လီဖုန်းကို ကောက်ယူလိုက်ကာ





ခွက်ထဲတွင် ဝင်းဘားနှင့်ပျော်ပွဲစားရုံ၏ နံပါတ်စဉ်ကို လှည့်လိုက် သည်။ ထောင်ကဲကြီးက ပြန်ဖြေလျှင် ဂျင်မီစမတ်ကိုခေါ်ပေးရန် ပြောင်းလိုက်ရသည်။ ခေတ္တကြာလျှင် ဖုန်းနားခွက်ထဲမှ ဂျင်မီစမတ် ၏အသံက ထွက်ပေါ်လာသည်။

'ဂျင်မီလားဟေ့၊ ငါလေကွာ မင်းကို နှောင့်ယှက်ရဦးမယ် ဟေ့။ အားခြင်းတာဝန်တစ်ခုပေါ်လာလို့'

'အိုကေ ကိုဆွေ၊ ကျွန်တော် ဘာလုပ်ရမှာလဲ'

'စမစ်အင်ဝက်ဆင် ခြောက်လုံးပြူးသေနတ်တစ်လက် အကြောင်း စုံစမ်းပေးဖို့ပဲ။ ပွိုင့် ဘဲတီးအိတ်၊ ဆီရီယယ် နံပါတ် S. 65088 ပဲ။ အဲဒီသေနတ်ကို ဘယ်တုန်းကရောင်းလိုက်တယ်။ ဘယ်သူကဝယ်တယ်။ ဘယ်သူကလိုင်စင်ယူထားတယ်ဆိုတာ ငါ သိချင်တယ်ကွ၊ ပြီးတော့ ဦးသန်းရှိန်ရဲ့ဒရိုင်ဘာ မောင်မြိုင်ကြီးဆိုတဲ့ လူရဲ့ဘက်ခရောင်းကိုကော ငါသိချင်တယ်။ အဲဒါ မင်းရယ်၊ ချစ်လှိုင် ယ်၊ နောက်လူလိုရင်လည်း ထပ်ခေါ်ပေါ့။ လူနဲ့ပြီး အမြန်ဆုံးစုံစမ်း စုံစမ်းကွာ'

'အခု ညတွင်းချင်းပဲလားကိုဆွေ'

'အရေးကြီးပါတယ်ဆိုမှကွာ။ ငါ့အနေနဲ့ အမှုတစ်ခုမှာ တ်သက်မလိုဖြစ်နေတယ်ကွ။ အဲဒါ ငါကမပတ်သက်ချင်ဘူး။ ပတ်သက်အောင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေတာပဲ။ ငါအခု မေစီကိုခေါ်ပြီး အပြင်ထွက် ထမင်းစားမလို့၊ ငါပြန်ရောက်ရင် ရဲ ဘက်နဲ့ရင်ဆိုင်ရလိမ့်မယ်'

'ဟုတ်လား ဘာအကြောင်းဆိုတာ ပြောပြဦးမလား'

'ဒီကိစ္စမှာ မင်း သိမထားရင်ကောင်းလိမ့်မယ် ဂျင်မီ'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေသည် တယ်လီဖုန်းကိုပြန်ချလိုက်ကာ မေ
ကိုခေါ်၍ အလုပ်တိုက်ထဲမှထွက်ခဲ့ကြသည်။ ဝမ်းဟာဟာနှင့်ရဲ
ကိုရင်ဆိုင်ပြီး လူသတ်မှုတစ်ခုအကြောင်း စကားပြောရမည်ကို
မလိုလားပေ။

တင်မောင်ဆွေသည် မေစီအား တရုတ်အစားကော
ကောင်းရနိုင်သော တရုတ်တန်းမှ ဟော်တယ်တစ်ခုသို့ခေါ်ဆော
သွားကာ သီးသန့်အခန်းငယ်ကလေးတစ်ခန်းဝယ် နှစ်ယောက်သ
အေးအေးဆေးဆေး ညစာ မှာယူစားသောက်ကြပြီး တစ်နာရီ
ကျော်ကြာအောင် အချိန်ဆွဲအရသာခံ၍ စားသောက်ကြပြီး စာ
ထိုးက စားပွဲလာရှင်းသွားလျက် တင်မောင်ဆွေက စီးကရက်
လိပ်ကို မီးညှိလိုက်သည့်အခါတွင်မှ မေစီက တင်မောင်ဆွေ ရင်
ရဦးမည့် ကိစ္စကိုမေးလိုက်သည်။

'ကဲ ကိုဆွေရဲဘက်နဲ့ ရင်ဆိုင်ဖို့အသင့်ဖြစ်ပြီလား'

'ဘယ်သူနဲ့မဆို ရင်ဆိုင်ဖို့အသင့်ဖြစ်ပါပြီ အစီလေးရ

'ကဲ... ဒီလိုဆို ပြန်ကြရအောင် ကိုဆွေ'

တင်မောင်ဆွေနှင့်မေစီတို့သည် တရုတ်ဟော်တယ်မှထွ
လာကြကာ တင်မောင်ဆွေက သူ့ဖောက်စ်ဝက်ဂွန်ကားကလေး
အလုပ်တိုက်သို့ပြန်မောင်းခဲ့သည်။ တိုက်ရှေ့တွင် ကားသုံးစီး
ထားသော်လည်း ရဲကားနှင့်တူသော ကားဆို၍ တစ်စင်းတ
မတွေ့ရချေ။

အလုပ်တိုက်ခန်းထဲတွင်ကား ဂျင်မီကိုဖုန်းဆက်လျက်
တွေ့ရသည်။ ဂျင်မီက တယ်လီဖုန်းကိုမြင်လျှင်

'ဘယ့်နှယ်လဲဟေ့ ဂျင်မီ' ဟု တင်မောင်ဆွေကမေးလို





သည်။

'ကျွန်တော်တို့ ကံကောင်းတယ်ကိုဆွေ၊ ကိုဆွေသိချင်နေတဲ့
သေနတ်အကြောင်းကို ကျွန်တော်တို့သိရပြီ။ သေနတ်လိုင်စင်တွေ
ကိုင်တဲ့ ဦးအောင်ကြီးကို အတင်းခေါ်ပြီး လိုင်စက်ရက်ကော့တွေ
ကိုပြန်ကြည့်တော့ ဒီသေနတ်ကို ပဲခူးအထက်ရွှေချောင်းဆိုတဲ့ရွာ
က မြေပိုင်ရှင် ဦးဖုန်းဆိုတဲ့လူက ဝယ်ထားတယ်ဆိုတာ သိရတယ်'

'ဒါပေမဲ့ အခု ဒီသေနတ်ဟာ ဦးဖုန်းဆီမှာ မရှိတော့ဘူး
ကွ၊ ဦးဖုန်းက ဘယ်သူ့ကိုပြန်ရောင်းတယ်ဆိုတာ ငါသိချင်တယ်'

'အဲဒါကို ကျွန်တော်အခုကြိုးစားနေတယ်။ ပဲခူးမှာ
ကျွန်တော်တို့ကွန်ယက် (အဆက်)ရဲမှူးဟောင်း ကိုမြင့်ထူးရှိတယ်
ဟုတ်လား။ အဲဒါ သူ့ကို ခုညတွင်းချင်းပဲ သူ့ကိုရွှေချောင်းရွာ
လိုက်သွားပြီး ဦးဖုန်းဆီမှာ စုံစမ်းခိုင်းမလို့ဗျ။ ဒါပေမဲ့ ပဲခူးကို
ဖုန်းဆက်ကြည့်လို့ကို မရသေးဘူး'

'ဆက်ကြိုးစားကြည့်ပါဦးကွာ၊ ဒါနဲ့ ရဲတွေလာသေး
သလား'

'အခုထက်ထိတော့ ဘာရဲမှကို မလာသေးဘူး ကိုဆွေ'

တင်မောင်ဆွေက မေစီအား လှမ်းကြည့်လိုက်မိသည်။
အခုအချိန်ဆိုလျှင် ရဲဘက်က မိမိထံသို့ လိုက်လာချိန်တန်နေပြီ
ဖြစ်၏။

သို့သော် ၎င်းတို့သည် ရီရီညွှန့်အား မေးမြန်းစစ်ဆေးနေဆဲ
ဖြစ်ပေမည်။

'ရီရီညွှန့်ကများ ကိုဆွေ့အကြောင်းထည့်မပြောဘဲ
ခြုံထားလို့လားမှ မသိတာ'



www.burmeseclassic.com

www.burmeseclassic.com



မေစီက စဉ်းစဉ်းစားစားအမူအရာကလေးဖြင့် ပြောလို
ခြင်းဖြစ်သည်။

'ကိုဆွေ့အကြောင်းကိုပါ ထည့်ပြောဖို့ကို ကိုဆွေမှာလို
တာပဲအစီရယ်။ သူထည့်မပြောလို့လည်း မဖြစ်ဘူးလေ။ အလော
ကို သူနဲ့ ကိုဆွေအတူတူတွေ့ခဲ့ရတဲ့ဟာပဲ'

တင်မောင်ဆွေက သူ့လက်ပတ်နာရီကို မြှောက်ကြည့်လို
သည်။

'အင်း… ရဲတွေမလာသေးရင်လည်း ကိုဆွေလုပ်စရာ
တာကိုလုပ်ထားလိုက်ဦးမှထင်တယ်။ အစီ ဒီကနေစောင့်နေရစ်ကွ
ကိုဆွေ ဆေးရုံကြီးကိုလိုက်သွားပြီး မောင်မြင့်ရှိန်ကလေးနဲ့ သွား
လိုက်ဦးမယ်။ တကယ်လို့ ရဲတွေရောက်လာရင် ကိုဆွေအမှုတ
အတွက်အပြင်သွားနေတယ်လို့ ပြောပြလိုက်ပါ။ ပြီးတော့လ
ကိုဆွေတို့ သတင်းစာထဲမှာ ထည့်ခဲ့တဲ့ကြော်ငြာကိုပြပြီး မောင်
ရှိန်ကလေးကိစ္စကိုပါ သူတို့နားလည်အောင် ရှင်းပြလိုက်ပေါ့။
စာနှစ်စောင်နဲ့ သော့နှစ်ချောင်းကိုပါ သူတို့ကို အပ်လိုက်
ဟုတ်လား'

'အို… ကိုဆွေ၊ ဦးသန်းရှိန်အကြောင်းကိုကော ပြော
လိုက်ရမလား'

တင်မောင်ဆွေက ချက်ချင်းခေါင်းညိတ်ပြလိုက်၏။

'ပြောပြလိုက်ပါအစီ၊ ကိုဆွေတို့အနေနဲ့ ဘာမှ ဖုံးကွ
ထားစရာအကြောင်းမှမရှိတာ'

'လာကြတဲ့ရဲတွေက ဌာနချုပ်ကလာမှာလား'

'ဌာနချုပ်ကို ဖုန်းဆက်ခိုင်းထားတာပဲ အစီရဲ့၊ ကိုဆွေ





တ်ဆွေကြီးကိုသောင်းဖေလည်း ပေါက်ချလာမယ် ထင်ပါတယ်'

တင်မောင်ဆွေလည်း အချိန်ရခဲ လုပ်စရာရှိသမျှကို လုပ်
ားပြီးရန် အလုပ်တိုက်မှဆင်းခဲ့ပြီး သူ့ကားကလေးကို ရန်ကုန်
ေးရုံကြီးဘက်သို့ ဦးလှည့်လိုက်ပြန်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၂

တင်မောင်ဆွေသည် သူရထားသော အထူးပတ်စ်လက်မှတ်ကိုပြလျက် ဆေးရုံကြီးအထူးလူနာခန်းများသို့ အလွယ်တကူပင်တက်လာနိုင်သည်။ ဂျူတီကျနေသော ဆရာမကလေးများသည် လူနာများကို လိုက်သိပ်နေကြ၏။ အိပ်ချိန်ကျနေပြီဖြစ်ရကား ဆေးရုံဝါဒ်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေပြီး မီးတွေကိုလည်း ခပ်မှိန်မှိန်သာ ထွန်းထားလျက်ရှိသည်။

တင်မောင်ဆွေသည် ကော်ရစ်ဒါတလျှောက် ခြေကိုဖော့နင်းလျက်လျှောက်လာခဲ့ရာ လုံချည်စိမ်းဝတ် စန္ဒာဘာဆရာမကြီးနှင့် ပက်ပင်းတိုးနေမိတော့သည်။

'အို... ဒီအချိန် ဧည့်သည်မလာရတော့ဘူးလေ၊ ရှင်ဘယ်'

ဆရာမကြီးသည် တင်မောင်ဆွေအား မျက်မှောင်ကြုတ်၍ မေးလိုက်ရာမှ ၄င်း၏မျက်နှာကိုမြင်သွားကာ စကားတစ်ပိုင်းတစ ပြတ်သွားသည်။





'ဪ... ရှင်ပဲကိုး၊ အင်း... လူနာကတော့ ဒီကနေ့ည သိသာသာကြီး အခြေအနေကောင်းလာတယ်'

'ဟုတ်လား ဆရာမ'

မနက်ပိုင်းတုန်းကတော့ သူဆေးကုဖို့ ကုန်ကျမယ့်စရိတ် ကို တွေးပူနေသေးတယ်လေ။ ဒီညနေကျတော့ သူ့ကိုကားနဲ့ သွားတဲ့ လူကပေါက်လာပြီး သူက ဝန်ချတောင်းပန်သွားလေ ပြီးတော့ လျော်ကြေးလည်းကျေနပ်အောင် ပေးပါ့မယ်လို့ ကတိ သွားသတဲ့'

တင်မောင်ဆွေက မျက်မှောင်မသိမသာ ကြုတ်လိုက်မိ ည်။

'ကိုကာဝီဆိုတဲ့လူပဲ မဟုတ်လား ဆရာမ၊ သူ့ကို တော်ခြေရာခံမိသွားတာကိုး'

'ကဲ... ရှင့်လူနာကို သွားကြည့်လိုက်ဦး၊ သိပ်တော့ မကြာ '

မောင်မြင့်ရှိန်သည် အိပ်မပျော်သေးချေ။ တင်မောင်ဆွေကို လိုက်ရသည်၌ အားရသောအပြုံးက သူ့မျက်နှာကို ဖုံးလွှမ်း လေသည်။

'ဟော... ကိုတင်မောင်ဆွေရောက်လာပြီလား'

'အေး၊ မောင်မြင့်ရှိန် မင်းကော ဘယ့်နှယ့်လဲကွ'

'နေကောင်းပါတယ်၊ ဒါနဲ့ ကိုတင်မောင်ဆွေ ညနေက သူလာတယ်မှတ်သလဲ'

'ဆိုစမ်းပါဦး ဘယ်သူများလာသလဲ'

တင်မောင်ဆွေက ကုတင်ဘေးခုံကလေးတွင် ဝင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ခြင်းဖြစ်သည်။

'ကျွန်တော့်ကားကို ဝင်တိုက်သွားတဲ့လူပေါ့၊ တကယ် ဒီလူက တော်တော် တော်ရှာပါတယ် ကိုဆွေရယ်၊ သူနဲ့အတူရှေ တစ်ယောက်လည်း ပါလာပါတယ်'

'ဒီလိုဆို မင်းက ငါ့ကို ဖုန်းဆက်ခေါ်လိုက်ရောပေါ့'

'ကျွန်တော် စစ္စတာကြီးကို ဆက်ခိုင်းပါသေးတယ်။ ဖြ မထူးဘူးလို့ပြောတယ်'

'ကဲ... ထားပါတော့။ အဲဒီလူကလာပြီး ဘာပြောသွား သလဲ'

'သူက ကျွန်တော့်ကိုပြောတယ်။ သူ့ကို အမှုမလုပ်ပါနဲ့ တဲ့၊ ကျွန်တော့်ဆေးကုစရိတ်ရော ကားပျက်စီးတဲ့အတွက်ကော သူ နစ်နာကြေးပေးပါ့မယ်တဲ့'

'နေစမ်းပါဦး၊ သူက မင်းကို လက်မှတ်တွေဘာရေ ထိုးခိုင်းသေးသလား'

မောင်မြင့်ရှိန်က ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်ကိုဆွေ၊ ကျွန်တော်သူတို့ပေးတဲ့ စာရွက်တ ရွက်မှာ လက်မှတ်ထိုးလိုက်ရတယ်'

တင်မောင်ဆွေသည် မျက်မှောင်ကြုတ်သွားလေသည်။

'မင်းက ငါ့ကို ကျော်လုပ်တယ်ပေါ့ ဟုတ်လား မောင်မြ ရှိန်'

'အို... မဟုတ်ပါဘူး ကိုဆွေရာ'ဟု မောင်မြင့်ရှိန် ကပျာကရာပြန်ပြောလိုက်၏။ 'သူတို့က အားလုံးအဆင်ပြေဖို့ တာဝ ယူသွားပါတယ် ကိုဆွေ၊ ဒီလူက ကားအာမခံလုပ်ထားတယ် အဲဒ





အာမခံကငွေ ငါးထောင်ရပါစေ့မယ်တဲ့။ ပြီးတော့ သူကိုယ်တိုင်က လည်း သူ့ငွေအိတ်ထဲက ငွေနှစ်ထောင်ပေးဦးမယ်တဲ့'

'နေစမ်းပါဦး၊ အဲဒီလူက ကိုကာဝီဆိုတဲ့လူ မဟုတ်လား'

မောင်မြင့်ရှိန်က တင်မောင်ဆွေအား ခပ်ကြောင်ကြောင် ကြည့်ကာ ခေါင်းခါပြလိုက်သည်။

'မဟုတ်ပါဘူး ကိုဆွေရယ်။ ဦးသန်းရှိန်ဆိုတဲ့လူပါ'

တင်မောင်ဆွေမှာ ထင်မှတ်သည်နှင့်မကိုက်သည့်အတွက် 'ဘာ'ဟု အာမေဋိတ်သံပြုလိုက်မိသည်။

'ဟုတ်တယ် ကိုဆွေရဲ့ ဦးသန်းရှိန်တဲ့'

'နေစမ်းပါဦး သူတို့က မင်းကို လက်မှတ်ထိုးခိုင်းတယ် ဆိုတာက ဘာစာလဲကွ၊ အဲဒီစာ ကော်ပီမင်းကို မပေးခဲ့ဘူးလား'

'ပေးခဲ့ပါတယ် ကိုဆွေရယ်'

'ငါ့ကိုပြစမ်းကွာ'

မောင်မြင့်ရှိန်က သူ့ကုတင်ခေါင်းရင်းရှိ ဘီဒိုကလေးကို ညွှန်ပြလိုက်သည့်အတွက် တင်မောင်ဆွေက ဘီဒိုတံခါးကိုဖွင့်ကာ အထဲမှစာရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။ တင်မောင်ဆွေက ထိုစာရွက်ကို ထုတ်ယူလိုက်သည်။ တင်မောင်ဆွေက ထိုစာရွက်ပေါ် တွင်ရေးသားထားသော စာများကိုဖတ်ကြည့်ပြီးနောက် တစ်စုံတစ်ခု ကိုတွေးပြီး သဘောကျသည့်အလား ပြုံးလိုက်သည်။

'ဘယ်လိုလဲ ကိုဆွေ၊ ကျွန်တော်လက်မှတ်ထိုးတာ မှား သွားသလား ကိုဆွေ'

မောင်မြင့်ရှိန်က စိုးရိမ်မကင်းအမူအရာဖြင့် မေးသည်ကို တင်မောင်ဆွေက ပြုံးလျက်ခေါင်းခါပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မမှားပါဘူး မောင်မြင့်ရှိန်၊ မင်းအတွက် အချောင်ပွပေါက်တိုးတာပဲ'

'ဘယ်လိုလဲ ကိုခွေ'

'နောက်ကျတော့ ငါရှင်းပြမယ်။ အခု မင်း လက်မှတ်ထိုးလိုက်တာက သဘောတူညီမှုပဲကွ၊ နောက်ကိုမင်းကဖြစ်ဖြစ် သို့မဟုတ် မင်းရဲ့ကိုယ်စားလှယ်ကဖြစ်ဖြစ် ပြုလုပ်တဲ့အမှုတစ်ခုခုအတွက် အမှုလုပ်တရားစွဲခြင်း မပြုတော့ပါဘူးလို့ ကတိပေးရမယ်။ အဲသလို မင်းက ကတိပေးတဲ့အတွက် သူကမင်းကို ငွေနှစ်ထောင်ရယ် ကားအာမခံက ငွေငါးထောင်ပေးမယ်လို့ သူတို့က ပြန်ကတိပေးထားတာပဲ'

'ဒီလိုဆို ကျွန်တော်က ဘယ်လိုအချောင်ပွတာလဲ'

'သူတို့မှာက မင်းကိုလျော်ကြေးပေးဖို့ တာဝန်ဘာမှမရှိတာပဲ၊ ဒါကို မင်းနောက်ကျတော့ သိရမယ်။ မင်းကို ငါတစ်ခုထပ်သတိပေးသွားရမယ်။ နောက်ဆိုရင် ဘယ်သူကပဲ မင်းဆီလာပြီး လက်မှတ်ထိုးခိုင်းရင် မင်းမထိုးနဲ့တော့ ငါ့ဆီကိုသာ လွှတ်လိုက်ဟုတ်လား'

'ကောင်းပါပြီ ကိုခွေ'

'သူတို့က ခုနစ်ထောင်ကို ဘယ်တော့ပေးမယ်ပြောသွားသလဲ'

'မနက်ဖြန်ကျရင် လာပေးပါ့မယ်တဲ့'

'ပေးရင်ယူပဲထားလိုက်၊ သူတို့ပေးသွားတာက အရှင်းကြီးပဲ။ သူတို့ကို မင်းက တရားမစွဲဘူးဆိုတဲ့အတွက် ငွေပေးသွားကြတာ။ မင်းက တကယ်တော့ သူတို့ကိုလည်း ဘာမှတရားစွဲစရာ





အကြောင်းမရှိဘူး။ မနက်ဖြန်ကျရင်တော့ မင်းကားကို တကယ်ဝင်တိုက်သွားတဲ့ လူဆီက မင်းလျော်ကြေးငွေတစ်သောင်း ထပ်ရလိမ့်ဦးမယ်။ ကဲ… မင်းလည်းအိပ်ပေတော့။ ငါပြန်ရဦးမယ်ကွ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၃

သူ့အလုပ်တိုက်သို့ ပြန်ရောက်လျှင်မေစီသည် သူမ၏စားပွဲတွင် ထိုင်ကာ လက်နှိပ်စက်တဖျောက်ဖျောက်ရိုက်နေသည်ကို တင်မောင်ဆွေက တွေ့ရလေသည်။

'ဟော... ကြည့်စမ်း၊ အစီကလည်း ညကြီးမင်းကြီး ဘာစာတွေများရိုက်နေရပြန်တာတုန်း'

'ကိုဆွေမနက်က ပြန်ရမယ့်စာတွေလေ။ အလကားထိုင်မနေချင်တာနဲ့ ရိုက်နေတာပါ။ အလုပ်ပြီးသွားတာပေါ့ ကိုဆွေရယ်'

'အစီကလေး ပင်ပန်းနေပါ့မယ်ကွယ်'

'ကိုဆွေ့လောက်တော့ မပင်ပန်းသေးပါဘူး'

တင်မောင်ဆွေက မေစီ၏ဆံစကလေးကို ယုယကြင်နာစွာ ပွတ်သပ်လျက်ပြောသည်ကို မေစီက ပြုံးပြုံးကလေး ဖြေလိုက်ခြင်းဖြစ်လေသည်။

'ဒါနဲ့ ရဲဘက်ကတွေကော မလာကြသေးဘူးလား အစီ'

'အရိပ်အရောင်တောင် မတွေ့ရသေးပါဘူး ကိုဆွေရယ်'





တင်မောင်ဆွေက မသိမသာ မျက်မှောင်ကြုတ်လိုက်သည်။

'အင်း... လာဖို့တော့ ကောင်းနေပြီ'

'မောင်မြင့်ရှိန်ကော ဘယ့်နှယ်နေသေးသလဲ ကိုဆွေ'

တင်မောင်ဆွေက ကျေနပ်အားရစွာပြုံးလိုက်ပြီးမှ သူယူလာသော မောင်မြင့်ရှိန်လက်မှတ်ရေးထိုးထားသည့် စာချုပ်ကို ထုတ်ပြလိုက်သည်။ မေစီက စာချုပ်ကို ဖတ်ကြည့်ပြီးနောက် နဖူးရေကလေးတွန့်ပြီး တင်မောင်ဆွေအား ကြည့်လိုက်သည်။

'ဒါက ဘယ်လိုလဲ ကိုဆွေ၊ ဦးသန်းရှိန်က သူတိုက်တာမဟုတ်ဘဲနဲ့ ဘာလို့ မောင်မြင့်ရှိန်ကို လျော်ကြေးပေးသွားရတာလဲ'

'ဦးသန်းရှိန်က သူ့ကားက မောင်မြင့်ရှိန်ကားကို ဝင်တိုက်ခဲ့တယ်လို့ ထင်နေပုံရပါတယ်။ ဦးသန်းရှိန်ရဲ့ ဒရိုင်ဘာက အဲဒီနေ့က ကားတိုက်ခဲ့ပါလိမ့်မယ်။ အဲဒါ မောင်မြိုင်ကြီးက ဦးသန်းရှိန်ကို သူ့ကားတိုက်ခဲ့ကြောင်း ပြောပြပါလိမ့်မယ်။ ဒါနဲ့ ဦးသန်းရှိန်ကလည်းကြောက်လန့်ပြီး သူ့ကားကို မြို့ထဲမောင်းသွားကာ တစ်နေရာမှာထားခဲ့ပြီး သူ့ကားအခိုးခံရပါတယ်လို့ ဂါတ်ကိုဝင်တိုင်ခဲ့တာပေါ့၊ ပြီးတော့ စီးပွားရေးကလပ်ကိုသွားပြီး တံခါးစောင့်ကိုသူနေခင်းသုံးနာရီကတည်းက ရောက်နေပါတယ်လို့ ပြောအောင်လာဘ်ထိုးခဲ့ပြန်တာပဲ'

တင်မောင်ဆွေသည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးမှ စကားဆက်ပြန်သည်။

'ဒါပေမဲ့ ဟိုစာအရ ကိုဆွေ့ သူ့ဆီကိုလိုက်လာတော့ သူကကြောက်လန့်ပြီး ရှေ့နေနဲ့တိုင်ပင်၊ မောင်မြင့်ရှိန်ကို တိုက်ရိုက်ချဉ်းကပ်ပြီး သူ့ကို အမှုမလုပ်ပါဘူးလို့ လက်မှတ်ထိုးခိုင်း၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ငွေခုနှစ်ထောင် လျော်ကြေးပေးပါ့မယ်လို့ ကတိပေးသွားတာ ဆွေ့ ကွယ်'

တင်မောင်ဆွေသည် စကားကို ရုတ်တရက်ရပ်လိုက်ကာ မျက်မှောင်ကြုတ်လိုက်သည်။

'အင်း… ဒီအတောအတွင်းမှာတော့ သူ့ဒရိုင်ဘာ မောင်မြိုင်ကြီးက ရီရီညွှန့်ဆီလိုက်သွားပြီး အသတ်ခံခဲ့ရတယ်။ ဒီလူ အသတ်ခံရတဲ့ ကိစ္စက ကိုဆွေနဲ့ လာပတ်သက်နေပြန်ပြီ'

တင်မောင်ဆွေက လက်ပတ်နာရီကို မြှောက်ကြည့်လိုက်ကာ မျက်မှောင်ထပ်ကြုတ်လိုက်ပြန်သည်။

'နေစမ်းပါဦးလေ၊ မောင်မြင့်ရှိန်ကိစ္စပြောနေတာနဲ့ ဒီလူသတ်မှုကိုတောင် ကိုဆွေက အမှတ်မထားမိတော့ဘူး။ တကယ်ဆို ရဲဘက်က ကိုဆွေ့ဆီကို လာဖို့ကောင်းနေပြီ'

'ဟုတ်တယ် ကိုဆွေ၊ ရဲဘက်အနေနဲ့ အလောင်းတွေ့တဲ့ လူကို အရေးထားပြီး အမြန်ဆုံးလာတွေ့ကြရတာ မဟုတ်လား။ အခုထက်ထိတောင် သူတို့ရောက်မလာကြသေးတာက စဉ်းစားစရာပဲ…'

တင်မောင်ဆွေသည် ခေတ္တမျှ တိတ်ဆိတ်နေပြီး နောက်မှ တစ်စုံတရာကို စိတ်ဆုံးဖြတ်ချက် ချလိုက်သည့်အလား ခေါင်းညိတ်လိုက်လေသည်။

'ကဲ… အစီ၊ စဉ်းစားနေလို့မဖြစ်ဘူး၊ ကိုဆွေတို့ ဘောင်ဒရီရိပ်သာကို သွားအကဲခတ်ကြည့်ရအောင် ရဲကားတွေကို တိုက်ရှေ့မှာတွေ့ရင် ရဲတွေက ရီရီညွှန့်ကို သူ့တိုက်ခန်းထဲမှာပဲ စစ်နေတာဖြစ်မှာပဲ'





'လာလေ ကိုဆွေ၊ သွားကြတာပေါ့'

မေစီသည် ပြောပြောဆိုဆို ချိတ်တွင်ချိတ်ထားသော သူမ၏ ဆွယ်တာအင်္ကျီကလေးကို ယူဝတ်လိုက်လေသည်။

'သြော်… ဒါနဲ့ အစီ ဂျင်မီတစ်ယောက်ကော ရှိသေးသလား'

'ရှိတယ် ကိုဆွေ သူ့အခန်းထဲမှာ'

တင်မောင်ဆွေနှင့်မေစီတို့သည် ဂျင်မီစမတ်၏ရုံးခန်းထဲသို့ ကူးခဲ့ကြသည်။ ဂျင်မီသည် ဘရန်ဒီပုလင်းကို လက်တွင် ကိုင်ထားရာမှ သူတို့ကို ဆီးကြိုလိုက်သည်။

'လာဗျို့ကိုဆွေ၊ ဝမ်းပက်လောက် ချသွားပါဦး'

'တော်ပြီ ဂျင်မီ၊ ဒီည ငါသောက်လို့ မဖြစ်ဘူးကွ၊ ဒါနဲ့ ဘယ့်နှယ်လဲ ပဲခူးက ကိုမြင့်ထူးနဲ့ မင်း ကွန်တက်ရသလား'

'ရပါတယ် ကိုဆွေ၊ သူ့ကို ကျွန်တော် ရှေ့ချောင်းရှာလိုက်ပြီး ဦးဖုန်းဆိုတာနဲ့ ကွန်တက်လုပ်ခိုင်းလိုက်ပါပြီ'

'ကျေးဇူးပဲ ဂျင်မီ၊ ဒါနဲ့ ဦးသန်းရှိန်ရဲ့ဒရိုင်ဘာကိုမြိုင်ကြီး အကြောင်းကို စုံစမ်းဖို့ဆိုတာလည်း မေ့မထားနဲ့ကွနော်'

'မမေ့ပါဘူးကိုဆွေ၊ ချစ်လှိုင်ကလေးကို လွှတ်ထားပါတယ်'

'ချစ်လှိုင်ကလေးက အားကိုးရပါတယ်။ ကဲ… ဂျင်မီ ကိုယ်နဲ့ အစီ အပြင်ထွက်ဦးမလို့ မင်းပြန်ချင်လည်း ပြန်တော့ကွာ'

ဂျင်မီကပြုံးကာ လက်ထဲက ဘရန်ဒီပုလင်းကို မြှောက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဒီပုလင်းကို ဖြိုလိုက်ဦးမယ်'

မေစီက ဂျင်မီအား မျက်စောင်းတစ်ချက် ချိတ်လိုက်သည်။

'တော်တော်လည်းသောက်နိုင်တဲ့ လူကြီးပဲ'

တင်မောင်ဆွေသည် မေစီအားခေါ်ကာ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ ကားဆီသို့ရောက်လာလျှင် မေစီက ကိုဆွေ ပင်ပန်းနေရင် အစီမောင်းပေးမယ်လေ'ဟု ပြောလိုက်သည်။

'နေပါစေ အစီရယ်၊ ကိုဆွေမောင်းနိုင်ပါတယ်'ဟု တင်မောင်ဆွေက ပြုံး၍ပြောကာ မေစီအား ကားတံခါးဖွင့် ပေးလိုက်ပြီး သူကလည်း စတီယာရင်အောက်တွင် ဝင်ထိုင်လျက် ကားကို စက်နှိုးမောင်းထွက်ခဲ့သည်။ သူ့စိတ်ထဲတွင် ယခုထက်တိုင် သူ့ထံသို့ ရဲများ ရောက်မလာသေးသည်ကို စနောင့်စနင်းဖြစ်နေမိ ရာ ကားကို ခပ်မြန်မြန်မောင်းမိလေ၏။

ဓမ္မစေတီလမ်းသို့ရောက်လာမှ သူသည် ကားကိုအရှိန်လျှော့ လိုက်ကာ အဆောက်အဦကြီးရှေ့မှ ကားကို ခပ်ဖြည်း ဖြည်းဖြတ်၍ မောင်းလိုက်သည်။

'ကဲ… အစီ၊ အကဲခတ်ကြည့်စမ်းကွယ်။ ရဲကားတွေ ဘာတွေများ တွေ့ရသလားလို့'

သူတို့နှစ်ယောက်စလုံးပင် ပတ်ဝန်းကျင်ကို ဂရုစိုက်၍ ကြည့်လိုက်မိကြသည်။ သို့ရာတွင် ဘောင်ဒရီရိပ်သာ အဆောက်အဦကြီး၏ ပတ်ဝန်းကျင်မှာ လုံးဝဆိတ်ငြိမ်သက်လျက်သာ ရှိနေသည်။ မကြာသေးမီက လူသတ်မှုဖြစ်ပွားခဲ့သည်ကို ရဲများက လာရောက် စစ်ဆေးသွားခဲ့သည်ဟု ယူဆစရာ အရိပ်လက္ခဏာ တစ်စုံတစ်ခုမှ မတွေ့ရချေ။ တကယ်ဆိုတော့ အလောင်းကိုဆေးရုံကြီးသို့ ယူသွား



ားဦးတော့ ပတ်ဝန်းကျင်တွင် အနည်းအကျဉ်းတော့ လှုပ်လှုပ် ရှားဖြစ်ကျန်ရစ်ခဲ့ဖို့တော့ ကောင်းပေသည်။

'ရဲတွေက ရီရီညွန့်ကို ဌာနချုပ်ကိုခေါ်သွားပြီး စစ်နေကြ ့တူတယ် ကိုဆွေ'

တင်မောင်ဆွေကတော့ မကျေနပ်မိ။

'သိပ်ကို တိတ်ဆိတ်ပြီး ငြိမ်လွန်းနေတယ် အစီရယ်၊ နေဦး ကားရုံထဲရှိတဲ့ လမ်းကြားထိပ်ကို ကိုဆွေ ကားတစ်ခေါက်ဖြတ်မောင်း း အကဲခတ်ကြည့်လိုက်ဦးမယ်'

တင်မောင်ဆွေက ပြောပြောဆိုဆိုပင် ကားကို ပြန်ကွေ့ ိုက်ကာ ဘောင်ဒရီရိပ်သာဘေးမှ ကားရုံများ ရှိရာသို့သွားသော မ်းကြားကလေးထိပ်သို့ ဖြည်းညင်းစွာ ပြန်မောင်းခဲ့သည်။ ကားရုံ မ်းကြားကလေးကလည်း ပကတိမှောင်မည်း တိတ်ဆိတ်လျက် ှိနေတော့သည်။

တင်မောင်ဆွေသည် ကားကို လမ်းဘေးတွင် ထိုးရပ်လိုက် သည်။

'ကိုဆွေ ဘာလုပ်မလို့လဲဟင်'

မေစီက စိုးရိမ်မကင်းအသံကလေးဖြင့် မေးလိုက်သည်။

'တော်တော်တော့ မသင်္ကာစရာ ကောင်းနေပြီအစီ၊ သိပ် ကိုငြိမ်လွန်းနေတယ်ကွယ့်။ ကိုဆွေတို့ ကားရုံကဲကို သွားကြည့်လိုက် ဦးမယ်'

'အစီပါ လိုက်ခဲ့မယ်လေ'

'မလိုက်ပါနဲ့ အစီရယ်၊ ကားပေါ်ကပဲစောင့်နေပါ'

တင်မောင်ဆွေသည် ကားဒက်ရှ်ဘုတ်မှ အံဖုံးကိုဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အထဲမှလက်နှိပ်ဓာတ်မီးကို ထုတ်ယူလိုက်သည်။ ထို့နောက် ကား တံခါးကိုဖွင့်ကာ မှောင်မည်းနေသော လမ်းကြားထဲသို့ တစ်ကိုယ်တည်းလျှောက်ဝင်ခဲ့သည်။ ရီရီညွန့်၏ကားရုံတံခါးသည် ပိတ်လျက်ရှိနေသည်။ သို့ရာတွင် တင်မောင်ဆွေက စမ်းကြည့်လိုက် သည့်အခါ၌ သော့ခတ်မထားသည်ကို တွေ့ရသည်။

တင်မောင်ဆွေက တံခါးရွက်တစ်ခုကို အသာဆွဲဖွင့်လိုက် ပြီး မှောင်မည်းနေသော အတွင်းဘက်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ချက်ချင်းပင် တင်မောင်ဆွေသည် တံခါးရွက် ကို ပြန်ပိတ်လိုက်ကာ လမ်းကြားလေးထဲမှ အမြန်ပြေးထွက်ခဲ့သည်။ ကားဆီသို့ပြန်ရောက်လျှင် ကားကို ချက်ချင်း စက်နှိုးလျက် မောင်း ထွက်ခဲ့ပြန်သည်။

'ကိုဆွေ ဘာတွေ့ခဲ့သလဲ ဟင်၊ ဘာဖြစ်လာတာလဲ'

မေစီက တင်မောင်ဆွေ၏ အမူအရာကို အကဲခတ်ကာ စိုးရိမ်မကင်းမေးလိုက်သည်။

'အစီ ကိုဆွေတော့ ဂျောက်ပေါက်တိုးပြီ ထင်တာပဲ'

❖ ❖ ❖

## အခန်း - ၁၄

ရုတ်တရက်တော့ မေစီသည် ဘာမှထပ်မမေးသေးဘဲ တင် ောင်ဆွေကိုသာ အကဲခတ်နေလိုက်သည်။ တင်မောင်ဆွေကလည်း င်းမာနေသော မျက်နှာထားဖြင့် ကားကိုသာ ခပ်သွက်သွက်မောင်း သည်။

ကားသည် မြေနီကုန်းဘက်သို့ရောက်လာမှ မေစီက မနေ င်တော့ဘဲ မေးခွန်းထုတ်လိုက်သည်။

'ကိုဆွေ ပြောစမ်းပါဦး ဘယ်လိုဂျောက်ပေါက်တိုးမှာလဲ'

'ရီရီညွန့်ပေါ့ အစီ၊ ဒီမိန်းမက ကိုဆွေ့ကို ကောင်းကောင်း း တစ်ပတ်ရိုက်သွားပြီလေ'

တင်မောင်ဆွေက မချင့်မရဲအသံဖြင့် ပြန်ဖြေလိုက်သည်။

'ဘယ်လို တစ်ပတ်ရိုက်တာလဲ ကိုဆွေ'

'ငနဲမက အလောင်းတွေ့ရတာကို ရဲဘက်ကို ခုထက်ထိ ိုင်သေးဘူးလေ။ ခုနက ကိုဆွေသွားကြည့်တော့ အလောင်းက ားရုံထဲမှာပဲရှိနေသေးတယ်။ ပိုဆိုးတာက အလောင်းရဲ့ ညာဘက် ားမှာ သေနတ်တစ်လက်က ရောက်နေတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ကိုယ်သူ သတ်သေတယ်ထင်ရအောင်ပေါ့ ဟုတ်လား
ကိုဆွေ'

'ဒါပေါ့ အစ်ီ'

တင်မောင်ဆွေသည် ပြောရင်းကပင် မကျေမချမ်းတော
တစ်ချက်ခေါက်လိုက်သည်။

'ဒီတော့ ကိုဆွေ ဘယ့်နှယ့်လုပ်မလဲ'

'မပြောနိုင်သေးဘူး အစ်ီ စဉ်းစားရဦးမယ်'

တင်မောင်ဆွေသည် ပြောပြောဆိုဆိုပင် ကားကိုလမ်းဘေး
တွင်ထိုးရပ်လိုက်သည်။ ပြီးနောက် လှုပ်ရှားနေသောစိတ်များ ငြိ
သက်သွားစေရန်အတွက် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလို
သည်။

'ကိုဆွေ ဒီကိစ္စကို မသိချင်ယောင်ဆောင်နေလို့ကော မဖြ
ဘူးလား'

တင်မောင်ဆွေက မေစီ၏မေးခွန်းကို ဘယ်လိုမှပြန်မဖြေ
စီးကရက်ကိုသာ မီးခိုးတထောင်းထောင်းထအောင် ဖွာပစ်နေသည်
သူ့ဦးနှောက်ကလည်း သွက်လက်စွာ အလုပ်လုပ်လျက်ရှိနေသည်

'တကယ်တော့လည်း ကိုဆွေရယ်၊ အလောင်းတွေ့တော
ကိုဆွေရှိနေတယ်ဆိုတာကို ရီရီညွန့်တစ်ယောက်ကလွဲလို့ ဘယ်သူ
သိတာမှမဟုတ်ဘဲ။ သူကလည်း အခုအတိုင်းဆိုရင် အဲဒါကို ဘယ်
ဖွင့်ပြောမှာလဲ'

'ရီရီညွန့်က ဒီကိစ္စကို သူ့သဘောတစ်ခုနဲ့တော့ လုပ်မှာ
မဟုတ်ဘူး၊ သူ့ကိုတစ်ယောက်ယောက်က အကြံဉာဏ်ပေးလို့ လုပ်
ခဲ့တာဖြစ်မှာပဲ'





တင်မောင်ဆွေက စဉ်းစဉ်းစားစား အမူအရာဖြင့် ပြော
ိုက်ခြင်းဖြစ်သည်။

'ကိုဆွေက သူ့ကိုဘာလုပ်ရမယ်ဆိုတာ သေသေချာချာ
ပြောခဲ့တယ် မဟုတ်လား'

'ပြောခဲ့တာပေါ့ အစ်ီရယ်၊ ဒါကို သူက နားမထောင်ဘဲ
လည်လုပ်ခဲ့တာပဲ၊ ကိုဆွေနဲ့သူ အလောင်းကို တွေ့ခဲ့ရတုန်းက
လောင်းဘေးမှာ ဘာသေနတ်မှ မရှိခဲ့ပါဘူး'

တင်မောင်ဆွေက လက်ထဲမှ စီးကရက်တိုကို လွှင့်ပစ်
တ်ပြီး မေစီဘက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်သည်။

'အစ်ီ ကိုဆွေကို မေးခွန်းတွေ ထုတ်စမ်းကွယ်'

'ဘာတွေမေးရမှာလဲ'

'အခု ကိစ္စနဲ့ ပတ်သက်လို့ပေါ့ကွယ်။ ဒါမှ ကိုဆွေ့ခေါင်း
ဲမှာရှင်းသွားမယ်'

မေစီက သဘောပေါက်သွားကာ ခဏမျှ စဉ်းစားနေပြီး
ောက်မှ စတင်၍ မေးခွန်းထုတ်လိုက်သည်။

'တကယ်လို့ ကိုဆွေက ဒီလူသတ်မှုအကြောင်း ရဲဘက်ကို
တိုင်ခဲ့ရင်ဘာဖြစ်မလဲ'

'တစ်ယောက်ယောက်ကတွေ့ပြီး ရဲဘက်ကိုတိုင်မှာပေါ့၊
ဖြစ်နိုင်ဆုံးရီရီညွန့်က တိုင်မှာပေါ့'

'သူက အခုထက်ထိမှ မတိုင်သေးတာ'

'ဟုတ်ပြီလေ၊ ဒါပေမဲ့ သူက အခုမှအိမ်ပြန်ရောက်လာပြီး
ရှ ရဟာန်နဲ့တိုင်မှာကိုပြောတာပါ၊ သူနဲ့အတူ အခြားသက်သေတစ်
ောက်လည်းပါလာလိမ့်မယ်။ မြိုင်ဆိုတဲ့ သူ့မိန်းကလေးမိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်လိမ့်မယ်'

'သူ့ယောကျ်ားလေး မိတ်ဆွေကော မဖြစ်နိုင်ဘူးလား ကိုဆွေရဲ့'

တင်မောင်ဆွေက နှုတ်ခမ်းများကိုတွန့်ကာ ခေါင်းခါ လိုက်သည်။

'ရီရီညွန့်က လက်ထပ်ယူဖို့ ကြိုးစားနေတာပဲ။ ညအ မတော် ယောကျ်ားမိတ်ဆွေတစ်ယောက်နဲ့ ပြန်လာတယ်ဆို ဘယ်အဖြစ်ခံလိမ့်မလဲ'

'ဟုတ်ပြီ… နောက်တော့ကော ကိုဆွေ'

'သူတို့က ကားရုံတံခါးကိုဖွင့်ပြီး အလောင်းကြီးကို တွေ့ ကြလိမ့်မယ်။ ရီရီညွန့်က အခုမှပဲ အလောင်းကြီးကို တွေ့ချင်ယ ဆောင်ပြီး အသံကုန်အော်ပြီးတော့ လူတွေရောက်လာမှ ရဲဘက် တိုင်မှာပေါ့'

'သူတို့ကို ရဲဘက်က ယုံပါ့မလား'

တင်မောင်ဆွေကခေတ္တမျှ စဉ်းစားနေလိုက်ပြီးမှ…

'ဒါကတော့ ကိုဆွေလည်း မပြောတတ်ဘူးလေ။ သူတို့ အမှုအရာနဲ့ အခြေအနေပေါ်မှာမူတည်တာပေါ့'ဟု ပြန်ဖြေလိုက် သည်။

'ခုနက ကိုဆွေပြောခဲ့တယ်။ ရီရီညွန့်ကို အဲသလို လုပ်ဖို့ တစ်ယောက်ယောက်က အကြံပေးခဲ့တာတဲ့လေ။ အဲဒီလူဟာ ဘယ်သူဖြစ်မလဲ'

'အဖြစ်နိုင်ဆုံးကတော့ ကိုကောင်းစိန်ဆိုတဲ့လူပဲပေါ့'

'ရဲဘက်က လူတွေက လူသေကိုရီရီညွန့် မသိဘူးလား





မေးကြမှာပေါ့ အစီး မေးလို့ရှိရင် ရီရီညွန့်ကလည်း သေနေတဲ့ ဟာ သူ့ပထမလင်ဟောင်းပါဆိုတာကို ဖွင့်ဟဝန်ခံလိမ့်မယ်ထင် ပဲ၊ အဲသလို ဝန်ခံလိုက်ရင် သူက ဘာဖြစ်လို့ ရီရီညွန့်ကားရုံ ခဲ့မှာလာပြီး ကိုယ့်ကိုကိုယ်သတ်ပြီး သေရတယ်ဆိုတာကို ချင်ကြလိမ့်မယ်။ ပြီးတော့ သူတို့ဟာ အလောင်းဘေးမှာ တွေ့ရတဲ့ သေနတ်ကို အစမ်းပစ်ကြည့်ပြီး မောင်မြိုင်ကြီးကို မှန်ထားတဲ့ သေနတ်ကျည်ဆံနဲ့တိုက်ကြည့်ကြလိမ့်မယ်။ အဲဒီအခါကျရင် ဒီသေ တ်ဟာ လူသတ်သေနတ် မဟုတ်တာကို သူတို့သိကြရပြီး မောင်မြိုင်ကြီးဟာ ကိုယ့်ကိုကိုယ်သတ်သေသွားတာ မဟုတ်ဘူးဆို တာကိုလည်း သူတို့နားလည်သွားကြမှာပဲ'

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို ထပ်၍ မီးညှိလိုက် ပြန်သည်။

'တကယ်လို့ ကိုဆွေက အလောင်းတွေ့ရတဲ့အကြောင်းကို အခုတိုင်လိုက်ရင်ကော'

'အဲသလိုဆိုရင်လည်း ကိုဆွေ တော်တော့်ကို အကြပ်တွေ့ နေတော့မှာပဲ'

'ဘာဖြစ်လို့လဲ ကိုဆွေ'

'ကိုဆွေနဲ့ ရီရီညွန့်အလောင်းကို အတူတူတွေ့ရတုန်းက ကိုဆွေက ရဲဘက်ကိုမတိုင်မိခဲ့ဘဲကိုး'

'ရီရီညွန့်ကိုတိုင်ဖို့ ကိုဆွေက မှာခဲ့တာပဲမဟုတ်လား'

'မှာခဲ့ပေမယ့် ကိုဆွေက ကိုဆွေမှာတဲ့အတိုင်း သူ လုပ် လုပ်ဆိုတာ သေချာအောင်စောင့်မနေဘဲ၊ လစ်ထွက်ခဲ့မိတာကိုး ကိုဆွေဟာ သာမန်အရပ်သားတစ်ယောက်လည်း မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လိုင်စင်ရထားတဲ့ အလွတ်စုံထောက်တစ်ယောက်ဖြစ်နေတယ် ဒီတော့ အသတ်ခံထားရတဲ့ အလောင်းတစ်လောင်းကို တွေ့လို့ရှိ ချက်ချင်း ရဲဘက်ကို တိုင်ရဖို့က ကိုဆွေ့မှာပိုပြီး တာဝန်ရှိနေတာ အခု တော့ ကိုဆွေက ရီရီညွန့်ကိုသာ ရဲဘက်ကိုတိုင်ဖို့တာဝန် ပေးခဲ့ တာကလား၊ အခုမှ ရဲဘက်ကိုသွားတိုင်ရင်လည်း ရီရီညွန့် ကိုဆွေ အလောင်းတွေ့ရတုန်းက သူမပါပါဘူးရယ်လို့ ဖွင့်ပြောင်း မှာပေါ့'

'သူ့စကားကို ရဲဘက်က လက်ခံပါ့မလားကိုဆွေ'

'ရီရီညွန့်စကားကို ရဲဘက်ကလက်ခံရင် ကိုဆွေ အကြ တွေ့ရတော့မှာပဲ။ ရဲဘက်က လက်မခံရင်လည်း ကိုဆွေ့ကိုအပြ တင်ကြမှာပဲ ဘာဖြစ်လို့လဲဆိုတော့ ရီရီညွန့်က ရဲဘက်ကို အကြောင်း ကြားမကြားဆိုတာ ကိုဆွေက စောင့်မကြည့်ခဲ့တော့ ကိုဆွေ့တာဝ ပျက်ကွက်နေတာကိုး'

မေစီသည် ဆက်မေးရန်မေးခွန်းများကို စဉ်းစားမရတော့ ဘဲ စိတ်လေးစွာဖြင့်သာ တင်မောင်ဆွေအားစိုက်ကြည့်နေမိတော့ သည်။ တင်မောင်ဆွေကလည်း နှုတ်ဆိတ်သွားကာ စီးကရက်ကို လျက် ထွက်ရပ်လမ်းကို စဉ်းစားနေသည်။

ခေတ္တကြာမှ…

'ကဲ… ကိုဆွေ ဒီကိစ္စကို ဘယ်လိုလုပ်မလဲ'ဟု မေ က စိတ်ပူသံကလေးဖြင့် မေးလိုက်သည်။

'ကိုဆွေ စဉ်းစားလို့ရတာက တစ်ခုတည်းရှိတယ်။ ရီရီညွန့် ကို ကိုဆွေကအမှုသည်အဖြစ်နဲ့ သတ်မှတ်ထားလိုက်ဖို့ပဲ ရီရီညွန့်ဟာ ကိုဆွေရဲ့အမှုသည်ဆိုရင် အမှုသည်အခွင့်အရေးအရ သူက ကိုဆွေ





ကို တိုင်ပင်ပြောပြထားတာတွေကို ကိုဆွေက ရဲဘက်ကို ပြန်ပြော ပြဖို့ မလိုဘူးပေါ့'

'ရဲဘက်က ကိုဆွေ့အမြင်ကို လက်ခံဦးမှကိုး'

'ကိုဆွေ စဉ်းစားလို့ရတဲ့နည်းက ဒီနည်းပဲရှိတော့တယ် အစီ၊ ဒီတော့ အစီက ရီရီညွန့်ကို ကိုဆွေ့အမှုသည်အဖြစ်နဲ့ တရား ဝင်စာရင်းသွင်းထားလိုက်ပေတော့'

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၁၅

နောက်တစ်နေ့နံနက် တင်မောင်ဆွေက သူ့တိုက်ခန်းမှ ဆင်းလာသည့်အခါတွင် အလုပ်တိုက်၌ ဂျင်မီရော မေစီပါရောက်နှင့် နေကြပြီဖြစ်လေသည်။

ဂျင်မီက သူဖတ်နေသော သတင်းစာကိုတင်မောင်ဆွေအား ထောက်ပြလိုက်သည်။

'ကိုဆွေ ဒီသတင်းဖတ်ပြီးပြီလား'

'ဘယ်သတင်းလဲ ဂျင်မီ'

'ကိုဆွေ ညက ဘက်ခရောင်းစုံစမ်းခိုင်းထားတဲ့ ဦးသန်းရှိန်ရဲ့ဒရိုင်ဘာသေတဲ့ သတင်းလေ၊ သူက ဟိုငတိမရီရီညွန့်နဲ့ ကားရုံထဲလာပြီး ကိုယ့်ကိုကိုယ် သတ်သေသွားသတဲ့လေ။ ပြီးတော့ သူဟာ ရီရီညွန့်ရဲ့လင်ဟောင်းလည်း ဖြစ်နေတယ်'

'အေး… အဲဒီအကြောင်းကို ငါသိပြီးပါပြီကွာ၊ ပြစမ်းပါဦး အဲဒီသတင်းကို…'

ဂျင်မီက လှမ်းပေးလိုက်သော သတင်းစာကို တင်မောင်





ဆွေက ယူကြည့်လိုက်သည်။ သတင်းစာမျက်နှာဖုံးတွင် စက်ရုပ်သတင်းအဖြစ်နှင့်ပါလာခြင်း ဖြစ်နေသည်။

သတင်းစာအရဆိုလျှင် ရီရီညွန့်သည် သူမ၏မိတ်ဆွေ သူငယ်ချင်းမမြိုင်ဆိုသူအား သူမနှင့်အတူအိပ်ရန် ခေါ်ဆောင်လျက် တိုက်ခန်းသို့ ည ၁၂နာရီကျော်ကျော်ခန့်က ပြန်ရောက်လာရာ ကားရုံထဲသို့ ကားသွင်းစဉ် ကိုမြိုင်ကြီး၏ အလောင်းကိုတွေ့ရသဖြင့် ရဲဘက်ကို တိုင်ကြားခဲ့ရာ ရဲဘက်ကထိုလူသေမှုကို စစ်ဆေးနေသည်ဟုဆို၏။ အလောင်း၏ဘေးတွင် ပွိုင့် ၃၈ခြောက်လုံးပြူးသေနတ်တစ်လက်ကို တွေ့ရှိရသည်ဟုလည်း ဖော်ပြထားလေသည်။

တင်မောင်ဆွေက သတင်းစာကို ချလိုက်ရာ ဂျင်မီက သူ့အား အကဲခတ်ကြည့်နေသည်ကို တွေ့ရသည်။

'အဲဒီကိစ္စက ဘယ်လိုလဲ ကိုဆွေ၊ ကျွန်တော်တို့များ ပတ်သက်နေဦးမှာလား' ဟု ဂျင်မီက မေးလိုက်၏။

'ငါတော့ ပတ်သက်နေတယ် ဂျင်မီ၊ ဒါပေမဲ့ မင်း ပတ်သက်ဖို့တော့ မလိုပါဘူး၊ ရီရီညွန့်ဟာ ငါ့အမှုသည်ဖြစ်သွားပြီကွ'

ဂျင်မီက အံ့ဩသွားပုံရသော်လည်း ဆက်၍မမေးတော့ချေ။ တင်မောင်ဆွေသည် သူ့အား အသိပေးထိုက်သည်ကို အသိပေး၍ အသိမပေးထိုက်သည်ကိုလည်း သူ့ဘာသာသူမြဲထားတတ်ကြောင်းကို ဂျင်မီက ကောင်းစွာနားလည်ထားပြီးသား ဖြစ်လေသည်။

'ကိုဆွေ့ကို ကျွန်တော် ပြောစရာရှိသေးတယ်'ဟု သာ ဂျင်မီက ပြောလိုက်သည်။

'ဆိုစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'ကိုဆွေ စုံစမ်းခိုင်းတဲ့ သေနတ်အကြောင်းလေ။ ပဲခူးက ကိုမြင့်ထူးကြီးက ညတွင်းချင်းပဲ ဂျစ်ကားနဲ့ ရွှေချောင်းကိုလိုက်သွားပြီး စုံစမ်းကြည့်ခဲ့တယ်။ ဦးဖုန်းက ဒီသေနတ်ကို လွှဲခဲ့တဲ့တစ်လလောက်က ဦးစောဝင်းဆိုတဲ့လူကို ရောင်းခဲ့တာတဲ့ဗျ'

တင်မောင်ဆွေက ဘာမှပြန်မပြော မျက်မှောင်ကြုတ်ကာ ခေါင်းကိုသာ ဆတ်ခနဲတစ်ချက် ညိတ်လိုက်သည်။

ဂျင်မီကတော့ ပြောစရာမကုန်သေး။

'ကိုမြိုင်ကြီးအလောင်းမှာ တွေ့ရတဲ့သေနတ်ကို ရဲဘက်က ကျကျနန စစ်ဆေးကြည့်ခဲ့သတဲ့ ကိုဆွေ'

'ဟုတ်လား'

'အဲသလို စစ်ဆေးကြည့်ရာမှာ သေနတ်ရဲ့ ဆီရီယယ်နံပါတ်ကို တံစဉ်းနဲ့ တိုက်ဖျက်ထားတာတွေ့ရသတဲ့'

'ဒီလိုဆိုရင် သေနတ်ကို သူတို့ခြေရာခံလို့ မရဘူးပေါ့'

တင်မောင်ဆွေက အနည်းငယ် စိတ်သက်သာရာရသွားမိပြီး ပြန်မေးလိုက်သည်။ သို့သော် ဂျင်မီက ခေါင်းခါပြလိုက်၏။

'ဒါပေမဲ့ သေနတ်ဆီရီယယ်နံပါတ်ကို ဖျက်ထားတဲ့လူက သေနတ်လက်ကိုင်ရိုး ဂရစ်ပ်က သစ်သားအောက်မှာ ဆီရီယယ်နံပါတ်တစ်ခုရှိသေးတယ်ဆိုတာကိုတော့ မသိခဲ့ဘူး၊ ရဲဘက်ကသိတော့ ဂရစ်ပ်လက်ကိုင်က သစ်သားကိုခွာပြီးကြည့်ခဲ့တယ်။ နံပါတ်က S. 65088 ကိုဆွေညက စုံစမ်းခိုင်းတဲ့သေနတ်ပဲ ဖြစ်နေတယ်'

တင်မောင်ဆွေက မျက်မှောင်ကြုတ်သွားသည်ကို ကြည့်ပြီး ဂျင်မီက စကားဆက်ပြန်သည်။

'ဒါတင်မကသေးဘူး ကိုဆွေရဲ့။ ရဲဘက်က ဒီသေနတ်ကို





ချက်ချင်းအနံ့ခံလိုက်ကြတော့ ရွှေချောင်းက ဦးဖုန်းဆိုသူ ကိုင်တာကိုတွေ့ရပြီး ပဲခူးရဲတွေဆီ လှမ်းအကူတောင်းတယ်။ ပဲခူး ရဲကလည်း ရွှေချောင်းကို ညတွင်းချင်းသွားပြီး ဦးဖုန်းကို အိပ်ရာက နှိုးမေးတာပေါ့။ ဦးဖုန်းကလည်း ညကပဲ ကိုမြင့်ထူးကြီးလာမေး သွားတဲ့အကြောင်းကို ရဲတွေကို ပြောပြလိုက်သတဲ့။ ပဲခူးရဲကလည်း ဒီအကြောင်းကို ရန်ကုန်ရဲကို အကြောင်းကြားလိုက်တော့ ခုနကပဲ ကိုသောင်းဖေကြီးက ကျွန်တော့်ဆီကို တယ်လီဖုန်းဆက်ပြီး မေးသေးတယ်။ ကျွန်တော်ကလည်း အမှုတစ်ခုနဲ့ ပတ်သက်လို့ ကိုဆွေ စုံစမ်းခိုင်းတာပါလို့ ပြောပြလိုက်ရတယ်လေ'

'အခု မင်းပြောတာတွေကို ကိုသောင်းဖေကြီးဆီက သိရတာပေါ့ ဟုတ်လား'

'တင်မောင်ဆွေက မေးလိုက်ရာ ဂျင်မီက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ် ကိုဆွေ၊ နောက်ပြီးတော့ သူ့ဆီက သိရတာတွေရှိသေးသလား'

'ဆိုစမ်းကွာ ဘာတွေများလဲ'

ဂျင်မီသည် တင်မောင်ဆွေအား အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီးမှ စကားဆက်ပြန်သည်။

'ရဲဘက်က ကိုမြိုင်ကြီးသေတဲ့ကိစ္စကို မကျေနပ်တဲ့ အချက်ကလေးတွေရှိနေသတဲ့ ပထမအချက်က သေနတ်သံကို ဘယ်သူကမှ မကြားလိုက်ရတာပဲ။ ကိုမြိုင်ကြီးဟာ ကားရုံထဲမှာ သေနတ်ပစ်ခံရတာ သေချာသတဲ့။ ကိုမြိုင်ကြီးရဲ့ ဒဏ်ရာနဲ့သွေးထွက်ပုံကိုကြည့်ခဲ့ပြီး ကိုမြိုင်ကြီးဟာ သေနတ်ကျည်ဆံခေါင်းထဲဝင်သွားတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်မြိုင်နက် လဲသေခဲ့တယ်ဆိုတာ သိနိုင်သတဲ့'

ဂျင်မီက စကားကိုရပ်လိုက်ပြီး တင်မောင်ဆွေအား အကဲခတ်ကြည့်လိုက်ပြန်သည်။ တင်မောင်ဆွေက ဆက်ပြောရန် လက်ပြလိုက်မှ စကားဆက်ပြန်၏။

'ရဲဘက်က ပတ်ဝန်းကျင်က လူတွေဆီကို လျှောက်မေးကြည့်ခဲ့တော့ ညဦးပိုင်းက မော်တော်ကားတစ်စင်းဟာ တဖုန်းဖုန်း တထိုင်းထိုင်းနဲ့ အင်ဂျင်စက်မမှန်ဘဲ အိပ်ဇောက ဘက်ဖိုင်းယားပေါက်ထွက်ခဲ့သံတွေ ကြားရတယ်လို့ သူတို့က ပြောကြတယ်။ ဒါတင်မကဘူး။ ကိုမြိုင်ကြီးရဲ့ အားလပ်ချိန်မို့တဲ့ ကိုမြိုင်ကြီးကလည်း ကားကိုအိမ်ပြန်ပို့ပြီး ရီရီညွန့်ဆီကို သွားခဲ့တာဖြစ်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဦးသန်းရှိန်ကို ရဲတွေက သွားနှိုးပြီးအကျိုးအကြောင်းပြောပြတော့ ဦးသန်းရှိန်က ကားကို ဆင်းကြည့်တာ သူ့ကားရုံထဲမှာ ထိုးထားတာတွေ့ရသတဲ့။ ဒီတော့ ကိုမြိုင်ကြီးက ကားကိုပို့ပြီး ရီရီညွန့်ဆီသွား၊ ရီရီညွန့်ရဲ့ ကားရုံထဲမှာ အသတ်ခံရတဲ့အချိန်ဟာ ပိုမျက်မြင်သက်သေက ကားတစ်စင်း ဘက်ဖိုင်းယားလုပ်သံကြားရတဲ့ အချိန်ပဲဖြစ်ရမယ်လို့ ရဲဘက်က တွက်ကြည့်ကြတယ်'

ဂျင်မီသည် စီးကရက်တစ်လိပ်ထုတ်ယူပြန်ကာ ပါးစပ်တွင်တပ်လိုက်ပြန်ပြီးမှ မီးမညှိသေးဘဲ တင်မောင်ဆွေအား ကြည့်လိုက်သည်။ တင်မောင်ဆွေငိုင်နေသည်ကိုတွေ့ရလျှင် ဂျင်မီက သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

'အဲဒါ ကိုသောင်းဖေကြီးဆီက ကျွန်တော်သိရသလောက်ပဲ ကိုတင်မောင်ဆွေ'





'အေး··· ကျေးဇူးပဲ ဂျင်မီ'

'ကျွန်တော် ဘာလုပ်ပေးရဦးမလဲ ကိုဆွေ'

'အခု လောလောဆယ်တော့ ဘာမှမရှိသေးပါဘူး။ ဒါပေမဲ့ နောက်ကျတော့လည်း လုပ်စရာတွေ အများကြီးပေါ်လာမှာ အမှန်ပဲ'

တင်မောင်ဆွေသည် ပြောပြောဆိုဆို ဂျင်မီ၏ ပခုံးကို တစ်ချက်ပုတ်လိုက်ကာ အခန်းထဲမှထွက်ပြီး သူ၏သီးသန့်အခန်းသို့ ထူးသွားတော့သည်။ ဂျင်မီသည် မျက်နှာကလေး ညှိုးငယ်နေသော ခေစီအားကြည့်ကာ ဘယ်လိုလဲဟူသော အမူအရာဖြင့်မေးငေါ့ပြလိုက်သည်။ မေစီက သက်ပြင်းကလေးတစ်ချက်ချကာ ခေါင်းကို ငြည်းညင်းစွာ ယမ်းခါပြလိုက်သည်။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၆

တင်မောင်ဆွေသည် ထိုနေ့နံနက်တစ်ခင်းလုံးတွင် သူ့အခန်းထဲမှမထွက်ဘဲ စီးကရက်တစ်လိပ်ပြီး တစ်လိပ်သောက်ကာ စဉ်းစားခန်းဝင်နေလိုက်သည်။ သူသည် ရီရီညွန့်နှင့်ပတ်သက်၍ သူရင်ဆိုင်နေရသော အခက်အခဲကို ကောင်းစွာသိမြင်ကာ ထိုအခက်အခဲမှ လွတ်မြောက်နိုင်မည့်နည်းလမ်းများကို တွေးတောကြံဆနေခြင်း ဖြစ်လေသည်။

ညက ရီရီညွန့်လုပ်လိုက်ပုံသည် သူ့ကိုယ်သူသာမက မိမိကိုပါ ကောင်းကောင်း 'ဂျောက်ပေါက်' တိုးစေခြင်းဖြစ်သည်ကို တင်မောင်ဆွေက နားလည်ထားပြီးဖြစ်သည်။ ရဲတွေက ရီရီညွန့်အား ယခုကတည်းက သင်္ကာမကင်းနေပြီဖြစ်ရာ ရီရီညွန့်အား အကယ်၍များ လူသတ်မှုဖြင့်ဖမ်းဆီးလိုက်ပါက မိမိသည်လည်း ကြားထဲက ဓာန့်လန့်ကန့်လန့် ပါလာမည့်အရေးကို တင်မောင်ဆွေက ကြိုတင်၍ မြင်ယောင်ထားမိတော့သည်။ ပို၍ဆိုးသည်ကား ရဲဘက်မှ အရာရှိကြီးတစ်ယောက်က သူ့အား တော်တော်လူလည်လုပ်လွန်း အားကြီး





သည်ဟု အညွှန်းထားနေခြင်းပင်ဖြစ်၏။

ယခု ကိုမြိုင်ကြီးအသတ်ခံရသည့် ကိစ္စတွင် သူသည် တောင်း မရှင်းပါနေပါသည်ဟု ရဲဘက်ကယူဆသည်နှင့်တစ်ပြိုင်နက် ထို အရာရှိကြီးသည် သူ့အား ဆော်ထည့်ဖို့ လက်မနှေးလိမ့်မည်မှာ သေချာပေါက်ဖြစ်နေ၏။

ဂျင်မီစမတ်ကလည်း တင်မောင်ဆွေက ဖွင့်မပြောသည့် တိုင် သူရင်ဆိုင်နေရသော ပြဿနာကိုရိပ်မိထားဟန်တူသည်။ ဂျင်မီသည် မေစီနှင့်တီးတိုးတိုင်ပင်ကာ ရဲဘက်က သူ့မိတ်ဆွေများထံတွင် အမှုအခြေအနေကို စနည်းနာဦးမည်ဟုဆိုကာ ထွက်သွားရှာသည်။ နံနက်ပိုင်း ၁၀နာရီကျော်တွင်ကား သူသည် ရေးကြီးသုတ်ပြာ ပြန် ရောက်လာပြီး တင်မောင်ဆွေအား ဝင်တွေ့ပြန်သည်။

'ကိုဆွေ... ဟိုအမှုက အခြေအနေ အတော် ထူးလာပြန်ပြီ'

'ဆိုစမ်းပါဦး'

'ကျွန်တော် အခုပဲ ဌာနချုပ်ကိုသွားပြီး ရဲအုပ်ဘဆွေဆီက နည်းနာလာခဲ့တာ သူတို့က ရီရီညွန့်ကို သင်္ကာမကင်းဖြစ်နေတော့ သူ့ဘက်ခရောင်းကို စစ်စစ်ပေါက်ပေါက် လိုက်စုံစမ်းခဲ့ကြတာမှာ ရီရီညွန့်ဟာ ဦးစောဝင်းနဲ့လက်ထပ်ဖို့ စီစဉ်ထားတဲ့ကြားထဲကပဲ ကိုကောင်းစိန်ဆိုတဲ့ တရုတ်ကပြားတစ်ယောက်နဲ့ တော်တော်ပဲ ရင်းရင်းနှီးနှီးပေါင်းနေတာကို သိသွားကြတယ်လေ။ ပြီးတော့ ရွှေ ချောင်းက ဦးစောဝင်းကို သေနတ်ရောင်းလိုက်တဲ့ ဦးဖုန်းဆိုတာကို ရှာကုန်ခေါ်လာပြီး ကိုကောင်းစိန်ကိုပြတော့ သူ့ဆီက ဦးစောဝင်း နာမည်နဲ့ သေနတ်လာဝယ်သွားတဲ့လူဟာ ကိုကောင်းစိန်ပါပဲလို့ အတိအကျစွပ်စွဲတော့တာပဲ ကိုဆွေ'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေက မျက်နှာရှုံ့လိုက်မိလေသည်။ ဥပဒေ ကျော့ကွင်းသည် လူလည်လုပ်လိုသော ရီရီညွန့်အားရစ်ပတ်သည် ထက် ရစ်ပတ်လာနေပြီဖြစ်သည်။ သည်ကြားထဲ မိမိကိုပါ ချည် နှောင်ငြိတွယ်လာမည့်အရေးကလည်း ပို၍ နီးကပ်လာနေပြီဖြစ်၏။

တင်မောင်ဆွေသည်ခေတ္တမျှ တိတ်ဆိတ်နေပြီး နောက်မှ ဂျင်မီအားမေးခွန်းလိုက်ပြန်သည်။

'ဒီတော့ ကိုကောင်းစိန်က ဘယ်လိုပြောသတဲ့လဲ ဂျင်မီ'

'ကိုကောင်းစိန်ကတော့ သူမဟုတ်ရပါဘူးလို့ ငြင်းတာပဲ ပေါ့ကိုဆွေ၊ တကယ်တမ်း အိုင်ဒင်တီဖိုင်း လုပ်ချင်းလုပ်ရင် ရဲဘက် က သူ့ကိုတခြားလူတွေနဲ့တန်းစီခိုင်းပြီးမှ ဦးဖုန်းအား သူ့ကိုခွဲခြ ခိုင်းရမှာတဲ့ အခုလို လက်ညှိုးထိုးစွပ်စွဲတာက တရားမဝင်ဘူးလို့ ဆိုတယ်'

'အင်း... သူပြောတာလည်း မှန်တာပဲ ဂျင်မီရ'

'ရဲဘက်က အဲဒါကို ဝန်ခံပါတယ်။ ဒါပေမဲ့သူတို့က ရီရီညွန့်နဲ့ကိုကောင်းစိန်ကို ပိုပြီး သင်္ကာမကင်းဖြစ်လာပြီး နှိုက်နှိုက် ချွတ်ချွတ် ဆက်စုံစမ်းနေကြပြီလေ'

'ဦးဖုန်းမှားတာကော မဖြစ်နိုင်ဘူးလားကွ'

'ဦးဖုန်းကတော့ သူ့ဆီက သေနတ်လာဝယ်သွား သူဟာ ကိုကောင်းစိန်ပါပဲလို့ အတိအကျ အခိုင်အမာကို စွပ်စွဲနေတာပဲ။ ဘရွှေကပြောတော့ ရဲဘက်က သူ့စကားကို ယုံကြည်ကြတယ် တဲ့'

တင်မောင်ဆွေက ခေါင်းကို ဖြည်းညင်းစွာညိတ်လိုက်ပြန် ကာ ခေတ္တမျှတွေဝေနေလိုက်သည်။ ပြီးမှ ဂျင်မီအားမော့ကြည့်ကာ





…၍မေးခွန်းထုတ်လိုက်သည်။

'နောက်ကော ဂျင်မီ'

'ကိုမြိုင်ကြီးရဲ့လက်ကို ရဲဘက်က ပရဖင်တက်စ် …affin Test. လူတစ်ယောက် သေနတ်ပစ်ခတ်ခဲ့သည်ကို …သာစေသော ဓာတု ဗေဒစမ်းသပ်နည်း လုပ်ကြည့်သေးတယ်တဲ့ …ဆွေ၊ အဲဒီအခါမှာ ကိုမြိုင်ကြီးရဲ့ လက်ခုံပေါ်မှာ ယမ်းတောင့်က …ထွက်တဲ့ ယမ်းစမှုန့်အစအနရယ်လို့ဘာမှ မတွေ့ရတော့ ကိုမြိုင် …သူ့ကိုယ်သူ သတ်သေတယ်ဆိုတာကို ရဲဘက်ကပိုပြီး အယုံ …ကြည်မရှိ ဖြစ်လာတော့တာပဲ။ အဲဒါ ကျွန်တော်ကိုယ်တိုင် …ဘရွှေဆီက အစ်အောက်မေးလာလို့ သိရသမျှပဲ။ အမှုကို …သောင်းဖေကြီးကိုယ်တိုင် ကိုင်နေတယ်ကိုဆွေရယ်။ ရဲဝန်ထောက် …မောင်ကို ကိုယ်တိုင်ကလည်း စိတ်ဝင်စားနေတယ်တဲ့'

တင်မောင်ဆွေက မျက်နှာကိုမသိမသာ မဲ့လိုက်မိပြန်သည်။ …ထောက် ဦးမောင်ကိုကား အခုတလော သူ့အား အညှိုးထား …သော ရဲအရာရှိကြီးပင်ဖြစ်လေ၏။

'ကိုဆွေ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုဆွေ ဘာလုပ်မယ် …ကူးထားသလဲ'

'လုပ်စရာတွေကတော့ အများကြီးပဲ ဂျင်မီရ။ ဒါပေမဲ့ …ခြေအနေကိုစောင့်ကြည့်ရဦးမယ်။ ကျေးဇူးပဲ ဂျင်မီ'

ဂျင်မီထွက်သွားလျှင် တင်မောင်ဆွေက မေစီကို ခေါ်ယူ …တ်ပြန်သည်။

'အစီရေ၊ ကိုကာဝီကားနံပါတ်ကို လာပေးတဲ့မာရီတင့် …တဲ့အမျိုးသမီးလာရင် ငွေတစ်ရာထုတ်ပေးလိုက်ပါ။ ငွေသည်



www.burmeseclassic.com

www.burmeseclassic.com



မပေးနဲ့ချက်လက်မှတ်ပေးလိုက်'

'အစီ နားလည်ပါတယ် ကိုဆွေ၊ ချက်လက်မှတ်နဲ့ သူ ပြန်ပြီး ခြေရာခံနိုင်ဖို့ မဟုတ်လား'

တင်မောင်ဆွေက ပြုံးကာထိုင်ရာမှထပြီး မစီ၏ ကလေးကို ချစ်စနိုးဆွဲဖျစ်လိုက်သည်။

'ဟုတ်တာပေါ့ အစီ၊ ကဲ··· အစီရေ ကိုဆွေ အပြင်ထွ လိုက်ဦးမယ်'

❖ ❖ ❖

# အခန်း - ၁၇

တင်မောင်ဆွေ အလုပ်တိုက်သို့ ပြန်လာသည့်အခါတွင် ခင်းမွန်းတည့်ဖို့ မိနစ်အနည်းငယ်သာ လိုပေတော့သည်။ တိုက် သို့ တက်သော လှေကားဝတွင် အောက်ထပ်ဟော်တယ်ကြီး ထုလားစားပွဲထိုး ဆူလတန်ကစောင့်နေကာ တင်မောင်ဆွေအား တွေ့ရလျှင် တွေ့ရခြင်းအနားသို့ကပ်လာပြီး···

'ဆရာ··· ဆရာ··· အလုပ်တိုက်မှာ ပုလိပ်တွေရောက် တယ်'ဟု ခပ်တိုးတိုး သတင်းပေးလိုက်သည်။

တိုက်ရှေ့တွင် ရပ်ထားသော ရဲကားနှစ်စင်းကို သတိပြုမိ ဖြစ်သော တင်မောင်ဆွေကလည်း ခေါင်းညိတ်ကာ ဆူလတန် ငွေတစ်ကျပ်ထုတ်ပေးလိုက်ပြီး···

'အေး··· ကျေးဇူးတင်တယ် ဆူလတန်၊ သူတို့ရောက်လာ ကြာပြီလားကွ'ဟု မေးလိုက်သည်။

'နာရီဝက်နီးပါးလောက်တော့ ရှိပြီဆရာ'

တင်မောင်ဆွေကလည်း ဆူလတန်၏ပခုံးတစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



အသာပုတ်လျက် လှေကားပေါ်မှတက်ခဲ့သည်။ အလုပ်တိုက် တံ
ကိုဖွင့်လျက် အထဲသို့ဝင်လိုက်ပြီး အခန်းတွင် လူတွေပြည့်နေသ
ကို တွေ့ရလျှင် အံ့ဩသလို မျက်ခုံးများကို ပင့်လိုက်သည်။

'အလို… ဧည့်သည်တွေက အပြည့်ပါကလား'

စုံထောက်ဌာနချုပ် လူသတ်မှုစုံစမ်းစစ်ဆေးရေးအ
စုံထောက်ရဲမှူးကြီး ကိုသောင်းဖေသည် ပါးစပ်ထဲတွင်ခဲထားသေ
ဆေးပြင်းလိပ်ကြီးကို ချွတ်လိုက်၏။

'မင်းကို ငါတို့ လာစောင့်နေတာပဲ တင်မောင်ဆွေ'

'ဟုတ်လား ကျွန်တော့်အမှုသည်တစ်ယောက်အတွ
ဘဏ်တိုက်ကိုသွားနေတာဗျ'

'သူကတော့ ရီရီညွန့်တဲ့။ သူက ကိုကောင်းစိန်တဲ့။
သူတို့နဲ့သိပြီးသား မဟုတ်လား။ ထိုင်ပါဦးကွာ။ မင်းနဲ့ငါပြော
တွေအများကြီးရှိတယ်'

တင်မောင်ဆွေသည် ကုလားထိုင်တစ်လုံးစီတွင် ရှိနေ
သော ရီရီညွန့်နှင့် ကိုကောင်းစိန်တို့အား လှမ်းကြည့်လိုက်ပြီး ၄င်
နှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

'ဘာတွေများ ပြောစရာရှိလို့လဲ ကိုသောင်းဖေ'

'ငါပြောရမှာတွေကတော့ အများကြီးပဲကွ၊ မင်းအ
သဘောကျစရာ မဟုတ်ဘူးဆိုတာကိုလည်း ငါပြောထားပါ

တင်မောင်ဆွေက မျက်ခုံးတစ်ဖက်ကို မသိမသာပင့်လို
ကာ ရီရီညွန့်အား တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ သူ
မျက်ကွင်းများကျလျက် အတော်နွမ်းနယ်နေပုံရသည်။ တစ်ည
လည်းအိပ်ခဲ့ရပုံမရချေ။





'ရီရီညွန့်ကိုကြည့်ရတာ တော်တော်ပင်ပန်းနေပုံပဲ။ မနက်
သတင်းစာထဲမှာဖတ်လိုက်ရပါတယ်။ ညက ရီရီညွန့် အတွေ့
ကြုံက တော်တော်ဆိုးတာပဲ'

'ဟုတ်ကဲ့'

ရီရီညွန့်က မပွင့်တပွင့်ပြန်ပြောကာ မျက်လွှာချထားလိုက်
သည်။ သူမသည် တင်မောင်ဆွေမျက်နှာကို ရဲရဲကြည့်ဝံ့ ပုံမရ။
ကိုကောင်းစိန်က ရီရီညွန့်ကိုတစ်လှည့် တင်မောင်ဆွေကို တစ်လှည့်
ကြည့်လိုက်ပြီး နှုတ်ခမ်းကို တင်းကြပ်စွာစေ့ထားလိုက်သည်။

'မနေ့ညနေ ဖြောရီလောက်က မင်းဘယ်မှာ ရှိနေခဲ့သလဲ
တင်မောင်ဆွေ'

ကိုသောင်းဖေက တင်မောင်ဆွေမျက်နှာကို စေ့စေ့ကြည့်
ကာ ရုတ်တရက် မေးခွန်းထုတ်လိုက်သည်။

တင်မောင်ဆွေက နဖူးရေများတွန့်ကာ စဉ်းစားရသလို
လုပ်ပြီးမှ ခေါင်းခါပြလိုက်သည်။

'ဖြုန်းစားချည်းဆိုတော့ ကျွန်တော်လည်း မမှတ်မိဘူး
ကိုသောင်းဖေရဲ့'

'မမှတ်မိရင်လည်း ကျကျနန ပြန်စဉ်းစားစမ်းကွာ'

'ဘယ်လောက်ကြာအောင် စဉ်းစားရမှာလဲဗျ'

'မင်း အဖြေပေးနိုင်တဲ့အထိပေါ့'

တင်မောင်ဆွေက ဘာမှပြန်မဖြေ၊ အင်္ကျီအိတ်ထဲမှ စီးက
ရက်ဘူးကိုထုတ်၊ စီးကရက်တစ်လိပ်ရွေး ပါးစပ်တွင်ကပ်ပြီး မီးညှို
လိုက်သည်။ ကိုသောင်းဖေသည် တင်မောင်ဆွေက စီးကရက်မီးညှို
ပြီး တစ်ရှိုက် နှစ်ရှိုက်ဖွာပြီးသည့်အထိ စောင့်နေလိုက်ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ဘယ်လိုလဲ တင်မောင်ဆွေ'ဟု စိတ်မရှည်သံကြီးဖြင့် ထပ်မေးလိုက်သည်။

'ကျွန်တော် စဉ်းစားလို့မရသေးဘူး ကိုသောင်းဖေ'

'တင်မောင်ဆွေ၊ မင်းကို ငါ ရှင်းရှင်းပြောမယ်။ မင်းနဲ့ ငါဟာ ခင်ကြပါတယ်။ မင်း ငါ့ကိုကူညီခဲ့ပေါင်းလည်းများပြီ ငါကလည်း မင်းကို ကူညီခဲ့တယ်။ အခု ငါဟာ လူသတ်မှုတစ်ခု စစ်နေတယ်။ ဒီလူသတ်မှုကိစ္စမှာ မင်းဟာ ထုံးစံအတိုင်း ကန့်လန့် ကန့်လန့် ဝင်ပါနေပြန်ပြီလို့ ငါတို့ယူဆစရာအကြောင်းက ရှိနေတယ်။ ပါပုံပါနည်းကလည်း သိပ်အဟုတ်မဟုတ်ဘူး'

တင်မောင်ဆွေက ဘာမှပြန်မဖြေ။ ကိုသောင်းဖေကို ပြုံး၍သာကြည့်နေလိုက်သည်။ ကိုသောင်းဖေက သူ့အပြုံးကို မတုံ့ပြန်ဘဲ မျက်မှောင်ကြီးကို မသာကြုတ်ပစ်လိုက်သည်။

'မင်းကို ငါတစ်ခါထပ်မေးမယ်။ မနေ့ညနေ ၆နာရီတုန်းက မင်း ဘယ်မှာရှိနေခဲ့သလဲ'

'ဆောရီးပဲ ကိုသောင်းဖေ၊ ကျွန်တော် မနေ့ညနေ၆နာရီက ဘယ်မှာရှိနေတယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့ ခင်ဗျားကိုတော့ ပြောမပြနိုင်ဘူး'

'ဘာကွ ငါ့ကိုမပြောနိုင်ဘူး ဟုတ်လား၊ ဘာဖြစ်လို့ မပြောနိုင်ရတာလဲ'

ကိုသောင်းဖေက ဟိန်းဟောက်သံကြီးဖြင့် ပြန်မေးလိုက်သည်။ တင်မောင်ဆွေက ရီရီညွှန့်အား တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ပြန်ဖြေလိုက်သည်။

'ကျွန်တော် အလုပ်တာဝန်အရ မပြောနိုင်တာပါ'





'ဘာလဲ မင်းအမှုသည်နဲ့ ပတ်သက်နေတယ်ဆိုတဲ့ သက်သုံးစကားနဲ့ ကိုင်ပေါက်ဦးမလို့လား'

'ကျွန်တော်ဟာ အလွတ်စုံထောက်ပါ ကိုသောင်းဖေ၊ ကျွန်တော့်ပထမတာဝန်က ကျွန်တော့်ကိုငှားထားတဲ့ အမှုသည်အပေါ်မှာ ရှိနေပါတယ်။ ဒါကို ခင်ဗျားလည်း နားလည်သားပဲ'

ကိုသောင်းဖေက ကျေနပ်ဟန်မတူ။ သို့ရာတွင် အခြားမေးခွန်းတစ်ခုကို လှည့်မေးလိုက်သည်။

'မင်းဟာ သေနတ်တစ်လက်ကို ညက အတော့်ကို စိတ်ဝင်စားခဲ့တယ်။ စမစ်အင်ဝက်ဆင် အမျိုးအစားပွိုင့် သတ္တီအိတ် ခြောက်လုံးပြူးတစ်လက်ပဲ။ ဆီရီရယ်နံပါတ်က S. 65088 ပဲ'

'ဟုတ်လား'

'အဟုတ်လား မင်းမနေ့ညက ညကြီးမင်းကြီး ပဲခူးက ရွှေမျိုးဟောင်းမင်းတို့ရဲ့ ကွန်တက် ကိုမြင့်ထူးဆိုတာကို အရေးတကြီး ရွှေချောင်းကိုလွှတ်လို့ ဦးဖုန်းဆိုတာဆီမှာ ဒီသေနတ်အကြောင်း စုံစမ်းခိုင်းခဲ့တယ်ဆိုတာ တို့သိပြီးပြီ'

'ခင်ဗျားက ဒီလို အတိအကျကြီးပြောနေတော့လည်း ကျွန်တော်ငြင်းရ အခက်သားပဲဗျ'

ကိုသောင်းဖေက စိတ်မရှည်ဟန်ဖြင့် လက်ထဲမှဆေးပြင်းလိပ်တိုကို ဆေးလိပ်ပြာခွက်ထဲသို့ ပစ်ချလိုက်သည်။

'ဝေ့လည်ကြောင်ပတ် လုပ်မနေစမ်းနဲ့ တင်မောင်ဆွေ၊ မင်းက ဒီသေနတ်ကိုဘာကြောင့် စိတ်ဝင်စားရတယ်ဆိုတာသာ ပြောစမ်း'

'ဒီသေနတ်ပိုင်ရှင် ဘယ်သူဆိုတာ သိချင်လို့ပေါ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့သိချင်ရတာလဲ'

'အကြောင်းရှိလို့ပေါ့ဗျာ'

'အဲဒီသေနတ်ဟာ လူသတ်မှုတစ်ခုမှာ ပတ်သက်နေတယ် ထင်တယ် တင်မောင်ဆွေ၊ အဲဒီလူသတ်မှုဟာလည်း မနေ့ည၉နာရီလောက်က ဖြစ်ခဲ့တာ၊ အလောင်းကိုတော့ ည၁၂နာရီမှာမှ တွေ့ရတယ်။ ဒီတော့ တင်မောင်ဆွေ ဒီသေနတ်ဟာ လူသတ်မှုမှာ ပတ်သက်အကျုံးဝင်နေတယ်ဆိုတာကို မင်းည ၉နာရီလောက် ကတည်းက ဘာကြောင့် သိနေရတာလဲ'

ကိုသောင်းဖေက ပိုင်နိုင်သော အမူအရာကြီးဖြင့် မေးလိုက်ခြင်းဖြစ်သည်။

'မဟုတ်တာပဲဗျာ ကျွန်တော် အဲသလို မသိခဲ့ရပါဘူး'

'ဒီလိုဆိုရင် ဒီသေနတ်အကြောင်းကို စုံစမ်းဖို့က မင်းက ညကိုးနာရီထိုးကာနီးလောက်မှာ ဘာဖြစ်လို့ ပဲခူးကို တယ်လီဖုန်းဆက်ပြီး ကိုမြင့်ထူးကို အရေးတကြီးခိုင်းရတာလဲ'

'ဒီသေနတ်ဟာ ကျွန်တော်ကိုင်နေတဲ့ အမှုတစ်ခုနဲ့ပတ်သက်နေလို့ပါ။ ဒါပေမဲ့ ဒီအမှုဟာ ရာဇဝတ်မှုမဟုတ်ဘူး လူသတ်မှုမဟုတ်တာကတော့ အမှန်ပါပဲ'

တင်မောင်ဆွေက မျက်နှာထားမင်သေသေဖြင့် ပြန်ဖြေလိုက်သည်။

'ဒီလိုဆို အဲဒီအမှုက ဘာအမှုလဲ'

'အဲဒါကိုတော့ ကျွန်တော့်အမှုသည်ရဲ့ သဘောတူညီမှုမရပဲ ပြောပြခွင့်မရှိပါဘူး'

ကိုသောင်းဖေကြီးသည် မျက်နှာနီရဲလာကာ တင်မောင်ဆွေအား မကျေမနပ် စူးစိုက်ကြည့်လိုက်သည်။





'တင်မောင်ဆွေ မင်း ဒီလို ဝေ့လည်ကြောင်ပတ်လုပ်နေလို့ မဖြစ်ဘူး၊ မင်း ငါ့ကိုပွင့်ပွင့်လင်းလင်း ဆက်ဆံစမ်းပါကွာ'

'ခင်ဗျား မေးစရာရှိတာမေးပါလေ။ ကျွန်တော် ဖြေနိုင်တာကိုဖြေပါ့မယ်'

'ဟောဒီက ရီရီညွန့်နဲ့ မင်းဘယ်တုန်းက စသိရတာလဲ'

'မနေ့ကမှပါ'

'သူက မင်းကို လာဆက်သွယ်တာလား၊ ဒါမှမဟုတ် မင်းက သူ့ကို ဆက်သွယ်တာလား'

'အဲ... အဲဒီမေးခွန်းမျိုးကိုတော့ ကျွန်တော်က ဖြေနိုင်တာပေါ့ ကိုသောင်းဖေ'

တင်မောင်ဆွေက ပြောရာက သူ့ဘေးတွင် တိတ်ဆိတ်စွာ ထိုင်နေသော မေစီအား လှည့်ကြည့်လိုက်သည်။

'အစီရေ ကိုဆွေတို့ ကားတိုက်မှု ကြော်ငြာပါတဲ့ သတင်းစာပေးစမ်းပါကွယ်'

မေစီသည် ထိုင်ရာမှ သွက်လက်စွာထကာ သူမ၏စားပွဲဆီသို့ လျှောက်သွားပြီး ဖိုင်တွဲတစ်ခုကြားတွင် အဆင်သင့်ရှိနေသည့် သတင်းစာကို ယူလာပေးလိုက်သည်။ တင်မောင်ဆွေကကြော်ငြာပါသော စာမျက်နှာကိုလှန်ကာ ကိုသောင်းဖေအား ပေးလိုက်သည်။

ကိုသောင်းဖေသည် ကြော်ငြာကိုဖတ်ပြီးနောက် သက်သာမကင်း အမူအရာဖြင့် တင်မောင်ဆွေအား ကြည့်လိုက်သည်။

'ဒါနဲ့ ဘာဆိုင်လို့လဲကွ'

တင်မောင်ဆွေက သူ့အား ပြန်မဖြေသေး။



www.burmeseclassic.com

www.burmeseclassic.com



'အစီရေ မနေ့မနက်က ကိုဆွေ့ဆီကိုရောက်လာတဲ့ ဟိုစာနဲ့စာအိတ်ထဲမှာပါလာတဲ့ သော့ကိုပါ ယူပေးပါဦးကွယ်' ဟု မစီအားခိုင်းလိုက်ပြန်သည်။

'သော့ ဟုတ်လား၊ ဘာသော့လဲ'

ကိုသောင်းဖေကြီးက မျက်မှောင်ကြုတ်လျက် မေးလိုက်ပြန်၏။

'တံခါးဖွင့်တဲ့သော့ပါဗျ'

မစီသည် သူမ သိမ်းဆည်းထားသော စာအိတ်နှင့်သော့ကို ကိုသောင်းဖေအား ယူလာပေးလိုက်ပြန်သည်။ ကိုသောင်းဖေသည် စာအိတ်ထဲမှ စာကိုဖတ်လိုက်ပြီးနောက် မျက်မှောင်ကြုတ်သွားပြန်တော့သည်။

'အဲဒီစာကို ရီရီညွန့်ကိုပြလိုက်ပါ။ ဒီစာကို သူကပဲ ကျွန်တော့်ကို ပို့လိုက်တာပါ ကိုသောင်းဖေ'

ကိုသောင်းဖေက လက်ထဲကစာကို ရီရီညွန့်အား ပေးလိုက်သည်။ ရီရီညွန့်က ဖတ်ကြည့်ပြီး ဘာမှပြန်မပြောဘဲ ကိုကောင်းစိန်၏လက်ထဲသို့ ကမ်းပေးလိုက်ပြန်သည်။

'ဒီစာကိုရတော့ မင်းက စာထဲမှာပါတဲ့အတိုင်း သူမရှိချိန် သူ့တိုက်ခန်းကို လိုက်သွားရောလား'

'ဒီလို ဘယ်လုပ်လိမ့်မလဲ ကိုသောင်းဖေရာ။ တိုက်ခန်းပိုင်ရှင်မရှိတုန်း တိုက်ခန်းတံခါးကို ကျွန်တော်က သော့ဖွင့်ဝင်ရင် ဖောက်ထွင်းမှုနဲ့ပိုင်နက် ကျူးကျော်မှုဖြစ်မှာပေါ့ဗျ။ ကျွန်တော်က ဒါလောက်တောင်လည်း မတုန်းသေးပါဘူးဗျာ'

'ဒီလိုဆို မင်းက ဘာလုပ်သလဲ'

'ကျွန်တော် စာရရချင်း မနက်ပိုင်းမှာပဲ ရီရီညွန့်ရဲ့တိုက်ခန်း





ကို လိုက်သွားတော့ ရီရီညွန့်နဲ့တွေ့ရတယ်။ သူကပဲ ကျွန်တော့်ကို လက်ခံစကားပြောပါတယ်။ အဲဒီကစပြီး သူဟာ ကျွန်တော့်အမှုသည် ဖြစ်လာခဲ့ရတာပေါ့'

'ရှင်'

ရီရီညွန့်သည် အံ့ဩသွားသော အမူအရာဖြင့် တင်မောင်ဆွေအား ကြည့်လိုက်သည်။ တင်မောင်ဆွေကလည်း သူမအား အဓိပ္ပာယ်ပါပါ ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

'ခင်ဗျားဟာ တင်မောင်ဆွေကို ငှားခဲ့တယ်ပေါ့ ဟုတ်လား'

ကိုသောင်းဖေက ရီရီညွန့်အား လှည့်မေးလိုက်ရာ သူမက တင်မောင်ဆွေထံ တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ခေါင်းကလေးညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်ရှင်'

'မင်းကို သူက ဘာအတွက်ငှားခဲ့တာလဲ'

'ဒါက သူ့အတွင်းရေးကိစ္စပဲ ကိုသောင်းဖေ' ကျွန်တော့်ပြောပြခွင့် ဘယ်ရှိမှာလဲ'

'မင်း မနေ့က တော်တော်ခြေသွက်ခဲ့တာပဲ တင်မောင်ဆွေ'

ကိုသောင်းဖေက မကျေမနပ်သံကြီးဖြင့် ပြောလိုက်သည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ'

'မင်းဟာ မနေ့က တာမွေလမ်းထဲမှာနေတဲ့ ဦးသန်းရှိန်ရဲ့အိမ်ကိုလည်း သွားခဲ့တယ်။ ပြီးတော့ သူဟာ တခြားကားတစ်စင်းကို ကားနဲ့ တိုက်မောင်းပြေးသွားတယ်လို့ စွပ်စွဲတယ်မဟုတ်လား'

'ကျွန်တော် စွပ်စွဲတာ မဟုတ်ပါဘူး၊ သူဟာ အဲဒီအမှုမှာ ပါချင်ပါနေလိမ့်မယ်လို့သာ ပြောခဲ့တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ မင်း ဦးသန်းရှိန်ဆီကိုသွားတော့ ကိုမြိုင်ကြီး ခေါ် ကိုဘမြိုင်ကို မင်းတွေ့ခဲ့ရတယ် မဟုတ်လား'

'ခင်ဗျားပြောတဲ့လူက ဦးသန်းရှိန်ရဲ့ ဒရိုင်ဘာကို ဆိုလို တာလား'

'အေးပါကွာ'

'ဒီလိုဆိုရင်တော့ အဲဒီလူကို ကျွန်တော်တွေ့ခဲ့ရပါတယ်'

ကိုသောင်းဖေသည် တင်မောင်ဆွေနှင့် စကားစစ်ထိုးရ သည်ကို တော်တော်မောသွားသည့်အလား နောက်ထပ်၍ ဘာတစ်ခု မှ မပြောသေးဘဲ သူ့အင်္ကျီအိတ်ထဲမှ ဆေးပြင်းလိပ်အသစ်တစ်လိပ် ထုတ်ကာ ပါးစပ်တွင်တပ်ပြီး မီးညှိလိုက်သည်။ ဆေးပြင်းလိပ်ကို ကျကျနနမီးစွဲသွားသည့်အခါတွင်မှ မီးခိုးများကို တိမ်တိုက်သဖွယ် မှုတ်ထုတ်လိုက်ပြီး တင်မောင်ဆွေနှင့် စကားစစ်ထိုးခြင်းကို ပြန်လည် စတင်လိုက်ပြန်သည်။

'ကဲ... တင်မောင်ဆွေ မင်းကို ငါထပ်မေးပါရစေ။ စမစ် အင်ဝက်ဆင် ပွိုင့်သာတီအိတ်ဆီရီယယ်နံပါတ် S.65088 သေ နတ်ကို မင်းဘယ်တုန်းက စတွေ့ရတာလဲ။ ပြီးတော့ ဒီသေနတ်ပိုင် ရှင်ကို မင်းက တကူးတက ခြေရာခံရတဲ့အထိ ဘာကြောင့် ဒီ လောက် စိတ်ဝင်စားနေရတာလဲ'

'ဆောရီးပဲ ကိုသောင်းဖေ၊ ခင်ဗျားက တခြားမေးခွန်း ထုတ်ရင် ကောင်းလိမ့်မယ်ဗျာ။ အခုဟာက ကျွန်တော် မဖြေနိုင် တဲ့ မေးခွန်းဖြစ်နေတယ်ဗျ'

ကိုသောင်းဖေသည် တော်တော် ကျွဲမြီးတိုသွားပုံရ၏။ သို့သော် ကြိုးစား၍ စိတ်ချုပ်တည်းလိုက်ရဟန်ဖြင့် ခေတ္တမျှ





တင်မောင်ဆွေအား မျက်လုံးကြီးများပြူး၍ ကြည့်နေလိုက်ပြီးမှ နောက်ထပ်မေးခွန်းတစ်ခု ထပ်ထုတ်လိုက်ပြန်သည်။

'ထားပါတော့ကွာ၊ ဒါပေမဲ့ အဲဒီသေနတ်က ဆီရီယယ် နံပါတ် တွေကို တံစဉ်းနဲ့တိုက်ပြီး ဖျက်ထားခဲ့တယ်ကွ။ ငါတို့ အတွက် ကုသိုလ်ကံကောင်းချင်တော့ အဲဒီလူဟာ သေနတ်ရဲ့ က်ကိုင်ဒင် သစ်သား ဂရစ်(ပ်)တွေအောက်မှာ ဆီရီယယ်နံပါတ် ရှိသေးတယ် ဆိုတာကို မသိခဲ့ဘူးလေ။ တို့ကသိတော့ သစ်သား က်ကိုင် ဂရစ်(ပ်) တွေကိုခွာပြီး ဆီးရီယယ်နံပါတ်ကို ရခဲ့တော့ ယ်။ ငါ သိချင်တာက မင်း ဒီသေနတ်နံပါတ်ကို ဘယ်လိုသိခဲ့ရ ယ်ဆိုတာပဲ'

'အဲဒါကို ကျွန်တော် မဖြေနိုင်တာ ဆောရီးပဲ'

'သေနတ်က နံပါတ်တွေကို တံစဉ်းနဲ့တိုက်မပစ်ခင်က ဖြစ်ရမယ် တင်မောင်ဆွေ၊ ဘာဖြစ်လို့လဲဆိုတော့ တို့သစ်သား စ်(ပ်)ကို ခွာကြည့်တော့ စကရူးတွေဟာ သူ့နဂိုအတိုင်း ရှိနေတာ တွေ့ခဲ့ရလို့ပဲ။ ဒီတော့ သေနတ်က ဆီရီယယ်နံပါတ်ကို တံစဉ်း တိုက်ပစ်ခဲ့တဲ့လူဟာ မင်းပဲမဟုတ်လား တင်မောင်ဆွေ'

တင်မောင်ဆွေက အင်းမလုပ်အဲမလုပ်ဘဲ ငိုင်နေလိုက်သည်။

'ကောင်းပြီ တင်မောင်ဆွေ'

ကိုသောင်းဖေက ခေါင်းကို ဆတ်ခနဲတစ်ချက်ညိတ်လိုက် သူနှင့်အတူပါလာသော စုံထောက်အမှုထမ်းတစ်ယောက်အား ်းကြည့်လိုက်သည်။

'ကဲဟော့... မောင်ညဏ်ထွန်း၊ တို့ခေါ်လာတဲ့ သက်သေ ဒီကိုခေါ်ခဲ့စမ်းကွာ'



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်အမှုထမ်းက အပြင်ဘက်သို့ ထွက်သွားလျှ
ကိုသောင်းဖေက တင်မောင်ဆွေဘက်သို့ လှည့်ကြည့်လိုက်သည်

'ကဲ... တင်မောင်ဆွေ၊ မင်းကို ငါအတိအလင်းပဲပြော
တော့မယ်။ မနေ့ညနေ ခြောက်နာရီလောက်မှာ မင်းဟာ မင်းအ
သည် ရီရီညွန့်နဲ့အတူ သူ့တိုက်ခန်းက ကားရုံရှေ့မှာပဲ အတူ
ရှိနေခဲ့တယ်လို့ဆိုတယ်။ အဲဒီအချိန်မှာပဲ ဦးသန်းရှိန်ရဲ့ ဒရိုင်ဘာ
ကိုမြိုင်ကြီးဟာ ကားရုံထဲမှာ သေနတ်နဲ့အပစ်ခံထားရတယ်။ မင်း
ဟာ အခု ဒီလူသတ်မှုကို ဖုံးကွယ်ဖို့ ကြိုးစားနေတယ်။ မင်း
အိုင်ဒင်တီဖိုင်း လုပ်နိုင်မယ့် သက်သေတစ်ယောက်လည်း ငါ့မှာရှိ
တယ်'

'ခင်ဗျား သက်သေက သူမြင်လိုက်ရတဲ့လူဟာ ကျုပ်
လို့ အတိအကျ အိုင်ဒင်တီဖိုင်း လုပ်နိုင်လိမ့်မယ်လို့ ကျုပ်မထင်ပါဘူး'

'သက်သေက ရီရီညွန့်ကိုတော့ သူညက ကားရုံရှေ့မှာ
တွေ့ခဲ့ရတဲ့မိန်းမပါလို့ အတိအကျ အိုင်ဒင်တီဖိုင်းလုပ်ခဲ့တာပဲ'

တင်မောင်ဆွေက မည်သို့မျှ ပြန်မပြောနိုင်ခင် ခုနက ထွ
သွားသော စုံထောက်အမှုထမ်းသည် လူတစ်ယောက်ကို အခန်းတွင်
သို့ခေါ်သွင်းစေသည်။ ထိုလူကား အသက်လေးဆယ်ခန့် ပိန်ပိန်ရှ
ရှည်ဖြစ်ကာ အဝတ်အစားကို သပ်ရပ်စွာဝတ်ဆင်ထားသည်။ လူ
မွန်တစ်ယောက်ဖြစ်၏။ သူ့အမူအရာကတော့ မဆိုင်သည့် နေရာ
ကျူးကျော်ဝင်ရောက်လာမိ၍ အားနာပါးနာ ဖြစ်နေပုံရသည်။

ကိုသောင်းဖေက တင်မောင်ဆွေထံသို့ လက်ညှိုးငေါက်
ထိုးလိုက်ကာ ထိုလူအား မေးခွန်းထုတ်လိုက်သည်။

'ကဲ... ကိုစိန်မြ ခင်ဗျား မနေ့ညနေက တွေ့ခဲ့ရတဲ့







ဘာ သူပဲ မဟုတ်လား'

ကိုစိန်မြသည် တင်မောင်ဆွေအား တစ်ချက် ကြည့်လိုက်
ပြီးမှ...

'ကျွန်တော် အတတ်မပြောနိုင်ပါဘူး။ တွေ့တုန်းက မတ်
တတ်ရပ်လျက်သား တွေ့ခဲ့ရတာဗျ၊ ပြီးတော့ ကျွန်တော်က သူ့မျက်နှာ
ကိုလည်း ထင်ထင်ရှားရှား တွေ့ခဲ့ရတာလည်း မဟုတ်ဘူး'

တင်မောင်ဆွေက ကိုသောင်းဖေအား လှမ်းကြည့်လိုက်ပြီး
ပြုံးလိုက်သည်။ ကိုသောင်းဖေကတော့ မျက်မှောင်ကြီးကြုတ်လိုက်
သည်။

'ကဲ... တင်မောင်ဆွေ မင်း မတ်တတ်ရပ်ပြလိုက်စမ်းကွာ'

'သက်သေတစ်ယောက်ကို လူခွဲပြခိုင်းတယ်ဆိုတာ တရား
ဥပဒေအရ ဒီလိုလုပ်ရတာ မဟုတ်ဘူး ကိုသောင်းဖေရဲ့။ လူအများ
ရပ်ပြီး တန်းစီပြီးမှ သက်သေကိုခေါ်ပြီး ခွဲပြချင်းရတယ်ဆိုတာ
ခင်ဗျားအသိပဲ'

'မင်းပြောသလို လုပ်ရအောင်က မင်းကို ငါဖမ်းရသေး
တာမှ မဟုတ်တာပဲ တင်မောင်ဆွေ။ မင်းဟာ ငါပြောသလို တကယ်
အပြစ်မရှိဘူးဆိုရင်၊ သက်သေကို မတ်တတ်ရပ်ပြဖို့ ဘာများ
လေးစရာများ ရှိသလဲ'

တင်မောင်ဆွေက သူ့ဆုံလည်ကုလားထိုင်တွင် ကျကျနန
မှီ၍ ထိုင်လိုက်ကာ ကိုသောင်းဖေအားပြုံး၍သာ ကြည့်နေ
လိုက်သည်။

'ညနေက တွေ့ခဲ့ရတဲ့လူက ဘယ်လိုဝတ်စားထားသလဲ'

'အုန်းခွံရောင် ဂျာကင်အင်္ကျီ ကော်လာကတော့ အ...နဲ့



www.burmeseclassic.com

www.burmeseclassic.com



တူတယ်၊ ဘောင်းဘီရှည်အရောင်ကတော့ အရင့်ထဲကပဲ။ အဲ... ပြီးတော့ ခေါင်းမှာလည်း ဖဲလ်ဟက် ဦးထုပ်ပျော့ကလေးတစ်လုံး ဆောင်းထားတယ်'

ကိုသောင်းဖေသည် တင်မောင်ဆွေအား လှည့်ကြည့်လိုက် ပြန်သည်။

'တင်မောင်ဆွေ၊ မင်းဝတ်နေကျ ဂျာကင်နဲ့ ဆောင်းနေကျ ဦးထုပ် ဘယ်မှာထားသလဲ'

'အို... ဘာလုပ်မလို့လဲဗျ'

ကိုသောင်းဖေက အခန်းကိုလှည့်ပတ်ကြည့်ရှု အကဲခတ် လိုက်ရာက တင်မောင်ဆွေစားပွဲနောက်ရှိ နံရံတွင် ကပ်၍ထောင်ထား သော ဘီဒိုရှည်ကြီးကို ဆတ်ခနဲ လက်ညှိုးထိုးလိုက်သည်။

'မောင်ဉာဏ်ထွန်း၊ အဲဒီ ဘီဒိုကြီးကို ဖွင့်ကြည့်စမ်းကွာ အထဲမှာ ဂျာကင်အင်္ကျီနဲ့ သက္ကလပ်ဦးထုပ်ပျော့တစ်လုံး တွေ့လိမ့်မယ်'

စုံထောက်အမှုထမ်း မောင်ဉာဏ်ထွန်းကလည်း ချက်ချင်း ပင် သူ့အထက်အရာရှိ၏အမိန့်ကို သွက်လက်စွာနာခံလိုက်သည်။ ဘီဒိုတံခါးကြီးကို ၄င်းကဆွဲဖွင့်ပြီး ဘီဒိုထဲတွင် ချိတ်ထားသည့် ဂျာကင်အင်္ကျီတစ်ထည်နှင့် ဖဲလ်ဟက်သက္ကလပ်ဦးထုပ်ပျော့ကလေး တစ်လုံးကို ဖြုတ်ယူကာ ကိုသောင်းဖေကြီးအား ညွှန်ပြလိုက်သည်။ သို့ရာတွင် ဂျာကင်အင်္ကျီမှာ အပြာရောင်ဖြစ်နေသည်။

'မင်းရဲ့အုန်းခွံရောင် ဂျာကင်ကော တင်မောင်ဆွေ'

'ကျုပ်မှာ အုန်းခွံရောင် ဂျာကင်လို့ မရှိပါဘူး'

'မနေ့က ကျုပ်တွေ့လိုက်ရတဲ့လူဝတ်ထားတဲ့ ဂျာကင် အင်္ကျီက အဲဒါ မဟုတ်တာတော့သေချာတယ်'





ကိုသောင်းဖေကား မျက်မှောင်ကြုတ်ကာ တော်တော်ကြီး ကျေမနပ်ဖြစ်သွားဟန်တူသည်။ သူက တမှုပြောင်း၍ မေးခွန်းထုတ် လိုက်သည်။

'ဦးသန်းရှိန်ဆီကို မင်းလိုက်သွားတာ ဘယ်လို သဲလွန်စ ကြောင့်လဲ။ မင်းစုံစမ်းနေတဲ့ ကားတိုက်မှုမှာ ဦးသန်းရှိန်ရဲ့ကားပါတယ် ဆိုတာ မင်းက ဘယ်လိုနည်းနဲ့သိခဲ့ရတာလဲ'

'ဦးသန်းရှိန်ရဲ့ကားက ကျွန်တော် စုံစမ်းနေတဲ့ ကားတိုက်မှုမှာပါခဲ့တာ မဟုတ်ပါဘူး ကိုသောင်းဖေရဲ့'

တင်မောင်ဆွေက ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်၏။

'နို့... မင်းက ဘာဖြစ်လို့ သူ့ဆီကို သွားရတာလဲ'

'အစကတော့ သူပဲလို့ ကျွန်တော်က ထင်မိတာကိုး။ ဒါပေမဲ့ ခင်ဗျားလည်း ကြုံဖူးသားပဲ ကိုသောင်းဖေရာ။ အမှုတစ်ခု လိုက်ရာမှာ သဲလွန်စမှားပြီး တလွဲလိုက်မိတာမျိုးလေ။ အခု ဦးသန်း ရှိန်ကိစ္စလည်း ဒီအတိုင်းပဲ'

'ထားလိုက်ပါလေ။ ငါသိချင်တာက မင်း ဦးသန်းရှိန်ဆီ လိုက်သွားတာဟာ ဘယ်ကဘယ်လို သဲလွန်စရလို့ဆိုတာပဲ'

ကိုသောင်းဖေသည် သူသိချင်သောအချက်အလက်ကို စွဲစွဲ မြဲမြဲကိုင်လျက် မေးနေသည်။

'ကားတိုက်မှုကို တကယ်ကျူးလွန်တဲ့လူက ကိုကာဝီတဲ့။ တောင်ဥက္ကလာ ရပ်ကွက်မှာနေတာဗျ။ မနေ့ကပဲ ကျုပ် သူ့ကို သွားတွေ့ခဲ့တယ်။ သူကလည်း သူပဲကားနဲ့ဝင်တိုက်မိခဲ့တာပါဆိုတာ ကို ဝန်ခံတယ်။ ပြီးတော့ ကျုပ်အမှုသည်အတွက် နစ်နာကြေးကို ငွေ တစ်ခါတည်းပေးလိုက်တယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဆွေကလည်း တမင်သက်သက်ပင် ကိုသော ဖေ ဦးတည်နေသော အကြောင်းအရာမှ တမင်လမ်းကြောင်း ပေးလိုက်ပြန်သည်။ ကိုသောင်းဖေသည် နှုတ်ခမ်းကြီးကိုထော် သက်မကြီးတစ်ချက် ရှိုက်လိုက်ပြီးမှ မရှည်တော့သည့်စိတ် ကြိုးစား၍ ထိန်းသိမ်းထားလိုက်ရာက စကားများကိုတစ်လုံးချ ပြောလိုက်သည်။

'တင်မောင်ဆွေ၊ မင်းဟာ မနေ့ညက ငါးနာရီနဲ့ ခြော နာရီအတွင်းမှာ ဒီမှာမရှိခဲ့ဘူး။ ခြောက်နာရီမထိုးခင်မှာ မေစီတ ယောက်တည်း သုံးဘီးကားနဲ့ပြန်လာတယ်။ အဲဒီအချိန်မှာ ဦးသန်း က သူ့ကားကို မင်းတိုက်ရှေ့မှာ ရပ်ပြီးစောင့်နေတယ်။ သူ့ဒရို ဘာလည်း ကားပေါ်မှာရှိနေတာကို မေစီကိုယ်တိုင်က တွေ့ခဲ့ရတယ် ဦးသန်းရှိန်ဟာ မေစီနဲ့အတူ တိုက်ပေါ်ကိုတက်လိုက်လာပြီး မင်း စောင့်နေတယ်။ ဒါပေမဲ့ သူ့ဒရိုင်ဘာကိုတော့ ကားနဲ့အတူပြန်လွှ လိုက်တယ်။ သူကတော့ ဒီမှာ ခြောက်နာရီထိုးလုလုအထိ မင်း စောင့်နေတယ်။ ပြီးတော့ သူ့ရှေ့နေကို ဖုန်းဆက်ခေါ်ပြီး ဆေး ကြီးက လူနာမောင်မြင့်ရှိန်ကို သွားကြည့်ခဲ့တယ်။ သူက အိမ်ပြ ရောက်တဲ့အထိ သူဘယ်မှာရှိတယ်ဆိုတာကို အထောက်အထား နိုင်တယ်။ မင်းကကော မနေ့ညနေ ငါးနာရီက ခြောက်နာရီအ အတွင်းမှာ မင်းဘယ်မှာရှိနေခဲ့တယ်ဆိုတာကို သက်သေအထော အထားပြနိုင်သလား'

'ငါးနာရီနောက်ပိုင်းဆိုရင် ကျုပ်က ကျုပ်အလုပ်တိုက်မှ အင်မတန်ရှိခဲ့တာပဲ'

'ဟုတ်ပြီလေ။ မင်းမရှိတာကလည်း မနေ့က မင်းဟာ





ဒီအချိန်မှာ ဟောဒီက ရီရီညွန့်နဲ့အတူ ရှိနေလို့မဟုတ်လား။ ကိုမြင့် ကြီးက ကားရုံထဲကို ဝင်လာချိန်မှာ မင်းကလည်း အဲဒီမှာပဲရှိနေခဲ့ မယ်။ မင်းကို ငါက လူသတ်သမားရယ်လို့ စွပ်စွဲနေတာတော့ ဟုတ်ဘူးတင်မောင်ဆွေ၊ ဒါပေမဲ့ မင်းဟာ ဒီလူသတ်မှုအကြောင်း ကို သိရမယ်။ မျက်မြင်သက်သေတစ်ယောက် ဖြစ်ချင်ဖြစ်နိုင်တယ်။ ကိုမြင့်ကြီးဟာ လူကောင်းတစ်ယောက် မဟုတ်တာကိုလည်း ငါ သိခဲ့တယ်။ သူဟာ ငွေညှစ်သမား အချောင်သမားတစ်ယောက်ပဲ။ သူ့ကိုသတ်ပစ်ထိုက်တဲ့ အကြောင်းရှိချင်လည်းရှိမှာပဲ။ ဒီကောင်က အချိန်မတော် ကားရုံထဲမှာ လာစောင့်နေတာကိုကပဲ သူ့မှာတစ်ခုခု ကောင်းကြံစည်ဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုတာ ထင်ရှားနေတယ်။ တော့ သူ့ကိုသတ်ပစ်မိတာဟာ ကိုယ့်ကိုကိုယ် ခုခံရင်းလူသတ်မှု ကျူးလွန်မိတာလို့ဆိုရင်လည်း ဒါကို ငါလက်ခံနိုင်ပါတယ်။ အရေး ကြီးတာက ငါ့ကို မင်းက အမှုဖြစ်ပွားပုံကို ပွင့်ပွင့်လင်းလင်း မှန်အတိုင်း ပြောပြဖို့ပဲ'

တင်မောင်ဆွေက ကိုသောင်းဖေကို ပြန်မဖြေဘဲစီးကရက် တစ်လိပ်ကို မီးညှိလိုက်သည်။ အမှန်တော့ ကိုသောင်းဖေ၏ စကား ကို သူ့စိတ်ကူးထဲတွင် ဝေဖန်သုံးသပ်နေမိခြင်းဖြစ်သည်။ ကိုသောင်း ပြောသည့်အတိုင်း ကိုမြင့်ကြီးအသတ်ခံရခြင်းမှာ ရီရီညွန့်က ကိုယ်ကိုမိမိ ခုခံကာကွယ်ရင်း ပစ်သတ်မိသည်ဟု ဝန်ခံလိုက်ပါ အမှုမှာ သူ့ဘာသာအလိုအလျောက် ပြီးစီးသွားနိုင်၏။ မိမိသည် ည်းဒုက္ခမရောက်၊ ရီရီညွန့်သည်လည်း ကိုယ့်ကိုကိုယ်ကာကွယ် ခံရင်း လူသတ်မှုကျူးလွန်မိခြင်းဖြစ်သည့်အတွက် အပြစ်ဒဏ်မှ ယ်ကူစွာလွတ်ကင်းနိုင်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခက်သည်ကတစ်ခုရှိသည်။ ထိုအချိန်က ရီ ညွန့်သည် မိမိနှင့်အတူရှိနေပြီး ကိုမြိုင်ကြီးအား သတ်ပစ်ခဲ့ခြင်း မဟုတ်သည်ကို မိမိက သိထားနေခြင်းဖြစ်သည်။ ကိုမြိုင်ကြီး ရီရီညွန့်မသတ်ပါက အခြားတစ်ယောက်ယောက်က သတ်သွားခြင်း သာဖြစ်ရမည်။ ထို့ကြောင့် ကိုမြိုင်ကြီးကို မသတ်ရပါဘဲနှင့်သူမ သတ်ပါသည်ဟု ရီရီညွန့်က ဖွင့်ဟဝန်ခံလိုက်ပါက တကယ့်လူသ သမားသည် ကြားချောင်လွတ်သွားတော့မည် ဖြစ်ပေသည်။

ကိုသောင်းဖေက တင်မောင်ဆွေ့မျက်နှာကို အကဲခ ကြည့်လိုက်ရာက စကားဆက်ပြန်သည်။

'ရီရီညွန့်ကတော့ မနေ့ညနေက မင်းဟာသူနဲ့အတူတူ နေခဲ့ပါတယ်လို့ ဖွင့်ဝန်ခံခဲ့တယ် တင်မောင်ဆွေ'

'ဟုတ်လား'

'ဟုတ်တယ်၊ ပထမတော့ သူက သူဟာတစ်ညနေလုံး ညသန်းခေါင် ကိုမြိုင်ကြီးရဲ့ အလောင်းကိုတွေ့တဲ့အထိ သူ့သူငယ် ချင်းမမြိုင်ဆိုတာနဲ့ အတူရှိနေခဲ့ပါတယ်လို့ သက်သေပြတယ် ဒါပေမဲ့ ငါက ကြပ်ကြပ်မတ်မတ် စစ်လိုက်တော့မှ သူ့သူငယ်ချင်း မမြိုင်က သူပြောတာမဟုတ်ပါဘူးလို့ ဆိုတယ်'

'ဒီမှာ ရီရီညွန့်၊ သူပြောတာ တကယ်ပဲလား။ ကျုပ်ဟာ ခင်ဗျားနဲ့အတူ မနေ့ညနေက အတူတူရှိနေပါတယ်လို့ ပြောခဲ့တယ်ဆို တာဟာ ဟုတ်သလား'

'ကျွန်မက တစ်ညနေလုံး ရှင်နဲ့အတူရှိနေခဲ့ပါတယ်လို့ မပြောခဲ့ရပါဘူး'

ကိုသောင်းဖေက မျက်မှောင်ကြီးကြုတ်ကာ...





'ဟော့... တင်မောင်ဆွေ၊ မင်းသူနဲ့ စကားမပြောပါနဲ့။ မင်းပြောစရာရှိရင် ငါနဲ့သာပြောပါ'ဟု ေပါက်လိုက်သည်။

'အို... သူဟာ ကျုပ်အမှုသည်ပဲဗျ။ ကျုပ်အမှုသည်အနေနဲ့ ကျုပ်က သူ့ကို အကြံဉာဏ်ပေးနိုင်တယ်။ ခင်ဗျားဘာပဲမေးမေး သူက ပြန်မဖြေဘဲနေနိုင်တယ်ဆိုတာကို ကျုပ်က သူ့ကို အကြံဉာဏ် ပေးပိုင်ခွင့်ရှိတယ်'

တင်မောင်ဆွေက ပြောပြောဆိုဆို ရီရီညွန့်အား အဓိပ္ပာယ် ပါပါ စူးစိုက်၍ကြည့်လိုက်သည်။

'မင်းဟာ မနေ့က ဘယ်အချိန်မှာ ရီရီညွန့်နဲ့ ရှိခဲ့တာလဲ'

'ခင်ဗျားကို ကျုပ်ပြောပြီးပြီပဲ ကိုသောင်းဖေ၊ ကျုပ်ဟာ နက်ပိုင်းမှာ ရီရီညွန့်ကိုသွားတွေ့ခဲ့ပါတယ်လို့'

ကိုသောင်းဖေသည် အသက်ကိုပြင်းစွာရှူကာ တင်မောင် ဆွေအား မျက်လုံးကြီးများပြူးလျက်ကြည့်လိုက်သည်။

'ဒီနောက်မှာကော မင်းက သူနဲ့မတွေ့ခဲ့ဘူးလား'

'ဒါကိုတော့ ကျုပ်မဖြေနိုင်ဘူး ကိုသောင်းဖေ'

ကိုသောင်းဖေသည် ထိုင်ရာမှဆတ်ခနဲထကာ တင်မောင် ဆွေရှေ့တည့်တည့်တွင် လာရပ်လိုက်သည်။

'ကဲ... တင်မောင်ဆွေ၊ မင်းဝေ့လည်ကြောင်ပတ်လုပ်နေ လို့လည်း အပိုပဲ၊ မင်းလက်ပုံစံကို ငါလိုချင်တယ်'

'အိုကေ... ကိုသောင်းဖေ ကျွန်တော်က တတ်နိုင်တဲ့ဘက် ကဆိုရင် ခင်ဗျားကို ကူညီဖို့အဆင်သင့်ပါပဲ'

'ဒီလိုဆို ထရပ်စမ်းကွာ'

တင်မောင်ဆွေက ခေါင်းကိုခါယမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ထိုင်လျက်ပဲ လက်ပုံစံပေးနိုင်မယ် ကိုသောင်းဖေ'

ကိုသောင်းဖေသည် ဘာမှမပြောတော့ လက်ပုံစံဟူသော
ကိရိယာတန်ဆာပလာများကို ထုတ်ကာ တင်မောင်ဆွေ၏ညာဘက်
လက်ညှိုးမှ လက်ဗွေပုံစံကို စက္ကူဖြူဖြူတစ်ရွက်ပေါ်တွင် နှိပ်ယူလိုက်
သည်။ ပြီးလျှင် တင်မောင်ဆွေအားကြည့်ကာ…

'မင်းလက်ထဲမှာ ပေနေတဲ့မင်တွေကို ဆေးပစ်လိုက်စမ်း
ကွာ' ဟု ပြောလိုက်သည်။

တင်မောင်ဆွေက ခေါင်းကိုခါကာ သူ့လက်ကိုင်ပုဝါထဲ
ထုတ်လျက် လက်ညှိုးတွင်ပေနေသော မင်တွေကို ထိုင်ရာကမထ
သုတ်ပစ်လိုက်သည်။

'ကောင်းပြီလေ၊ ဒါပေမဲ့ မင်းဒီမှာ ဘယ်လောက်ကြာ
အောင် ထိုင်နေမှာလဲ၊ ငါ့သက်သေကို မင်းကတိုက်လှေကားရင်းမှာ
အစောင့်ခိုင်းထားမယ်။ မင်းအပြင်ထွက်တော့ သူက မင်းကို အင်
တီဖိုင်းလုပ်မယ်ကွ'

ကိုသောင်းဖေကြီးက မချင့်မရဲပြောလိုက်သည်။ ထို့နောက်
ပုံနှိပ်၍ယူထားသော တင်မောင်ဆွေ၏လက်ပုံစံကို သူ့အင်္ကျီအိတ်
ထဲမှ ထုတ်ယူလိုက်ကာ၊ အကြီးချဲ့ထားသော ဓာတ်ပုံမှလက်ဗွေ
ပုံစံနှင့်တိုက်ကြည့်လိုက်သည်။ ဓာတ်ပုံ ပုံကြီးချဲ့ထားသော လက်ဗွေ
ပုံစံကိုကြည့်လိုက် တင်မောင်ဆွေ၏ ပုံနှိပ်ယူထားသော လက်ဗွေ
ပုံစံကို ပုံကြီးချဲ့ မှန်ဘီလူးဖြင့်ကြည့်လိုက် လုပ်နေလိုက်ပြီးနောက်
ဆတ်ခနဲ တင်မောင်ဆွေအား မော့ကြည့်လိုက်သည်။

'တင်မောင်ဆွေ မင်းဘာမှ ငြင်းမနေနဲ့။ လူသတ်လက်နက်
က လက်ပုံစံဟာ မင်းရဲ့ လက်ပုံစံပဲ။ အဲဒါ မင်းဘာပြောချင်သေး





သလဲ'

'ဘာမှမပြောပါဘူး ကိုသောင်းဖေ'

'ဘာလို့ ဘာမှ မပြောနိုင်ရတာလဲ'

'ကျုပ်အမှုသည်တစ်ယောက်ရဲ့ အတွင်းရေးကိစ္စကို ကာ
ကွယ်ရမယ့် ဝတ္တရားရှိနေလို့'

'ကိုမြိုင်ကြီးကို ပစ်သတ်ခဲ့တဲ့ သေနတ်ပေါ်မှာ မင်းလက်
ပုံစံ ဘယ်လိုရောက်ခဲ့ရတယ်ဆိုတာကိုတော့ မင်းရှင်းပြဖို့ တာဝန်
ရှိတယ်'

တင်မောင်ဆွေက ဘာမှပြန်မပြောဘဲ မေစီကိုလှည့်ကြည့်
လိုက်သည်။

'အစ်စီရေ ကိုဆွေ့ဆီရောက်လာတဲ့ ဒုတိယစာကို ကိုသောင်း
ဖေကြီးကို ပြလိုက်ပါဦး။ အဲဒီစာအကြောင်းကိုတော့ ရီရီညွန့်က
မသိဘူး။ သူက ပထမစာကိုသာရေးခဲ့တာ ဒုတိယစာကိုတော့ ရီရီ
ညွန့်က မသိဘဲ တစ်ယောက်ယောက်က ကြားဝင်ရေးခဲ့တာ ဖြစ်ရ
မယ်။ ကဲ… အစ်စီရေ အဲဒီစာကို ယူပြလိုက်ပါဦး။ ပြီးတော့ စာနဲ့
ပါလာတဲ့သော့ကိုပါ ပြလိုက်ပါ'

'လာပြန်ပြီလားဟော့ စာနဲ့သော့'

တင်မောင်ဆွေက ပခုံးများကို တွန့်ပြလိုက်သည်။ မေစီ
ကလည်း တင်မောင်ဆွေပြောသော စာနှင့်သော့ကို သိမ်းဆည်းထား
ရာမှ ထုတ်ယူပြီး ကိုသောင်းဖေလက်ထဲသို့ ထုတ်ပေးလိုက်သည်။
ကိုသောင်းဖေသည် ပထမစာကို ဖတ်ကြည့်လိုက်သည်။

'ဒီစာကို ဖတ်ကြည့်ပြီးတော့ ကျွန်တော်ဟာ ရီရီညွန့်
ဒီစာကိုရေးတာဟာ သူကိုယ်တိုင် ကားနံပါတ်ကို ထုတ်မပေးချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ကျွန်တော့်ဘာသာလာယူစေချင်လို့ပဲလို့ တွက်မိလိုက်တယ်။ ဒါနဲ့ ကျွန်တော်က ရီရီညွန့်နဲ့ ကိုကောင်းစိန်တို့ ကျွန်တော့်ဆီကို လာနေတုန်းမှာ ကျွန်တော်က သူတို့ကို အကြောင်းပြ အပြင်ထွက်ပြီး ရီရီညွန့်ရဲ့တိုက်ခန်းကိုသွားပြီး ပထမရထားတဲ့ တိုက်ခန်းတံခါးသော့နဲ့ သော့ကိုဖွင့်ဝင်ပြီးတော့ ဒုတိယစာထဲမှာ ပါတဲ့အတိုင်း စားပွဲအံဖုံးကို ပါလာတဲ့သော့နဲ့ဖွင့်ကြည့်တော့ မှတ်စုစာအုပ်တစ်အုပ် အပြင် သေနတ်တစ်လက်ကိုပါ တွေ့ခဲ့ရတယ်'

တင်မောင်ဆွေသည် စကားကို ခေတ္တ ဖြတ်ထားလိုက်ကာ ကိုသောင်းဖေကို လှမ်းကြည့်လိုက်သည်။ ပြီးမှ ဆက်လက်၍…

'ဒီတော့ ကိုသောင်းဖေ ဒီဒုတိယစာကိုရေးပြီး ကျွန်တော့်ဆီကိုပို့လိုက်တဲ့ လူကို ခင်ဗျားရှာတွေ့ရင် ကိုမြိုင်ကြီးကိုသတ်တဲ့ တရားခံကို ရှာတွေ့ဖို့အများကြီး အထောက်အကူပြုလိမ့်မယ်'

'မင်းစားပွဲအံဖုံးကို ဖွင့်ကြည့်တော့ တွေ့ရတဲ့သေနတ်ဟာ ကိုမြိုင်ကြီးကိုသတ်ခဲ့တဲ့ သေနတ်ပဲလားကွ'

'အဲဒီသေနတ်ပဲလို့တော့ ကျွန်တော်က အတိအကျမပြောလိုဘူး။ ကျွန်တော် သေနတ်တစ်လက်တွေ့ရတာကိုပြောတာ။ ဒီတော့ ခင်ဗျား စဉ်းစားကြည့်ပေါ့ဗျာ။ စားပွဲကို အံဖုံးပိတ်ပြီးသော့ခတ်ထားတယ်။ အဲဒီအချိန်မှာ ရီရီညွန့်က ကျွန်တော့်ဆီကို ရောက်နေပြီး၊ သေနတ်က စားပွဲထဲမှာ ကျန်နေရစ်လေတော့ ရီရီညွန့်ဟာ ဒီ သေနတ်ကို ကိုင်မလာဘူးဆိုတာ ထင်ရှားနေတာပေါ့။ ပြီးတော့ သေနတ်ပေါ်မှာ သူ့လက်ပုံစံတွေကို မတွေ့ရင်လည်း ဒီသေနတ်ဟာ ရီရီညွန့်ရဲ့သေနတ်ဖြစ်ပါတယ်လို့ ခင်ဗျားတို့က ဘယ်လိုမှ အထောက်အထားပြ ပရု(ပ်)မလုပ်နိုင်တော့ဘူးပေါ့'





တင်မောင်ဆွေသည် ထိုစကားများကို ရီရီညွန့်အားကြည့်၍ တစ်လှည့်၊ ကိုသောင်းဖေအားကြည့်၍တစ်လှည့် တစ်လုံးချင်းဖြည်းညင်းစွာ ပြောနေခြင်းဖြစ်သည်။ နောက်ဆုံးတွင် ကိုသောင်းဖေသည် ရီရီညွန့်၏ ပရိယာယ်ကို နားလည်သွားပြီး ကပျာကရာထိုင်ရာမှ ထလိုက်ပြန်သည်။

'တော်ပြီ ဟင်မောင်ဆွေ မင်းဆက်မပြောနဲ့တော့၊ ဟေ့… မောင်ညဏ်ထွန်း၊ ရီရီညွန့်နဲ့ ကိုကောင်းစိန်ကို အပြင်ခေါ်သွားစမ်း။ တင်မောင်ဆွေက ငါ့ကို ပြောပြနေသလိုလိုနဲ့ သူသိစေချင်တာတွေကို ရီရီညွန့်ကို ပြောပြနေတာပဲ'

တင်မောင်ဆွေက သည်တစ်ခါတော့ ရီရီညွန့်အား တိုက်ရိုက်လှမ်းကြည့်လိုက်သည်။

'ကျွန်တော် တစ်ခုအကြံပေးပါရစေ ရီရီညွန့်။ ရဲဘက်က ခင်ဗျားကို အာဃာတထားနေလေတော့ ခင်ဗျားအနေနဲ့ အကောင်းဆုံးက အခုလောလောဆယ်မှာ ရဲဘက်ကို ဘာတစ်ခုမှ မပြောမပြဖို့ပဲ'

ရီရီညွန့်သည် တင်မောင်ဆွေ၏ စကားများကိုကြားရသည့် အခါတွင် တော်တော်ပင် စိတ်သက်သာရာ ရသွားဟန်တူသည်။ တင်မောင်ဆွေအား ကျေးဇူးတင်သော အပြုံးကလေးဖြင့် လှမ်းကြည့်လိုက်ပြီး အခန်းထဲမှ ကိုကောင်းစိန်နှင့်အတူ ထွက်သွားတော့သည်။

အခန်းထဲတွင် ကျန်ရစ်ခဲ့သော ကိုသောင်းဖေကြီးသည် ရုတ်တရက် စကားမပြောသေးဘဲ မီးမညှိရသေးသော ဆေးပြင်းလိပ်တစ်လိပ်ကို ပါးစပ်တွင်ခဲကာ အလိုမကျမကျေနပ်သော အမူအရာဖြင့် တင်မောင်ဆွေအား ထိုင်ကြည့်နေသည်။ တင်မောင်ဆွေကလည်း ခပ်ပြုံးပြုံးပင် ၄င်းအား ပြန်ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာမှ ကိုသောင်းဖေသည် ဆေးပြင်းလိပ်ကို မီးညှိလိုက်ကာ မီးခိုးများကို မှုတ်ထုတ်လိုက်ပြီး…

'ဒီမှာ တင်မောင်ဆွေ၊ မင်းနဲ့ငါဟာ ရဲဘော်ရဲဘက်ပါကွာ။ ဒီကိစ္စထဲမှာ မင်းကိုငါက တမင်သက်သက်တော့ ဆွဲမထည့်ချင်ပါဘူး'ဟု ချော့မော့သော လေသံဖြင့်ပြောလိုက်သည်။

'ကျေးဇူးပါပဲ ကိုသောင်းဖေရာ'

'ဒါပေမဲ့ မင်းအခုလို လုပ်နေပုံမျိုးဆိုရင်တော့ ငါက ဆွဲမထည့်ချင်တောင် မင်းဘာသာမင်း ကြားက ကန့်လန့်ကန့်လန့် ဝင်ပါနေတာပဲကွ'

တင်မောင်ဆွေက ဘာမှပြန်မပြောတော့ဘဲ ပခုံးများကိုသာ တွန့်ပြလိုက်သည်။

'မင်းပဲ စဉ်းစားကြည့်ကွာ။ သတင်းစာတွေကလည်း ရေး ကြတော့မယ်၊ နာမည်ကျော် အလွတ်စုံထောက် တင်မောင်ဆွေ လူ သတ်မှုတွင် ပါဝင်နေသလော၊ ၎င်း၏ လက်ပုံစံများကို လူသတ် သေနတ်ပေါ်တွင် တွေ့ရခြင်းဆိုတဲ့ ခေါင်းစဉ်တွေနဲ့ ဗိုင်းရေးကြ တော့မယ်'

'ခင်ဗျားက သတင်းစာတွေကို ဒီအကြောင်း သတင်းပေး တော့မလို့လား'

'ဟ… သတင်းဆိုတာဟာ မှောင်ချထားလို့ ရတာမျိုး မဟုတ်ဘူးကွ'

တင်မောင်ဆွေက ပခုံးများကို တွန့်ပြလိုက်သည်။

'သတင်းစာတွေက ကျွန်တော့်အကြောင်းရေးနေကျပဲလေ သိပ်တော့ မထူးလှပါဘူး'





ကိုသောင်းဖေကမချင့်မရဲ အမူအရာကြီးဖြင့် သက်ပြင်းတစ် ချက်မှုတ်ထုတ်လိုက်သည်။

'တင်မောင်ဆွေ၊ မင်းဟာ တစ်ခါတလေကျတော့လည်း သိပ်ကို ခေါင်းမာတဲ့ကောင်ပဲ၊ မင်းဘာဖြစ်လို့ ငါ့ကို ဒီကိစ္စမှာ ပွင့်ပွင့်လင်းလင်း မတိုင်ပင်ရတာလဲ။ ကားရုံရှေ့မှာ ရီရီညွန့်နဲ့အတူ ကိုစိန်မြတွေ့လိုက်ရတဲ့လူဟာ မင်းပဲလို့ ငါကသိပ်မသေချာပါဘူး။ တကယ်လို့ မင်းပဲဖြစ်ဦးတော့ အမျိုးသမီးက မင်းကို အကျိုး အကြောင်းအမှန်အတိုင်း ဖွင့်မပြောဘဲ ဥပါယ်တံမျည်နဲ့လှည့်ခေါ် သွားခဲ့တာ ဖြစ်ရမယ်။ ဒီတော့ တင်မောင်ဆွေရာ အမှန်အတိုင်း ခင်း ငါ့ကိုဖွင့်ပြောနိုင်ရင် ပြောစမ်းပါကွာ'

'ခင်ဗျား ကျွန်တော့်အပေါ်မှာ စေတနာထားတယ်ဆိုတာ ကိုယုံကြည်ပါတယ် ကိုသောင်းဖေ။ ဒီတော့ ခင်ဗျားကို ကျွန်တော် တစ်ခုပြန်မေးမယ်။ ခင်ဗျားပြောတဲ့အတိုင်းပဲ ဖြစ်ခဲ့တယ်လို့ ထားပါ တော့၊ ကျွန်တော့်မှာ တာဝန်ကင်းစေဖို့ ခင်ဗျားက အာမခံနိုင်ပါ့ မလား'

ကိုသောင်းဖေသည် တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီးမှ…

'မင်းကိုငါက အတိအကျတော့ အဖြေမပေးနိုင်ဘူးကွာ'ဟု မတင်မကျ ပြန်ဖြေလိုက်သည်။

'ကောင်းပြီ အတိအကျအဖြေမပေးနိုင်ရင် ယေဘုယျ အဖြေပေးစမ်းဗျာ'

ကိုသောင်းဖေသည် ရုတ်တရက် စကားမပြန်သေးဘဲ ဆေးပြင်းလိပ်တစ်လိပ်ကို တစ်ချက်နှစ်ချက် ရှိုက်ဖွာလိုက်သည်။ ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



'အဓိကက ကိုမြိုင်ကြီး အသတ်ခံရတဲ့အချိန်ပဲ။ သူ့ အဆ အတိုင်းဆိုရင် ကိုမြိုင်ကြီးဘယ်အချိန်မှာ အသတ်ခံရတယ်ဆိုတာ ကို မသကာ ကွာလှရင် တစ်နာရီလောက် ခန့်မှန်းကြည့်နိုင်တယ်။ တကယ်လို့သာ ဥပမာ ခြောက်နာရီလောက်မှာ တို့ဆီကိုအကြောင်း ကြားခဲ့ရင် အသတ်ခံရတဲ့အချိန်ကို မိနစ်ပိုင်းနဲ့အတိအကျ သတ်မှတ် လို့ရမှာပဲ။ တကယ်တော့ အဲဒီတုန်းက မင်းဟာ ရီရီညွန့်နဲ့အတူ ရှိခဲ့တယ်ဆိုရင် မင်းတွေ့ရတဲ့လူသတ်မှုကို ရဲဘက်ကို ချက်ချင်း တိုင်ဖို့ မင်းမှာ တာဝန်ရှိခဲ့တာပဲ'

'အဲဒါကို ကျွန်တော်နားလည်ပါတယ်'

'ဒီတော့ မင်းတာဝန်ပျက်ကွက်ခဲ့တဲ့အတွက် ထိုက်သင့် တဲ့အပြစ်ဒဏ်ကိုတော့ ခံစားရမှာပဲ တင်မောင်ဆွေ။ ကဲ··· မင်းကို ငါမေးမယ်။ မင်း ရီရီညွန့်ကို မနေ့ညနေခြောက်နာရီက သွားတွေ့ တော့ သူ့ကားရုံထဲမှာ ကိုမြိုင်ကြီးရဲ့ အလောင်းကိုတွေ့ရသလား'

တင်မောင်ဆွေက ကိုသောင်းဖေအား ပြုံးကြည့်ကာ ခေါင်း ယမ်းပြလိုက်သည်။

'ဆောရီးပဲ ကိုသောင်းဖေ။ မနေ့ညနေခြောက်နာရီက ကျွန်တော် ဘယ်မှာရှိနေခဲ့တယ်ဆိုတာကို ပြောမပြနိုင်ဘူး'

ကိုသောင်းဖေခမျာ စိတ်ကို တော်တော်ထိန်းထားလိုက်ရ ဟန်တူသည်။ မျက်နှာကြီး နီရဲတက်လာသော်လည်း တင်မောင်ဆွေ အား ဘာမှပြန်မပြောသေးဘဲ မျက်လုံးကြီးများသာ ပြူး၍ကြည့် နေလိုက်သည်။ ပြီးမှ သက်ပြင်းကြီးတစ်ချက်ချကာ ထိုင်ရာမှ ထ လိုက်သည်။

'ကောင်းပြီလေ၊ မင်းကိုငါ တတ်နိုင်သမျှ အခွင့်အရေးပေး





ပြီးပြီ တင်မောင်ဆွေလေးငါးက ငါ့ကို ပွင့်ပွင့်လင်းလင်းမဆက်ဆံ တော့ ငါလည်း ဘာမှလုပ်မပေးနိုင်ဘူး။ ငါဟာ ရဲအရာရှိတစ်ယောက် အနေနဲ့ ကိုယ့်ဝတ္တရားကိုတော့ ထမ်းရွက်ရမှာပဲ တင်မောင်ဆွေ၊ ကိုမြိုင်ကြီးအသတ်ခံရတဲ့ ကိစ္စမှာ မင်းပါနေတာကတော့ အမှန်ပဲ ဆိုတာ ငါသိထားတယ်။ မင်းသတ်တယ်လို့ ငါကဆိုလိုတာ မဟုတ် ဘူး။ ဒါပေမဲ့ မင်းဟာ အရေးကြီးတဲ့မျက်မြင်သက်သေတစ်ယောက် ဖြစ်နေတယ်။ ပြီးတော့ မင်းမြင်တွေ့ရတာကို မင်းမှာ တာဝန်ရှိတဲ့ အတိုင်း ငါ့ကိုဖွင့်ပြောပြရင် မင်းအတွက် သက်သက်သာသာဖြစ် အောင် ငါက ဆောင်ရွက်ပေးနိုင်တယ်။ အခုတော့ မင်းက ဟို အမျိုးသမီးရီရီညွန့်အတွက် ရှေ့ကကာဆီး ကာဆီးလုပ်နေတော့လည်း ငါလည်း မတတ်နိုင်ဘူး။ မင်းကို ငါပြောရဦးမယ်။ မင်းလက်ပုံစံ တွေ့ရတဲ့ သေနတ်ဟာ လူသတ်သေနတ်အစစ်ပဲ တို့စစ်ဆေးကြည့် ပြီးပြီ။ ဒီတော့ ရီရီညွန့်နဲ့အတူ မင်းပါ ဥပဒေညွှတ်ကွင်းထဲ လည်စင်း ဝင်သွားတဲ့အခါကျတော့ ငါ့ကို အဆိုးမဆိုနဲ့ပေါ့ကွာ'

စကားနာထိုးနေသော ကိုသောင်းဖေအား တင်မောင်ဆွေ ဘထိုင်ရာမထ မော့ကြည့်လိုက်သည်။

'ခင်ဗျား ကျွန်တော့်အပေါ် စေတနာထားတာ သိပ်ကျေး ဇူးတင်ပါတယ်ဗျာ။ ဒါပေမဲ့ ကျွန်တော့်အတွက် သိပ်လည်းပူမနေ ပါနဲ့။ ကျွန်တော့်ကိစ္စကို ကျွန်တော့်နည်းနဲ့ ကျွန်တော်ဖြေရှင်းပါ့မယ်။ အကယ်၍ ခင်ဗျားပြောသလို ကျွန်တော်ဟာ ဥပဒေညွှတ်ကွင်းထဲ ရောက်သွားရမယ်ဆိုရင်လည်း ကျွန်တော်က လွတ်နိုင်တဲ့နည်းကို ရှာလို့ ရုန်းထွက်ရမှာပေါ့ဗျာ'

ကိုသောင်းဖေသည် မျက်နှာမသာမယာဖြင့် ဘာမှမပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ အခန်းထဲမှ ထွက်သွားလေတော့ခဲ့ရဝဲ့။

တင်မောင်ဆွေလည်း ထိုအခါမှ ...ဘန်ဆောင်ထိန်း...

ရသမျှကို ဖြေလွှတ်ကာ မေစီထံလှမ်းကြည့်ပြီး သူ့စိတ်ထဲခံ...

နေရသည်ကို ထုတ်ဖော်ပြောလိုက်သည်။

'ကိုဆွေ ထင်တာထက်တောင် အခြေအနေက ပိုဆိုး...

အစီရေ။ ရီရီညွန့်လှုလည်လုပ်ပြီး အလောင်းဘေးမှာ ချထား...

သေနတ်က တကယ့်လူသတ်သေနတ် ဖြစ်နေတာပဲကွယ်'

မေစီက ဘာမှပြန်မဖြေ။ မျက်နှာငယ်လေးဖြင့်သာ တင်...

မောင်ဆွေကို ကြည့်နေလိုက်သည်။

'အဲဒီသေနတ်ကို ရဲဘက်က သေသေချာချာ စစ်ဆေးကြည့်...

ကြရင် ကိုမြိုင်ကြီးရဲ့ အလောင်းကရတဲ့ သေနတ်ကျည်ဆံ...

တခြားသေနတ်တစ်လက်ကပစ်တဲ့ ကျည်ဆံဖြစ်တာကို တွေ့ရမယ်...

ကိုဆွေက သေချာပေါက် ထင်ထားမိတာပဲကွယ်။ ဒါနဲ့ ဘီဒိုထဲ...

ကိုသောင်းဖေကြီးယူကြည့်တဲ့ ဂျာကင်အင်္ကျီက ဘယ်ကဟာ...

ကိုဆွေ ဂျာကင်အင်္ကျီကကော ဘယ်ရောက်သွားသလဲ'

'ဂျင်မီ့ဂျာကင်ပဲကိုဆွေ။ သူတို့ရောက်လာပြီး အပြင်ခန်း...

မှာ ကိုဆွေ့ကိုစောင့်ရင်း စကားပြောနေကြတာမှာ ကိုဆွေညက...

ဝတ်တဲ့ ဂျာကင်အင်္ကျီအကြောင်းပါလာတယ်။ ဒါနဲ့ အစီလည်း...

မသိမသာ ကိုဆွေ့အခန်းထဲဝင်၊ ဘီဒိုထဲမှာကိုဆွေချိတ်ထားခဲ့တဲ့...

ဂျာကင်အင်္ကျီကို ထုတ်ပြီး ဂျင်မီ့အခန်းကို မလွယ်တံခါးပေါက်က...

ကူး၊ ဂျင်မီ့အင်္ကျီနဲ့လဲ ထားလိုက်တာပဲကွယ်'

'အစီက အဲဒါတွေ အားကိုးရတာပဲကွယ်'

တင်မောင်ဆွေက ပြောပြောဆိုဆို မေစီ့ထံလျှောက်သွား...





...သူမ၏ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ကျေးဇူးတင်...

...ဆွေးပေးနေလိုက်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၁၉

ခေတ္တကြာလျှင်မေစီသည် တင်မောင်ဆွေ၏ ရင်ခွင်တွင်း
ထွက်ကာ သူမ၏စိတ်ထဲတွင် မရှင်းမလင်းဖြစ်နေသော အချက်
တစ်ခုကို ထုတ်ဖော်၍ မေးလိုက်သည်။

'ဒါနဲ့ ကိုဆွေ၊ ဟိုစာနှစ်စောင်နဲ့ သော့နှစ်ချောင်း
ကိုသောင်းဖေကြီးကို ပြလိုက်တဲ့ ရည်ရွယ်ချက်က ဘယ်လိုလဲဟင်'

'ရီရီညွန့်ကို ကိုဆွေက အသိပေးချင်လို့ပဲ။ ပြီးတော့
ရဲဘက်ကို သူက ဘယ်လိုပြောရမယ်ဆိုတာကိုလည်း ကိုဆွေ
တတ်နိုင်တဲ့နည်းနဲ့ အရိပ်အမြွက်ပြလိုက်တာပဲ'

'အစီတော့ ကောင်းကောင်း သဘောမပေါက်သေးပါဘူး'

မေစီက နှဖူးရေကလေးများတွန့်ပြီးပြောလိုက်ရာ
တင်မောင်ဆွေက ပြုံးပြီးရှင်းပြရန် ကြိုးစားလိုက်သည်။

'တကယ်လို့ ဒီစာနှစ်စောင်ကို ရီရီညွန့်က ရေးတာမဟုတ်
ဘဲ တခြားလူတစ်ယောက်ယောက်က ရေးပေးလိုက်တာဆိုပါတော့
ရီရီညွန့်ရဲ့ တံခါးတိုက်ခန်းတံခါးသော့ကို တစ်ယောက်ယောက်က





ဆွေ့ ဆီကို ပို့လိုက်တယ်ဆိုတဲ့အကြောင်းဟာ အနေးနဲ့အမြန်
ပေါက်လာမှာပဲ မဟုတ်လား။ ဒီတော့ကာ အဲဒီသော့ကို ရီရီညွန့်
ပို့တာ မဟုတ်ဘဲ၊ တခြားတစ်ယောက်ယောက်က ပို့လိုက်တာဆို
ကိုဆွေဟာ ဒုတိယအခေါက်မှာ ရီရီညွန့်မသိအောင် ဒီသော့ကို
သုံးပြုပြီး သူ့တိုက်ခန်းထဲဝင်ခဲ့မိတယ်ဆိုတာ အိမ်ဖောက်ထွင်းဝင်
ရောက်မှု ကျူးလွန်ရာရောက်နေတော့တာပေါ့အစီ။ ဒါပေမဲ့ ဒီသော့
ရီရီညွန့်က ပို့လိုက်တာဆိုရင်တော့ ရီရီညွန့်ရဲ့ ခွင့်ပြုချက်အရ
ရောက်ရတာ ဖြစ်ရမှာပေါ့အစီရယ်'

တင်မောင်ဆွေသည် ရီရီညွန့်၏ တိုက်ခန်းထဲသို့ ဒုတိယ
အကြိမ်ဝင်ရောက်မိခဲ့ခြင်းအတွက် ကိုယ့်ကိုကိုယ်ကြိုတင်ကာကွယ်
ခြင်းဖြစ်သည်ကို မေစီက ထိုအခါမှနားလည်သဘောပေါက်သွား
တော့ကာ ဦးခေါင်းကလေးကို ညိတ်လိုက်လေသည်။

'အင်း… အစီ သဘောပေါက်ပါပြီ'

'ကိုဆွေဟာ ရီရီညွန့်ရဲ့ ခွင့်ပြုချက်အရ သူ့တိုက်ခန်းထဲ
ဝင်တာဆိုရင် အခြေအနေဟာ တစ်မျိုးပြောင်းသွားနိုင်တာပေါ့။
ဒီတော့ကာ ဒုတိယစာနဲ့အတူ စားပွဲအံဆွဲသော့ကို ကိုဆွေ့ဆီကို
တခြားတစ်ယောက်က ပို့လိုက်တာဆိုတာ ရီရီညွန့်ကို သဘော
ပေါက်အောင် လုပ်ရပြန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသတ်သေ
သူကလည်း စားပွဲထဲမှာရှိနေတော့ ဒီသော့ကို ကိုဆွေ့ဆီကို ပို့လိုက်
တဲ့သူဟာ ဒီသေနတ်ကို ရီရီညွန့်မသိအောင် ယူသုံးနိုင်ခွင့်ရှိနေတယ်
ဆိုတာကို ကိုသောင်းဖေကြီး ထည့်တွက်ရတော့မှာကိုးကွယ်'

ထိုစဉ် မလွယ်တံခါးကိုဖွင့်ကာ ဂျင်မီစမတ်က အခန်းထဲသို့
ရောက်လာသည်။ 'ကိုဆွေ့တိုက်ရှေ့မှာ ရဲကားတစ်စင်း စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကားပေါ်မှာတော့ ကိုသောင်းဖေကြီးနဲ့ အရပ်သားတ
ယောက်စောင့်နေတယ်။ ကိုဆွေ ထွက်လာမှာကို စောင့်နေကြတ
ထင်တာပဲ'

ဂျင်မီက သူ့တိုက်ပေါ်သို့ တက်အလာတွေ့ခဲ့ရသည့်
မြင်ကွင်းကို ပြန်လည်ဖောက်သည်ချလိုက်ရာ တင်မောင်ဆွေ
နှုတ်ခမ်းတွန့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

'အေး… ကိုသောင်းဖေကြီး ညက ရီရီညွန့်ရဲ့ကားရုံရှေ့
မှာ ရီရီညွန့်နဲ့အတူ တွေ့လိုက်ရတဲ့လူဟာ ငါပဲရယ်လို့ သက်
ကိုစိန်မြကို အင်ဒီတီဖိုင်းလုပ်ခိုင်းဖို့ စောင့်နေတာကွ'

'ကိုစိန်မြက ကိုဆွေပါပဲရယ်လို့အင်ဒီတီဖိုင်းလုပ်နိုင်ရ
ကိုဆွေ့အတွက် တော်တော်ဆိုးမှာပေါ့နော်'

တင်မောင်ဆွေက နှုတ်ခမ်းမဲ့ကာ ခေါင်းညိတ်ပြလိုက်
'ဒါကြောင့် ကိုစိန်မြက ငါ့ကို အင်ဒီတီဖိုင်းမလုပ်နိုင်
အောင် ငါတတ်နိုင်သမျှ ကာကွယ်ရလိမ့်မယ်ကွ။ ဒါနဲ့ ဂျင်မီ
ရီရီညွန့်ယူမယ့် ဦးစောဝင်းရဲ့ ပုံပန်းသဏ္ဌာန်ကို မင်းရထားသလား'

'ရထားပါတယ် ကိုဆွေရဲ့၊ ဒီလူက အသက်၄၂နှစ်ရှိ
အရပ်မြင့်မြင့် ကိုယ်လုံးတောင့်တောင့်နဲ့ ခန့်ချောချောတယ်တဲ့၊ အ
သူ့ဓာတ်ပုံကို ကျွန်တော်ရဖို့ ကြိုးစားနေတယ်'

ဂျင်မီပြန်ဖြေလိုက်လျှင် တင်မောင်ဆွေသည် အံ့သြသွား
ပုံရလေသည်။

'အင်း… ဦးစောဝင်းကလည်း အရပ်မြင့်မြင့် ကိုယ်လုံး
တောင့်တောင့်ကိုး။ ကိုစိန်မြက သူ့ကိုတွေ့လိုက်တာ ဖြစ်ချင်ဖြ
နိုင်တယ်။ ပြီးတော့ ကိုမြိုင်ကြီးကို ငွေပေးခဲ့တဲ့ ကိုထွန်းမြတ်





တဲ့လူကတော့ကော သူက ပုံပန်းသဏ္ဌာန် ဘယ်လိုရှိသလဲ'

'သူကတော့ အသက် ၃၅နှစ်လောက်ပဲ ရှိဦးမယ်။ အသား
တက်လတ် ပုပုပြတ်ပြတ် လူတစ်ယောက်ပဲ'

'ဒီလိုဆိုရင်တော့ သူမဖြစ်နိုင်ဘူးပေါ့'

'ကိုဆွေပြောသလို ညက ရီရီညွန့်နဲ့အတူတူ ကားရုံရှေ့
မှာ တွေ့ခဲ့ရတဲ့လူဟာ ဦးစောဝင်းများ ဖြစ်နေမလားကိုဆွေရာ'

ဂျင်မီက မျှော်လင့်ချက်ဖြင့်မေးလိုက်ရာ တင်မောင်ဆွေက
ပြီးပြီးခေါင်းခါပြလိုက်သည့်အခါ၌ ဂျင်မီ့မျက်နှာမှ မျှော်လင့်ချက်
ရောင်ခြည်သည် ပျောက်ကွယ်သွားတော့သည်။ တင်မောင်ဆွေက
မေးစေ့ကို လက်တစ်ဖက်ဖြင့်ပွတ်ကာ ခေတ္တမျှ စဉ်းစားနေလိုက်
ပြီးမှ…

'ဒါနဲ့ ကိုထွန်းမြတ်အကြောင်းကကော ဘယ်လိုတဲ့လဲ
ဂျင်မီ။ သူ့ကို ရှာတွေ့ကြပြီလား။ ကိုမြိုင်ကြီးရဲ့အိတ်ထဲက တွေ့
ရတဲ့ ငွေတွေအကြောင်းကို သူက ဘယ်လိုပြောသတဲ့လဲ'

'ကိုထွန်းမြတ်ဟာ ဦးစောဝင်းနဲ့အတူ ပါသွားတယ်လို့
သူဆရတယ်။ သူတို့က စီးပွားရေးပါတနာတွေလေ။ တနင်္လာနေ့
ကပဲသူတို့ စီးပွားရေးကိစ္စနဲ့ ခရီးထွက်သွားကြတာပဲ'

'ဘယ်ကိုသွားတယ်ဆိုတာကော မသိဘူးလား'

'ပဲခူးအထက်လို့ ပြောတာပဲ။ စီးပွားရေးကိစ္စမို့ လျှို့ဝှက်ပြီး
ထွက်သွားကြတာပဲတဲ့။ ကြည့်ရတာတော့ မှောင်ခိုအရောင်းအဝယ်
တစ်ခုခု ဖြစ်မှာပေါ့'

တင်မောင်ဆွေသည် စဉ်းစဉ်းစားစား အမူအရာဖြင့် စီးကာ
ရက်တစ်လိပ်ကို မီးညှိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကနေ့ လဆန်းခြောက်ရက် ကြာသပတေးနေ့နေ့ ဦးစောဝင်းနဲ့ကိုထွန်းမြတ်က တနင်္လာနေ့က ခရီးထွက်သွားကြ တယ်။ ဒီတော့ သူတို့ ထွက်သွားကြတာ လေးရက်တောင် ရှိနေပြီ တနင်္လာနေ့ ဘယ်အချိန်က သူတို့ခရီးထွက်သွားကြတာလဲ'

'တနင်္လာနေ့ညနေခြောက်နာရီခွဲမှာ ဦးစောဝင်းအိမ်မှာကြ ပြီး ကူညီပေးနေတဲ့ သူ့အစ်မနှစ်ဝမ်းကွဲ ဒေါ်မြလေးဆိုတာက သူ့အ ကို ပြန်ခဲ့တယ်လေ။ အဲဒီအချိန်မှာ ဦးစောဝင်းက သူ့အိမ်မှာ ဧ တစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားလို့ တစ်ယောက်တည်းစောင့်ဏ ရစ်ခဲ့တယ်တဲ့။ ပြီးတော့ ကိုထွန်းမြတ်ကလည်း ရောက်လာမှာတဲ့ သူတို့နှစ်ယောက် ခြောက်နာရီမှာ ခရီးစထွက်ဖို့ စီစဉ်ထားကြတာ ကို ဒေါ်မြလေးက သိထားရတယ်လေ'

တင်မောင်ဆွေက ခေါင်းညိတ်ကာ နှုတ်ဆိတ်သွားပြီ စီးကရက်ကိုသာ တွင်တွင်ဖွာနေလိုက်သည်။

ခေတ္တကြာမှ တင်မောင်ဆွေက ဂျင်မီအားမော့ကြည့်လိုက် သည်။

'ဂျင်မီရေ ငါအပြင်ထွက်ချင်တယ်။ ဒါပေမဲ့ အပြင်မှာ ကိုသောင်းဖေကြီးတို့က စောင့်ကြည့်နေတယ်။ သူတို့မတွေ့အောင် ငါတိုက်ထဲက ထွက်ချင်တယ်ကွာ'

'ထွက်နိုင်ဖို့က ခဲယဉ်းတယ်ကိုဆွေ၊ အပြင်မှာစောင့်နေ တာက ကိုသောင်းဖေကြီးတို့တင် မကဘူး။ သတင်းထောက်တွေ ပါ ဝိုင်းအုံစောင့်နေကြတာ'

တင်မောင်ဆွေက အကြံဉာဏ် ထုတ်နေသည့်အလား မျ မှောင်ကြုတ်လျက် အတော်ကြာအောင် နှုတ်ဆိတ်နေလိုက်သည်





ပြီးမှ အကြံတစ်ခုရသွားသည့်အလား လက်ဖျောက်တစ်ချက်တီး လိုက်ကာ ဂျင်မီအား မော့ကြည့်လိုက်သည်။

'ငါ့တိုက်ခန်းမှာ သွားနေမယ်။ သူတို့ကတော့ ငါထွက် လာမချင်းစောင့်နေမှာပဲ။ ဒီတော့ တို့က ပရိယာယ်သုံးရမယ်'

'ဘယ်လို သုံးမှာလဲကိုဆွေ'

မေစီက စိတ်ဝင်စားစွာ မေးလိုက်သည်။

'အစီက ဒီကနေဆင်းသွား၊ အစ့်ကို ဝိုင်းမေးကြလိမ့်မယ်။ ဒီတော့ အစီကပြောပေါ့။ ကိုဆွေက အလုပ်တိုက်ကို ဒီကနေ့ပိတ် ပြီး ကိုဆွေတိုက်ခန်းထဲမှာ ရှိနေတယ်လို့။ ဒီတော့ ကိုသောင်းဖေ ကြီးနဲ့ ကိုစိန်မြကော သတင်းထောက်တွေရော စိတ်ရှည်လက်ရှည် စောင့်နေကြလိမ့်မယ်။ အဲဒီအခါမှာ မင်းက ထင်းရှူးသေတ္တာ (ဝက်ကင်ကေ့စ်)ခပ်ကြီးကြီးတစ်လုံး သွားဝယ်။ ပြီးတော့ ဒီကို ပြန်ယူလာပြီး ကျကျနနအလုံပိတ်လို့ ငါ့တိုက်ခန်းက ဖိုင်းယားအကဲစ် ကိပ် (မီးဘေးကာကွယ်ရေး ကြောင်လိမ်လှေကား)ကနေ တိတ်တိတ် ပုန်းခိုးထုတ်ပြီး မင်းအိမ်ကိုယူသွား၊ မင်းအဲသလိုယူသွားတာကိုလည်း သတင်းထောက်တွေသိရအောင် တနည်းနည်းနဲ့လုပ်၊ သတင်း ထောက်တွေက ငါတော့ ထင်းရှူးသေတ္တာထဲမှာ ပုန်းနေလိုက်ပြီရယ် လို့တွက်ပြီး မင်းနောက်ကို တသီတသန်းကြီးလိုက်လာကြလိမ့်မယ်။ အဲဒီတော့ မင်းက ထင်းရှူးသေတ္တာအလွတ်ကြီးကို ပြလိုက်ပေါ့။ သူတို့ မေးတာကိုလည်း ဘာမှ ပြန်မဖြေနဲ့'

ဂျင်မီသည် သဘောပေါက်သွားသည့်အလား ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

'ကျွန်တော်သိပြီ ကိုဆွေ၊ သတင်းထောက်တွေက ကိုဆွေ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲကနေ ထင်းရှူးသေတ္တာကြီးထဲ ပုန်းလိုက်သွားပြီလို့ ထင်
မယ်'

'ဟုတ်တယ် ဂျင်မီ၊ ကိုသောင်းဖေကြီးကလည်း
သတင်းရမှာပဲ၊ ဒီတော့ ငါတိုက်ထဲမှာရှိတော့မှာ မဟုတ်တော့
ဆိုပြီး ကိုသောင်းဖေကြီးက သူ့မျက်မြင်သက်သေ ကိုစိန်
ခေါ်သွားပြန်လိမ့်မယ်'

ဂျင်မီလည်း တင်မောင်ဆွေ၏ညွှန်ကြားချက်ကို ဆောင်
ရန် တိုက်ထဲမှ အလျင်အမြန်ထွက်သွားတော့သည်။ တင်မောင်
သည် မေစီအားအပြင်ဘက်သို့ထွက်ပြီး လူရှင်းမရှင်းအကဲခတ်
ခိုင်းကာ မေစီက လူရှင်းကြောင်းပြန်၍ သတင်းပို့သည်နှင့်တစ်
နက် မေစီနှင့်အတူ သူ့အလုပ်တိုက်ခန်းကို သော့ပိတ်ကာ အ
ထပ်ရှိ ၄င်း၏ အပတ်မင့်တိုက်ခန်းကို တက်ခဲ့လေတော့သည်။

❖ ❖ ❖

# အခန်း - ၂၀

တင်မောင်ဆွေသည် သူ့တိုက်ခန်းထဲမှ ဆိုဖာကြီးတစ်ခု
ပေါ်တွင် ရေခဲသေတ္တာထဲမှ ထုတ်လာသော ဘီယာကိုစုပ်လိုက်
မေစီကြော်ပေးသော ကြက်ဥမကျက်တကျက်ကြော်ကို မြည်းလိုက်
နှင့် တော်တော်စည်းစိမ်တွေ့နေသည်။ မေစီကလည်း သူ့ဘေးတွင်
ထိုင်ကာ ချစ်သူစည်းစိမ်ကျနေသည်ကိုကြည့်ပြီး စိတ်ထဲကကြည်နူး
နေသည်။

သို့တစေလည်း ချစ်သူလောလောဆယ် ရင်ဆိုင်နေရသော
အကြပ်အတည်းကို ပြန်၍ သတိရမိသည့်အခါ၌ ထိုကြည်နူးမှုမှာ
ပေါ့ပျက်ပျက် ဖြစ်သွားရသည်။ သူမ၏ချစ်သူ တင်မောင်ဆွေသည်
ရင်ဆိုင်းဖွဲ့နှောင်လာနေသော ဥပဒေကျော့ကွင်းမှ သည့်တစ်ခါ
လွတ်အောင် ရုန်းထွက်နိုင်ပါမည်လောဟု စိတ်ထဲက ပူပန်နေမိ
သည်။

ခေတ္တကြာလျှင် ဂျင်မီစမတ်က တံခါးခေါက်ကာ အခန်း
တွင်းသို့ ဝင်လာသည်။ သူ့မျက်နှာမှာ ပြုံးဖြီးဖြီးနှင့် ရွှေနှုပ်



www.burmeseclassic.com

www.burmeseclassic.com



အားရမှုအသွင်ကို ဆောင်နေသည်။

'ဘယ်လိုလဲဟေ့ ဂျင်မီ'

ဂျင်မီက ပြန်မဖြေသေး။ တင်မောင်ဆွေ၏ဘေးတွင် ထောင်မှာထားသော ဘီယာပုလင်းကိုဖောက်လိုက်ကာ ပါးစပ်တွင် တေ့ပြီး အားရပါးရတမော့ မော့လိုက်သေးသည်။ ပြီးမှ ပါးစပ်ကို လက်ဖမိုးနှင့်သုတ်လိုက်ကာ တင်မောင်ဆွေအား ခေါင်းကိုဆတ်ခနဲ ညိတ်ပြလိုက်သည်။

'အိုကေပဲ ကိုဆွေ၊ ကျွန်တော်က ထင်းရှူးသေတ္တာကို သယ်ချသွားပြီးတော့ သတင်းထောက်တွေကို ကျွန်တော် တင်မောင်ဆွေရဲ့တိုက်ခန်းက မီးဘေးကာကွယ်ရေး လှေကားကနေပြီး သယ်ချသွားတဲ့အကြောင်းကို သတင်းထောက်တွေကို လက်တို့ခိုင်းလိုက်တယ်။ သတင်းထောက်တွေလည်း တစ်ခါတည်း ယောက်ယက်ခတ်ဖြစ်ကုန်ပြီး ကျွန်တော့်အိမ်ကို တိုက်ရိုက်လိုက်လာကြတော့တာပဲ။ ကျွန်တော့်ကိုမေးကြတော့ ကျွန်တော်က ထင်းရှူးသေတ္တာကြီးတစ်လုံးကို ကိုဆွေ့တိုက်ခန်းက သယ်ယူလာခဲ့တယ်ဆိုတာကိုပဲ ဝန်ခံတယ်။ အခု ထင်းရှူးသေတ္တာကြီးကိုလည်း ကားရုံထဲမှာထားပါတယ်လို့ ပြောလိုက်တယ်။ သူတို့လည်း ကားရုံထဲကို လိုက်ကြည့်ကြတော့ လေရှူပေါက်ကလေးတွေ ဖောက်ထားတဲ့ထင်းရှူးသေတ္တာအလွတ်ကြီးကိုသာ တွေ့ကြရတာပေါ့။ သူတို့က ကိုဆွေဟာ ဒီထင်းရှူးသေတ္တာကြီးထဲမှာ ပုန်းလိုက်လာပြီး အခုတော့ လစ်သွားပြီလို့ တစ်ခါတည်း တွက်လိုက်ကြတော့တာပဲ။ မကြာခင်မှာပဲဗျာ ကိုသောင်းဖေကြီးပါ ကျွန်တော့်ဆီ တစ်ခါတည်းပေါက်ချလာပြီး ထင်းရှူးသေတ္တာထဲမှာ ကိုဆွေပါခဲ့တယ်မဟုတ်လားလို့ မေးတော့





တာပေါ့။ ကျွန်တော်က အင်းမလုပ် အဲမလုပ်နေလိုက်တော့ တင်မောင်ဆွေတစ်ယောက်ဟာ သိပ်ကို ဉာဏ်များတဲ့အကောင်ပဲလို့ ကြိမ်းဝါးပြီး ပြန်သွားတော့တာပဲ'

'နို့ အခုတိုက်ရှေ့မှာ သူစောင့်ကြည့်နေသေးသလား ဂျင်မီ'

တင်မောင်ဆွေက သူ့ပရိယာယ်အောင်မြင်မှုကို ရှိမရှိမေးကြည့်လိုက်သည်။

'ကျွန်တော် တက်လာတုန်းက ကြည့်ခဲ့ပါတယ်။ တိုက်ရှေ့မှာ ဘယ်သူမှ မရှိတော့ဘူးကိုဆွေ'

'ကိုစိန်မြလည်း ပြန်သွားပြီပေါ့'

'ပြန်သွားပါပြီ ကိုဆွေရဲ့'

ထိုစဉ် တင်မောင်ဆွေ၏ ဖုန်းခေါင်းလောင်းသံက မြည်လာရာ တင်မောင်ဆွေက ဂျင်မီအားပြန်ထူးရန် မျက်ရိပ်ပြလိုက်သည်။ ဂျင်မီသည် တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်ပြီးနောက်…

'ဟလို… ဟင့်အင်း… ကိုတင်မောင်ဆွေ မရှိပါဘူး။ အခု စကားပြောနေတာ ဂျင်မီစမတ်ပါ။ ဩော်… ကိုမြင့်ထူးလားဗျ၊ ဆိုစမ်းပါဦး'

ဂျင်မီသည် တစ်ဖက်မှပြောသည်ကို နားထောင်ပြီးနောက် တော်တော် စိတ်လှုပ်ရှားသွားပုံရသည်။

'ဗျာ… ဟုတ်လား၊ အဲဒါ အရေးကြီးနိုင်တာပေါ့။ ဒီမှာ ကိုမြင့်ထူး ဖုန်းကို ခဏကိုင်ထားပါနော်'

ဂျင်မီက ပြောပြောဆိုဆို ဖုန်းစကားပြောခွက်ကို လက်နှင့်ပိတ်ကာ တင်မောင်ဆွေအား လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဆွေ၊ ရီရီညွန့်ရဲ့လူ ဦးစောဝင်းစီးသွားတဲ့ ကား သူတို့ရှာတွေ့ကြရပြီတဲ့။ ဒိုက်ဦးမရောက်ခင် ၁၅မိုင်အလိုလော ကားလမ်းက ချောင်းကူးတံတားလေး တစ်ခုအောက်မှာ ထိုးကျနေ ကို တွေ့ရတယ်တဲ့'

'ဦးစောဝင်းကိုကော တွေ့ရသတဲ့လား'

'ဟင့်အင်း မတွေ့ရဘူးတဲ့။ ကားကိုသာ အလွတ်တွေ့ တာ။ ကားကိုလည်း ချောင်းထဲကို တမင်သက်သက် မောင်းချ တာတဲ့'

'ဒါကို သူတို့က ဘယ်လိုသဘောရသလဲ'

'ကားကို စစ်ကြည့်တော့ ကားကိုလိုးဂီယာသွင်းထား သော့ကလည်း ဖွင့်လျက်တန်းလန်းနဲ့ပဲတဲ့'

'အခု သတင်းပေးတာက ကိုမြင့်ထူးမဟုတ်လား။ ဘယ်က ပြောနေတာလဲ'

'ပဲခူးကပဲ ကိုဆွေ'

'သူ့ကို ကားကိုသေသေချာချာစစ်ဆေးကြည့်ဖို့ ပြောကွာ ကားထဲမှာ ဘာတွေပါတယ်။ ဘာတွေ မရှိတော့တယ်ဆိုတာ ငါ သိချင်တယ်'

ဂျင်မီက တစ်ဖက်မှစကားပြောနေသူ ကိုမြင့်ထူးအား တင်မောင်ဆွေ၏ညွှန်ကြားချက်များကို တဆင့် ပြန်ပြောလိုက်သည်။

ထို့နောက် ကိုမြင့်ထူးက တစ်ဖက်မှပြန်ပြောသည်ကို နား ထောင်ကာ ၎င်းအား ဖုန်းခေတ္တကိုင်ထားခဲ့ပြီး တင်မောင်ဆွေဘက် သို့ လှည့်လိုက်ပြန်သည်။

'ဒိုက်ဦးရဲက ဒီအမှုကို စုံစမ်းနေတာတဲ့ ကိုဆွေ၊ ဦးစေ





င်းအကြောင်းကို ရန်ကုန်မြို့မစုံထောက်ဌာနချုပ်က လှမ်းအကြောင်း ကြားထားတော့ အခု ဦးစောဝင်းရဲ့ကားကို တွေ့ရတဲ့အခါမှာ ပြန် အကြောင်းကြားလိုက်တော့ ကိုသောင်းဖေကြီးကိုယ်တိုင် လိုက်လာ သိမ့်မတဲ့'

'ကောင်းပြီ ဂျင်မီ၊ ကိုမြင့်ထူးကို ရဲတွေနဲ့အတူကပ်ပြီး အခြေအနေကို စောင့်ကြည့်ထားဖို့ မှာလိုက်ပါကွာ'

ဂျင်မီက ကိုမြင့်ထူးအား ထိုအတိုင်းမှာကာ တယ်လီဖုန်း ကို ပြန်ချိတ်ထားလိုက်သည်။

တင်မောင်ဆွေက စီးကရက်တစ်လိပ်ကို မီးညှိလိုက်ကာ ငြိမ်ထိုင်မနေနိုင်တော့ဘဲ အခန်းထဲတွင် လှည့်ပတ်၍ စကြံလျှောက် နေရင်းက စဉ်းစားခန်းဝင်နေလိုက်သည်။

မိမိအား မနေ့ညနေ ခြောက်နာရီက ရီရီညွန့်၏ ကားရုံ ရှေ့တွင် ရီရီညွန့်နှင့်အတူ ရှိနေခဲ့ပါသည်ဟု အတိအကျ သက်သေ ခံနိုင်သူမှာ ကိုစိန်မြသာဖြစ်သည်။ သို့သော် ယခုအထိတော့ ကိုစိန်မြ ာမိမိပါဟု အတိအကျ မပြောဆိုသေးချေ။ သို့သော်လည်း မိမိပါ ာ အတိအကျပြောဆိုလာပါက မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။ တင်မောင်ဆွေက ဒါကိုပင် စဉ်းစားနေခြင်းဖြစ်ပေ၏။

ယခု ကိုသောင်းဖေကြီးသည် ဦးစောဝင်း၏ကားကို ပြန်တွေ့ရသော ကိစ္စနှင့်ပတ်သက်၍ ပဲခူးသို့လိုက်သွားရပြီဖြစ်သည်။ ဤသည်ကို အကြောင်းပြု၍ တင်မောင်ဆွေ၏ ဦးခေါင်းထဲတွင် အကြံအစည်တစ်ခုက ဝင်ရောက်လာလေ၏။

သူသည် ဂျင်မီစမတ်ဘက်သို့ ရုတ်တရက် လှည့်လိုက်၏။

'ဂျင်မီရေ ငါ့လို လူတစ်ယောက်ကို ရှာပေးစမ်းကွာ ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုံးအရပ်ချင်းတူတဲ့ လူတစ်ယောက်ပေါ့ကွာ။ ဘယ့်နှယ်လဲ ဖြစ်နိုင်ပါ့မလား'

ဂျင်မီက ခေတ္တမျှ စဉ်းစားနေပြီးနောက်မှ လက်ဖျောက်တီးလိုက်သည်။

'ဟုတ်ပြီ ကိုဆွေ၊ ကျော်တင့်ဟာ ကိုဆွေနဲ့ အလုံးအရပ်ချင်း တော်တော်ဆင်တယ်'

'သူ့ကို ယုံကြည်စိတ်ချရပါ့မလား ဂျင်မီ'

'စိတ်ချရပါတယ်။ တော်တော်လည်း လူရည်လည်တယ်။ ပြီးတော့ ကျွန်တော့်ကိုလည်း ကြည်ညိုတယ်။ ကျွန်တော်တစ်ခါတစ်ခါ သူ့ကို ခေါ်ခိုင်းဖူးတာပဲ။ အခု ကိုဆွေ သူ့ကို ဘာခိုင်းချင်လို့လဲ'

တင်မောင်ဆွေက မည်သို့မျှ ပြန်မဖြေသေးဘဲ အခန်းနံရံတစ်ဖက်ရှိ ဘီဒိုကြီးဆီသို့ လျှောက်သွားကာ တံခါးဖွင့်လိုက်သည်။ ဘီဒိုထဲတွင် သူ့အလုပ်နှင့်ပတ်သက်၍ အရေးရှိက သုံးနိုင်သော ပစ္စည်းကိရိယာ တန်ဆာပလာမျိုးစုံ သိုလှောင်ထားသည်ဖြစ်ရာ ထိုပစ္စည်းတွေထဲမှ ဖလက်ရှ်လိုက် ကင်မရာအိတ်ကြီးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ကင်မရာအိတ်ကို ပခုံးတွင်လွယ်ကာ ဂျင်မီဘက်သို့ လှည့်လိုက်သည်။

'ဂျင်မီရေ ငါ့ကို အခုလို ကင်မရာလွယ်လျက်သား လူစိမ်းတစ်ယောက်က တွေ့ရတယ်ဆိုပါက သူက ငါ့ကို ဘယ်လို ထင်လိမ့်မလဲ'

'ဓာတ်ပုံသတင်းထောက် တစ်ယောက်ပဲလို့ ထင်မှာပေါ့ ကိုဆွေ'





ဂျင်မီက မဆိုင်းမတွပြန်ဖြေလိုက်ရာ တင်မောင်ဆွေက ဆာနှပ်သွားသည့်အလား ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

'ဂျင်မီ ငါ့ကိုသတင်းထောက်မဟုတ်တဲ့ ဓာတ်ပုံဝါသနာရှင် ခြောက်ယောက်လောက် ရှာပေးနိုင်မလားဟေ့။ သူတို့အားလုံးမှာ ဖလက်ရှ်လိုက် ကင်မရာတွေ ရှိရမယ်'

ဂျင်မီက စဉ်းစားနေစဉ်

'ဒီလိုလုပ်ကွာ၊ ကြေးမုံက တို့ရဲ့ဖက်တီး ကိုရွှေမောင်ကြီးကို အကူအညီတောင်းရင် ရပါတယ်။ သူ့တပည့်တွေ အများကြီးရှိတာပဲ'ဟု တင်မောင်ဆွေက ပြောကာ တယ်လီဖုန်းကို ကောက်ယူပြီး ကြေးမုံတိုက်သို့ ဆက်လိုက်သည်။

ကိုရွှေမောင်ကြီး အရက်ဆိုင်သို့ ဆင်းမနေသည့်အချိန်နှင့် တိုက်ဆင့်သင့်ပင် ကြုံကြိုက်မိရကား ကိုရွှေမောင်အား ဖုန်းသို့ခေါ်နိုင်ရသည်။ တင်မောင်ဆွေက သူလိုချင်သော အကူအညီကို ပြောပြလိုက်ရာ ကိုရွှေမောင်ကြီးကလည်း သဘောကောင်းလှစွာ လိုအပ်သည်များကို သူက တာဝန်ယူစီစဉ်ပေးလိုက်ပါမည်ဟု ကတိပေးလိုက်တော့သည်။ တင်မောင်ဆွေကလည်း ထိုအကူအညီအတွက် ကိုရွှေမောင်နှင့် အပေါင်းအပါများကို ဗွမ်းချူးဟော်တယ်တွင် အဝတိုက်ကျွေး၍ အမူးတိုက်ပါမည်ဟု ပြန်လည်ကတိပေးပြီး ကျေနပ်စွာပင် တယ်လီဖုန်းကို ပြန်ချထားလိုက်၏။

'ကိုဆွေက ဘာလုပ်မလို့လဲဟင်'

မေစီက စိတ်ဝင်စားစွာ မေးလိုက်ရာ တင်မောင်ဆွေက ပြုံးပြီး သူမ၏လက်ကလေးတစ်ဖက်ကို ဆွဲယူကာ အသာပုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်တော့ အစီသိရမှာပေါ့ကွယ်။ နှောင်ဖွဲ့လာတဲ့ ဥပဒေ ကျော့ကွင်းကလွတ်ရအောင် ကြံဆရတဲ့ နည်းတစ်နည်းဆိုပါ တော့'

တင်မောင်ဆွေက ပြောပြောဆိုဆို ဂျင်မီအား လှမ်းကြည့် လိုက်ပြန်သည်။

'ကဲ… ဂျင်မီ မင်းရဲ့ ကျော်တင့်ဆိုတာကို ခေါ်လိုက်ကွာ။ ဒါနဲ့ သူ့မှာ ကားရှိသလားကွ'

'ကားပိုင်တော့ မရှိပါဘူး။ ဒါပေမဲ့ ကားဆွဲရင်တော့ ရပါ တယ်'

'ကောင်းပြီ သူ့ကို ကားတစ်စင်းပါ ဆွဲလာခိုင်းကွာ၊ ပြီး တော့ ဆု(တ်)ကေ့စ် ခရီးဆောင် အဝတ်သေတ္တာတစ်လုံးကိုပါ ယူ လာခိုင်း'

ဂျင်မီသည် တင်မောင်ဆွေအား အကဲခတ်သလို တစ်ချက် လှမ်းကြည့်နောက်မှ တယ်လီဖုန်းဆီမှ လက်လှမ်းလိုက်ပြန်တော့ သည်။

❖ ❖ ❖

# အခန်း - ၂၁

ဂျင်မီပြောသော ကျော်တင့်ဆိုသူသည် နာရီဝက်အတွင်း တိုက်ခန်းသို့ ရောက်ရှိလာသည်။ ၎င်းသည် အသက်အစိတ်ခန့်ရှိ …ာ တင်မောင်ဆွေနှင့် အလုံးအရပ်ချင်း အတော်တူသူဖြစ်လေသည်။ တင်မောင်ဆွေက ၎င်းအား စေ့စေ့စပ်စပ် အကဲခတ်ကြည့်ပြီးနောက် ခေါင်းကို ဆတ်ခနဲ ကျေနပ်စွာ ညိတ်လိုက်သည်။

'ကိုဂျင်မီ ခင်ဗျားမှာတဲ့အတိုင်း ကျွန်တော့်အသိတစ် ယောက်ဆီက ကားလည်းဆွဲလာတယ်။ ဆု တ်ကေ့ စ်လည်းပါလာ ပါတယ်'

ကျော်တင့်က လက်တစ်ဖက်တွင် ဆွဲလာသော ခရီးဆောင်လက်ဆွဲသားရေသေတ္တာကို ကြမ်းပြင်ပေါ်သို့ ချရင်းက ပြောလိုက်သည်။

'အေး… ဒီကိစ္စမှာတော့ မင်းက ကိုတင်မောင်ဆွေခိုင်းတာ လုပ်ရလိမ့်မယ်'

ကျော်တင့်က တင်မောင်ဆွေအား လှည့်ကြည့်ကာပြုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

'ကျွန်တော်က ဘာလုပ်ရမှာလဲ အစ်ကိုဆွေ'

'မင်းနဲ့ငါ တစ်နေရာကို သွားကြမယ်ကွာ။ အင်းယား စောင်းက ငါသွားအနားယူတတ်တဲ့ အိမ်ကလေးကိုပဲ မင် လာတဲ့ကားနဲ့ သွားကြမယ်။ ပထမတော့ ဟောဒီဂျာကင်ကို ဝတ်လိုက်ဦးကွာ'

တင်မောင်ဆွေက မနေ့ညက သူဝတ်ခဲ့သော အနီးခံ ဂျာကင်အင်္ကျီကို ကျော်တင့်ကို လှမ်းပေးလိုက်သည်။

'အင်း... မင်းနဲ့အတော်ပဲ။ ကဲ... ဟောဒီ ဦးထု လည်းဆောင်းကြည့်ပါဦး'

တင်မောင်ဆွေက သူဆောင်းနေကျ သက္ကလပ်ဦးထု လည်း လှမ်းပေးလိုက်ပြန်သည်။ ကျော်တင့်ကလည်း ယူဆော လိုက်ရာ အတော်ပင်ဖြစ်နေသည့်အတွက် တင်မောင်ဆွေက နပ်စွာ ခေါင်းညိတ်လိုက်သည်။

'တော်တော့်ကို ဟန်ကျတာပဲဟေ့။ ကဲ... ဂျင်မီ ရယ်သူရယ် သွားနှင့်မယ်။ မင်းက ကိုရွှေမောင်နဲ့ သူ့အပေါင်းအ ခတ်ပုံသမားတွေကို စောင့်နေပြီး စုထား၊ ငါဖုန်းဆက်တော့ လို လာခဲ့ပေတော့ ဟုတ်လား'

ဂျင်မီက တင်မောင်ဆွေက ဘာတွေလုပ်ရန် ရည်ရွယ် သည်ကို နားမလည်သော်လည်း သူ့ရဲဘော်အား ယုံကြည်စိတ် စွာပင် ခေါင်းညိတ်ပြလိုက်သည်။

တင်မောင်ဆွေသည် သူစောစောက ထုတ်ယူ ကင်မရာကိုကောက်လွယ်လိုက်က 'ကဲ... လာ ကျော်တင့်





နဲ့ငါသွားကြစို့'ဟု ဆိုလျက် တိုက်ခန်းထဲမှ နှစ်ယောက်သား ထွက်ခဲ့ကြသည်။

တိုက်လှေကားရင်းတွင် သူတို့သည် တိုက်စောင့်ဒရဝမ် ပင်းတိုးမိကြတော့သည်။ တိုက်စောင့်ဒရဝမ်သည် တင်မောင်ဆွေ တွေ့လိုက်ရလျှင် တော်တော် အံ့အားသင့်သွားလေသည်။ အံ့သြ ည်း အံ့သြလောက်ပါပေသည်။ ညနေကပင် တင်မောင်ဆွေတစ် ယောက် သတင်းထောက်တွေနှင့် ရဲဘက်က လူတွေကိုရှောင်ရန် တ်ထဲမှနေ၍ ထင်းရှူးသေတ္တာကြီးတစ်လုံးတွင် ပုန်းလိုက်ထွက် သွားသည်ဟု အုတ်အော်သောင်းနင်း ဖြစ်ခဲ့ရသေးသည် မဟုတ် လော။

'ဟင် ဆရာညနေကပဲ အပြင်ထွက်သွားတယ်ဆို'

'ဘယ်ကလာ ဟုတ်ရမှာလဲ ငါတစ်ညနေလုံး ဘယ်ကို သွားသေးပါဘူးကွာ'

'ဒါပေမဲ့ ဆရာ့အလုပ်တိုက်က အစောကြီး ပိတ်နေတာပဲ'

'အေးလေ ငါတိုက်ခန်းပေါ်တက်ပြီး ဂျင်မီစမတ်နဲ့ အလုပ် တိုင်ပင်နေခဲ့တာကွ'

'ဒါနဲ့များဗျာ ညနေက သတင်းထောက်တွေက ကိုဆွေ ကို့နဲ့ အတွေ့မခံချင်လို့တဲ့။ တိုက်ထဲကနေ ကိုဂျင်မီထုတ်ထား ထင်းရှူးသေတ္တာထဲမှာ ပုန်းလိုက်သွားသလေး ဘာလေးနဲ့'

ဒရဝမ်ကြီးက မကျေမချမ်း ရေရွတ်လိုက်ရာ တင်မောင် ဆွေက ပြုံးပြီး ၄င်း၏လက်မောင်းတစ်ဖက်ကို အသာပုတ်လိုက် သည်။

'ဒါက သူတို့ဘာသာသူတို့ ထင်ကြတာပဲဟာ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အခုမှ တိုက်ပေါ်ကဆင်းလာတာ မင်းအတွေ့ပဲလေ။ ဒါပေမဲ့ … ကိုတော့ အသိမပေးနဲ့ ဟုတ်လား၊ သူတို့အမှားကို သူတို့ဘာ… သိကြပါစေ'

တင်မောင်ဆွေက ပြောပြောဆိုဆိုပင် သူ့ပိုက်ဆံအိတ်… ထုတ်ယူလိုက်ကာ အထဲမှ ငွေတစ်ဆယ်တန်တစ်ရွက်ကို ထုတ်… ပြီး ဒရဝမ်ကြီး၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

'ကဲ… ကျော်တင့် မင်းကားကို ဘယ်မှာရပ်ထားခဲ့သ…

'တိုက်ရှေ့မှာတင်ပဲ အစ်ကိုဆွေ'

'သွားကြစို့'

တင်မောင်ဆွေနှင့် ကျော်တင့်တို့သည် ကားရပ်ထား… သို့ ခပ်သုတ်သုတ်လျှောက်ခဲ့ကြကာ အနှောင့်အယှက်မရှိဘဲ … ထဲသို့ ဝင်နိုင်ကြပြီး ကျော်တင့်က ကားမောင်းထွက်ခဲ့တော့သ… တင်မောင်ဆွေ၏ လမ်းညွှန်ချက်ဖြင့် သူတို့သည် နာရီဝက်အ… အင်းယားကန်စောင်း၌ တင်မောင်ဆွေဝယ်ထားသော အိမ်က… ဆီသို့ ရောက်လာကြတော့သည်။ ထိုအိမ်ကလေးတွင် တင်မော… သည် အလုပ်အားရက်များ၌ အနားယူရင်း စိတ်ပြေလက်ပျော… လာရောက်နေထိုင်တတ်ပေသည်။

ကားကို အိမ်ရှေ့တွင် ရပ်ထားခဲ့ပြီး တင်မောင်ဆွေ… အိမ်တံခါးသော့ဖွင့်ကာ သူတို့နှစ်ယောက် အိမ်ထဲသို့ ဝင်ခဲ့ကြသ… အိမ်မီးများကို ဖွင့်ပြီးလျှင် တင်မောင်ဆွေက တယ်လီဖုန်းကို … ယူလိုက်ကာ ဂျင်မီထံသို့ ပြန်၍ ဖုန်းဆက်လိုက်သည်။

'ဂျင်မီရေ ကိုရွှေမောင်ကြီးတို့ လူစုရောက်လာကြပြီ…

'သူတို့ ဝင်းဘားကို ရောက်နေကြပြီလို့ ခုနကပဲ ဖုန်း…





…်ကိုဆွေ၊ ကိုရွှေမောင်ပါ အပါအဝင်စုစုပေါင်းခြောက်ယောက်

'ကောင်းပြီ၊ သူတို့ကို သွားခေါ်ပြီး အင်းယားကန်စောင်း …ါရုက်ကိုလိုက်ခဲ့ပေတော့…'

'အိုကေ ကိုဆွေ'

တင်မောင်ဆွေက ဖုန်းကို ပြန်ချလိုက်ကာ စီးကရက်တစ် …ကို မီးညှိပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည့် ကျော်တင့် …း လှမ်းခေါ်လိုက်သည်။

'ကဲ ကျော်တင့် မင်းငါ့ကို တစ်ခုလုပ်ပေးစမ်းကွာ'

'ကျွန်တော် ဘာလုပ်ပေးရမလဲ အစ်ကိုဆွေ'

'မြို့မ စုံထောက်ဌာနချုပ်ကို ဖုန်းဆက်ပြီး ရဲအုပ်ကိုခင် …င်အုန်းဆိုတာကို ခေါ်ကွာ'

ရဲအုပ် ကိုခင်မောင်အုန်းဆိုသူကား ရဲမှူးကိုသောင်းဖေထံ …ရောက်နေသော ရဲအုပ်သင်တန်းဆင်းကာစ ရဲအရာရှိအသစ် …က်ကလေးတစ်ယောက် ဖြစ်လေသည်။ သူသည် နေရာတကာ …လုပ်တတ်လုပ်ကာ စွာကျယ်စွာကျယ်လုပ်တတ်သဖြင့် ကိုသောင်း …ပြီးကိုယ်တိုင်ကပင် အမြင်ကပ်ခြင်းခံနေရသူဖြစ်၏။

'ကိုခင်မောင်အုန်းကို ကျွန်တော်က ခေါ်ပြီး ဘာပြောရ …မလဲ'

'မင်းဟာ အောင်လံသတင်းစာတိုက်က သတင်းထောက် …ပါ၊ တကယ်လို့ သူက တခြားသတင်းစာတိုက်တွေကို မပေါက် …စေဘူးလို့ ကတိပေးရင် မင်းက သူ့အတွက်နာမည်ကောင်းရ …သတင်းတစ်ခုပေးမယ်လို့ပြော'



www.burmeseclassic.com

www.burmeseclassic.com



'သူက ကတိမပေးရင်ကော'

တင်မောင်ဆွေက ပြောပြီး ခေါင်းကို ယမ်းခါလိုက်သည်

'ခင်မောင်အုန်းအကြောင်းကို ငါသိပါတယ် ကျော် ရာ။ ဒီကောင်က အင်မတန် နာမည်ကောင်းရချင်တာကွ၊ နာ ကောင်းရမယ်ဆိုရင် ဘယ်သူ့ကို ဘာမဆိုကတိပေးမယ့်လူစားမျိုး

'အိုကေ ကိုဆွေ၊ ကျွန်တော်က ဘာပြောရမှာလဲ'

'သတင်းထောက်တွေက စုံထောက်တင်မောင်ဆွေ ရှာတွေ့ပြီလို့ပြော၊ ပြီးတော့ ဒီအိမ်ရဲ့ လိပ်စာကို အတိအကျ လိုက်။ တင်မောင်ဆွေဟာ သူ့ပါတနာဂျင်မီစမတ်ရဲ့လူဖြစ် ကျော်တင့် ဆိုတာနဲ့အတူ ဒီမှာလာခိုနေတယ်ပေါ့ကွာ။ ဒီ ကားဒရိုင်ဘာ မောင်မြိုင်ကြီးလူသတ်မှုမှာ မျက်မြင်သက် တစ်ယောက်ဖြစ်တဲ့ ကိုစိန်မြကိုခေါ်ပြီး တင်မောင်ဆွေနဲ့ဆိုင် မောင်မြိုင်ကြီးကို သတ်တဲ့အချိန်က ရီရီညွန့်နဲ့အတူတွေ့ရတဲ့လူ သူပါပဲလို့ အင်ဒီ တီဖိုင်းလုပ်ခိုင်းပါလို့ပြော။ ရဲမှူးကြီးကိုသောင်း တောင် မလုပ်နိုင်လို့ ကိုခင်မောင်အုန်းလုပ်နိုင်ရင် နာမည်ရမှာ ပေါ့ကွာ'

'အိုကေ ကိုဆွေ၊ နောက်ကော'

'နောက်ပြီးတော့ မင်းက အောင်လံသတင်းစာတိုက် ဖုန်းဆက်ရဦးမယ်။ ဘယ်သူမှမရနိုင်တဲ့ သတင်းတစ်ခုပေးမယ် ကွာ။ မြို့မစုံထောက်ဌာနက ရဲအုပ်ကိုခင်မောင်အုန်းဟာ ကိုစိန်မြ လွှတ်ပြီး လူသတ်မှုနှင့်ပတ်သက်နေတဲ့ စုံထောက် တင်မောင်ဆွေ ဆွဲပြလိမ့်မယ်ပေါ့ကွာ'

ကျော်တင့်သည် တင်မောင်ဆွေ၏မျက်နှာကို စူးစိုက်ကြ





အကဲခတ်လိုက်သည်။

'ဒီ ခင်မောင်အုန်းဆိုတာက ခင်ဗျားကိုသိတယ်မဟုတ်လား ကိုဆွေ'

'ကိုဆွေ့ကို ကိုစိန်မြက အိုင်ဒီတီဖိုင်းလုပ်ရင် ကိုဆွေ ွက် အခက်မကြုံဘူးလား'

တင်မောင်ဆွေက သူ့အမိပ္ပာယ်နှင့်သူ ပြုံးလိုက်သည်။

'ခင်မောင်အုန်းက နာမည်အင်မတန်ကြီးချင်တဲ့လူလို့ ငါ ထားပြီ မဟုတ်လားကွ။ ကိုသောင်းဖေကြီးတောင် မတတ်နိုင် အလုပ်တစ်ခုကို သူလုပ်နိုင်မယ်ဆိုရင် လက်မတထောင်ထောင် တော့မှာ'

'ကျွန်တော်တော့ သဘောမပေါက်သေးပါဘူး အစ်ကို ရာ'

'ခင်မောင်အုန်းဟာ သူနာမည်ရဖို့အတွက် သူလိုချင်တဲ့ တိုင်းဖြစ်ရအောင် အတင်းလောတော့မှာပဲ၊ သူက ကိုစိန်မြကို တင်းပဲ ငါ့ကို အိုင်ဒီတီဖိုင်းလုပ်ခိုင်းလိမ့်မယ်။ ဒါပေမဲ့ သူတွေ့ရ ့် သူက ငါမဟုတ်ဘူး မင်းကိုပဲ'

'ကိုခင်မောင်အုန်းက အစ်ကိုဆွေ့ကို သိနေတာပဲ။ အစ်ကို ကိုတွေ့ရရင် သူက ဘာပြောမလဲ'

တင်မောင်ဆွေက တစ်စုံတစ်ခုကိုတွေး၍ သဘောကျသည့် လား ပြုံးလိုက်ပြန်ပြီးနောက်မှ...

'သူက ကိုယ့်ကိုတွေ့မှာမှ မဟုတ်တာပဲကွ'

'ဘယ်လိုလဲ ကိုဆွေ၊ ကိုဆွေက ရှောင်သွားမလို့လား'

'မရှောင်ပါဘူး၊ မင်းနားမှာပဲ ရှိနေမှာပဲ။ ဒီလိုပေါ့ကွာ



www.burmeseclassic.com

www.burmeseclassic.com



မင်းမျက်လုံးတည့်တည့်မှာ ဖလက်ရှ်လိုက်တွေ တဝင်းဝင်းလက်တာ ကို ပထမမြင်ရပြီးမှောင်ထဲကို ပြန်ကြည့်စမ်း၊ မင်းဘာတွေ့ရမလဲ"

'လက်စသတ်တော့ ဒီလိုကိုး'

ကျော်တင့်က သဘောပေါက်သွားဟန်ဖြင့် ရေရွတ်လိုက် ကာ တင်မောင်ဆွေအား ချီးကျူးသောအပြုံးဖြင့် ပြန်ကြည့်ပြီး ဖုန်းဆီသို့ လျှောက်သွားလေတော့သည်။

တင်မောင်ဆွေကတော့ စီးကရက်အသစ်တစ်လိပ် ထပ်ညှိ နေလိုက်၏။

❖ ❖ ❖

# အခန်း - ၂၂

တင်မောင်ဆွေသည် ကုတ်အင်္ကျီအနက်ဝတ်ကာ ပခုံးတွင် အင်မရာလွယ်လျက် ကိုရွှေမောင်တို့လူစုကို ဝင်းဝမှ ဆီး၍ကြိုဆို လေသည်။

'ကဲ··· ကိုဆွေ ကျွန်တော် ဘာလုပ်ပေးရမလဲ ဆို···'

ကိုရွှေမောင်ကြီးက တင်မောင်ဆွေအား ဖျတ်လတ်စွာ မေး လိုက်သည်။ တင်မောင်ဆွေကတိပေးထားသည့်အတိုင်း ဝမ်းချူးသို့ သွားကာ စားပွဲသောက်ပွဲကြီးကို ကျင်းပချင်လှပြီ ဖြစ်ဟန်တူ၏။

တင်မောင်ဆွေကလည်း ကိုရွှေမောင်ကြီးနှင့်တကွ ၄င်းနှင့် အတူပါလာကြသော ဓာတ်ပုံဆရာတွေအား သူလိုချင်သည့်ကိစ္စကို အသေနဏ သေချာတိကျစွာ ရှင်းလင်းပြောပြလိုက်သည်။ ပြီးနောက် ဓာတ်ပုံဆရာတွေကို သူလိုချင်သည့်နေရာများတွင် အတိအကျ သူ ကိုယ်တိုင်လိုက်၍ နေရာချထားပေးလိုက်၏။

ခေတ္တကြာလျှင် လမ်းမကြီးပေါ်တွင် ပြေးလာသောကားသံ ကြားရကာ ကားတစ်စင်းက ချိုးဝင်လာပြီး ဝင်းထဲသို့မောင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ကားခေါင်မိုးပေါ်တွင် မှိတ်ချီလင်းချီဖြစ်နေသော မီးနီ ကလေးကို တွေ့ရခြင်းအားဖြင့် ရဲပိုင်ယာလက်ကားပင် ဖြစ်ရမည် ဟုသိနိုင်သည်။

တင်မောင်ဆွေက ဓာတ်ပုံဆရာတွေကို အချက်ပြလိုက်သည်။

'ကဲ ကိုယ့်လူတို့ အဆင်သင့်နော်'

ကားသည် ဘရိတ်အုပ်လျက် ရပ်သွားလျှင် ရပ်သွားချင်း ကိုရွှေမောင်ခေါင်းဆောင်သည့် ဓာတ်ပုံဆရာတွေက ကားကို ဝိုင်းထားလိုက်ကြပြီး ဖလက်ရှ်လိုက်မီးများ တဝင်းဝင်းနေအောင် တဖျတ်ဖျတ် ဓာတ်ပုံရိုက်ကြသည်။ ဖလက်ရှ်လိုက်မီးများကြောင့် ကားမောင်းလာသူ ကိုခင်မောင်အုန်းနှင့် ဘေးတွင်ထိုင်၍ လိုက်ပါ လာသူ သက်သောကိုစိန်မြတို့မှာ မျက်လုံးများကျိန်းစပ်ကုန်ကြပြီး အပြင်ဘက်ကို ဘာမှမမြင်ရတော့ဘဲ ဖြစ်သွားကြသည်။

'ဟေး… ဒါက ဘယ်လိုလုပ်ကြတာလဲ'

ရဲအုပ်ကိုခင်မောင်အုန်းက အော်၍ မေးလိုက်ခြင်းဖြစ်၏။

'သတင်းစာအတွက် ဓာတ်ပုံရိုက်တာပါ ရဲမှူးကြီး ဦးသောင်းဖေ' ကိုရွှေမောင်ကြီးက ပြန်၍ အော်ဖြေလိုက်၏။

'ကျုပ်က ရဲမှူးကြီး ကိုသောင်းဖေမဟုတ်ဘူး။ ရဲအုပ် ခင်မောင်အုန်းပါ။ အုန်းကိုလည်း(န)သတ်နဲ့ အုန်းတယ်ဗျနော် မှန် အောင်ရေးကြ'

သတင်းစာထဲတွင် ဓာတ်ပုံပါမည်ကို အလွန်ကျေနပ်လှ သော ရဲအုပ်ကိုခင်မောင်အုန်းက ခပ်ပြုံးပြုံးပြန်ဖြေလိုက်သည်။

'ကောင်းပါပြီခင်ဗျာ နောက်ထပ်တစ်ပုံလောက် ရိုက်ပါ





ရစေဦး'

ကင်မရာဖလက်ရှ်လိုက်မီးတွေက တဝင်းဝင်းလက်သွားကြ ပြန်သည်။ ကားထဲက ကိုခင်မောင်အုန်းနှင့် ကိုစိန်မြတို့မှာ ထိုမီး ရောင်တွေကြောင့်မျက်စိတွေ ကျိန်းစပ်နေကြသည်ကို သိသော တင်မောင်ဆွေက လက်တွင် သူ့ကင်မရာကိုကိုင်လျက် ကားဘေးနား သို့ တိုးကပ်သွားတော့သည်။ ကိုခင်မောင်အုန်းက မောင်တော်ကား ဆွစ်ချ်ကို ရှေ့သို့ကုန်း၍ ပိတ်လိုက်ရာက…

'အလွတ်စုံထောက် တင်မောင်ဆွေအိမ်ထဲမှာ ရှိနေတယ် ဆိုတာ တကယ်ပဲလားဗျ' ဟုမေးလိုက်သည်။

'ဟုတ်ပါတယ် သူ့အဖော်တစ်ယောက်နဲ့အတူ အိမ်ထဲမှာ ရှိနေတယ်' ဟု ဓာတ်ပုံဆရာတစ်ယောက်က ပြန်ဖြေလိုက်သည်။

ဓာတ်ပုံဖလက်ရှ်လိုက်တွေကလည်း တဝင်းဝင်းလက်သွား ကြပြန်သည်။

'ဓာတ်ပုံကလည်း ရိုက်လှချည်ကလား ကိုယ့်လူတို့ရ'

ကိုခင်မောင်အုန်းက ပြောနေစဉ် အိမ်ရှေ့တံခါးက ရုတ်တ ရက်ပွင့်လာကာ အထဲမှအုန်းခွံရောင်ဂျာကင် အင်္ကျီကို ဝတ်လျက် သက္ကလပ် ဦးထုပ်ပျော့ဆောင်းထားသော ကျော်တင့်က ပြေးထွက် လာသည်။

'ဟော… ကိုတင်မောင်ဆွေ ထွက်လာပြီ၊ ကျုပ်တို့ရောက် နေတာကို သိသွားပြီ၊ ပုန်းဖို့ပြေးပြီဗျို့'

ဓာတ်ပုံဆရာတစ်ယောက်က တင်မောင်ဆွေသင်ထားပေး သည့်အတိုင်း အော်လိုက်သည်။

'ဟုတ်ပြီ သူ့ကို တွေ့သလား'



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှ ခင်မောင်အုန်းက ပြေးထွက်လာသော သဏ္ဌာန်ကိုသူ့ဘေးမှကိုစိန်မြအားညွှန်ပြရင်းကမေးလိုက်သည်။ ကျော်တင့်က ဦးခေါင်းမှဦးထုပ်ကိုချွတ်ကာ မျက်နှာကို ကွယ်လျက်၊ ရဲကားရပ်ထားရာတည့်တည့်သို့မျက်နှာချင်းဆိုင်ပြေးလာနေခြင်းဖြစ်ရာ ကားရှေ့မီးရောင်များတွင် ၎င်း၏သဏ္ဌာန်ကို ထင်ရှားစွာတွေ့ရနိုင်တော့သည်။

ကိုရွှေမောင်လူများက ထိုသဏ္ဌာန်ကို လခြမ်းသဏ္ဌာန်ဝိုင်းပြီး ဖလက်ရှ်လိုက်မီးတလက်လက်ဖြင့်ဝိုင်း၍ ဓာတ်ပုံရိုက်ကြပြန်သည်။ ပြေးလာသောကျော်တင့်သည် ရုတ်တရက် ရပ်လိုက်သည်။ ပြီးမှ မျက်နှာကိုဖုံးကွယ်ထားသည့်ဦးထုပ်ကို ခေါင်းတွင်ပြန်ဆောင်းလိုက်ကာ မထူးတော့ပြီဟူသည့် အမူအရာဖြင့် အိမ်ဘက်ဆီသို့ ခပ်သုတ်သုတ်ပြန်လျှောက်သွားလေ၏။

'ကဲ… ကိုစိန်မြ ခင်ဗျားသူ့ကို တွေ့ရပြီ။ မနေ့က ရီရီညွန့်နဲ့တွေ့ခဲ့ရတဲ့လူဟာ သူပဲမဟုတ်လား'

ရဲအုပ်ကိုခင်မောင်အုန်းက မေးလိုက်သည်ကို ကိုစိန်မြက ပြန်မဖြေသေးဘဲ ခပ်ဆိုင်းဆိုင်းလုပ်နေ၏။

'သူပဲ မဟုတ်လားဗျ ပြောလေဗျာ'

'ဟုတ်တယ်၊ ကျွန်တော်မနေ့ညက ကားရုံရှေ့မှာတွေ့ခဲ့ရတဲ့လူဟာ သူပါပဲ'

ထိုအခါမှ ကိုစိန်မြက ခေါင်းညိတ်ကာ အဖြေပေးလိုက်၏။ ရဲအုပ်ကိုခင်မောင်အုန်းသည် သဘောကျသွားကာ အသံထွက်အောင် ရယ်လိုက်ပြီး ကားစက်ကို သော့ဖွင့်နှိုးလိုက်သည်။ ပြီးနောက် ဓာတ်ပုံသမားတွေဘက်သို့ လှည့်လိုက်၏။





'ကဲ… လိုရင်းကိစ္စပြီးပြီဗျို့၊ ကိုစိန်မြက မနေ့ညက ကားရုံရှေ့မှာ ရီရီညွန့်နဲ့တွေ့ခဲ့ရတဲ့လူဟာ ခုနက အိမ်ထဲကထွက်လာတဲ့ တင်မောင်ဆွေပါပဲရယ်လို့ အိုင်ဒင်တီဖိုင်းလုပ်ခဲ့ပြီ။ မနက်ဖြန်ထုတ်သတင်းစာတွေမှာ ဓာတ်ပုံတွေကောင်းကောင်းပါလာပါစေလို့ မျှော်လင့်ပါတယ် ဟဲ… ဟဲ'

ကိုခင်မောင်အုန်းသည် ဓာတ်ပုံဆရာများအား လက်တစ်ဖက်ယမ်းလိုက်ပြီး ကားကို ဂူးခနဲနောက်ပြန်ဆုတ်၍ မောင်းထွက်သွားလေတော့သည်။

တင်မောင်ဆွေသည် ကျေနပ်စွာပြုံးလိုက်ကာ ကိုရွှေမောင်ကြီးဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ… ကိုရွှေမောင် အခုလို ကျေးဇူးပြုတာ ဝမ်းသာပါတယ်ဗျာ။ ခင်ဗျားတို့ ရိုက်ထားတဲ့ဓာတ်ပုံဖလင်တွေကို ညတွင်းချင်းဆေးပြီး ကူးထားပါဦး၊ ပြီးတော့ ကိုယ်ရိုက်ထားတဲ့ ဓာတ်ပုံကို မှတ်ထားကြပါ'

'စိတ်ချပါ၊ ကဲ… ကျွန်တော်တို့ ဝှမ်ချူးသွားဖို့ဆိုတာကော'

'ခင်ဗျားတို့ကို ဂျင်မီကခေါ်သွားပါလိမ့်မယ် စိတ်ချပါ'

ကိုရွှေမောင်ကြီးတို့လူသိုက် ထွက်သွားကြသည်။ နောက်တွင် တင်မောင်ဆွေသည် ကျေနပ်အားရစွာ အိမ်ထဲသို့ပြန်ဝင်ခဲ့သည်။ ကျော်တင့်သည် တင်မောင်ဆွေအား ပြုံး၍ ကြည့်လိုက်သည်။

'ဘယ့်နှယ်လဲ ကိုဆွေ၊ ကျွန်တော့်အိုက်တင်ကောင်းရဲ့လားဗျ'

တင်မောင်ဆွေက အားရပါးရကြီးပြုံးလိုက်ကာ ကျော်တင့်



www.burmeseclassic.com

www.burmeseclassic.com



၏ ပခုံးတစ်ဖက်ကို ပုတ်လျက်…

'ကောင်းပါတယ်ကွာ၊ ခင်မောင်အုန်းကကော ကိုစိန်မြကကော မင်းကို ငါလို့ထင်သွားကြတာပဲ' ဟု ပြန်ဖြေလိုက်သည်။ ၎င်းနောက်ဆက်လက်၍…

'ကဲ… မင်းဂျာကင်အင်္ကျီချွတ်လိုက်ပါတော့ကွာ' ဟု ပြောပြီး အပေါ်အင်္ကျီချင်း လဲဝတ်လိုက်ကြသည်။

ထိုစဉ် အိမ်ဆီသို့ ဦးတည်၍မောင်းလာသော ကားတစ်စင်း၏ အသံကိုကြားလိုက်ရပြန်သည်။ မကြာသေးမီကားတစ်စင်း ဝင်းထဲသို့ မောင်းဝင်လာကာ အိမ်ရှေ့တွင် ရပ်လိုက်၏။

'အောင်လံသတင်းစာနဲ့တူတယ်' ဟု တင်မောင်ဆွေက ပြောလိုက်စဉ် ကျော်တင့်က အိမ်ရှေ့တံခါးဝသို့ ထွက်ကြည့်လိုက်သည်။

'ကျွန်တော်တို့ အောင်လံသတင်းစာကပါခင်ဗျာ၊ အယ်ဒီတာဦးကျော်အေးက လွှတ်လိုက်လို့ပါ။ ကျွန်တော်တို့ စုံထောက်ဦးတင်မောင်ဆွေနဲ့တွေ့ချင်လို့ပါ' ဟု ကားထဲမှဆင်းလာသော သတင်းထောက်တစ်ယောက်နှင့် ဓာတ်ပုံဆရာတစ်ယောက်က ပြောလိုက်သည်။

ကျော်တင့်က တင်မောင်ဆွေအား လှမ်းကြည့်လိုက်ရာ တင်မောင်ဆွေက ခေါင်းညိတ်ပြသည့်အတွက် သတင်းထောက်များကို အိမ်ထဲသို့ဝင်ခွင့်ပြုလိုက်သည်။ သတင်းထောက်များသည် တင်မောင်ဆွေအား တွေ့လိုက်ရလျှင် တော်တော်အားရကျေနပ်သွားကြပုံရသည်။

'ကဲ… ဆိုစမ်းပါဦး၊ ကိုယ့်လူတွေက ဘာလိုချင်ကြ





သတုန်း' ဟု တင်မောင်ဆွေက ၎င်းတို့အား ရင်းနှီးဖော်ရွေစွာပင် မေးလိုက်သည်။

'ကိုတင်မောင်ဆွေ ရဲ့ဘက်ကိုရှောင်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး သတင်းယူချင်လို့ပါ'

သတင်းထောက်သည် တင်မောင်ဆွေအား ပြန်ဖြေနေစဉ် ဓာတ်ပုံသတင်းထောက်က ၎င်း၏ကင်မရာကို တင်မောင်ဆွေဆီသို့ချိန်ကာ ဖလက်ရှ်လိုက်မီးနှင့် ဖျတ်ခနဲ ဓာတ်ပုံရိုက်ယူလိုက်သည်။

'ကျုပ်က အမှုတစ်ခုလိုက်နေတယ်။ ဒီတော့ ကျုပ် ဘယ်မှာရှိနေတယ်ဆိုတာကို ခေတ္တ လျှို့ဝှက်ထားရတာပါ။ ရဲဘက်ကိုရှောင်နေတာ မဟုတ်ပါဘူးဗျ၊ ခုနလေးတင်ကပင် ရဲဘက်က ဒီကိုလာသွားပါသေးတယ်။ မြို့မစုံထောက်ဌာနချုပ်က ရဲအုပ်ကိုခင်မောင်အုန်းနဲ့ မျက်မြင်သက်သေဆိုတဲ့ ကိုစိန်မြဆိုတဲ့လူပဲ။ ဒါနဲ့ ခင်ဗျားတို့ ဓာတ်ပုံထပ်ရိုက်ချင်ကြသေးရင် အားမနာနဲ့ဗျာ ရိုက်ကြပါ'

ဓာတ်ပုံသတင်းထောက်က တင်မောင်ဆွေအား ပထမ အိမ်တံခါးဝနားတွင် ရပ်ခိုင်းကာ ဓာတ်ပုံတစ်ပုံ ရိုက်ယူလိုက်လေသည်။ ထို့နောက် တင်မောင်ဆွေ အိမ်ကလေးထဲမှ ထွက်လာပုံတစ်ပုံကို နောက်ထပ်၍ ရိုက်ယူပြန်၏။ တင်မောင်ဆွေက ထိုပုံတွင် မျက်နှာတစ်ခြမ်းကို ဦးထုပ်နှင့်ကွယ်လျက် အရိုက်ခံလိုက်သည်။

'ကျေးဇူးပါပဲ ဦးတင်မောင်ဆွေ' ဟု ဓာတ်ပုံသတင်းထောက်က ကျေနပ်စွာပြောပြီး ကင်မရာကို ပြန်သိမ်းလိုက်သည်။

'ကိုဆွေလိုက်နေတဲ့အမှုက ရီရီညွှန့်နဲ့ ပတ်သက်သလား'

သတင်းထောက်က ထပ်၍ စပ်စုလိုက်ပြန်ရာ တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွေကပြုံးပြီး ခေါင်းယမ်းပြလိုက်သည်။

'ဒါတော့ သည်းခံဦး ကိုယ့်လူတို့၊ ဒီအကြောင်းနဲ့ ပတ်

သက်ပြီး ကျွန်တော်ဘာမှမပြောပါရစေနဲ့ဦး'

'ကဲ… ကိုမြင့်အောင်၊ ကျွန်တော်တို့တိုက်ပြန်ပြီး ဖော

ပိတ်ချိန်အမီ ဓာတ်ပုံဆေးဘလောက် လုပ်ရဦးမယ်ဗျ'

ဓာတ်ပုံသတင်းထောက်က လက်ပတ်နာရီကိုကြည့်

သူ့အဖော်အား လောလိုက်သည်။

'စုံထောက် ရဲအုပ်ကိုခင်မောင်အုန်းဆီကို ခင်ဗျားတို့ ဖုန်း

ဆက်ပြီး မေးကြည့်ပါလားဗျာ။ သူက ဝမ်းမြောက်ဝမ်းသာ ပြော

ပါလိမ့်မယ်'

တင်မောင်ဆွေက ခပ်ပြုံးပြုံးပြောလိုက်ရာ သတင်းထော

များက ကျေးဇူးတင်ကြောင်း ထပ်ပြောပြီး ကားဖြင့်ပြန်ထွက်သွာ

ကြတော့သည်။

❖ ❖ ❖

## အခန်း - ၂၃

နောက်တစ်နေ့နေ့လည်ခင်းတွင် တင်မောင်ဆွေသည် သူ့

ုပ်တိုက် သူ၏ သီးသန့်ရုံးခန်းထဲ၌ စိတ်အေးလက်အေးပင်

၍ အလုပ်လုပ်နေစဉ် မေစီက ဝင်ရောက်လာကာ အပြင်ဘက်

 ကိုသောင်းဖေကြီး ရောက်နေကြောင်းပြောလာသည်။ မေစီ၏

းအဆုံးတွင် ကိုသောင်းဖေကြီးသည် တင်မောင်ဆွေ၏ အခေါ်

စောင့်တော့ဘဲ အခန်းထဲသို့ဝင်လိုက်လာ၏။

'အတင်းဝင်လိုက်လာရတာကိုတော့ စိတ်မရှိနဲ့ဟေ့၊ ဒါပေမဲ့

ကာ ထင်းရှုးသေတ္တာထဲ ပုန်းလိုက်သွားတတ်တဲ့အကျင့်ထူးမျိုး

မှတော့'

'ဒီဟာ ကောလဟာလသတင်း သက်သက်ပါဗျ'

တင်မောင်ဆွေက မျက်မှောင်ကြုတ်ကာ မကျေနပ်သည့်

အရာဖြင့် ပြောလိုက်သည်။ ဒါကို ကိုသောင်းဖေက အဟုတ်

ကာ သဘောကျစွာ ရယ်လိုက်၏။

'မင်းဟာ တော်တော် စတန့်ထွင်တတ်တာပဲ တင်မောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွေ မင်းဒီကနေ့ အောင်လံသတင်းစာကို ဖတ်ပြီးရောပေါ့။ သူတို့
မင်းအကြောင်း စကုသတင်းဦးကို ရသွားတာပဲ'

တင်မောင်ဆွေက သည်တစ်ခါတွင်တော့ ဘာမှမပြောတော့
ဘဲ ပခုံးကိုသာ တွန့်ပြလိုက်သည်။

'ညက ကိုစိန်မြကာ သူဟိုနေ့က ကားရုံရှေ့မှာ တွေ့ခဲ့ရတဲ့
လူဟာ မင်းပါလို့ အင်ဒီတီဖိုင်း လုပ်ခဲ့တယ်ဆိုတာ မင်းသိရောပေါ့'

'ဟုတ်လား'

တင်မောင်ဆွေက ဘယ်လိုမှ ဂရုမစိုက်သည့်အမူအရာဖြင့်
ပြန်ပြောလိုက်သည်။

'တကယ်ဟုတ်တာပေါ့ တင်မောင်ဆွေ၊ မင်းအိမ်ထဲက
ထွက်ပြေးလာတာကို ညက သူသေသေချာချာ တွေ့လိုက်ရတာပဲ
ကွ'

ကိုသောင်းဖေက ထိုင်ရာမှထ၍ တင်မောင်ဆွေဘေးသို့
လျှောက်လာကာ ၄င်း၏ပခုံးပေါ်တွင် လက်တစ်ဖက်တင်ပြီး စကား
စလိုက်ပြန်သည်။

'တင်မောင်ဆွေ၊ မင်းကို ငါတကယ့်စေတနာနဲ့ ပြောတာ
ပါကွာ၊ အခုဆိုရင် မင်းအခြေအနေက တော်တော်ဆိုးတာနော် ဘာ
မဟုတ်တဲ့ ဒီမိန်းမ နှစ်လင်ကွာအတွက် မင်းက ရှေ့ကရပ်မနေ
စမ်းပါနဲ့၊ မင်းပါသူနဲ့ ရောပြီး ဒုက္ခရောက်သွားရလိမ့်မယ်'

'ကျွန်တော် ဒုက္ခမရောက်ချင်ပါဘူး ကိုသောင်းဖေ'

'ဒီလိုဆို မင်းသိထားတာတွေ ငါ့ကို ပွင့်ပွင့်လင်းလင်း
ဖွင့်ပြောပါလား'

'ဒီမှာ ကိုသောင်းဖေ၊ ခင်ဗျားကို ကျွန်တော် ယုံပါတယ်။





...ဗျားဟာ ကျွန်တော့်မိတ်ဆွေဆိုတာလည်း ကျွန်တော်သိပါတယ်။
...ပေမဲ့ ခင်ဗျားတို့ဆီမှာ ကျွန်တော့်ကို အညှိုးထားပြီးဆော်နိုင်တဲ့
...ပေါက်စီတွေရင် အသေဆော်ထည့်ဖို့ စောင့်နေတဲ့ လူတွေရှိတာ
... ခင်ဗျားကိုယ်တိုင်လည်း အသိပဲ မဟုတ်လား'

ကိုသောင်းဖေ၏ မျက်နှာသည် အိုသွားကာ ခပ်လေးလေး
...ီး ခေါင်းညိတ်ပြလိုက်သည်။

'အေး··· သူတို့က ဒီတစ်ခါတော့ မင်းကို ဆော်ထည့်ဖို့
...ကွက်မိနေပြီပေါ့ကွာ'

'ဒါက သူတို့အထင်ပါ ကိုသောင်းဖေရ'

'မင်းက အထင်ပါလို့ပြောနေ။ လူသတ်ကြံရာပါ အဖြစ်
...အချုပ်ခန်းထဲ ကားခနဲရောက်သွားနိုင်တယ်။ အရင်တုန်းက မင်း
...ရှိန်ကြောင့် သူတို့ဆိုင်းနေရတာ'

တင်မောင်ဆွေက ဘယ်လိုမှ စိုးရိမ်ကြောင့်ကြမှု မဖြစ်
...သာ အမူအရာဖြင့်ပြုံးကာ ပခုံးများကိုသာ တွန့်ပြလိုက်သည်။

'ဒါနဲ့ ကိုသောင်းဖေ၊ မနေ့ညက ကျွန်တော် ဘယ်မှာရှိ
...ခဲ့တယ်ဆိုတာကို ကိုခင်မောင်အုန်းက ဘယ်လိုဘယ်ပုံသိသွား
...တာတဲ့လဲ'

'အဲဒါ ငါလည်း မသိဘူး၊ ဒါကို မင်းဆီမှာ မေးကြည့်
... ငါလာခဲ့တာကွ။ ခင်မောင်အုန်းကတော့ သူ့ဘာသာသူ ကြိုးစား
...မ်းသိရတာဆိုပြီး အသားယူမဆုံးဖြစ်နေတော့တာပဲ။ ငါကတော့
...ကို တစ်ယောက်ယောက်က သတင်းပေးလို့ပဲ ထင်နေမိတယ်'

'ဒီသတင်းကို အောင်လံသတင်းစာက. သူရတာဖြစ်ချင်
...မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းဖေက ခေါင်းခါပြလိုက်သည်။

'မဟုတ်ပါဘူး၊ ခင်မောင်အုန်းက အောင်လံသတင်းစာကို တော်တော် ဒေါပွနေတယ်'

'ဘာဖြစ်လို့တဲ့လဲဗျာ'

'သူ့ဓာတ်ပုံကို သတင်းစာထဲ မထည့်လို့တဲ့ကွာ။ သတင်းစာထဲမှာပါတဲ့ပုံတွေက သူပြန်သွားပြီးမှ မင်းကိုသတင်းထောက်တွေတွေ့ပြီး အင်တာဗျူးလုပ်တဲ့ပုံနဲ့ မင်းမျက်နှာကိုကွယ်ပြီး အိမ်ထဲက ထွက်လာနေတဲ့ ပုံတွေပဲ။ သူ့ပုံဆိုလို့ တစ်ပုံမှပါမလာတော့ ဒေါပွတာပေါ့'

တင်မောင်ဆွေက ပြုံးကာပခုံးများကို တွန့်လိုက်သည်။ ကိုသောင်းဖေသည် မျက်မှောင်ကြီးကြုတ်ကာ မချင့်မရဲအမူအရာဖြင့် စကားဆက်ပြန်သည်။

'ဒီကောင့်အကြောင်းလည်း မင်းသိတယ်။ အင်မတန်မှ နာမည်ရချင်တဲ့အကောင်ကွ၊ သူက ဓာတ်ပုံနဲ့သတင်းစာတွေမှာပါလာမယ်ထင်ပြီး သတင်းစာတွေအားလုံးကို ဝယ်ခဲ့တယ်။ သတင်းက အောင်လံမှာသာပါပြီး သူ့ဓာတ်ပုံပါမလာတော့ အောင့်သက်သက်ဖြစ်နေတာပေါ့။ ဒါပေမဲ့ သူ့ကတော့ မပြောဘူးလေ။ ငါ မတတ်နိုင်တဲ့အလုပ်ကို သူက ကြိုးစားပြီး အောင်မြင်အောင် လုပ်ခဲ့တာလို့ ကြွားမဆုံးဖြစ်နေတော့တာပေါ့ကွာ'

'သောက်ဆင်စကားနဲ့ပြောရရင် သူဟာ မေးထိုးခံနေရတာဖြစ်ချင်ဖြစ်မှာပေါ့ဗျာ'

ပြုံးစေ့စေ့ အမူအရာဖြင့် ပြောလိုက်သော တင်မောင်ဆွေ မျက်နှာကို ကိုသောင်းဖေက သင်္ကာမကင်းအမူအရာဖြင့် ခေတ္တမျှ





ငုံးစိုက်ကြည့်လိုက်သည်။ ပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလျက်...

'ခင်မောင်အုန်းပြောတာက တစ်မျိုးပါပဲကွာ၊ ငါ့စိတ်ထဲမှာ သင်္ကာမကင်းဖြစ်နေမိတယ်ကွ'ဟု ရေရွတ်လိုက်သည်။

'ဘာကို မသင်္ကာတာလဲ'

'ညက သူပြောတဲ့ ဓာတ်ပုံသတင်းထောက်တွေနဲ့ပတ်သက်လို့ပေါ့'

တင်မောင်ဆွေက မျက်ခုံးတစ်ဖက်ကို ပင့်လိုက်သည်။ ကိုသောင်းဖေက စဉ်းစဉ်းစားစားအမူအရာဖြင့် စကားဆက်ပြန်၏။

'သူ့စကားအရဆိုရင် ညက သူမင်းဆီကို လိုက်သွားတော့ ဓာတ်ပုံသတင်းထောက်တွေက ဝိုင်းဝိုင်းလည်နေတာပဲတဲ့။ ရိုက်လိုက်တဲ့ဓာတ်ပုံတွေကလည်း တဖျတ်ဖျတ်နဲ့တဲ့'

'အဲဒါ ဘာဆန်းသလဲဗျ'

'ဓာတ်ပုံသတင်းထောက်တွေ အများကြီးက ဒါလောက်တောင် ဓာတ်ပုံဝိုင်းရိုက်ကြပြီးတော့မှ ဘာဖြစ်လို့ အောင်လံသတင်းစာတစ်ခုထဲကမှ ဒီသတင်းကို စကုရခဲ့ရတာလဲ။ ပြီးတော့ သူ့ဓာတ်ပုံကလည်း တစ်ခုမှပါလာတာ မဟုတ်ဘူး'

တင်မောင်ဆွေက ဘာမှပြန်မပြောသေးဘဲ စီးကရက်တစ်လိပ် ထုတ်ယူမီးညှိလိုက်သည်။ ကိုသောင်းဖေကား ပါးနပ်သောရဲအရာရှိတစ်ယောက်ဖြစ်ကာ ထိုအကြောင်းကို စဉ်းစားမိပြီး သင်္ကာမကင်းဖြစ်လာသည်မှာ အဆန်းမဟုတ်ပေ။ တင်မောင်ဆွေကလည်း ယခုအခြေအနေတွင် ရဲဘက်ကို လှည့်စားထားသော သူ့ဆင်ကွက်ကို ထုတ်ပြော၍ မဖြစ်သေးရကား အသာငြိမ်နေလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသောင်းဖေကား သူ့အားစူးစူးစိုက်စိုက် အကဲခတ်…
ပြန်သဖြင့် တင်မောင်ဆွေက ပခုံးများကို မသိမသာ တွန့်လိုက်…
ကာ…

'ကိုခင်မောင်အုန်းမှာ တစ်ခုလိုနေတာက အကြောင်း… အချက်တွေကို ဂရုမစိုက်ဘဲ သူလိုချင်တာကိုပဲ အကြောင်းအချက်… တွေကို အတင်းဖြစ်စေတတ်တဲ့အကျင့်ပဲ။ သူဟာ စိတ်ကူးတစ်ခု… ရပြီဆိုရင် စိတ်ကူးကို အကြောင်းအချက်တွေနဲ့ ညီညွတ်စေရမယ့်… အစား အကြောင်းအချက်တွေကို သူ့စိတ်ကူးနဲ့ အတင်းညီညွတ်… စေတတ်တယ်။ အဲဒါဟာ အင်မတန်မှားတဲ့ အကျင့်တစ်ခုဆိုတာ… ခင်ဗျားလည်းအသိပဲ ကိုသောင်းဖေ'

ကိုသောင်းဖေက တင်မောင်ဆွေအား အကဲခတ်ရာက… ခေါင်းကိုဖြည်းညင်းစွာ ညိတ်လိုက်မိသည်။ ပြီးမှသက်ပြင်းတစ်ချက်… ချကာ သူ့အိတ်ကပ်ထဲမှ ဆေးပြင်းလိပ်တုတ်တုတ်ကြီး တစ်လိပ်… ကို ပါးစပ်တွင်တပ်လျက် မီးညှိလိုက်သည်။ မီးခိုးများကို မှုတ်ထုတ်… လိုက်ပြီးနောက်မှ စကားစလိုက်ပြန်သည်။

'အခုအခြေအနေအရဆိုရင် တို့ရဲ့ဘက်က ရိုရိုညွှန့်ကိုဖမ်း… ပြီး လူသတ်မှုနဲ့ စွဲချက်တင်တော့မှာ သေချာသလောက်ဖြစ်နေပြီ… တင်မောင်ဆွေ။ မင်းကိုလည်း သူတို့က အကွက်စောင့်နေကြတယ်… ကွ။ ပထမ ရုံးမှာစွဲချက်တင်ပြီး မင်းကိုဆော်ထည့်ဖို့ သက်သေ… [illegible]'

[illegible] …ဝေါက ခင်ဗျား ဒီကနေ့လာတာ ကျွန်တော့်…

[illegible] …သာပြုံးလျက် ခေါင်းခါပြလိုက်…





…သည်။

'အခြေအနေက မသိမသာ ပြန်ရှုပ်ထွေးလာပြန်တယ်ကွ။ …ဒါကြောင့် မင်းကိုမဖမ်းသေးဘဲ စွဲချက်တင်ဖို့ ရုံးတင်တဲ့အခါကျမှ …င်းကို ထောင်ချောက်ဆင်ကြမှာ'

'အခြေအနေ ရှုပ်ထွေးလာတယ်ဆိုတာက ဘယ်လိုလဲ ကိုသောင်းဖေရဲ့'

တင်မောင်ဆွေက စိတ်ဝင်စားစွာ ပြန်မေးလိုက်သည်။

'ဦးစောဝင်းရဲ့ မော်တော်ကားကို ပဲခူးအလွန်ကချောင်းထဲ …ထိုးကျနေတာကို တွေ့ခဲ့ရတဲ့အကြောင်းပေါ့ကွာ'

'ဦးစောဝင်းကိုကော ရှာမတွေ့ကြဘူးလား'

'ခုထက်ထိတော့ ရှာမတွေ့ကြသေးဘူးကွ။ ဒီတော့ …သူပျောက်နေတာဟာ ဒရိုင်ဘာ မောင်မြိုင်ကြီးအသတ်ခံရတာနဲ့ …ဆက်နွယ်ချင် ဆက်နွယ်နေမှာလို့ စဉ်းစားစရာ ဖြစ်လာရပြန်တာပေါ့'

တင်မောင်ဆွေက စဉ်းစဉ်းစားစားအမူအရာဖြင့် ခေါင်း …ညိတ်လိုက်ကာ မေးခွန်းတစ်ခု ထပ်ထုတ်လိုက်သည်။

'ဦးစောဝင်းရဲ့ပါတနာ ဦးထွန်းမြတ်ဆိုတာကိုကော ခင်ဗျား …ခြေရာခံလို့ ရပြီလားဗျ'

'ဦးထွန်းမြတ်က တို့ကို ကွန်တက်လုပ်တယ်ကွ။ သူက …အခု မေမြို့မှာရောက်နေလေရဲ့။ စီးပွားရေးကိစ္စတစ်ခုအတွက် သူ …ဟာ ရန်ကုန်ကနေ မန္တလေးကို လိုက်သွားရသတဲ့။ သူက ဦးစော …ဝင်းနဲ့အတူ တနင်္လာနေ့ညနေခြောက်နာရီလောက်မှာ ကားနဲ့ ခရီး …ထွက်ဖို့ စီစဉ်ထားပေတဲ့ အရေးကြီးတဲ့ကိစ္စတစ်ခုက ဖြုန်းစားပြီး …ပေါ်လာတာနဲ့ ရန်ကုန်ဘူတာကြီးက ညနေရထားနဲ့ မန္တလေးကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားရတာပဲ။ ပဲခူးကို ငါးနာရီခွဲလောက် ရထားဆိုက်
ဘူတာရုံကနေဆင်းပြီး ဦးစောဝင်းဆီကိုတောင် ဖုန်းနဲ့စကား
ရသတဲ့။ ဦးစောဝင်းရဲ့ ဖုန်းရက်ကော့ဒ်ကို ပြန်စစ်ကြည့်တော့
နေငါးနာရီထိုးလောက်မှာ ဖုန်းဆက်တာ မှန်ကြောင်းတွေ့ရတ
ဦးစောဝင်းက ပဲခူးဘူတာရုံပိုင်ဆီ ဖုန်းဆက်ပြီး ရန်ကုန်က ရ
လာရင် တွဲနံပါတ် ဘယ်လောက်မှာ ပါလာတဲ့ဦးထွန်းမြတ်
တဆိတ်ခေါ်ပေးပြီး သူ့ကို ဖုန်းပြန်ဆက်ခိုင်းပါလို့ မှာသတဲ့။
ဘူတာရုံပိုင်ကြီးက ရထားဆိုက်တော့ ဦးထွန်းမြတ်ကို ရှာဖေ
ဦးစောဝင်းဆီကို ဖုန်းဆက်ခိုင်းတော့တာပဲ။ အဲဒီတုန်းက ဦး
ဝင်းက သူဟာလည်း နောက်နာရီဝက်အတွင်း ခရီးထွက်ရမယ်
ပြောခဲ့သတဲ့'

'အင်း… တော်တော် စိတ်ဝင်စားစရာ ကောင်းတာ
ဒါနဲ့ အဲဒီညနေခင်းက ဦးစောဝင်းရဲ့ လှုပ်ရှားမှုတွေကော ထပ်
ရသေးသလား'

'ဦးစောဝင်းရဲ့ ဟောက်စ်ကီးပါးအဒေါ်ကြီး ညနေလေး
ရီခွဲက သူ့အိမ်ပြန်သွားတော့ ဦးစောဝင်းဟာ ခရီးထွက်ဖို့ အ
သင့်ဖြစ်နေပြီလို့ဆိုတယ်။ သူက ဦးထွန်းမြတ်ကို စောင့်နေတာ
အခုထက်ထိ သူ့ကို ရှာမတွေ့ရသေးဘူးကွ'

'ဦးစောဝင်းရဲ့ ဟောက်စ်ကီးပါးက ရီရီညွန့်နဲ့ပတ်သ
လို့ ဘာများပြောသေးသလဲ'

'ဦးစောဝင်းကို ရီရီညွန့်က အတင်းလိုက်ကပ်နေတာ
ဦးစောဝင်းကလည်း ရီရီညွန့်ကိုကျနေတော့ သူချချင်တိုင်းချလို့
နေတော့တာပေါ့လေတဲ့။ ရီရီညွန့်က အိမ်ထောင်ပရိဘောဂပစ္စည်





တွေတောင် တော်တော်ရတယ်တဲ့'

'အဒေါ်ကြီးက ရီရီညွန့်ကို ဦးစောဝင်းယူမှာ သဘော
မတူဘူးနဲ့တူပါတယ်'

'သေချာတာပေါ့ကွာ'

ကိုသောင်းဖေက လက်ပတ်နာရီကိုမြှောက်ကြည့်လိုက်၏။

'ကဲ… ငါလည်း ပြန်ဦးမှပဲ တင်မောင်ဆွေ'

'အင်း… ကျွန်တော့်ကိုမဖမ်းတာ ကျေးဇူးပါပဲ ကိုသောင်း
ဖေ'

ကိုသောင်းဖေကြီးသည် တစ်စုံတစ်ရာကို ပြောမည်လုပ်ပြီး
မှ မပြောတော့ဘဲ လှည့်ထွက်သွားလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၂၄

တနင်္ဂနွေနေ့ နေ့လည်ဘက်တွင် တင်မောင်ဆွေသည် သူ့ အပတ်မင့် တိုက်ခန်းထဲတွင် မေစီနှင့်အတူရှိနေစဉ် အပြင်သို့ထွက် နေသော ဂျင်မီစမတ်က ၄င်းထံသို့ ဖုန်းဆက်လိုက်လေသည်။

'ကိုဆွေ့ကို သတင်းပေးစရာရှိလို့၊ ပဲခူးရဲတွေက ဦးစော ဝင်းရဲ့အလောင်းကို ရှာတွေ့ပြီတဲ့ ကိုဆွေ'

'ဟုတ်လား ဘယ်မှာရှာတွေ့တာတဲ့လဲ'

'ဦးစောဝင်းရဲ့ကားကို တွေ့ရတဲ့ ချောင်းအထက် တစ်မိုင် ခွဲလောက်က ကားလမ်းဘေးချောက်ကြီးတစ်ခုထဲမှာပဲ'

'အင်း··· တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းလာ ပြီ ဂျင်မီရေ။ ဦးစောဝင်းက ဘယ်လိုသေနေတာတဲ့လဲ'

'ဦးခေါင်းမှာ ပွိုင့်ဖော်တီဖိုက် ကာလီဘာသေနတ်နဲ့ ပစ် သတ်ခံရတာပဲ'

'ဒီလိုဆို ပွဲချင်းပြီးသေတာပဲ ဖြစ်ရမှာပေါ့'

'ဟုတ်တယ် ကိုဆွေ'





'အလောင်းကို တွေ့ရတော့ အလောင်းရဲ့အနေအထားက ကော ဘယ်လိုလဲ'

တင်မောင်ဆွေက သူသိချင်သော အချက်တွေကို စေ့စေ့ စပ်စပ်မေးနေလိုက်သည်။

'အလောင်းကို တာရပတ်တစ်ခုနဲ့ ထုတ်ပြီးပစ်ချထားတာ ပဲ။ ပြီးတော့ ဒူးတွေကို ကွေးတင် ဦးခေါင်းကို ဒူးကြားထဲထိုးသွင်း ပြီး ကြိုးနဲ့ ခိုင်ခိုင်တုတ်ထားတယ်'

'ဘယ်အချိန်မှာ အသတ်ခံရတာတဲ့လဲ'

'ဦးစောဝင်းရဲ့ လက်ပတ်နာရီက ၅၊ ၅၅မိနစ်မှာ ရပ်နေ တယ်။ မော်တော်ကား ဒက်ရှ်ဘုတ်က နာရီကတော့ ၆နာရီ ၂၀မိနစ် မှာရပ်နေတယ်။ ရဲဘက်က အယူအဆကတော့ ဦးစောဝင်းရဲ့ ကား ကို လမ်းကဖြတ်ပြီးတား၊ ဦးစောဝင်းဆီက ငွေလုပြီး သတ်ထား ခဲ့တာပဲလို့ ယူဆနေကြတယ်'

'အလောင်းကို ဘယ်လိုတွေ့တာတဲ့လဲကွ'

'ကျွန်တော်တို့ ကိုသောင်းဖေကြီးရဲ့ တွက်ကိန်းအရပေါ့ဗျ။ ထို ဦးစောဝင်းကို သတ်သွားတဲ့သူဟာ ကားကို ချောင်းထဲမောင်း မချခင်မှာ အလောင်းကို အရင်ကားလမ်းဘေးက တစ်နေရာရာမှာ ဖျောက်ဖျက်ပစ်ခဲ့လိမ့်မယ်လို့ သူကတွက်ပြီး ကားကိုချောင်းထဲထိုး ကျနေတဲ့နေရာအထက်က ကားလမ်းဘေးတစ်ဝိုက်ကို တောနင်း ရှာခိုင်းတာ အခုလို အထက်တစ်မိုင်ခွဲလောက်က ချောက်ထဲမှာ တွေ့ရတာပါပဲ'

'အင်း··· ကိုသောင်းဖေဟာ သူ့ဉာဏ်ကို ကောင်းကောင်း အသုံးချတတ်တဲ့ ရဲအရာရှိကောင်းတစ်ယောက်ပါပဲကွာ ဒါနဲ့ ဂျင်မီ



www.burmeseclassic.com

www.burmeseclassic.com



အလောင်းအပြင် တခြားဟာတွေကိုကော တွေ့ရသေးသတဲ့လား
'တခြားတော့ ဘာကိုမှမတွေ့ရဘူးလို့ ကိုမြင့်ထူးက ပြော
တာပဲ။ တခြားတွေ့စရာကော ဘာများရှိသေးလို့လဲ ကိုဆွေရဲ့'
'ဦးစောဝင်းဟာ ခရီးထွက်သွားခဲ့တာ မဟုတ်လား။ သူ့
ဝန်စည်စလည်တွေတော့ ရှိရဦးမှာပေါ့'
'ဝန်စည်စလည်တွေကိုတော့ မတွေ့ကြရဘူးတဲ့ ကိုဆွေ
သူ့ကိုသတ်သွားတဲ့လူက ယူသွားတာ ဖြစ်နိုင်တာပဲ'
'ငါတော့ ဦးစောဝင်းဟာ အလုခံရပြီး အသတ်ခံရတာလို့
မထင်မိဘူး။ တမင်သက်သက် တခြားရည်ရွယ်ချက်နဲ့ သတ်သွား
တာပဲလို့ ယူဆမိတယ်'
တစ်ဖက်မှ ဂျင်မီသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက်
မှ…
'ကိုဆွေ ဦးစောဝင်းအသတ်ခံရတာဟာ ရီရီညွန့်နဲ့များ
ဆက်သွယ်ပတ်သက်နေဦးမလား။ ဒီအမျိုးသမီးဟာ ကိုဆွေ့ကို အခု
ထက်ထိတော့ နည်းနည်းကလေးမှ ကောင်းကျိုးမပေးသေးဘူး' ဟု
စိုးရိမ်မကင်းအသံဖြင့် ပြောလိုက်သည်။
တင်မောင်ဆွေကတော့ အသံ ခပ်ခြောက်ခြောက်နှင့်ရယ်
လိုက်သည်။
'ရီရီညွန့်နဲ့ ပတ်သက်တယ် မပတ်သက်ဘူးဆိုတာကို ငါ
လည်း အခုတော့ မပြောတတ်သေးဘူး ဂျင်မီ။ ဘာပဲဖြစ်ဖြစ် ဒရိုင်
ဘာ မောင်မြိုင်ကြီး အသတ်ခံရတာနဲ့တော့ တနည်းနည်း ပတ်သက်
နေနိုင်တယ် ဂျင်မီ'
'ကိုဆွေ ခေါင်းခြောက်ရဦးမှာပေါ့'





'စုံထောက်အလုပ်ဆိုတာ တစ်ခါတရံလည်း ခေါင်းခြောက်
တာပေါ့ ဂျင်မီရာ။ ငါ့အနေနဲ့ အခုထက်ထိ အဖမ်းမခံရသေး
တောင် တော်တော်ကောင်းလှပြီ။ ရီရီညွန့်ကိုတော့ ဖမ်းထား
ကြပြီ။ သူ့ကို စွဲချက်တင်လို့ ရုံးမှာ သက်သေတွေကို စစ်ဆေး
တဲ့အခါမှာ သူတို့က ငါ့ကို ထောင်ချောက်ဆင်ကြလိမ့်မယ်ဆို
ကလည်း သေချာနေသကွ၊ အဲဒီအခါကျတော့ ငါကိုယ်တိုင်တက်
သူတို့ရဲ့ထောင်ချောက်ကို ဖျက်ဖို့ ကြိုးစားရမှာပဲ'
'ကိုဆွေဟာ ရှေ့နေလိုင်စင်ရထားတဲ့ လူတစ်ယောက်ပဲ
တ်လား။ ကိုယ့်ဘာသာကိုယ် လျှောက်လဲမယ်ပေါ့ ဟုတ်လား'
'အေး… ငါဟာ ရီရီညွန့်ကို တရားခွင်မှာ ခုခံကာကွယ်
နိုင်မှ ငါလည်းချောက်မကျမှာပဲ။ ဒီတော့ ဒီတစ်ခါမှာတော့
ားခွင်မှာ ငါကိုယ်တိုင်တက်ပြီး စစ်ခင်းရမှာပဲ ဂျင်မီရေ'

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၂၅

နှစ်လင်ကွာ မရီရီညွန့်အား သူမ၏ပထမလင်ကိုမြိုင်ကြီး ကိုဘမြိုင်အား သေနတ်နှင့်အသေပစ်သတ်မှုဖြင့် စွဲချက်တင်ထိုက် မတင်ထိုက် စစ်ဆေးသော တရားခွင်တွင် စိတ်ဝင်စားစွာ လာရောက် နားထောင်ကြသူများသည် ပြည့်ကြပ်ပွတ်သိပ်လျက်ရှိနေသည်။ ထိုအထဲတွင် သတင်းစာကြီးအသီးသီးမှ သတင်းထောက်များလည်း ပါဝင်ကြလေသည်။

အမှုကို စစ်ဆေးရာတွင် အစိုးရဘက်မှဝန်ထောက် ဦးဘဂျမ်းကိုယ်တိုင်က သက်သေအထောက်အထားများကို တင်ပြမည် ဖြစ်ကာ ရီရီညွန့်ဘက်မှ အလွတ်စုံထောက် တင်မောင်ဆွေက ခုခံကာကွယ် လျှောက်လဲမည်ဖြစ်လေသည်။

အမှုကိုကြားနာစစ်ဆေးမည့် တရားသူကြီးသည် တရားခွင်ထဲသို့ ရောက်မလာသေးဘဲနေရာ တရားခွင်ထဲတွင် စကားပြောသံများသည် ဆူညံလျက်ရှိနေသည်။

တင်မောင်ဆွေသည် တရားခွင်ကို တစ်ချက်လှည့်ပတ်





ကြည့်လိုက်ပြီးနောက် သူ့ဘေးနားတွင် ထိုင်နေကြသော ဂျင်မီနှင့် ခေစီတို့ဘက်သို့လှည့်၍ တီးတိုးတိုင်ပင်နေလိုက်သည်။

'အစိုးရဘက်က ဦးဘဂျမ်းကိုယ်တိုင် ခေါင်းဆောင်ပြီး သက်သေတွေတင်မှာ၊ ဦးဘဂျမ်းဆိုတာကလည်း ကိုဆွေ့ကို အခြောက်တိုက်မနာလို အမြင်ကတ်နေပြီး အပိုင်ဆော်ထည့်ဖို့အကွက် ချောင်းနေတဲ့လူကွယ့်'

ထိုစဉ် တရားခွင်ထဲသို့ တရားသူကြီး ဦးမင်းညိုဝင်ရောက် လာသည့်အတွက် တရားခွင်သည် မီးကို ရေဖျန်းလိုက်သည့်အလား သုံးဝငြိမ်သက် တိတ်ဆိတ်သွားလေသည်။

တရားသူကြီးသည် မိမိ၏နေရာတွင် ဝင်ထိုင်ပြီးတည် ကြည်သော ဣန္ဒြေဖြင့် တရားခွင်ကို လှည့်ပတ်ကြည့်ရှုကာ ချောင်း တစ်ချက်ဟန့်ပြီး စကားစတင်လိုက်သည်။

'ကဲ... အမှုကို စတင်စစ်ဆေးဖို့ အချိန်ကျပါပြီ။ အစိုးရ ဘက်ကကော မရီရီညွန့်ဘက်ကကော အသင့်ဖြစ်ကြပြီလား'

အစိုးရဘက်မှခေါင်းဆောင်၍ သက်သေတင်ပြမည့် ရဲဝန် ထောက် ဦးဘဂျမ်းသည် မိမိနေရာမှထ၍ တရားသူကြီးမင်းကို လျှောက်ဆိုင်လိုက်သည်။ ၎င်းသည် အရပ်အမောင်း ပုပြတ်သော်လည်း ခါးခါတ်အင်မတန် ထက်မြက်ပြတ်သားသည့် ရုပ်လက္ခဏာနှင့် ပြည့်စုံသူတစ်ဦးဖြစ်သည်။

'တရားသူကြီးမင်းခင်ဗျား ကျွန်တော်တို့ အစိုးရဘက်က အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော်တစ်ခု ကြိုတင်ပြီး ရုံးတော်ကို အစီရင်ခံလိုတာက ကိုမြိုင်ကြီးခေါ် ကိုဘမြိုင် သေဆုံးရခြင်းဟာ အလျှပ်အရှင်းဖြစ်နေတာ မှန်သော်လည်း ရိုးရိုးသေဆုံးရခြင်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရာဇဝတ်မှုတစ်ခုသာဖြစ်ပြီး ဒီရာဇဝတ်မှုကို တရားခံ မရီရီညွန့်က ကျူးလွန်တယ်ဆိုတဲ့ သက်သေအထောက်အထားတွေကို ကျွန်တော်တို့ဘက်က အလုံအလောက် တင်ပြမယ်ဆိုတာပါပဲ'

ဦးဘဂျမ်းသည် တရားခံမ ရီရီညွန့်ဘက်သို့ ခေတ္တမျှ လှည့် ကြည့်လိုက်ပြီးမှ စကားဆက်ပြန်သည်။

'တရားသူကြီးမင်းခင်ဗျား၊ နောက်တစ်ခုထပ်ပြီး ကျွန်တော် အစီရင်ခံလိုတာကတော့၊ ယခု ကျွန်တော်တို့ရုံးတော်ကို တင်ပြမယ့် သက်သေအထောက်အထားတွေဟာ အမှုကို ရှင်းလင်းပြတ်သားလာစေရုံသာမကဘဲ ဒီသက်သေအထောက်အထားတွေကို အခြေပြုပြီးတော့ဘဲ နောက်ထပ်တရားခံတစ်ယောက်ကို ဖမ်းဆီးအရေးယူနိုင်လိမ့်ဦးမယ်ဆိုတာပါပဲ'

ဤနေရာတွင် ဦးဘဂျမ်းက တင်မောင်ဆွေဘက်သို့ အဓိပ္ပာယ်ပါပါ လှည့်ကြည့်လိုက်သည်။ တင်မောင်ဆွေကလည်း ထိုင်ရာမှထပြီး တရားသူကြီးအား ရင်ဆိုင်လိုက်သည်။

'တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်တို့ဘက်ကလည်း တစ်ဖက်က စွပ်စွဲချက်များကို အကြေအလည် ဖြေရှင်းချေဖျက်ဖို့ အသင့်ရှိနေပါတယ်။ ဒီလိုဖြေရှင်းချေဖျက်နိုင်ဖို့အတွက် သက်သေအထောက်အထားတွေကို ပြန်လည်စစ်ဆေးမေးမြန်းခွင့် တောင်းဆိုပါတယ်'

'ဒီအမှုကို ကျွန်တော်တို့ရဲဘက်က စုံစမ်းရာမှာ တစ်ဖက်က ရီရီညွန့်ကို ကိုယ်စားပြုတဲ့ အလွတ်စုံထောက် ဦးတင်မောင်ဆွေရဲ့အပြုအမူကြောင့် တော်တော်ကြီးအနှောင့်အယှက်တွေ့ခဲ့ရတယ်ဆိုတာကိုလည်း တရားသူကြီးမင်းကို ကျွန်တော် အစီရင်ခံလိုပါ





ယ်' ဟု ဦးဘဂျမ်းက တင်မောင်ဆွေအား ခက်ထန်စွာကြည့်ကာ သံပြတ်နှင့် ပြောလိုက်သည်။ ဆက်လက်၍…

'ဦးတင်မောင်ဆွေဟာ ကိုမြိုင်ကြီးအသတ်ခံရတဲ့ ကိစ္စမှာ င်ကြံစည်စဉ်ကပဲ ပါဝင်လှုပ်ရှားခဲ့တယ်လို့ ယူဆစရာ အကြောင်း ွကလည်း ရှိနေပါတယ်'

'ဦးဘဂျမ်းခင်ဗျား၊ ရုံးတော်က ကျွန်တော့်အပေါ်တစ်ဖက် င်းနင်း မြင်စေမယ့် အပြောအဆိုတွေကို ရှောင်ရှားပြီး ခင်ဗျား ွဲချက်ကို အထောက်အထားပြမယ့် အချက်အလက်တွေကိုသာ င်ပြဖို့ မေတ္တာရပ်ခံပါရစေ'

တင်မောင်ဆွေက ချက်ချင်းပင် ဦးဘဂျမ်း၏စကားကို ဖြတ်ချေပလိုက်ခြင်းဖြစ်သည်။ ဤတွင် ဦးဘဂျမ်း၏မျက်နှာမှာ ဲဖြစ်သွားသည်။ သူ့ရင်တွင် ချုပ်ထိန်းထားနေရသော ဒေါသစိတ် အရိပ်အမြွက်များ အပြင်သို့ထွက်ကန်လာခြင်းပင် ဖြစ်သည်။

'ကျုပ်က ခင်ဗျားကို ရုံးတော်က တစ်ဖက်စောင်းနင်း င်စေရဖို့ တမင်သက်သက် လုပ်ကြံပြောနေတာ မဟုတ်ဘူး ဦး င်မောင်ဆွေ၊ ဒီအမှုစတင်ကတည်းက ဖြစ်ပေါ်လာရတဲ့ အခြေ နေတွေကို ရုံးတော်က သဘောပေါက်ရအောင် ရှင်းလင်းအစီရင် နေတာပါ။ ကျုပ်တို့ရဲ့ မျက်မြင်သက်သေက အိုင်ဒီတီဖိုင်းမလုပ် အောင် ခင်ဗျား သုံးခဲ့တဲ့နည်းပရိယာယ်တွေကို ညွှန်ပြမလို့ပါ'

'အလို… ဘယ်လို နည်းပရိယာယ်တွေလဲ ခင်ဗျာ'

တင်မောင်ဆွေက အင်မတန်အံ့သြသွားသော အမူအရာဖြင့် မေးလိုက်ရာ ဦးဘဂျမ်းကလည်း သရော်သံအပြည့်ဖြင့်…

'ခင်ဗျားကို ကျွန်တော်တို့ မျက်မြင်သက်သေက အိုင်ဒီ



www.burmeseclassic.com

www.burmeseclassic.com



တီဖိုင်းမလုပ်နိုင်အောင် မတ်တပ်ရပ်မပြခဲ့တာတို့၊ ပြီးတော့ တ
သူကြီးမင်းခင်ဗျား၊ ဒီလူဟာ အပြင်ဘက်က သူ့ကိုစောင့်နေ
မျက်မြင်သက်သေက သူ့ကိုတွေ့ပြီး အင်ဒီတီဖိုင်းမလုပ်နိုင်အော
ထင်းရှူးသေတ္တာကြီးတစ်လုံးထဲ ပုန်းလိုက်သွားခဲ့သေးပါတယ်'

ဦးဘဂျမ်း၏အသံသည် တရားခွင်တစ်ခုလုံး ဟိန်း၍ထွ
ပေါ်လာသည်။ တင်မောင်ဆွေကမူ ခပ်ပြုံးပြုံးဖြင့်...

'တရားသူကြီးမင်းခင်ဗျား သူစွပ်စွဲတာ လုံးဝမမှန်ပါဘူ
ဟု အေးအေးသက်သာပင် ပြန်ပြောလိုက်သည်။

တရားသူကြီးက ချောင်းတစ်ချက် ဟန့်လိုက်ကာ...

'လူကြီးမင်းတို့ သတိထားကြပါ၊ ဒီကိစ္စဟာ တရား
မှာ ဆွေးနွေးအပ်တာ မဟုတ်ပါဘူး' ဟု ဝင်ရောက်ပြန်ဖြေလို
သည်။ အစိုးရဘက်က သက်သေအထောက်အထားရှိရင် ရုံးတော်
တင်ပြဖို့သာ ရှိပါတယ်'

'သူ့မှာ ဘာအထောက်အထားမှ မရှိပါဘူး ရုံးမင်းခင်ဗျာ

'ကျုပ်မှာ ဘာသက်သေအထောက်အထားမှ မရှိဘူးဆို
ခင်ဗျားက ဘယ်လိုပြောနိုင်မှာလဲ' ဦးဘဂျမ်းက မျက်နှာကြီးရဲတ
လာပြန်ရာက ပြန်အော်လိုက်သည်။ 'ကျုပ်မှာ သက်သေအထော
အထားတွေ အပြည့်အစုံရှိနေတယ်။ ကျုပ်တို့ရဲ့မျက်မြင်သက်သေ
ကိုစိန်မြဟာ အမှုဖြစ်ပွားတဲ့အချိန်မှာ အလောင်းကိုတွေ့ရတဲ့ ကာ
ရှေ့မှာရီရီညွန့်နဲ့အတူ တွေ့ရတဲ့လူပါလို့ ခင်ဗျားကို အင်ဒီတီဖိုင်
မလုပ်နိုင်ဖို့အတွက် ခင်ဗျားဟာ ခင်ဗျားရဲ့တိုက်ခန်းထဲက
မလှယ်ပေါက်ကချသွားတဲ့ ထင်းရှူးသေတ္တာထဲမှာ ပုန်းလိုက်သွာ
ခဲ့တယ်။ ပြီးတော့ ခင်ဗျားဟာ အင်းယားကန်စောင်းမှာ ခင်ဗျာ



းပူအပန်းဖြေဖို့ ဝယ်ထားတဲ့အိမ်ကလေးမှာ ခင်ဗျားရဲ့ ဘော်
တ်တစ်ယောက်နဲ့အတူ သွားပုန်းနေခဲ့တယ်။ ဒါပေမဲ့ ကျုပ်တို့
ဖွဲ့ဝင်တစ်ဦးရဲ့ ကြိုးစားထောက်လှမ်းမှုကြောင့် နောက်ဆုံး
ားပုန်းနေတဲ့ နေရာကိုလိုက်လာနိုင်ပြီး မျက်မြင်သက်သေ ကိုစိန်
ာ ခင်ဗျားပါပဲလို့ တိတိကျကျ အင်ဒီတီဖိုင်း လုပ်နိုင်ခဲ့ပါတယ်'

'ကောင်းပြီလေ၊ ခင်ဗျားပြောတာတွေ မှန်ကန်ကြောင်း
ရုံးတော်မှာ အထောက်အထားပြနိုင်ရင်ပေါ့'

တင်မောင်ဆွေကတော့ ဘယ်လိုမှ ဂရုမစိုက်သောအမူ
ာဖြင့် တရားသူကြီးဘက်သို့ လက်တစ်ဖက်ယမ်းပြရင်းက ပြန်
ြာလိုက်သည်။

'ကျုပ်က သက်သေအထောက်အထားပြတာနဲ့ တစ်ပြိုင်
ာ် ခင်ဗျားက ဒီကိစ္စဟာ အခုစစ်ဆေးနေတဲ့အကြောင်းနဲ့ ဘာမှ
ိုင်ပါဘူးဆိုပြီး ကန့်ကွက်တော့မှာမဟုတ်လား'

'ခင်ဗျားခုနက ပြောတာကို မှန်ကန်ကြောင်း အထောက်
ထားပြနိုင်တဲ့ သက်သေရှိနေရင် ရုံးတော်မှာ တင်ပြပါလေ။
န်တော်က ဘယ်လိုမှ မကန့်ကွက်ပါဘူး'

တင်မောင်ဆွေက ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။
န်ကတော့ သူသည် ဦးဘဂျမ်းအား တမင်သက်သက် ဆွပေးခြင်း
သည်။ ဦးဘဂျမ်းက သူပြောသည့်အတိုင်း ရုံးတော်တွင်သက်သေ
င်မှသာ သူက ထိုသက်သေများယွင်းကြောင်းကို ပြန်လည်၍
က်သေအခိုင်မာတင်ပြကာ အစိုးရ၏ စွပ်စွဲချက်ကို ပေါ့ပျက်သွား
ာင်ရမည်ဖြစ်သည်။

ဦးဘဂျမ်းသည် သည်တစ်ခါတော့ ပိုင်ချေပြီဟူသောအမူ

စိတ်ကူးချိုချို

www.burmeseclassic.com

www.burmeseclassic.com



အရာဖြင့် တရားသူကြီးဘက်သို့ မျက်နှာမူလိုက်သည်။

'တရားသူကြီးမင်းကြားခဲ့ရတဲ့အတိုင်း ဦးတင်မောင်ဆွေ ဟာ ဒီအမှုမှာအရေးပါအရာရောက်တဲ့ မျက်မြင်သက်သေဖြစ် ကိုစိန်မြဆိုတာက သူ့ကို အိုင်ဒီတီဖိုင်းမလုပ်နိုင်အောင် ရှောင်ရှ ခဲ့ပါတယ်လို့ ကျွန်တော်က စွပ်စွဲပါတယ်။ ဒါကို သူက မဟုတ် ပါဘူးလို့ ငြင်းဆိုပြီး ကျွန်တော့်ကို အထောက်အထားသက်သေ ပြပါလို့ဆိုကာယ်။ ကျွန်တော်က အထောက်အထား သက်သေတ ရင်လည်း သူကဘယ်လိုမှ မကန့်ကွက်ပါဘူးလို့ အာမခံပါတယ် ဒီတော့ကာ ရုံးမင်းကခွင့်ပြုမယ်ဆိုရင် ကျွန်တော်က ဒီသက်သေ အထောက်အထားကို တင်ပြချင်ပါတယ်'

တရားသူကြီးက မျက်မှောင်ကြုတ်လိုက်သည်။

'အခုတင်ပြမယ့် သက်သေအထောက်အထားဟာ အ စစ်ဆေးရမယ့် အမှုနဲ့ သက်ဆိုင်အကျုံးဝင်သလား'

'တိုက်ရိုက်တော့ အကျုံးမဝင်ပါဘူး။ ဒါပေမဲ့ အမှုနဲ့သွယ ဝိုက်ပြီးတော့ သက်ဆိုင်တာမို့ အမှုကိုဆုံးဖြတ်ပေးရာမှာ အထော အပံ့ရနိုင်ပါလိမ့်မယ်'

တရားသူကြီးက တင်မောင်ဆွေအား စူးစမ်းသလို လှမ် ကြည့်လိုက်ရာ တင်မောင်ဆွေက သွက်လက်စွာပင်...

'ကျွန်တော့်အနေနဲ့ ဘာမှကန့်ကွက်စရာ မရှိပါဘူး' ဟု ပြန်ဖြေလိုက်သည်။

ဦးဘဂျမ်းက အလိုပြည့်ဝသွားသော အပြုံးကိုပြုံးလိုက်က တင်မောင်ဆွေအား ကျေးသနားမှုနွားချမ်းသာတော့မည့် အကြည့် မျိုးကြည့်လိုက်၏။





'ကောင်းပြီ၊ ပထမဦးဆုံး ကျွန်တော်က လူသတ်မှုဖြစ်ပွား ာ မှန်ကန်ကြောင်းအထောက်အထားသက်သေကို တင်ပြပါ့မယ်။ သမွေလမ်းအမှတ် ( )နေ ဦးသန်းရှိန်ရဲ့ ကားမောင်းသူနဲ့ ဘဏ္ဍာစိုး ဖြစ်အလုပ်လုပ်သူ ကိုဘမြိုင်ခေါ် ကိုဘမြိုင်ကြီးဟာ ဒီလ၅ရက် ညနေမှာ စမစ်အင်ဝက်ဆင် သေနတ်နံပါတ် S.65088 နဲ့အသေ သတ်ခံခဲ့ရပါတယ်။ ယခု ကျွန်တော်ကအမှုကို စုံစမ်းစစ်ဆေး ခဲ့ ရဲမှူးကြီးကိုသောင်းဖေကို သက်သေအဖြစ်နဲ့ခေါ်ပါ့မယ်'

ကိုသောင်းဖေသည် သက်သေခုံတွင် ဝင်ထိုင်လိုက်ကာ န့်အတိုင်း ထွက်ဆိုပါမည်ဟု ကတိသစ္စာပြုလိုက်ပြီး မိမိသည် စုံထောက်ဌာနချုပ်မှ လူသတ်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့မှ တာဝန် ရာရှိတစ်ယောက်ဖြစ်ကာ 'လဆန်း ငါးရက်နေ့က ရန်ကုန်မြို့ ဆေတီလမ်းရှိ ဘောင်ဒရီရိပ်သာမှ ဖုန်းဆက်ခေါ်သဖြင့် လိုက် ကြည့်ရာ ကားရုံထဲတွင် မောင်မြိုင်ကြီးခေါ် မောင်ဘမြိုင်၏ နတ်မှန်သေဆုံးနေသော အလောင်းကို တွေ့ရှိရပါသည်'ဟု တ်ဆိုလိုက်၏။

ထို့နောက် ဆက်လက်၍ အလောင်းအနေအထားနှင့် ာ အလောင်းကို စစ်ဆေးကြည့်ရှုခဲ့ပုံကို ပြောပြလိုက်ပြန်သည်။

'အလောင်းရဲ့ညာဘက်လက်ဘေးနားမှာ သေနတ်တစ် က်ကိုတွေ့ရတယ် မဟုတ်လား'

ဦးဘဂျမ်းက စတင်၍ မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

'မှန်ပါတယ် သေနတ်က ပွိုင့် ၃၈ကာလီဘာ စမစ်အင် ဆင် ခြောက်လုံးပြူးသေနတ်ဖြစ်ပါတယ်။ နံပါတ်ကတော့ 65088 ပဲ၊ သေနတ်မှာ တံဆိပ်နှိပ်ထားတဲ့ နံပါတ်တွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို တံစဉ်းနဲ့တိုက်ဖျက်ဖို့ ကြိုးစားထားပါတယ်။ ဒါပေမဲ့ ဒီလိုတို ဖျက်သူဟာ သေနတ်ရဲ့လက်ကိုင် အရိုးသစ်သား ဂရစ်ပ်အောက် နံပါတ်တစ်ခုရှိတယ်ဆိုတာကို သိခဲ့ဟန်မတူဘူး။ ကျွန်တော်တို့ သစ်သား ဂရစ်ပ်တွေကို ဝက်အူဖြုတ်ပြီး ခွာကြည့်တော့ ကျွန် ခုနကပြောတဲ့ နံပါတ်ကိုတွေ့ရတော့တာပဲ'

'ခင်ဗျားတွေ့ရတဲ့ သေနတ်ဟာ ဒီသေနတ်လား'

ဦးဘဂျမ်းစားပွဲပေါ်တွင် သက်သေခံပစ္စည်းအဖြစ် ထားသော ခြောက်လုံးပြူးသေနတ်ကိုယူလျက် ကိုသောင်းဖေ လက်ထဲသို့ ထည့်ပေးလိုက်သည်။ ကိုသောင်းဖေက သေနတ် ကြည့်ပြီးနောက် ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်ပါတယ်၊ ဒီသေနတ်ပါပဲ'

'ရှုံးမင်း ခင်ဗျား၊ ဒီသေနတ်ကို သက်သေခံပစ္စည်း ( အဖြစ်နဲ့ ရှုံးတော်က လက်ခံဖို့တင်သွင်းပါတယ်'

'ကောင်းပြီ'ဟု တရားသူကြီး ဦးမင်းညိုက ခွင့်ပြုလို သည်။

'ရဲမှူးကြီးက ဒီသေနတ်ကို သေသူရဲ့ညာဘက်လက် မှာ တွေ့ရတယ်လို့ ခုနကဆိုတယ်'

'မှန်ပါတယ်၊ ဒါပေမဲ့ သေသူရဲ့ ညာဘက်လက်ကို ကျွ တော်တို့က ရပါဖင်တက်စ်လုပ်ကြည့်တော့ သေသူဟာ ဒီသေ ကို ပစ်ခတ်ခဲ့တာမဟုတ်မှန်းတွေ့ရပါတယ်။ သေနတ်ဒဏ်ရာ သွေးတွေဒလဟော ထွက်ခဲ့ပါတယ်၊ သေနတ်က အိုင်ထွန်းနေ သွေးတွေပေါ်မှာ ကျနေခဲ့တာပါ။ ဒါပေမဲ့ သေနတ်ရဲ့ အောက် ပိုင်းမှာသာ သွေးတွေပေကျံနေခဲ့ပါတယ်။ တခြားနေရာမှာ သွေးတွေက ပေကျံမနေပါဘူး။ အလောင်းရဲ့ လက်မှာတော့ သွေး တွေပေနေခဲ့ပါတယ်။ သေနတ်လက်ကိုင်းမှာတော့ သွေးဆိုလို့ မတွေ့ ပါဘူး။ သေနတ်အပြင်ပိုင်းမှာလည်း လက်ပုံစံဆိုလို့ မတွေ့ရပါ ဘူး'





'သေနတ်ရဲ့ အတွင်းပိုင်းမှာတော့ကော'

ဦးဘဂျမ်းက ပြန်၍ မေးခွန်းထုတ်လိုက်သည်။

'သေနတ်ရဲ့ အတွင်းပိုင်းမှာတော့ လူတစ်ယောက်ရဲ့ ညာ ဘက်ညှိုးပုံစံကို တွေ့ရတယ်'

'အဲဒီလက်ပုံစံက ဘယ်သူ့လက်ပုံစံဆိုတာကိုကော သိရ ပြီလား'

ကိုသောင်းဖေသည် တင်မောင်ဆွေထံလှမ်းကြည့်ပြီး ခေတ္တ တန့်ဆိုင်းနေလိုက်ပြီးမှ…

'ဟုတ်ကဲ့… သိရပါပြီ၊ လက်ပုံစံဟာ အလွတ်စုံထောက် ဦးတင်မောင်ဆွေရဲ့ လက်ပုံစံပါပဲ'ဟု ခပ်ဖြည်းဖြည်း ပြန်ဖြေလိုက် သည်။

'အခု အဲဒီလက်ပုံစံတွေ ခင်ဗျားဆီမှာ ရှိသလား'

ဦးဘဂျမ်းက တရားသူကြီး ဦးမင်းညိုအား မော့ကြည့်လိုက် သည်။

'တရားသူကြီးမင်းခင်ဗျား၊ အခု သက်သေခံချက်ကို တင် ပြရာမှာ ကျွန်တော့်အနေနဲ့ နည်းလမ်းမကျဖြစ်ချင် ဖြစ်နေပါလိမ့် မယ်။ ကျွန်တော်တို့နည်းလမ်းအရ တင်ပြရမှာက သေနတ်ကရတဲ့ လက်ပုံစံခတ်ပုံရယ်။ ပြီးတော့ ဦးတင်မောင်ဆွေရဲ့ လက်ပုံစံကို ယူပြီးမှအတူနှိုင်းယှဉ်ကြည့်ရမှာပါ။ ဒါပေမဲ့…'



www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး ဦးဘဂျမ်း၊ တင်မှာသာတင်ပါ။ ကျွန်တော်ကဘယ်လိုမှ မကန့်ကွက်ပါဘူး'

တင်မောင်ဆွေက ကြားဖြတ်ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ သူ့အမူအရာက ဘယ်လိုစိုးရိမ်ကြောင့်ကြမှုမျိုးမှ မပြချေ။

'ကျေးဇူးတင်ပါတယ် ဦးတင်မောင်ဆွေ' ဟု ဦးဘဂျမ်းက ခပ်ထောင့်ထောင့်ကြီး ကျေးဇူးတင်စကား ပြောလိုက်ပြီးမှ…

'ကဲ… ရဲမှူးကြီး ခင်ဗျားရဲ့ လက်ပုံစံနှစ်ခုကို အခုရုံးတော်မှာ သက်သေခံအဖြစ်နဲ့ တင်ပြလိုက်ကြရအောင်'

ကိုသောင်းဖေကလည်း သူ့လွယ်အိတ်အတွင်းမှ သေနတ်က ရသောလက်ပုံစံကို အကြီးချဲ့ထားသည့် ဓာတ်ပုံချပ်နှင့် တင်မောင်ဆွေ၏ လက်ပုံစံကို နှိပ်ထားသည့် စက္ကူချပ်ကို ဦးဘဂျမ်းအား ထုတ်ပေးလိုက်သည်။

'ဟောဒီ ဓာတ်ပုံက အစိုးရသက်သေခံပစ္စည်း (ခ)လို့ သတ်မှတ်ပါ။ လက်ပုံစံပါတဲ့ ဟောဒီစက္ကူချပ်ကတော့ အစိုးရသက်သေခံပစ္စည်း (ဂ)ပေါ့ဗျာ၊ သက်သေခံပစ္စည်း(ခ)မှာပါတဲ့ လက်ပုံစံဟာ လူသတ်သေနတ်ရဲ့ အတွင်းပိုင်းကရတဲ့ လက်ပုံစံဖြစ်ပါတယ်။ သက်သေခံအမှတ်(ဂ)က လက်ပုံစံကတော့ ဦးတင်မောင်ဆွေရဲ့ညာဘက်လက်ညှိုးကရတဲ့ လက်ပုံစံဖြစ်ပါတယ်။ ဒီလက်ပုံစံနှစ်ခုဟာ အတူတူပဲဆိုတာကို အစိုးရလက်ပုံစံပါရဂူက နောက်ကျတော့ သက်သေခံပါလိမ့်မယ်'

ရှေ့ဘက်စာရေးက သက်သေခံပစ္စည်းများကို ရုံးတော်အတွက် လက်ခံထားလိုက်ကြသည်။ တရားခွင်အတွင်းဝယ် ရှိနေကြသော သတင်းထောက်များကား အတော်ကလေးပွစိ ပွစိဖြစ်သွား





ကြလေသည်။

ဦးဘဂျမ်းက ဆက်၍ ကိုသောင်းဖေအား မေးခွန်းထုတ်ပြန်သည်။

'ကဲ… ဦးသောင်းဖေ၊ ဦးတင်မောင်ဆွေရဲ့ လက်ပုံစံကို ခင်ဗျား ဘယ်လိုယူခဲ့ရတယ်ဆိုတာ အခု ရုံးတော်ကို တဆိတ်ပြန်ပြောပြလိုက်ပါ'

ကိုသောင်းဖေသည် တင်မောင်ဆွေအား လှမ်းကြည့်လိုက်ပြီးမှ ဖြည်းညင်းစွာ ပြန်ဖြေလိုက်သည်။

'ယခုလ ခြောက်ရက်နေ့ ကြာသပတေးနေ့က ကျွန်တော်ဟာ ကိုစိန်မြနဲ့အတူ ဦးတင်မောင်ဆွေရဲ့ အလုပ်တိုက်ကို သွားခဲ့ကြပါတယ်'

'အဲသလိုသွားရာမှာ ဦးတင်မောင်ဆွေနဲ့ စကားပြောခဲ့ကြရတာတွေကို တဆိတ်ပြန်ပြောပြပါလား'

'ဦးဘဂျမ်း၊ အခုဟာ အမှုအပြင်ဘက်ကို လိုက်ရာမနေဘူးလား'

တရားသူကြီး ဦးမင်းညိုက ကိုသောင်းဖေက ပြန်၍ မဖြေခင် ဝင်စွက်၍ မေးလိုက်ခြင်းဖြစ်သည်။

'အခု အမှုနဲ့သက်ဆိုင်အကျုံးဝင်နေတာကို ကျွန်တော်က ပြနိုင်ပါလိမ့်မယ် တရားသူကြီးမင်းခင်ဗျား၊ ပြီးတော့ ဦးတင်မောင်ဆွေကိုယ်တိုင်ကလည်း မကန့်ကွက်ပါဘူး'

'ဦးတင်မောင်ဆွေ ကန့်ကွက်တာ မကန့်ကွက်တာကိုထားပါလေ။ ရုံးတော်အနေနဲ့ တဆင့်ကြားစကားတွေကို နာခံဖို့ခက်တာကို ပြောနေတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'တဆင့်ကြားစကားမဟုတ်ပါဘူး တရားသူကြီးမင်း၊ အခု နဲ့ တိုက်ရိုက်ပတ်သက်ပါတယ်'

'ကောင်းပြီလေ၊ ဆက်ပြောပါ'

ဦးဘဂျမ်းက ကိုသောင်းဖေဘက်သို့ ပြန်လှည့်လိုက်၏။

'ကဲ… ရဲမှူးကြီး၊ ခင်ဗျားက ကြာသပတေးနေ့မှာ ဦးတင်မောင်ဆွေရဲ့ ရုံးခန်းကိုသွားတော့ ခင်ဗျားနဲ့အတူ ကိုစိန်မြလည်း ပါတယ်ပေါ့'

'ဟုတ်ကဲ့ ပါပါတယ်'

'နောက် ဘယ်သူပါသေးသလဲ'

'အခု တရားခံဖြစ်နေတဲ့ ရီရီညွန့်ရယ်။ ပြီးတော့ လူသတ်သေနတ်ဝယ်ရာမှာ စိတ်ဝင်စားခဲ့တဲ့ ဦးကောင်းစိန်ဆိုတာရယ်။ ပြီးတော့ ကျွန်တော့်ဌာနက အရပ်ဝတ်အရပ်စား စုံထောက်အမှုထမ်းရယ်ပါ'

'အဲဒီအခါမှာ ဦးတင်မောင်ဆွေက သူ့လက်ပုံစံကို ယူဖို့ ခွင့်ပြုတယ်ပေါ့'

'မှန်ပါတယ်'

'ဒီသေနတ်ရဲ့ အတွင်းပိုင်းမှာ တွေ့ရတဲ့လက်ပုံစံနဲ့ပတ်သက်ပြီးတော့ ဦးတင်မောင်ဆွေက ဘာပြောခဲ့သလဲ'

'သူ့ကြော်ငြာအရ လူတစ်ယောက်က သူ့ဆီကို ပို့ပေးလိုက်တဲ့သော့ကို အသုံးပြုပြီး သူဟာ ရီရီညွန့်တိုက်ခန်းထဲကို ဝင်ကြည့်ခဲ့တာမှာ စားပွဲတစ်ခုထဲမှာ ဒီသေနတ်ကို တွေ့ခဲ့ရတယ်ဆိုတာ သူ ဝန်ခံခဲ့ပါတယ်'

'ဒီအတိုင်း အတိအကျမဟုတ်ပါဘူး။ သေနတ်တစ်လက်





တွေ့ခဲ့ရတယ်လို့သာ ကျွန်တော်က ပြောခဲ့ပါတယ် ကိုသောင်းဖေ'

တင်မောင်ဆွေက ရုတ်တရက် ဝင်စွက်ပြောလိုက်ခြင်းဖြစ်သည်။

'အဲဒီတုန်းက ကျွန်တော်က အခုပါလာတဲ့ ကိုစိန်မြဟာ အမှုဖြစ်ပွားချိန်က အမှုဖြစ်ပွားတဲ့ ကားရုံရှေ့မှာ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရတဲ့ မျက်မြင်သက်သေက သူ့အဲသလို တွေ့လိုက်ရတဲ့မိန်းမဟာ တရားခံမရီရီညွန့်ဖြစ်ကြောင်း အိုင်ဒီတီဖိုင်းလုပ်ခဲ့ပြီဆိုတာကိုလည်း ပြောပြခဲ့ပါတယ်။ ရီရီညွန့်နဲ့ တွေ့လိုက်ရတဲ့ ယောကျ်ားဟာ ဦးတင်မောင်ဆွေနဲ့ အလုံးအရပ်ချင်း တူပါတယ်လို့လည်း မျက်မြင်သက်သေကဆိုတော့ ကျွန်တော်က ကိုစိန်မြက သူဟုတ်မဟုတ် ဆုံးဖြတ်နိုင်အောင် မတ်တပ်ရပ်ပြဖို့ ဦးတင်မောင်ဆွေကို မေတ္တာရပ်ခံခဲ့ပါတယ်'

တစ်ရုံးလုံးသည် ကိုသောင်းဖေ၏ သက်သေခံစကားများကို လုံးဝစိတ်ဝင်စား နေကြသည့်အလား အပ်ကျသံကြားရမလောက် တိတ်ဆိတ်ငြိမ်သက်နေသည်။

'ဒီတော့ကော ဦးတင်မောင်ဆွေက ဘာပြန်ပြောသလဲ'

ဦးဘဂျမ်းက ကျေနပ်အားရသောအသံဖြင့် မေးလိုက်၏။

'ဦးတင်မောင်ဆွေက ငြင်းဆိုပါတယ်ခင်ဗျာ'

'ဘာ… သူက မျက်မြင်သက်သေကို မတ်တပ်ရပ်ပြဖို့ ငြင်းဆိုတယ် ဟုတ်လား'

ဦးဘဂျမ်းက ပို၍လေးနက်စေလိုသည့်အလား ထပ်၍မေး လိုက်ပြန်သည်။

'မှန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဦးတင်မောင်ဆွေလို တရားဥပဒေ ဘက်တော်သား တစ်ယောက်က လူသတ်မှုတစ်ခုမှာ အရေးပါအရာရောက်တဲ့ မျက်မြင်သက်သေတစ်ဦးကို ကူညီဖို့ ငြင်းပယ်တယ်ဆိုတာ အံ့သြစရာပဲ'

'ဒီမှာ ဦးဘဂျမ်း၊ ဦးတင်မောင်ဆွေက မျက်မြင်သက်သေကို မတ်တပ်ရပ်ပြဖို့ ငြင်းဆိုတယ်ဆိုတာ အခု ထင်ရှားပြီးပါပြီ။ ဒါကို ထပ်ခါထပ်ခါပြောနေဖို့ မလိုတော့ပါဘူး။ ရုံးတော်ရဲ့အချိန်ကို အလဟဿမကုန်ပါစေနဲ့လေ'

ဦးဘဂျမ်း၏ နည်းပရိယာယ်ကို ထိုးဖောက်မြင်သော တရားသူကြီး ဦးမင်းညိုက ဟန့်တားကာ တင်မောင်ဆွေဘက်သို့လည်း လှည့်၍…

'ဦးတင်မောင်ဆွေကလည်း ကန့်ကွက်နိုင်သားနဲ့ ဘာလို့ မကန့်ကွက်သလဲဆိုတာဟာ အံ့သြစရာပဲ'ဟု မျက်မှောင်ကြုတ်လျက် ပြောလိုက်၏။

'တရားသူကြီးမင်းခင်ဗျား၊ တစ်ဘက်က ဦးဘဂျမ်းဟာ ကျွန်တော့် ဂုဏ်သိက္ခာကို ဒီလိုဓောင်းပါးရိပ်ခြည်စကားတွေနဲ့ တိုက်ခိုက်ဖို့ ကြိုးစားနေတာဟာ ဘယ်လိုမှမထိရောက်ဘူးလို့ ကျွန်တော်က ယူဆမိတဲ့အတွက် လေကုန်ခံပြီး မကန့်ကွက်တာပါ။ ကျွန်တော်ကြားချင်တာက တကယ့် အချက်အလက်အကြောင်း မှန်တွေပါ'

တင်မောင်ဆွေက ထိုင်ရာမှထ၍ ပြန်ဖြေလိုက်ခြင်းဖြစ်သည်။ ဦးဘဂျမ်းသည် မျက်နှာကြီးနီမြန်းလာကာ တင်မောင်ဆွေအား မကျေမချမ်းကြည့်လိုက်ကာ စကားဆက်လိုက်သည်။

'ဦးတင်မောင်ဆွေက အခု လူသတ်မှုမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းမှန် အချက်အလက်တွေကို ဖုံးဖိဖို့ကြိုးစားခဲ့တယ်ဆိုတာ





အခု ကျွန်တော်က ရုံးတော်ကိုအထောက်အထားနဲ့တကွ တင်ပြဖို့ ကြိုးစားနေတာပါ။ ကဲ… ဦးသောင်းဖေ မျက်မြင်သက်သေ ကိုစိန်မြက သူ့ကို အိုင်ဒီတီဖိုင်း မလုပ်နိုင်အောင် ကာကွယ်ရှေ့နေရှားတဲ့အခါမှာ ခင်ဗျားက နောက်တစ်ကြိမ်ထပ်ပြီး ကြိုးစားသေးသလား'

'ကြိုးစားခဲ့ပါတယ် ခင်ဗျာ'

'ခင်ဗျားက ဘယ်လိုကြိုးစားခဲ့သလဲ'

'ကျွန်တော်ဟာ ဦးတင်မောင်ဆွေရဲ့အလုပ်တိုက်ရှိတဲ့ အဆောက်အဦ ထွက်ပေါက်ဝတည့်တည့်ကနေ မျက်မြင်သက်သေ ကိုစိန်မြနဲ့အတူ ကားတစ်စင်းမှာ စောင့်နေခဲ့ပါတယ်။ ဦးတင်မောင်ဆွေအပြင်ထွက်လာရင် ကိုစိန်မြက သူ့ကို အိုင်ဒီတီဖိုင်းလုပ်ဖို့ပါပဲ။ အဲဒီအချိန်မှာ သတင်းထောက်တွေကလည်း ရှိနေခဲ့ပါတယ်။ သတင်းထောက်တွေက ဦးတင်မောင်ဆွေရဲ့ တိုက်ခန်းက ဆင်းတဲ့ ဖိုင်းယားအက်စကိပ် ကြောင်လိမ်လှေကားကို စောင့်ကြည့်ပေးခဲ့ကြပါတယ်'

'အဲဒီတော့ ဦးတင်မောင်ဆွေက ဘာလုပ်သလဲ'

ကိုသောင်းဖေက တင်မောင်ဆွေအား ပြုံးလျက်ကြည့်လိုက်ပြီးမှ ဦးဘဂျမ်း၏မေးခွန်းကို ဝင်ဖြေလိုက်သည်။

'ကိုတင်မောင်ဆွေဟာ သူ့ကိုယ်သူ ထင်းရှူးသေတ္တာကြီးတစ်ခုထဲမှာ ဝင်ပုန်းနေပြီး ထင်းရှူးသေတ္တာကြီးကို သူ့လက်ထောက် ဂျင်မီစမတ်က ဖိုင်းယားအက်စ်ကိပ်လှေကားကနေ သေတ္တာကြီးကို ချသွားပါတယ်။ သတင်းထောက်တွေက ကျွန်တော့်ကို လာပြောလို့ ကျွန်တော်လိုက်သွားတော့ ဂျင်မီစမတ်ရဲ့ တိုက်ခန်းမှာ ထင်းရှူး



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာအလွတ်ကိုသာ တွေ့ရပါတော့တယ်'

တရားခွင်အတွင်း ရယ်မောလိုက်သံများက ဝေါခနဲထွက်ပေါ်လာသည်။ ဦးမင်းညိုကိုယ်တိုင်ကပင် ပြုံးစေ့စေ့ကြီးဖြစ်သွားတော့သည်။

ဦးဘဂျမ်းက ကိုသောင်းဖေကြီးအား ဆက်၍ မေးခွန်းထုတ်လိုက်ပြန်သည်။

'နောက်ကျတော့ ကိုစိန်မြက ဦးတင်မောင်ဆွေကိုပဲ သူတွေ့လိုက်ရတဲ့လူလို့ အိုင်ဒီတီဖိုင်းလုပ်သလား'

'လုပ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ အဲဒီတော့ ကျွန်တော် မပါပါဘူး။ ကျွန်တော့် လက်အောက်အရှိ ရဲအုပ်ကိုခင်မောင်အုန်းသာ ပါသွားပါတယ်'

ဦးဘဂျမ်းသည် အားရကျေနပ်သော အပြုံးကို ပြုံးကာ တင်မောင်ဆွေဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ… ဦးတင်မောင်ဆွေ၊ ခင်ဗျား ကျွန်တော့်သက်သေကိုပြန်လှန်စစ်ဆေးနိုင်ပါတယ်'

တစ်ရုံးလုံးက ထိုင်ရာမှထလာသော တင်မောင်ဆွေအား အာရုံစိုက်၍ ကြည့်နေကြသည်။ တင်မောင်ဆွေကမူ ခပ်ပြုံးပြုံး အမူအရာဖြင့် ကိုသောင်းဖေအနားသို့ ချဉ်းကပ်သွား၏။

'ရဲမှူးကြီးခင်ဗျား ကျွန်တော်ဟာ ထင်းရှူးသေတ္တာထဲမှာ ပုန်းလိုက်သွားတယ်လို့ ရဲမှူးကြီးက ဘယ်လိုသိရတာလဲ'

'အဲ… ကျွန်တော်က အတိအကျသိရတာ မဟုတ်ပါဘူး' ဟု ကိုသောင်းဖေက ကပျာကရာပင် သူ့စကားကို ပြန်ပြင်လိုက်သည်။ 'သတင်းထောက်တွေ လာပြောလို့သာ ခင်ဗျား အဲဒီအထဲ





မှာ ပါသွားပြီလို့ ယူဆလိုက်ရတာပဲ။ နောက်တစ်နေ့ကျတော့ အလွတ်စုံထောက် တင်မောင်ဆွေက ထင်းရှူးသေတ္တာထဲမှာ ပုန်းလိုက်သွားပြီး ရဲဘက်အရာရှိနဲ့ မျက်မြင်သက်သေကို ရှောင်တိမ်းသွားတယ်ဆိုတဲ့ သတင်းကို ဖတ်ရတာပါပဲ'

'အဲဒီ ထင်းရှူးသေတ္တာထဲမှာ ကျွန်တော်ပါသွားတာကို မြင်လိုက်ရတဲ့ လူတစ်ယောက်ယောက်နဲ့ကော ခင်ဗျားတွေ့ပြီး စကားပြောရသလား'

'မှန်ပါတယ်'

'ကျွန်တော် ဒီထင်းရှူးသေတ္တာထဲမှာ ပါသွားတယ်လို့ယူဆရေအကြောင်း ခင်ဗျားဆီမှာ ရှိသလား'

'ရှိတာပေါ့၊ ခင်ဗျားဟာ ခင်ဗျားတိုက်ခန်းထဲကနေ ကျုပ်နဲ့ကိုစိန်မြမတွေ့ရဘဲ ထွက်သွားနိုင်တဲ့ တခြားနည်းက ရှိမှမရှိတော့ဘဲကိုး'

ကိုသောင်းဖေက တရားခွင်အတွင်း ဖြစ်သဖြင့် တင်မောင်ဆွေအား စကားပြောရာတွင် သူသုံးနေကျ မင်းနဲ့ငါ မဟုတ်တော့ဘဲ ခင်ဗျားနှင့်ကျွန်တော်သာ ဖြစ်နေတော့သည်။

'ခင်ဗျား ယူဆတာမှားနေပြီ ရဲမှူးကြီး၊ ခင်ဗျားကတိုက်အပြင်မှာ စောင့်နေတဲ့တစ်ချိန်လုံးမှာ ကျုပ်အပေတ်မင့် တိုက်ခန်းထဲမှာပဲ ကျုပ်ပါတနာ ဂျင်မီစမတ်ရယ်၊ ကျုပ် စက္ကရီတေရီ မေစီတို့နဲ့အတူရှိပြီး အလုပ်လုပ်နေခဲ့ကြပါတယ်။ ဂျင်မီချသွားတဲ့ ထင်းရှူးသေတ္တာက ကျုပ်တို့အလုပ်တိုက်က ဖိုင်တွဲအဟောင်းတွေပါ။ ထင်းရှူးသေတ္တာကြီးချသွားပြီး အတော်ကြာမှ ကျွန်တော်က ကိုကျော်ခင့်ဆိုတဲ့လူနဲ့ တိုက်ထဲကထွက်လာတယ်။ ဒါကို တိုက်စောင့်ဒရဝမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကတွေ့ပြီး ကျုပ်နဲ့တောင် စကားပြောခဲ့ရပါတယ်။ ဒီတိုက်စောင့် ဒရဝမ်ကော၊ အဲဒီတုန်းက ကျုပ်နဲ့အတူထွက်လာခဲ့တဲ့ ကိုကျော်တင့်ဟာရော၊ အခု တရားခွင်ထဲမှာ ရှိနေပါတယ်။ ခင်ဗျားက သူတို့ကို အချိန်မရွေး စစ်ဆေးကြည့်နိုင်ပါတယ် ရဲမှူးကြီးရဲ့'

ကိုသောင်းဖေကား တော်တော်ကြီးအံ့သြလျက် ရှိနေသည်။ တင်မောင်ဆွေက စကားဆက်ပြန်သည်။

'ဒီတော့ကာ တဆင့်ကြားစကားနဲ့ ကျွန်တော့်ကို မစွပ်စွဲဖို့ ရဲမှူးကြီးကိုကော ဦးဘဂျမ်းကိုကော ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။ ကဲ... ဒီသက်သေကို ကျွန်တော်ဆက်ပြီး မေးဖို့မရှိတော့ပါဘူး'

ကိုသောင်းဖေနှင့်ဦးဘဂျမ်းတို့သည် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြသည်။ ကိုသောင်းဖေသည် သက်သေခုံပေါ်မှဆင်းကာ ၎င်း၏နေရာသို့လျှောက်သွားပြီး လမ်းခုလတ်တွင် တင်မောင်ဆွေ့အား ပြန်လည်ကြည့်ရှုလိုက်၏။

'ဒီ... ကိုကျော်တင့်ဆိုတာက ဘယ်သူလဲ သူကအခု ဘယ်မှာလဲ'

ကျော်တင့်သည် လာရောက်နားထောင်သူများနေရာတွင် ထိုင်နေရာမှ ထရပ်ပြလိုက်သည်။

'ကျော်တင့်ဆိုတာ ကျွန်တော်ပါ'

ဦးဘဂျမ်းသည် ၎င်းအား မျက်မှောင်ကြီးတစ်ချက်ကြုတ်ကြည့်ပြီး လက်တစ်ဖက်ကို ယမ်းလိုက်သည်။

'ကိစ္စမရှိပါဘူး၊ တရားသူကြီးမင်းခင်ဗျား၊ အစိုးရဖြ သက်သေရဲ့အုပ် ဦးခင်မောင်အုန်းကို ခေါ်ပါရစေ၊ သူက ဒီကိစ္စကို





မကြာခင် ရှင်းလင်းပေးပါလိမ့်မယ်'

တရားသူကြီးက ခွင့်ပြုလိုက်သဖြင့် ရဲအုပ်ခင်မောင်အုန်းသည် သက်သေခံရန် ထွက်လာသည်။ ယူနီဖောင်းအသစ်ချပ်ချွတ်ဝတ်ဆင်ထားသည်ဟု ထင်မှတ်ရကာ သူ့အမှုအရာကလည်း ကြွားသောအသွင်ကို ဆောင်ယူထားနေသည်။ ဦးဘဂျမ်းက ထုံးစံအတိုင်း သက်သေ၏နာမည်၊ အသက်၊ အလုပ်အကိုင် စသည်တို့ကို မေးမြန်းပြီးလျှင် ချက်ချင်းပင် လိုရင်းကို စကိုင်တော့သည်။

'ကဲ... ကိုခင်မောင်အုန်း၊ ခင်ဗျားဟာ ခြောက်ရက်နေ့ညက ဘယ်မှာရှိနေခဲ့သလဲ ကြာသပတေးနေ့ကလေ'

'ကျွန်တော်ဟာ အဲဒီနေ့ညနေက တင်မောင်ဆွေ၊ အဲ... ဦးတင်မောင်ဆွေကို အင်းယားကန်စောင်းက သူ့အပန်းဖြေအိမ်လေးမှာ ရှာတွေ့ခဲ့ရပါတယ်။ ကျွန်တော်နဲ့အတူ ဒီအမှုမှာ မျက်မြင်သက်သေဖြစ်တဲ့ ဦးစိန်မြကလည်း ပါလာပါတယ်။ ဦးစိန်မြဟာ အမှုဖြစ်ပွားတဲ့နေ့က တရားခံ ရီရီညွန့်နဲ့အတူ သူတွေ့ခဲ့ရတဲ့ လူဟာ ဦးတင်မောင်ဆွေ ဟုတ်မဟုတ် အိုင်ဒီတီဖိုင်း လုပ်ဖို့ပါပဲ'

'ကောင်းပြီ ဦးစိန်မြက ဦးတင်မောင်ဆွေပါပဲလို့ အိုင်ဒီတီဖိုင်းလုပ်နိုင်သလား ခင်ဗျာ'

'လုပ်နိုင်ပါတယ်'

ရဲအုပ်ခင်မောင်အုန်းက ပြန်ဖြေရာက တင်မောင်ဆွေအား ကဲ့ရဲ့နှုပ်သော အပြုံးဖြင့်လှမ်းကြည့်လိုက်သည်။

'ကိုခင်မောင်အုန်း၊ အဲဒီနေ့က ဖြစ်ပျက်ပုံတွေကို ရုံးတော်ကို အားလုံးပြောပြစမ်းပါ'

'ကိုတင်မောင်ဆွေဟာ ရဲဘက်ကို ရှောင်နေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော်သိရတော့ ကျွန်တော်လိုက်လံ စုံစမ်းခဲ့တဲ့အခါ သူဟာ အင်းယားကန်စောင်းက သူ့အပန်းဖြေအိမ်ကလေးမှာ တယ်ဆိုတာကို အတိအကျ သိရပါတယ်'

ရဲအုပ် ခင်မောင်အုန်းသည် ကြွားဝံ့သောအပြုံး တစ် ပြုံးလိုက်ပြီးနောက်မှ ဆက်လက်၍…

'ကျွန်တော်လည်း မျက်မြင်သက်သေ ဦးစိန်မြကို ချက် ဝင်ခေါ်ပြီးလိုက်သွားတော့ သတင်းထောက်တွေကလည်း အနံ့ အံဒီမှာရောက်နှင့်နေတာကို တွေ့ရပါတယ်။ ကျွန်တော်က မ နိုင်ခင်မှာပဲ သူတို့က ဓာတ်ပုံတွေ ဆီးရိုက်ကြပါတယ်။ သူတို့ ဖလက်ရှ်လိုက်မီးရောင်တွေကြောင့် အိမ်ထဲမှာရှိနေတဲ့ ကိုတင်မော ဆွေဟာ တံခါးဝကနေ ပြေးထွက်လာပါတယ်။ သူ့မျက်နှာကိုလ ဦးထုပ်နဲ့ကွယ်ထားပါတယ်။ ဒါပေမဲ့ သူရှောင်လို့မရမှန်းသိသွ တော့မှ ဦးထုပ်ကို ဆောင်းလိုက်ပြီး အိမ်ထဲကိုပြန်ဝင်သွားပါတယ်'

'ဒီတော့ ခင်ဗျားတို့က အိမ်ထဲကို လိုက်ဝင်ကြသေ သလား'

'လိုက်မဝင်ခဲ့ပါဘူး'

'ဘာဖြစ်လို့ လိုက်မဝင်ရတာလဲ'

ရဲအုပ်ခင်မောင်အုန်းက ယုံကြည်စိတ်ချသော အပြုံးမျိုး ပြုံးလိုက်သည်။

'လိုက်ဝင်ဖို့မလိုတော့လို့ပါခင်ဗျာ။ မျက်မြင်သက်သေ ဦးစိန်မြဟာ ကားတည့်တည့်ဆီကို ပြေးလာတဲ့ ကိုတင်မောင်ဆွေ ကို ကောင်းကောင်းတွေ့ရပြီး အမှုဖြစ်ပွားစဉ်က ကားရုံရှေ့မှာ တ ခံမရိရိညွှန့်နဲ့ သူတွေ့ခဲ့ရတဲ့လူဟာ သူပဲပါလို့ ကျကျနနအိုင်ဒီ





င်းလုပ်ခဲ့လို့ပါပဲ'

'ဒီအချက်ကို မျက်မြင်သက်သေကိုစိန်မြကိုယ်တိုင်က ပြော ကောင်းတယ်'

တရားသူကြီး ဦးမင်းညိုက မျက်မှောင်ကြုတ်ကာ စကား င်ဖြတ် မှတ်ချက်ချလိုက်ခြင်းဖြစ်၏။

'ကိုစိန်မြကိုယ်တိုင်ကလည်း ဒီအတိုင်းပဲ သက်သေခံပါ မှာမယ် ခင်ဗျာ၊ ခုနက ဦးတင်မောင်ဆွေက ကျွန်တော်တို့မှာ သောက်အထား မရှိဘူးလို့ ချဲ့လင်းလုပ်ခဲ့တာကို အခု ကျွန်တော် လက်တွေ့ပြနေခြင်းသာ ဖြစ်ပါတယ်'

တရားသူကြီးသည် တင်မောင်ဆွေဘက်သို့ လှည့်ကြည့် ကြပြန်သည်။

'ဦးတင်မောင်ဆွေကလည်း အခုလို တဆင့်စကားသက် သထွက်ဆိုနေတာကို မကန့်ကွက်တာ ကျုပ်တော်တော် အံ့ဩ တယ်'

'တရားသူကြီးမင်းခင်ဗျား၊ အခု ကျွန်တော် ပြောနေတာ တဆင့်စကား မဟုတ်ပါဘူး။ သက်သေဦးစိန်မြက အဲသလို တင်မောင်ဆွေကို အိုင်ဒီတီဖိုင်းလုပ်ရာမှာ ကျွန်တော်က သူ့ဘေး ထိုင်နေခဲ့ပါတယ်'

ရဲအုပ်ခင်မောင်အုန်းက လူတတ်လုပ်၍ တရားသူကြီးအား ပြောလိုက်ရာ တရားသူကြီးက ၎င်းအား မျက်မှောင်ကြုတ်လျက် ကြည့်လိုက်သည်။

'အဲဒါကိုကပဲ တဆင့်ကြားသက်သေ ဟီးယားဆေးအဲဗီ င်လို့ခေါ်တယ်။ ခင်ဗျားဟာ ကားရုံမှာ ဦးစိန်မြတွေ့ခဲ့ရတဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကိုတင်မောင်ဆွေလို့ သိထားရတာ မဟုတ်ပါဘူး။ ကား...
က လူဟာ တင်မောင်ဆွေပါပဲဆိုတာကို ခင်ဗျား ပြောခွင့်မရှိ...
မျက်မြင်သက်သေ ကိုယ်တိုင်က ပြောရမှာပါ'

'မှန်ပါတယ် တရားသူကြီးမင်း၊ မျက်မြင်သက်သေ ကို...
တိုင်က ပြောမှာပါ'

ဦးဘဂျမ်းက ကပျာကရာ ဝင်ပြောကာ ရဲအုပ်ခင်မော...
အနန်းအား ရှာမရှည်နဲ့ဟူသည့် အမူအရာဖြင့်ကြည့်လိုက်သည်။

'ကောင်းပြီ၊ ဒီသက်သေကို အဆုံးသတ်စစ်ဆေးပါ...

'ကျွန်တော် သူ့ကိုဆက်စစ်ဆေးဖို့ မရှိတော့ပါဘူး ခင်...

ဦးဘဂျမ်းက အားရကျေနပ်သော အသံကြီးဖြင့် ပြောလို...
၏။

ခင်မောင်အနန်းက သက်သေခုံပေါ်မှ ဆင်းမည်ပြုလိုက်သ...
တွင် တင်မောင်ဆွေက ရုတ်တရက် ထိုင်ရာမှထကာ တားလို...
သည်။

'ခဏနေပါဦး ဦးခင်မောင်အနန်း၊ ခင်ဗျားကို ကျွန်တေ...
မေးစရာနည်းနည်း ရှိနေပါသေးတယ်'

ရဲအုပ်ခင်မောင်အနန်းလည်း သက်သေခုံတွင် ပြန်ထိုင်လို...
ကာ တင်မောင်ဆွေအား မျက်နှာထားခပ်တင်းတင်းဖြင့် ပြန်ကြ...
လိုက်သည်။

'ခင်ဗျားက ကျွန်တော့်ကို ဘာများမေးဦးမှာလဲ ဦးတ...
မောင်ဆွေရဲ့' ဟုလည်း ခပ်လှောင်လှောင်အသံဖြင့် ပြန်မေးလို...
သည်။

'ခင်ဗျား ကျွန်တော့်ကို ကောင်းကောင်းသိတယ်မဟုတ်...





...ား ဦးခင်မောင်အနန်း'

'ဟုတ်တယ် သိထားပါတယ်လေ'

'ဆိုခဲ့တဲ့ညနေက ခင်ဗျားဟာ ကျွန်တော့်ကိုမှတ်မိပြီး
...တော် အိမ်ကလေးထဲက ပြေးထွက်လာတော့ ဟောကိုတင်
...င်ဆွေလာနေပြီလို့ သက်သေဦးစိန်မြကို ပြောခဲ့သေးတယ် မဟုတ်
...ား'

'ကျွန်တော် အဲသလို ပြောဖို့တောင်မလိုပါဘူး။ သက်သေ
...န်မြဟာ ခင်ဗျားပြေးထွက်လာတာကို တွေ့ရတာနဲ့တစ်ပြိုင်နက်
...င်ဗျားကို ချက်ချင်းမှတ်မိပြီး အိုင်ဒီတီဖိုင်းလုပ်ခဲ့တာပါ'

ရဲအုပ်ခင်မောင်အနန်းက ကိုယ့်ကိုကိုယ် အင်မတန်စိတ်ချ
...ကြည်သော အမူအရာဖြင့် ပြန်ဖြေလိုက်သည်။

'ခင်ဗျားပြောဖို့မလိုဘူးဆိုပေမယ့် ခင်ဗျား အဲဒီတုန်းက
...ာကိုပြောခဲ့ပါတယ်'

'အင်းလေ··· ကျွန်တော် ပြောမိချင် ပြောမိခဲ့လိမ့်မယ်လေ'

'အိမ်ထဲက ပြေးထွက်လာတဲ့လူက မျက်နှာရှေ့မှာ ဦးထုပ်
...ယ်ထားခဲ့တယ် မဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျား အိမ်ထဲက ပြေးထွက်လာတော့
...င်ဗျားကို ဓာတ်ပုံမရိုက်နိုင်အောင် ခင်ဗျားမျက်နှာကို ဦးထုပ်နဲ့
...ယ်ထားခဲ့ပါတယ်'

'ပြီးတော့ အဲဒီလူဟာ နောက်ပြန်လှည့်ပြီး အိမ်ထဲကို
...င်သွားခဲ့တယ် မဟုတ်လား···'

'ဟုတ်တယ်၊ အဲဒီအတိုင်း ခင်ဗျားလုပ်ခဲ့တာပဲ'

'အဲဒီလူဟာ အိမ်ထဲက ပြေးထွက်လာတော့ ဘယ်ကော...



www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေးပြေးခဲ့တာလဲ'

ရဲအုပ်ခင်မောင်အုန်းသည် နဖူးရေများ တွန့်ကာ ခေတ္တ စဉ်းစားနေလိုက်ပြီးနောက်...

'ဝါးသုံးပြန်ရိုက်လောက်တော့ ရှိလိမ့်မယ်ထင်ပါရဲ့'ဟု ဖြေလိုက်သည်။

'အဲဒီတုန်းက ခတ်ပုံသတင်းထောက်တွေလည်း ရှိနေ တယ်ပေါ့ ဟုတ်သလား'

'ဟုတ်တယ် ရှိပါတယ်'

'ဒီလူတွေဟာ ခတ်ပုံသတင်းထောက်တွေရယ်လို့ ခင်ဗျား က ဘယ်လိုလုပ်သိရတာလဲ'

တင်မောင်ဆွေက ထိုမေးခွန်းကို ဖြတ်ခနဲမေးလိုက်ခြင်းဖြ သည်။ ရဲအုပ်ခင်မောင်အုန်းသည် ထိုမေးခွန်းကို မည်ကဲ့သို့ပြန်ဖြေ ရမည်မှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်သွား၏။

'အဲ... ကျွန်တော်... ကျွန်တော်...'ဟုသာ ဆိုပြီး ရှေ့ ဘာဆက်ပြောမည်မသိ ဖြစ်နေသည်။

'အဲဒီလူတွေဟာ ခတ်ပုံသတင်းထောက်တွေပဲလို့ ခင်ဗျား ဘာသာ ခင်ဗျားစိတ်ထဲမှာ ထင်နေတာ မဟုတ်လား'

'ဟုတ်တယ်လေ၊ ကျုပ်ကို သတင်းစာတစ်စောင်က သတင်းတစ်ခုပေးပြီး ကျုပ်အဲဒီနေရာကို ရောက်သွားတဲ့အခါမှ ကင်မရာတွေကိုင်ထားတဲ့ လူတွေကိုတွေ့ရတော့ သူတို့ဟာ သတင်း စာထဲက ခတ်ပုံသတင်းထောက်တွေပဲလို့ သိရတာပေါ့ဗျာ'

ရဲအုပ်ခင်မောင်အုန်းက မခံချင်သောအသံဖြင့် ပြန်ဖြေ လိုက်ခြင်းဖြစ်၏။ ဤတွင် တင်မောင်ဆွေက ၎င်းအား ဟန်ပါပါ





က်ခုံးများချီ၍ ကြည့်လိုက်သည်။

'ဩော်... လက်စသတ်တော့ ဟိုညက ကျုပ်ဘယ်မှာ ရှိနေတယ်ဆိုတာကို ခင်ဗျားက သတင်းစာဆီက တစ်ဆင့်ရလို့သိရ တာပေါ့'

'အဲ... ကျုပ်မှာလည်း စုံစမ်းနည်းတွေ ရှိတာပေါ့ဗျာ'

တင်မောင်ဆွေသည် ထိုညက ဘယ်မှာရှိနေသည်ကို မိမိ ဘာသာ မိမိစုံစမ်း၍ သိထားသည်ဟု စောစောက ကြွားထားသော ရဲအုပ်ခင်မောင်အုန်းသည် မျက်စိမျက်နှာခပ်ပျက်ပျက်နှင့် ပြန်၍ ဖြေလိုက်သည်။ တင်မောင်ဆွေက မသိမသာ ပြုံးလိုက်ကာဆက်၍ မေးခွန်းထုတ်ပြန်သည်။

'ကောင်းပြီလေ၊ ခင်ဗျား အဲဒီကိုရောက်သွားတော့ သတင်း ထောက် ဘယ်နှစ်ယောက်ရှိသလဲ'

'စုစုပေါင်း ခြောက်ယောက်လောက်တော့ ရှိမယ်ထင် တယ်'

'ခင်ဗျား သူတို့ကိုမှတ်မိမလား၊ သူတို့ကို ပြန်တွေ့ရမယ်ဆို ရင်သိမလား'

'အဲသလိုတော့ ကျွန်တော် မပြောတတ်ဘူးဗျ'

'ခင်ဗျားဟာ အဲဒီညအိမ်ထဲက ပြေးထွက်လာတဲ့လူကို မှတ်မိရင် ခတ်ပုံဆရာတွေကိုကော ဘာဖြစ်လို့ မမှတ်မိရမှာလဲ'

'ဒါက ဒီလိုလေ၊ ခတ်ပုံကင်မရာတွေနဲ့ ဖလက်ရှ်လိုက်မီး တွေက ကျွန်တော့်ရဲ့မျက်စိရှေ့မှာ တဖျပ်ဖျပ်လင်းနေတော့ မျက်နှာ တွေ အမှတ်မထားလိုက်မိဘူးဗျ'

'ဩော် ဒီလိုဆိုရင် ခင်ဗျားဟာ အဲဒီတုန်းက ခတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဖလက်ရှ်လိုက်မီးတွေကြောင့် မျက်စိကျိန်းပြီး တဒင်္ဂတော့ မမြင်မကန်းဖြစ်သွားရတာပေါ့ ဟုတ်လား'

'ဒီလောက်တောင်လည်း မဟုတ်သေးပါဘူးဗျာ။ ကျုပ်ဆာခင်ဗျားကို ကောင်းကောင်းတွေ့ရပြီး ချက်ချင်းမှတ်မိလိုက်တာပဲ'

ရဲအုပ်ခင်မောင်အုန်းက ချက်ချင်း ပြန်ဖြေလိုက်၏။ တင်မောင်ဆွေက တစ်ချက်ပြုံးလိုက်ပြီးမှ ဆက်၍ မေးခွန်းထုတ်လိုက်ပြန်သည်။

'ဓာတ်ပုံဖလက်ရှ်လိုက်မီးတွေကြောင့် ခင်ဗျားမျက်စိကျိန်းပြီး အခြားလူတွေကိုတော့ ခင်ဗျား မမြင်ရတော့ပေမယ့် ကျုပ်ကိုတော့ ခင်ဗျားမှတ်မိသေးတာပေါ့'

'ကျုပ်က တခြားလူတွေကို မမြင်ရဘူးလို့ မပြောခဲ့ရပါဘူးဗျာ'

ရဲအုပ်ခင်မောင်အုန်းက ခပ်မြန်မြန်ပင် ပြန်၍ ဖြေလိုက်ပြန်သည်။

'ကောင်းပြီလေ၊ ဒီလိုဆိုရင် ခင်ဗျားတွေ့ရတဲ့ ဓာတ်ပုံဆရာတွေရဲ့ပုံပန်းသဏ္ဌာန်ကို ပြောပြနိုင်ပါ့မလား'

ရဲအုပ်ခင်မောင်အုန်းသည် တင်မောင်ဆွေ၏မေးခွန်းကြောင့် ခပ်တွေတွေ ဖြစ်သွားပြန်ပြီးနောက်မှ…

'တချို့လူတွေကိုတော့ ပြောပြနိုင်ပါတယ်ဗျာ'ဟု ဖြေလိုက်သည်။

'ကဲ… ဒီလိုဆိုရင် ပြောပြပါဦး'

'အဲ… ကျွန်တော့်ကားဘေးနားမှာ လာရပ်တဲ့ဓာတ်ပုံဆရာတစ်ယောက်ကတော့ အရပ်မြင့်မြင့်ပဲ၊ သူက အနက်ရောင် ကုတ်အင်္ကျီတစ်ထည် ဝတ်ထားတယ်။ သူကပဲ ကျွန်တော့်ကိုပထမဦးဆုံး ဓာတ်ပုံရိုက်ယူတာပဲ'





'အသက် ဘယ်လောက်ရှိပြီလဲ'

'အဲ… ဒါတော့ ကျွန်တော်လည်း အတိအကျတော့ မပြောတတ်ဘူးလေ။ အသက် သုံးဆယ်ကျော်လောက်ပဲ ရှိဦးမယ်ထင်ပါရဲ့'

'အရပ်မြင့်တယ်ဆိုတော့ ဘယ်လောက်မြင့်သလဲ'

'အဲ… ငါးပေရှစ်လက်မ ကျော်ကျော်လောက်တော့ ရှိမယ်ထင်တယ်'

'ကျွန်တော့်လောက် မြင့်သလား'

'အဲဗျ… ဟုတ်တယ်၊ အရပ်က ခင်ဗျားလောက်ပဲရှိမယ်'

'ကိုယ်လုံးကိုယ်ပေါက်ကကော'

'ခပ်တော့်င့်တောင့်ပဲ'ဟု ခင်မောင်အုန်းက ပြန်ဖြေကာ တင်မောင်ဆွေအား သေချာစွာကြည့်ရာက 'ခင်ဗျားလိုပဲ ပခုံးကျယ်ကျယ်ရင်အုပ်ကားကားပဲဗျ'ဟု စကားဆက်လိုက်သည်။

'အဲဒီလူနဲ့ ခင်ဗျား စကားပြောလိုက်ရသေးသလား'

'ဟင့်အင်း… မပြောလိုက်ရပါဘူး၊ ခင်ဗျားအိမ်ထဲက ထွက်ပြေးလာတာကို ကျွန်တော်က ကြည့်နေခဲ့တာဗျ။ ကျွန်တော့်ကားရှေ့ဓာတ်မီးက ခင်ဗျားကို တည့်တည့်ကြီးထိုးထား နေတာပဲ။ ခင်ဗျားက မျက်နှာကို မမြင်ရအောင် ဦးထုပ်နဲ့တောင် ကွယ်ထားသေးတယ်'

'ထားပါတော့ ခုနက ခင်ဗျားပြောတယ်။ ခင်ဗျား ဘေးနားမှာလာရပ်တဲ့ ဓာတ်ပုံဆရာက ခင်ဗျားကားမောင်းဝင်လာတော့ ဓာတ်ပုံဆီးရိုက်တယ်တဲ့ အဲဒါအမှန်ပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'အို… အမှန်ပဲပေါ့ဗျ၊ ကျွန်တော်က ဘယ်တော့မှ မမှန်တာကိုမပြောဘူး'

'အဲသလို ဓာတ်ပုံရိုက်တုန်းက ခင်ဗျားက ဘာလုပ်နေတယ်ဆိုတာ မှတ်မိသလား'

ရဲအုပ်ခင်မောင်အုန်းက မိမိကိုယ်မိမိ စိတ်ချယုံကြည်ရသော အပြုံးမျိုးပြုံးလိုက်သည်။

'မှတ်မိတာပေါ့ဗျာ သေသေချာချာ မှတ်မိတာပေါ့၊ ကျွန်တော်က မှတ်ဉာဏ်ကောင်းတယ်ဗျ။ အဲဒီဓာတ်ပုံသတင်းထောက်က ဓာတ်ပုံရိုက်လိုက်တော့ ကျွန်တော်က ကားဆွစ်(ချ်)ကိုလှမ်းပိတ်နေခဲ့တာ'

တင်မောင်ဆွေက ကျေနပ်စွာပြုံးကာ ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ရဲအုပ်ခင်မောင်အုန်းကား သူထောင်ထားသော ညွှတ်ကွင်းထဲသို့ ခေါင်းထိုး၍ဝင်လာနေပေပြီ။

'ကောင်းပြီ၊ ခင်ဗျားကို ကျွန်တော်က ဓာတ်ပုံတစ်ခုပြမယ် ဦးခင်မောင်အုန်း၊ ဒီဓာတ်ပုံဟာ အဲဒီညက ခင်ဗျားပြောတဲ့ အရပ်မြင့်မြင့် ဓာတ်ပုံဆရာက ရိုက်ယူတဲ့ ဓာတ်ပုံပဲလားဆိုတာ ခင်ဗျား ပြောပြပါ ဟုတ်လား။ အဲဒီ ဓာတ်ပုံထဲမှာဆိုရင် ခင်ဗျားက ရှေ့ကိုကိုင်းကာ ကားဆွစ်(ချ်)ပိတ်နေပြီး၊ ခင်ဗျားဘေးက သက်သေဦးစိန်မြက ကားရှေ့မှန်ထဲကနေ ရှေ့ကို စိုက်ကြည့်နေတယ်'

'ဟုတ်ပြီ… ဟုတ်ပြီ အဲဒီဓာတ်ပုံပါပဲ'

'အဲဒီအချိန်မှာသာ ခင်ဗျားက ကားသော့ပိတ်ဖို့ ရှေ့ကိုကိုင်းနေခဲ့တာနော် ဟုတ်သလား'

'ဟုတ်တယ်လေ၊ အဲဒီအချိန်မှာ ကျွန်တော့်ဘေးနားမှာ





လာရပ်တဲ့ ဓာတ်ပုံသတင်းထောက်က ဓာတ်ပုံရိုက်ယူလိုက်တာပဲ'

ရဲအုပ်ခင်မောင်အုန်းက အင်မတန်တိကျသော အမူအရာဖြင့် တင်မောင်ဆွေ၏မေးခွန်းကို ပြန်ဖြေလိုက်သည်။

'အဲဒီဓာတ်ပုံဆရာရိုက်လိုက်တဲ့ ဓာတ်ပုံဖလက်ရှ်လိုက်မီးကြောင့် ခင်ဗျားက မျက်စိကျိန်းပြီး တဒင်္ဂမမြင်မကန်း မဖြစ်ခဲ့ဘူးပေါ့'

'မဖြစ်ခဲ့ပါဘူးလို့ ကျွန်တော် ခင်ဗျားကို ဘယ်နှစ်ခါပြောရမလဲဗျ၊ ကျွန်တော့် မျက်စိတွေက သိပ်ကောင်းတာ၊ ညဘက် ကားမောင်းရင်တောင် ရှေ့ကလာတဲ့ ကားရှေ့မီးတွေကြောင့် ကျွန်တော် မျက်စိမကျိန်းတတ်ပါဘူး။ ဒီတော့ ကင်မရာဖလက်ရှ် လိုက်မီးတွေကြောင့်လည်း ကျွန်တော် မျက်စိမကျိန်းတတ်ပါဘူး'

ရဲအုပ်ခင်မောင်အုန်းက ခပ်ကြွားကြွားပြောလိုက်သည်။

'ကောင်းပြီ၊ အဲဒီအချိန်မှာပဲ တခြားဓာတ်ပုံဆရာတစ်ယောက်က ခင်ဗျားကားရှေ့တည့်တည့်ကနေပြီး ဓာတ်ပုံရိုက်ယူခဲ့တယ် မဟုတ်လား'

'ဟုတ်လိမ့်မယ် ထင်တယ်။ အဲဒါဘာဖြစ်သလဲဗျ။ ဓာတ်ပုံဖလက်ရှ်လိုက်မီးတွေကြောင့် မျက်စိတွေမကျိန်းတတ်ပါဘူးလို့ တိတိကျကျပြောပြီးပြီမဟုတ်လား'

ရဲအုပ်ခင်မောင်အုန်းက စိတ်တိုလာသောအသံဖြင့် ခပ်ဆတ်ဆတ်ပြန်ဖြေလိုက်ခြင်းဖြစ်သည်။

'ခင်ဗျားကို ကင်မရာဖလက်ရှ်လိုက်မီးကြောင့် မျက်စိကျိန်းရမယ်လို့လည်း ကျွန်တော်က ပြောနေတာမဟုတ်ပါဘူး ဦးခင်မောင်အုန်းရဲ့။ အခုဟာက ဘယ်ဓာတ်ပုံဆရာဟာ အရင်ရိုက်ပြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံက နောက်မှရိုက်တယ်ဆိုတဲ့ ဓာတ်ပုံအစီအစဉ် ရှင်းလင်းအောင်ပြောနေရတာပါ။ ကဲ··· ဟောဒီ ဓာတ်ပုံကို ကြည့်စမ်းပါဦး'

တင်မောင်ဆွေက ဒုတိယမြောက်ဓာတ်ပုံကို ရဲအုပ်ခင်မောင်အုန်းအား ပြလိုက်ပြန်သည်။

'အဲဒီဓာတ်ပုံဟာ ကျွန်တော်ခုနကပြတဲ့ ပထမဓာတ်ပုံနဲ့ ပြိုင်တူလိုလို ရိုက်ခဲ့တဲ့ဓာတ်ပုံပဲဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓာတ်ပုံထဲမှာ ခင်ဗျားက ရှေ့ကိုကုန်းပြီး ကားဆွစ်ချသော့ပိတ်နေတယ်။ ခင်ဗျားဘေးက ဦးစိန်မြကတော့ ကားမှန်ထဲက ရှေ့တည့်တည့်ကို စိုက်ကြည့်နေတယ်။ ဒါပေမဲ့ ဒီဓာတ်ပုံဟာ ပထမဓာတ်ပုံလို ဘေးကနေရိုက်ထားတာမဟုတ်ဘဲ ရှေ့တည့်တည့်ကနေ ရိုက်ထားတယ်ဟုတ်ရဲ့လား ဦးခင်မောင်အုန်း'

'ဟုတ်ပါတယ်'

'အဲဒီ ဓာတ်ပုံထဲမှာ ခင်ဗျားနဲ့ ဦးစိန်မြသာ မဟုတ်ဘူး။ ခင်ဗျားရဲ့ဘေးကနေ ကင်မရာကိုင်ထားတဲ့ ပထမဓာတ်ပုံဆရာရဲ့ပုံပါပါတယ်နော်'

'ဟုတ်တယ်လေ'

တင်မောင်ဆွေသည် ကျေနပ်အားရစွာ ခေါင်းကိုဆတ်ခနဲညိတ်ပြန်ရာက မေးခွန်းနှင့်အဖြေကို စိတ်ဝင်စားစွာ နားထောင်နေသော တရားသူကြီး ဦးမင်းညိုဘက်သို့ လှည့်လိုက်သည်။

'တရားသူကြီးမင်းခင်ဗျား၊ ဒီဓာတ်ပုံတွေကို တရားခံပြသက်သေပစ္စည်း(က)နဲ့ (ခ)အဖြစ် ရုံးတော်ကို တင်သွင်းပါတယ်'

ရှေ့ဘတ်စာရေးက တင်မောင်ဆွေလှမ်းပေးသော ဓာတ်ပုံနှစ်ပုံကို လက်ခံယူကာ မှတ်သားထားလိုက်သည်။





တင်မောင်ဆွေကတော့ စိတ်ထဲတွင် ကြိတ်၍ ကျေနပ်မိရာက အစိုးရပြသက်သေ ရဲအုပ်ခင်မောင်အုန်းအား ထပ်၍ ရင်ဆိုင်လိုက်ပြန်သည်။

'ကဲ··· ဦးခင်မောင်အုန်း၊ အဲသလို ခင်ဗျားကားကို ဓာတ်ပုံဆရာနှစ်ယောက်က ဘေးကနဲ့ရှေ့ကနေဝိုင်းပြီး ဓာတ်ပုံရိုက်နေကြတဲ့အချိန်မှာ တခြားဓာတ်ပုံဆရာတွေက အိမ်ထဲက ထွက်ပြေးလာတဲ့သူကိုပဲ ဓာတ်ပုံရိုက်နေကြတာပဲလားဗျ'

ခင်မောင်အုန်းက သရော်ပြုံးပြုံးကာ ခပ်သွက်သွက် ခေါင်းခါပြလိုက်သည်။

'ဘယ်ဟုတ်ရမှာလဲ၊ အဲဒီအချိန်မှာ ခင်ဗျားက အိမ်ကလေးထဲက ထွက်ကိုမလာသေးပါဘူးဗျာ။ ခင်ဗျားက ကျွန်တော့်ကို ဒီလိုအငိုက်ဖမ်းလို့ 'ဘယ်ရမှာလဲ ဦးတင်မောင်ဆွေ၊ ဒီဓာတ်ပုံဆရာတွေက ခင်ဗျား ဝင်းထဲကို ကျွန်တော် ဝင်လာလာချင်း ကျွန်တော့်ကိုဝိုင်းပြီး ဓာတ်ပုံရိုက်ကြတာပါပဲ။ အဲဒီက ဖလက်ရှ်လိုက်မီးရောင်တွေကြောင့် ခင်ဗျားက အပြင်ဘက်မှာ သတင်းထောက်တွေရောက်နေတာ သိသွားပြီး ပြေးထွက်လာခဲ့တာ မဟုတ်လား။ ဒါပေမဲ့ ခင်ဗျားဟာ ရှောင်ပြေးလို့လည်းရမှာ မဟုတ်တော့ဘူးဆိုတာ သိတော့ ပြန်လှည့်ပြီး အိမ်ထဲကိုပြန်ဝင်ပြေးသွားတော့တယ်။ ဒါပေမဲ့ ခင်ဗျားကို ဦးစိန်မြက ကောင်းကောင်းတွေ့လိုက်ရတာဆိုတော့ သူ့အမှုဖြစ်တဲ့နေ့က ကားရုံရှေ့မှာ တရားခံမနဲ့အတူတွေ့လိုက်ရတဲ့လူဟာ ခင်ဗျားပါပဲရယ်လို့ တစ်ချက်တည်း အိုင်ဒီတီဖိုင်းလုပ်လိုက်တော့တာပါပဲ ဦးတင်မောင်ဆွေရဲ့'

ရဲအုပ်ခင်မောင်အုန်းက စကားကုန်ပြောချလိုက်သည့် အမှု



www.burmeseclassic.com

www.burmeseclassic.com



အရာမျိုးဖြင့်ပြောလိုက်ကာ တင်မောင်ဆွေအား ကဲ… ဘာပြောချင်သေးသလဲဟူသော အမူအရာဖြင့် ကြည့်လိုက်သည်။ သို့ရာတွင် တင်မောင်ဆွေကတော့ ခပ်အေးအေးအမူအရာဖြင့်ပင် မေးခွန်းတွေ ဆက်ထုတ်ရာက ခင်မောင်အုန်းက ခေါင်းထိုး တိုးဝင်လာနေပြီ ဖြစ်သော ညွှတ်ကွင်းကို ခိုင်မာအောင်လုပ်နေလိုက်သည်။

'ကောင်းပြီ ခင်ဗျားပြောသလို အိမ်ကလေးထဲက လူတစ်ယောက်က ပြေးထွက်လာတဲ့အခါမှာ ဓာတ်ပုံဆရာတွေက သူ့ကို ဓာတ်ပုံတွေဝိုင်းရိုက်ကြတာပေါ့ ဟုတ်လား'

'ဟုတ်တယ်လေ ဓာတ်ပုံဆရာတွေက ခင်ဗျားအိမ်ထဲပြေးထွက်လာတာကို ဓာတ်ပုံရိုက်ယူခဲ့ကြပါတယ်'

'ပြေးထွက်လာတဲ့လူက သူ့မျက်နှာကို ဦးထုပ်နဲ့ကွယ်ထားခဲ့တယ်နော်'

'ဟုတ်တယ်၊ ခင်ဗျားက ခင်ဗျားမျက်နှာကို ဦးထုပ်နဲ့ကွယ်ထားခဲ့တယ်'

'ကောင်းပြီ ကျွန်တော်က အခုခင်ဗျားကို ဓာတ်ပုံတစ်ခုပြမယ်။ ဒီဓာတ်ပုံဟာ တရားခံပြသက်သေ(ဂ)အဖြစ်နဲ့ ကျွန်တော်က ရုံးတော်ကို တင်သွင်းပါတယ်။ ဓာတ်ပုံထဲမှာ လူတစ်ယောက်က မျက်နှာကို ဦးထုပ်နဲ့ကွယ်ပြီး အိမ်ထဲက ပြေးထွက်လာနေတာကို တွေ့ရပါလိမ့်မယ်'

ရဲအုပ်ခင်မောင်အုန်းက တင်မောင်ဆွေပေးသော ဓာတ်ပုံကိုကြည့်ကာ အားရပါးရပြုံးလိုက်ပြီး ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။

'ဟုတ်တာပေါ့ ဒီဓာတ်ပုံပါပဲ၊ ခင်ဗျားမျက်နှာကို ဦးထုပ်





နဲ့ကွယ်ပြီး အိမ်ထဲကထွက်လာနေတာကို ထင်ထင်ရှားရှားပြနေတာပဲ'

တင်မောင်ဆွေသည် ထိုဓာတ်ပုံအား တရားခံပြသက်သေခံပစ္စည်း (ဂ)အဖြစ်နဲ့ ရှေ့ဘတ်စာရေးမှတဆင့် ရုံးတော်တွင် တင်သွင်းလိုက်သည်။ ပြီးလျှင် နောက်ထပ်၍ ဓာတ်ပုံတစ်ချပ်ကို ထုတ်ယူပြန်ကာ အစိုးရပြသက်သေ ရဲအုပ်ခင်မောင်အုန်းထံရောက်ခဲ့ပြန်သည်။

'ကဲ… ဦးခင်မောင်အုန်း၊ ကျွန်တော်က တရားခံပြသက်သေခံပစ္စည်း (ဃ)ကို အခုခင်ဗျားကို ပြဦးမယ်။ အဲဒီ ဓာတ်ပုံထဲမှာဆိုရင် ကင်မရာယူထားခဲ့တဲ့ထောင့်က ခုနကပြတဲ့တရားခံပြသက်သေပစ္စည်း(ဂ)ထက်ပိုပြီး ဘေးကျကျကဆိုတော့ အိမ်ထဲက ထွက်လာတဲ့လူရဲ့မျက်နှာကို ပိုပြီး နဘေးကနေမြင်ရနိုင်တာကို တွေ့လိုက်မယ်။ ဒီတော့ အဲဒီလူရဲ့မျက်နှာ ရုပ်လက္ခဏာကို တတိယဓာတ်ပုံထက်ပိုပြီး ထင်ထင်ရှားရှားတွေ့ရနိုင်တယ် မဟုတ်လား'

ရဲအုပ်ခင်မောင်အုန်းက ဓာတ်ပုံကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

'အင်း… ဟုတ်ပါတယ်'

'ကောင်းပြီ၊ အခု ပဌမမြောက်ဓာတ်ပုံကိုကြည့်ပါဦး။ တရားခံသက်သေပြပစ္စည်း (င)ပေါ့။ ဒီဓာတ်ပုံမှာတော့ ဦးထုပ်ကို မျက်နှာကွယ်ပြီး ပြေးနေတဲ့လူရဲ့ ပုံနဲ့တတိယနဲ့အတူ စတုတ္ထဓာတ်ပုံတွေကို ရိုက်ယူနေတဲ့ ဓာတ်ပုံဆရာတွေရဲ့ပုံကိုပါ ပြထားတာကိုတွေ့ရလိမ့်မယ်'

'ဟုတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်နော်'

'ဟုတ်ပါတယ်ဗျ'

'ဒီဓာတ်ပုံကိုလည်း သေသေချာချာကြည့်စမ်းပါလေ။ ဓာတ်ပုံထဲမှာ မျက်နှာကို ဦးထုပ်နဲ့ကွယ်ပြီး ပြေးနေတဲ့လူရဲ့ မျက်နှာ ရုပ်လက္ခဏာကို ပရိုးပိုင်းဘေးတိုက်ကျကျကြီး ရိုက်ထားပေ့ာ သူ့ ဘေးတိုက်မျက်နှာကို ထင်ထင်ရှားရှားကြီး တွေ့ရနိုင်တယ်။ ဒီလူဟာ ကျွန်တော်မဟုတ်တာကို တွေ့ရလိမ့်မယ် ဦးခင်မောင်အုန်းရဲ့'

တင်မောင်ဆွေက ရဲအုပ်ခင်မောင်အုန်းအား စေ့စေ့ကြည့် လိုက်ကာ စကားလုံးများကို တစ်လုံးချင်းပြောလိုက်ခြင်းဖြစ်သည်။ တရားခွင်အတွင်းရှိ လူများသည် တင်မောင်ဆွေ၏ စကားအဓိပ္ပာယ် ကိုနားလည်ကာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြတော့သည်။ ရဲအုပ် ခင်မောင်အုန်းသည် ကြောင်အမ်းအမ်းကြီးဖြစ်သွားရာက တင်မောင် ဆွေ၏ လက်ထဲမှ ဓာတ်ပုံကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

'နေပါဦး ကျုပ်မျက်မှန်တပ်ပြီး ကြည့်ပါရစေ'

ခင်မောင်အုန်းက ပြောပြောဆိုဆို အင်္ကျီအိတ်ကပ်ထဲမှ ကော်ကိုင်းမျက်မှန်ကို ထုတ်တပ်ကာ ဓာတ်ပုံကို သေချာစွာစစ်ဆေး ကြည့်ရှုလိုက်သည်။

'မှန်တယ် ဒီဓာတ်ပုံထဲက လူဟာ ခင်ဗျားမဟုတ်ဘူး။ တခြားလူတစ်ယောက်ပဲ၊ ခင်ဗျား ဘာရှုပ်ရှုပ်ယှက်ယှက် လုပ်တာ လဲ'

ခင်မောင်အုန်းက ဓာတ်ပုံမှဆတ်ခနဲမော့ကြည့်ကာ မျက် လုံးပြူးမျက်ဆံပြူးပြောလိုက်ခြင်းဖြစ်သည်။

'ဒီဓာတ်ပုံထဲက ဦးထုပ်နဲ့ကွယ်ထားတဲ့သူဟာ ကျွန်တော်





ုတ်ဘူးဆိုတာကို ခင်ဗျားဝန်ခံတယ်နော်။ ကျွန်တော်က ဘာမှ ရှုပ်ယှက်ယှက်လုပ်စရာမလိုပါဘူး။ ဓာတ်ပုံတွေကိုက ရှင်းနေ ာပဲဥစ္စာ'ဟု တင်မောင်ဆွေက ခပ်ပြုံးပြုံးပြောလိုက်ကာ ဆက် က်၍…

'ကဲ… ခင်ဗျား တရားခံပြသက်သေပစ္စည်း (ခ)ဓာတ်ပုံကို ကြည့်စမ်းပါဦး။ ခင်ဗျားနဲ့မျက်မြင်သက်သေ ကိုစိန်မြတို့ကို ားရှေ့တည့်တည့်က ရိုက်ထားတဲ့ပုံဟာလေ။ အဲဒီပုံမှာ ခင်ဗျားရဲ့ ားနားက ကပ်ရပ်ပြီး ဓာတ်ပုံကင်မရာကိုင်ထားတဲ့ လူရဲ့မျက်နှာကို သေချာချာ ကြည့်စမ်းပါဦး။ တရားခံပြ သက်သေခံ ပစ္စည်း ) ပထမဦးဆုံး ဓာတ်ပုံကိုရိုက်ထားတဲ့ လူဟာလေ။ ခင်ဗျား ့ကို မှတ်မိလိမ့်မယ်ထင်တယ် ဦးခင်မောင်အုန်းရဲ့'

တင်မောင်ဆွေနှင့်ခင်မောင်အုန်းတို့သည် အချီအချပြော သည်ကို နားထောင်နေသော ဦးဘဂျမ်းသည် မျက်မှောင်ကြီး ကြုတ်လျက် ထိုင်ရာမှထလာတော့သည်။

'နေစမ်းပါဦး… နေစမ်းပါဦး၊ ဒီဓာတ်ပုံတွေကို ကျုပ် ကြည့်ပါရစေဦး'

'ကြည့်ရပါတယ် ဦးဘဂျမ်း'

တင်မောင်ဆွေက ပြုံးပြုံးရယ်ရယ်ပင် ဦးဘဂျမ်းကို ဖိတ် ခေါ်လိုက်သည်။ ခင်မောင်အုန်းသည် တင်မောင်ဆွေယူပြသော တိယဓာတ်ပုံကို ငုံ့ကြည့်နေရာမှ ဆတ်ခနဲခေါင်းထောင်လာတော့ သည်။

'ဟာ ဒါ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။ ဒီဓာတ်ပုံဟာ တော့ချည်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး ခင်ဗျားက အတုချည်းပဲလို့ဘာလို့ပြောနိုင်ရ
တုန်း ဦးခင်မောင်အုန်း'

'ဒီလိုဖြစ်ခဲ့တာမှ မဟုတ်တာ။ ဒါခင်ဗျား သက်သ
တာပဲ'

'ဦးခင်မောင်အုန်း၊ ခင်ဗျားဟာ တာဝန်ရှိရဲအရာရှိတ
အနေနဲ့ တရားခွင်မှာ လာသက်သေခံနေတာမှာ အရမ်းကာ
လျှောက်မစွပ်စွဲဖို့ ကျုပ် သတိပေးပါရစေ' ဟု တင်မောင်ဆွေ
ရုတ်တရက် တင်းမာသွားသော မျက်နှာထားဖြင့်ပြောလိုက်သ

'အဲဒီညက ဖြစ်ပျက်ခဲ့တာတွေကို အမှန်အတိုင်း သက်
ခံမယ့် ယုံကြည်စိတ်ချရတဲ့သက်သေ ခြောက်ယောက်တိတိ က
ဆီမှာ ရှိနေပါတယ်။ ဒီဓာတ်ပုံဟာ အတုဖြစ်ပါတယ်လို့ ခင်
ပြောနိုင်တဲ့ အထောက်အထားကို ဒီဓာတ်ပုံမှာ ဘာများတွေ့ရ
လဲ'

ပဲ 'အဲ… ကျုပ်က ဓာတ်ပုံပညာကို သိပ်နားလည်တ
မဟုတ်တာ၊ ဘာပြောတတ်မှာလဲ'

ခင်မောင်အုန်းက မျက်နှာထားခပ်ပုတ်ပုတ်ဖြင့် ပြန်
လိုက်သည်။

'ဒီလိုဆို ဒီဓာတ်ပုံဟာ အတုပါလို့ ခင်ဗျားက ဘာဖြစ်
ပြောနိုင်ရတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ အဲဒီအတိုင်း ဟုတ်မှမဟုတ်တ
ပဲဗျ'

'ဟုတ်ကိုဟုတ်ပါတယ် ဦးခင်မောင်အုန်း။ ခင်ဗျား
ဒီရုံးတော်မှာ အမှန်အတိုင်းထွက်ဆိုဖို့ ပဋိညာဉ်ပေးထားတယ်ဆို





ဆိုလည်း မမေ့နဲ့။ ကောင်းပြီ ခင်ဗျားဟာ အဲဒီညက အင်းယားကန်
စောင်းက ကျုပ်အပန်းဖြေတဲ့ အိမ်ကလေးရဲ့ဝင်းထဲကို ကားမောင်း
ဝင်လာတော့ ကားကို ဓာတ်ပုံဆရာတွေက ဝိုင်းပြီးတဖျပ်ဖျပ်ဓာတ်ပုံ
ရိုက်ခဲ့ကြပါတယ်လို့ ခင်ဗျားခုနက ထွက်ဆိုခဲ့တယ်မဟုတ်လား'

'ဟုတ်တယ်လေ'

'ကောင်းပြီ ဓာတ်ပုံရိုက်တဲ့ ဖလက်ရှ်လိုက်မီးရောင်တွေ
ကြောင့် ခင်ဗျားဟာမျက်စိတွေကျိန်းသွားပြီး ခင်ဗျားရဲ့အနားမှာ
ကပ်နေပေမယ့် မှောင်ရိပ်ကျနေတဲ့လူတွေကို တဒင်္ဂတော့မမြင်နိုင်ဘဲ
ရှိခဲ့တယ်မဟုတ်လား အမှန်အတိုင်းဖြေပါနော်'

'ကျုပ်က ကျုပ်ဘေးဆီကိုကြည့်နေတာမှမဟုတ်တာဘဲ။
ကျုပ်က ခင်ဗျားအိမ်ကလေးကို ကြည့်နေခဲ့တာမှာ အိမ်တံခါးက
ပွင့်လာပြီး… အဲ… ပွင့်လာပြီး'

ခင်မောင်အုန်းခမြာ စကားမဆက်နိုင်တော့ရာ တင်မောင်
ဆွေက ပြုံးလျက်…

'ဆက်ပြောပါလေ၊ ဒါပေမဲ့ ခင်ဗျားဟာ အမှန်အတိုင်း
ပြောရဖို့ ပဋိညာဉ်ပေးထားတယ်ဆိုတာကို အမှတ်ထားပြီးတော့
ဟိုမှာ ဘာတွေဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို အမှန်အတိုင်း သက်သေ
ခံမယ့် ယုံကြည်စိတ်ချရတဲ့ သက်သေခြောက်ယောက်ရှိတယ်ဆိုတာ
ကိုလည်း သတိပြုပါနော်'

'အဲ… တံခါးပွင့်လာပြီး လူတစ်ယောက်ပြေးထွက်လာ
တာကို ကြည့်နေတာကလား'

'အဲ… ဒီလူက သူ့မျက်နှာကို ဦးထုပ်နဲ့ကွယ်ထားတာ
မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

'ဒီလိုဆိုရင် ခင်ဗျား သူ့မျက်နှာကို မမြင်ရဘူးပေါ့'

'အဲ… ကျွန်တော်…. ကျွန်တော်'

ရဲအုပ်ခင်မောင်အုန်းသည် စကားအထစ်အထစ်ဖြစ်နေ… တင်မောင်ဆွေက…

'ဖြေလေဗျာ၊ ခင်ဗျား သူ့မျက်နှာကိုမြင်ရသလား မမြင် ရဘူးလား'ဟု ထပ်၍ မေးလိုက်၏။

'ဟုတ်တယ် ကျွန်တော် သူ့မျက်နှာကို မမြင်ရပါဘူး'

ရဲအုပ်ခင်မောင်အုန်းက မျက်နှာအောင့်သိုးသိုးဖြင့် ဖြေလိုက် ၏။

'ဒီလိုဆိုရင် ခင်ဗျားက သူ ဘယ်သူဖြစ်တယ်ဆိုတာကို ဘယ်လိုလုပ်ပြောနိုင်ခဲ့တာလဲ'

'အဲ… သူ… သူလမ်းလျှောက်ပုံနဲ့ သူ့ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီးမှတ်မိတာပေါ့ဗျ။ နောက်ပြီးတော့လည်း တင်မောင်ဆွေ ဟာ အဲဒီအိမ်ကလေးထဲမှာ ပုန်းနေတယ်ဆိုတာကို ကျွန်တော် သိထားရတာကိုး'

တင်မောင်ဆွေက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပြီ ခင်ဗျားက အဲသလိုသိထားရတော့ ခင်ဗျား ရောက်လာတဲ့အခါမှာ ကျုပ်က ဒီအိမ်ထဲက ထွက်ပြေးလိမ့်မယ်လို့ ခင်ဗျား ထင်မှတ်ခဲ့တယ်။ ဒီတော့ ခင်ဗျား ထင်မှတ်သလို လူတစ် ယောက်က အဲဒီအိမ်ထဲက ပြေးထွက်လာတော့ ခင်ဗျားက ပြေးထွက် လာတဲ့လူဟာ ကျွန်တော်ပဲလို့တစ်ခါတည်း ကောက်ချက်ချလိုက်တာ ပဲ မဟုတ်လား'





ထိုအချိန်တွင် ဦးဘဂျမ်းက ထိုင်ရာမှထလာတော့သည်။

'တရားသူကြီးမင်းခင်ဗျား ကျွန်တော်ကန့်ကွက်ပါရစေ။ ဦးတင်မောင်ဆွေ အခုမေးနေတာဟာ အခုအမှုနဲ့ ဘာမျှမဆိုင်ပါဘူး'

တင်မောင်ဆွေက ဦးဘဂျမ်းကိုတစ်လှည့်၊ တရားသူကြီး ကိုတစ်လှည့် ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ကြည့်လိုက်၏။

'တရားသူကြီးမင်းခင်ဗျား၊ ဦးဘဂျမ်းဟာ မှုလကတည်းက ယခု ဒီကိစ္စဟာ အမှုနဲ့ဆက်စပ်ကြောင်း သက်သေအထောက်အထား ပြပါမယ်ဆိုပြီး ရုံးတော်ကို တင်သွင်းခဲ့တာပါ။ အခုမှ သူကန့်ကွက် နေတာဟာ အဓိပ္ပာယ်လုံးဝမရှိပါဘူးခင်ဗျာ'

'သူပြောတာလည်း မှန်သားပဲ ဦးဘဂျမ်းရဲ့။ နောက်ပြီး တော့ ဓာတ်ပုံတွေကလည်း ရှင်းနေတာပဲ'

'တရားသူကြီးမင်းခင်ဗျား၊ ယခု ဦးတင်မောင်ဆွေ လုပ်နေ တာဟာ အစိုးရသက်သေတစ်ယောက်အပေါ်မှာ မတရားအခွင့်အရေး ယူရာ ရောက်နေပါတယ်။ အမှန်ကတော့ ဦးတင်မောင်ဆွေဟာ လှည့်စားချက်တစ်ခုပေါ်မှာ မူတည်ပြီး ကျွန်တော့် သက်သေအပေါ် မှာမတရားအခွင့်အရေး ယူနေတာပါ'

ဦးဘဂျမ်းကလည်း အလျှော့မပေးဘဲ တရားသူကြီးထံတွင် ထပ်၍ စောဒကတက်လိုက်ပြန်၏။

'မှန်ပါတယ်ခင်ဗျား၊ လှည့်စားချက်ကို ကျွန်တော် အသုံးပြု တာ ကျွန်တော် ဝန်ခံပါတယ်။ သို့သော်လည်း တကယ်ဖြောင့် မှန်တဲ့သက်သေဆိုရင် ကျွန်တော် အသုံးပြုတဲ့လှည့်စားချက်ကို ဘယ် လိုမှ ခံယူနိုင်လိမ့်မယ်မဟုတ်ပါဘူး။ အမှန်အတိုင်းဆိုရင် ရဲအုပ် ခင်မောင်အုန်းဟာ ကင်မရာဖလက်ရှ်မီးရောင်ကြောင့် မျက်စိကျိန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂအားဖြင့်တော့ ဘာကိုမှမမြင်နိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ သူဟာ ဒါကို ရိုးရိုးသားသားဖြောင့်ဖြောင့်မှန်မှန် ဝန်မခံခဲ့ပါဘူး။ သို့သော်လည်း သူဟာ အမှန်အတိုင်းထွက်ဆိုပါမယ်လို့ ပဋိညာဉ်ပြုထားတာမို့ ဒါကို ဝန်မခံသေးရင် မတရားလိမ်လည် သက်သေထွက်ဆိုမှု အပြစ်ရှိနေပါလိမ့်မယ်။ ကျွန်တော် ခုနကတင်ပြခဲ့တဲ့ ဓာတ်ပုံရိုက်ခဲ့တဲ့ လူခြောက်ယောက်က ကျွန်တော်ပြောတဲ့အတိုင်း မှန်ပါတယ်ဆိုတာကို သက်သေခံပြီး ဘယ်ဓာတ်ပုံကို ဘယ်သူရိုက်ခဲ့ပါတယ်ဆိုတာကို အတိအကျပြောပြနိုင်ပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော် အတိအကျ ရဲအုပ်ဦးခင်မောင်အုန်းကို မေးပါရစေ။ အဲဒီညက အင်းယားကန်စောင်းမှာ ကျွန်တော့်အိမ်ကလေးထဲက ထွက်ပြေးလာတဲ့သူဟာ ကျွန်တော်ပဲလား။ သို့မဟုတ် သူ့ဘေးနားမှာ ကပ်ပြီး သူ့ကို ဓာတ်ပုံရိုက်ခဲ့တဲ့လူဟာ ကျွန်တော်ပဲလားဆိုတာကို တိတိကျကျဖြေပေးပါ’

ရဲအုပ်ခင်မောင်အုန်းသည် မျက်နှာတွင်ချွေးများပြန်ကာ ဦးဘဂျမ်းအား အကူအညီတောင်းသလို လှမ်းကြည့်လိုက်၏။ ဦးဘဂျမ်းကလည်း တရားသူကြီးအားထပ်၍ စောဒက တက်လိုက်၏။

‘တရားသူကြီးမင်းခင်ဗျား ကျွန်တော်ကန့်ကွက်ပါတယ်။ အခု ဦးတင်မောင်ဆွေမေးနေတာဟာ မတရားပါဘူး’

‘ဦးဘဂျမ်းရဲ့ ကန့်ကွက်ချက်ကို လက်မခံနိုင်ဘူး။ ဦးတင်မောင်ဆွေမေးတာကို သက်သေက ဖြေပါစေ’

‘ကဲ… ဦးခင်မောင်အုန်း ကျွန်တော်မေးတာကို ဖြေစမ်းပါ’

ရဲအုပ်ခင်မောင်အုန်းသည် နဖူးမှချွေးများကို သုတ်ရင်း





ကျွန်တော်မသိပါဘူး’ ဟု တုံးတိတိပြန်ဖြေပေးလိုက်၏။

‘ကျေးဇူးတင်ပါတယ်ဗျာ၊ အခု ဒီသက်သေကို ပြန်လည်စစ်ဆေးလို့ရပါပြီ’

တင်မောင်ဆွေက ခပ်ပြုံးပြုံးပြောရာက မျက်နှာကြီးနီမြန်းသော ဦးဘဂျမ်းဘက်သို့လှည့်ကြည့်လိုက်သည်။

‘ကဲ… ဦးဘဂျမ်းခင်ဗျာ နောက်ထပ်သက်သေအဖြစ်နဲ့ ခင်ဗျားက ကိုစိန်မြကို တင်ပြဖို့ရည်ရွယ်ထားတယ် မဟုတ်လား။ အဲဒီတော့ကာ ဦးစိန်မြက ဘာပြောစရာရှိတယ်ဆိုတာ ရုံးတော်က ကြားပါရစေလားခင်ဗျာ’

ဦးဘဂျမ်းခမျာမှာ တော်တော် အကြပ်ရိုက်၍သွားသည့်အလား ရုတ်တရက် ပြန်မဖြေနိုင်ဘဲရှိနေသည်။ လက်ချောင်းများကို ရှုံ့ဆုပ်ချီလုပ်ကာ ရဲအုပ်ခင်မောင်အုန်းကိုသာ မကျေမချမ်း မျက်လုံးကြီးကြုတ်၍ ကြည့်လိုက်၏။ ခင်မောင်အုန်းခမျာမှာတော့ မျက်နှာမဖော်ရဲဘဲ ရှိနေရှာသည်။

‘ကဲ… ဦးဘဂျမ်း၊ ဦးတင်မောင်ဆွေက ခင်ဗျားခုနက ပြောထားတဲ့ ကတိအတိုင်းလုပ်ဖို့ပြောနေတာပဲ’

တရားသူကြီး ဦးမင်းညိုကလည်း ဦးဘဂျမ်းအား ခပ်ပြုံးပြုံးကြည့်လျက် စကားဝင်ထောက်ပေးလိုက်၏။

‘တရားသူကြီးမင်းခင်ဗျား၊ ရုံးတော်ကို ငါးမိနစ် ရပ်နားပေးဖို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်။ ကျွန်တော့်ရဲ့အမှုအတွက် ကျွန်တော့်ရဲ့လက်ထောက်တစ်ယောက်နဲ့ အနည်းငယ် တိုင်ပင်စရာရှိပါတယ်။ အခု ဖြစ်ပေါ်လာတဲ့အခြေအနေက ကျွန်တော့်အတွက် မထင်မှတ်တဲ့ အံ့ဩစရာတစ်ခု ဖြစ်နေပါတယ်’



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ကန့်ကွက်ပါတယ် တရားသူကြီးမင်းခင်ဗျား' ဟု တင်မောင်ဆွေက ချက်ချင်းပင် ထ၍ ကန့်ကွက်လိုက်၏။

'ဦးဘဂျမ်းဟာ သူ့ရဲ့မျက်မြင်သက်သေ ဦးစိန်မြကို ဒီရုံးတော်မှာထွက်ဆိုပါမယ်လို့ အစကတည်းက ကတိပေးခဲ့ပါတယ် ဒါတင်မကပါဘူး၊ ဒီသက်သေနဲ့ပဲ ကျွန်တော့်ကို ခြိမ်းခြောက်ခဲ့ပါတယ်။ အခု ကျွန်တော်က ဒီသက်သေကို ရင်ဆိုင်ဖို့အသင့်ရှိနေပါပြီ ခင်ဗျား၊ ရုံးတော်ကို ခေတ္တရပ်နားချိန်ပေးလိုက်မယ်ဆိုရင် ဦးဘဂျမ်းဟာ သူ့သက်သေကို သွန်သင်ဖို့ အချိန်ရသွားပါလိမ့်မယ်'

'ခင်ဗျား ကျုပ်ကို ဒီလိုမစွပ်စွဲပါနဲ့၊ ဒီသက်သေကိုကျုပ်က ဘာမှ သင်ကြားပေးစရာမလိုဘူး'

ဦးဘဂျမ်းသည် ဒေါသသံဖြင့် တင်မောင်ဆွေအား အော်ပြောလိုက်၏။

'ဒီလိုဆိုရင်လည်း အခု သူ့ကို သက်သေခုံပေါ်တင်လိုက်ပါတော့လားဗျ' ဟု တင်မောင်ဆွေကတော့ ခပ်ပြုံးပြုံးပင် ပြန်ပြောလိုက်၏။

'တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်ဟာ ရုံးတော်ကို ခေတ္တရပ်နားခွင့်တောင်းဆိုထားပါတယ်' ဟု ဦးဘဂျမ်းက ဒေါသကို အနိုင်နိုင်ချုပ်တည်းထားရသောအသံ တရားသူကြီး ဦးမင်းညိုအား ပြော လိုက်သည်။

'ဒီတောင်းဆိုချက်ကို ခွင့်မပြုနိုင်ဘူး'

တရားသူကြီး ဦးမင်းညိုက ခပ်ပြတ်ပြတ်ပင် ပြန်၍အဖြေပေးလိုက်၏။

ဦးဘဂျမ်းသည် မျက်နှာကြီးမဲခနဲ ဖြစ်သွားပြီးမှ တရားသူ





ကြီးအား ဦးညွှတ်လိုက်၏။

'ကောင်းပါပြီ ခင်ဗျား၊ အခု ကျွန်တော်အစိုးရပြသက်သေအဖြစ်နဲ့ ဦးဖုန်းကို ခေါ်ပါတယ်'

'ဘယ်လိုဗျ ဦးဘဂျမ်း၊ ခင်ဗျားက မျက်မြင်သက်သေ ဦးစိန်မြကို ခေါ်မယ်လို့ထင်နေမိတာ'

တင်မောင်ဆွေက ဦးဘဂျမ်းအား မျက်ခုံးတစ်ဖက်ပင့်လျက် ခပ်ငေါ့ငေါ့အသံဖြင့် မေးလိုက်သည်။

'ကျုပ်အမှုကို ရုံးတော်မှာတင်ပြတာမှာ ခင်ဗျားရဲ့ညွှန်ကြားချက်ကို မလိုပါဘူး။ ကျုပ်သဘောနဲ့ကျုပ်တင်ပြပါရစေ'

ဦးဘဂျမ်းက တင်မောင်ဆွေအား ပြန်အော်လိုက်သည်။

'ခုနကလည်း ခင်ဗျားဟာ ကျွန်တော့်ကိုအမျိုးမျိုးချဲလင်းလုပ်တယ်။ အခု ခင်ဗျားကို ကျုပ်ကချဲလင်းပြန်လုပ်ပါရစေ။ ခင်ဗျားခုနက ဝံ့ဝံ့စားစား ကတိပေးထားခဲ့တဲ့အတိုင်း ခင်ဗျားရဲ့အလွန်အရေးပါအရာရောက်တဲ့ မျက်မြင်သက်သေ ဦးစိန်မြကို ခေါ်လိုက်စမ်းပါ'

ဦးဘဂျမ်းသည် တင်မောင်ဆွေအား မျက်လုံးကြီးများပြူး၍ ကြည့်လိုက်သော်လည်း ဘာမှပြန်မပြောဘဲ...

'ကဲ... အစိုးရပြသက်သေ ဦးဖုန်းခင်ဗျား၊ ခုံပေါ်ကို တဆိတ်လောက်ကြွပါ'

တင်မောင်ဆွေက အားရကျေနပ်စွာ ပြုံးနေလိုက်သည်။

တရားသူကြီး ဦးမင်းညိုသည်လည်း ပြုံးလိုဟန်တူပေသည်။ နှုတ်ခမ်းကို တင်းကြပ်စွာစေ့လျက် ဣန္ဒြေကြီးလုပ်နေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သေဦးဖုန်းသည် မိမိမှာရွှေချောင်းရွာမှ အရပ်လူကြီးတစ်ဦးဖြစ်ပြီး မြေပိုင်ရှင်ဖြစ်ကြောင်း၊ မိမိသည် ရန်ကုန်မှဝယ်ယူပြီး လိုင်စင်နှင့်ကိုင်ဆောင်နေသည့် သေနတ်ကို မိမိအသုံးမလိုတော့သည့်အတွက် မိမိထံလာဝယ်သူတစ်ယောက်အား ပြန်လည်ရောင်းချခဲ့ကြောင်းကို အစစ်ခံပြီးနောက် ဝယ်ယူသူ၏ ပုံပန်းသဏ္ဌာန်ကိုပါ ပြန်လည်၍ ပြောပြပြန်သည်။ မိမိရောင်းချလိုက်သော သေနတ်မှာ ယခု အစိုးရပြသက်သေခံပစ္စည်း(က)ဖြစ်ကြောင်းကိုလည်း ထပ်မံထွက်ဆိုပြန်၏။

'ကဲ… ဦးဖုန်း၊ ခင်ဗျားဆီက ဒီသေနတ်ကို ဝယ်သွားတဲ့လူကို ခင်ဗျားထပ်တွေ့သေးသလား'ဟု ဦးဘဂျမ်းက မေးလိုက်သည်။

'ဟုတ်ကဲ့ တွေ့ပါတယ်ခင်ဗျား'

'အဲဒီလူက ဘယ်သူလဲ'

'သူ့နာမည်ဟာ ကိုကောင်းစိန်လို့ကျွန်တော်သိရပါတယ်'

'ခင်ဗျား သူ့ကို ဘယ်မှာတွေ့ခဲ့တာလဲ'

'ခင်ဗျားရဲ့ရုံးမှာ တွေ့ခဲ့ရပါတယ်'

ဦးဘဂျမ်းသည် တင်မောင်ဆွေအား နှုတ်ခမ်းမဲ့လျက် လှမ်းကြည့်လိုက်၏။

'ကဲ… ဦးတင်မောင်ဆွေခင်ဗျား၊ ကျွန်တော့်သက်သေကို ပြန်လည် စစ်ဆေးနိုင်ပါတယ်'

'ဘာမှ စစ်ဆေးစရာမရှိပါဘူးခင်ဗျာ၊ ခင်ဗျားရဲ့သက်သေ ဦးစိန်မြကို ဘယ်တော့ခေါ်မှာလဲ'

တင်မောင်ဆွေက တစ်ဖက်သားကို မခံချိမခံသာဖြစ်စေ





သော အပြုံးဖြင့် ပြန်ဖြေလိုက်သည်။

'တရားသူကြီးမင်းခင်ဗျား၊ အခုလို ဦးတင်မောင်ဆွေက ကျွန်တော့်ကို စနေတာ ကျေးဇူးပြုပြီး တားမြစ်ပေးပါ'

'သူစနိုင်ဖို့ အခွင့်အရေးကိုလည်း ခင်ဗျားက ဖော်ပေးခဲ့တာပဲ မဟုတ်လား ဦးဘဂျမ်း'

တရားသူကြီးက ဦးဘဂျမ်းအား ခပ်ပြုံးပြုံးဖြင့်ကြည့်၍ ပြန်ပြောလိုက်၏။

'ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျား၊ အခု ဦးတင်မောင်ဆွေပြုမူနေပုံဟာ မသင့်တော်ပါဘူး'

တရားသူကြီး ဦးမင်းညို၏မျက်နှာသည် ရုတ်တရက် တင်းမာသွား၏။

'မသင့်လျော်ဘူးပဲထားပါတော့၊ ဒါပေမဲ့ ခင်ဗျားကို တစ်ခု ပြောချင်တယ် ဦးဘဂျမ်း၊ ခင်ဗျား ဘယ်လိုအချိန်ဆွဲဆွဲရပါတယ်။ ခင်ဗျားရဲ့အမှုတစ်ခုကို ခင်ဗျား သဘောကျ ဘယ်လိုတင်တင် တင်နိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ ခင်ဗျားဟာ ရုံးတော်ကို ခင်ဗျားအမှုအတွက် သက်သေတင်ပြနေတယ်ဆိုတာကိုလည်း သတိပြုပါ။ အခု ခင်ဗျားရဲ့အမှုအတွက် အင်မတန်မှ အရေးကြီးတဲ့သက်သေဟာ ဦးစိန်မြလို့ ကျွန်တော် နားလည်ထားရတယ်။ ဒီသက်သေကပဲ အခု တရားခံမကို အိုင်ဒီတီဖိုင်းလုပ်ထားတယ်ဆိုတာကို ကျူပ်နားလည်ထားရတယ်'

'ဟုတ်ပါတယ် ခင်ဗျား'

'ပြီးတော့လည်း ခင်ဗျားဟာ ဒီသက်သေကို ခင်ဗျားအမှုစတင်စဉ်မှာ ဖွင့်ဟပြောဆိုခဲ့တဲ့ စကားတွေဟာ ဒီစကားတွေ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးလေ။ ခင်ဗျားရဲ့စွပ်စွဲချက်တွေကို ဒီသက်သေအားဖြင့် အထောက်အထား ခိုင်လုံစေမယ်လို့ ကြွားဝါခဲ့ပါသေးတယ်။ ကျုပ် တရားသူကြီး လုပ်ခဲ့တာကြာပါပြီ၊ ဦးဘဂျမ်း ခင်ဗျားဟာ အခုလို အင်မတန်အရေးကြီးတဲ့သက်သေကို မတင်ဘဲ အချိန်ဆွဲနေရင် ခင်ဗျား ဒီလိုဘာကြောင့် အချိန်ဆွဲတယ်ဆိုတာ ကျုပ်ကလည်း နားလည်ပါတယ်။ ဒီတော့ကာ ဒီသက်သေ ဦးစိန်မြရဲ့ ထွက်ဆိုချက်ဟာ အင်မတန် အားနည်းသွားလိမ့်မယ်။ အဲဒါ ခင်ဗျားကို ကျုပ်က သတိပေးတာပဲ။ ကဲ··· အမှုကို ဆက်တင်ပါ'

ဦးဘဂျမ်းသည် နှုတ်ခမ်းကို ကိုက်လျက် ခေတ္တမျှ ခပ်တွေတွေလုပ်နေသည်။ ပြီးမှ ချောင်းတစ်ချက်ဟန့်ကာ···

'ကျွန်တော် အခုသက်သေ ဦးစိန်မြကို ခေါ်ပါတော့မယ် ခင်ဗျား'ဟု ပြောလိုက်၏။

'ဦးစိန်မြသည် သက်သေခုံပေါ်သို့ တက်လာပြီးနောက် မိမိသည် ဓမ္မစေတီလမ်းမှ ဘောင်ဒရီရိပ်သာတိုက်ခန်းနံပါတ် ( )တွင်နေကြောင်း၊ မိမိ၏ တိုက်ခန်းပြတင်းပေါက်မှ ကြည့်လျှင် တိုက်ခန်း၏ ကားရုံများသို့ ကောင်းစွာ လှမ်း၍ မြင်နိုင်ကြောင်း ငါးရက်နေ့က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို မိမိကောင်းစွာ မှတ်မိကြောင်း၊ ထိုညနေခြောက်နာရီခန့်တွင် ကားရုံဆီမှ မော်တော်ကားတစ်စီးစက်သံ တဖုန်းဖုန်း တဒိုင်းဒိုင်းဖြစ်နေ၍ မိမိထွက်ကြည့်မိကြောင်း'ဟု ထွက်ဆို၏။

'အဲဒီအခါမှာ ခင်ဗျား ဘာတွေ့ရသလဲ'ဟု ဦးဘဂျမ်းက မေးလိုက်သည်။

'ကျွန်တော်ဟာ ကားတစ်စီးနဲ့ လူနှစ်ယောက်ကို ကားရုံ





ရှေ့မှာ တွေ့ရပါတယ်'

'ခင်ဗျားနဲ့သူတို့ဟာ ဘယ်လောက်ဝေးပါသလဲ'

'သိပ်မဝေးပါဘူး။ ကျွန်တော့်အောက် တည့်တည့်မှာပါပဲ'

'သူတို့ရပ်တဲ့နေရာမှာ မီးရောင်လင်းနေသလား'

'မော်တော်ကားရဲ့ ရှေ့ဓာတ်မီးရောင်က လင်းနေတာပဲ။ အဲဒီလူနှစ်ယောက်က ကားရုံထဲကို ဝင်ကြည့်နေကြတယ်။ သူတို့ကို နောက်ကျောဘက်က မြင်ရတာပါ။ ဒါပေမဲ့ သူတို့ဘယ်လိုဝတ်စားထားတယ်ဆိုတာကိုတော့ ကျွန်တော်ကောင်းကောင်း တွေ့ရနိုင်ပါတယ်'

'ကောင်းပြီ၊ အခု သူတို့ရဲ့ ပုံပန်းသဏ္ဌာန်တွေကို ပြောပြစမ်းပါဗျ'

'ဟုတ်ကဲ့··· ကျွန်တော်တွေ့ခဲ့ရတဲ့ လူနှစ်ယောက်အနက် တစ်ယောက်ကတော့ အခုအမှုမှာ တရားခံမဖြစ်နေတဲ့ ရီရီညွန့်ပါပဲ။ သူဟာ ကြက်သွေးရောင်ကတ္တီပါအင်္ကျီနဲ့ ထမီအပြာ ဝတ်ထားပါတယ်။ နောက် ရဲဘက်က အရာရှိတွေက သူ့အား ကျွန်တော့်ကို ပြတဲ့အခါမှာ ဒီအဝတ်အစားတွေပဲ ဝတ်ထားပါတယ်'

'ကဲ··· ကောင်းပြီ၊ နောက်တစ်ယောက်ကကော'

ဦးစိန်မြသည် ထိုမေးခွန်းကို ရုတ်တရက် မဖြေဘဲ သူ၏ ဦးခေါင်းကိုသာ လက်ချောင်းများနှင့် ကုတ်နေလိုက်သည်။

'ကဲ··· ဘယ်လိုလဲ ပြောလေဗျာ'ဟု ဦးဘဂျမ်းက ထပ်၍ တိုက်တွန်းလိုက်တော့မှ···

'အဲ··· အဲဒါကတော့ ကျွန်တော်လည်း စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေပြီဗျ'ဟု ပြန်ဖြေလိုက်ရာ တရားခွင်အတွင်းဝယ် ရယ်သံ



www.burmeseclassic.com

www.burmeseclassic.com



များထွက်ပေါ်လာ၏။

ဦးဘဂျမ်းသည် ဦးစိန်မြအား မျက်မှောင်ကြီးကြုတ်ပြီး ကြည့်လျက်...

'ခင်ဗျာမှာ မျက်စိနှစ်လုံးပါတာပဲ။ ခင်ဗျား မြင်တာကို ခင်ဗျား မပြောနိုင်ဘူးလား'ဟု စိတ်တိုစွာဖြင့် မေးလိုက်၏။

'မှန်ပါတယ် ကျွန်တော့်မှာ မျက်စိနှစ်လုံးရှိသလို နားနှစ်ဖက်လည်း ရှိတာပဲဗျ။ အဲဒီနားနှစ်ဖက်နဲ့ပဲ ခုနက ခင်ဗျားတို့ပြောခဲ့တာတွေကိုကြားခဲ့ရပြီပဲ'

ဒီတစ်ခါ ထွက်ပေါ်လာသော ရယ်သံများတွင် ရယ်သံများတွင် တရားသူကြီး ဦးမင်းညို၏ ရယ်သံပါရောယှက်ပါလာတော့သည်။ တရားခွင်ပြန်လည် ငြိမ်ကျသွားသော အချိန်၌ ဦးဘဂျမ်းက မျက်နှာခပ်မည်းမည်းဖြင့်...

'ကဲ... ခင်ဗျားမြင်သမျှကို ပြောပြစမ်းပါခင်ဗျာ'

'ကျွန်တော်မြင်ရတာတော့ အရပ်မြင့်မြင့် လူတစ်ယောက်ပဲ။ သူ့မျက်နှာကိုတော့ ကျွန်တော်မြင်လိုက်ရတာ မဟုတ်ဘူး။ ကာယဗလတော်တော်တောင့်တင်းပုံရတယ်။ သူက သက္ကလပ်ဦးထုပ်မွေးလေးဆောင်းထားပြီး အုန်းခွံရောင် ဂျာကင်အင်္ကျီ အရောင်ခပ်ရင့်ရင့်ဘောင်းဘီရှည်ဝတ်ထားပါတယ်'

'ခင်ဗျား ဒီလူကို နောက်ထပ်တွေ့ရသေးသလား။ ဘယ်သူဆိုတာကို ပြောပြနိုင်သလား'

'အဲဒါကိုတော့ ကျွန်တော်လည်း မပြောတတ်ပါဘူးဗျာ'

'ထားပါတော့၊ ဒါပေမဲ့ အခု တရားခံမဟာတော့ အဲဒီညက ခင်ဗျားတွေ့ခဲ့ရတဲ့မိန်းမပဲလို့ အတိအကျ ပြောနိုင်တယ်မဟုတ်





လား'

'အဲဒီညက သူဝတ်ထားတဲ့ အဝတ်အစားအရတော့ ပြောနိုင်ပါတယ်။ အဲဒီမိန်းမနဲ့အတူ ခင်ဗျားတွေ့ခဲ့ရတဲ့ သူကော အခု ခင်ဗျားရှေ့မှာ တွေ့နေရတဲ့လူနဲ့ မတူဘူးလား'

ဦးဘဂျမ်းက တင်မောင်ဆွေထံ လှမ်းကြည့်လျက်မေးလိုက်သည်။

'ဒီမေးခွန်းကို ကျွန်တော်ကန့်ကွက်ပါတယ် တရားသူကြီးမင်းခင်ဗျား၊ သက်သေကို တမင်သက်သက် ညွှန်ကြားပြသရာရောက်ပါတယ်'

'ကန့်ကွက်ချက်ကို ရုံးတော်က လက်ခံတယ်'

တရားသူကြီးက တင်မောင်ဆွေ၏ ကန့်ကွက်ချက်ကို လက်ခံလိုက်သည်တွင် ဦးဘဂျမ်းမှာ မျက်နှာကြီးနီရဲတက်လာပြီး သက်သေကို နောက်ထပ်မစစ်ဆေးတော့ဘဲ တင်မောင်ဆွေအား ပြန်လှန်စစ်ဆေးခွင့်ပေးလိုက်၏။

'ကဲ... ဦးစိန်မြ၊ ခင်ဗျားဟာ အဲဒီညက တွေ့ခဲ့ရတဲ့လူကို နောက်တစ်ခါပြန်တွေ့မိခဲ့တယ်လို့ ထင်ခဲ့တယ်မဟုတ်လား'

တင်မောင်ဆွေက ဦးစိန်မြအား စတင်၍ မေးခွန်းထုတ်လိုက်၏။

'ဟုတ်ပါတယ် ခင်ဗျာ၊ အဲဒီလူကို ကျွန်တော် ဟိုညက တွေ့ခဲ့ရတယ်လို့ အမှန်ပဲထင်ခဲ့မိပါတယ်။ ခုနက ရဲအုပ်မင်း ဦးခင်မောင်အုန်း ပြောသွားတဲ့အတိုင်းပါပဲ'

'ကောင်းပြီ၊ အမှုဖြစ်ပွားတဲ့ညက ကားရုံရှေ့မှာ ခင်ဗျား တွေ့ရတဲ့လူဟာ ခင်ဗျားနဲ့ဦးခင်မောင်အုန်း အင်းယားကန်စောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ညက အိမ်ထဲက ပြေးထွက်လာတဲ့လူနဲ့ အရပ်အမောင်းခြင်း တူညီပြီး အရောင်အသွေးတူညီတဲ့ အဝတ်အစားတွေဝတ်ထားတဲ့လူနဲ့ အတူတူပဲ မဟုတ်လား'

'မှန်ပါတယ်ခင်ဗျာ'

'ဒါပေမဲ့ ခင်ဗျားဟာ အဲဒီလူရဲ့မျက်နှာကိုတွေ့ကို မတွေ့လိုက်ရဘူး မဟုတ်လား'

'မတွေ့ရပါဘူး ခင်ဗျာ'

'ခင်ဗျား ကားရုံရှေ့မှာ တွေ့ခဲ့ရတဲ့ လူကိုလည်း ဒီအတိုင်းပဲမဟုတ်လား။ ခင်ဗျားက သူ့ကို ကျောဘက်ကပဲ တွေ့လိုက်ရတယ် မဟုတ်လား'

'မှန်ပါတယ်ခင်ဗျား'

'ဒီလိုဆိုရင် ဒီလူရဲ့အရပ်အမောင်းချင်းတူပြီး အဝတ်အစားခြင်း ဆင်တူဝတ်ထားတဲ့လူဟာလည်း ခင်ဗျားအတွက်တော့ ဒီလူပဲလို့ထင်စရာပဲမဟုတ်လား'

'ဒီလိုလည်း မဟုတ်ဘူးခင်ဗျ၊ ဒီလူကိုတော့ ကျွန်တော် ရွေးထုတ်နိုင်တယ်လို့ ထင်တာပဲ'

'ဟုတ်ပြီ၊ ခင်ဗျားဟာလည်း အဲဒီညက ရွေးထုတ်ခဲ့တာပဲမဟုတ်လား'

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

'ခုနက ရဲအုပ်ဦးခင်မောင်အုန်းထွက်ဆိုသွားတာကို ခင်ဗျားကြားလိုက်ရတယ်မဟုတ်လား။ အဲဒီညက အင်းယားကန်စောင်းအိမ်ထဲက ထွက်ပြေးလာတဲ့လူဟာ အမှုဖြစ်ပွားတဲ့ညက ခင်ဗျားတွေ့ခဲ့ရတဲ့ လူပဲရယ်လို့ ခင်ဗျား ရွေးထုတ်ခဲ့တယ်မဟုတ်လား'





'အေးဗျ အဲဒီညကတော့ ကျွန်တော် မှားသွားပါတယ်'ဟု ဦးစိန်မြက ရှက်ကိုးရှက်ကန်း အမူအရာကလေးဖြင့် ဝန်ခံလိုက်ရာ၏။

'ဘာဖြစ်လို့ ခင်ဗျား အဲသလိုမှားတယ်ထင်သလဲ'

'အဲ... အဲဒီညက အဲဒီလူဟာ ခင်ဗျားမဟုတ်ဘူးဆိုတာကို ခုနကပဲ အထောက်အထားပြခဲ့ပြီ မဟုတ်လား'

'အခြား စကားအားဖြင့်ဆိုရင်တော့ ခင်ဗျား ကားရုံရှေ့မှာ တွေ့ခဲ့ရတဲ့လူဟာ တင်မောင်ဆွေပဲရယ်လို့ ခင်ဗျားကိုရဲတွေက အစကတည်းက ပြောထားခဲ့လို့ မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

တင်မောင်ဆွေက ဦးဘဂျမ်းဘက်သို့ လှည့်ကြည့်လိုက်ရာ ဦးဘဂျမ်းခမြာ အကြီးအကျယ်မျက်နှာပျက်သွားသည်ကို တွေ့လိုက်ရသဖြင့် ကရုဏာသက်သွားမိလေသည်။ ပြီးမှ သက်သေဦးစိန်မြဘက်သို့လှည့်၍ မေးခွန်းထုတ်ပြန်သည်။

'ဒီလိုဆိုရင် အဲဒီညက ခင်ဗျားရွေးထုတ်ခဲ့တာ မှားကြောင်းဝန်ခံတယ်ပေါ့'

'ဝန်ခံပါတယ် ခင်ဗျာ'

'အမှုဖြစ်ပွားတဲ့ညကလည်း ခင်ဗျား ကားရုံရှေ့မှာ တွေ့ခဲ့ရတဲ့ မိန်းမဟာ ယောကျ်ားတစ်ယောက်နဲ့ ရပ်နေခဲ့တယ်နော်'

'ဟုတ်ပါတယ် ခင်ဗျား'

'ဒီလိုဆိုရင် ခင်ဗျားဟာ အဲဒီယောကျ်ားကိုတော့ ရွေးထုတ်နိုင်ဘဲ ဒီမိန်းမဟာလည်း ရီရီညွန့်ပါပဲလို့ ခင်ဗျားဟာ အတိအကျ ဘယ်လိုရွေးထုတ်နိုင်ပါ့မလဲ'

'သူ့အဝတ်အစားအရပါ ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'နို့… သူနဲ့အတူရှိနေခဲ့တဲ့ ယောကျ်ားကိုလည်း အ… အစားကို ကြည့်ပြီး ရွေးထုတ်ခဲ့တာမဟုတ်လား။ အဲသလို ရွေး… ခဲ့ရာမှာ ခင်ဗျားမှားခဲ့တယ်ဆိုတာကိုလည်း ခင်ဗျား ခုနက ဝန်… မဟုတ်လား'

'မှန်ပါတယ်ခင်ဗျာ'

'အား… ကျေးဇူးပါပဲ၊ ကျွန်တော် ဆက်မေးစရာမရှိ… ပါဘူးခင်ဗျာ'

တရားသူကြီးသည် နာရီကို လှမ်းကြည့်လျက်…

'ကဲ… ရုံးတော်ကို နေ့လည်စာစားချိန် ခေတ္တရပ်… ပါစို့'ဟု ပြောလိုက်၏။

❖ ❖ ❖

# အခန်း - ၂၆

တရားသူကြီးဦးမင်းညိုက တရားခွင်အတွင်းမှ ထွက်သွားသည်နှင့်တစ်ပြိုင်နက် တင်မောင်ဆွေ၏ လက်မောင်းတစ်ဖက်ကို မေစီက သူမ၏လက်ကလေးနှစ်ဖက်ဖြင့် အားရပါးရ ဖျစ်လိုက်သည်။

'ကိုဆွေက သိပ်တော်တာပဲနော်'ဟု ဂုဏ်ယူဝံ့ကြွားသော အပြုံးဖြင့် ပြောလိုက်လေ၏။

ရီရီညွန့်ကလည်း တင်မောင်ဆွေအား ရွှင်ပျသော အပြုံးကလေးဖြင့်ကြည့်လိုက်လေ၏။

'ကျွန်မတော့ သိပ်ကိုအားရတာပဲရှင်။ စိတ်လည်း တော်တော် သက်သာရာရသွားမိတယ်'

တင်မောင်ဆွေက သူမအား တည်ကြည်သောမျက်နှာထားဖြင့်ကြည့်လိုက်၏။

'အခုဟာ အစပဲရှိသေးတယ် ရီရီညွန့်၊ ကျုပ်တို့ ကိုစိန်မြ… က အိုင်ဒီတီဖိုင်းလုပ်တာကို မခိုင်မာတော့အောင် လုပ်နိုင်… သာ ရှိသေးတာ၊ ဒါပေမဲ့ သူကတော့ ခင်ဗျားကို အတိအကျ အိုင်ဒီတီဖိုင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတာ၊ ဒီတော့ကာ ခင်ဗျားဟာ အမှုဖြစ်ပွားတဲ့အချိန် ကားရုံရှေ့မှာ မရှိပါဘူးဆိုတာ တနည်းနည်းနဲ့ ပြနိုင်မှစိတ်ချ

ရီရီညွန့်သည် ချက်ချင်းပင် မျက်နှာကလေးညှိုးကျသွား

'ပြီးတော့ မောင်မြိုင်ကြီး အသတ်ခံခဲ့ရတာကိုကောင်း က ခင်ဗျားကိုပေးထားတဲ့ သေနတ်ပဲ။ နောက်ပြီးတော့လည်း ခင် ယူမယ့်ယောကျ်ား ဦးစောဝင်းအသတ်ခံရတာလည်း ရှိသေးတ ဦးစောဝင်းအသတ်ခံရခြင်းအားဖြင့်လည်း ခင်ဗျားဟာ သူ့အ အာမခံ ငွေနှစ်သောင်းကိုလည်းရဦးမယ်မဟုတ်လား'

ရီရီညွန့်သည် မျက်နှာကလေးပျက်သွားပြီးမှ တင်မေ ဆွေအား တောင်းပန်အသနားခံသော မျက်နှာကလေးဖြင့်ကြည့် ရှာသည်။

'အို… ကိုတင်မောင်ဆွေရယ်၊ ရှင်နားမလည်ဘူး ဟင်။ ရှင့်ကို ကျွန်မ ဘယ်နှစ်ခါရှင်းပြရမလဲ။ ကျွန်မဟာ ဦး ဝင်းကို အင်မတန်ချစ်ခဲ့ပါတယ်။ ဦးစောဝင်းအခုလို သေသွား ဟာ ကျွန်မအတွက် အင်မတန်ကြေကွဲစရာ ကောင်းခဲ့ပါတ ဦးစောဝင်းဟာ ကျွန်မအတွက် နောင်ရေးလုံခြုံမှုကို အာမခံပေး လူတစ်ယောက်ပါ၊ သူ့အခုလို သေသွားရတာဟာ ကျွန်မအ အင်မတန်နစ်နာပါတယ်ရှင်…'

'ဒါပေမဲ့ ခင်ဗျားဟာ ခင်ဗျားနောင်ရေးကို စိတ်ချ ဦးစောဝင်းကိုယူဖို့ ကြံစည်ထားပေမယ့် ခင်ဗျားတကယ်ချစ်တ ကိုကောင်းစိန်ဖြစ်နေရင်ကော၊ အဲဒီတော့ ခင်ဗျားဟာ သူ့ကိုယူ အတွက် ငွေနှစ်သောင်းအာမခံငွေရတဲ့ နည်းလမ်းကို ညွှန်ပြ ရောဗျာ'





'ဪ… ကိုဆွေကလည်းရှင် ဘာတွေပြောနေတာလဲ။ င်ခုကျွန်မကို မေးနေပုံက အစိုးရရှေ့နေကျနေတာပဲ'

'ခင်ဗျားကို ဦးဘဂျမ်းက စစ်ရင် ကျုပ်အခုမေးနေရတာ က်တောင် ဆိုးဦးမယ်နော်။ ခင်ဗျားကို ကျုပ်မေးဦးမယ်။ ခင်ဗျား ာ ဘာဖြစ်လို့ ဟိုနေ့ညက ကျုပ်ခိုင်းသလို အလောင်းကို တွေ့တွေ င်း ရဲဘက်ကို ဖုန်းမဆက်ခဲ့ရတာလဲ။ အဲဒီအချိန်တုန်းကဆိုရင် သေနတ်ဟာ ခင်ဗျားလက်ကိုင်အိတ်ထဲမှာပဲ ရှိနေခဲ့တာပဲ'

ရီရီညွန့်က တင်မောင်ဆွေနှင့်မျက်နှာချင်း မဆိုင်တော့ဘဲ က်လွှာချပစ်လိုက်လေ၏။

'အို… ကိုတင်မောင်ဆွေ၊ အဲဒါကိုတော့ ကျွန်မ မပြော ဘူးရှင်။ ကျွန်မကို မမေးပါနဲ့…'

'ဒီလိုဆိုရင်တော့ ခင်ဗျားဟာ အခု လူသတ်မှုနဲ့ စွဲချက်တင် တော့မှာနော်… ခင်ဗျားအမှုကို စစ်ဆေးခဲ့တဲ့အခါမှာလည်း ဗျားဟာ လူသတ်မှုနဲ့အပြစ်ဒဏ်ခံရတော့မှာပဲ'

ထိုအခါမှ ရီရီညွန့်ရဲ့ မျက်လုံးများသည် ပြူးကျယ်၍ ကြကာ တင်မောင်ဆွေအား စူးစိုက်၍ကြည့်လိုက်၏။

'အို… ကိုတင်မောင်ဆွေတစ်ယောက်လုံး ရှိနေတာပဲရှင်။ င်ကို ကျွန်မ အားကိုးပါတယ်'

'ခင်ဗျား ကျုပ်ကိုချည်း အားကိုးလို့မဖြစ်သေးဘူး။ ဟိုည ာ ဘာဖြစ်ခဲ့တယ်ဆိုတာကို၊ ခင်ဗျား ကျုပ်ကို အမှန်အတိုင်းပြော လိုသေးတယ်။ ခု ခင်ဗျားရင်ဆိုင်နေရတဲ့ အခြေအနေက တော် ဆိုးဝါးနေတာနော်။ ခင်ဗျားကို အဲဒီညက ကိုကောင်းစိန်က လုံးစီစဉ်ပေးခဲ့တယ်ဆိုတာ ကျုပ်သိပါတယ်။ ဒီကိစ္စမှာ မှုနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အသတ်ခံခဲ့ရပြီဗျ။ အဲဒီထဲက လူတစ်ယောက်ကို သတ်ခဲ့တဲ့သေနတ်ဟာလည်း လူသတ်မှုမဖြစ်ပွားခင်နဲ့ ဖြစ်ပွားပြီးတဲ့နောက်မှာ ခင်ဗျားလက်ထဲမှာပဲ ရှိနေခဲ့တယ်။ ဒီတော့ ဒီလူသတ်မှုဖြစ်ပွားချိန်မှာ ဒီသေနတ်ဟာ ခင်ဗျားလက်ထဲမှာ မရှိပါဘူးဆိုတာကို ရုံးတော်က ယုံကြည်နိုင်လောက်အောင် ခင်ဗျားဟာ အတော်ကြီးရှင်းပြရလိမ့်မယ်'

'ကိုတင်မောင်ဆွေ ဟိုညက ကျွန်မလုပ်ခဲ့တာတွေကို ကိုကောင်းစိန်က စီစဉ်သင်ပြခဲ့တာ မဟုတ်ပါဘူးရှင်'

'ဒါကို ကျုပ်က ယုံရမှာလားဗျာ'

တင်မောင်ဆွေက ယုံကြည်မှုကင်းသော အမူအရာဖြင့် ပြန်မေးရာက ရီရီညွန့်မှာ မျက်နှာကလေးနီမြန်းသွားရှာသည်။

'အို… ကျွန်မ တကယ်ပြောနေတာပါရှင်၊ သူက ကျွန်မကို ကူညီခဲ့တာ တစ်ခုပါပဲ။ ကျွန်မကို စီစဉ်သင်ပြခဲ့တာက သူ မဟုတ်ပါဘူး'

'သူမဟုတ်ရင် ဘယ်သူလဲ'

ရီရီညွန့်သည် နှုတ်ခမ်းကလေးများ ကိုက်ထားလိုက်သည်။ ပြီးမှ မပွင့်တပွင့်လေသံဖြင့်…

'ကျွန်မရဲ့ ဒုတိယယောကျ်ား ကိုညွန့်စိန်မောင်ပါပဲ။ အို… ကျွန်မဖွင့်ပြောမိပြီ၊ သူသိရင်တော့ သိပ်စိတ်ဆိုးတော့မှာပဲ'

တင်မောင်ဆွေက ရီရီညွန့်အား နှုတ်ခမ်းများတွန့်လျက် ကြည့်လိုက်သည်။

'ခင်ဗျားဟာ ရုပ်ရှင်မင်းသမီးလုပ်ဖို့ကောင်းတယ်'

'အို… ဘာဖြစ်လို့လဲရှင်…'





'အမူအရာလုပ်တာက သိပ်ကောင်းတာပဲကိုး။ ခင်ဗျား ပြောပြော ကျုပ်ယုံကြည်ဖို့ ခဲယဉ်းနေပြီ။ ခင်ဗျား ကျုပ်စကား အစကတည်းက နားမထောင်ခဲ့လို့ ဒီအမှုမှာ ကျုပ်ဟာ မပါချင် ပါခဲ့ရတယ်'

'ကိုဆွေကသာ ဘာမှမပြောရင် ဒီသေနတ်ဟာ ကျွန်မ ထဲမှာရှိနေတယ်ဆိုတာကို သူတို့က ဘယ်လိုမှ အထောက် ားပြနိုင်မှာ မဟုတ်ပါဘူး'

'ခင်ဗျားက ထင်သလား ရီရီညွန့်'

'ကိုကောင်းစိန်က ဒီလိုပဲ ပြောတာပဲလေ'

'တော်တော်လည်း လာတဲ့သူပဲ'ဟု တင်မောင်ဆွေက င်းစွာ ရေရွတ်လိုက်မိလေသည်။

'ကိုကောင်းစိန်က သိပ်ကိုဉာဏ်ရှိတဲ့ လူတစ်ယောက်ပဲ ွရဲ့။ သူက ပြောတယ်။ ဒီသေနတ်ဟာ ကျွန်မလက်ထဲမှာ ယ်ဆိုတာကို ရဲဘက်က ဘယ်လိုမှသဲလွန်စ လိုက်ရှာလို့မရဘူး အာမခံထားခဲ့တာ…'

'ဒီမှာ ရီရီညွန့် နားထောင်စမ်း၊ ခင်ဗျားဟာ ဦးစောဝင်းနဲ့ ထပ်ဖို့ စီစဉ်ထားတယ်။ ဦးစောဝင်းဟာ စီးပွားရေးကိစ္စတစ်ခု နက်ဖြန်နေ့ညမှာ ခရီးထွက်ဖို့ စီစဉ်ထားတယ်။ ဒါကို ခင်ဗျား သိပြီး အဲဒီညက တစ်ညလုံးလိုလို ခင်ဗျားရဲ့တိုက်ခန်းထဲမှာ ောင်းစိန်ကို ခင်ဗျားခေါ်ထားခဲ့တယ်။ ဒီအကြောင်းကို ရုံးမင်း သိသွားရင် ဘယ်လိုထင်ကြမလဲ'

ရီရီညွန့်မှာ မျက်နှာကလေးနီမြန်းလာရာက ကလေးဆိုးကြီး ယောက်လို နှုတ်ခမ်းများ စူပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အို… ဘယ်လိုပဲ ထင်ကြပါစေလေ။ ဟိုညက ကိုကောင်းစိန် ကျွန်မဆီလာလည်တာဟာ ရိုးရိုးလာလည်တာပဲဟာ ကိုကောင်းစိန်နဲ့ ကျွန်မဟာ မောင်နှမလိုပါပဲ၊ ဘယ်လိုမှဖောက်ပြန်ကြတာ မဟုတ်ဘူး'

'ဦးစောဝင်းက ကိုကောင်းစိန်ကို သိသလား'

'ဟင့်အင်း၊ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မတွေ့ဘူးကြပါဘူး'

'ကိုကောင်းစိန် ဒီကိစ္စထဲမှာကြားက ကန့်လန့်ကန့်လန့်ပါနေတာကို ကျုပ်တော့ မကြိုက်ဘူးရီရီညွန့်'

ရီရီညွန့်၏ မျက်လုံးများသည် ရုတ်တရက်တောက်ပြောင်လာရာက 'အို… ရှင်စောင့်ကြည့်စမ်းပါလေ၊ ကိုကောင်းစိန်က' ဟု ခံပြင်းသံကလေးဖြင့် ပြောဆိုလိုက်ပြီးမှ စကားကို တစ်ပိုင်းတစ်စ ဖြတ်ထားလိုက်သည်။

'ဆိုစမ်းပါဦးလေ၊ ကိုကောင်းစိန်က ဘာလုပ်ဦးမှာတဲ့လဲ'

'အို… ဘာမှ မလုပ်ပါဘူး'

ရီရီညွန့်က မြုံစိစိလုပ်နေပိုက်ရာ တင်မောင်ဆွေက သူ၏ မျက်နှာကို အကဲခတ်ကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်မိတော့သည်။

'ဟိုသေနတ်ပေါ်မှာ ကျုပ်လက်ပုံစံရောက်နေတယ်ဆိုတာကိုလည်း မေ့မထားနဲ့ဦး ရီရီညွန့်၊ ဒီအကြောင်းကို ခင်ဗျားက ရုံးတော်ကို ရှင်းပြရဦးမှာပဲ'

ရီရီညွန့်က ပါးနပ်လျှို့ဝှက်သော အပြုံးကလေးပြုံးလိုက်၏။

'ဒီအတွက် မစိုးရိမ်ပါနဲ့ ကိုတင်မောင်ဆွေ၊ ဒီအတွက်နဲ့





ပတ်သက်ပြီး ကိုကောင်းစိန်က ကျွန်မကိုပြောထားတာ ရှိပါတယ်။ ကျွန်မက ရှင်းပြပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၇

တရားရုံးမင်း ပြန်ထိုင်သည့်အခါတွင် ဦးဘဂျမ်းသည် မျက်နှာကြီးနီမြန်းလျက် စိတ်ဆိုးနေပုံရသေးပေသည်။ သူက အစိုးရပြသက်သေအဖြစ်နှင့် ကိုညွန့်စိန်မောင်အား ခေါ်လိုက်လေ၏။

ရီရီညွန့်သည် သူမ၏ ဒုတိယလင်အား သက်သေအဖြစ်နှင့် ခေါ်လိုက်သည်ကိုကြားရလျှင် မျက်နှာကလေးဖြူဖတ်ဖြူရော်ဖြစ်သွားကာ 'အို… ခက်တော့တာပါပဲရှင်၊ သူ့ကို သက်သေမခေါ်နိုင်းပါစေနဲ့'ဟု နှုတ်မှ တီးတိုးရေရွတ်လိုက်လေသည်။

'မျက်နှာမပျက်စေနဲ့ ရီရီညွန့်၊ ပြုံးနေစမ်း'

တင်မောင်ဆွေက သူမဘက်သို့ လှည့်ကာ ခပ်ပြုံးပြုံးပြောလိုက်ရသည်။ ရီရီညွန့်သည် ကြိုးစား၍ပြုံးလိုက်ရသော်လည်း သူမ၏ နှုတ်ခမ်းကလေးတွေတော့ တဆတ်ဆတ်တုန်ယင်နေလျက်ရှိနေလေသည်။

ကိုညွန့်စိန်မောင်ကား အသက် လေးဆယ်နီးပါးရှိကာ မဲနက်တောက်ပြောင်နေသော ဆံပင်ကို သပ်ရပ်စွာဖြီးထားပြီး ပိုး





တိုက်ပုံအင်္ကျီ ဘန်ကောက်လုံချည်စသည်ဖြင့် အဝတ်အစားကိုလည်း ပြောင်ပြောင်လက်လက် ဝတ်ဆင်ထားလေသည်။

သူသည် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချသော အမူအရာဖြင့် သက်သေခုံတွင် ဝင်ထိုင်ကာ မိမိ၏နာမည် နေရပ်နှင့်အလုပ်အကိုင်ကိုပြောဆိုပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ်နှင့် ရီရီညွန့်အား ဖျပ်ခနဲလှည့်ကြည့်လိုက်သည်။ သို့ရာတွင် သူ့မျက်နှာအမူအရာကတော့ ဘယ်လိုမှ ပြောင်းလဲ၍ မသွားဘဲတည်ကြည်စွာပင် ဦးဘဂျမ်းဘက်သို့လှည့်၍ ၎င်း၏မေးခွန်းများကို စောင့်နေလိုက်သည်။

'ကဲ… ဦးညွန့်စိန်မောင် အခုတရားခံမရီရီညွန့်ဟာ တစ်ခါတုန်းက ခင်ဗျားနဲ့အိမ်ထောင်ဘက်ဖြစ်ခဲ့ဖူးတယ် မဟုတ်လား'

'မှန်ပါတယ် ခင်ဗျာ'

'ခင်ဗျားတို့နှစ်ယောက် ဘယ်တုန်းကကွာရှင်းပြတ်စဲကြတာလဲ'

'လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်ကပါ'

'အခု ခင်ဗျားဟာ သူ့ကို မယားစရိတ် ထောက်နေရတယ်နော်'

ဦးဘဂျမ်းမေးသမျှကို ကိုညွန့်စိန်မောင်က တည်ကြည်လေးနက်စွာ အဖြေပေးနေလိုက်သည်။

'အခုလ ငါးရက်နေ့ညနေမှာ ခင်ဗျားဟာ ရီရီညွန့်နဲ့တွေ့ခဲ့သေးသလား'

'ဟုတ်ကဲ့ တွေ့ခဲ့ရပါတယ်'

'ဘယ်အချိန်မှာ တွေ့ခဲ့ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မြန်မာရီခွဲကျော်ကျော် ဂျနာရီထိုးကာနီးလောက်မှာပါ'

'တွေ့ရတဲ့နေရာကကော'

'ပန်းဆိုးတန်းက ကျွန်တော်တို့ရဲ့ စီးပွားရေးအသင်းတိုက်မှာပါ။ အဲဒီအချိန်မှာ ကျွန်တော်က အဲဒီမှာရောက်နေပါတယ်။ ဒါကို သူက ကျွန်တော့်ကိုတယ်လီဖုန်းဆက်ပြီး ကျွန်တော်နဲ့တွေ့ပါရစေလို့ အခွင့်တောင်းတယ်။ ဒါနဲ့ ကျွန်တော်က သူဆူဆူညံညံမလုပ်ဘူးဆိုရင် အသင်းတိုက်အဝင်ဝနားမှာ တွေ့ခွင့်ပေးမယ်လို့ ပြန်ပြောခဲ့ပါတယ်'

ထိုအခါမှ ကိုညွန့်စိန်မောင်သည် ရီရီညွန့်ထံတစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။ ရီရီညွန့်ကား နှုတ်ခမ်းကလေးများ ဖိကိုက်ကာ မျက်လွှာချထားလျက် ရှိနေသည်။

'သူက လာတွေ့သလား' ဟု ဦးဘဂျမ်းက ဆက်မေးနေပြန်၏။

'ဟုတ်ကဲ့ လာတွေ့ပါတယ်'

'အဲဒီအခါမှာ ဘယ်သူတွေကော ခင်ဗျားနဲ့အတူရှိနေခဲ့သလဲ'

'ဘယ်သူမှမရှိခဲ့ပါဘူး။ သူနဲ့ကျွန်တော် နှစ်ယောက်တည်းပါပဲ'

'သူက ခင်ဗျားကို ဘာပြောသလဲ'

'သူက သူဟာ ဒုက္ခကြီးတစ်ခုနဲ့ရင်ဆိုင်နေရတယ်လို့ ပြောပါတယ်။ ရန်ကုန်မှာမနေတော့ဘဲ လွတ်ရာကိုသွားရတော့မယ်လို့လည်းပြောပါတယ်။ ဒီတော့ ကျွန်တော်က သူ့ကို ငွေတစ်သောင်းငါးထောင်လုံးခဲနဲပေးရင် သူ့ကိုကျွန်တော်က လစဉ်ထောက်ပံ့နေရတဲ့





စရိတ်ကို ဆက်မယူတော့ပါဘူးလို့ ပြောပါတယ်'

'ခင်ဗျား သူ့ကိုတစ်လ စရိတ်ဘယ်လောက် ထောက်နေရသလဲ'

'တစ်လ ကျပ်ရှစ်ရာပါ'

'သူက လွတ်ရာပြေးမယ်ဆိုတာကို ရှင်းပြသေးသလား'

'သူ့အဆိုကတော့ သူ့ကားရုံထဲမှာ ယောကျ်ားတစ်ယောက်ရဲ့အလောင်းကို တွေ့ရတယ်တဲ့။ ပြီးတော့ ဒီလိုသေနေတဲ့လူဟာလည်း သူ့ပထမလင်ယောကျ်ားပါဆိုတာကို နောက်ဆုံးတော့ ဖွင့်ဝန်ခံတယ်။ ဒီအကြောင်းပေါ်သွားရင် သူ့အကြံအစည်တွေ အားလုံးပျက်ပြီး သူ ဒုက္ခရောက်ရတော့မယ်လို့လည်း ဆိုပါတယ်'

'ဒီတော့ ခင်ဗျားက သူ့ကို ဘာပြန်ပြောသလဲ'

ဦးဘဂျမ်းက ကိုညွန့်စိန်မောင်၏ အဖြေကို သဘောကျစွာ ခေါင်းတစ်ချက်ညိတ်လိုက်ရာက မေးခွန်းတစ်ခု ဆက်ထုတ်လိုက်ပြန်သည်။

'ကျွန်တော်ကလည်း သူ့ကို ကျွန်တော်ပေးနေရတာထက်ပိုမပေးချင်ဘူးလေ။ ဒါနဲ့ ကျွန်တော်က အခုချက်ချင်း ငွေတစ်သောင်းငါးထောင်ရှာဖို့ဆိုတာက မလွယ်တဲ့အကြောင်း ပြောလိုက်ပါတယ်။ ပြီးတော့လည်း သူပြောတာကို ကျွန်တော် သဘောတစ်ခုတည်းနဲ့ သဘောမတူနိုင်တဲ့အကြောင်း၊ ကျွန်တော့်ရှေ့နေတွေနဲ့တိုင်ပင်ရဦးမယ့်အကြောင်းဆိုတာကိုလည်း ပြောပြလိုက်ပါတယ်။ နောက်ပြီး ပေးရမယ့်ငွေတွေကလည်း များလွန်းလှတယ်လို့ ကျွန်တော်က ပြောခဲ့ပါတယ်'

'ခင်ဗျားရဲ့စကားပြန်ကို သူက လက်ခံခဲ့သလား'



www.burmeseclassic.com

www.burmeseclassic.com



'လက်မခံပါဘူး။ ကျွန်တော့်ကို သူက ငွေတစ်သောင်း ငါးထောင်များရင် တစ်သောင်းပဲပေးပါတော့။ ညသန်းခေါင် မတိုင် ခင်ပေးပါ။ မနက်စောစော သူ ရန်ကုန်က ထွက်တော့မယ်လို့ ပြောပါတယ်'

'နောက်ထပ်ပြီး ခင်ဗျားကို သူက လာဆက်သွယ်သေး သလား'

ကိုညွှန့်စိန်မောင်က ရှိရှိညွှန့်ထိုင်ရာသို့ မျက်စိတစ်ချက် ကစားလိုက်ပြန်ပြီးမှ ခေါင်းခါပြလိုက်သည်။

'သူပေါ်မလာတော့ပါဘူး။ ကျွန်တော်လည်း ညတွင်းချင်း ကျွန်တော့်ရှေ့နေကို သွားတွေ့တိုင်ပင်ပြီး၊ သူလာရင်ပေးဖို့ ငွေတစ် သောင်းနဲ့ သူလက်မှတ်ထိုးဖို့ သဘောတူညီချက်ကို အသင့်ဖြင့် ထားပါတယ်။ ဒါပေမဲ့ သူက ပေါ်မလာတော့ပါဘူး'

'စီးပွားရေးအသင်းတိုက်မှာ သူက ခင်ဗျားကို လာတွေ့ တော့ သူနဲ့အတူ ဘယ်သူမှအဖော်ပါမလာခဲ့ဘူး ဟုတ်သလား'

'ဟုတ်ပါတယ်'

'ခင်ဗျား မြိုင်ဆိုတဲ့အမျိုးသမီးကို သိသလား'

'ကျွန်တော် သူ့ကို တွေ့ဖူးပါတယ်'

'ခင်ဗျားနဲ့ တရားခံမ စီးပွားရေးကလပ်မှာ တွေ့စကား ပြောကြတုန်းက ဒီမြိုင်ဆိုတဲ့အမျိုးသမီးဟာ သူနဲ့ပါလာသလား'

'ပါမလာပါဘူး ခင်ဗျာ၊ သူတစ်ယောက်တည်းလာတာပါ'

ဦးဘဂျမ်းသည်ကျေနပ်အားရစွာဖြင့် ခေါင်းတစ်ချက်ညိတ် လိုက်ကာ တင်မောင်ဆွေအား လှမ်းကြည့်လိုက်သည်။

'ကဲ... ပြန်လှန်စစ်ဆေးနိုင်ပါပြီ' ဟုလည်း ချိုလင်းလှစ်





သော အပြုံးဖြင့်ပြောလိုက်၏။

တင်မောင်ဆွေက ထိုင်ရာမှဖြည်းညင်းစွာထကာ သက်သေ ကိုညွှန့်စိန်မောင်အား ရင်ဆိုင်လိုက်သည်။ ၎င်းထွက်ဆိုချက်များ သည် အစိုးရအတွက် အင်မတန်ထိရောက်ကာ တရားခံအတွက် တော်တော်ပင် ထိခိုက်နေသည်ကို တင်မောင်ဆွေက နားလည်ထား ပြီးဖြစ်နေ၏။

'ခင်ဗျားဟာ တရားခံမရှိရှိညွှန့်ကို တစ်လငွေရှစ်ရာစရိတ် ပေးနေရတယ်ပေါ့'

'မှန်ပါတယ်'

'ဒီလို တစ်လရှစ်ရာပေးနေရတဲ့ တာဝန်ကြီးကနေ သူ့ကို ငွေတစ်သောင်းငါးထောင်တစ်ခါတည်း ပေးလိုက်ရရုံနဲ့ ကင်းလွတ် သွားရမယ့် အရေးကို ခင်ဗျားက တုန့်ဆိုင်းနေခဲ့တယ်ဆိုတာကို ရုံးတော်က ယုံကြည်ရမှာလား'

'ကျွန်တော်က တုန့်ဆိုင်းနေခဲ့တာမဟုတ်ပါဘူး။ ကျွန်တော် ကသူ့ကို ငွေတစ်သောင်းငါးထောင် လုံးခနဲပေးဖို့ ဝန်လေးနေတယ် လို့ သူ့ကို အထင်ရောက်စေခဲ့တာပါ'

'ဟုတ်ပြီ ဒါပေမဲ့ တကယ်တမ်းမှာတော့ ခင်ဗျားဟာ ဒီငွေတစ်သောင်းငါးထောင်လုံးခနဲ တစ်ခါတည်းပေးပြီး သူ့ကို လစဉ် ငွေရှစ်ရာစရိတ်ပေးနေရတဲ့ တာဝန်ကြီးက ကင်းလွတ်ရဖို့ကို လိုလား ခဲ့တယ်မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

ကိုညွှန့်စိန်မောင်က မူမပျက် ခပ်ပြုံးပြုံးပင် ပြန်၍ အဖြေ ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ခင်ဗျားဟာ စီးပွားရေးသမားကုန်သည်တစ်ယောက်ပီပီ ခင်ဗျားလိုလားတာကို သူသိမသွားရအောင် ဟန်ဆောင်ခဲ့တယ်ဆိုပါတော့။ တနည်းအားဖြင့်ဆိုရင်လည်း ဈေးကိုင်ထားခဲ့တယ်ဆိုပါတော့ ဟုတ်သလား'

'မှန်ပါတယ်'

'တစ်နည်းအားဖြင့်ဆိုပြန်တော့ ခင်ဗျားဟာ သူ့ကို သတ်သတ် ညာပြောခဲ့တာပေါ့'

ကိုညွန့်စိန်မောင်သည် မျက်နှာကွက်ခနဲပျက်သွားတော့သည်။ မိမိတင်ပြသော သက်သေကို လူညာတစ်ယောက်အနေရောက်အောင် စကားအကွက်ဆင် ဖမ်းသွားသော တင်မောင်ဆွေကို ဦးဘဂျမ်းက ဒေါသဖြင့်လှမ်းကြည့်ပြီး ထိုင်ရာမှခုန်ထလိုက်သည်။

'တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော် ကန့်ကွက်ပါတယ်။ ဦးတင်မောင်ဆွေဟာ ကျွန်တော့်သက်သေကို တမင်သက်သက် စော်ကားနေတာပါ'

'ကျွန်တော်က သက်သေကို စော်ကားနေတာမဟုတ်ပါဘူး။ အမှန်ဖြစ်စေဖို့ဖော်ထုတ်နေတာပါ။ ဒါကို သက်သေက မခံချင်ဘူးဆိုရင် ခံသာတဲ့ အသုံးအနှုန်းနဲ့ ပြန်ပြောပါ့မယ်။ ကဲ… ကိုညွန့်စိန်မောင် ခင်ဗျားဟာ ခင်ဗျားရဲ့ဇနီးဟောင်းကို မုသားပြောခဲ့တယ်ဆိုပါတော့'

'ဒါလည်း အတူတူပဲ၊ ဘာထူးသေးသလဲ'

ဦးဘဂျမ်းက မကျေမနပ် ထပ်၍ ကန့်ကွက်လိုက်ပြန်သည်။





'ကျုပ်မေးတာကို ဟုတ်တယ် မဟုတ်ဘူးလို့ သက်သေက တစ်ခွန်းတည်း ဖြေနိုင်တာပဲ ဦးဘဂျမ်းရဲ့'

တင်မောင်ဆွေက ခပ်ပြုံးပြုံး ပြောလိုက်ရာ ဦးဘဂျမ်းက သူ့အား စိတ်ဆိုးစွာ မျက်လုံးကြီးများပြူးလျက် ကြည့်လိုက်သည်။

'ကဲ… ကိုညွန့်စိန်မောင် ခင်ဗျားဟာ ခင်ဗျားရဲ့ဇနီးဟောင်း ရီရီညွန့်ကို မုသားပြောခဲ့သလား မပြောခဲ့ဘူးလား'

'ဘာအကြောင်းနဲ့ ပတ်သက်လို့လဲဗျ'

'ခင်ဗျားက ရီရီညွန့်ကို လစဉ် ငွေရှစ်ရာ ထောက်နေရတာကို ငွေတစ်သောင်းငါးထောင် လုံးခနဲပေးပြီး တစ်ခါတည်း စာရင်းဖြတ်လိုက်ဖို့ ကိစ္စနဲ့လေ။ ဒါကို ခင်ဗျားက လိုလားပေမယ့် မလိုလားချင်ယောင်ဆောင်ခဲ့တယ်လေ'

'ဒါဟာ အခု စစ်နေတဲ့အမှုနဲ့ မသက်ဆိုင်ပါဘူး။ သက်ဆိုင်ရင်လည်း အရေးမပါပါဘူး'

ဦးဘဂျမ်းက ဝင်၍ ကန့်ကွက်လိုက်ပြန်သည်။

'အရေးပါတယ်လို့ ကျွန်တော် ယူဆပါတယ်'

'သက်သေက ဦးတင်မောင်ဆွေ မေးတာကို ဖြေပါလေ' ဟု တရားသူကြီး ဦးမင်းညိုက ဝင်၍ ညွှန်ကြားလိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော် သူ့ကို မုသားပြောမိပါတယ်'

ထိုအခါမှ ကိုညွန့်စိန်မောင်က မှုန်ကုပ်ကုပ်အမူအရာဖြင့် ပြန်ဖြေလိုက်သည်။

'သေသူ မောင်မြိုင်ကြီးကို ခင်ဗျားသိခဲ့တာ ဘယ်လောက်ကြာပြီလဲ'

'ကျွန်တော် သူ့ကို တွေ့တော့ တွေ့ဖူးခဲ့ပါတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ရီရီညွန့်ရဲ့ ပထမယောကျ်ားဆိုတာကိုတော့ ကျွန်တော် ကမသိခဲ့ပါဘူး။ အဲဒါကို ကျွန်တော် သိရတဲ့အခါကျတော့ တော် တော့်ကို အံ့သြမိခဲ့ရပါတယ်'

'ဒါပေမဲ့ မောင်မြိုင်ကြီးကို လူတစ်ယောက်အနေနဲ့တော့ သိထားခဲ့သပေါ့ ဟုတ်စ'

'ဟုတ်ကဲ့… ဦးသန်းရှိန်ရဲ့ ကားဒရိုင်ဘာအနေနဲ့တော့ သိထားခဲ့ရပါတယ်။ ဦးသန်းရှိန်ဟာ မြန်မာ့စီးပွားရေး အသင်းရဲ့ မင်းဘားတစ်ဦးပါပဲ။ စီးပွားရေးသမားချင်း အတူတူပဲဆိုပါတော့ဗျာ'

'ခင်ဗျားတို့ဟာ စီးပွားရေးသမားချင်း အတူတူဆိုတော့ အသင်းတိုက်မှာ မကြာခဏ ဆုံမိကြတယ်ဆိုပါတော့။ ဥပမာ ဦး သန်းရှိန်တင်မကဘူး။ သူ့ပါတနာတွေဖြစ်ကြတဲ့ ဦးစောဝင်းတို့ ဦးထွန်းမြတ်တို့ကိုပါပေါ့'

'ကျွန်တော်တို့ဟာ စီးပွားရေးသမားချင်း အတူတူဆိုပေ မယ့် စီးပွားပြိုင်ဘက်တွေလည်း ဖြစ်ကြတယ်။ ဒါကြောင့် ကျွန်တော် တို့ဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ခင်မင်ကြတာ မဟုတ်ပါ ဘူး။ တစ်ယောက် လုပ်တာကို တစ်ယောက်က မသိအောင် သတိ ထားကြရပါတယ်'

'မောင်မြိုင်ကြီးနဲ့ခင်ဗျား စကားကော ပြောဖူးသလား'

ကိုညွန့်စိန်မောင်သည် ခပ်ဆိုင်းဆိုင်းဖြစ်သွားပြီးမှ…

'ဟုတ်ကဲ့… ပြောဖူးပါတယ်။ ဒါပေမဲ့ ကိုယ်ရေးကိုယ် တာ ကိစ္စသက်သက်ပါ'

'ဘယ်လို ကိုယ်ရေးကိုယ်တာ ကိစ္စသက်သက်လဲ။ ဦး သန်းရှိန် ဦးထွန်းမြတ်နဲ့ ဦးစောဝင်းတို့ရဲ့ စီးပွားရေးလုပ်ငန်းသတင်း





တွေကို ကြိတ်မေးခဲ့တာလား'

ဦးဘဂျမ်းက ထိုင်ရာမှ ထလာပြန်ကာ…

'ကျွန်တော်ကန့်ကွက်ပါတယ်။ ဒါဟာ သက်သေကို အမင်သက်သက်စော်ကား ပြန်တာပါ'ဟု အော်လိုက်၏။

'ဦးတင်မောင်ဆွေ ခင်ဗျား ခုနကပြောတာကို ခင်ဗျားက အထောက်အထား ပြနိုင်သလား'

တရားသူကြီးက တင်မောင်ဆွေအား မေးခွန်းထုတ် လိုက်၏။

'မရှိပါဘူး ခင်ဗျား၊ ကျွန်တော်က စမ်းပြီးမေးနေတာပါ'

'ဒီလိုဆိုရင် ဦးဘဂျမ်းရဲ့ ကန့်ကွက်ချက်ကို ရုံးတော်က လက်ခံရမှာပဲ။ ဒါပေမဲ့ ခင်ဗျားက သက်သေကို သေသူမောင်မြိုင် ကြီးနဲ့ ဘာအကြောင်း စကားပြောခဲ့တယ်ဆိုတာကိုတော့ မေးနိုင် ပါတယ်'

တင်မောင်ဆွေက သက်သေ ကိုညွန့်စိန်မောင်ဘက်သို့ ငဲ့လှည့်လိုက်သည်။

'ကဲ… ကိုညွန့်စိန်မောင်၊ ခင်ဗျားဟာ သေသူ ကိုမြိုင်ကြီး နဲ့ ဘာအကြောင်း စကားပြောခဲ့ကြတာလဲ'

'ကျွန်တော်က ဒရိုင်ဘာတစ်ယောက်ကို နေ့စားငှားချင်လို့ သူ့ကို စုံစမ်းကြည့်တာပါ။ သူတို့ ပရိုက်ဗိတ်ကားဒရိုင်ဘာတစ်စု ဟာ အစုကလေးတစ်စုဖွဲ့ထားပြီး သူတို့ရဲ့ ရက်အားနေ့တွေမှာ တစ်ခြားလူရဲ့ကားတွေကို အလှည့်ကျ နေ့စားလိုက်မောင်းပေးတယ် ဆိုတာကို ကျွန်တော်သိထားရပါတယ်။ ဒါနဲ့ ကျွန်တော်က ဒရိုင်ဘာ မြိုင်ကြီးကို မေးကြည့်မိတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'မေးကြည့်တော့ သူက ဘာပြောသလဲ'

'သူက အဲဒီအစုကို သိနေပါတယ်။ သူကိုယ်တိုင်လည်း အဲဒီအစုမှာ ပါဝင်နေပြီး ဘယ်လိုအဆက်အသွယ် လုပ်ရတယ်ဆို တာကိုပါပြောပြပါတယ်။ သူကလည်း အဲဒီအစုထဲမှာ ပါပါတယ်။ သူ့အားလပ်ရက် ကြာသပတေးနေ့ဆိုတော့ သူဟာ ဗုဒ္ဓဟူးနေ့ည နေခြောက်နာရီကစပြီး သောကြာနေ့မနက်မှာမှ ပြန်အလုပ်ဝင် တယ်တဲ့။ ဒီတော့ သူ့အားလပ်ရက်ဆိုရင် သူက ကျွန်တော့်အတွက် ကားလာမောင်းပေးနိုင်တယ်လို့ဆိုတယ်'

တင်မောင်ဆွေက ခေါင်းညိတ်လိုက်ကာ အကြောင်းအ တစ်မျိုးလွှဲပြီး မေးခွန်းဆက်ထုတ်လိုက်ပြန်သည်။

'ကိုညွန့်စိန်မောင်၊ ခင်ဗျားဟာ ခင်ဗျားရဲ့ဇနီးဟောင်း အ အမှုမှာ တရားခံဖြစ်နေရတဲ့ မရီရီညွန့်အပေါ်မှာ ဘယ်လိုတွယ်တာ မှုမှ မရှိတော့ဘူးလားဗျ'

ကိုညွန့်စိန်မောင်သည် ရီရီညွန့်အား လှမ်းကြည့်လိုက်ပြီး ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး၊ ရီရီညွန့်နဲ့ ကျွန်တော်ဟာ ကွာရှင်းပြတ် ပြီးသားဖြစ်ပေမယ့် သူ့အပေါ်မှာ ကျွန်တော် ခင်မင်မှုတော့ ရှိနေ သေးတယ်'

'ဒီတော့ အမှုဖြစ်ပွားတဲ့ညက ရီရီညွန့်ဟာ ခင်ဗျား လာအကူအညီတောင်းတဲ့အခါမှာ ခင်ဗျားဟာကိုယ့်ကိုကိုယ် လည် ပြီဆိုပြီး ခင်ဗျားဟာ ကိုမြိုင်ကြီးရဲ့ အလောင်းဘေးမှာ သေနတ် တစ်လက်သွားချထားဖို့ သွန်သင်ပညာပေးခဲ့တယ် မဟုတ်လား ဒီလိုဆိုရင် ကိုမြိုင်ကြီးဟာ ကိုယ့်ကိုကိုယ် သတ်သေသွားတာ





ယ်လို့ ရဲဘက်က ယူဆမယ်လို့ ခင်ဗျားထင်ခဲ့တယ်'

'အို… မဟုတ်ရပါဘူး။ ကျွန်တော် ဒီလိုလုပ်ခဲ့တယ်လို့ ခင်ဗျား ဘယ်လိုမှအထောက်အထား မပြနိုင်ဘူး။ တရားခံမကို ကျွန်တော်က သူ့ကို သညာပေးတယ်လို့ ပြောချင်ပြောပေမယ့် ကျွန်တော်ကတော့ လုံးဝငြင်းဆိုပါတယ်'

ကိုညွန့်စိန်မောင်က မျက်နှာကြီးနီမြန်းလာပြီး ခါးခါးသီး သီးကြီး ငြင်းဆိုလိုက်တော့သည်။

'ရီရီညွန့်တွေ့ကြုံနေရတဲ့ အခက်အခဲထဲက လွတ်မြောက် င်မယ့်နည်းလမ်းအကြံဉာဏ်ဆိုလို့ ခင်ဗျားက ဘာမှမပေးခဲ့ဘူးလား'

'ကျွန်တော် သူ့ကို ဘာအကြံဉာဏ်မှ မပေးခဲ့ပါဘူး'

'ဒါနဲ့တောင် ခင်ဗျားက သူ့ကိုခင်မင်မှုရှိပါသေးတယ်လို့ ကပြောခဲ့တယ်'

'မှန်ပါတယ်၊ သူ့ကို ကျွန်တော့်က မိတ်ဆွေတစ်ယောက် သဘောထားပါတယ်'

'ဒါနဲ့တောင် ခင်ဗျားဟာ သူ့ကိုထောက်နေရတဲ့ စားစရိတ် ပြီးအပြတ်ကြေလည်ရေးမှာတော့ ခင်ဗျားဟာ သူရင်ဆိုင်နေရတဲ့ ခက်အခဲကို အခွင့်အရေးယူပြီး ငွေတစ်သောင်းငါးထောင်ပေးရ ကို တစ်သောင်းတည်းပေးရအောင် ဟန်ဆောင်လှည့်စားခဲ့သေး ယ်'

'အို… ကျုပ်က သူ့ကို ဟန်ဆောင်လှည့်စားခဲ့တာ မဟုတ် ဘူး'

'ဒီလိုဆိုရင် ရီရီညွန့်က သူ့ကို လစဉ်စရိတ်ငွေရှစ် မယ့်အစား ငွေတစ်သောင်းငါးထောင် အပြီးအပိုင် ပေး ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ လာပြောတဲ့အခါမှာ ခင်ဗျားက လိုလားရဲ့သားနဲ့၊ ဘာဖြစ်

လို့ မလိုလားချင်ယောင်ဆောင်ပြီး ဈေးဆစ်ခဲ့ရတာလဲ'

ကိုညွန့်စိန်မောင်သည် ခပ်ငိုင်ငိုင် ဖြစ်သွားပြီးမှ…

'ဒါက ကျွန်တော် သူ့ကို လှည့်စားခဲ့တာ မဟုတ်ဘူး

ကုန်သည်သဘောအရ အကျင့်ပါပြီး ဈေးဆစ်ခဲ့မိတာပါ'ဟု ပြန်ဖြေ

လိုက်ရာ တရားခွင်အတွင်းဝယ် ဝါးခနဲရယ်မောလိုက်သံများ ထွက်

ပေါ်လာပြန်လေ၏။

ဦးဘဂျမ်းသည် မျက်နှာကြီးနီမြန်းစွာဖြင့် ထလာပြန်သည်။

'ဦးတင်မောင်ဆွေက ဒီအကြောင်းကိုပဲ ထပ်ခါထပ်ခါ

ပြောနေတာများလှပါပြီ တရားသူကြီးမင်းခင်ဗျား'

တရားသူကြီး ဦးမင်းညိုသည် ပြုံးစေ့စေ့မျက်နှာထားဖြင့်

ဦးဘဂျမ်းအားကြည့်လိုက်သည်။

'ဦးတင်မောင်ဆွေအနေနဲ့ သူဆိုလိုချင်တဲ့အချက်ကို

ထိရောက်အောင် ဖော်ပြနိုင်ခွင့်ရှိပါတယ်လေ။ အခု ဦးတင်မောင်ဆွေ

မေးနေတာတွေဟာ သက်သေလူကြီးမင်းရဲ့ ရည်ရွယ်ချက်နဲ့ စိတ်နေ

စိတ်ထားကို ရုံးတော်က အကဲခတ်လေ့လာနိုင်ခွင့်ပေးနေတာပဲ ဦး

ဘဂျမ်းရဲ့'

တရားသူကြီး၏ စကားများသည် သက်သေကိုညွန့်စိန်

မောင်၏ စိတ်ကို ဆွပေးလိုက်ဟန်တူသည်။

'ကောင်းပြီလေ၊ ကျွန်တော့်အနေနဲ့ ရီရီညွန့်ကို လှည့်စား

မိချင်မိလိမ့်မယ်။ ငွေတစ်သောင်းငါးထောင်ပေးရမယ့်အစား ငွေ

တစ်သောင်းနဲ့ ကိစ္စပြီးအောင် ကျွန်တော်က လုပ်ခဲ့မိတယ်။ အဲဒါ

ဘာဖြစ်သလဲဗျ။ ဒါဟာ ကုန်သည်စီးပွားရေးသမားတွေ လုပ်ရ





ကျပဲ'

တင်မောင်ဆွေက အော်ပြောလိုက်သူ ကိုညွန့်စိန်မောင်

အား မသိမသာဦးညွှတ်လိုက်၏။

'အခုလို ပွင့်ပွင့်လင်းလင်း ပြောတာကို ကျေးဇူးတင်ပါ

တယ် ဦးညွန့်စိန်မောင်၊ ကဲ… ခင်ဗျားကို ကျွန်တော်က တစ်ခုမေး

ပါရစေဦး။ ခုနက ခင်ဗျား ထွက်ဆိုခဲ့ရာမှာ တရားခံမဟာ၊ နောက်

ဆုံးတော့ သေသူ ကိုမြိုင်ကြီးဟာသူ့ရဲ့ ပထမယောကျ်ားဖြစ်ပါ

တယ်လို့ ဝန်ခံခဲ့တယ်လို့ ဆိုခဲ့တယ်'

'ဟုတ်တယ်လေ'

မေးခွန်းတစ်မျိုးလမ်းကြောင်းလှည့်သွားပြန်သော တင်

မောင်ဆွေအား သက်သေကိုညွန့်စိန်မောင်က မျက်မှောင်ကြီးကြုတ်

ပြီး ကြည့်ရာက ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်၏။

'ခင်ဗျားပြောတာက နောက်ဆုံးတော့ဆိုတဲ့ စကားပါနေ

တော့ ပထမမှာတော့ သူက ဝန်မခံခဲ့ဘူးပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒီလိုဆိုရင် ခင်ဗျားက သူ့ကို ဒီလိုဝန်ခံဖို့တော်တော်

မေးယူခဲ့ရတယ်ပေါ့ ဟုတ်သလား'

'ဟုတ်ပါလိမ့်မယ်'

'သေသူ ကိုမြိုင်ကြီးဟာ သူ့ရဲ့ ပထမလင်ဖြစ်ပါတယ်ဆို

တာကို တရားခံမက နောက်ဆုံးမှာ ဖွင့်ဝန်ခံရဖို့အတွက် ခင်ဗျား

ဟာ သူ့ကို တော်တော်အကြပ်ကိုင်ခဲ့ရမယ် ထင်တယ်။ ဥပမာဆိုရင်

သူက အမှန်အတိုင်းမပြောရင် သူတောင်းတဲ့ အကူအညီကို

ပေးနိုင်ဘူးဆိုတဲ့ စကားမျိုးကိုတောင် ခင်ဗျားက ပြောခဲ့ရမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ ဟုတ်သလား ကိုညွန့်စိန်မောင်'

'ဟုတ်ပါတယ်'

'ဒါနဲ့ နောက်ဆုံးတော့ သူကအမှန်အတိုင်း ခင်ဗျားကို ဖွင့်ဝန်ခံခဲ့ရတယ်ဆိုပါတော့'

'ဟုတ်တယ်လေ'

'အဲဒီလို သူက ဖွင့်ဟ ဝန်ခံတဲ့နောက် ခင်ဗျားက သူ့ကို အကူအညီပေးခဲ့တာပေါ့ ဟုတ်သလား'

'မဟုတ်ပါဘူး၊ ကျုပ်ဟာ တရားခံမကို ဘယ်လိုမှ အကူအညီမပေးခဲ့ပါဘူး'

ကိုညွန့်စိန်မောင်က ခါးခါးသီးသီးကြီး ငြင်းပယ်လိုက်ရာ တင်မောင်ဆွေက ၎င်းအား ပြုံး၍ ကြည့်လိုက်၏။

'ရို့ ခင်ဗျားက သူ့ကိုအမှန်အတိုင်း မပြောရင် သူတောင်းထားတဲ့ အကူအညီမပေးနိုင်ဘူးလို့ ပြောခဲ့တယ်မဟုတ်လား။ အခု သူက အမှန်အတိုင်းဖွင့်ပြောတာမှာ ခင်ဗျားက အကူအညီမပေးဘူး ဆိုတော့ ခင်ဗျားဟာ ကတိစကားမတည်တဲ့ လူတစ်ယောက်လို့ ကျုပ်တို့ကယူဆရမှာလား။ ခင်ဗျားဟာ မုသားလည်းပြောတတ်တယ်၊ စကားလည်း မတည်ဘူး။ ဒီတော့ ခင်ဗျားရဲ့ သက်သေခံထွက်ဆိုချက်တွေကို ဘယ်လိုယုံကြည်ရမှာလဲ'

တရားခွင်တစ်ခွင်လုံးရှိ လူများသည် ပွစိပွစိ ဖြစ်သွားကြလေသည်။ ဦးဘဂျမ်းကလည်း စိတ်ဆိုးစွာထ၍ တင်မောင်ဆွေ၏ စကားများကို ကန့်ကွက်လေ၏။ တရားသူကြီးက ဦးဘဂျမ်း၏ ကန့်ကွက်ချက်ကိုလက်ခံလိုက်သည်တွင် တင်မောင်ဆွေက ပြုံး၍ ဦးညွတ်လိုက်ကာ သက်သေကိုညွန့်စိန်မောင်အား နောက်ထပ်၍





စစ်ဆေးစရာ မရှိတော့ပါကြောင်း ပြောဆိုလိုက်လေ၏။ ဤသည်နောက်တွင် ဦးဘဂျမ်းက အစိုးရပြသက်သေအဖြစ်နှင့် ကိုကောင်းစိန်ကို ခေါ်လိုက်လေသည်။ ကိုကောင်းစိန်သည် စိတ်မငြိမ်မသက် အမူအရာဖြင့် သက်သေခုံတွင် ဝင်ထိုင်လိုက်ပြီး ၎င်း၏ အမည်၊ အသက်၊ အလုပ်အကိုင်နှင့်နေရပ်တို့ကို ပြောပြလိုက်လေ၏။

၎င်းသည် တင်မောင်ဆွေကိုလည်းကောင်း၊ တင်မောင်ဆွေဘေးတွင် ထိုင်နေသော ရီရီညွန့်ကိုလည်းကောင်း ဘယ်လိုမှ လှမ်းမကြည့်ဘဲ တွင်တွင်ကြီးသာ မျက်လုံးများ လွှဲထားနေလိုက်သည်။

ဦးဘဂျမ်းက အစိုးရပြသက်သေခံပစ္စည်း(က)ဖြစ်သည့် ခြောက်လုံးပြူးသေနတ်ကို ကိုကောင်းစိန်အား ပြလိုက်သည်။

'အခု ကျုပ်ခင်ဗျားကို ပြတဲ့ စမစ်အင်ဝက်ဆင် အမျိုးအစား ကာလီဘာ ဒသမ ၃၈ဆီရီယာယ်နံပါတ် S.65088 သေနတ်ကို ခင်ဗျားအရင်က မြင်ဖူးသလား ကိုကောင်းစိန်'

ကိုကောင်းစိန်သည် ဦးဘဂျမ်း၏ မေးခွန်းကို ရုတ်တရက် မဖြေ၊ သေနတ်ကိုလည်း မကြည့်ဘဲ ၎င်း၏ ရှပ်အင်္ကျီအိတ်ထဲမှ စာရွက်ကလေး တစ်ရွက်ကို ထုတ်ကြည့်လျက်…

'ဤမေးခွန်းကို ဖြေဆို,ဆိုလျှင် ကျွန်ုပ်အပေါ်အမှုပတ်လာစရာ အကြောင်းရှိ၍ မဖြေဆိုနိုင်ပါ' ဟုသာ အသံသေကြီးနှင့် ရွတ်ဖတ်လိုက်သည်။

'ခင်ဗျားဟာ ဒီသေနတ်ကို ရွှေချောင်းရွာက မြေပိုင်ရှင် ဦးဖုန်းဆီက ခင်ဗျားကိုယ်ခင်ဗျား ဦးစောဝင်းအမည်ခံပြီးဝယ်ခဲ့တယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဤမေးခွန်းကို ဖြေဆို၊ဆိုလျှင် ကျွန်ုပ်အပေါ် အမှုပတ်လာစရာအကြောင်းရှိ၍ မဖြေဆိုနိုင်ပါ'

ကိုကောင်းစိန်က သင်ထားသော ကြက်တူရွေးတစ်ကောင်လို ထိုစကားလုံးများကိုသာ ရွတ်လိုက်ပြန်သည်။

'ခင်ဗျား မော်တော်ကား ဒရိုင်ဘာ မောင်မြိုင်ကြီးခေါ် မောင်ဘမြိုင်ကို သတ်ပစ်ခဲ့သလား'

'ကျွန်တော် မသတ်ရပါဘူး'

'မောင်မြိုင်ကြီးကို ခင်ဗျာ သိကောသိသလား'

'ကျွန်တော် သူ့ကို မသိပါဘူးခင်ဗျာ'

'ဒီသေနတ်ကို တရားခံမရဲ့ ကားရုံထဲမှာ သေနတ်မှန်သေနေတဲ့ မောင်မြိုင်ကြီးရဲ့ ညာဖက်လက်ကလေးမှာ ခင်ဗျားချထားခဲ့သလား'

'မချခဲ့ရပါဘူး ခင်ဗျာ'

'ဒါပါပဲ၊ သက်သေကို ပြန်လှန်စစ်ဆေးနိုင်ပါတယ်'

ဦးဘဂျမ်းက တင်မောင်ဆွေဘက်သို့ လှည့်ပြောပြီး ၄င်း၏နေရာတွင် ပြန်ထိုင်လိုက်သည်။ တင်မောင်ဆွေက ထလာပြီး ကိုကောင်းစိန်ကိုရင်ဆိုင်လိုက်သည်။

'ဒီသေနတ်ဟာ ခင်ဗျားလက်တွင်းမှာ တစ်ခါတုန်းက ရှိနေခဲ့သလား'

'ဤမေးခွန်းကို ဖြေဆို၊ဆိုလျှင် ကျွန်ုပ်အပေါ် အမှုပတ်လာစရာအကြောင်းရှိ၍ ကျွန်ုပ်မဖြေဆိုနိုင်ပါ'

ကိုကောင်းစိန်က ကြက်တူရွေးလို သူ၏ လက်ကိုင်စကားရွေရွတ်လျက် တင်မောင်ဆွေ၏မေးခွန်းကို ရှောင်တိမ်းလိုက်ပြန်သည်။





'ဒီသေနတ်ကို ရီရီညွှန့်က မသိဘဲကော ခင်ဗျား ယူထားမိသလား'

'ဤမေးခွန်းကို ဖြေဆို၊ဆိုလျှင် ကျွန်ုပ်အပေါ် အမှုပတ်လာစရာအကြောင်းရှိ၍ ကျွန်ုပ် မဖြေဆိုနိုင်ပါ'

'ရီရီညွှန့်ရဲ့ တိုက်ခန်းထဲကို ဝင်နိုင်တဲ့တံခါးသော့ ခင်ဗျားမှာ ရှိခဲ့ဘူးသလား'

'ဟင့်အင်း ... မရှိခဲ့ဘူးပါဘူး'

တင်မောင်ဆွေက စားပွဲသို့ ပြန်လျှောက်ခဲ့ကာ စာရွက်နှစ်ရွက်ကိုယူပြီး ကိုကောင်းစိန်ထံ ပြန်လျှောက်လျက်ပြလိုက်သည်။

'ဟောဒီ စာနှစ်စောင်ကိုကြည့်စမ်းပါ။ နှစ်စောင်စလုံးဟာ တင်မောင်ဆွေ စုံစမ်းစစ်ဆေးရေးဌာနကို လိပ်စာတပ်ထားပြီး လက်နှိပ်စက်နဲ့ ရိုက်ထားတယ်။ ပထမစာက ရီရီညွှန့်ရဲ့တိုက်ခန်းသော့အကြောင်းကို ရည်ညွှန်းထားတယ်၊ ဒုတိယစာကတော့ ရီရီညွှန့်ရဲ့တိုက်ခန်းထဲက စာပွဲတစ်ခုကို ဖွင့်ရတဲ့သော့ကို ရည်ညွှန်းထားတယ်။ ဒီစာနှစ်စောင်ကို ခင်ဗျားရေးခဲ့တာလား'

'ကျွန်တော်ရေးတာ မဟုတ်ရပါဘူးဗျာ'

ကိုကောင်းစိန်က ချက်ချင်းပင် ငြင်းဆိုလိုက်သည်။

'ဒါပါပဲ၊ ခင်ဗျားကို နောက်ထပ်မေးစရာမရှိတော့ပါဘူး'

သက်သေက ဆင်းသွားပြီးလျှင် တရားသူကြီး ဦးမင်းညိုက ဦးဘဂျမ်းထံသို့ မျက်မှောင်ကြုတ်လျက် ကြည့်လိုက်သည်။

'အခု သက်သေ အစစ်ခံသွားတဲ့ပုံဟာ အင်မတန်အရေးကြီးတဲ့အချက်အပေါ်မှာ မကျေနပ်စရာကောင်းတဲ့အတွက်၊ ဦးဘဂျမ်းက ဒီအချက်ကို ရှင်းလင်းဖို့ ကြိုးစားတယ်လို့ ရုံးတော်က ထင်မြင်



www.burmeseclassic.com

www.burmeseclassic.com



မိတယ်'

'မှန်ပါတယ် တရားသူကြီးမင်းခင်ဗျား။ သက်သေရဲ့ထွက်ဆိုချက်တွေမှာ ဖြစ်နိုင်တာတွေကို ကျွန်တော်တို့တွေ့ထားပါတယ်'

တရားသူကြီးက နာရီကိုလှမ်းကြည့်လိုက်သည်။

'အခု တစ်နာရီထိုးနေပြီ၊ အမှုစစ်ဆေးတာကို မရပ်နားခင် ခင်ဗျားတို့မှာ တင်ဖို့ သက်သေများရှိသေးသလား'

'ကျွန်တော်တို့အမှုပြန်စစ်မှ သက်သေတွေ ထပ်တင်ပါတော့မယ်'

'ကောင်းပြီ အမှုစစ်ဆေးခြင်းကို နေ့လည်မွန်းလွဲ ၂နာရီအထိ ခေတ္တရပ်ထားလိုက်တယ်'

တရားခွင်လူများထဲ၌ ထွက်သွားရာတွင် တင်မောင်ဆွေက ဂျင်မီစမတ်ကို လက်ယပ်ခေါ်လိုက်သည်။

'ဂျင်မီရေ မေစီကိုခေါ်ပြီးတော့ နေ့လည်စာ ကျွေးလိုက်ပါကွာ'

'ကိုဆွေကတော့ကော'

'အမှုပြန်မစစ်ခင်အတွင်း ငါ့မှာအပြေးအလွှား လိုက်စုံစမ်းစရာရှိနေသေးတယ်ကွ။ ကဲ... အစီ၊ ဂျင်မီနဲ့လိုက်သွားတော့နော်'

❖ ❖ ❖

# အခန်း - ၂၈

မွန်းတိမ်း၂နာရီတိတိတွင် အမှုပြန်လည် စစ်ဆေးသည့်အခါ၌ အစိုးရဘက် လိုက်ပါဆောင်ရွက်ရသည့် ဦးဘဂျမ်းသည် တော်တော် စိတ်မငြိမ်မသက် ဖြစ်နေပုံရသည်ကို တွေ့ရှိရလေ၏။ အင်္ဂင်းက တရားသူကြီးထံတွင် လျှောက်လဲချက်ပေးလိုက်သည်။

'တရားသူကြီးမင်းခင်ဗျား၊ အခု အမှုမှာအခြေအနေက တစ်မျိုးထူးခြားလာပါတယ်။ အခု တင်ပြထားတဲ့ လူသတ်လက်နက် ခြောက်လုံးပြူးကို သေနတ်ပေါ်မှာ ထင်ကျန်နေတဲ့ သူ့လက်ပုံစံအရ ဦးတင်မောင်ဆွေနဲ့ဆက်စပ်ပေးဖို့ ကျွန်တော်တို့ယုံကြည်စရာအကြောင်းရှိခဲ့ပါတယ်။ ပြီးတော့ ဦးတင်မောင်ဆွေဟာ တရားခံမရီရီညွန့်နဲ့အတူ အမှုဖြစ်ပွားရာနေရာမှာ အမှုဖြစ်ပွားချိန်မှာ ရှိနေခဲ့တယ်ဆိုတာကို ပြခြင်းအားဖြင့် ဒီသေနတ်ကို တရားခံမနဲ့ဆက်စပ်ပြနိုင်မယ်ဆိုတာကိုလည်း မျှော်လင့်အားထားမိခဲ့ပါတယ်။ ဒါပေမဲ့ ဦးတင်မောင်ဆွေဟာ အကောက်ဉာဏ်သုံးပြီး သူ့ကို အိုင်ဒီဘီဖိုင်းလုပ်တဲ့သက်သေရဲ့ ထွက်ချက်ကို မှားယွင်းခဲ့ပါတယ်။ တကယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်ဆွေကသာ ပါးပါးနပ်နပ်မလုပ်ည့်စားခဲ့လို့ရှိရင် ကျွန်တော်တို့ရဲ့ **မျက်မြင်သက်သေဟာ** ဦးတင်မောင်ဆွေကို တိတိကျကျ **အိုင်ဒီတီဖိုင်းလုပ်နိုင်ခဲ့**မှာသေချာပါတယ်'

'မျက်မြင်သက်သေက သူတွေ့ရတဲ့လူတစ်ယောက်ကို **နောက်ထပ်**အိုင်ဒီတီဖိုင်းလုပ်တယ်ဆိုတာ အခက်သားပဲ။ အခု **မျက်မြင်**သက်သေဟာ အမှုဖြစ်ပွားတဲ့နေရာမှာ တရားခံမနဲ့အတူ အုန်းခွံရောင်ဝတ် သက္ကလပ်ဦးထုပ်ပျော့ ဆောင်းထားပြီး အလုံးအရပ်ကောင်းတဲ့ ယောက်ျားတစ်ယောက်ကို တွေ့ခဲ့ရတယ်။ ဒီလူရဲ့မျက်နှာကိုတော့ သူမတွေ့လိုက်ရဘူး။ ဒီတော့ကာ အလုံးအရပ်ကောင်းပြီး အဲသလို ဝတ်စားဆင်ယင်ထားတဲ့ လူတိုင်းဟာ သူ့မျက်စိထဲမှာ အဲဒီလူပဲ ဖြစ်နေတော့မှာပေါ့'

တရားသူကြီး ဦးမင်းညိုက မှတ်ချက်ချလိုက်ခြင်းဖြစ်လေ၏။

'ဒါပေမဲ့ တရားသူကြီးမင်းခင်ဗျား၊ လူသတ်လက်နက် ခြောက်လုံးပြူးသေနတ်ပေါ်မှာ ထင်ကျန်နေရစ်တဲ့ လက်ပုံစံကတော့ ဦးတင်မောင်ဆွေရဲ့ လက်ပုံစံဖြစ်တယ်ဆိုတာကို ဘယ်လိုမှ ငြင်းဆိုလို့မရဘူး'

'ဟုတ်ပြီလေ၊ ဒါပေမဲ့ ဒီသေနတ်ဟာ တရားခံမရီရီညွန့် ပိုင်ဆိုင်တဲ့သေနတ်ဖြစ်ပါတယ်ဆိုတာကိုတော့ ခင်ဗျားက အထောက်အထား မပြနိုင်သေးဘူး'

ဦးမင်းညိုက ပြောလိုက်ပြန်ရာ ဦးဘဂျမ်းမှာအောင့်သက်သက်ဖြစ်သွားပုံရလေ၏။

'အခုအမှုဟာ နည်းနည်း ရှုပ်ထွေးလာတာကို ကျွန်တော်





ဝန်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်က အခုထပ်ပြီး သက်သေတစ်ယောက်တင်ပြပါဦးမယ်။ အစိုးရပြသက်သေအဖြစ်နဲ့ ကျွန်တော်က ဦးအုန်းတင်ကိုခေါ်ပါတယ်ခင်ဗျား'

ဦးအုန်းတင်ဆိုသူကား အသက်ငါးဆယ်ခန့်ရှိ လူပုပုဝဝတစ်ယောက်ဖြစ်နေသည်ကို တင်မောင်ဆွေက တွေ့လိုက်ရသည်။ ၄င်းသည် သက်သေခုံတွင်ဝင်ထိုင်လိုက်ကာ မိမိ၏အမည်၊ အသက်၊ အလုပ်အကိုင်နှင့်နေရပ်ကို ပြောပြရာ ၄င်းသည် ရီရီညွန့်နေထိုင်သော ဘောင်ဒရီရိပ်သာတိုက်ခန်းများ၏ ကဲတိတ်ကာခေါ် တိုက်စောင့်တာဝန်ခံ ဖြစ်နေ၏။

ကားရှိသော တိုက်ခန်းရှင်များအတွက် ကားရုံများပေးထားရာ ရီရီညွန့်တွင် ကားရုံတစ်ခန်းရကြောင်း၊ ထိုကားရုံမှာ မောင်မြိုင်ကြီး၏ အလောင်းကိုတွေ့ခဲ့ရသော ကားရုံပင်ဖြစ်ကြောင်း၊ ကားရုံသော့နှင့် တိုက်ခန်းသော့များကို ရီရီညွန့်တိုက်ခန်းတွင် လာနေခဲ့ကတည်းက ပေးထားခဲ့ကြောင်းစသည်ဖြင့် ၄င်းက ထွက်ဆိုသွားခဲ့သည်။

'ဒီသော့တွေက စုစုပေါင်း ဘယ်နှစ်ချောင်းလဲ'ဟု တင်မောင်ဆွေက ပြန်လှန်စစ်ဆေး မေးခွန်းထုတ်လိုက်သည်။

'စုစုပေါင်း လေးချောင်းပါခင်ဗျာ။ တိုက်ခန်းအတွက် နှစ်ချောင်း၊ ကားရုံအတွက် နှစ်ချောင်းပါ'

'ကျေးဇူးတင်ပါတယ်၊ ဒါပါပဲ'

ဦးဘဂျမ်းနောက်ခေါ်သော သက်သေကား ကားဝပ်(ရှ်)ရှော့ပိုင်ရှင်တစ်ဦးဖြစ်သည်။ ၄င်းက ငါးရက်နေ့ညနေ ခြောက်နာရီကျော်ကျော်တွင် တရားခံမရီရီညွန့်သည် သူမ၏မောရစ်ကားကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ်တိုင်မောင်းလျက် မိမိအား ပြင်ဆင်ပေးရန် လာရောက် အပ်ခဲ့ကြောင်း၊ မိမိကကားကို အပြစ်ရှာကြည့်သည်တွင် အင်ဂျင် တိုင်ခင်အောက်နေသည့်အတွက် ကားအင်ဂျင်စက်သည် မမှန်တော့ ဘဲ မကြာခဏ အိပ်ဇောပိုက်မှ တဖုံးဖုံး တထိုင်းထိုင်းဘက်ဖိုင်းယား ဖြစ်နေသည်ကို တွေ့ရကြောင်း ထွက်ဆိုသွားပြန်၏။

'ကားကို ခင်ဗျားဆီယူလာတော့ ဘယ်နှစ်နာရီရှိပြီဆိုတာ အတိအကျပြောနိုင်သလား'

'ခြောက်နာရီထိုးပြီးလို့ မိနစ်နှစ်ဆယ်လောက်မှာပါပဲ'

ဦးဘဂျမ်း၏မေးခွန်းကို သက်သေက ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

'ကားကို သူကိုယ်တိုင် မောင်းလာတာပဲနော်...'

'မှန်ပါတယ်'

'ကားထဲမှာ သူ့အပြင်ဘယ်သူပါသေးသလဲ'

'သူတစ်ယောက်တည်းပါပဲ'

'ခင်ဗျား သူ့ကို အရင်ကတော့ သိဘူးသလား'

'ဟုတ်ကဲ့ သိဖူးပါတယ်။ သူ့ကားကို ကျွန်တော့်ဆီမှာပဲ ဆားဗစ်လာလုပ်လေ့ရှိပါတယ်'

ဦးဘဂျမ်းက ခေါင်းညိတ်လိုက်ကာ တင်မောင်ဆွေအား လှမ်းကြည့်လိုက်သည်။

'ပြန်လှန်စစ်ဆေးနိုင်ပါတယ်'

တင်မောင်ဆွေကပြုံးလျက် ခေါင်းခါပြလိုက်သည်။

'ပြန်လှန်စစ်ဆေးဖို့ မရှိတော့ပါဘူး'

ဦးဘဂျမ်းက နောက်ထပ်၍ သက်သေတစ်ယောက်ကို ခေါ်





လိုက်ပြန်သည်။ သည်တစ်ခါ သူခေါ်သည့်သက်သေကား သေဆုံး သူ မောင်မြိုင်ကြီး၏အလုပ်ရှင် ဦးသန်းရှိန်ပင်ဖြစ်နေ၏။ ဦးသန်းရှိန် ကသက်သေခုံတွင်ဝင်ထိုင်ကာ ၎င်း၏နာမည်၊ အသက်၊ နေရပ်၊ အလုပ် အကိုင်တို့ကို ပြောပြလိုက်ပြီးနောက် သေဆုံးသူမောင်မြိုင် ကြီးသည် ၎င်းသေဆုံးသည့်နေ့အထိ မိမိထံတွင် ဒရိုင်ဘာ ဘဏ္ဍာ စိုးအဖြစ်နှင့် အလုပ်လုပ်ကိုင်ခဲ့သည်ဟု စတင်ထွက်ဆိုလေသည်။

'ခင်ဗျားရဲ့ ဒရိုင်ဘာကို ခင်ဗျား နောက်ဆုံး ဘယ် အချိန်မှာ တွေ့လိုက်ရသလဲ'

'၅ရက်နေ့ ညနေ ၅နာရီကျော်ကျော်ကလေးမှာပါ'

ဦးဘဂျမ်းက စတင်၍ မေးခွန်းထုတ်သည်ကို ဦးသန်း ရှိန်က ဖြေဆိုလိုက်ခြင်းဖြစ်သည်။

'ဘယ်နေရာမှာ တွေ့ခဲ့ရတာလဲ'

'ဦးတင်မောင်ဆွေရဲ့ အလုပ်တိုက်ရှေ့မှာပါပဲ။ အဲ... ဦး တင်မောင်ဆွေရဲ့ အလုပ်တိုက်ရှိတဲ့ အဆောက်အဦရှေ့မှာလို့ဆိုလို တာပါ။ ကျွန်တော်က သူ့ကိုကားနဲ့အစောင့်ခိုင်းခဲ့ပြီး ဦးတင် မောင်ဆွေရဲ့ ရုံးခန်းထဲမှာ ဦးတင်မောင်ဆွေကို စောင့်နေခဲ့ပါတယ်။ စောင့်နေရင်းက ဒီညနေကစပြီး မောင်ဘမြိုင်အတွက် အားလပ်ချိန် ပါကလားဆိုတာကို ကျွန်တော် သတိရလာတဲ့အတွက် ကားရှိရာကို ဆင်းပြီး ကားကို အိမ်ပြန်ပို့ပြီး သွားနိုင်ပြီဖြစ်ကြောင်း ကျွန်တော် က သူ့ကို ပြောလိုက်ပါတယ်'

'အဲဒီနောက်မှာ သူဘယ်သွားပြီး ဘာလုပ်တယ်ဆိုတာ ခင်ဗျားသိသလား'

ဦးဘဂျမ်းက ခေါင်းကို ယမ်းခါပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတိုတော့ ကျွန်တော်မသိပါဘူး ခင်ဗျာ။ ကျွန်တော့်ကားဟာ ကားရုံထဲ ပြန်ရောက်နေတာကိုပဲ ကျွန်တော်သိခဲ့ရပါတယ်'

'ခင်ဗျားကားကို ကားရုံထဲမှာ ဘယ်အချိန်ပြန်တွေ့ရတာလဲ'

ဦးသန်းရှိန်က မျက်မှောင်ကြုတ်လိုက်သည်။

'အဲ... ကျွန်တော်ကဆေးရုံကိုသွားပြီး ကားတိုက်မှုက လူနာနဲ့သွားတွေ့ပြီး သူ့ကို လျော်ကြေးပေးဖို့ စီစဉ်ပြီးပြန်လာတဲ့အချိန်မှာပဲ။ တကယ်တော့ ဦးတင်မောင်ဆွေဟာ ကျွန်တော်ဘာမှမသိတဲ့ ကားတိုက်မှုတစ်ခုမှာ ကျွန်တော်နဲ့ ပတ်သက်နေတယ်လို့ လာခြိမ်းခြောက်လှည့်စားတဲ့အတွက်'

'ဒီကိစ္စကို ထားလိုက်ပါလေ။ ဒီကိစ္စဟာ အခုအမှုနဲ့ ဘာမှမဆိုင်ပါဘူး'

ဦးဘဂျမ်းက စကားရှည်နေသော ဦးသန်းရှိန်အား စကားဝင်ဖြတ်ပြောလိုက်သော်လည်း ဦးသန်းရှိန် ခံပြင်းသော အသံဖြင့် စကားဆက်ပြောပြန်သည်။

'ဦးတင်မောင်ဆွေဟာ ကျွန်တော့်ကို ကားတိုက်မှုတစ်ခုနဲ့ ခြိမ်းခြောက်လိမ်လည်ခဲ့တာကို ကျွန်တော်က ပြောပြနေတာပါ'

'ထားလိုက်ပါလေ။ ကျွန်တော် အခုမေးနေတာကိုသာ ဖြေပါ။ ခင်ဗျား ဆေးရုံကြီးက ပြန်လာတော့ ဘယ်အချိန်ရှိပြီလဲ'

'၉နာရီခွဲ ၁၀နာရီလောက် ရှိနေပါပြီ။ အဲဒီအချိန်မှာ ကျွန်တော့်ကားက ကားရုံထဲမှာရောက်နေပါပြီ'

'ဒါပေမဲ့ ခင်ဗျား အိမ်ပြန်ရောက်ရောက်ချင်း ခင်ဗျားကားကို ကြည့်ခဲ့တာလား'





'ရောက်ရောက်ချင်းတော့ မဟုတ်ပါဘူး'

'ခင်ဗျားက ဆေးရုံကြီးကနေ အိမ်ကိုဘာနဲ့ပြန်လာသလဲ'

'ကျွန်တော့်အဖော် အဲ... ရှေ့နေက ကားနဲ့လိုက်ပို့ပေးပါတယ်'

'ခင်ဗျား အိမ်ကို ၁၀နာရီလောက်မှာ ပြန်ရောက်ပြီးနောက် ချက်ချင်းအိပ်ရာ ဝင်သလား'

'ရေမိုးချိုးပြီးတော့ အိပ်ရာဝင်ခဲ့ပါတယ်'

'နောက်တော့ကော'

'မနက်နှစ်နာရီလောက်မှာ တယ်လီဖုန်းလာလို့ ကျွန်တော်နိုးပါတယ်။ ရဲဘက်က ဆက်တာပါပဲ။ ကျွန်တော့် ဒရိုင်ဘာသေတဲ့အကြောင်းပြောပြပြီး သူတို့လာခဲ့မယ်ဆိုလို့ ကျွန်တော် ပြန်မအိပ်တော့ဘဲ စောင့်နေလိုက်ပါတယ်။ သူတို့ရောက်လာကြတော့ သူတို့နဲ့အတူ ကားရုံထဲကိုသွားကြည့်ရာမှာ ကျွန်တော့်ကား ရှိနေတာကို တွေ့ရတာပါပဲ'

ဦးဘဂျမ်းက တင်မောင်ဆွေဘက်သို့ လှည့်ကြည့်လိုက်ပြီး 'ပြန်လှန်စစ်ဆေးနိုင်ပါပြီ'ဟု ဆိုလိုက်ရာ တင်မောင်ဆွေက ထလာပြီး ဦးသန်းရှိန်အား ခပ်ပြုံးပြုံးကြည့်လိုက်သည်။

'ဦးသန်းရှိန်ကို ကျွန်တော်တစ်ခု မေးချင်တယ်။ ခင်ဗျားဟာ ကျွန်တော့်အပေါ်မှာ ဘယ်လို သဘောထားနေသလဲ'

'ခင်ဗျားအပေါ် ကျုပ်က ဘယ်သဘောထားစရာ ရှိရဦးမှာလဲ။ ခင်ဗျားဟာ ကျုပ်အတွက်တော့ အင်မတန် အထင်သေးစရာလူတစ်ယောက်ပဲ'

ဦးသန်းရှိန်က တင်မောင်ဆွေအား နှာခေါင်းရှုံ့ကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



အသံမာမာဖြင့် ပြန်ဖြေလိုက်သည်။

'ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်အပေါ် ဒီလိုသဘောထားနေတယ်ဆိုတာကိုကော ကျွန်တော် မသိရဘူးလား'

'ကျုပ် ဒရိုင်ဘာဟာ ကားတိုက်မှုတစ်ခု ကျူးလွန်ခဲ့တယ်လို့ ကျုပ်မှာထင်စရာအကြောင်း ရှိနေတယ်ဆိုတာကို ခင်ဗျားက ပြောခဲ့တယ်။ အခု ခင်ဗျားကို ကျုပ်သတိပေးလိုက်ပါရဲ့။ ခင်ဗျား ကျုပ်ကိုလာပြီး လိမ်လည်ခြိမ်းခြောက်ခဲ့တဲ့အတွက်'

'ကားတိုက်မှုကို ခင်ဗျား ဒရိုင်ဘာက ကျူးလွန်ခဲ့တယ်လို့ ခင်ဗျားက ထင်ခဲ့တယ် ဟုတ်လား'

တင်မောင်ဆွေက ဦးသန်းရှိန်၏စကားကို ဖြတ်လျက် မေးခွန်းထုတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ကျုပ်ကားကို ကျုပ်ကိုယ်တိုင်မောင်းတာမှမဟုတ်တာ။ ဒါပေမဲ့ ကျုပ်မှာက ကျုပ်ကားဒရိုင်ဘာ ကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် တရားဥပဒေအားဖြင့် တာဝန်ရှိတယ်ဆိုတာတော့ ကျုပ်နားလည်တာပေါ့'

'နေစမ်းပါဦး၊ အခု ပြောနေတာတွေက အခုစစ်ဆေးနေတဲ့အမှုနဲ့ သက်ဆိုင်သလား'

တရားသူကြီးဦးမင်းညိုက မျက်မှောင်ကြုတ်ကာ ဝင်၍မေးလိုက်ခြင်းဖြစ်သည်။

'သက်သေက ကျွန်တော့်အပေါ် တစ်ဖက်စောင်းနင်းမြင်နေမှုကို ရုံးတော်က သိမြင်ရဖို့ပါ တရားသူကြီးမင်းခင်ဗျား'

'ကောင်းပြီလေ ဒါဖြင့်ရင်လည်း ဒီကိစ္စကို အချက်အလက်ပြည့်ပြည့်စုံစုံ ဆွေးနွေးကြရအောင်လား'





ဦးဘဂျမ်းက ထိုင်ရာမှထလာကာ ကျေနပ်အားရသောအမူအရာဖြင့် လက်နှစ်ဖက်ပွတ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

စိတ်ချပါ ဦးဘဂျမ်း၊ အချက်အလက်အားလုံးကိုစုံစုံငှငှသိရပါစေ့မယ်။ ကဲ··· ဦးသန်းရှိန် ခင်ဗျား ပြောစရာရှိတာတွေကို ရုံးတော်ကို အကုန်လုံးပြောပြလိုက်ပါလေ'

'၅ရက်နေ့ညနေစောင်း ၃နာရီလောက်မှာ ဦးတင်မောင်ဆွေက ကျွန်တော့်အိမ်ကို ရောက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ သေသူမောင်မြိုင်ကြီးဟာလည်း ကျွန်တော်နဲ့အတူ ရှိနေခဲ့ပါတယ်။ ကိုတင်မောင်ဆွေဟာ ကျွန်တော့်ကားဟာ သူ့အမူသည်ရဲ့ကားကို တိုက်ပြီးမောင်းပြေးသွားတယ်လို့ စွပ်စွဲပြောခဲ့ပါတယ်။ အဲဒီအခါမှာ ကျွန်တော်ကလည်း သူပြောတာ မှန်တယ်လို့ ထင်ခဲ့မိပါတယ်'

'ကျွန်တော် ပြောတာမှန်တယ်လို့ ခင်ဗျားက ဘာဖြစ်လို့ထင်ရသလဲ'

'ခင်ဗျားပြောတဲ့ ကားတိုက်မှုဖြစ်တဲ့နေ့က ကျုပ်ဒရိုင်ဘာဟာလည်း ကားတိုက်မှုတစ်ခု ကျူးလွန်လာတယ်ဆိုတာ ကျုပ်သိတာကိုး။ သူက ကားကို တစ်နေရာမှာ ရပ်ထားခဲ့ပြီး ကားအခိုးခံရပါတယ်လို့ ကျုပ်ကိုသေသေချာချာ လာပြောခဲ့ပါတယ်။ ကျုပ်က သင်္ကာမကင်းဖြစ်ပြီး သူ့ကို သေသေချာချာစစ်ခဲ့တော့ သူကားဝင်တိုက်မိခဲ့တယ်ဆိုတာကို ဝန်ခံတယ်။ ကျုပ်မပါသော်လည်း ကားပိုင်ရှင်အနေနဲ့ ကျုပ်မှာတာဝန်ရှိတယ်လို့လည်း သူကပြောပြီး ကားတိုက်မိချိန်မှာ ကားဟာ ကျုပ်တို့လက်တွင်းမှာ မရှိဘဲအခိုးခံခဲ့ရပါတယ်လို့ ရဲဘက်ကို တိုင်ထားတာ အကောင်းဆုံးလို့ သူကအကြံပြုခဲ့ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း သူ့စကားကို နားယောင်မိပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရဲ့စီးပွားရေးအသင်းတိုက်ကိုသွားပြီး ဟိုကနေမှ ကားကို အသင်းတိုက်ရှေ့မှာ ရပ်ထားတုန်း အခိုးခံခဲ့ရပါတယ်လို့ ဂါတ်ကို ဖုန်းဆက်တိုင်လိုက်ပါတယ်။ နောက်ကျတော့ ရဲတွေက ကျွန်တော့် ကားကိုမောင်မြိုင်ကြီး ရပ်ထားတဲ့နေရာမှာ ပြန်ရှာတွေ့ပြီး ကျုပ်ဆီ မှာပြန်အပ်ခဲ့ပါတယ်'

'ဒါနဲ့ပဲ ကျုပ်က ခင်ဗျားဆီရောက်လာပြီး ကျုပ်အမှုသည် ရဲ့ကားတိုက်မှုအကြောင်းကို ပြောပြတဲ့အခါမှာ ခင်ဗျားက ခင်ဗျား တာဝန်ကို ဈေးပေါပေါကြေအောင် ရှေ့နေခေါ်ပြီး ကျုပ်နောက်ကွယ် မှာ ကျုပ်အမှုသည်ကို သွားတွေ့ခဲ့တာပေါ့ ဟုတ်လား'

'ကျုပ်က ခင်ဗျားကို အရင်လာတွေ့သေးတာပဲ။ ခင်ဗျား နဲ့ မတွေ့လို့တောင် ထိုင်စောင့်နေခဲ့ရသေးတယ်။ ခင်ဗျားက ခင်ဗျား အမှုသည် ရီရီညွန့်ဆီကို သွားနေခဲ့တယ်ထင်တယ်'

'ကျုပ်အဲဒီတုန်းက ရီရီညွန့်ဆီကို သွားကြောင်း ခင်ဗျား က သိခဲ့လို့လား'

'မသိပါဘူး။ ကျုပ်အထင်ကို ပြောတာပါ'

'ကျုပ်အဲဒီကို သွားမယ်လို့ ခင်ဗျားမှာ ထင်စရာအကြောင်း ရှိသလား'

'ရဲဘက်တွေဆီက ကြားရတဲ့စကားအရ အဲ… ထားပါ တော့ အဲဒီတုန်းက ခင်ဗျားက ဘယ်ကိုသွားမယ်ဆိုတာကို ကျုပ် တွေးထင်နိုင်စရာအကြောင်း ဘယ်လိုမှမရှိခဲ့ပါဘူး'

'ကောင်းပြီ အဲဒီအချိန်တုန်းက ခင်ဗျားဟာ ကျုပ်အောဖစ် ကိုရောက်လာတော့ ကျုပ်အပြင်ကိုထွက်နေတယ်ဆိုတာကိုပဲ သိခဲ့ ရတယ်ပေါ့ ဟုတ်ရဲ့လား'





'အဲဒီအချိန်မှာ ခင်ဗျားရဲ့ ဒရိုင်ဘာက ဘယ်မှာလဲ'

'တိုက်ရှေ့မှာ ရပ်ထားတဲ့ ကျုပ်ကားထဲမှာစောင့်ကျန်ရစ် တာပေါ့။ ခင်ဗျားရဲ့စက္ကရီတေရီနဲ့တောင် တွေ့ခဲ့ရသေးတယ်'

'ဒါနဲ့ ကျုပ်ကလည်း ခင်ဗျားကို ထိုင်စောင့်နေတာပေါ့။ ခင်ဗျား ပြန်မလာနိုင်တော့ ကျုပ်လည်း ကျုပ်ရှေ့နေဆီကို အောက် ဆင်းတယ်လီဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြတယ်'

'ဒီတော့ကာ ရှေ့နေက ကျုပ်ကိုစောင့်မနေဘဲ သူနဲ့ ခင်ဗျား ကားတိုက်ခံထားရတဲ့လူနာကို ဆေးရုံလိုက်သွားကြည့်ပြီး ကျုပ် နောက်ကွယ်မှာ အမှုကျေအေးဖို့ ကြိတ်ကြံစည်ကြတာ မဟုတ်လား'

'ရှေ့နေလည်း ခင်ဗျားနဲ့တွေ့ဖို့မလိုဘဲ အမှုသည်နဲ့ တိုက် ရိုက်တွေ့ ဈေးစပ်တာကောင်းတယ်။ သူ အခုချက်ချင်း ကျုပ်ကို လာခေါ်မယ် တိုက်ရှေ့က စောင့်နေပါလို့ မှာတာနဲ့ ကျုပ်လည်း သူ့ကိုစောင့်နေလိုက်ပါတယ်။ မကြာခင် သူရောက်လာတော့ ကျုပ် လည်း သူ့ကားနဲ့အတူ ဆေးရုံကိုလိုက်ပြီး ခင်ဗျားအမှုသည်နဲ့ အမှု အကြောင်း ပြောဆိုဈေးစပ်ကြတာပါပဲ'

'ကောင်းပြီ၊ ခင်ဗျားက ကျုပ်အမှုသည်နဲ့ အမှုအကြောင်း ပြောဆိုဈေးစပ်ရာမှာ ခင်ဗျားက ကျုပ်အမှုသည်ကို လျော်ကြေးငွေ ပေးခဲ့တယ် မဟုတ်လား'

'မှန်ပါတယ်'

'ဘာဖြစ်လို့ ခင်ဗျား အဲသလို ပေးခဲ့ရတာလဲ'

'ခင်ဗျား ညနေက ကျုပ်ဆီကိုလာပြီး ပြောခဲ့တဲ့အရ ကျုပ် ကားက ခင်ဗျားအမှုသည်ရဲ့ကားကို တိုက်မိတယ်ထင်ပြီး ကျုပ်မှာ တာဝန်ရှိတဲ့အလျောက် နစ်နာကြေးပေးခဲ့မိတာပါ။ အခုတော့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



အမှုသည်ရဲ့ကားကို ဝင်တိုက်မောင်းပြေးတဲ့ ကားဟာ ကျုပ်ကား မဟုတ်တာကို ကျုပ်သိရပြီ။ ခင်ဗျား ကျုပ်ဆီလာပြီး သက်သက် ခြိမ်းခြောက်လှည့်စားသွားတယ်ဆိုတာကို ကျုပ်သိရပြီ'

ဦးသန်းရှိန်က ခံပြင်းသံကြီးဖြင့်ပြောလိုက်ရာ တင်မောင်ဆွေက ၄င်းအား ခပ်ပြုံးပြုံးပြန်ကြည့်လိုက်သည်။

'ကျုပ်က ခင်ဗျားကို သက်သက်ခြိမ်းခြောက်လှည့်စားခဲ့တာ မဟုတ်ဘူး။ အဲဒီတုန်းက ကျုပ်အမှုသည်ရဲ့ကားကို ဝင်တိုက်မောင်းပြေးသွားတဲ့ကားဟာ ခင်ဗျားကားပဲဖြစ်ရမယ်လို့ ယူဆစရာ အထောက်အထားတစ်ခု တွေ့ခဲ့ရလို့ ကျုပ် ခင်ဗျားဆီကို လာစုံစမ်းခဲ့တာပါ။ အခုတော့ အဲဒီအထောက်အထားဟာ မှားမှားကို ကျုပ် တွေ့ခဲ့ရပြီ။ ကျုပ်အမှုသည်ရဲ့ကားကို တကယ်ဝင်တိုက်သွားတဲ့သူကို ကျုပ်က ရှာတွေ့ပြီ ထားပါတော့၊ ခင်ဗျားကို ကျုပ်တစ်ခုမေးမယ်။ ခင်ဗျားဟာ အဲဒီကားတိုက်မှုဖြစ်ပွားတဲ့နေ့က စီးပွားရေး ကလပ်ကို ညနေဘက်မှာသွားပြီး ကလပ်တံခါးစောင့်ကို ခင်ဗျားဟာ ကလပ်ထဲမှာ တစ်ညနေခင်းလုံးရှိနေခဲ့ပါတယ်လို့ပြောအောင် ငွေတစ်ရာလာဘ်ထိုးခဲ့တယ် မဟုတ်လား'

ဦးသန်းရှိန်သည် မျက်နှာတစ်ချက် ပျက်သွားပြီးနောက် ခေါင်းခါပြလိုက်သည်။

'ခင်ဗျား ပြောတာ မဟုတ်ရပါဘူး'

'တံခါးစောင့်ကို ခင်ဗျားပိုက်ဆံပေးခဲ့တာကို ငြင်းမလို့ လား'

'ကျုပ်က မုန့်ဖိုးပေးတာပါ'

'ဘယ်လောက်ပေးခဲ့သလဲ'





'နည်းနည်းပါးပါးပါ'

'နည်းနည်းပါပါးဆိုတာဟာ ဘယ်လောက်လဲ အတိအကျ ပြောပါ'

ဦးသန်းရှိန်က မြစ်စိစိလုပ်နေရာ 'ဦးတင်မောင်ဆွေမေးတာကိုဖြေပါလေ'ဟု တရားသူကြီး ဦးမင်းညိုက ဝင်ပြောလိုက်သည်။

'ကျွန်တော်က သူ့ကို ငွေတစ်ရာပေးခဲ့ပါတယ်'

'ကလပ်တံခါးစောင့်ကို ခင်ဗျားဟာ ငွေတစ်ရာတောင် မုန့်ဖိုးပေးခဲ့တယ်ဆိုတော့ ခင်ဗျားဟာ တော်တော်ချမ်းသာမှာပေါ့ နော်...'

တင်မောင်ဆွေက ခနဲ့တဲ့တဲ့ပြောလိုက်ရာ ဦးသန်းရှိန်မှာ မျက်နှာကြီးမည်းပြီး နှုတ်ဆိတ်နေတော့သည်။

'ကဲ... ဦးသန်းရှိန်၊ ကားတိုက်မှုဖြစ်တဲ့နေ့ ၃ရက်နေ့က ခင်ဗျားက ကားကို မမောင်းခဲ့ဘူးလို့ဆိုတယ်။ ခင်ဗျားဒရိုင်ဘာက သူ့ဘာသာသူ ကားမောင်းသွားရင်း ကားတိုက်မှုတစ်ခု ဖြစ်လာတဲ့ အကြောင်း ခင်ဗျားကို ဝန်ခံခဲ့တယ်လို့ဆိုတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါပေမဲ့ အခုကျတော့ ခင်ဗျားကားဟာ ဘယ်လို ကားတိုက်မှုမှ ဖြစ်ခဲ့တာမဟုတ်ဘူးဆိုတာကို အခု ခင်ဗျားသိရပါပြီ၊ ဒီလိုဆိုရင် ခင်ဗျားဒရိုင်ဘာဟာ သူကားတိုက်မှုမှာ မကျူးလွန်ပါဘဲနဲ့ သူကျူးလွန်မိပါတယ်လို့ ဘယ်လိုကြောင့် ခင်ဗျားဆီ ဝန်ခံခဲ့ရတာလဲ'

'အဲဒါကို ကျုပ်လည်း မပြောတတ်ဘူးဗျ။ ကျုပ်လည်း အဲဒါကိုပဲ ပြန်စဉ်းစားကြည့်နေတာပဲ။ မောင်မြိုင်ကြီးက ဘာဖြုလို့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို ဒီလိုပြောခဲ့ရသလဲဆိုတာကို ကျုပ် အဖြေရှာကြည့်ဖို့ ကြိုးစားခဲ့ပါတယ်။ မောင်မြိုင်ကြီးဟာ လူရိုးတစ်ယောက်မဟုတ်ဘဲ အကြံအစည် တစ်ခုခုရှိလို့ ဖြစ်မှာပဲလို့သာ ကျုပ်အဖြေရတယ်'

'ထားပါတော့၊ အဲဒီနေ့က သူဟာ ကားတိုက်မှုကျူးလွန် ပါတယ်လို့ ခင်ဗျားကို ဖွင့်ဝန်ခံတာတောင် သူ့ကို ခင်ဗျားက အားလပ်ခွင့် ရက်ရက်ရောရောကြီး ပေးလိုက်တာက ဘာသဘော လဲ'

'ဒါကို ကျွန်တော်ရှင်းပြနိုင်ပါတယ်။ ကျွန်တော့်ဒရိုင်ဘာ ဟာ သူအားလပ်ခွင့်ရတဲ့ အချိန်တွေမှာ အပိုဝင်ငွေရတယ်ဆိုတာကို ကျွန်တော်က သိထားပါတယ်။ သူတို့ ပရိုက်ဗိတ်ကားမောင်းတဲ့ ဒရိုင်ဘာတစ်စုဟာ အစုကလေးတစ်စုဖွဲ့ထားကြပါတယ်။ အဲဒီအစု ဝင်ဟာ အားလပ်ခွင့်ရတဲ့အချိန်မှာ တစ်နေ့အတွက် ဒရိုင်ဘာလိုတဲ့ လူတွေဆီမှာ ကားလိုက်မောင်းပေးကြပါတယ်။ အလှည့်ကျပေါ့လေ။ ဒါကြောင့် ကျွန်တော်က သူ့ကို အဲဒီညက အားလပ်ခွင့်ပေးလိုက်ရ ခြင်းဖြစ်ပါတယ်'

တင်မောင်ဆွေက ဦးသန်းရှိန်၏ အဖြေကို တော်တော်အား ရကျေနပ်သွားဟန်ဖြင့် ခပ်ပြုံးပြုံးခေါင်းညိတ်လိုက်ကာ မေးခွန်း ဆက်၍ ထုတ်ပြန်သည်။

'ဟုတ်ပြီ၊ အဲဒီလို ခင်ဗျားဒရိုင်ဘာက အားလပ်ခွင့်ယူသွား တဲ့နေ့များမှာ ခင်ဗျားအဲဒီအဖွဲ့က ဒရိုင်ဘာတစ်ယောက်ယောက်ကို များ ခေါ်ငှားအသုံးပြုခဲ့ဘူးသလားခင်ဗျာ'

'ကျုပ်အတွက် အဲဒီအဖွဲ့က ဒရိုင်ဘာတစ်ယောက်ယောက် ကို ခေါ်ငှားအသုံးပြုဖို့မလိုခဲ့ပါဘူး'ဟု ဦးသန်းရှိန်က မျက်မှောင်





ကြုတ်လျက် ပြန်ဖြေလိုက်သည်။ 'အဲဒီလို ဒရိုင်ဘာတစ်ယောက် ငှားမဲ့အစား ကျုပ်က မောင်မြိုင်ကြီးကို သူ့အားလပ်ချိန်မှာအိုဗာတိုင် ပေးပြီး မောင်းခိုင်းရင်ဖြစ်တာပဲ ဥစ္စာ'

'ကောင်းပြီ၊ ကဲ... ဦးသန်းရှိန်၊ ခင်ဗျားကို ကျွန်တော်က အခုစာရင်းပြမယ်။ အဲဒီစာရင်းမှာ နာမည် ၁၅ခုတိတိပါတယ်။ အဲဒီလူတွေထဲက ခင်ဗျားသိတဲ့လူ ဘယ်လောက်များပါသလဲဆိုတာ တဆိတ်ပြောပြစမ်းပါ'

'တရားသူကြီးမင်းခင်ဗျား၊ အခု တရားခံဘက်က ပြန်လှန် စစ်ဆေးမေးခွန်းထုတ်နေတာတွေဟာ ဘယ်လိုရည်ရွယ်ချက်ရှိတယ် ဆိုတာ ကျွန်တော်တော့ နားမလည်တော့ပါဘူး။ ရုံးတော်ရဲ့အချိန် ကို သက်သက်ဖြုန်းနေရာရောက်တယ်လို့ ကျွန်တော်ထင်မိပါတယ်'

ဦးဘချမ်းက ရုတ်တရက်ထ၍ ပွက်လိုက်ပြန်ခြင်းဖြစ် သည်။

'တရားသူကြီးမင်းခင်ဗျား။ သေသူမောင်မြိုင်ကြီးဟာ ကားတိုက်မှုမကျူးလွန်ဘဲနဲ့ သူကျူးလွန်ခဲ့ပါတယ်ဆိုတဲ့အချက်ကို ရှင်းလင်းရန် ကျွန်တော်ကြိုးစားနေခြင်းဖြစ်ပါတယ်'

တင်မောင်ဆွေက ချက်ချင်းပင် ပြန်လည်ဖြေကြားလိုက် ခြင်းဖြစ်သည်။

'ကဲ... သက်သေ ဦးသန်းရှိန်က ခုနက ဦးတင်မောင်ဆွေ မေးထားတာကို ဖြေပါ'

တရားသူကြီး ဦးမင်းညိုက တင်မောင်ဆွေပေးထားသော စာရွက်ကို မျက်မှောင်ကြုတ်ကြည့်လျက် ခေါင်းကုတ်နေသော ဦးသန်းရှိန်အား လှမ်း၍ ညွှန်ကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီစာရင်းပါနာမည်တွေကိုကြည့်ပြီး၊ ကျွန်တော်ကခင်ဗျား မေးတာကို ချက်ချင်းတော့ မဖြေနိုင်ပါဘူး။ ကျွန်တော် သေသေချာချာ စစ်ဆေးကြည့်ဖို့ အချိန်ပေးဖို့လိုပါတယ်'

နောက်ဆုံးတွင် ဦးသန်းရှိန်က တင်မောင်ဆွေအား လှမ်း၍ ပန်ကြားလိုက်၏။

'ကောင်းပြီ ဦးတင်မောင်ဆွေပေးတဲ့ နာမည်စာရင်းကို သက်သေ ဦးသန်းရှိန်က ပြန်လည်စစ်ဆေးဖို့ အချိန်ရအောင် အမှုစစ်ဆေးခြင်းကို ဆယ်မိနစ်ခေတ္တရပ်နားထားပါ့မယ်'

တရားသူကြီးမင်း ဦးမင်းညိုက ရုံးတော်ကို ဆယ်မိနစ် အားလပ်ချိန်ပေးလိုက်သည်။ သက်သေဦးသန်းရှိန်သည် ရဲဝန်ထောက် ဦးဘဂျမ်းနှင့်ခေါင်းချင်းဆိုင်၍ တီးတိုးတိုင်ပင်နေကြလေသည်။ တင်မောင်ဆွေကလည်း သူ့မိတ်ဆွေ ရဲမှူးကြီးကိုသောင်းဖေနားသို့ ကပ်သွား၏။

'ကိုသောင်းဖေ ခင်ဗျားကို ကျွန်တော် ပြောစရာတစ်ခု ရှိတယ်ဗျာ၊ ခင်ဗျားကျုပ်နဲ့ ခဏလိုက်ခဲ့စမ်းပါ'

တင်မောင်ဆွေသည် ကိုသောင်းဖေအား တရားခွင်ရုံးခန်း၏ ထောင့်တစ်ထောင့်သို့ ခေါ်ဆောင်သွားလေသည်။

'တင်မောင်ဆွေ မင်းခင်မောင်အုန်းကို ဆော်ထည့်လိုက်ပုံကလေးက ယဉ်သကွာ။ မျက်မြင်သက်သေ ကိုစိန်မြက မင်းကို အိုင်ဒီတီဖိုင်း လုပ်နိုင်တာဟာ သူ့အစွမ်းကြောင့်လို့ ကြွားထားခဲ့သလောက် အခုတော့ သူခေါင်းမဖော်ရဲအောင် ဖြစ်နေပြီ'

ကိုသောင်းဖေက တင်မောင်ဆွေအား ခပ်ပြုံးပြုံးမြှော်လိုက်ခြင်းဖြစ်၏။





'အေးဗျာ ဒီကောင်က ဆောင့်ကြွားကြွားလုပ်နေတာ ကြာလှပြီ၊ ခင်ဗျားပေါ်မှာတောင် သူက အသားယူလိုက်သေးတယ် မဟုတ်လား။ ဒီတော့ ချက်ကောင်းမိတဲ့နီး တွယ်ထည့်လိုက်ရတာပဲ။ ကဲလေ··· ထားပါတော့ ခင်ဗျား ကျွန်တော်နဲ့ လိုက်ခဲ့စမ်းပါဗျာ'

'ဘယ်လိုလိုက်ရမှာလဲကွ'

'မြို့ထဲကို ခင်ဗျားရဲ့ရဲကားနဲ့ လိုက်ပို့ပေးစမ်းပါဗျာ'

တင်မောင်ဆွေက ပြောလိုက်ရာ ကိုသောင်းဖေလည်း အနည်းငယ် အံ့သြသွားဟန်တူ၏။

'အချိန်ရရဲ့လားကွ'

'ရပါတယ် အများကြီးကို ရပါတယ်။ သက်သေ ဦးသန်းရှိန်ဟာ ကျုပ်ပေးတဲ့စာရင်းကို ချက်ကင်လုပ်ဖို့အတွက် နောက်ထပ် အချိန်အများကြီးလိုဦးမှာပါ။ ဟော ပြောရင်းဆိုရင် ဦးဘဂျမ်း ကျွန်တော်တို့ဆီ လာနေပြီ'

ဦးဘဂျမ်းသည် တင်မောင်ဆွေတို့ ရပ်စကားပြောနေရာသို့ လျှောက်လာရာက စကားမပြောချင်သူကို မလွှဲသာ၍ ရင်ဆိုင်ရမည့်အကြည့်မျိုးဖြင့် တင်မောင်ဆွေအား ကြည့်လိုက်၏။

'ဒီမှာ ကိုတင်မောင်ဆွေ ခင်ဗျား ခုနက ကျုပ်သက်သေကို ပေးလိုက်တဲ့စာရင်းက ဘယ်လောက်များအရေးကြီးသလဲဗျ'

'ကြီးတာမှ သိပ်ကိုကြီးတာပေါ့ဗျာ၊ ဒီအမှုကို အဆုံးအဖြတ်ပေးမယ့် စာရင်းပါပဲ'

တင်မောင်ဆွေက ခပ်ပြုံးပြုံးဖြင့်ပင် ပြန်ပြောလိုက်၏။

'ဒီလိုဆိုလည်း ဦးသန်းရှိန်က အခုထက်ပိုပြီး အချိန်လိုလိမ့်မယ်။ သူ့အိမ်ကိုပြန်ပြီး သူ့ဒိုင်ယာရီမှတ်တမ်းကို ကြည့်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ဒီတော့ကာ အမှုစစ်ဆေးတာကို မနက်ဖြန်ကို ဆက်ချိန်းမှဖြစ်မှာပဲ'

'ကောင်းသားပဲ'

'ဒီလိုဆိုရင် ဦးမင်းညိုကို သွားပြောမှပဲ'

'ခင်ဗျားပဲ သွားပြောလိုက်ပါတော့ဗျာ'

ဦးဘဂျမ်းက တင်မောင်ဆွေအား အောင့်သက်သက်အမူအရာနှင့်တစ်ချက်ကြည့်လိုက်ပြီးမှ ခေါင်းညိတ်ပြီး လှည့်ထွက်သွားလေတော့၏။

တင်မောင်ဆွေကလည်း မျက်နှာပူပူနှင့် ရပ်နေသော ကိုသောင်းဖေဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ… ကိုသောင်းဖေ၊ ကျွန်တော့်ကို မြို့ထဲကိုလိုက်ပို့စမ်းပါဗျာ။ အခုပဲ သွားကြရအောင်'

ကိုသောင်းဖေသည် တင်မောင်ဆွေ၏မျက်နှာကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ဘာမှမပြောတော့ဘဲ နှစ်ယောက်သား တရားခွင်အကွင်းမှ ထွက်ခဲ့ကြလေ၏။

❖ ❖ ❖

# အခန်း - ၂၉

ကိုသောင်းဖေသည် သူ၏ဝါယာလက်စ်ရဲကားဖြင့် တင်မောင်ဆွေအား တင်ဆောင်ကာ ကားကိုသူကိုယ်တိုင် မောင်းလျက်ရုံးရှေ့မှ ထွက်ခွာလာခဲ့သည်။ တင်မောင်ဆွေက သူ့အား တာမွေလမ်းရှိ ဦးသန်းရှိန်၏အိမ်သို့ မောင်းခိုင်းလိုက်လေ၏။ ဦးသန်းရှိန်အိမ်ရှေ့သို့ရောက်လျှင် တင်မောင်ဆွေက ရဲကားကို ဦးသန်းရှိန်၏ခြံထောင့်နားတွင် ရပ်ထားခိုင်းလိုက်သည်။

'ဒီကနေ စောင့်နေကြတာပေါ့ ကိုသောင်းဖေ'

'မင်းဟာက ဘာသဘောလဲကွ တင်မောင်ဆွေ၊ ငါ့လည်း ရှင်းပြစမ်းပါဦး'

'ဒရိုင်ဘာ မောင်မြိုင်ကြီးနဲ့ ရီရီညွန့်ယူမယ့်လူ ဦးစောဝင်းတို့နှစ်ယောက် အသတ်ခံရတဲ့အမှုကို ကျုပ်က ခင်ဗျားအတွက်ဖြေရှင်းပေးမလို့လေ'

'ဟေ… တကယ်ပြောနေတာလား'

'တကယ်ပေါ့ဗျာ။ ကဲ… ကျုပ်ပြောတာကို နားထောင်



www.burmeseclassic.com

www.burmeseclassic.com



စမ်း။ ဦးစောဝင်းဟာ သူ့အိမ်က ခရီးထွက်သွားတော့ သူဟာ သုံးလေးရက်ကြာမှာမို့လို့ သူလမ်းမှာဝတ်ဖို့စားဖို့ ဝန်စည်စလည် တော့ပါသွားခဲ့မှာပဲ။ ခင်ဗျားတို့အလောင်းနဲ့ ကားကို ပြန်တွေ့ရပေမယ့် သူ့ဝန်စည်စလည်တွေကိုတော့ ဘယ်လိုမှ ပြန်ရှာလို့မတွေ့ခဲ့ဘူး မဟုတ်လား'

ကိုသောင်းဖေက ခေါင်းညိတ်ပြလိုက်ရာ တင်မောင်ဆွေက စကားဆက်ပြန်၏။

'ခင်ဗျား ဦးစောဝင်းအလောင်းကိုတွေ့ရတော့ အလောင်းရဲ့အနေအထားက တစ်မျိုးဖြစ်နေတယ် မဟုတ်လား'

'အေး ဟုတ်တယ်ကွ။ အလောင်းကို ခေါင်းနဲ့ဒူးတွေထိအောင်ကွေးထားပြီး၊ ကြိုးနဲ့အခိုင်တုတ်ထားတာဆိုတော့ အလောင်းကို ကားနောက်ပိုင်းက ဝန်စည်စလည် ထည့်တဲ့အထဲမှာ ထိုးထည့်ထားခဲ့တာဖြစ်မှာပဲ'

'ကဲ… ဒီလိုဆိုရင် အလောင်းကိုထည့်ထားတဲ့ ကားဟာ ဘယ်ကားဖြစ်မယ်ထင်သလဲ'

'ဦးစောဝင်းရဲ့ကားပဲဖြစ်မှာပေါ့ကွ'

ထိုစဉ် ဦးသန်းရှိန်၏ ခြံတံခါးဝထဲသို့ ကားတစ်စီးမောင်းဝင်သွားသည်ကို သူတို့တွေ့လိုက်ကြရသည်။

'ဟော… ဦးသန်းရှိန်တော့ ပြန်လာပြီဗျို့၊ ကားကိုတော်တော်မြန်မြန်မောင်းလာတာပဲ'

'သူလည်း မင်းနောက်ထားလို့ စိတ်တွေတော်တော်လှုပ်ရှားနေမှာပေါ့ကွာ။ ကဲ… ငါတို့ ဘာလုပ်ကြမလဲ'

'စောင့်ကြည့်နေကြသေးတာပေါ့။ ဒါနဲ့ ကိုသောင်းဖေ





ခင်ဗျားကားက ဝါယာလက်(စ်)ကောင်းတယ်နော်'

'အေးလေကွာ ကောင်းတာပေါ့။ ဘာဖြစ်လို့မေးတာလဲ'

'ဒီဝါယာလက်(စ်)ကို အသုံးပြုစရာအကြောင်း ပေါ်လာချင်လာမှာမို့လို့ပေါ့ဗျ'

ကိုသောင်းဖေသည် တင်မောင်ဆွေမျက်နှာကို အကဲခတ်သလို ကြည့်လိုက်သည်။

'တင်မောင်ဆွေ မင်းခေါင်းထဲမှာ ဘာတွေရှိသလဲ ပြောစမ်း၊ မင်း ဦးသန်းရှိန်ကို တွေ့ချင်ရင်လည်း ဝင်ကြည့်ပေါ့ကွ။ ဘာလို့စောင့်နေတာလဲ'

'ဝင်ကြည့်ဖို့မလိုပါဘူးလေ။ ပြောရင်းဆိုရင်း သူပြန်ထွက်လာပြီ'

တင်မောင်ဆွေပြောသည့်အတိုင်းပင် ခြံထဲမှနေ၍ ဦးသန်းရှိန်က ကားကိုပြန်မောင်းထွက်လာသည်။ လမ်းပေါ်သို့ရောက်လျှင် မြို့အနောက်ဖက်သို့ အရှိန်ပြင်းစွာ မောင်းထွက်သွားတော့သည်။

'ကဲ … ကိုသောင်းဖေ၊ သူ့နောက်ကို မီအောင်လိုက်ပေတော့ဗျို့…'

တင်မောင်ဆွေက ပြောလိုက်ရာ ကိုသောင်းဖေသည် သူ့ကားကိုစက်နှိုးပြီး ရှေ့ကခပ်မြန်မြန်ကြီး မောင်းသွားသော ကားနောက်သို့ လိုက်တော့သည်။

'ငတိကြီးက ဘာများ ဒါလောက်အရေးကြီးနေတာလဲကွာ'

'အရေးကြီးတာပေါ့ ကိုသောင်းဖေ၊ ငတိကြီးက လူသတ်မှုနဲ့ အဖမ်းမခံရအောင် လစ်ပြေးတာကိုးဗျ…'

'ဟေ… ဘယ်လူသတ်မှုနဲ့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုမြိုင်ကြီးနဲ့ ဦးစောဝင်းတို့ကို သတ်တဲ့အမှုပေါ့
ကဲ… ကိုသောင်းဖေ၊ တရားခံကို အမိဖမ်းချင်ရင် မီအောင်လိုက်
တော့ဗျို့'

'မင်းဟာက ဟုတ်မှလည်းလုပ်ပါကွာ'

'ခင်ဗျားကို ကျွန်တော် ဘယ်တုန်းက ညာဖူးလို့လဲ။ အ
ရှေ့က ကားကို ဒလကြမ်းမောင်းပြေးနေတဲ့ ဦးသန်းရှိန်ဟာ ကိုမြိုင်
ကြီးကိုသတ်ခဲ့တဲ့လူပဲ ကိုသောင်းဖေ၊ ဦးစောဝင်းကိုလုပ်ကြံသတ်ဖြတ်
ခဲ့ရာမှာလည်း သူပါ ပါသပေါ့'

ကိုသောင်းဖေသည် တင်မောင်ဆွေမျက်နှာကို တစ်ချက်
ကြည့်ကာ နောက်ထပ် ဘာမှမမေးတော့ဘဲ ကားစက်အရှိန်ကိုအ
ရုတ်တရက် တိုးမြှင့်လိုက်ကာ ရဲကားလမ်းရှင်းဥဩကိုလည်း ဖွင့်
လိုက်တော့သည်။ ဥဩသံကြောင့် ရှေ့က ကားများသည် လမ်းဘေး
သို့ကပ်ပေးကြသော်လည်း ဦးသန်းရှိန်၏ကားကတော့ ဘေးကပ်
မပေးသည့်သာမက ပို၍မြန်မြန်ကြီးပင် ပြေးနေ၏။

'ဒီလူ တကယ်ကို ထွက်ပြေးနေပါကလားကွ။ ကဲ
ကြည့်ကြသေးတာပေါ့ကွာ'

ကိုသောင်းဖေက ပို၍ စိတ်အားထက်သန်လာကာ ဥဩ
သံတဝေါဝေါနှင့် ကားကို ပို၍မောင်းလိုက်ရာ ကားအရှိန်နှင့်
ဒိုင်ခွက်မှ မြားတံကလေးသည် မိုင်ငါးဆယ်နားသို့တိုးကပ်၍ သွား
လေတော့သည်။

ရှေ့ကပြေး နောက်ကလိုက်နှင့် ကားနှစ်စင်းသည် တာ
အဝိုင်းကြီးနားသို့ ရောက်လာလေ၏။ ဦးသန်းရှိန်သည် ကား
အရှိန်မလျှော့ဘဲ အဝိုင်းကြီးကိုပတ်ဖို့ ကြိုးစားရာကပင် စတီ





ရင်ကို မနိုင်တော့ဘဲ ကားသည် အဝိုင်းကြီးပေါ်သို့ ခုန်တက်ကာ
တစ်ပတ်ဂျွမ်းလည်ပြီး တိမ်းမှောက်သွားလေတော့သည်။

ကိုသောင်းဖေသည် သူ့ကားကို အရှိန်သတ်ပြီး လမ်းဘေး
တွင် ထိုးရပ်လိုက်ကာ တင်မောင်ဆွေနှင့်အတူ ကားပေါ်မှခုန်ဆင်း
ပြီး တိမ်းမှောက်နေသော ကားဆီသို့ အပြေးချဉ်းကပ်လာကြ၏။

တင်မောင်ဆွေကပင် ကားတံခါးကိုဆွဲဖွင့်ပြီး ပျော့ခွေနေ
သော ဦးသောင်းရှိန်ကို ကားထဲမှဆွဲထုတ်လိုက်ရသည်။

'မသေသေးဘူးဗျို့ သတိမေ့နေတာ ဆေးရုံကိုအမြန်ပို့မှပဲ'

ဦးသန်းရှိန်အား စစ်ဆေးကြည့်ရှုပြီး တင်မောင်ဆွေက ပြော
လိုက်သည်။

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃၀

BURMESE CLASSIC .com

တင်မောင်ဆွေ စုံစမ်းစစ်ဆေးရေးဌာနမှ တင်မောင်ဆွေ၏ သီးသန့်ရုံးခန်းအတွင်း၀ယ် တင်မောင်ဆွေ၊ ဂျင်မီစမတ်နှင့်မေစီတို့က ဝိုင်းဖွဲ့ထိုင်နေကြသည်။

ဂျင်မီကလက်ထဲတွင် ကိုင်ထားသော အရက်ဖန်ခွက်ကို စားပွဲပေါ်သို့ချလိုက်ရာမှ တင်မောင်ဆွေအား ကြည့်လိုက်သည်။

'ကိုမြိုင်ကြီးကို သတ်တဲ့လူဟာ ဦးသန်းရှိန်ပဲဆိုတာ ခင်ဗျား အစကတည်းက သိထားတယ်ပေါ့ ဟုတ်လား ကိုဆွေ'

တင်မောင်ဆွေက ဂျင်မီစမတ်၏ဖန်ခွက်ထဲသို့ အရက်ထပ် ဖြည့်ပေးရာက ပြုံးပြီး ခေါင်းခါလိုက်သည်။

'အစကတည်းကတော့ ဘယ်သိထားမလဲ ဂျင်မီရာ ဒါပေမဲ့ မောင်မြင့်ရှိန်ရဲ့ကားကို ဝင်တိုက်မောင်းပြေးသွားတဲ့ကား ဟာ ဦးသန်းရှိန်ကား မဟုတ်တာကို သိရတဲ့အခါမှာ ငါ့စိတ်ထဲမှာ စပြီး မသင်္ကာဖြစ်လာမိတော့တာပဲ။ ဦးသန်းရှိန်ဟာ ဒီကားတိုက်မှု မှာ ဘာအပြစ်မှမရှိဘဲနဲ့ ဘာဖြစ်လို့ မောင်မြင့်ရှိန်ကို လျော်ကြေး





ဒါလောက် မြန်မြန်ကြီး သွားပေးရသလဲဆိုတာ ငါ့ကိုယ်ငါ ပြန်မေး ကြည့်မိတယ်။ အဲဒီအခါကျတော့ ဦးသန်းရှိန်ဟာ အလီဘီသက်သေ ကိုပိုက်ဆံပေးဝယ်ယူတာများ ဖြစ်နေမလားလို့ ငါစဉ်းစားလာမိ တယ်'

'ဟုတ်တယ်… အခုတော့ ရှင်းနေပါပြီလေ။ ဒါပေမဲ့ ကိုဆွေက ဘယ်ကစပြီးသိလာရတယ်ဆိုတာကိုတော့ ကျွန်တော် သိချင်သေးတယ်'

တင်မောင်ဆွေက သူ့ဖန်ခွက်ထဲမှ ဟင်နက်ဆီဘရန်ဒီကို တစ်ကျိုက်မော့လိုက်ပြီး စီးကရက်တစ်လိပ်ကိုလည်း မီးညှိကာ အား ရပါးရ ဖွာရှိုက်လိုက်သည်။

'ဒီလိုလေကွာ၊ ပထမ သူတို့တွေရဲ့ ဇာတ်ရှုပ်ကို ငါသိခဲ့ ရသလောက် မင်းကို ပြန်ပြောပြမယ်။ ဦးသန်းရှိန်ရယ်၊ ဦးထွန်းမြတ် ရယ်ဟာ သေသူ ဦးစောဝင်းနဲ့စီးပွားရေး အတူတူလုပ်ကြတယ်။ အတူတူလုပ်ကြတယ်ဆိုပေမယ့် ငွေအရင်းအများဆုံးကို ထည့်ထား ရသူကတော့ ဦးစောဝင်းပဲကွ။ အဲသလို အခြေအနေမှာ ဦးထွန်းမြတ် နဲ့ ဦးသန်းရှိန်တို့က ပေါင်းပြီး ဦးစောဝင်းကို တစ်ပတ်ရိုက်ကြ တော့တယ်။ လုပ်ငန်းကရတဲ့ငွေတွေကို အများကြီးဖြတ်စားကြတော့ တယ်။ ဒါကို နောက်ဆုံးကျတော့ ဦးစောဝင်းက သင်္ကာမကင်းဖြစ် လာပြီး ဒီလ သုံးရက်နေ့ တနင်္လာနေ့မှာ ပဲခူးကသူ့အိမ်ကို နှစ် ယောက်စလုံးကို ခေါ်လိုက်ကြတော့တာပေါ့။ ဦးသန်းရှိန်နဲ့ ဦးထွန်း မြတ်တို့ကလည်း သူခေါ်တဲ့အတိုင်း ပဲခူးကို ကားနဲ့လိုက်သွားကြ ရတော့တာပေါ့'

'သူတို့ကို မောင်မြိုင်ကြီးက ကားမောင်းလိုက်ပို့ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



လား'

'ဘယ်ဟုတ်မလဲ မောင်မြိုင်ကြီးက ရန်ကုန်ဘူတာကြီးမှာ မန္တလေးရထားကို စောင့်စီးဖို့ကျန်ခဲ့တယ်'

ဂျင်မီက နားမလည်နိုင်သော အမူအရာဖြင့် တင်မောင်ခွေအား ကြည့်လိုက်သည်။

'ကျွန်တော်တော့ သဘောမပေါက်သေးပါဘူး'

'ဦးထွန်းမြတ်ဟာ ပဲခူးကိုလိုက်သွားတာ ဦးစောဝင်းနဲ့ စာရင်းရှင်းဖို့ မဟုတ်ဘဲ သတ်ဖို့ကြံစည်ပြီး လိုက်သွားတာကိုးကွ။ စာရင်းကလည်း ရှင်းလို့ရတော့မှာ မဟုတ်ဘူးဆိုတာကို သူက သိထားမှာပေါ့ကွာ။ ဒီတော့ မန္တလေးမီးရထား အထူးတန်းလက်မှတ်ကို သူ့နာမည်နဲ့ဝယ်ပြီး မောင်မြိုင်ကြီးကို ဒီရထားလိုက်စီးစေတာ ပဲ'

'သူကတော့ ဦးသန်းရှိန်နဲ့အတူတူ ပဲခူးကိုကားနဲ့လိုက်သွားပြီး ဦးစောဝင်းနဲ့တွေ့ခဲ့ကြတယ်။ အဲဒီအချိန်မှာ ဦးစောဝင်းရဲ့ ယောက်စ်ကီးပါးကြီးက သူ့အိမ်ပြန်သွားပြီဆိုတော့ သူတို့နှစ်ယောက် ဟာ ဦးစောဝင်းတစ်ယောက်တည်းကိုသာ တွေ့ကြရတာပေါ့။ ဦးထွန်းမြတ်ဟာ သူကြံစည်ထားတဲ့အတိုင်း ဦးစောဝင်းကိုပင် သတ်လိုက်တော့တယ်။ ဦးသန်းရှိန်ကလည်း ကြံရာပါပေါ့ကွာ။ ပြီးတော့ ဦးစောဝင်းရဲ့အလောင်းကို တာလပတ်ရွက်ဖျဉ်ထည်နဲ့ထုပ် ဦးစောဝင်းကား ဝန်စည်စလည်ထည့်တဲ့ အပိုင်းထဲမှာ ထည့်ထားလိုက်တယ်။ နောက်ပြီး ဦးထွန်းမြတ်က သူနဂိုကတည်းက စီစဉ်ထားတဲ့အတိုင်း ဦးစောဝင်းအိမ်ကနေ ပဲခူးဘူတာကို ဖုန်းဆက်ပြီး မန္တလေးကိုတက်မယ့် မီးရထားထူးအတွဲနံပါတ် ဘယ်လောက် ဘယ်





လောက်မှာ ဦးထွန်းမြတ်ပါလာလိမ့်မယ်။ အဲဒါ မီးရထားဆိုက်ရင် ဦးစောဝင်းကို ဖုန်းဆက်ဖို့ပြောပေးပါလို့မှာတာပေါ့။ မီးရထားက ပဲခူးမှာဆိုက်တော့ ရုံပိုင်က ဦးထွန်းမြတ်အဖြစ်နဲ့စီးလာတဲ့ မောင်မြိုင်ကြီးကို အကြောင်းကြား၊ မောင်မြိုင်ကြီးက ဘူတာရုံကနေ ဦးထွန်းမြတ်အနေနဲ့ ဦးစောဝင်းကိုဖုန်းဆက်၊ ဦးထွန်းမြတ်က ဦးစောဝင်းအနေနဲ့ ပြန်ဖြေတာပေါ့'

'သြော်... သိပြီ၊ ဦးထွန်းမြတ်ဟာ သူမီးရထားနဲ့မန္တလေးကိုပါသွားရာမှာ ဦးစောဝင်းက အသက်ရှင်နေသေးတယ်ဆိုတဲ့ အကွက်ရအောင် ဆင်ယူတာကိုး'

ဂျင်မီက သဘောပေါက်သွားကာ စကားဝင်ထောက်လိုက်သည်။

'အေး... ဒီတော့ ဦးစောဝင်းကို သူသတ်တာ ဘယ်နည်းနဲ့မှ မဖြစ်ဘူးလို့ ထင်ရနိုင်တာပေါ့ကွ။ အမှန်ကတော့ အဲဒီအချိန်မှာ ဦးစောဝင်းဟာ သူသတ်ထားလို့သေနေပြီ။ ပြီးတော့ ဦးစောဝင်းရဲ့အလောင်းကို ထည့်ထားတဲ့ကားကို ဦးထွန်းမြတ်ကမောင်းပြီး ပဲခူးအလွန်မှာ ဦးစောဝင်းရဲ့အလောင်းကို ချောက်ထဲပစ်ချ။ ကားကိုတော့ ချောင်းထဲထိုးချလိုက်တယ်။ ဦးစောဝင်းဟာ တစ်ယောက်တည်းကားမောင်းအလာ လူဆိုးတွေက လမ်းကနေဆီးလု လူသတ်ကားကို ဖျောက်ဖျက်ထားလိုက်တဲ့ အဖြစ်မျိုးရောက်အောင်ပေါ့ကွာ။ ပြီးတော့ ဦးထွန်းမြတ်ဟာ မန္တလေးကိုလိုက်သွားတော့တာပေါ့'

'ကိုမြိုင်ကြီးကိုကော ကိုခွေ'ဟု မေစီက ဝင်မေးလိုက်သည်။

'ကိုမြိုင်ကြီးက မန္တလေးအထိ မလိုက်ဘဲ လမ်းခုလတ်က



www.burmeseclassic.com

www.burmeseclassic.com



နေ ရန်ကုန်ကို ပြန်လိုက်လာတာဖြစ်မှာပေါ့'

'ဦးသန်းရှိန်ကတော့ကော'

'ဦးသန်းရှိန်က ဦးထွန်းမြတ်လို အလီဘီသက်သေကို စီစဉ် မထားတော့ ရန်ကုန်ကိုသူ့ကား ပြန်မောင်းလာ ကားကိုတစ်နေရာမှာ ရပ်ထားခဲ့ပြီး စီးပွားရေးအသင်းတိုက်ကိုသွားတယ်။ ပြီးတော့ တံခါး စောင့်ကို ငွေတစ်ရာလာဘ်ထိုးပြီး သူဟာ ညနေသုံးနာရီကတည်း က အသင်းတိုက်မှာပဲရှိနေခဲ့တယ်ဆိုတာ ပြောခိုင်းတာပေါ့။ ပြီးတော့ သူ့ကားကို ပဲခူးမှာတွေ့ခဲ့တဲ့လူရှိရင် ကာကွယ်ရအောင်လို့ သူ့ကား အသင်းတိုက်ရှေ့မှာပဲ ရပ်ထားတုန်း အခိုးခံရပါတယ်လို့ ရဲဘက်ကို တိုင်လိုက်တယ်'

တင်မောင်ဆွေသည် တစ်ကျိုက်မော့လိုက်ပြီးမှ စကား ဆက်ပြန်သည်။

'ဒါပေမဲ့ သူအဲသလို ဆင်ထားတဲ့ အလီဘီသက်သေဟာ အသင်းတိုက်တံခါးစောင့်တစ်ယောက်ရဲ့ စကားမှာသာ တည်နေ တယ်ဆိုတော့ သိပ်မခိုင်လုံဘူးဆိုတာကို ဦးသန်းရှိန်က သိတယ်။ ဒီတော့ နောက်တစ်နေ့မနက်မှာ ငါတို့ထည့်ထားတဲ့ကားတိုက်မှု ကြော်ငြာကိုတွေ့ရတော့ ဦးသန်းရှိန်ဟာ သူ့အတွက် အင်မတန် ခိုင်လုံစိတ်ချရတဲ့ အလီဘီသက်သေတစ်ခုရနိုင်တဲ့ နည်းကို သွား တွေးမိတော့တာပဲ။ တခြားမဟုတ်ဘူး။ မောင်မြင့်ရှိန်ရဲ့ကားကို ဝင် တိုက်ပြေးသွားတဲ့သူဟာ သူပဲ အဖြစ်ရောက်အောင် လုပ်ဖို့ပဲပေါ့။ သူဟာ သုံးရက်နေ့ညနေငါးနာရီမှာ ရန်ကုန်မြို့မှာ ကားတိုက်မှုဖြစ် ပွားခဲ့ရင် ပဲခူးက လူသတ်မှုမှာ သူဘယ်လိုမှ မပါနိုင်တော့ဘူးပေါ့ ကွာ'





'အင်း... သူ့ဆင်ကွက်က တော်တော်ပိခဲ့တာပဲ ကိုဆွေ၊ အစီတို့တောင် တော်တော် ဦးနှောက်ခြောက်ခဲ့ရတာပဲ'

မေစီက ခပ်ပြုံးပြုံးကလေး စကားဝင်ထောက်လိုက်သည်။

'သူတို့ဟာ ဦးစောဝင်းရဲ့အလောင်းကို ရှာကြည့်ကြတော့ ရီရီညွန့်က ဦးစောဝင်းကိုပေးထားတဲ့ သူ့တိုက်ခန်းကသော့တွေနဲ့ ကားရုံကသော့တွေကို တွေ့ရပြီး ဦးသန်းရှိန်ကယူထားလိုက်တယ်။ ဦးစောဝင်းနဲ့ ရီရီညွန့်တို့ရဲ့ဆက်ဆံမှု အခြေအနေကိုလည်း သူသိ ထားပါလိမ့်မယ်။ ဒီတော့ကာ ငါတို့ရဲ့ ကားတိုက်မှုကြော်ငြာကို တွေ့ရတော့ ချက်ချင်းအကြံရပြီး ရီရီညွန့်တိုက်ခန်းသော့ကို ကိုဆွေ့ ဆီပို့လိုက်တာပဲပေါ့အစီရာ။ သူက သူ့စာထဲမှာပါတဲ့အတိုင်း ကိုဆွေ လိုက်သွားလိမ့်မယ်လို့ တွက်ထားခဲ့တာပဲ'

'မောင်မြိုင်ကြီးကို သူက သတ်ပစ်ခဲ့တာကကော ကိုဆွေ' ဂျင်မီက ဝင်၍မေးလိုက်ခြင်းဖြစ်သည်။

'မောင်မြိုင်ကြီးကို သတ်ရာမှာ သူဟာ တော်တော့်ကို ပါးပါးနပ်နပ် လိမ်လိမ်မာမာ ကြံစည်ခဲ့တာပဲဂျင်မီရ။ မောင်မြိုင်ကြီး သတ်မှုဖြစ်ပွားတဲ့အချိန်မှာ သူဟာ တကယ့်ကို အလီဘီသက်သေ ရအောင်လုပ်ခဲ့တယ်'

'တကယ်တော့လည်း သူဟာ မောင်မြိုင်ကြီး အသတ်ခံရ သတ်ချိန်မှာ သူရှေ့နေနဲ့အတူရှိနေခဲ့တာပဲ ကိုဆွေ၊ မောင်မြိုင်ကြီးကို နောက်ဆုံးအသက်ရှင်လျက် မြင်လိုက်ရတာကို ကိုဆွေ့တိုက်ရှေ့မှာ တားနဲ့စောင့်နေလျက် မေစီက တွေ့ခဲ့ရသေးတယ် မဟုတ်လား၊ အဲဒီအချိန်မှာ ဦးသန်းရှိန်ဟာ ဒီမှာ ကိုဆွေ့ကို စောင့်နေခဲ့တယ်လေ'

'အဲဒါကြောင့် ဦးသန်းရှိန်ဟာ တော်တော်ဥာဏ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဆိုရတာပေါ့ ဂျင်မီရ။ သူဟာ ပရိုက်ဗိတ်ဒရိုင်ဘာတွေ စုဖွဲ့ထားတဲ့အဖွဲ့ကိုသွားပြီး အားလပ်ရက်ရတဲ့နေ့မှာ သူ့များကို အလှည့်ကျမောင်းပေးတဲ့ ဒရိုင်ဘာတစ်ယောက်ကို ငှားခဲ့တယ်။ အစဉ်ထားခဲ့တယ်။ သူ့ကို ကိုဆွေတို့တိုက်မှာ ချပေးပြီးတဲ့အခါမှာ တစ်ခါတည်း သူ့ကားကို သူ့ကားရုံထဲပို့ပြီး ဒရိုင်ဘာကိုတော့ မန္တလေးကို မီးရထားနဲ့အလိုက်ခိုင်းတယ်။ မန္တလေးမှာ သူဝယ်ထားခဲ့တဲ့ ကားတစ်စင်းကို ပြန်မောင်းယူလာဖို့ဆိုပြီး အကြောင်းပြလိုက်တာပေါ့ကွယ်'

'ဒီလိုဆိုရင် အစ်ီ အဲဒီနေ့ညနေက တိုက်ကိုပြန်လာတော့ ဦးသန်းရှိန်ရဲ့ ကားပေါ်မှာတွေ့လိုက်ရတဲ့လူဟာ ကိုမြိုင်ကြီးမဟုတ်ဘူးပေါ့'

'မေစီက ကြားဝင်မေးလိုက်ရာ တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်သည်။

'အစ်ီဟာ ဒရိုင်ဘာမောင်မြိုင်ကြီးကို တစ်ခါမှမတွေ့ခဲ့ဘူးဘူးမဟုတ်လား။ ဒါပေမဲ့ ဦးသန်းရှိန်ရဲ့ကားပေါ်မှာ ဦးသန်းရှိန်နဲ့အတူ ဒရိုင်ဘာတစ်ယောက်က ထိုင်စောင့်နေတာကို တွေ့ရတော့ သူဟာ ဒရိုင်ဘာမောင်မြိုင်ကြီးလို့ပဲ အစ်ီက ထင်လိုက်မိတာပေါ့ကွယ်'

'အင်း··· တော်တော်နပ်တာပဲ ကိုဆွေ၊ ဒါနဲ့ မောင်မြိုင်ကြီးကို ဦးသန်းရှိန်က ဘာကြောင့်သတ်လိုက်ရတာလဲ ဘယ်လိုသတ်တာလဲ'

'မောင်မြိုင်ကြီးက ဦးသန်းရှိန်ကို ခြိမ်းခြောက်ငွေညှစ်ဖို့ ကြိုးစားခဲ့လို့ပေါ့ကွ။ ဦးထွန်းမြတ်က သူ့ကို မီးရထားအထူးတန်း





လက်မှတ်နဲ့ လိုက်လာခိုင်းပြီး ပဲခူးဘူတာမှာ ဦးထွန်းမြတ်နှာမည်နဲ့ ဦးစောဝင်းကို တယ်လီဖုန်းနဲ့စကားပြောခိုင်းတာဟာ အကြောင်းတစ်ခုရှိရမယ်လို့ မောင်မြိုင်ကြီးက လူလည်ပီပီ တွက်ထားမိပါလိမ့်မယ်။ ဒီကိစ္စထဲမှာ သူ့အလုပ်ရှင် ဦးသန်းရှိန်ကော တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ပါမပါ စူးစမ်းကြည့်ခဲ့ပါလိမ့်မယ်။ ဦးသန်းရှိန်ကိုသူဟာ နဂိုကတည်းက နိုင်ပေါက်တစ်ခုခုတွေ့ထားခဲ့တာလည်း ရှိချင်ရှိလိမ့်မယ်။ ဒါကြောင့်လည်း ဦးသန်းရှိန်ဟာ သူ့လိုလူမျိုးကို ဒရိုင်ဘာ ဘဏ္ဍာစိုးခန့်ထားခဲ့ရတာ ဖြစ်မှာပေါ့'

တင်မောင်ဆွေသည် စကားပြောရသည်ကို အာခြောက်လာသည့်အလား၊ ဘရန်ဒီတစ်ပက်ထပ်၍ ငှဲ့ထည့်လိုက်ပြန်ကာ တစ်ကျိုက်မော့ချလိုက်သည်။ ပြီးမှ စကားဆက်ပြန်၏။

'ဒီအတောအတွင်းမှာ ဦးသန်းရှိန်ဟာလည်း မောင်မြိုင်ကြီးကို ကြိတ်ပြီး စုံစမ်းခဲ့တော့ သူဟာ ရီရီညွန့်ရဲ့ ပထမလင်ဖြစ်နေတယ်ဆိုတာရယ်၊ ရီရီညွန့်ဟာ သူ့ပါတနာ ဦးစောဝင်းကိုယူဖို့ကြံစည်နေတယ်ဆိုတာရယ်နဲ့၊ ရီရီညွန့်ဟာ သူ့တိုက်ခန်းထဲမှာ ၂နာရီကနေ ၅နာရီအထိ ဘယ်တော့မှမရှိဘူးဆိုတာရယ်ကို သိထားခဲ့ရတယ်။ ဒီတော့ကာ သူတို့သတ်ပစ်လိုက်တဲ့ ဦးစောဝင်းဆီက ရီရီညွန့် ရဲ့တိုက်ခန်းသော့တွေကို သူရရော၊ သူဟာ မောင်မြိုင်ကြီးကို သတ် ပစ်ဖို့ ကြံစည်ခဲ့တော့တာပဲ။ သတင်းစာထဲမှာတွေ့လိုက်ရတဲ့ ငါတို့ ရဲ့ကြော်ငြာဟာ သူ့အတွက် အခွင့်ကောင်းကြီးတစ်ရပ်ဖြစ်နေတော့တာပေါ့။ သူဟာ သူရထားတဲ့တိုက်ခန်းသော့နဲ့ ရီရီညွန့်တိုက်ခန်းထဲ ဝင်ရှာကြည့်တော့ အံဖုံးစားပွဲထဲမှာ ခြောက်လုံးပြူးသေနတ်ကို တွေ့ခဲ့ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ သူဟာ ပရိယာယ်သုံးပြီး မောင်မြိုင်ကြီးကို ရီရီညွန့်ရဲ့ ကားရုံထဲကိုရောက်အောင်ခေါ်ယူခဲ့တာပဲ။ မောင်မြိုင်ကြီးဟာ သူ့ကိုပစ်ပြေးတဲ့ မယားဟောင်း ရီရီညွန့်ဟာ ရန်ကုန်ထဲမှာ ရှိနေတယ်ဆိုတာကို သိထားပေမယ့် သူဘယ်မှာရှိနေတယ်ဆိုတာကိုတော့ သိထားတာမဟုတ်ဘူး။ ဒီတော့ သူ့ကို ဦးသန်းရှိန်က ရီရီညွန့်ရဲ့တိုက်ခန်းကို ခေါ်သွားတဲ့အခါမှာ သူဘယ်မှာရောက်နေတယ်ဆိုတာကို မသိခဲ့ရှာဘူး။ ဦးသန်းရှိန်ဟာ အကြောင်းတစ်ခုခုပြပြီး မောင်မြိုင်ကြီးကို ကားရုံထဲက ရီရီညွန့်ရဲ့ကားက စက်တိုင်မင်ကို ကလိခိုင်းခဲ့ပါလိမ့်မယ်။ ကားက စက်သံမမှန်တော့ဘဲ တဖုန်းဖုန်းတထိုင်းထိုင်းနဲ့ ဘက်ဖိုင်းယားလုပ်လာတဲ့အချိန်မှာ ဦးသန်းရှိန်ဟာ ရီရီညွန့်ရဲ့တိုက်ခန်းက ယူလာတဲ့သေနတ်ကိုထုတ်ပြီး မောင်မြိုင်ကြီးကို အသေပစ်သတ်လိုက်တော့တာပဲပေါ့။ နောက်ပြီး ကားကို ကားရုံထဲက မောင်းထွက်ကာ လမ်းထိပ်မှာရပ်ပြီး ရီရီညွန့်ရဲ့တိုက်ခန်းကို ပြန်ဝင်လို့ သေနတ်ထဲမှာကျည်ဆံတစ်တောင့် အသစ်ထပ်ထည့်ပြီး မူလက နေရာဖြစ်တဲ့စားပွဲထဲမှာ ပြန်ထည့်ထားခဲ့တယ်။ ပြီးတော့ သူ့ကားနဲ့အတူ သူငှားထားတဲ့ ဒရိုင်ဘာကိုဝင်ခေါ်ပြီး သူ့ဒရိုင်ဘာကို ကားမောင်းခိုင်းလို့ ငါတို့တိုက်ရှေ့မှာ ပြန်စောင့်နေ မေစီကရောက်လာပြီး ကားထဲမှာ သူ့ဒရိုင်ဘာနဲ့အတူ ထိုင်စောင့်နေတာကိုတွေ့ရတော့ ဒီဒရိုင်ဘာဟာ မောင်မြိုင်ကြီးပဲလို့ ထင်သွားတော့တာပေါ့'

ဂျင်မီရော မေစီကပါ ခေါင်းများကိုယ်စီညိတ်လိုက်ကြသည်။

'အင်း… တော်တော်တော့ ရှင်းသွားပါပြီ'ဟု ဂျင်မီစမတ်





က ပြောလိုက်ကာ မေးခွန်းတစ်ခု ထုတ်လိုက်ပြန်သည်။

'ဒါနဲ့ ကိုဆွေ၊ ကိုဆွေ ပထမဦးဆုံးအကြိမ် ရီရီညွန့်တိုက်ခန်းကိုသွားတော့ သူပြောတဲ့စားပွဲကို သော့ခတ်ထားတာ တွေ့ရတယ်ဆိုတာကို ဦးသန်းရှိန်က ဘယ်လိုသိနေတာလဲ'

'သူက တိုက်ခန်းကို မြင်ရတဲ့နေရာတစ်ခုခုကနေ စောင့်ကြည့်နေပါလိမ့်မယ်။ ငါတိုက်ခန်းထဲကိုဝင်သွားတာ သူတွေ့ရပါလိမ့်မယ်။ ငါပြန်သွားတော့ ရီရီညွန့်ကလည်း အပြင်ထွက်သွားပြန်တော့ သူတိုက်ခန်းထဲကို ဝင်ကြည့်တဲ့အခါမှာ စားပွဲကိုသော့ခတ်ထားတာကို သူတွေ့ရပြီး သူထည့်ထားတဲ့ ကားနံပါတ် ၈၁ မတွေ့ရဘူးဆိုတာကိုသိရပြီး စားပွဲအံဆွဲသော့ကို ငါ့ဆီ ဒုတိယအကြိမ်ပို့လိုက်တယ်။ ပြီးတော့ ညနေငါးနာရီမှာ သူ့ကားကို လာမောင်းပေးဖို့ အစီအစဉ်လုပ်ပြန်တာပေါ့ကွာ။ တကယ်လို့သာ သတင်းစာထဲမှာ ငါတို့ထည့်ထားတဲ့ကြော်ငြာကို ကားတိုက်မှု တကယ့်မျက်မြင်သက်သေဖြစ်တဲ့ မာရီတင့်ကတွေ့သွားပြီး ငါတို့ဆီရောက်ကာ တကယ့်တရားခံကိုကာဝီကို ညွှန်မပြရင် ငါတို့ဟာသူ့လှည့်ကွက်မှာ ကောင်းကောင်း အမိခံနေရတော့မှာ သေချာတယ်'

'ဒီကိစ္စမှာ မသင်္ကာစရာအကောင်းဆုံးအချက်က ဦးသန်းရှိန်ကို ကိုဆွေသွားတွေ့တဲ့အခါမှာ ကားတိုက်မှုဖြစ်ပွားချိန်မှာ သူကိုယ်တိုင်ကပဲ ကားမောင်းသလိုလို အထင်ရောက်ရအောင် စကားတွေပြောခဲ့တယ်။ အမူအရာတွေ လုပ်ခဲ့တယ်။ ဒါပေမဲ့ ကိုဆွေက ကားတိုက်မှုတရားခံကို ရှာတွေ့ပြီဖြစ်ကြောင်း သူသိရတဲ့အခါမှကျတော့ သူက သူ့ဒရိုင်ဘာ မောင်မြိုင်ကြီးကို အပြစ်ပုံချတော့တာပဲ။ နောက်ပြီး ဦးစောဝင်းရဲ့အလောင်းနဲ့ ကားကိုရုံဘက်က



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်မြန်မြန် ရှာတွေ့လိမ့်မယ်လို့ သူတို့ မထင်မိခဲ့ကြဘူးလေ’

‘ရီရီညွန့်က ဒီကြားထဲမှာ တော်တော်ဝင်နှောက်ခဲ့သေးတယ်။ သူဟာ အလောင်းကို တွေ့ရတော့ ကိုဆွေပြောသလို ချက်ချင်းရဲဘက်ကို သွားမတိုင်ဘဲ သူ့ဒုတိယလင် ကိုညွန့်စိန်မောင်ဆီသွားပြီး အကူအညီတောင်းခဲ့တယ်။ ဒီတော့ ကိုညွန့်စိန်မောင်က ရီရီညွန့်ရဲ့သေနတ်ကို အလောင်းရဲ့ညာလက်ဘေးမှာထားဖို့ အကြံပေးခဲ့တယ်။ ရီရီညွန့်ရဲ့သေနတ်ထဲက ကျည်ဆံတွေ ကိုယ်ကထုတ်ထားခဲ့ပေမယ့် ဦးသန်းရှိန်က အသစ်ထပ်ထည့်ပစ်ခဲ့တော့ သူတို့ဟာ ဦးသန်းရှိန် အသစ်ထပ်ထည့်ခဲ့တဲ့ သေနတ်ကျည်ဆံတစ်တောင့်ကိုထုတ်ပြီး အလောင်းဘေးမှာ ချထားခဲ့တော့တာပေါ့’

‘တစ်ခုပဲ ကျန်ပါတော့တယ် ကိုဆွေ၊ ရုံးမှာအမှုစစ်တုန်း ဦးသန်းရှိန်ဟာ ဘာကြောင့်ထွက်ပြေးသွားခဲ့ရသလဲ ဆိုတာပဲ။ ကိုဆွေက သူ့ကို ဘာလုပ်လိုက်လဲ’ဟု မေစီက ဝင်၍မေးလိုက်သည်။

တင်မောင်ဆွေက ပြုံးပြီး မေစီအားကြည့်လိုက်သည်။

‘သူ့ကို ကိုဆွေရုံးမှာစစ်ရင်းနဲ့ နာမည်စာရင်းတစ်ခု ပေးလိုက်တယ်မဟုတ်လား။ အဲဒါဟာ ကိုမြိုင်ကြီးအသတ်ခံရတဲ့နေ့က အားလပ်ရက်ရပြီး သူများကားကို နေ့စားနဲ့လိုက်မောင်းပေးဖို့ အသင့်ရှိနေကြတဲ့ ပရိုက်ဗိတ်ဒရိုင်ဘာတွေရဲ့ နာမည်စာရင်းပဲ။ ဒီနာမည်စာရင်းကို ရုံးအားလပ်ချိန်ပေးတုန်းက ကိုဆွေ အဲဒီ ပရိုက်ဗိတ်ဒရိုင်ဘာစာရင်းကို ရအောင်ယူခဲ့တာပေါ့။ ဒီနာမည်စာရင်းထဲမှာ အဲဒီနေ့ ညနေက ကိုမြိုင်ကြီးကိုအစားထိုးဖို့ ငှားခဲ့တဲ့နာမည်လည်းပါတယ်လေ။ ဒီနာမည်ကိုလည်း သူတွေ့ရရော ကိုဆွေဟာ သူ့လှည့်ကွက်ကို သိနေပြီဆိုတာ ရိပ်မိသွားပြီး ရုံးချိန်းရအောင်





တောင်း၊ ရုံးကနေအိမ်ပြန်ပြီး အိမ်ကနေလွတ်ရာကို ကားနဲ့လစ်တော့တာပေါ့။ သူဒီလိုလုပ်မယ်ဆိုတာ ကိုဆွေကလည်း ရိပ်မိထားတော့ သူ့အိမ်ကနေသွားစောင့်ပြီး သူ့ကားနောက်ကို ကိုသောင်းဖေကြီးရဲ့ ရဲကားနဲ့လိုက်ရာမှာ သူက‘အပြေးလွှန်ပြီး ကားကိုဒလကြမ်းမောင်း တာမွေအဝိုင်းကြီးကျတော့ ကားကိုမထိန်းနိုင်တော့ဘဲ မှောက်သွားတော့တာပေါ့ကွယ်’

‘ဆေးရုံအထိတော့ ခံသေးတယ်နော် ကိုဆွေ’

‘အေး… ဆေးရုံကြီးကျတော့ သူ့အခြေအနေကဆိုးတော့ တရားသူကြီးက သေတမ်းစစ်ချက်ရယူရာမှာ ဖြောင့်ချက်ပေးပြီး သေသွားခဲ့တယ်လေ’

တင်မောင်ဆွေသည် စကားအဆုံးသတ်လိုက်ပြီး ထိုင်ရာမှရုတ်တရက်ထကာ ကုတ်အင်္ကျီကိုကောက်စွပ်လိုက်သည်။

‘ဒါက ဘယ်ကိုလဲ ကိုဆွေ’ဟု မေစီက မေးသည်ကို တင်မောင်ဆွေက ခပ်ပြုံးပြုံး ပြန်ကြည့်ပြီး…

‘အစ့်ကို အကောင်းဆုံးတရုတ်ဟော်တယ်မှာ ဒင်နာကျွေးမလို့လေ။ ကဲ… လာသွားကြစို့’ဟု ပြန်ဖြေလိုက်သည်။

‘ကျွန်တော်ကော မပါဘူးလား ကိုဆွေရဲ့’

ဂျင်မီက လှမ်းမေးလိုက်ရာ…

‘မင်းကို ငါ ဟင်နက်ဆီပုလင်း ချန်ခဲ့တာပဲ။ တိုက်စောင့်နေခဲ့ကွာ’ဟု တင်မောင်ဆွေက ပြန်ဖြေပြီး မေစီနှင့်အတူ တိုက်ခန်းထဲမှ ထွက်သွားတော့ရာ ဂျင်မီသည် ဘရန်ဒီတစ်လုံးကို ရင်ခွင်တွင်ပိုက်လျက် တစ်ယောက်တည်း ကျေနပ်စွာ ကျန်ရစ်ခဲ့လေ၏။

မိုးဝေ

www.burmeseclassic.com